# ဝံပုလွေများထံမှလွတ်မြောက်ခြင်း

ဆမားညီညီ



# ESCAPE FROM THE WARE WOLVES

## စာအုပ်ပုံနှိပ်ခြင်းဆိုင်ရာမှတ်တမ်း

**စီစဉ်သူ - မင်းမင်းလတ် (ချစ်ညို)**

| | | |
|---|---|---|
| ထုတ်ဝေသည့်နှစ် | - | ၂၀၁၂ အောက်တိုဘာ |
| အုပ်ရေ | - | ၁၀၀၀ |
| မျက်နှာဖုံး ဒီဇိုင်း | - | မောင်မောင်လတ်(ချစ်ညို) + ကိုလွင် |
| စာစီ | - | ရောင်စဉ်ကွန်ပျူတာ |
| စာမျက်နှာဖွဲ့စည်းမှု | - | ရောင်စဉ်ကွန်ပျူတာ ၊ ၃၇လမ်း မန္တလေး။ |
| ထုတ်ဝေသူ | - | ဦးခင်မောင် (ထမြ -၀၁၁၉၁) |
| | | သုမင်္ဂလ စာပေတိုက် ၊ လမ်း ၈၀ မန္တလေး။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း၊ နီလာ အော့ဖ်စက် |
| | | ပုံနှိပ်သူမှတ်ပုံတင်အမှတ် (၀၇၇၅၀) |
| | | ၂၆လမ်း ၊ ၈၀ × ၈၁ကြား၊ မန္တလေးမြို့။ |
| စာအုပ်ချုပ် | - | နီလာစာအုပ်ချုပ်လုပ်ငန်း |
| | | ၂၆လမ်း ၊ ၈၀ × ၈၁လမ်းကြား၊ မန္တလေးမြို့။ |
| ဖြန့်ချိရေး | - | ပဋ္ဌာန် စာအုပ်တိုက် ၃၅လမ်းအလယ် ရန်ကုန်မြို့။ |
| | - | ထွန်းဦးစာပေ ၈၄လမ်း မန္တလေးမြို့။ |
| အဖုံး ၊ အတွင်းဖလင် | - | Star Film ( မန္တလေး) |

ဤစာအုပ်ကို

ပုံနှိပ်သူများမှတ်ပုံတင်နှင့်စာပေစိစစ်ဖြန့်ချိရေးလုပ်ငန်းများကြီးကြပ်မှုဌာနအဖွဲ့၏

(၂၀-၈-၂၀၁၂)ရက်စွဲပါ ညွှန်ကြားချက် အမှတ် - ၅၁ အရထုတ်ဝေဖြန့်ချိသည်။

ဆမားညီညီ

# ဝံပုလွေများထံမှလွတ်မြောက်ခြင်း

သမိုင်းဖြစ်ရပ်မှန်ဝတ္ထု

# ESCAPE FROM THE WARE WOLVES

True story

# ဆမားညီညီ

## ကိုယ်ရေးရာဇဝင်အကျဉ်း

အမည်ရင်း ။ ညီညီ

အဖ(ဦးအောင်မင်း ) + အမိဒေါ်ခင်ညွန့်တို့၏ သားဖြစ်ပြီး အစ်ကို ၄ ယောက် အစ်မ ၁ ယောက် ၊ ညီ ၂ ယောက် ရှိသည်။

ကလောမြို့ နတ်စဉ်လမ်းတွင် ၁၉၅၉ ဒီဇင်ဘာ ၁၅ရက်နေ့က မွေးဖွားခဲ့သည်။ မန္တလေးမြို့ စင်ကျုံရီတန်းမြင့်ကျောင်း ၊စိန်ပီတာ အထက်တန်းကျောင်း ၊ အထက " ၉ " တို့တွင် ပညာ သင်ကြားခဲ့ပြီး မန္တလေး ဝိဇ္ဇာ နှင့် သိပ္ပံ တက္ကသိုလ် မှ ၁၉၇၉ တွင်ဓါတုဗေဒ ဘွဲ့ရရှိခဲ့သည်။

၁၉၇၈ တွင် ခင်အေးချို နှင့် အိမ်ထောင် ပြုခဲ့ပြီး သမီး သန္တာညီညီ ၊ သား ရဲမင်းညီညီ ၊ သား ဇော်လင်းညီညီ တို့ထွန်းကားခဲ့သည်။

၁၉၉၆ ၊ ဒီဇင်ဘာတွင် ကွတ်ခိုင်မြို့၌ အလင်းဝင်ခဲ့ပြီးနောက်မန္တလေး ဈေးချိုတောင်ဖက်တိုက်တန်းတွင် ရဲလင်း အမည်နှင့် အထည်ဆိုင်ဖွင့် လုပ်၍ အသက်မွေးဝမ်းကြောင်းပြု နေသည်မှာ ယခုတိုင်ဖြစ်ပါသည်။

၂၀၀၀ပြည့် နှစ်တွင် သမီး သန္တာညီညီ ကို ကိုကိုလွင် နှင့် အိမ်ထောင် ချပေးခဲ့သည်။ ယခု မြေး ရတီကိုကိုလွင် ၊ နဒီကိုကိုလွင် ၊မဒီကိုကိုလွင် တို့နှင့်အတူရင်းတို့သည် မန္တလေး ရသာတန်း လှထုစာပေတိုက်အနီးတွင် သိန်းသန္တာစတိုးအမည်နှင့် ပရိဘောဂအရောင်းဆိုင်ဖွင့်လုပ်ထားရှိပါသည်။

သားရဲမင်းညီညီ နှင့် ဇော်လင်းညီညီ တို့သည် လည်းတောင်ဇက်တိုက်တန်းတွင်ပင် ရဲလင်းအမည်ဖြင့် သီးခြား ဆိုင်များ ဖွင့်လှစ်ရောင်းချအသက်မွေးနေကြပါသည်။

အင်္ဂလိပ်စာကို ဘွဲ့ရပြီး ၊ မှမန္တလေး ကယ်လီဝင်း နေ ဆရာ C.T. Johns ထံမှဆည်းပူးခဲ့သည်။ ဧလေးလုံးအရေးတော် ပုံမတိုင်မီကပင် မန္တလေး လမ်း၃၀နေအိမ်တွင် Queen's English အမည် နှင့် အင်္ဂလိပ်စကားပြော သင်တန်းဖွင့်လှစ်ခဲ့သည်။

ယခုအခါ မြောက်ပိုင်း အမှုမှန် ပေါ်ပေါက်ရေး အလုပ်များ ကို အချိန် ရသမျှ ဘဝတူ ရဲဘော် ရဲဘက် များ နှင့်ပူးပေါင်းလုပ် ဆောင်နေသည်။

# ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

## အမှာ

အချိန်၊နေရာအနည်းငယ်ကွဲလွဲမှုရှိနိုင်သည်မှလွဲ၍ "ဝံပုလွေများထံမှ လွတ်မြောက်ခြင်း" ဝတ္ထုပါအချက်အလက်များ မှန်ကန်ကြောင်း တာဝန်ခံပါသည်။ မူလက ဤစာအုပ်ကို အင်္ဂလိပ်လိုသာ ထုတ်ဝေခွင့်ရနိုင်မည်ဟု ယုံကြည်ခဲ့ပြီး ဝတ္ထုအမည်ကို " ESCSPE FROM THE WARE WOLVES " ဟုအမည်ပေးထားရာ ယခုမြန်မာလို ထုတ်ဝေခြင်းတွင် အမှန်အားဖြင့် သမန်းဝံပုလွေဟုသာ အမည်ပေးရမည်ဖြစ်သော်လည်း သမန်းဝံပုလွေဟူသော မြန်မာစကားလုံးကိုကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလေ့မရှိသဖြင့် ဝံပုလွေဟု သာသုံးထားခြင်းဖြစ်ပါသည်။

ဤစာအုပ်ပါ အကြောင်းအရာများသည် ကျွန်တော့်အစ်ကို မောင်မောင် (ရွှေကရဝိက်) ရေးသားသော "ကျွန်တော်သိသောခေတ်သစ်ဟသ်ာကိုးသောင်းပုံပြင်" ၏ အတွင်းဖက်အဖြစ် အပျက်များဖြစ်ပါသည်။

ကျွန်တော့်သူငယ်ချင်း ကိုရှိုကြီး(ဖရက်ဒီအောင်သန်း)၊ ထွန်းအောင်ကျော် တို့နှင့် တကွ အသက်ပေးသွားကြသော၊ နာကျင်ခံစားရသော၊ ရဲဘော်ရဲဘက်များနှင့်တကွ ၎င်းတို့၏ မိသားစုသားချင်းဆွေမျိုး၊ မိတ်ဆွေသူငယ်ချင်းများအားလုံးတို့အား ရည်ညွှန်းပါသည်။

၎င်းပြင် ကိုရှိုကြီး၊ ထွန်းအောင်ကျော်၊ အစ်ကိုကြီး ဦးစိန်၊ ကိုအားစိုက်တို့မှအစ လူပြောမများသော အေးကျော်၊ အောင်မင်း၊ ကျော်ဝေ၊ အောင်ဖိုး၊ ဇော်ကြီးနှင့် အခြား သူများ အဆုံးကျဆုံးသွားကြသောပုဂ္ဂိုလ်များမည်မျှယုံကြည်ချက် ကြီးမားပြင်းထန်ခဲ့သည်၊ သူရဲကောင်းပီသစွာ မည်သို့ကျဆုံးသွားခဲ့ကြသည်ကို မိဘ၊သားသမီး၊ မောင်နှမ၊ ဆွေမျိုးသားချင်း၊ သူငယ်ချင်းနှင့် ရဲဘော်ရဲဘက်များက အမှန်ကိုသိမြင်ကြပြီး ဂုဏ်ယူနိုင်စေရန် ရည်ရွယ်ပါသည်။

## ဆယားညီညီ

### နိဒါန်း

၁၉၈၇ မှာ မြန်မာနိုင်ငံအတွင်းမှာ နိုင်ငံရေးအပြောင်းအလဲတွေအတွက် အရေးပါတဲ့ အကြောင်းအရာတစ်ခုစတင်ခဲ့ပါတယ်။ အဲ့ဒါဟာ၁၉၈၇ – ငွေစက္ကူ အရေးအခင်းပါ။တရားဝင်လှည့်ပတ်သုံးစွဲနေတဲ့ ငွေများကို တရားမဝင်တော့ကြောင်း ကြေငြာလိုက်တော့ ပြည်သူများရဲ့လက်ထဲမှာရှိတဲ့ ငွေစက္ကူတွေဟာ စက္ကူဖြစ်သွားပါ တော့တယ်။ အဲ့ဒီအဖြစ်အပျက်ကြီးဟာ တရားမဝင် တဲ့လုပ်ရပ်ဖြစ်တယ်၊ ဆန္ဒပြ ဆန့်ကျင်ရမယ့် လုပ်ရပ်ဖြစ်တယ်ဆိုတာကို မန္တလေး GTI ကျောင်းသားများက ကျောင်းသားထု အစည်းအဝေးမှာ အများသဘောတူ ဆုံးဖြတ်ခဲ့ကြပါတယ်။ဆုံးဖြတ်ချက် အရမန္တလေး GTI ကျောင်းသားများရဲ့ဆန္ဒပြပွဲကို မန္တလေးမြို့တွင်း လှည့်လည်ပြုလုပ် ခဲ့ရာမှာ နောက်ဆုံးရဲတပ်ဖွဲ့ရဲ့အင်အားသုံးဖြိုခွဲခံရမှုနဲ့အဆုံးသတ်ခဲ့ပါတယ်။

အဲ့ဒီတုန်းက GTI ကျောင်းသားများသမဂ္ဂကို ဦးဆောင်သူဟာထွန်းအောင်ကျော် ဖြစ်ပါတယ်။တစ်ခါ ၁၉၈၈ နှစ်ဆန်းကစပြီး အစပြုဖို့တာစူခဲ့တဲ့ အထွေထွေသပိတ်ကြီးဟာ၁၉၈၈ – ဩဂုတ်လမှ ပေါက်ကွဲထွက်သွားပြီး မြန်မာပြည် တန့်တလျား ရောက်ရှိသွားခဲ့ပါတယ်။ရလဒ်အဖြစ်အရပ်သားအစိုးရ အမည်ခံထားတဲ့ စစ်အုပ်စုပြုတ်ကျသွားပြီး န.ဝ.တ အစိုးရကအာဏာကိုလွှဲပြောင်းရယူခဲ့ပါတယ်။

အဲ့ဒီအချိန်မှာ စစ်တပ်ရဲ့အာဏာဆက်လက်စွဲကိုင်ထားလိုတဲ့ သဘောသဘာဝတွေကို တွေ့ရှိလိုက်ရတဲ့အတွက် လူငယ်များဟာမြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)ကို ဖွဲ့စည်းဖို့ဆုံးဖြတ်ခဲ့ကြပါတယ်။

တစ်ဘက်မှာလည်းကျောင်းသားတွေဟာ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ နဲ့အတူကျောင်းသားအဖွဲ့များ၊ လူငယ်အဖွဲ့များ နိုင်ငံရေးပါတီများကိုလည်း

# ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

ဖွဲ့စည်းပြီး ပုံသဏ္ဌာန်မျိုးစုံနဲ့ရပ်တည်ကာ ဘုံရည်မှန်းချက်တစ်ခုအတွက် တိုက်ပွဲဝင်ကြရန် ဆုံးဖြတ်ချက် ချမှတ်လုပ်ကိုင်နိုင် ခဲ့ကြပါတယ်။

၈၈ နဲ့ ၉၀အလွန် ကျောင်းသားလှုပ်ရှားမှုထဲမှာ ပါဝင်ကြသူအားလုံးဟာ ဘုံရည်မှန်းချက်တစ်ခုထဲမှာပုံသဏ္ဌာန်ခွဲပြီး အလုပ်လုပ်ကိုင်ခဲ့ကြတာပဲဖြစ်ပါတယ်။

အထက်မြန်မာပြည်က ကျောင်းသားထုအတွက် ABSDFကို မြောက်ပိုင်းဒေသမှာ တပ်စွဲဖို့ရာအတွက် အထက်ဗမာပြည် ကျောင်းသားများက ဆုံးဖြတ်ချက်ချခဲ့သည့်အားလျော်စွာ မန္တလေးကျောင်းသားလှုပ်ရှားမှုဟာလည်း ABSDF(NB)အတွက်အကျိုးဖြစ်ထွန်းစေဖို့ရည်ရွယ်လုပ်ဆောင်ခဲ့ကြတာဖြစ်ပါတယ်။ ABSDF ရဲ့စည်းရုံးရေးနဲ့ ဝါဒဖြန့်ချိရေး ကော်မတီကိုတရားဝင်ဖွဲ့စည်းပြီးကချင်ပြည်နယ်မှာတပ်စွဲမယ့်ကျောင်းသားတပ်မတော်အတွက် အလုပ်လုပ်ခဲ့ကြတာဖြစ်တယ်။

တပ်တည်မယ့်နေရာကို အစောဆုံးသွားပြီးတည်ထောင်သူတွေကတည်ထောင်သလို မြို့ပေါ်မှာကျန်နေခဲ့ပြီး ဝါဒဖြန့်ချိရေးနဲ့လူသစ်စုဆောင်းရေးအတွက် လုပ်ဆောင်သူများကလည်း မြို့အသီးသီးမှာ တာဝန်ထမ်းဆောင်ခဲ့ကြပါတယ်။

ကျောင်းသားပါတီများအဖြစ် ဒီမိုကရက်တစ်ဘွဲ့ရကျောင်းသားဟောင်းများအဖွဲ့ အမျိုးသားနိုင်ငံရေး ကျောင်းသားလူငယ် အဖွဲ့တို့လည်း ပါဝင်ခဲ့ပြီး ရန်ကုန် ကျောင်းသားများနဲ့လည်းချိတ်ဆက်မိကြပါတယ်။အများစုဟာမူလကတည်းက ခင်မင်စွာပေါင်းသင်းလာ တဲ့ သူငယ်ချင်းတွေ ဒါမှမဟုတ် ကျောင်းသင်ခန်းထဲက သူငယ်ချင်း တွေဖြစ်ကြပြီး မန္တလေးမြို့လူထုနဲ့ ရဟန်း သံဃာများကလည်း လိုအပ်တဲ့ အကူအညီများပေးကြပါတယ်။

ထွန်းအောင်ကျော်၊ အောင်နိုင်၊ စိုးလင်း၊ ညီညီကျော်တို့ဟာ ABSDF(NB) ဌာနချုပ်ကို စောစောပိုင်းကတက်သွားခဲ့ကြပြီး ကျန်ခဲ့တဲ့သူတွေက မြို့ပေါ်တာဝန်များ ထမ်းဆောင်ရင်းကျန်ရစ်ခဲ့ကြပါတယ်။မြို့ပေါ်မှာတာဝန်ထမ်းဆောင်ရင်း နာမည်ထွက်သွားလို့ အန္တရာယ်မကင်းတဲ့ မြေပေါ်တာဝန်ခံများကိုသာ ဌာနချုပ်လိုက်ခွင့်ပေးပါတယ်။ မြေပေါ်တာဝန်ခံများဟာပုံ သဏ္ဌာန် အမျိုးမျိုးသောကျောင်းသားအဖွဲ့အစည်းများနဲ့ ပတ်သက်လို့ လိုအပ်သမျှ တတ်နိုင်သမျှ တို့ကို ကူညီပံ့ပိုးပေးပြီး နိုင်ငံရေး သုတေသနလုပ်ငန်းနှင့်နိုင်ငံရေးစာစောင်များထုတ်ဝေခြင်း၊ ကျောင်းသား တပ်မတော်အတွက် နိုင်ငံရေးစာတမ်းများပြုစုပေးပို့ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြုစုပေးပို့ခြင်းနှင့် လူသစ်စုဆောင်းခြင်း လုပ်ငန်းတို့ကို လုပ်ဆောင် ခဲ့ကြပါတယ်။

# ဆမားညီညီ

မြေပေါ်တာဝန်ခံများအဖွဲ့မှာ အဖွဲ့ခေါင်းဆောင်အဖြစ် ဆရာတော်ဦးရေဝတက တာဝန်ယူပြီး၊ ကိုရိုးကြီး(နိုင်ငံရေး) ညီညီ(နိုင်ငံရေးနှင့်ပြင်ပဆက်ဆံရေး) မောင်နိုင် (စည်းရုံးရေးနှင့်ပြန်ကြားရေး) နဲ့ ခင်မောင်ညွှန့် (စည်းရုံးရေး) ဆိုပြီး ကော်မတီဖွဲ့လုပ်ကိုင်ခဲ့ကြပါတယ်။ ဒီ ၅ ဦးကော်မတီမှာ တစ်ဦးလျော့သွားရင် တစ်ဦးကို ဆရာတော်ဦးရေဝတက ရွေးချယ်ပြီး ဖြည့်တင်းဖွဲ့စည်းသွားခဲ့ပါတယ်။

၁၉၉၁ ဩဂုတ် ၁၇ ရက်နေ့မှာ အထက်ဗမာပြည်ကျောင်းသားသမဂ္ဂ ဒုဥက္ကဋ္ဌ(၁) ဇော်မြင့် အဖမ်းခံခဲ့ရပါတယ်။ အဖမ်းခံရတဲ့ အကြောင်းရင်းဟာ သူထင်ထင်ရှားရှား လုပ်နေတဲ့ ဗ.က.သလုပ်ငန်းများနဲ့ ပတ်သက်လို့လား၊ ဒါမှမဟုတ် လျှို့ဝှက် ABSDF လုပ်ငန်းများနဲ့ပတ်သက်လို့လားဆိုတာ ကျွန်တော်တို့ မသိကြပါဘူး။

ကျွန်တော်တို့ ABSDF စည်းရုံးရေးလုပ်ငန်းနဲ့ ပတ်သက်တာဆိုရင်တော့ ကျွန်တော်ဆက်အဖမ်းခံရဖွယ်ရှိပြီး နောက်ဆက်တွဲအဖြစ် ကျန်လူများအတွက်ရော နောက်လုပ်ငန်းတစ်ခုလုံးအတွက်ပါ အခြေအနေမကောင်းတော့ပါဘူး။အဲဒီတော့ ကျွန်တော်နဲ့ ကိုအောင်ခင်တို့ အရေးတကြီးတိုင်ပင်ကြပြီး ကျွန်တော်ချက်ချင်းမြို့ထဲက ထွက်သင့်ပြီလို့ ဆုံးဖြတ်ခဲ့ပါတယ်။ အဲဒီတော့ကာ တာဝန်ခံအဖြစ် ကိုအောင်ခင်(ခ) ကိုမောင်မောင်ကို ချန်ထားရစ်ခဲ့ရပါတယ်။

ချက်ချင်းထွက်ဖို့ စီစဉ်ပြီး နောက်တစ်ရက်မနက်ထွက်မယ့် ကွတ်နိုင်ကား လက်မှတ်ဝယ်၊ ပြီးတာနဲ့ မေမြို့ကိုတက်သွားပြီး မေမြို့ကနေ အဲဒီကားကိုပြန် နောက်ရက်မနက်မှာ စောင့်ပြီးစီးခဲ့ပါတယ်။အရေးတကြီး အန္တရာယ်ကြောက်လို့ နေ့လည် ၂း၁၅ နာရီလောက်မှာ အိမ်ကထွက်သွားခဲ့ရပါတယ်။

အမှတ်(၂၂) အထက မှာကျောင်းတက်နေတဲ့ သမီးကြီး သန္တာညီညီ၊ သားကြီး ရဲမင်းညီညီတို့ကို နှုတ်မဆက်နိုင်၊ ကျောင်းမကြိုနိုင်ခဲ့ပါဘူး၊ ဇနီးဖြစ်သူ မခင်အေးချိုနဲ့ သားငယ်ဇော်လင်းညီညီတို့ကိုလည်း မန္တလေး တရုတ်တန်းဈေးထဲ သွားရှာပြီး နှုတ်မဆက်နိုင်ခဲ့ပါဘူး။မိမိအန္တရာယ်၊ နောက်အဖွဲ့အန္တရာယ်ကိုစဉ်းစားပြီး ချက်ချင်းထွက်ခဲ့ရပါတယ်။

အဲဒီလိုမျိုး အဖွဲ့အတွက် စွန့်လွှတ်မှုများစွာနဲ့ လုပ်ကိုင်ခဲ့ပေမယ့်လည်း အဲဒီအချိန်က ABSDF အတွင်းအာဏာကို အမှန်တကယ်ဆုပ်ကိုင်ထားခဲ့ကြသူများက ကျွန်တော်တို့အားလုံးကို ရန်သူအဖြစ်တံဆိပ်ကပ်ခဲ့ကြပါတယ်။

# ဆယားညီညီ

## ဇာတ်လမ်း

ကိုချိုကြီး၊ ထွန်းအောင်ကျော်၊ ကျော်ဝေ၊ ကျော်ကျော်မင်းတို့ အာဆန်ကုန်းပေါ်မှာ မိုးထဲ၊ လေထဲမှာ ခိုက်ခိုက်တုန် ချမ်းနေကြတယ်။ အောင်နိုင်၊ သံချောင်း၊မျိုးဝင်းနဲ့ သူတို့ခေါ်လာတဲ့ထောက်လှန်းရေးအဖွဲ့သားတွေကတော့ လုံခြုံတဲ့မိုးကာ အဝတ်အစားတွေကြောင့် အချမ်းဒဏ်ကို ခံနိုင်ပုံရကြလေရဲ့။

အစောင့်တွေဟာ ကျဉ်းကိုကျောပေးနေတဲ့အကျဉ်းသားတွေ၊ အကျဉ်းသားတွေနဲ့ မျက်နှာချင်းဆိုင်အနေအထားမှာရှိနေတဲ့ အောင်နိုင်၊ သံချောင်း၊ မျိုးဝင်းတို့တစ်တွေကို လခြမ်းပုံဝိုင်းထားကြတယ်။

အစောင့်တွေဟာ M21 တရုတ်လုပ်သေနတ်တွေကိုင်ထားကြတယ်။ သူတို့ထဲမှာ သံချောင်းနဲ့မျိုးဝင်းကလွဲပြီး ကျန်တဲ့သူတွေအားလုံးဟာ အရက်ကိုမူးယစ်တဲ့အဆင့်ရောက်အောင် သောက်ထားကြပါတယ်။ သံချောင်းနဲ့ မျိုးဝင်းတို့ နှစ်ယောက်ကတော့ အလုပ်နဲ့အရက် ဘယ်တော့မှမတွဲပါဘူး။ ကွန်မန်ဒိုတွေကတော့ အတွေ့အကြုံသစ်အတွက် စိတ်အားတက်ကြွနေကြပုံရပါတယ်။

အဲဒီအချိန်မှာ အောက်ကတက်လာတဲ့အကျဉ်းသားကိုကြည့်ပြီး မျိုးဝင်းက

"ကဲ ချိုကြီး၊ အုန်းကြိုင်ရောက်လာပြီ၊ မင်းတို့စက်ဘယ်မှာလဲပြော"

အုန်းကြိုင်က "ကိုချိုကြီး ခင်ဗျားတို့ပြဿနာထဲ ကျွန်တော့် ဆွဲမထည့်နဲ့ ဗျာ၊ V.C.S ဒီစက်ကိစ္စတွေကို ကျွန်တော်လုံးဝ မသိပါဘူး"

သံချောင်းကဝင်ပြီး "ဟော့ ... ချိုကြီးမင်းတို့ကဘာတွေလည်း စကားတွေအမျိုးမျိုး ပြောနေကြတာ၊ မင်းတို့လူကြီးတွေဘဲကွာ ကိုယ့်စကား ကိုယ်တာဝန် ယူရမှာပေါ့"

ကော့တက်လာပါတယ်။ အဲဒီလက်ပြတ်ကို ခါးဦးကမဖြုတ်ပဲထွန်းအောင်ကျော်ပါးစပ်မှာ တေ့ပြီး

"ရော့ မင်းအစ်ကိုလက် မင်းကိုက်ထား၊ သွေးစက်တွေမကျစေနဲ့ မျိုချ"

လက်ကောက်ဝတ်ရဲ့အရင်းအပြတ်နေရာကနေ ကိုက်ထားရပါတယ်။ ကိုချိုကြီးကတော့ သူ့လက်ငုတ်ကို ဘယ်ဘက်လက် နဲ့ဆုပ်ပြီး အံ့အားသင့်စွာနဲ့ ပါးစပ်ပိတ်နေပါတယ်။

အားလုံးရဲ့အသံတွေလည်း တိတ်နေပါတယ်။ အစောင့်တွေနဲ့ ထောက်လှန်းရေးတွေ အသံမထွက်တာကတော့သံချောင်းနဲ့မျိုးဝင်းက အသံမထွက်တော့လို့ပါ။ နောက်တစ်ခါ သံချောင်း မင်းကို မျိုးဝင်းကသတ်လိမ့်မယ် ဆိုတဲ့စကား ပြန်တွေးနေကြလို့လည်း ဖြစ်ရင်ဖြစ်မှာပေါ့။

သံချောင်းရဲ့နားထဲမှာတော့ ကိုချိုကြီးပြောခဲ့တဲ့စကားတွေကို ပြန်ကြားနေပုံရတယ်။ မျက်နှာ အဲ့ဒီအချိန် ကတည်းက တင်းသွားတာ အခုထိပြန်မပြေသေးဘူး။

အောင်နိုင်ကဝင်ပြီး ကျော်ဝေရော ဆိုတာနဲ့ ဇော်ဇော်မင်းနဲ့ သန်းဇော်တို့က လက်ကောက်ဝတ်၊ ဘယ်ဘက်ခြေမနဲ့ ခြေချောင်းလေးတွေ အရင်ကတည်းကအဖြတ်ခံထားရတဲ့ ကျော်ဝေကို ဝင်ရိုက်ကြ၊ ထိုးကြပြီး

"မင်းရော ဘာပြောမှာလဲ၊ ပြောစမ်း၊ အဆိပ် မင်းဖွက်ထားတယ် မဟုတ်လား"

ရိုက်ရင်း၊ ထိုးရင်းနဲ့လဲကျသွားတော့ကျော်ဝေကို ဝိုင်းကန်ကြပါတယ်။

ကျော်ဝေက မခံမရပ်နိုင်တဲ့အဆုံး

"တော်တော့၊ တော်တော့ ငါပြောမယ်"

"အေး မှန်တာမပြောရင် မင်းအသေဘဲ"

"ကျွန်တော်ဟာ စစ်ထောက်လှန်းရေးမဟုတ်သလို အားလုံးလည်း မဟုတ်ကြဘူး၊ မင်းတို့အားလုံး မတရားလုပ်နေကြတာ၊နောက်ပြီး "----

ကျော်ဝေရဲ့စကားအဆုံးမသတ်နိုင်လိုက်ပါဘူး။

ပထမမှာအားလုံးအံ့အားသင့် ကြောင်ကြည့်နေတုန်း မျိုးဝင်းက ရှေ့ခြေ တစ်လှမ်းတက်ပြီး ကျော်ဝေရဲ့လည်ပင်းကို ဓါးနဲ့ ပိုင်းလိုက်တာ ခေါင်းဟာအရှေ့ဘက်

ကော့တက်လာပါတယ်။ အဲဒီလက်ပြတ်ကို ခါးဦးကမဖြုတ်ပဲထွန်းအောင်ကျော်ပါးစပ်မှာတေ့ပြီး

"ရော့ မင်းအစ်ကိုလက် မင်းကိုက်ထား၊ သွေးစက်တွေမကျစေနဲ့ မျိုချ"

လက်ကောက်ဝတ်ရဲ့အရင်း အပြတ်နေရာကနေ ကိုက်ထားရပါတယ်၊ ကိုချိုကြီးကတော့ သူ့လက်ငုတ်ကို ဘယ်ဘက်လက် နဲ့ဆုပ်ပြီး အံ့အားသင့်စွာနဲ့ ပါးစပ်ပိတ်နေပါတယ်။

အားလုံးရဲ့အသံတွေလည်း တိတ်နေပါတယ်၊ အစောင့်တွေနဲ့ ထောက်လှန်းရေးတွေ အသံမထွက်တာကတော့သံချောင်းနဲ့မျိုးဝင်းက အသံမထွက်တော့လို့ပါ။ နောက်တစ်ခါ သံချောင်း မင်းကို မျိုးဝင်းကသတ်လိမ့်မယ် ဆိုတဲ့စကား ပြန်တွေးနေကြလို့လည်း ဖြစ်ရင်ဖြစ်မှာပေါ့။

သံချောင်းရဲ့နားထဲမှာတော့ ကိုချိုကြီးပြောခဲ့တဲ့စကားတွေကို ပြန်ကြားနေပုံရတယ်။ မျက်နှာ အဲ့ဒီအချိန် ကတည်းက တင်းသွားတာ အခုထိပြန်မပြေသေးဘူး။

အောင်နိုင်ကဝင်ပြီး ကျော်ဝေရော ဆိုတာနဲ့ ဇော်ဇော်မင်းနဲ့ သန်းဇော်တို့က လက်ကောက်ဝတ်၊ ဘယ်ဘက်ခြေမနဲ့ ခြေချောင်းလေးတွေ အရင်ကတည်းကအဖြတ်ခံထားရတဲ့ ကျော်ဝေကို ဝင်ရိုက်ကြ၊ ထိုးကြပြီး

"မင်းရော ဘာပြောမှာလဲ၊ ပြောစမ်း၊ အဆိပ် မင်းဖွက်ထားတယ် မဟုတ်လား"

ရိုက်ရင်း၊ ထိုးရင်းနဲ့လဲကျသွားတော့ကျော်ဝေကို ဝိုင်းကန်ကြပါတယ်။

ကျော်ဝေက မခံမရပ်နိုင်တဲ့အဆုံး

"တော်တော့၊ တော်တော့ ငါပြောမယ်"

"အေး မှန်တာမပြောရင် မင်းအသေဘဲ"

"ကျွန်တော်ဟာ စစ်ထောက်လှန်းရေးမဟုတ်သလို အားလုံးလည်း မဟုတ်ကြဘူး၊ မင်းတို့အားလုံး မတရားလုပ်နေကြတာ၊နောက်ပြီး "----

ကျော်ဝေရဲ့စကားအဆုံးမသတ်နိုင်လိုက်ပါဘူး။

ပထမမှာအားလုံးအံ့အားသင့် ကြောင်ကြည့်နေတုန်း မျိုးဝင်းက ရှေ့ခြေ တစ်လှမ်းတက်ပြီး ကျော်ဝေရဲ့လည်ပင်းကို ဓါးနဲ့ ပိုင်းလိုက်တာ ခေါင်းဟာအရှေ့ဘက်

# ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

ကိုလိမ့်ဆင်းလာပြီး ကျင်းတူးထားးကဲ့ မြေစာပုံအကြားမှာ ခေါင်းထောင်ရက် ငြိမ်သွားပါတယ်။ သူ့ရဲ့ပြူးနေတဲ့ မျက်လုံးတစ်စုံဟာ ဒီလူကြီး ၃ ယောက်ကို စိုက်ကြည့်နေသလို ဖြစ်နေတော့ မျိုးဝင်းကသွေးရှူးသွေး တန်းနဲ့ အဲဒီခေါင်းပြတ်ကို ကျင်းထဲကန်ချလိုက်ပါ တယ်။

ကျန်တဲ့ ခန္ဓာကိုယ်ကတော့ အဲဒီနေရာမှာလဲပြိုသွားပြီး ခန္ဓာကိုယ်ထဲက သွေးမကုန်မချင်း ဖရူးဖရူးနဲ့ လေသံတွေထွက်ပြီး သွေးကွေပန်းထွက်နေပါတယ်။အဲ့ဒါကို ကျင်းထဲကန်ချလိုက်၊ မြေမဖို့နဲ့ဦး။ ၁၂ - ရက်နေ့သန်ဘက်ငံမှာ အမှတ်တရပွဲလုပ်ဦးမှာ။

အောင်နိုင်က "ချိုကြီးကိုဆေးခန်းခေါ်သွား လက်ဆေးထည့်ပေးလိုက်၊ သွေးကြောတွေပိတ်ဦးလို့ပြော၊ ပြီးတော့ ထောင်ထဲမှာ ဂလူးကို့စ်သွင်းပေးလိုက်၊ ကျန်တဲ့ ကောင်တွေအားလုံးထောင်ထဲခေါ်သွားလိုက်တော့၊ မင်းတို့နဲ့ ငါတွေ့ဦးမယ်"....

❑

# ဆမားညီညီ

## - အစ -

## ညီညီ

ကျွန်တော်အံ့အားသင့်သွားရတယ်။ ဒီကိစ္စမဖြစ်နိုင်ဘူး။ နောက်....မဖြစ်သင့်ဘူးလေ။ ထွန်းအောင်ကျော်က နာမည်တွေထပ်ပြောပြီး ဒီလူတွေဟာ န.ဝ.တ ထောက်လှမ်းရေးတွေပါလို့ပြောတယ်။ သူကဆက်ပြီးတော့ မန္တလေးမှာကျန်ခဲ့တဲ့ သူငယ်ချင်းတွေနာမည်တွေရွတ်ပြီး အဲ့ဒီလူတွေဟာလည်း ထောက်လှမ်းရေးတွေပဲတဲ့။

ဘယ်လိုလုပ်ဖြစ်နိုင်မလဲ။ မဖွယ်မရာကြီးကွာ။ အဲဒီလိုသာ တကယ်ဖြစ်ခဲ့တယ်ဆိုရင် မင်းဒီကိုရောက်မလာဘူး။ အစထဲက မန္တလေးကထဲက အဖမ်းခံခဲ့ရမှာပေါ့။

"ဟော့ ကိုညီ၊ အဲဒီလိုမတုံ့ပြန်ပါနဲ့၊ အဖြစ်မှန်ကို လက်ခံဖို့စဉ်းစားပါ"

"ဘယ်လို၊ အဖြစ်မှန် ဟုတ်လား။ အဖြစ်မှန်ဆိုတာ ဘာလဲ"

ဒီစကားအရောက်မှာ ထွန်းအောင်ကျော်က စကားဆက်မပြောတော့ဘဲ စကားဝိုင်းကထွက်သွားတော့တယ်။ စကားဝိုင်းမှာ ဒု-စစ်ရေးတာဝန်ခံ မျိုးဝင်းတစ်ယောက်ပဲကျန်ခဲ့တယ်။ ဟုတ်တယ်လေ၊ ကျွန်တော်ကအခုသူ့တဲမှာကိုး။ အခုလုပ်နေတဲ့ ကျွန်တော်စခန်းကိုရောက်လာလို့လုပ်တဲ့ကြိုဆိုပွဲအခမ်းအနားကတော့ တိတ်တိတ်ဆိတ်ဆိတ်၊ လေသံ၊ တီးတိုးသံတွေနဲ့ ဘဲပြီးသွားလေတယ်။

သံချောင်းကတော့ တောင်ကုန်းတစ်ခုတည်းမှာရှိတဲ့ အောက်ဖက်

## ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

၃၅ပေလောက်မှာရှိတဲ့သူ့ရဲ့ဒွဲကိုပြန် သွားတယ်။ သံချောင်းက သိပ်မကျန်းမာဘူး။နောက် မေးခွန်းတွေကိုရှောင်လေ့ရှိတယ်။

ဒီနေရာက ကျောင်းသားတပ်မတော်(မြောက်ပိုင်း)ရဲ့ ဌာနချုပ်ဖြစ်ပြီး ထွန်းအောင်ကျော်က ဥက္ကဋ္ဌ၊ အတွင်းရေးမှူးက အောင်နိုင်၊ ၂ယောက်လုံးက မန္တလေးသားတွေ။ ကျွန်တော်ကကျောင်းသားတပ်ကို အခုမှတောခိုလာတဲ့သူ။ ဒါပေမယ့် ၈.၈.၈၈ ကနေစပြီးကျောင်းသားတပ်ရဲ့အလုပ်ကိုမြေပေါ်မှာလုပ်နေတဲ့သူ။

အဖြစ်မှန်ကဗျာ... ကျွန်တော်ဟာအခုမှတောခိုလာတာဖြစ်ပေမယ့် အရင်ကထဲက၊ အစကထဲက ကျောင်းသားတပ်မတော်ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တာပေါ့။ဗဟိုကော်မတီဝင်အားလုံးနီးပါးက ကျွန်တော့်ကိုသိကြပြီး ကျွန်တော်ကလည်း သူတို့ကိုသိတယ်။ ဒီကိုအလာလမ်းတစ်လျှောက်မှာ တွေးခဲ့၊ စိတ်ကူးခဲ့တဲ့မျှော်လင့်ချက်တွေကအရောင်မှိန်သွားသလိုဘဲ။

အခုကျွန်တော်စကားပြောနေတဲ့ ထွန်းအောင်ကျော်က အရင် ထွန်းအောင်ကျော်၊ မန္တလေးက ထွန်းအောင်ကျော် မဟုတ်သလိုပဲဖြစ်နေပြီ။ သူကအလုပ်ဆန်တဲ့လေသံနဲ့ အခုမျိုးဝင်းတဲရဲ့အပေါ်ပိုင်း၊ တောင်အထက်ပိုင်းမှာရှိတဲ့သူ့တဲကိုမေးငေါ့ပြပြီး

"ကိုညီ ခင်ဗျားတက်နှင့်၊ ကျွန်တော်ခဏနေလိုက်ခဲ့မယ်"တဲ့။

မြေပြန့်ကလူတွေအတွက်ဒီရာသီဥတုဟာ သိပ်ကိုပြင်းထန်ပြီး အစံရခက်လှပါတယ်။ ဒါပေမယ့် အဲ့ဒီအရှိးကွဲလှတဲ့ အအေးဓါတ်က အရေပြားပေါ်ကနေ အထဲတိုးဝင်မလာသလိုပဲ။ ရင်ထဲမှာ ကျွန်တော့်ကိုယ်ပိုင်အပူနဲ့။ လောင်မြိုက်နေတဲ့အပူမီးကြီးနဲ့လှိုက်လှိုဲပေါ့ဗျာ။

ကျွန်တော်တဲထဲကို တံခါးဟပြီးဝင်၊ တံခါးပြန်စေ့ပြီးနောက် မီးဖိုဘေးမှာ ဝိုင်းထိုင်နေတဲ့ အထဲက တစ်ယောက်က ထပေးတဲ့နေရာကို ဝင်ထိုင်လိုက်တယ်။

မော့ကြည့်မိတော့ မန္တလေးက ရာပြည့်၊ အောင်မင်း၊ စိုးလွင်နဲ့ နောက်တစ်ယောက်၊ ကျွန်တော်မသိဘူးသေးတဲ့ ရဲဘော်တစ်ယောက်။ အားလုံးရဲ့မျက်နှာတွေကမရွှင်မပြနဲ့။

ABSDF မြောက်ပိုင်းဗဟိုဖြစ်တဲ့ ဒီနေရာဟာ ကေအိုင်အေထိန်းချုပ်ရာ နယ်မြေဖြစ်ပြီး ဒီအဘေမှုအရ ကျွန်တော်တို့ ကျောင်းသားတပ်က လာပြီးတပ်စွဲနေတာပါ။ တရုတ်ပြည်နဲ့ နယ်ခြားမျဉ်းသာခြားတဲ့ ကေအိုင်အေဌာနချုပ်၊ ပါဂျောင်ဒေသပါ။ မြန်မာပြည်အတွင်းကလာမယ်ဆိုရင် နဲနဲခက်ပါတယ်။ ဒါပေမယ့်ကျွန်တော်က မူဆယ်၊ ရွှေလီကနေပြီး

တရုတ်ပြည်ထဲကဖြတ်လာလို့ ကားလမ်းခရီးနဲ့ လာလို့ရတာ၊ န. ဝ. တ စစ်တပ်တောင် လာထိုးလို့မရအောင် နယ်မြေကြမ်းတမ်းပြီး လုံခြုံရေး ထူထပ်တဲ့ နေရာဖြစ်ပါတယ်။

ထွန်းအောင်ကျော်ရဲ့တဲ၊ ဥက္ကဋ္ဌရဲ့တဲက မျိုးဝင်းတဲရဲ့အပေါ်ဘက် ပေ၅ဝလောက် အမြင့်မှာ ရှိတာပါ။ ထွန်းအောင်ကျော်တဲရှေ့ ကွက်လပ်ကနေဖြစ်ဖြစ်၊ မျိုးဝင်းတဲရှေ့ ကွက်လပ်ကနေဖြစ်ဖြစ်ကြည့်ရင် တစ်တပ်လုံးကိုမြင်နိုင်တယ်။ ထွန်းအောင်ကျော် တဲရှေ့ ကနေဆိုရင် မျိုးဝင်းတဲရှေ့ကိုရော ကောင်းကောင်းမြင်နိုင် ပါတယ်။

ထွန်းအောင်ကျော်တဲကနေ တောင်ကုန်းပေါ်ဆက်တက်သွားရင် ဘဏ္ဍာရေးမှူး ဗိုလ်ကြီးလဆိုင်း၊ သူတို့ အခေါ်ဒုလဝါဆိုင်းတဲရှိတယ်။

ဒီအရာရှိတွေနေတဲ့တောင်ကုန်းရဲ့ အောက်ခြေတောင်ခြေမှာ ကားလမ်းရှိပြီး ကားလမ်းဘေးမှာ အမျိုးသမီးဆောင်၊ သင်တန်းခန်းမရှိတယ်။ အဲ...မြောက်ဘက်ဆိုပါတော့ အဲ့ဒီမှာအလံတိုင်ကုန်းရှိတယ်။ အလံတိုင်မှာ ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ ဒီအေဘီအလံ၊ ကေအိုင်အိုအလံနဲ့ ကျောင်းသားတပ်မတော်အလံတို့ လွှင့်ထူထားပါတယ်၊

အရာရှိကုန်းအောက်ခြေမှာစစ်ရုံး၊ စစ်ရုံးအရှေ့ဘက်ယွန်းယွန်းမှာ ကော်မီတီရုံးနဲ့ အနောက်ဘက်ယွန်းယွန်းမှာ ထောက်လှမ်းရေးအဖွဲ့ရုံး၊ ထောက်လှမ်းရေးအဖွဲ့ရုံးရဲ့ နောက်ကပ်လျက်က တောင်ကမူကြီးပေါ်မှာတော့ ဆက်သွယ်ရေး ဌာနရှိပါတယ်။

ထွန်းအောင်ကျော်တဲထဲက မီးဖိုဘေးမှာ ကိုချိုကြီး(ဖရက်ဒီအောင်သန်း)ရယ် အခြားသူတွေရယ်၊ ကျွန်တော်ရယ် ထိုင်နေတုန်း နောက်ဖေးပေါက်ကနေ ထွန်းအောင် ကျော်ဝင်လာပြီး မီးဖိုဘေးဝင်ထိုင်လိုက်တယ်။ ညီညီကျော်နဲ့ ရဲလင်းတို့ လိုက်လာပြီး ရဲလင်းနဲ့ ကျွန်တော့်ကို

"ကိုညီ...ဒါ ရွှေကူခရိုင်မှူးရဲလင်း၊ ရဲလင်းဒါက ကျွန်တော်ပြောပြော နေတဲ့ ကိုညီ။ မန္တလေးက ကျွန်တော့်သူငယ်ချင်း၊ လုပ်ဖော်ကိုင်ဖက်"

ဆိုပြီး မိတ်ဆက်ပေးပါတယ်၊

ကိုချိုကြီးက ပါးစပ်ပိတ်နေတယ်၊ ဘာမှမပြောဘူး၊ သူက ကျွန်တော်ရွှေလီရောက်ပြီ သတင်းရလို့ သံချောင်းတို့အုပ်စုနဲ့ အတူရွှေလီလိုက်လာခဲ့တာ၊ ရွှေလီမှာသူကသံချောင်းတို့နဲ့ခွဲနေခဲ့ပြီး ၃-ရက်လောက်နေမှ ကျွန်တော်နဲ့ အတူဇပဟိုကိုတက်လာတာ ဖြစ်တယ်၊

ထွန်းအောင်ကျော်

# ဝံပုလွေမျှားထံမှ လွတ်မြောက်ခြင်း

"အဲ့ ဥက္ကဋ္ဌပေါ့၊ သူနဲ့ကျွန်တော်နဲ့က မန္တလေးမှာ ၁၉၈၅ လောက်ကထဲကခင်ကြတာ။ သူ့အစ်ကိုဝမ်းကွဲကိုရိုးကြီးကတော့ ၁၉၇၅ လောက်ကထဲက ကျွန်တော်နဲ့ခင်ခဲ့တာ။ ၇၅ မှာဟိုက်ကရီ ခရာတေးကလပ်မှာ ကျွန်တော်စကားတော့ သူကခါးပတ်ဝါ၊ နောက်လေးလလောက်အကြာမှာ မန္တလေး ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်မှာ ကျွန်တော်ဓါတုဗေဒအဓိကနဲ့ ကျောင်းတက်တော့ သူနဲ့ကျွန်တော်က အတူတွဲနေကျ သူငယ်ချင်းဖြစ်သွားရော။ နောက်ပိုင်းကျောင်းပြီးတော့လည်း တစ်လျှောက်လုံး ဆက်ဆံရေး မပြတ်ခဲ့ဘဲနဲ့ ၈. ၈. ၈မှာ ကျောင်းသားတပ် အလုပ်တွေလုပ်ကြတော့ လုပ်ဖော်ကိုင်ဘက် တွေဖြစ်ခဲ့ပြန်ပြီး သိပ်ရင်းနှီးတယ်။ သူ့အိမ်ကိုယ်ဝင် ကိုယ့်အိမ် သူဝင်နေကြတဲ့သူတွေဖြစ်တယ်"

"ကိုရိုးကြီး ကျွန်တော်ကတော့ အခြေအနေကိုမကြိုက်ဘူးဗျာ"

"ငါကလည်းကြိုက်နေဦးမယ်"

"ကျွန်တော်ကမြို့ပေါ်မှာကျွန်တော့်အခြေအနေမကောင်းတော့လို့ ဒီကိုလာတာ။ဒီမှာကလည်း ဘာထူးလဲ၊ပိုဆိုးသလိုတောင်ရှိသေးတယ်။ သူတို့ ပြောသလို ဆိုရင်တော့ မန္တလေးတစ်မြို့လုံးကကျောင်းသားတွေ အားလုံးပဲ ထောက်လှန်းရေး တွေဖြစ်နေပြီလို့ ပြောရတော့မယ်"

အဲဒီအချိန်မှာ ခုနကအပြင်ထွက်သွားခဲ့တဲ့ ကျွန်တော်မသိသေးတဲ့ ရဲဘော် တစ်ယောက်ဆိုတဲ့သူ ပြန်ဝင်လာပါတယ်။

ထွန်းအောင်ကျော်က

"ကိုညီ၊ ဒါအင်းတော်က ခင်မောင်စိုး။ ခင်ဗျားလို မှတ်စလင်မ်ဘဲ၊ ကျွန်တော့် ကိုယ်ရေးအရာရှိဘဲ"

သူကကျွန်တော်တို့ကိုမိတ်ဆက်ပေးတာ မဟုတ်ဘူး။ ပစ္စည်းတစ်ခုကို တစ် ယောက်ယောက်ကိုပြသလိုမျိုး။ အဲ့သလိုပြောပြရုံသာဖြစ်တယ်။

ခဏလေးနေတော့လဆိုင်းကကျွန်တော်တို့ဝိုင်းထိုင်နေတဲ့ မီးဖိုဘေးရောက် လာပြီး

"ဥက္ကဋ္ဌ - ကျွန်တော်တို့ တရုတ်နယ်ထဲက ဆီမားသွားပြီး စပိုင်တစ် ယောက်ဖမ်းမလို့၊ အဲ့ဒါဥက္ကဋ္ဌရဲ့ပစ္စတိုခဏငှားပေးစမ်းပါ"

ထွန်းအောင်ကျော်ကသူ့ Field Jacket ထဲကသေနတ်ကို သူငယ်ချင်း

တစ်ယောက်က မီးခြစ်ငှားရင် အလွယ်တကူ ထုတ်ပေးလိုက်သလိုမျိုး ဘာမှစောဒက မတက်ပဲ ထုတ်ပေးလိုက်တယ်။ လဆိုင်းလည်းထွက်သွားရော ကျွန်တော်ကသူ့ကို

"ကိုယ့်သေနတ်ကို ဘာလို့ အလွယ်တကူငှားတာလဲ၊ ဒါမျိုးတွေက မီးခြစ်ငှားသလို အလွယ်တကူ ငှားလို့ရတဲ့ ဟာမျိုးလား" လို့မေးလိုက်တယ်။

ဘာတုံ့ပြန်မှုမှ မပေးဘဲ နှုတ်ဆိတ်နေလေတယ်။

အဲ့ဒီအရှိန်ကြောင့် ထင်တယ်၊ အားလုံးမီးဖိုဒေသမှာ အသံမထွက်ဘဲ ထိုင်နေကြ ဘာ မီးဖိုထဲက ထင်းတုံးထဲကသစ်စီးတွေ လောင်သံဖြိုးဖြိုးဖြစ်ဖြစ်ကိုသာ ကြားနေရတယ်။

ခဏလေးနေရင်ဘဲ စစ်ဖိနပ်သံတွေဟာ ဥက္ကဋ္ဌတဲရှေ့ ၊ နောက်ဘေးက လှည့်သွားလမ်း နောက်ဆုံးနောက်ပေါက်ကို ရောက်လာတယ်။ တစ်ဆက်တည်းမှာပဲ ရှေ့တံခါးနဲ့ နောက်တံခါးကို တပြိုင်နက်လိုလို ဆောင့်ကန်လိုက်သံကြားရပြီး လက်နက်တို့ ရှည်တွေကိုင်ထားတဲ့ လူ (၃)ယောက်စီ ရှေ့ရောနောက်ရောက ဝင်လာကြတယ်။

အားလုံးကြောင်ပြီးကြည့်နေတုန်းမှာဘဲ နောက်ပေါက်ကဝင်လာတဲ့ အုပ်စုကို ဦးဆောင်လာတဲ့ကျော်ထင်ဦးက သေနတ်အတိုကိုကိုင်လျက်ပြေးဝင်လာပြီး ခင်မောင်စိုးရဲ့ နောက်စေ့ကိုသေနတ်ပြောင်းနဲ့တေ့ထားပြီး

"မအေ - မလှုပ်နဲ့၊ သေသွားမယ်"

ချိန်သားကိုက်ပြေးဝင်လာတဲ့အရှေ့ဘက်အပေါက်ကခေါင်းဆောင်လဆိုင်းက ခင်မောင်စိုးကို လက်နောက်ပြန် လက်ထိတ်ခတ်လိုက်တယ်။ ကျန်တဲ့ရှေ့ပေါက်က၂ ယောက်၊နောက်ပေါက်က (၂)ယောက်ကတော့ဘာမှမပြောဘဲ အခန်းထဲကရှိသမျှ လူတွေကို သတိထားပြီး စောင့်ကြည့်နေတယ်။ လက်မှာက တရုတ်လုပ်မောင်းပြန် ရိုင်ဖယ်တွေ ကိုယ်စီနဲ့ပေါ့။

ဥက္ကဋ္ဌရဲ့ ကိုယ်ရေးအရာရှိကို ဥက္ကဋ္ဌတဲထဲ၊ ဥက္ကဋ္ဌရှေ့မှာတင် ဥက္ကဋ္ဌရဲ့ သေနတ်နဲ့ချိန်ပြီး ကြက်ကလေး၊ငှက်ကလေးဖမ်းသလို ဖမ်းလိုက်တာပါဗျာ။

ဥပမာနဲ့ပေးကြည့်ရရင် ဥက္ကဋ္ဌအဖို့တော့ သွေးသားအရင်းအခြာတစ်ဦး ကိုယ့်ရှေ့မှာတင် မုဒိန်းအကျင့်ခံရသလိုမျိုး နေမှာဘဲ၊ တောကြောင်တစ်ကောင် ကြက်ခြံ ထဲကကြက်ကိုဝင်ဆွဲသွားသလိုမျိုးအတိုင်းဘဲ အဲဒီအုပ်စုက မမျှော်လင့်ပဲ ဝင်လာပြီး ရုတ်တရက်ပြန်ထွက်သွားတယ်။

# ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

သူတို့ချန်သွားခဲ့တာကရိုက်နက်ကန်ကျောက်သံတွေနဲ့ ခင်မောင်စိုးရဲ့အော်သံ၊ ငိုသံ၊ နာသံတွေပေါ့။ နောက်ဆက်တွဲအဖြစ် ကျွန်တော်တို့အုပ်စုထဲမှာတော့ တိတ်ဆိတ်ခြင်း၊ စိုးရိမ်ခြင်း၊ မျိုသိပ်ထားရတဲ့ မခံမရပ်နိုင်ဖြစ်ခြင်းတွေကျန်ခဲ့တယ်။ ကျွန်တော်ကပဲစပြီး

"ကဲ ရှင်းပြပါဦးထွန်းအောင်ကျော်" ဆိုတော့

"ကျွန်တော်မီးစိမ်းပြလိုက်တာပါ"

"အော်...မင်းသေနတ်ကိုလာပြီး လိမ်တောင်းဖို့ကိုရော မင်းဘဲ မီးစိမ်းပြလိုက်တာပေါ့လေ"

ပါးစပ်ပိတ်နေတဲ့ကိုချိုကြီးက "ဟေ့ ဥက္ကဋ္ဌ...ဒါကဥက္ကဋ္ဌကို၊ နောက်တို့အားလုံးကိုစော်ကားလိုက်ရုံတင်မကဘူး။ - ငပါ တက်ဆော်သွားတာကွ၊ သိရဲ့လား"

ထွန်းအောင်ကျော်က

"ကိုချို စကားကိုယဉ်ယဉ်ကျေးကျေးပြောပါ၊ နောက်အားလုံးကို သတိပေးလိုက်မယ်၊ ခင်ဗျားတို့ စကား ပြောနေတာ ဥက္ကဋ္ဌဆိုတာ သတိရပြီး သင့်တင့်တဲ့ ဂါရဝတရားထားပြီး စကားပြောကြပါ၊ ကျွန်တော် ထပ်မပြောချင်ဘူး"...

အားလုံးအသံတွေတိတ်သွားပြီး သူ့ကိုအံ့ဩတကြီး မျက်စေ့လှန်ကြည့်မိကြတယ်။

"ဟုတ်ပြီလေ၊ ကျွန်တော်ကဒီကျောင်းသားတပ်ကို ဒီနေ့မှရောက်တာပါ။ အဲ့ဒီတော့ ဒီမှာဥက္ကဋ္ဌ လုပ်နေတဲ့ ကျွန်တော့်သူငယ်ချင်း ထွန်းအောင်ကျော် စကားကို ကျွန်တော်နာခံရမှာပေါ့၊ အဲဒီတော့ ...ဥက္ကဋ္ဌခင်ဗျား ကျွန်တော် စောဒက မေးခွန်းလေးတွေ တရားဝင်မေးချင်လို့ပါ၊ ဥက္ကဋ္ဌရဲ့ တဲမှာလုံခြုံရေးမရှိတဲ့ကိစ္စ၊ လုံခြုံရေးချမထားတဲ့ကိစ္စလေးက စပြီး နောက်ခင်မောင်စိုးကိစ္စလည်း အပြည့်အစုံ သိချင်ပါတယ်... မလုပ်ပါနဲ့ ခင်ဗျားမီးစိမ်းပြလိုက်တယ်ဆိုတာကြီး ထည့်မပြောပါနဲ့၊ ဘယ်သူမှမယုံပါဘူး၊ ဝင်ဖမ်းတော့မှသာ ခင်ဗျားသိတာပါဗျာ... ခင်ဗျားက မီးစိမ်း ပြရိုးသာမှန်ရင် သေနတ်လည်း လာလိမ်တောင်း စရာမလိုဘူး။ အခုလိုရုပ်ရှင်ရိုက်သလို စတန့်တွေလည်းမလိုပါဘူး။ သူတို့တွေမှာ လက်နက်အလုံအလောက်ရှိတယ်၊ အခုဟာက ခင်ဗျားက ခုခံမှာစိုးလို့လား၊ ခင်ဗျားမှာလက်နက်ရှိမနေသင့်တော့ဘူး ဆုံးဖြတ်တာလား။ ဒါက ပေါ့ပေါ့တန်တန်ထားရမယ့်ကိစ္စ မဟုတ်ဘူးနော်"

"ကိုညီ၊ ခင်ဗျားဘာကိုဆိုလိုတာလဲ၊ တည့်တည့်ပြောဗျာ"

"ဟုတ်ပြီလေ…ခင်မောင်စိုးကိုဖမ်းမယ်၊ ခင်ဗျားက အကာအကွယ်ပေးကောင်းပေးလိမ့်မယ်၊ ခင်ဗျား P.S.O ခင်မောင်စိုးကို Spy ဇာတ်သွင်းပြီးရင်နောက်လာမယ့်သူက ဘယ်သူဖြစ်မလဲ၊ သူ့ဆရာလို ဖြစ်မလာနိုင်ဘူးလား၊ နည်းနည်းထပ်စဉ်းစားပါဦး၊ အခုအဖမ်းခံထားရတဲ့သူတွေအားလုံးက ထောက်လှမ်းရေး အစစ်အမှန်တွေဆိုရင် ခင်ဗျားတို့ ကျွန်တော်တို့တစ်တွေ မန္တလေးမှာတုန်းကဘာလို့အဖမ်းမခံရတာလဲ၊ ရှင်းနေတာဗျာ၊ အဖမ်းမခံရတာထောက်လှမ်းရေးတို့ သတင်းပေးတို့ပဲ ရှိတယ် ဆိုတဲ့စကားနဲ့ ခင်ဗျားတောင်ချောက်မိနေပြီနော်…အားလုံးရဲ့ရှေ့ရေးက ခင်ဗျားခေါင်းပေါ်မှာ၊ သေချာစဉ်းစားပါဗျာ၊ကျွန်တော်ခုမနက်ရောက်တယ်၊အေးကျော်ကိုရိုက်စစ်တာဝန်မခံလို့ ရိုက်ရင်းသေသွားပြီလို့ ကြားတယ် စိုးဝင်းအောင်၊ ကျော်ဌေး၊ ကျော်ဝေ နောက်ခင်ဗျားပိုသိမှာပါဗျာ၊ မန္တလေးလူထုက ခင်ဗျားကိုတော်လှန်ရေးခေါင်းဆောင် တစ်ယောက်အဖြစ်မျှော်လင့်ခဲ့ကြတာပါ၊ ဒီလို သတ်ကြ ဖြတ်ကြကိစ္စတွေ မပါဘူးနော်၊ ကျွန်တော်ကြားရသလောက်က အခုအချိန်ထိအသတ်ခံရတာ ၂၀ ကျော်သွားပြီတဲ့၊ နောက်ဗျာ"……

"တော်ပြီဗျာ၊ တော်လောက်ပြီ"

သူစကားဖြတ်လိုက်တာနဲ့ အသံအားလုံးတိတ်သွားချိန်မှာ ခင်မောင်စိုးရဲ့နာကျင်မှုကြောင့် ဝမ်းခေါင်းထဲကလာတဲ့ အော်သံကို အားလုံးဘဲ ပီပီသသ၊ ကျယ်ကျယ်လောင်လောင် ကြားလိုက်ရလေတယ်။

"ကိုညီ တော်ပါတော့၊ ခင်ဗျားကကျွန်တော်ရဲ့ညီအစ်ကိုလိုခင်တဲ့ငယ်ချင်းဟောင်းတစ်ယောက်ပါ၊ ဒါပေမယ့် အခုဒီမှာ ABSDFအဖွဲ့ရဲ့ ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ ခင်ဗျားကို ကျွန်တော်အမိန့်ပေးတယ်၊ ကျွန်တော်တို့ရဲ့သူလျှိုဖမ်းဆီးတဲ့အလုပ်နဲ့ပါတ်သတ်ပြီး ခင်ဗျား ဘာမှမဝေဖန်ပါနဲ့၊ ဘာမှ ဝင်မပြောပါနဲ့"

စကားဆုံးတာနဲ့ ထွန်းအောင်ကျော်က အခန်းထဲဝင်သွားပြီး ခုတင်ပေါ်ထက်လှဲလိုက်တယ်။ ကျွန်တော်လည်း ကြားရတဲ့စကားတွေအပေါ်အံ့ဩမှင်သက်မိပြီး

"အော်…ဒါက ဥက္ကဋ္ဌထွန်းအောင်ကျော်ပါလား၊ ငါ့သူငယ်ချင်းထွန်းအောင်ကျော်မှ မဟုတ်တော့ဘဲ" လို့ ကိုယ့်ကိုယ်ကို သတိပေးမိလိုက်ပါတယ်။

ကျွန်တော်တို့ရဲ့အတူတူသွားလာမှုတွေ၊ သီချင်းတွေရေးကြ၊ ဆိုကြတာတွေနဲ့…နောက် အရာရာနဲ့ အရာရာ အားလုံးဟာ ခဏလေးအတွင်းမှာပဲ ပျက်စီးသွားခဲ့ပါပြီ။ ကျွန်တော်လည်း အသက်ဆက်လက်ရှင်သန်ပြီးနေထိုင်ဖို့ ဘယ်လိုအမိန့်နာခံရမှာလဲ

## ဝံပုလွေများထံမှ လွှတ်မြောက်ခြင်း

ဆိုတာ မြန်မြန်ထက်ထက်သင်ယူရတော့မှာပေါ့ဗျာ။

ခဏနေတော့ မီးပုံဘေးကနေ အလျှိုအလျှိုပျောက်သွားကြပြီးနောက် မကြာခင်မှာပဲ ထွန်းအောင်ကျော်အိပ်တဲ့ ခုတင်ရဲ့ မျက်နှာချင်းဆိုင်မှာရှိတဲ့ ၂ယောက်အိပ် ဝါးကြမ်းခင်း ခုတင်ပေါ်ကို ကိုချိုကြီးနဲ့ကျွန်တော်တို့လည်း တက်အိပ်လိုက်ကြပါတော့တယ်။

ကျွန်တော်ပါးစပ်ပိတ်နေတာကိုကြည့်ပြီး ကိုချိုကြီးက ကျွန်တော်ခုတွေ့ခဲ့ရတဲ့ တစ်ခန်းရပ်ပြဇာတ်ကို သူကိုယ်တိုင်လည်း ကြုံခဲ့ဖူးတဲ့ ပုံစံမျိုးနဲ့ မပွင့်တပွင့်ပြုံးပြလေတယ်။

သားပေါက်မြွေပွေးတွေဟာ မိခင်ဗိုက်ကိုဖောက်ပြီးထွက်လာကြတော့ မိခင်ကြီးက နာကျင်လွန်းလို့ သားပေါက်တွေကို သားမှန်းမသိနိုင်တော့ဘဲ ဒေါသတကြီး ရနိုင်သလောက်ပေါက်သတ်လေသတဲ့။

ခဏလေးနေတော့ ပျက်စီးသွားတဲ့လက်ရှိ အခြေအနေကို ပြန်ပြီးကုစားတဲ့ပုံမျိုးနဲ့ ထွန်းအောင်ကျော်က လေပြေလေးနဲ့

"ဟော့ ကိုညီ...ခင်ဗျားကြည့်ရတာ ကိုယ်တိုင်အတွက် စိတ်ပူနေပုံရတယ်။ မပူပါနဲ့ဗျာ၊ ခင်ဗျားမှားအဖမ်းခံရရင်တောင် ကျွန်တော်ဥက္ကဋ္ဌတစ်ဦးရဲ့လုပ်ပိုင်ခွင့်နဲ့ ပြန်ထုတ်ပေးမှာပါ"

"မဟုတ်ဘူးဗျ၊ မဟုတ်ဘူး ... ကျွန်တော့်တစ်ကိုယ်စာ အတွက် ကျွန်တော်စဉ်းစားနေတာမဟုတ်ဘူး၊ ကျွန်တော်ကိုယ်တစ်ဦးတည်းအတွက်ပြောတာ မဟုတ်ဘူး၊ ကျွန်တော်နဲ့ ကိုချိုရွှေလီမှာအတူတူနေခဲ့ကြတာဗျာ၊ သတင်းတွေ အကုန်လိုလိုကြားပြီးသားပါ၊ ကျွန်တော်တို့ နှစ်ယောက်က ကိုယ့်အတွက်ကိုယ်မစဉ်းစားလို့ ဒီကိုရောက်အောင်လာတာ၊ အခုဟာက ပရမ်းပတာကြီးဖြစ်နေတာကို လက်မခံနိုင်တာ၊ ကျွန်တော်နဲ့ ကိုချို ဒီရောက်အောင်လာတာအားလုံးအတွက် စိတ်ပူလို့ အားလုံးဆိုတာမှာ ခင်ဗျားရောပါတယ်၊ အဲဒါလေးတော့သိထားဗျာ ခင်ဗျားလည်းနဲနဲစဉ်းစားဦး။ အခုဟာက Juzzလိုမျိုး၊ တိုင်မင်မရှိသလိုမျိုးဟာတွေကတစ်နေရာမှာစုပြီး အဲ့ဩစရာကောင်းလောက်အောင်တိုင်မင်မိနေတာ၊ နောက်တစ်ယောက် ဖမ်းနိုင်အောင် ပထမတစ်ယောက်ကိုဖမ်းနိပ်စက်ပြီးဝန်ခံချက်ယူနေတာ၊ ပထမလူအဖမ်းခံရကထဲက ခြံစည်းရိုးပျက်သွားတာ၊ နောက်ဆို ဒလဟောဝင်လာကြတော့မှာ"

"ကိုညီ ခင်ဗျားအခုမှ မြို့ကရောက်တာပါ၊ ဒီမှာအသက်ပေးကြတဲ့ ရဲဘော်တွေဟာ တစ်ယောက်နဲ့ တစ်ယောက်ဘယ်လောက်သစ္စာရှိတယ်ဆိုတာ

ခင်ဗျားမသိနိုင်ပါဘူး၊ ဒီကိစ္စတွေဆွေးနွေးဖို့က ခင်ဗျားအတွက် သိပ်စောလွန်းနေသေးတယ်၊ ခင်ဗျားစလုပ်ရမှာက နောက်ရက်ကစပြီး အင်္ဂလိပ်စကားပြောသင်တန်းနဲ့ နိုင်ငံရေး work shop လုပ်ပါ၊ လူကြီးတွေ အကုန်တက်ဖို့ ကျွန်တော်ညွှန်ကြားခဲ့ပြီးပြီ၊ ခင်ဗျားအလုပ်နဲ့သက်သေပြဗျာ၊ စကားနဲ့နဲ့လျှော့ပါ၊ စကားတွေက အကျိုးမရှိပါဘူး၊ အရျင်းချင်းသွေးကွဲမှုကိုသာဖြစ်စေတယ်"

"အဲ့သလိုဆိုရင် ခင်ဗျားမြို့ပေါ်က ကျောင်းသားတွေရဲ့ညီညွတ်မှု၊ မျှော်လင့်ချက်တွေနဲ့ စံစားချက်တွေကို မေ့သွားပြီလား၊ ခင်ဗျားကတောထဲက လူမှုပဲ သစ္စာရှိတာကျနေတာဘဲ၊ ခင်ဗျားမြို့ကလူတွေကို မေ့သွားပြီ"

"မဟုတ်ဘူးလေ၊ သူတို့က မြို့မှာနေတော့ လုံခြုံမှုတော့ အနည်းဆုံး ရှိကြတယ်လေ"

"အော်..ခင်ဗျားပြောချင်တာက ဒီမှာလုံခြုံမှုမရှိဘူး၊ အဲ့ဒီလိုပေါ့"

"မဟုတ်ဘူး .....ကျွန်တော်ဆိုလိုတာက ခင်ဗျားပြောတဲ့ အဓိပ္ပါယ် မဟုတ်ဘူး"

"ဒီစကားကိုထားလိုက်ပါလေ၊ ဒါပေမယ့် ထွန်းအောင်ကျော် ခင်ဗျားသိဖို့က ခင်ဗျားကိုယ်တိုင်မြို့ပေါ်မှာမလုံခြုံ တော့လို့ ဒီကိုပြေးလာရတာနော၊ မြို့ပေါ်ကကျောင်းသားတွေက ထောင်နတ်ခမ်းမှာလမ်းလျှောက်နေရတာ၊ ဟုတ်တယ် မဟုတ်လား၊ ဟေ့ ... ထွန်းအောင်ကျော်"

အိပ်သွားပါပြီ၊ မကြားတော့ပါဘူး။ အဲဒီအချိန်မှာဘဲ အရှေ့ဘက် အောင်မင်းတို့ အခန်းထဲက ချောင်းဟန့်သံ၊ ထရံကို ရိုက်သံကြားရလို့

"ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ"

အောင်မင်းက

"ဘာမှမဟုတ်ဘူးအစ်ကို၊ လူတစ်ယောက်လာပြီးချောင်းနားထောင် နေလို့"

"ကောင်းကွာ၊ ညနေ ့ နိုကြီး ဥက္ကဋ္ဌအိမ်မှာ လူကပ်ရတယ်... ကောင်းလိုက်တဲ့လုံခြုံရေး"

# ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

## အခန်း(၂)

နောက်တစ်ရက်နံနက်ဟာ မနေ့က ဘာမှမဖြစ်ခဲ့သလိုဘဲ ရောက်လာခဲ့တယ်။ ကျွန်တော့်အတွက်တော့ ကျောင်းသားတပ်၊ ပါရောင်မှာ ဒုတိယနေ့ပေါ့။ ဩဂုတ်လ နံနက်ခင်းဖြစ်တာတောင်မှ ကျွန်တော်တို့အတွက်ဆိုရင် ရာသီဥတုကအေးလွန်းနေတယ်။ မန္တလေးသားတွေအတွက် ဒီအအေးဒဏ်ဟာ ပြောလောက်စရာကိုဖြစ်နေတယ်။ အေးလေ ကျင့်သားမရခင်အထိပေါ့။

ကျွန်တော်တို့ဒေသမှာ လေအေးပေးစက်တို့ ရေခဲသေတ္တာတို့က ဖိမ်ခံပစ္စည်း၊ ဒီမှာက မီးလင်းဖိုတို့ ရေနွေးတို့က ဇိမ်ခံပစ္စည်း၊ ဆန့်ကျင်ဘက်ဘဲ။

အေးဗျာ အဲဒီဆန့်ကျင်ဘက်ဆိုတာကြီးက တော်လှန်ရေးဘဝထဲ အထိ ရောက်မလာပေဘူးလို့တွေးကြည့်ရတာပဲ။ ကျိုးကြောင်းဆီလျော်မှုမရှိဘဲ အလွယ်တကူ သတ်ပစ်တာမျိုးတွေကို ကျွန်တော်ပြောတာပါ။

အဖျင်းဆုံး ကိုယ်တိုင်လုံခြုံနေတယ်ဆိုရင်တောင်တော်သေးတာပေါ့ လို့ဆိုရမှာပဲ။ ဒါပေမယ့်ဗျာ သားသတ်ရုံက၊ ဆိတ်ခြံထဲကဆိတ်တွေလည်း သတ်တဲ့အချိန် မရောက်ခင်အထိတော့လုံခြုံနေတာပါဘဲ။

"ကိုချိုရေ...ခင်ဗျား မနက်ဖြန်ညနေသင်တန်းတက်ဖို့ စာအုပ်နဲ့ ဘောလ်ပင် ရှာထားဦးနော်"

"နေပါစေကွာ၊ ငါအင်္ဂလိပ် ကျပန်းစကားပြောပွဲဝင်ဖို့ အစီအစဉ်

မရှိသလို ငါ့အခေါင်းလှအောင်လည်း ဆေးသုတ်မနေချင်တော့ဘူး၊ ဒါကလည်း အခေါင်းလေးနဲ့သွားရရင်ပြောတာပါ၊အမှန်အတိုင်းပြောရရင် မြေတူးပြီး မြှုပ်ပစ်လိုက်တာမျိုးဘဲရှိမှာကွ၊ သင်္ချိုဟ်တဲ့ အခမ်းအနားတောင်မရှိလောက်ဘူး ထင်ရတာဘဲ"

"ကိုချို လာပါဗျာ၊ အားမလျှော့ပါနဲ့ဦး လူစုစုမှာသွားပြီး နည်းနည်းလောက် နည်းလမ်းလေး ဘာလေး ရှာကြည့်ရအောင်ပါ"

"မဖြစ်နိုင်ပါဘူးကွာ၊ အားလုံးကအကွက်ရိုက်ပြီးသားကွ၊ ဆုံးဖြတ်ပြီးသားဖြစ်နေပြီ၊ ကိုညီ ကိုယ့်ဘာသာဘဲ ကြိုးစားကြည့်ပါတော့၊ ကိုယ်တော့ နားနားနေနေနဲ့ဘဲအချိန်စောင့်တော့မယ်"

"ကဲပါဗျာ နောက်မှအဲဒီကိစ္စဆက်ရအောင်၊ နံနက်စာဘာရှိတုန်း"

"ဟော့ ဒီမှာ နံနက်စာမရှိဘူး နေ့စဉ်ထမင်း ၂ နပ်ပဲရှိတယ်၊ နံနက် ၁၀ နာရီတစ်ကြိမ်၊ ညနေ ၄ နာရီ တစ်ကြိမ်"

"အဲ့ သလိုကြီးလားဗျာ....ရပါတယ်လေ၊ ရရမှာပေါ့၊ မကြာခင်ကျင့်သားရသွားမှာပါ"

ဒါကြောင့်ကျွန်တော် နံနက်စာစားရဖို့ ၁၀ နာရီထိုးတဲ့အထိုင်စောင့်နေခဲ့ရတယ်၊ နံနက်စာစားအပြီးမှာ ထွန်းအောင်ကျော်က ဒီနေရာမှာ ဘယ်သူက ဘော့စ်လဲဆိုတာ သိရအောင် ကျွန်တော့်ကို သင်ခန်းစာ အမှတ် (၁) စပေးပါတော့တယ်၊

"ကိုညီ ...အဲဒီ M22 အပျက်ယူလိုက်စမ်းပါ၊ပြီးရင်ဖြုတ်၊ပြန်တပ်ပါ"

"တစ်ယောက်လောက်လာပါဦးကွာ၊ မင်းတို့ဥက္ကဌက အဲ့ဒီအပျက်ကြီးကိုဖြုတ်ပြီးပြန်တပ်ပေးစမ်းပါတဲ့"

"ကျွန်တော် ခင်ဗျားကိုခိုင်းနေတာ"

"ကျွန်တော်စစ်သင်တန်းမတက်ရသေးပါဘူး၊ စစ်သားလည်းမဟုတ်သေးပါဘူး၊ အခုအချိန်အထိ နိုင်ငံရေးသမား ဘဝမှာဘဲ ရှိသေးတယ်၊ နိုင်ငံရေးသမား သေနတ်မကိုင်ပါဘူး"

"ခင်ဗျားအခု ကျောင်းသားတပ်ထဲမှာလေဗျာ"

"ဟုတ်တယ်လေ၊ ဒါပေမယ့် ဥက္ကဌခင်ဗျား ... ကျွန်တော့်အလုပ်က ပြင်ပဆက်ဆံရေးနဲ့ နိုင်ငံရေးသာဖြစ်တယ်၊ နောက်တစ်ခုက အခုအဲဒီကိစ္စလုပ်တတ်သွားလည်း အသုံးမဝင်တော့ပါဘူး၊ မကြာခင်ကိုယ့်အလှည့်တောင် ရောက်ချင်

ရောက်လာတော့မှာဥစ္စာ"

"ကိုယ့်အလှည့်ဆိုတာ ခင်ဗျားဘာကိုပြောတာလဲ"

"ခင်ဗျားစိတ်ထဲတွေးနေတဲ့ အတိုင်း အတိအကျပါပဲဗျာ"

"ကျွန်တော်ကဘာတွေးနေလို့လဲ"

"လုပ်မနေစမ်းပါနဲ့ဗျာ၊ ကျွန်တော်တို့အချင်းချင်းသိပါတယ်"

ညီညီကျော်၊ ရဲလင်းနဲ့ သိုက်ထွန်းဦးတို့ သုံးယောက်ဝင်လာတာနဲ့ ကျွန်တော်တို့ စကားဝိုင်းကမဆက်ဖြစ်တော့ဘူး။ သိုက်ထွန်းဦးက တပ်ရင်း (၅၀၁)ကရင်းမှူးတဲ့၊ သူ့တပ်ရင်းကလည်း လူတွေအများကြီးလျော့သွားပြီ။ အဖမ်းခံထားရပြီတဲ့။ မူလက ရင်း(၅၀၁)ရဲ့လူအင်အားက ၁၅ ယောက်တောင်ရှိတာလေ။

ကျွန်တော်တို့စကားတွေတော်တော်များများ ထိုင်ပြောဖြစ်ခဲ့ကြတယ်။ စပိုင်တွေ အားလုံးကိုစစ်မေးပြီး၊ မှတ်တမ်းတင်ပြီးရင် အားလုံးကိုပြန်လွှတ်လိုက်ရင် ကောင်းမယ်၊ ပြီးမှစစ်အစိုးရရဲ့ရက်စက်မှုတွေကို ဖွင့်ချပြီး သတင်းစာရှင်းလင်းပွဲလုပ်ပြီး နိုင်ငံရေး အမြတ်ထုတ်ကြတာပေါ့။

ဟုတ်ပါတယ်။ C.S နဲ့ V.C.S ကလည်းပြီးရင်ပြန်လွှတ်မယ်ပြောပါတယ်။

"ကောင်းပါပြီ၊ ကောင်းပါပြီ ဒါပေမယ့် စွပ်စွဲခံရသူအားလုံးလိုလိုဟာ မြေပြန့်သားတွေဖြစ်နေတာကို ဘယ်လိုရှင်းကြမလဲ။ ဘယ်သူကရှင်းမှာလဲ"

ညီညီကျော်က

"သူတို့ပြောသာပြောနေတာ၊ တစ်ယောက်မှ ပြန်လွှတ်မယ့်ပုံ မပေါ်ဘူးနော်"

ကိုချိုကြီးက

"ဟုတ်တယ်၊ ပြန်လွှတ်ဖို့ရည်ရွယ်ချက်ရှိရင် ဒီလောက်ကြီးရက်ရက် စက်စက်ရိုက်တာမျိုး၊ နှိပ်စက်တာမျိုး လုပ်မှာမဟုတ်ဘူး။ ခုဟာက ခြေပြတ်၊ လက်ပြတ် တွေတောင်ဖြစ်ကုန်ပြီ၊ သေတဲ့လူတွေလည်းသေကုန်ပြီ"

"သိပ်ဟုတ်တာပေါ့။ ကျောင်းသားအချင်းချင်း တရားလွန်ရက်စက် ထားတဲ့ အထောက်အထားတွေကို ဘယ်ခွေးသူတောင်းစားကမြို့ထဲအရောက်ခံမှာလဲ"

ခဏလေးနေတော့ ညီညီကျော်က

"ကဲ ဗိုလ်သိုက်ထွန်းဦး၊ အားလုံးအတွက်လက်ဘက်ရည် စီစဉ်ဗျာ။

ခင်ဖျားသွားပြီး တစ်ယောက်ယောက် ကိုနိုင်းလိုက်၊ ပြန်လာခဲ့ဦးနော်"

"ဟုတ်ကဲ့"

ဆိုပြီး ဗိုလ်သိုက်ထွက်သွားပါတယ်။ ဗိုလ်သိုက် ထွက်သွားလည်းသွားရော ညီညီကျော်က

"ဉက္ကဋ္ဌကို ဒီဖမ်းဆီးတဲ့ကိစ္စတွေ ဟန့်ပေးဖို့ ကျွန်တော်အကြိမ်ကြိမ် နားသွင်းကြိုးစားကြည့်တယ်၊ သူ့အကြိမ်တိုင်းမှာစိတ်မဝင်စား သလိုလုပ်နေခဲ့တယ်ဗျာ၊ နောက်ဆုံးတစ်ခေါက်မှာဆိုရင် အဲဒီအကြောင်းပြောဖို့ဆို နောက်မလာနဲ့ လို့တောင် မောင်းထုတ်တယ်။ အဲဒီတော့ ကိုညီ...အခု ခင်ဖျားတာဝန်ဘဲ၊ ဉက္ကဋ္ဌကိုနားသွင်းဖို့ပြောမယ့် သူကခင်ဖျားက လွဲပြီးမရှိတော့ဘူး"

"မဖြစ်နိုင်ဘူးထင်တယ်၊ သူ့အစ်ကို ကိုချိုကြီးပြောတာတောင် မရတာ"

"ကျွန်တော်လည်းကြိုးစားလို့ပြဿနာဖြစ်ပြီးပြီ"

"ဒါပေမယ့်ဆက်ကြိုးစားပါဗျာ၊ ကျွန်တော်အပြင်ကလူတွေ မကြားစေချင်လို့ဗိုလ်သိုက်ကိုတောင် ပ,ထုတ်လိုက်တာ၊ ခင်ဖျား သူငယ်ချင်း ခင်ဖျားမှပြောမရရင် အားလုံးရေစုန်မျောပြီဘဲ"

အဲဒီအချိန်မှာဘဲ ညက စစ်ကြောရေးမှာ ခင်မောင်စိုးသေသွားပြီ ဆိုတဲ့ သတင်းကို ထောက်လှမ်းရေးရုံးက ရှာတိတ် တစ်ယောက်လာပို့ပါတယ်။

"ဒီကောင်ခေါင်းသိပ်မာတယ်ဗျာ၊ ထောက်လှမ်းရေး ဆိုတာ လုံးဝ ဝန်မခံဘူး။ အရင်ကောင်တွေ စစ်ထားတဲ့ စစ်ချက်ကို ကျွန်တော်တို့က အခိုင်အမာ ရထားတာတောင်မှ ဒီကောင်ကငြင်းနေသေးတယ်"

ဘယ်သူမှစကားပြန်မပြော၊ နေရာမပေးတဲ့အတွက် အဲ့ဒီရှာတိတ်မယောင် မလည်နဲ့ တောင်အောက်ပြန်ဆင်းသွားတယ်။ ကျွန်တော်တို့အားလုံး သဘောတူတာက ခင်မောင်စိုးဟာဝန်ခံချက်မလုပ်ခင် သေသွားလို့ သူ့ကို ကျောင်းသားတပ် ထုံးစံနဲ့အညီ၊ နောက်အစ္စလာမ်ဘာသာရေးအခမ်းအနားနဲ့ သင်္ဂြိုဟ်သင့် တယ်ဆိုတဲ့အချက်ပါဘဲ။

ထွန်းအောင်ကျော်က အပြင်ကပြန်ဝင်လာပြီးပြီးချင်း

"သင်္ဂြိုဟ်ပြီးသွားပြီ"တဲ့။

"ဘယ်လို၊ ဘယ်လို ကျင်းထဲပစ်ချပြီးရင် မြေပြန်ဖို့လိုက်တာ

မဟုတ်လား၊ အဲဒါမျိုး သကြိုဟ်တယ် ခေါ်လား"

"သကြိုဟ်တယ်ဆိုတာဒါပဲလေ၊ အဲဒါမလုံလောက်ဘူးလား"

"သေတာက ခွေးလေး၊ ကြောင်လေးဆိုရင်တော့ လုံလောက်တာပေါ့ဗျာ၊ အခုဟာက လူဗျ၊ ခင်ဗျားရဲ့ P.O.S ဆိုတာမမေ့နဲ့"

ကျွန်တော်ဆက်စကားမပြောတော့ဘဲ အိမ်အပြင်ထွက်လာခဲ့တယ်။

"ငါဒီကိုလာတာမှားများမှားပြီလား၊ နိုင်ငံရေး၊ အထူးသဖြင့် လက်နက်ကိုင်လမ်းစဉ်ကို ရွေးခဲ့တာ မှားများ မှားပြီလား"

လို့သံသယဝင်မိလေတယ်။

အောင်မင်းကတဲ့အပြင်ကိုထွက်လိုက်လာပြီး

"အစ်ကို အချိန်မီတစ်ခုခုတော့လုပ်ဦးဗျာ၊အကုန်သေကုန် လိမ့်မယ်၊ အစ်ကိုကြီးကို ကျွန်တော်တို့တော့ တစ်ခွန်းမှပြောလို့မရဘူး၊ ဒီဖမ်းတဲ့ စီးတဲ့ကိစ္စကြီးက ကျွန်တော်တို့ဆီ ဦးတည်နေပြီလို့ခံစားနေရတယ်"

အဲဒီအချိန်မှာ ထွန်းအောင်ကျော်က အပြင်ထွက်လိုက်လာပြီး ကျွန်တော်တို့ စကားဝိုင်းထဲဝင်ဝိုင်းကူလိုက်လေတယ်။

"အောင်မင်း၊ လူကြီးတွေအလုပ်ကိစ္စထဲ ဝင်မပါနဲ့လို့ ပြောထားတယ်မဟုတ်လား၊ ကိုယ့်နေရာ ကိုယ်နေစမ်းကွာ"

"အဟိုး .....ဒါဆို ခင်ဗျားနဲ့ ကျွန်တော်ကတော့ ဆက်ပြောလို့ရတာပေါ့နော်"

သူ့မျက်နှာပေးက စိတ်မသက်မသာနဲ့အားနာပါးနာလွှတ်ပေးလိုက်ပုံရတယ်။ ညီညီကျော်နဲ့ ရဲလင်းတို့လည်း အပြင် ထွက်လာပြီး စကားဝိုင်းထဲကိုဝင်လာကြတယ်။

"နေ့ရာတိုင်းမှာ စည်းမျဉ်း၊ စည်းကမ်း၊ စံနှုန်းနဲ့လမ်းညွှန်ချက်တွေ ရှိသင့်တယ်၊ အဲ့ဒီ စံနှုန်းတွေကို ထိန်းသင့်တယ်ဗျာ"

"ဟုတ်တယ်လေ၊ အေးကျော်ရော ခင်မောင်စိုးရောကို သံသယရှိလို့ ဖမ်းဆီးစစ်ဆေးတာ လုပ်ထုံးလုပ်နည်း အရဘဲလေ"

"ဒါပေမယ့်ဗျာ စစ်ကြောရေးမှာ လက်လွန်ကုန်တယ်ဆိုတာကတော့ လုပ်ထုံးလုပ်နည်း ထက်ဘောင် ကျော်သွားပြီလေ၊ အဲဒီအတွက် စုံစမ်းစစ်ဆေးမှု၊ အရေးယူမှုတွေမရှိဘူး ဆိုတာကလည်း တော်တော်တာဝန်မဲ့တာဘဲ၊ နောက် ခင်ဗျား

အေးကျော်ရဲ့အဖြစ်နဲ့ပတ်သတ်လို့ ဘာသတင်းဘာအစီရင်ခံစာရသလဲ၊ ဘယ်သူတွေက ဖမ်းသလဲ၊ ဘယ်လိုဖမ်းလဲ၊ ဘယ်လိုစစ်သလဲ၊ ဘယ်သူတွေက ဘယ်လိုနှိပ်စက်ပြီး ဘယ်လိုသေသွားတာလဲ၊ စတာတွေပေါ့ဗျာ... အဲဒီဘောင်ကျော်တာတွေကို ခင်ဗျားက လွှတ်ထားတော့၊ အခုအေးကျော်ဖြစ်တဲ့ အဖြစ်အပျက်တွေက အရေးယူမှုမရှိတော့ ခင်မောင်စိုး၊ စိုးမင်းအောင်၊ ကျော်ဌေးတို့ကိစ္စတွေမှာ ထပ်ကာထပ်ကာ ဖြစ်နေပြီလေဗျာ၊ အများတွေက တစ်ခုပြီးတစ်ခုထပ်ဖြစ်နေပြီဗျာ၊ အခုအချိန်ထိ ကျွန်တော်တို့ သိရသလောက်ပေါ့၊ဘယ်အစွပ်စွဲခံရတဲ့သူမှ ဝန်ခံတာမရှိဘူး၊ သေသွားတာချည်းဘဲ၊ ဘယ်သူမှလည်းထောက်လှမ်းရေးတဲထဲ သွားခွင့်လာခွင့် လေ့လာခွင့်မရကြဘူး"....

"တော်ပြီဗျာ၊ တော်ပြီ ဒါတော်လှန်ရေးဗျ"

"ဘာကိုတော်ရမှာလဲ။ ခင်ဗျားပြောသလိုဆို တော်လှန်ရေးမှာ လူသတ်တာလုပ်ထုံးလုပ်နည်းနဲ့ ညီတယ်ပေါ့ ဟုတ်လား"

"အဲ့ သလိုမဟုတ်ဘူးဗျာ၊အဲ့ လိုပြောတာမဟုတ်ဘူး။ ဒီကိစ္စကြီး နိဂုံးချုပ်ပြီးရင် ခင်ဗျားတို့ကို ကျွန်တော်အားလုံး ရှင်းပြပါ့မယ်။ ကိုသံချောင်းနဲ့ကိုမျိုးဝင်းက ကျွန်တော့်ကိုရှင်းပေးမယ်လို့ ကတိပေးထားပါတယ်"

"ခင်ဗျားပြောတဲ့ စကားအရဆိုရင် အခြေအနေမှန်တွေကို သူတို့ (၂) ယောက်က ပြီးမှရှင်းပြမယ် ဆိုတော့ ခင်ဗျားအခုအခြေအနေမှန်ကို မသိသေးဘူးလို့ ဆိုလိုတာပေါ့နော်"

"ကျွန်တော်၊ ကျွန်တော့်ရဲဘော်ရဲဘက်တွေကို ယုံတယ်ဗျာ"

"အဲလိုဆိုရင် အခုဒီကလူတွေက ရဲဘော်ရဲဘက် မဟုတ်ဘူးလား။ မယုံရဘူးလား"

"ကိုညီရာ ကျေးဇူးပြုပြီး ကျွန်တော့်ကိုချောင်မပိတ်ပါနဲ့ဗျာ၊ ခင်ဗျားတို့ အားလုံးကို ကျွန်တော်စိတ်ပျက်စ ပြုလာပြီဗျာ"...

စကားဆုံးတာနဲ့ သူက တဲထဲပြန်လှည့်ဝင်သွားတော့ ကျန်ရစ်ခဲ့တဲ့သူ အားလုံးလည်း အူတိအူကြောင်နဲ့ စိတ်ပျက်လက်ပျက် ကျန်ရစ်ခဲ့ကြတယ်။

ကျွန်တော်နဲ့ ကိုချိုကြီး မန္တလေးမှာရှိတုန်းက မနစ်က၊ ခင်ချိုဦးနဲ့ နန်းအောင်ထွေးကြည်တို့ နှစ်ယောက်ကို ထောက်လှမ်းရေးလို့ မသင်္ကာလို့စစ်ပေးပါဆိုပြီး စာလာခဲ့ဘူးတယ်။ ကျွန်တော်တို့က မင်းတို့မသင်္ကာရင် မြန်မာပြည်ထဲပြန်ပို့လိုက်၊

သတ်တာဖြစ်တာတွေ ထပ်လုပ်ရင် ငါတို့မန္တလေးအုပ်စု မင်းတို့နဲ့ အဆက်အသွယ်ဖြတ်မယ်လို့ စာပြန်လိုက်တယ်။

အဲ့ဒီပြန်စာမှာ သံဃာသမဂ္ဂဥက္ကဋ္ဌ ဆရာတော်ဦးရေဝတကလည်း သဘောတူလက်မှတ်ထိုးပြီး သီးခြားဆုံးမစာတောင် ရေးပေးလိုက်သေးတယ်။ အဲဒီတော့မျိုးဝင်းနဲ့သံချောင်းက ဆက်မလုပ်တော့ပါဘူးလို့ စာပြန်ခဲ့တယ်။ ခုနက ဥက္ကဋ္ဌကိုပေးခဲ့တဲ့ကတိမျိုးပေါ့။ အခုအဲ့ဒီအမျိုးသမီးနှစ်ယောက်လုံးအဖမ်းခံထားရပြီ။

ဒါပေမယ့် ကျောင်းသားတပ်နဲ့ အနီးကပ်အဆက်အသွယ်ရှိတဲ့ ပါရောင်မှာဘဲရုံးဖွင့်ထားတဲ့ NLD(LA) (ဒီချုပ်လွတ်မြောက်နယ်မြေ)ကဘာဖြစ်လို့နှုတ်ပိတ်နေသလဲဆိုတာကိုတော့ ကျွန်တော်တို့စဉ်းစားလို့မရဘူး။

လူ ၂၀ ကျော်သတ်ပြီးပြီဗျာ၊ စစ်တပ်တွေမှာ လုပ်လေ့ရှိတဲ့ "ဖြစ်ရပ်နောက်စုံစမ်းစစ်ဆေးမှု" ဆိုတာမျိုးက ဘာတစ်ခုမှမရှိဘူး။ မှတ်တမ်းမရှိဘူး၊ အရေးယူမှုမရှိဘူး၊ ဖြေရှင်းချက်မရှိဘူး မရှိတာမှ ဘာကိုဘာမှမရှိတာ။ ကြည့်ရတာကတော့ လူ ၂၀ လောက်တစ်သီးတစ်ခြားသတ်ခဲ့တဲ့အတွေ့အကြုံတွေဟာ "သတ်မလား။အသတ်ခံမလား" ဆိုတဲ့အစဉ်အလာတစ်ခုဟာ ဘယ်သူမှသတိမထားမိဘဲ လူတစ်စုရဲ့ ခေါင်းနဲ့ ကိုယ်ရည်ကိုယ်သွေးထဲမှာ ရောက်သွားပုံရတယ်။

အဲဒီအချိန်မှာ ဥပဒေတို့၊ ကျိုးကြောင်းဆီလျော်မှုတို့၊ တရားသဖြင့်တို့ဆိုတဲ့ ဝေါဟာရတွေနဲ့ အနက်အဓိပ္ပါယ်တွေကို ဖက်တွယ်သူတွေဟာ အသတ်ခံရသူတွေဖြစ်လာပြီး လက်ဦးမှုနဲ့ အင်အားအကြောင်းစဉ်းစားသူတွေကတော့ အရှင်သခင်တွေဖြစ်သွားကြပုံရပါတယ်။

အော် သိုက်ထွန်းဦးတောင် လက်ဘက်ရည်ဆွဲပြီးပြန်လာနေပြီဘဲ၊ စိုးလွင်နဲ့ညီညီကျော်တို့က စစ်တုရင်ထိုးနေကြတယ်။ အောင်မင်းနဲ့ ရာပြည့်တို့က ရေဒီယိုနားထောင်လို့၊ နောက် သိုက်ထွန်းဦးက ကျွန်တော့်ကို အင်္ဂလိပ်သဒ္ဒါတစ်ခု ရှင်းပြနိုင်းနေတယ်။ ထွန်းအောင်ကျော်က ဝတ္ထုတစ်ပုဒ်ကိုဖတ်နေပြီး ကိုချိုကြီးက အိပ်ယာထဲမှာလှဲနေတယ်။ ကျွန်တော်ခင်ဗျားတို့ကိုကျွန်တော်တို့တော်လှန်ရေးကြီးကို ဘယ်လိုအားကြီးမာန်တက်၊ နေ့မအားညမအား လုပ်နေတယ်ဆိုတဲ့အကြောင်းပုံဖော်ပြချင်တာပါ။ မြင်တော့မြင်မိကြတယ်နဲ့တူပါတယ်။

## အခန်း(၃)

နောက်တစ်နေ့မနက်မှာ ကျွန်တော်နောက်ကျမှအိပ်ယာကထဖြစ်တယ်။ ညကအတွေးလွန်ပြီး နှစ်နာရီလောက်အထိ အိပ်မပျော်တာလည်း ပါတယ်။

နောက်တစ်ခုကဗျာ ၁၀ နာရီမှ ထမင်းစားရမှာ၊ စောစောထပြီးဘာလုပ်ဖို့လဲ။ ကျွန်တော်တို့တော်လှန်ရေးဆက်လုပ်ဖို့အချိန်တွေအများကြီးရသေးတဲ့ဥစ္စာ။

ကျွန်တော်အခန်းအပြင်ထွက်လိုက်တော့ ထွန်းအောင်ကျော်ကမီးဖိုဘေးကနေ လှမ်းပြုံးပြပြီး

"ဒီနေ့ အလုပ်ရှိတယ်၊ မဟာမိတ်ဘက်မှာ အနောက်နိုင်ငံသူ တစ်ဦးရောက်နေတယ်။ သူကကျွန်တော်တို့ တပ်ကို အလှူငွေဒေါ်လာ ၅၀၀ ပေးလိုက် တယ်။ အဲဒါလက်ခံရရှိကြောင်း တရားဝင်စာတစ်စောင်ရေးပေးပါ။ ပြီးရင်ထမင်းစားပြီး သူနဲ့သွားတွေ့ရမယ်"

"ကျွန်တော်က လိုက်ရဦးမှာလား၊ ဘာလုပ်ဖို့လဲ"

"အေးဗျာ စကားပြန်လုပ်ပေးဖို့ လိုက်ခဲ့ပါ"

"ဗျာ ... စကားပြန် ဟုတ်လား"

"ဟုတ်တယ်၊ တစ်လက်စတည်းပြောရဦးမယ်၊ ခင်ဗျားကိုယ်ပိုင် စကား တစ်လုံးမှပြောခွင့်မရှိဘူး၊ ကျွန်တော်နဲ့ အောင်နိုင်ကပြောသမျှကို ဘာသာပြန် ရမယ်"

## ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

"ခင်ဗျား တစ်ကယ်ပြောတာလား"

"အဲ့ဒီ အတိုင်းပဲဗျာ"

"အဲ့ဒီအတိုင်းဆိုရင်လည်းစကားပြန်လုပ်ဖို့ တောခိုလာခဲ့တာဘဲဗျာ၊ ဥက္ကဋ္ဌနိုင်းတာလုပ်ရမှာပေါ့"

သူကစကားပြန်မပြောဘူး၊မသိချင်ယောင်ဆောင်နေတယ်။ စာဂရေးအပြီး နောက် ထမင်းစားအပြီးမှာ မဟာမိတ် ကေအိုင်အေဘက်ကို သွားကြတယ်။

သက်လင်းဆိုတဲ့ ထောက်လှမ်းရေးကင်တိလေးလည်းလိုက်လာတယ်။ ဒါ ကျွန်တော့်အတွက် ကေအိုင်အေဘက်ကို ပထမဆုံး ရောက်ဖူးခြင်းဘဲ။ ဌာနချုပ်အဝင် စစ်ဆေးရေးဂိတ်လည်းရောက်ရော ထွန်းအောင်ကျော်က

"ကိုညီ သတိထပ်ပေးမယ်နော်၊ ကိုယ်ပိုင်စကားတစ်လုံးမှမပါစေနဲ့ ကျွန်တော်နဲ့အောင်နိုင်ဘဲ စကားပြောမယ်၊ ခင်ဗျားကစကားပြန်လုပ်ရုံဘဲ"

ဒီစကားကို ထောက်လှမ်းရေးရုံးက ချာတိတ်သက်လင်းအပါအဝင်အားလုံးရှေ့ မှာပြောလိုက်တာပါ။ဒါကစော်ကားတာဘဲ။ဘယ်သူကအရှင်သခင်ဆိုတာလည်းပြချင်လို့ ပါရင်ပါမှာပေါ့၊ ကျွန်တော်ဘာမှပြန်မပြောဖြစ်ပါဘူး။

ကျွန်တော်စကားလုံးတိုင်းကို ဘာသာပြန်ပေးလိုက်ပါတယ်။ ဒါပေမယ့်ဗျာ အမှန်အတိုင်းဝန်ခံရရင် စိတ်ဝင်စားစရာ တစ်ကွက်မှမရှိဘူး။ တော်လှန်ရေး၊ ရဲရင့်ကျောင်းသားများ၊ စစ်အစိုးရ၊ အာဏာရှင်၊ အုံကြွမှု၊ အဖိနှိပ်ခံ၊ N.L.D နဲ့ တခြားယခုနှစ် တွေထဲမှာ အတွင်ကျယ်ဆုံး၊ အသုံးအများဆုံးစကားလုံးတွေဟာ ပြောတဲ့စကားလုံး တိုင်းမှာ ပါနေတယ်။ နှစ်ဘက်စလုံးက ပြောတဲ့အထဲမှာ မျှတခြင်း၊ လူနည်းစု၊ ဘာသာရေး လွတ်လပ်ခွင့် စတဲ့မြို့ကြီးကြိုက်မဟုတ်တဲ့ စကားလုံးတွေပါမလာဘူး။

အပြန်လမ်းမှာကျွန်တော်က ထွန်းအောင်ကျော်ကို ခင်ဗျားတို့တန်းတူညီမျှမှုတို့၊ ဘာသာရေးလွတ်လပ်ခွင့်တို့၊ လူနည်းစု အခွင့်အရေးတို့ကို ပိုပြီးရှေ့တန်းတင်သင့်တယ်၊ ရန်ကုန်၊ မန္တလေးနဲ့ တခြားမြို့ကြီးတွေမှာ ဖြစ်ခဲ့တဲ့ရက်စက်မှုမျိုးတွေကို တိုင်းရင်းသားတွေ ခံနေရတာကြာလှပြီ ဆိုတော့ သူက

"ကျွန်တော်တို့ပါးစပ်ကဖွင့်မပြောပေမယ့်လုပ်တဲ့အထဲ အဲဒါတွေ ပါတယ်ဗျ"

ဆိုပြီးပြန်ပြောခဲ့တယ်။

နောက်ဆက်ပြီး

"ခင်ပျားစကားတွေက မြို့ကြီးပေါ်ကလူတွေနဲ့ ဒေသခံတွေကြား သွေးကွဲမှုဖြစ်စေနိုင်တယ်၊ ဒီဘက်က လူကြီးတွေအပေါ်မှာ အထင်အမြင်လွဲမှားမှုတွေ ဖြစ်စေနိုင်တယ်၊အဲ့ဒီတော့ အဲဒါမျိုးတွေကို နောင်ကြပ်ကြပ်ရှောင်ပါ"

"ဗျာ ဟုတ်ပြီလေ... ဒီနေရာမှာ မပြောနဲ့ဆို မပြောယုံပေါ့၊ ဒါပေမယ့် မှတ်ထားဗျာ၊ အကြွေးပေါ့ ကျွန်တော်တို့တတွေ မြို့ပေါ် ပြန်ရောက်တဲ့အခါ ဒီစကား ဆက်ရအောင်၊နိုင်ငံရေးစကားကြွေးပေါ့"

သွားတွေ့တဲ့စကားပိုင်းက ဘာတန်ဖိုးမှထွက်မလာဘဲ၊ ဘာရလဒ်မှမရှိဘဲ ကော်ဖီတစ်ခွက်စီနဲ့ ပြီးလာခဲ့တာဗျာ။နောင်တစ်ချိန်ကြတော့ ကြီးကြီးကျယ်ကျယ်တွေ လုပ်ပြီး တော်လှန်ရေးအတွေ့ အကြုံ ဘာညာဘာညာတွေ ရေးလိုက်ကြတာပေါ့။ ဉက္ကဋ္ဌကြီးနဲ့ အတွင်းရေးမှူးတို့ဟာ အနာဂတ်မှာ ဆက်လက်လျှောက်လှမ်းမယ့် ပုံသဏ္ဍာန်ကို၊ လမ်းကြောင်းကို ဆွေးနွေးခြင်း မပြုနိုင်ခဲ့ပါဘူး။ ဧည့်သည်ပုဂ္ဂိုလ်ကလည်း မေးမြန်းခြင်းမပြုပါဘူး။ ကျွန်တော့်လူကြီးနှစ်ယောက်ကလည်း စစ်ထောက်လှမ်းရေးများ ကျောင်းသားတပ်ထဲမှာ ဖမ်းဆီးရမိခြင်းနဲ့ ပတ်သတ်လို့ ရေငုံနှုတ်ပိတ်နေကြပါတယ်။ အပြင်ကိုသတင်းမပေါက်စေချင်ပါဘူး။

ကျွန်တော်တို့ပြန်အလာ တဲအရောက်မှာ နောက်ထပ်ထောက်လှမ်းရေး ၄ ယောက်ထပ်ဖမ်းမိပြန်ပြီလို့ သိလိုက်ရပါတယ်။ မိုးဦးကျမှိုတွေလို အလျှိုလျှိုပေါ်လာတဲ့ ထောက်လှမ်းရေးတွေဗျာ။ ပုလိပ်ဝတ္ထုထဲက ကမူးစ်ရဲ့အာဘော်နဲ့ပြောရရင်

"ကျွန်တော်တို့ ကျောင်းသားတပ်မတော်ကြီးသည် မူလစတင်ဖွဲ့ စည်းစဉ်ကပင် စစ်ထောက်လှမ်းရေးများကို ဖမ်းဆီးရန် ရည်ရွယ်ချက်နှင့်ဖွဲ့စည်းထားသည် ဖြစ်သည့် အားလျော်စွာ"

လို့ဘဲ ပြောရတော့မယ်နဲ့တူတယ်။

လူကြီးတွေအားလုံးကဒီကိစ္စနဲ့ဘဲ အချိန်ကုန်နေကြတယ်။ ရဲဘော်တွေ အားလုံးကလည်း အတူတူပါဘဲလေ၊ အဖမ်းခံပြီးသား လူတွေဖယ်လိုက်ရင် ကျန်တဲ့ အုပ်စုမှာ "ဆက်လက်အဖမ်းခံရဖွယ်ရှိသူများ" ၊ "ဖမ်းဆီးသူနှင့်အပေါင်းအပါများ" ရယ် "ပွဲကြည့် ပရိသတ်များ" ရယ်လို့သာရှိမှာပါ။

ဒီအဓိပ္ပါယ်မရှိတဲ့ ကိစ္စတွေကို ရပ်တန်းကရပ်ပစ်ဖို့လိုပြီဗျာ။ ဒါပေမယ့်

## ဝံပုလွေမျှားထံမှ လွတ်မြောက်ခြင်း

ကျွန်တော်တို့က ရပ်ဖို့ကြိုးစားလို့မရဘူးဗျ။ ဘာဖြစ်လို့လဲဆိုတော့ ထွန်းအောင်ကျော်က သူ့လူတွေသူ သိပ်ယုံနေတယ်၊ အရပ်ပြောပြောရရင် ဆေးမိထားတဲ့အတိုင်းပဲဗျာ၊ ကျွန်တော်ကလည်း သူ့ ကိုဆွဲဆောင်လို့ရနိုင်အောင် မန္တလေးတုန်းက ပျော်စရာ ရက်ပေါင်းတွေကိုပြန်အစဖော်ပေးပြီးကြိုးစားကြည့်မိတယ်။

ကျွန်တော်တို့တီးဝိုင်းအဖွဲ့နဲ့ သီချင်းတွေနဲ့ သူငယ်ချင်းတွေအကြောင်းတွေပေါ့။ သူက

"အေးဗျာ အဲဒီသူငယ်ချင်းတွေက တကယ်ဆို တာဝန်မဲ့လွန်း အားကြီးတယ်"

"ဘာလို့လဲ၊ ဘာဖြစ်တာလဲ၊ ဘာတာဝန်တွေမဲ့နေတာလဲ"

"သူတို့ဗျာ ကျွန်တော်တို့လို နိုင်ငံရေးမလုပ်ကြဘူး၊ ကျွန်တော်တို့နဲ့ မပူးပေါင်းဘူး၊ ဒီမှာမျိုးချစ်စိတ်ရှိတဲ့သူတွေဘဲ တောခိုကြတာဗျ"

"အေးဗျာ၊ အထက်ဗမာပြည်တစ်ခုလုံး မျိုးချစ်စိတ်ရှိတဲ့ လူ ၃၅၀ လောက်ပဲ ဒီကိုရောက်လာတာ စိတ်မကောင်း စရာဘဲ"

"ခင်ဗျား စကားတအားကပ်တယ်ဗျာ၊ ကျွန်တော်ပြောတာက ကျွန်တော်တို့အတူတူ ရင်းရင်းနှီးနှီး နေလာပြောလာကြပြီးမှ သူတို့ကလိုက်မလာဘဲ ချန်နေရစ်ခဲ့တာကိုပြောတာ"

"ခင်ဗျားဗျာ ခင်ဗျားမှာ အဲလိုပြောခွင့်မရှိတာတော့ နဲနဲသတိထား ဦးဗျာ၊ ခင်ဗျားပြောတာတွေက သိပ်ကို ဘောင်ကျော်နေပြီ၊ ဒီမိုကရေစီသဘောအရ လူတိုင်းလွတ်လပ်စွာရွေးချယ်လုပ်ကိုင်ပိုင်ခွင့်ရှိတာဘဲဗျာ၊ နိုင်ငံရေးလည်း လုပ်ချင် လုပ်မှာပေါ့ မလုပ်ချင်လည်းမလုပ်ဘူးပေါ့၊ ဥပမာဗျာ - ကျွန်တော်ဆိုရင်တောင် ဒီက အခြေအနေတွေကို စိတ်ပျက်စရာလို့ မြင်လာရင် ပြင်လို့မရနိုင်တော့ဘူးလို့မြင်လာရင် ကျွန်တော်ပြန်မှာ၊ ဒါက ကိုယ်ပိုင်ရွေးချယ်ခွင့်ဘဲ"

"ဟ...ဘယ်ရမလဲ၊ အဲလိုလုပ်လို့မရဘူးလေ"

"ဘာလို့မရ, ရမှာလဲ"

"ကဲဗျာ ကျွန်တော်က မရဘူးပြောတယ်ဗျာ၊ ကျွန်တော်ပြောလို့ မရတာဗျာ"

"ဗျာ" .....

# ဆမားညီညီ

ကျွန်တော့်စိတ်ထဲမှာဖြစ်လာတဲ့စိတ်ပျက်ခြင်းက ကျွန်တော့်ကိုစကားတစ်ခွန်းမှ ထပ်မပြောအောင်ဟန့်တားလိုက်ပါပြီ။ ကျွန်တော့်ရင်ထဲမှာ စူးစူးရှရှခံစားလိုက်ရပြီး ဒီအတွက်ခံစားရမှုကိုတော်လှန်ရေးအပြီးမှာပြန်မေးဖို့တေးထားလိုက်မိပါတယ်။

ခဏအကြာမှာတော့ ညီညီကျော်နဲ့ ရဲလင်းတို့ နှစ်ယောက်ရောက်လာပြီး ကေအိုင်အေဘက်သွားလည်ရအောင်ဆိုပြီး လာခေါ်ပါတယ်။

"ကျွန်တော်တို့ အန်တီမခင်ညို ဆိုင်သွားပြီး လက်ဘက်ရည်သောက်ရအောင်"

အန်တီမခင်ညိုဆိုတာ ကေအိုင်အေစစ်ဦးစီးချုပ် ဗိုလ်ချုပ်ဇော်မိုင်ရဲ့ကိုယ်ရေးအရာရှိ ဗိုလ်ကြီးခွန်နောင်ရဲ့ဇနီးပါ။အဲ့ဒီ မခင်ညိုနဲ့ အတူ ကေအိုင်အေက ဗိုလ်ကြီးစွမ်လွတ်ဂမ်ရဲ့ဇနီးမနင်းမေတို့ကို ထောက်လှမ်းရေးလို့ စွတ်စွဲပြီး ကျောင်းသားကဖမ်းဖို့စီစဉ်ခဲ့ပါတယ်။ ဗိုလ်ချုပ်ဇော်မိုင်က အဓိန့်ထုတ်ဟန့်ထားခဲ့လို့ မဖမ်းရဲတာပါ။

"ကျွန်တော်တို့သွားကြမယ်လုပ်တဲ့အချိန်မှာ ဗန်းမော်ဘက်က ပြည်သူ့စစ်ဟောင်း ကိုထွန်းဆိုတဲ့သူ ထလိုက်လာပါတယ်"

ညီညီကျော်က

"ကိုညီ၊ ဒီလူက V.C.S မျိုးဝင်းကနေ ကျွန်တော့်နားထည့်ထားတဲ့ မော်နီတာ၊ သတိထား"

ဆိုပြီး တိုးတိုးကပ်သတိပေးပါတယ်။ သိုက်ထွန်းဦးလည်း လိုက်လာပါတယ်။

ကိုထွန်းကဗန်းမော်မြို့နယ်ဘက်က ပြည်သူ့စစ်ကနေပြီး ပြည်သူ့စစ်များ ABSDF အဖွဲ့ဝင်းစုပြုံဝင်ရောက်လာချိန်က ရောက်လာတဲ့သူဖြစ်ပါတယ်။ ကျွန်တော်တို့ တောင်ကုန်းပေါ်ကဆင်းပြီးတော့ ကားလမ်းပေါ်သင်တန်းစမ်းမရှေ့ရောက်ချိန်မှာ လဆိုင်းနဲ့ တွေ့ပါတယ်။

"ဘယ်သွားကြမလို့လဲ"

"အန်တီညိုအိမ်ပါ"

"မသွားပါနဲ့ဗျာ"

ညီညီကျော်က

"ခင်ဗျားကဘာဖြစ်လို့ မသွားနဲ့လို့တားရတာလဲ" ဆိုပြောတော့ လဆိုင်းမျက်နှာပျက်သွားပြီး ဘာမှ ဆက်မပြောတော့ဘူး။ ကြည့်ရတာက အတန်းထဲမှာ

# ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

မုန့်နိုးစားတဲ့ကလေးရဲ့မုန့်ကို ဆရာကသိမ်းလိုက်တဲ့အခါ ကျေလည်း မကျေနပ် ဘာမှလည်းမတတ်နိုင်တဲ့ သူငယ်တန်းကလေးရဲ့ မျက်နှာပေးမျိုးနဲ့၊ လဆိုင်းဟာ ကျောင်းသားတပ်မတော်ရဲ့ဘဏ္ဍာရေးတာဝန်ခံဖြစ်ပါတယ်။ အသွားအလာထိန်းသိမ်းရတဲ့ စခန်းမှူးမဟုတ်သလိုထောက်လှမ်းရေးအဖွဲ့ဝင်လည်းမဟုတ်ပါဘူး။ ဒါပေမယ့် မိမိဆန္ဒ အလျောက် ထောက်လှမ်းရေးသမားကောင်းအလုပ်ကိုတက်တက်ကြွကြွ ထမ်းဆောင်နေ ပါတဲ့ သူတစ်ဦးဖြစ်ပါတယ်။

"ညီညီကျော်ရေ အဲ့လိုသံသယဝင်ပါတယ်လို့ အတိအလင်းကြေငြာ ထားခံရတဲ့ အမျိုးသမီးတစ်ယောက် အိမ်အလည်သွားတာ သိပ်တော့မကောင်းဘူး နဲ့တူတယ်နော်"

"အဲ့သလိုဆို ပြန်လှည့်ကြမလား၊ ခင်ဗျားသဘောလေ"

"ဒီအချိန်မှ ပြန်လှည့်ရင် ဘာထူးတော့မှာလဲ၊ နောက်တစ်မျိုး စဉ်းစားရင် မခင်ညို့ကများ ကြိုးစား ထားခဲ့ရင် မဟာမိတ်ဘက်က အကူအညီအတွက် လမ်းကြောင်းတစ်ခုပွင့်နိုင်ပါတယ်။ တစ်ခါ ခရီးရှေ့မဆက်ရင် ဒီကောင်တွေ ကြောက်ပြီး ပြန်လာတာလို့ သူတို့တွေးကြလိမ့်မယ်"

"ထွန်းအောင်ကျော်သာ ကျွန်တော်တို့လိုတွေးပြီး သံသယနဲ့ မားမားမတ်မတ်ရပ်ရင် ဒီကိစ္စတွေကို ကျွန်တော်တို့ ရပ်ပစ်လိုက်လို့ရတယ်ဗျာ"

"အေးဗျာ .. အခုအချိန်မှာ တစ်ခုခုလုပ်မယ်ဆိုရင်တောင် သူမသိအောင်လုပ်ရမှာ၊ နို့မို့ဆိုရင် သူကစပြီးဦးအောင် ဖမ်းဆိုင်းမှာလား မသိဘူး"

"ဟုတ်တယ်၊ ဒီပုဂ္ဂိုလ်ကြီးက အခုအချိန်အထိ သူနိုင်နိုင်နင်းနင်း ကိုင်တွယ်ထားနိုင်တယ်လို့ ရှူးကြောင်ကြောင် တွေးနေတုန်းဘဲ၊ သံချောင်းနဲ့မျိုးဝင်းကို သူကိုင်ထားတုန်းလို့ထင်နေတာ"

ကျွန်တော်တို့ ဒေါ်ခင်ညို့နဲ့စကားပြောရာကနေ လတ်တလော အဖမ်းခံလိုက် ရတဲ့ ကျော်နိုင်ဦး(အတွင်းရေးမှူးအောင်နိုင်ရဲ့ ကိုယ်ရေး အရာရှိ) ရဲ့အကြောင်းတွေ ကြားခဲ့ရတယ်။ ကျွန်တော်တို့တဲပြန်ရောက်ရောက်ချင်းပဲ ထွန်းအောင်ကျော်ကို ကျော်နိုင်ဦးနဲ့ ပတ်သတ်လို့ကြားလာခဲ့ရတာတွေပြန်မေးလိုက်တယ်။

"ဟုတ်တယ်ဗျာ .. ဒီကောင်ကျော်နိုင်ဦးက နိုင်ငံရေးနောက်ခံ သမိုင်းကြောင်းရှိတယ်၊ ဒေါ်အောင်ဆန်းစုကြည် သာယာဝတီရောက်ရင် သူတို့အိမ်မှာ

တည်းတာ၊ သူ့အဖေကနာမည်ကြီး N.L.D တစ်ယောက်ဘဲ၊ ဒါပေမယ့်ဗျာ အဲ့ဒါက သီးခြားကိစ္စဘဲ၊ သူ့ဒီမှာထောက်လှမ်းရေးအဖြစ်ရောက်လာတာကသီးခြားဘဲ၊ ဒါတွေကြောင့် ခင်ဗျားတို့ကို ဒေါ်ခင်ညိုနဲ့ မတွေ့စေချင်တာ၊ ဒီမိန်းမက ဟိုဘက်ကနေပြီး အစုထက်ထိ ကျောင်းသားတပ်ကို ဒုက္ခပေးနေတုန်းဘဲ၊ အခုကြည့်လေ ခင်ဗျားကို မီးလောင်ရာလေပင့်စကားတွေပြောလိုက်တာ"

"အော် မီးလောင်နေပြီဆိုတာတော့ ခင်ဗျားအသိအမှတ်ပြုတယ်ပေါ့နော်"

စကားပြန်မရဘဲနဲ့နောက်နောင်သူမသိဘဲ ဒီတောင်ကုန်းအောက်မဆင်းရဘူးဆိုတဲ့ ကန့်သတ်ချုပ်ချယ်မှုသာ ကျွန်တော်ရလိုက်ပါတယ်၊

ကျွန်တော်ဟာညနေစမယ့် စကားပြောသင်တန်းရှိရာလမ်းတစ်ဝက်မှာရှိတဲ့ သံချောင်းတဲအထိသာ သွားလာခွင့် ရပါတော့တယ်၊ဒါမျိုးကို နေအိမ်အကျယ်ချုပ်လို့ ခေါ်သလားမသိဘူးနော်၊

ညနေမှာ မျိုးဝင်းကလွှဲပြီး ကျန်တဲ့ဌာနချုပ်မှာရှိတဲ့ အဖမ်းမခံရတဲ့ ဗဟိုကော်မတီဝင်အားလုံးလိုလို စကားပြော သင်တန်းတက်ကြတယ်၊ သင်တန်းမှာ နိုင်ငံရေးဆွေးနွေးပွဲပုံသဏ္ဌာန်အပြန်အလှန် ဆွေးနွေးတာလေးတွေလည်း လုပ်ဖြစ်တယ်၊ အခြားအဆင့်နိမ့်ရဲဘော်အချို့နဲ့အတူ မဟာမိတ်ကေအိုင်အေဘက်က ဗိုလ်ဝွမ်မော်နဲ့ ဒုတပ်ကြပ် တန်ညက်တို့လည်း သင်တန်းလာတက်တဲ့အထဲမှာပါတယ်၊

၄-၅ရက်အကြာမှာ သင်တန်းမှာတွေ့ရတဲ့ အားလုံးနဲ့ဆိုင်တဲ့ တစ်ခုတည်းသော ပြဿနာက မလေ့ကျင့်၊ မကျက်မှတ်ဘဲ အင်္ဂလိပ်စကားကို မြန်မြန်ထက်ထက်ပြောတတ်ချင်တဲ့ ပြဿနာပါဘဲ၊

အိပ်ယာကထပြီးတာနဲ့ ညနေမတိုင်ခင်အထိ ဘာမှ လုပ်စရာမရှိဘဲ အချိန်ဘယ်လိုကုန်အောင်လုပ်ရမလဲဘဲ ထိုင်စဉ်းစားရင်းအချိန်ဖြုန်းနေရပါတယ်၊ စားလိုက်၊ စစ်တုရင်ထိုးလိုက်၊ ရေဒီယိုနားထောင်လိုက်၊ ဝမ်းခေါင်းထဲကလှိုက်တက်လာတဲ့ အနိုပ်စက်ခံ များရဲ့အော်ငြီးသံကိုနားထောင်လိုက်နဲ့ဘဲ ညနေစာသင်ချိန် ရောက်သွားပါတော့တယ်၊

ဘာအကျိုးဖြစ်ထွန်းမှုမှဆောင်ကျဉ်းမလာတဲ့၊ သုံးမရတဲ့နိုင်ငံရေး အတွေးအခေါ်များကို စဉ်းစားရင်းကနေ လူတစ်ဦးက အခြားလူတစ်ဦးကိုစိတ်တောင်မကူးဖူးတဲ့

တည်းတာ၊ သူ့အဓဖကနာမည်ကြီး N.L.D တစ်ယောက်ဘဲ။ ဒါပေမယ့်ဖျာ အဲ့ဒါက သီးခြားကိစ္စဘဲ၊ သူ့ဒီမှာထောက်လှမ်းရေးအဖြစ်ရောက်လာတာကသီးခြားဘဲ။ ဒါတွေကြောင့် ခင်ဗျားတို့ကို ဒေါ်ခင်ညိုနဲ့ မတွေ့စေချင်တာ၊ ဒီမိန်းမက ဟိုဘက်ကနေပြီး အစုထက်ထိ ကျောင်းသားတပ်ကို ဒုက္ခပေးနေတုန်းဘဲ။ အစုကြည့်လေ ခင်ဗျားကို မီးလောင်ရာလေပင့်စကားတွေပြောလိုက်တာ"

"အော် မီးလောင်နေပြီဆိုတာတော့ ခင်ဗျားအသိအမှတ်ပြုတယ် ပေါ့နော်"

စကားပြန်မရဘဲနဲ့နောက်နောင်သူမသိဘဲ ဒီတောင်ကုန်းအောက်မဆင်းရဘူးဆိုတဲ့ ကန့်သတ်ချုပ်ချယ်မှုသာ ကျွန်တော်ရလိုက်ပါတယ်။

ကျွန်တော်ဟာညနေစမယ့် စကားပြောသင်တန်းရှိရာလမ်းတစ်ဝက်မှာရှိတဲ့ သံချောင်းတဲအထိသာ သွားလာခွင့် ရပါတော့တယ်။ဒါမျိုးကို နေအိမ်အကျယ်ချုပ်လို့ ခေါ်သလားမသိဘူးနော်။

ညနေမှာ မျိုးဝင်းကလွှဲပြီး ကျန်တဲ့ဌာနချုပ်မှာရှိတဲ့ အဖမ်းမခံရတဲ့ ဗဟိုကော်မတီဝင်အားလုံးလိုလို စကားပြော သင်တန်းတက်ကြတယ်။ သင်တန်းမှာ နိုင်ငံရေးဆွေးနွေးပွဲပုံသဏ္ဍာန်အပြန်အလှန် ဆွေးနွေးတာလေးတွေလည်း လုပ်ဖြစ်တယ်။ အခြားအဆင့်နိမ့်ရဲဘော်အချို့နဲ့အတူ မဟာမိတ်ကေအိုင်အေဘက်က ဗိုလ်ဝွမ်မော်နဲ့ ဒုတပ်ကြပ် တန်ညက်တို့လည်း သင်တန်းလာတက်တဲ့အထဲမှာပါတယ်။

၄-၅ရက်အကြာမှာ သင်တန်းမှာတွေ့ရတဲ့ အားလုံးနဲ့ဆိုင်တဲ့ တစ်ခုတည်းသော ပြဿနာက မလေ့ကျင့်၊ မကျက်မှတ်ဘဲ အင်္ဂလိပ်စကားကို မြန်မြန်ထက်ထက်ပြောတတ်ချင်တဲ့ ပြဿနာပါဘဲ။

အိပ်ယာကထပြီးတာနဲ့ ညနေမတိုင်ခင်အထိ ဘာမှ လုပ်စရာမရှိဘဲ အချိန်ဘယ်လိုကုန်အောင်လုပ်ရမလဲဘဲ ထိုင်စဉ်းစားရင်းအချိန်ဖြုန်းနေရပါတယ်။ စားလိုက်၊ စစ်တုရင်ထိုးလိုက်၊ ရေဒီယိုနားထောင်လိုက်၊ ဝမ်းခေါင်းထဲကလှိုက်တက်လာတဲ့ အနှိပ်စက်ခံ များရဲ့အော်ငြီးသံကိုနားထောင်လိုက်နဲ့ဘဲ ညနေစာသင်ချိန် ရောက်သွားပါတော့တယ်။

ဘာအကျိုးဖြစ်ထွန်းမှုမှဆောင်ကျဉ်းမလာတဲ့၊ သုံးမရတဲ့နိုင်ငံရေး အတွေးအခေါ်များကို စဉ်းစားရင်းကနေ လူတစ်ဦးက အခြားလူတစ်ဦးကိုစိတ်တောင်မကူးဖူးတဲ့

# ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

အစွမ်းကုန် ရက်စက်မှုတွေမှာသားကောင်ဖြစ်နေရတဲ့ သူငယ်ချင်းတွေနဲ့ အခြားအပြစ်မဲ့သူတွေအကြောင်းတွေးရင်း တိတ်တဆိတ်ငိုကြွေးမိတဲ့ အကြိမ်တွေလည်းမနည်းတော့ပါဘူး၊ အဲဒီနေရာမှာများ ငါဖြစ်ရင်ဆိုတာမျိုး တွေးမိယုံနဲ့တောင်ကြက်သီးတွေထမိပါတယ်။

ဒီမနက်ကလည်း မနေ့က မနက်လိုပျင်းစရာ စိတ်ပျက်စရာခပ်ညှံ့ညှံ့မနက်တစ်ခုပါပဲ။ ရုပ်ပိုင်းပုံသဏ္ဍာန်အရတော့ တောတောင်တွေအလယ် ချမ်းချမ်းစီးစီးထဲမှာ မြူမိုးတွေနဲ့ တောင်ကြားမှာတည်ထားတဲ့တော်လှန်ရေးတပ်စခန်းတစ်ခုပုံသဏ္ဍာန်၊ ဒီမြင်ကွင်းကတော့ ဒါရိုက်တာတွေဆက်တင်ဆောက်ပြီး ရုပ်ရှင်ရိုက်ပြရင်တောင် ဒီလောက်ပီပြင်မှာမဟုတ်ပါဘူး။

ဒါပေမယ့်ဒီအဖြစ်မှန်တော်လှန်ရေးကြီးမှာ အဓိက သရုပ်ဆောင်တွေဟာ ဇာတ်စင်ပေါ်က သရုပ်ဆောင်တွေလိုဘဲ အခန်းတစ်ခန်းပြောင်းလို့ အဝတ်အစားလဲလိုက်တာနဲ့ ဇာတ်ရုပ်ကတစ်ခြားတစ်ရုပ်ဖြစ်သွားတော့တယ်။ အဝတ်လဲခွင့်မရှိတဲ့ ကျွန်တော်တို့လိုဇာတ်ရုပ်တွေကျ တခြားလူတွေနဲ့ စကားတောင်ဖြောင့်အောင် မပြောရဲတော့ဘူး။ ကိုယ်နဲ့စကားပြောနေတဲ့သူက ဘာဇာတ်ရုပ်ကို အခုအချိန်မှာ ကိုယ်စားပြုသလဲဆိုတာကို သေချာမသိနိုင်လို့လေ။

အင်္ဂလိပ်စာတွေ အကြိမ်ကြိမ်သင်၊ မြှောက်ပင့်မှုတွေ အကြိမ်ကြိမ်လက်ခံ၊ ကစ်ပြိုင်နက်ထဲမှာစော်ကားမှုတွေကိုလည်း ရင်နဲ့မဆန့်အောင်စားသုံးပြီးတဲ့နောက်မှာ ကိုယ်ကိုယ်တိုင်လည်း လူစွမ်းလူစတုံးပြီး ကိုယ်ရည်ကိုယ်သွေးမရှိသလိုခံစားလာရတယ်။ ဒီတစ်ပတ် ရိက္ခာထုတ်တော့လည်း ထူးမခြားနားဝက်သားပဲပါတော့ နောက် ၅ ရက်လည်း အရွက်နဲ့သာ ထမင်းဝင်အောင် စားရတော့မှာပါ။ ဥက္ကဋ္ဌနဲ့ ကျန်တဲ့သူတွေအတွက်ကတော့ အရာရှိခွဲတန်းဖြစ်တဲ့ ဝက်သားတုံးကြီးလက်သီးဆုပ် သဏ္ဍာန် မဟုတ်ပေမယ့်လည်း တစ်ပတ်စာတော့လောက်ငှသွားကြပါပြီ။

ညနေလောက်မှာ ကျော်ထင်ဦးနဲ့ ဇော်ဇော်မင်းတို့နှစ်ယောက်၊ ထောက်လှမ်းရေးအဖွဲ့ကပြဿနာကောင်နှစ်ကောင် ကျွန်တော်တို့တဲ အဲ . ဥက္ကဋ္ဌတဲကို အလည်လာပါတယ်။ မီးဖိုဘေးအားလုံးဝိုင်းထိုင်တဲ့အထဲ ဝင်ထိုင်ပြီး စကားဝိုင်းထဲဖွတ်ဝင်ပါလာတာပါ။ မဟုတ်သေးဘူးချ။ စကားဝိုင်းထဲဝင်လာတာမဟုတ်ဘူး၊ သူတို့နှစ်ယောက်က စကားဝိုင်းကို အပိုင်သိမ်းပြီး ပေါင်ဖွာပေါင်ဖွာနဲ့ ရှိုင်းစိုင်းစော်ကားတဲ့ စကားတွေပြောနေတာ။ ထွန်းအောင်ကျော် တစ်ယောက်တည်းကိုသာ အဓိကထား

ပြန်လှန်ပြောဆိုနေကြပြီး ကျန်တဲ့သူ ဘယ်သူကိုမှ လှုရာသွင်းပြီး စကားပြန်မပြောဘူး။

လောလောလတ်လတ် ရဲ့ အကွက်ကြီးပေါက်လာတဲ့၊ အလိုလိုက်ခံထားရတဲ့၊ အင်မတန်မိုက်ရိုင်းတဲ့ သူကြီးသား နှစ်ယောက်ပုံစံပေါ့ဗျာ။ သူတို့နှစ်ယောက် အချင်းချင်းသာသိတဲ့ ဟာသတွေထုတ်ပြီး စော်ကားသလိုနဲ့ ရယ်နေကြတာလည်း အကြိမ်ကြိမ်ဘဲ။ ကျွန်တော်တို့မီးဖိုဘေးကဖယ်ပေးလိုက်ကြတယ်။ သူတို့ (၃) ယောက်တည်းပဲ စကားဝိုင်းမှာကျန်တာပေါ့ဗျာ။

အောင်မင်းက

"အစ်ကို ဒီမအေ - နှစ်ကောင်သက်သက်မဲ့ လာပြီးစော်ကားနေတာ၊ ကျွန်တော်ကတော့ လက်ယား နေပြီ"

"မင်းနားပိတ်ထားလိုက်ရင် လက်ယားတာပြေသွားလိမ့်မယ်၊ မင်းဒီနှစ်ကောင်ကိုပြဿနာရှာရင် ထွန်းအောင်ကျော်က မင်းကိုပြဿနာရှာလိမ့်မယ်"

အနောက်နိုင်ငံတွေက ဆိုဗီယက်သံရုံးတွေမှာ ကားဒရိုင်ဘာတွေကို သံအမတ်ကြီးကတောင် ကြောက်ရတယ်ဆိုတာဒါမျိုးနေမှာဘဲ၊ ကားဒရိုင်ဘာက ကေဂျီဘီ တာဝန်ခံဖြစ်နေလို့လေ။ ခဏနေတော့ထွန်းအောင်ကျော်ကအောင်မင်းနဲ့ ရာပြည့်ကို လှမ်းခေါ်တယ်။

"သူတို့နှစ်ယောက်ကထမင်းစားချင်လို့တဲ့ကွာ၊ ခူးပေးစမ်းပါ"

"ဥက္ကဌရော တစ်ခါတည်းစားမလား"

"နေ နေ ...နောက်မှ အားလုံးနဲ့တူတူစားမယ်"

မီးပုံဘေးမှာဘဲ စားပွဲအပုလေးခင်းပြီး ထမင်းပွဲခင်းပေးလိုက်တယ်။ ဇော်ဇော်မင်းက

"ရာပြည့်မင်း ငါတို့ကို ဝက်သားတိုင်းကျွေးတာလား၊ ဝက်သားအိုးယူခဲ့ကွာ၊ ငါတို့ကဝက်သားဆို တအားကြိုက်တာကွ"

"ဘယ်ရမှာလဲ အဲဒါအားလုံးအတွက် ၅ ရက်စားရမှာ"

ထွန်းအောင်ကျော်က

"ယူပေးလိုက်ပါကွာ"

သူတို့နှစ်ယောက်ဟာ ထမင်းပန်းကန်ထဲထမင်းမထည့်ပဲ ဝက်သားတစ်အိုးလုံး ကုန်အောင် ခပ်ထည့်ပြီး ထိုင်စား သွားကြပြီးတာနဲ့

## ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

"ကျေးဇူးပါပဲ ဥက္ကဋ္ဌ၊ အခုလိုကျေးတဲ့အတွက် တစ်ရက်ကျေးဇူး ပြန်ဆပ်ပါ့မယ်"

ဆိုပြီး ထထွက်သွားကြတယ်။

ထွန်းအောင်ကျော်က ပြုံးနေတယ်၊ အနည်းဆုံးပြုံးချင်ယောင်ဆောင်နေတယ်။ ဒါပေမယ့်ဗျာ သူ့ရင်ထဲပိုနေမှုန်း ကျွန်တော် တို့သိတာပေါ့ဗျာ။

ဘာမှလည်း မပြောချင်တော့ပါဘူး၊ ဖြစ်လာသမျှကိုရင်ဆိုင်ကြယုံပေါ့။အားလုံး မျက်နှာပျက်နေကြပါတယ်။ ဒီဝက်သား လာစားသွားတဲ့ပွဲရဲ့ အဓိပ္ပါယ်က ဘာဖြစ်လာမလဲ ဆိုတာကို အားလုံးလိုလိုက အပ်ကျမတ်ကျသိနေကြပါပြီ။ အဖျင်းဆုံး ရင်တထိတ်ထိတ်နဲ့ စောင့်နေရတဲ့ရက်တွေကုန်ပြီပေါ့။ အဲ့ဒီနောက်မှာ ဘာတွေ ဆက်ဖြစ်မလဲဆိုတာကတော့ ဆက်မတွေးရဲသလို တွေးချင်စိတ်လည်းမရှိလှပါဘူး။ ရင်ဆိုင်ရုံကလွဲပြီး တစ်ခြားဘာများ ရှိသေးလို့လဲလေ။

အဲ့ဒီဝက်သားအိုးအဖြစ်အပျက်ဟာ ရှစ်လေးလုံးနှစ်ပါတ်လည်နေ့ အပြီးနောက် တစ်လအကြာမှာဖြစ်ခဲ့တာပါ။

နောက်တစ်နေ့ကတော့ ဘာမှထူးခြားချက်မှထပ်မဖြစ်ဘဲရောက်လာပြီး ပျင်းတိ ပျင်းရွဲနဲ့ကုန် သွားပါတယ်။ ကျွန်တော်တို့ အားလုံးဟာ နွံအိုင်ထဲမိနေသလိုမျိုးပါဘဲ၊ ဘယ်လိုမှမလှုပ်ရဲဘဲ တစ်စထက်တစ်စ မြုပ်နေတာကို ငြိမ်ငြိမ်သက်သက် စောင့်ရင်း မလာနိုင်မယ့်အကူအညီကို ကိုယ့်ကိုယ်ကိုလိမ်ပြီး မျက်စေ့မှိတ်မျှော်နေရတဲ့ အဖြစ်မျိုး တွေ့နေရတာပါ။ ယားလို့တောင် မလှုပ်ရဲတဲ့ဘဝမျိုးပေါ့။ တောကြက်တွေ၊ တောငှက်တွေ အိပ်တန်းဝင်ချိန်မှာ ကျွန်တော်တို့လည်းအိပ်တန်းတက်ကြပါတယ်။ ဒါပေမယ့် ကိုချိုကြီးနဲ့ ကျွန်တော်တို့နှစ်ယောက်ကတော့ တိုးတိုးတိတ်တိတ်အားလျော့စိတ်ပျက် စကားတွေ ပြောရင်းပေါ့။ မသိလိုက်ဘဲအိပ်ပျော်သွားတော့ အိပ်ရေးဝနေပြီး ညပိုင်းရှိုးရှိုးရှတ်ရှတ် ဆိုရင်လည်း ကိုယ့်စိတ်ကိုယ်ညှင်းဆဲဖို့အတွက် လွယ်လွယ်ကူကူ နိုးလာတတ်ပါတယ်။

ညသန်းခေါင်လောက်မှာ ကိုချိုကြီးက ကျွန်တော့်လက်ကိုကုတ်ပြီး နှိုးပါတယ်။ နိုးနေတယ် ကိုချိုကြီး၊ ကြားတယ်၊ အသံတွေကြားရတယ်။ အသာထပြီးတဲ့ရှေ့ မျက်နှာသာရဲ့အနောက်တောင်ဘက်က အိမ်သာကို အပေါ့သွားဖို့ဆို ထွက်သွား လိုက်ပါတယ်။ နည်းနည်းစူးစမ်းတဲ့အနေနဲ့ မျိုးဝင်းတဲကို ချောင်းကြည့်မိတော့ လူတွေ အများကြီး၊ လက်နက် တိုရှည်တွေနဲ့ မီးရောင်အောက်မှာတွေ့ရတယ်။

အခန်းထဲပြန်ရောက်တော့

"ကိုချိုကြီးရေ မဟုတ်တာတွေတော့ စပြီနဲ့တူတယ်၊ ထွန်းအောင်ကျော်ကို နိုးကြမလား"

"လုပ်မနေပါနဲ့ ကိုညီရာ၊ သူ့လည်းဒုက္ခမပေးပါနဲ့၊ ကိုယ့်ဒုက္ခလည်း ကိုယ်မရှာပါနဲ့။ ပြန်ပြီးသာ အိပ်ချင်ယောင်ဆောင်နေလိုက်ပါကွာ"

"ခင်ဗျားကလည်းဗျာ"

"လာဖမ်းလို့အိပ်နေတာမတွေ့လို့ အလကားနေရင်း အပြစ်ပိုကြီး နေမယ်၊ တို့အဖမ်းခံဖို့ ဒီကို ပြန်လာတာ ပဲကွာ၊ လုပ်လိုက်ကြတာပေါ့ မဟုတ်ဘူးလား၊ သွေးအေးအေးနဲ့ ရင်ဆိုင်ဖို့ဆုံးဖြတ်ရတော့မယ်။ အလိုက်သင့် တုံ့ပြန်တာ အကောင်းဆုံး ဖြစ်မှာဘဲ"

ခဏလေးကြာတဲ့အချိန်မှာ စစ်ခြေနင်းတွေစီးထားတဲ့လူ ၂၀ လောက် တစ်ပြိုင်နက်ပြေးတက်လာတဲ့ခြေသံတွေကြားရအပြီး ရှေ့တံခါးရော၊ နောက်တံခါးရော ခြေထောက်နဲ့ကန်ဖွင့်တဲ့ "ဝုန်း၊ ဝုန်း" ဆိုတဲ့အသံ နှစ်သံကြားလိုက် ရတယ်။

တစ်ဆက်တည်းမှာပဲ ရှေ့တန်းမှာ ရန်သူကိုရင်ဆိုင်နေကြ ကွန်မင်ဒိုများဟာ ပေါ့ပါး၊ သွက်လက်၊ ဖြတ်လတ် သတိရှိရှိနဲ့ ဥက္ကဋ္ဌရယ် ကျွန်တော်တို့ရယ် အိပ်နေတဲ့ အခန်းထဲဝင်လာပြီး ဘယ်ကောင်မှမလှုပ်နဲ့ဆိုတဲ့အသံတွေ ထွက်လာပါတယ်။

ကျွန်တော်မျက်စေ့ ဖွင့်ကြည့်ပြီး အခြေအနေကိုကြည့်မိပါတယ်။လူကတော့ မလှုပ်နဲ့ဆိုတော့ မလှုပ်ဘူးပေါ့။ထွန်းအောင်ကျော်ကုတင်ဘေးမှာ သေနတ်အရှည်တွေနဲ့ (၂) ယောက်၊ ကျွန်တော်တို့ကုတင်ဘေးမှာ ၃ယောက် ပစ်ကွင်းကို တန်းတန်းမတ်မတ် ချိန်ပြီး ရပ်နေကြတယ်။

"ထွန်းအောင်ကျော်၊ ချိုကြီး ၂ယောက်ခေါင်းပေါ်လက်တင်ပြီးထ၊ ဟိုကုလားငြိမ်ငြိမ်နေ၊ ဆင်း၊ ကုတင်ပေါ်က ဖြည်းဖြည်းဆင်း၊ ပုံစံထိုင်"

ကုတင်ပေါ်ကဆင်းဆင်းချင်းပဲ ထွန်းအောင်ကျော်နဲ့ ကိုချိုကြီးနှစ်ယောက်လုံး မျက်နှာကို ခြေထောက်နဲ့ကန်လိုက်ပါတယ်။ သူတို့နှစ်ယောက်ရဲ့အော်သံဟာ တစ်သံနဲ့ တစ်သံ တစ်ပြိုင်နက်တည်းလိုလိုထွက်လာပါတယ်။

"ဟေ့ကောင်ချိုကြီး၊ မင်းဘာတတ်နိုင်သေးလဲ"

ဆိုတဲ့ သန်းဇော်ရဲ့အသံနဲ့အတူ ကိုချိုကြီးရဲ့အော်ဟစ်ငြီးတွားသံ (၂)ကြိမ်၊

# ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

(၃)ကြိမ်လောက်ထွက်လာပါတယ်။ ထွန်းအောင်ကျော်ကိုတော့ မျိုးဝင်းကတာဝန်ယူနှိပ်စက်၊ ဖမ်းဆီးနေပြီး မျိုးဝင်းကတော့ပါးစပ်လှုပ်ဖို့ထက် လက်၊ခြေထောက်လှုပ်တာကိုပိုဝါသနာပါပုံရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အရင်နေ့တွေက အဝေးကကြားကြားနေရတဲ့ ဝမ်းခေါင်းထဲကအော်ဟစ်သံနဲ့ ငိုကြွေးသံတွေဟာ ကျွန်တော်အိပ်နေတဲ့ ကုတင်အောက်ကတင် ထွက်လာလို့ဖြစ်တယ်။

သူတို့နှစ်ယောက်ကို ဘယ်လိုအပြင်ကိုခေါ်ထုတ်သွားတယ်ဆိုတာ ကျွန်တော်မမြင်လိုက်ရပါဘူး။ ကြည့်ခွင့်မရလိုက်ပါဘူး၊ သူတို့အပြင်ရောက်သွားတာနဲ့သန်းဇော်နဲ့သက်လင်း ၂ယောက်တည်း ကျွန်တော့်ကုတင်အောက်မှာကျန်ရစ်ပါတယ်။

သန်းဇော်က

"ကုလား .... ဆင်း၊ ခေါင်းပေါ်လက်တင်ထား"

"နေဦး၊ နေဦး မင်းနာရီဖြုတ်၊ Field Jacket ချွတ်"

သန်းဇော်က သူ့အနွေးအင်္ကျီကိုချွတ်ပြီး ကျွန်တော့်အင်္ကျီ ဝတ်လိုက်ပါတယ်။ နာရီကို ဝတ်ထားတဲ့အင်္ကျီအပေါ်အိတ် ထဲထည့်လိုက်ပါတယ်။

"သက်လင်း သူ့ကိုခေါ်ခဲ့"

ကျွန်တော်ကုတင်ပေါ်ကဆင်းမယ်လုပ်တော့ သက်လင်းက

"မင်းခြေစွပ်တွေချွတ်"

အဲဒီခြေစွပ်အပေကြီးကို သူကသူ့အင်္ကျီ အိတ်ထောင်ထဲထည့်လိုက်ပါတယ်။ ခါးမှာကျွန်တော့် Walking shoes တစ်ရံက ချိတ်ထားလျက် တွေ့ရပါတယ်။

ကျွန်တော်ခေါင်းပေါ်လက်တင်ပြီးအပေါက်ကထွက်ရပါတယ်။ သက်လင်းကနောက်က သေနတ်နဲ့ချိန်လို့ပေါ့၊ အပြင်ရောက်ရင်ပဲ အောက်မျိုးဝင်းတဲက ဖမ်းလာတဲ့ ညီညီကျော်နဲ့ ရဲလင်း ကို ထွန်းအောင်ကျော်၊ ကိုချိုကြီးတို့နဲ့အတူတွေ့လိုက်ရပါတယ်။ အားလုံးပုံစံထိုင်နေကြပြီးအားလုံးခေါင်းမှာသွေးတွေစီးကျနေတာတွေ့ရပါတယ်။

အဲဒီအချိန်မှာမျိုးဝင်းက အောက်ကပြန်တက်လာပြီး

"ဟေ့ကောင်ညီညီ ငါပြောတယ်မဟုတ်လား၊ ငါကကျားကွ၊ သမင်မဟုတ်ဘူး"

"ဟုတ်ကဲ့ဗျာ၊ ဒါပေမယ့် V.C.S ရယ် ကျွန်တော်တော့ဘာကိုမှ နားမလည်နိုင်တော့ဘူး"

"ဟော့ကောင်ကုလား၊ ပါးစပ်ပိတ်ထားစမ်း၊ သေသွားချင်လို့လား"

လို့ သန်းဇော် ကလှမ်းဟောက်ပါတယ်။

ဒီသန်းဇော်ဆိုတဲ့အကောင် ကျွန်တော့်ကို လူမျိုးရေးနှိမ့်ချပြီး ခေါ်ခေါ်နေတာ များပြီ။ အေးဗျာ၊ အားနာပါတယ်။ ဒါဒီမိုကရေစီ အတွက်၊ လူ့အခွင့်အရေးအတွက်၊ တန်းတူရေးအတွက် တိုက်ပွဲဝင်နေတဲ့ တော်လှန်ရေးတပ်ရဲ့ဌာနချုပ်ပါဗျာ။

ကျွန်တော်တို့တဲက (၆) ယောက်အဖမ်းခံရတယ်။ တစ်ခြား (၃) ယောက်က အောင်မင်းရယ်၊ ရာပြည့်ရယ် စိုးလွင်ရယ်။ ကျွန်တော်တို့အားလုံးကို လက်ပြန်ကြိုးတုပ် လျက်စီတန်းပြီးတောင်အောက်ကို မောင်းချသွားတာမှာ ဗဟိုကော်မီတီဝင်ဆိုတဲ့သူတွေ အားလုံးခေါင်းမှာ သွေးတွေတွေ့ရပါတယ်။ ကျွန်တော် အပါအဝင် စုစုပေါင်း ၁၉ယောက် ရှိတဲ့ လူတန်းကြီးပါ။ အခြားတဲက လူတွေကိုလည်း တစ်ပြိုင်နက်တည်း ဖမ်းလိုက်ကြတာလေ။

ကျွန်တော်တို့တဲက ထွန်းအောင်ကျော်နဲ့ ကိုချိုကြီးတို့ကိုထောက်လှမ်းရေးရုံး အဆောက်အဦးထဲသွင်းလိုက်ပြီး ကျွန်တော်နဲ့ အတူကျန်တဲ့သူတွေကို သင်တန်းခန်းမထဲ မောင်းချသွားပါတယ်။

ခန်းမထဲရောက်တာနဲ့ ကျွန်တော့်ကို မျက်နှာအဝတ်စည်း၊ လက်ပြန်ကြိုးတုပ်၊ ခြေနှစ်ချောင်းဆန့်ထိုင်ခိုင်းပြီး ခြေကျင်းဝတ်ကနေပူးပြီးကြိုးချည်ထားပါတယ်။ ကျွန်တော်ကဘာမှမလုပ်နိုင်၊ ဘာမှမခုခံနိုင်ခဲ့ပါဘူး။ လုပ်နိုင်တဲ့တစ်ခုတည်းသော အလုပ်ကအမိန့်နာခံတာသက်သက်ပဲဖြစ်ပါတယ်။ ကျွန်တော့်ကို မရိုက်မနက်ဘဲ ထားပါတယ်၊ ဒါပေမယ့် အခြားသူတွေရဲ့အော်သံ၊ ငိုသံ၊ ငြီးသံတွေ ကြားရတာနဲ့တင်သွေးပျက်နေပါပြီ။

အဆိုတော်တွေ သီချင်းအပုဒ်ရေများများဆိုရင် အသံနာသွားပြီး အသံတိုးသွားပေမယ့် ဒီအော်ငြီးသံတွေကတော့ ကျယ်သထက်ကျယ်၊ ပိုပြီးရောက်ခြားစရာ ကောင်းသထက်ကောင်းလာပါတယ်။ နားထောင်နေရင်းနဲ့တင် သွေးပျက်ချင်သလို ဖြစ်လာပါတယ်။

ပုံမှန်အခြေအနေဆိုရင် အဲ့သလိုကြိုးချည်ထားပြီးထိုင်လျက်ပုံစံနဲ့ အိပ်ဖို့ ဘယ်လိုမှမဖြစ်နိုင်ပေမယ့် ကျွန်တော်အိပ်ပျော် သွားခဲ့ပါတယ်။ ကျွန်တော်တို့ကိုနံနက် ၁း၀၀ နာရီလောက်ကဖမ်းခဲ့တာ ဒီအထဲရောက်ကြိုးအချည်ခံရတော့ ဘယ်အချိန်ရှိပြီလဲ ဆိုတာမသိသလို နှိပ်စက်သံတွေကို ဘယ်လောက်ကြာကြာနားထောင်ပြီး ဘယ်အချိန်မှာ အိပ်ပျော်သွားခဲ့တယ်ဆိုတာလည်း မမှတ်မိ တော့ပါဘူး။ ဘယ်အချိန်ရှိပြီလဲဆိုတာက

## ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

အသက်အန္တရယ်ကျရောက်နေချိန်ရောက်တော့လုံးဝသတိမထားစရာ၊ စိတ်မဝင်စားစရာဖြစ်သွားပါတယ်။

ညနေလောက်မှာအုံ့အားသင့်စရာ အခြေအနေတစ်ခုကိုတွေ့ ရပါတယ်။ ကေအိုင်အေကဗိုလ်မှူးပန်းအောင်က ကျွန်တော့်ကို ကိုယ်ပေါ်ကကြိုးတွေဖြည်ပေးနေပြီး မင်းစိတ်မပူနဲ့တော့ မင်းကိုဟိုဘက်ကမ်းခေါ်သွားပေးမယ်လို့ပြောပါတယ်။ အဲ့ဒီအချိန်မှာပဲ မန္တလေးကမနက်ကမှ ရောက်ခဲ့တယ်ပြောတဲ့ ဇော်ကြီးနဲ့အတူတခြားမိန်းကလေးတစ်ယောက်၊ ယောကျ်ားလေး တစ်ယောက်တို့ဟာ ဝီကင်းဂျစ်ကားတစ်စီးပေါ်တက်ပြီး ဗိုလ်ဝွမ်မော်တို့နဲ့အတူ KIA စခန်းဘက်သို့ကားလမ်းအတိုင်း ထွက်သွားတာ တွေ့လိုက်ရတယ်။

"ကိုညီ၊ မင်းဘာမှမပြောနဲ့ ငါမင်းကိုခေါ်သွားမယ်"

လို့ဗိုလ်မှူးပန်းအောင်ကထပ်ပြောပြီး

"ဟော့ မျိုးဝင်း၊ သူ့မှာအနွေးထည်မပါဘူး။အနွေးထည်ယူပေးစမ်း"

ဆိုတော့ ကျွန်တော်၊ ကျွန်တော့်ရဲ့ Field Jacket ပြန်ရပါတယ်။ ဖိနပ်မပါတော့ ရာဘာဖိနပ်တစ်ရံကို ရဲဘော်တစ်ယောက်က ချွတ်ပေးပါတယ်။

အဲဒီအချိန်မှာပဲ မျိုးဝင်းက ဘေးနားက စိုးလွင်ကိုရုတ်တရက်ကြိုးဖြည်ပေးပြီး ဘယ်သူမှမကြားအောင် စကားတိုးတိုး ကပ်ပြောနေတာတွေ့ရတယ်။ ဗိုလ်မှူးပန်း၊ သူနဲ့အတူဒီကလေးရော ခေါ်သွားပေးပါဆိုပြီး စိုးလွင်ကို ကျွန်တော်နဲ့အတူ ထည့်လွှတ်လိုက်ပါတယ်။ ဗိုလ်မှူးပန်းအောင်ကမျက်မှောင်ကြုံ့ကြည့်ပြီးတဲ့နောက် ဘာမှမပြောတော့ဘဲ ခေါ်သွားပေးလိုက်တယ်။

ကားဘီးစလှိမ့်ချိန်မှာပဲ စစ်ရုံးပေါ်က ကိုချိုကြီးရဲ့နာနာကျင်ကျင်အော်သံကြီးက ကျွန်တော်တို့ကိုနှုတ်ဆက်လိုက်သလိုမျိုး ဗီဗီသသကြီးထွက်လာပါတယ်။ဗိုလ်မှူးပန်းအောင်က အော်သံထွက်လာရာ စစ်ရုံးဘက်ကို လှမ်းကြည့်လိုက်ပြီး စိတ်ပျက်တဲ့ပုံစံမျိုးနဲ့ "မောင်းကွာ၊ မောင်း" လို့ ပြောလိုက်တယ်။

"ကိုညီ၊ မင်းငါတို့ဘက်မှာ ဘာအန္တရာယ်မှမရှိဘဲ နေနိုင်တယ်၊ ငါ့ကောင်လေးတွေနဲ့ မင်းစကားပြောလိုက်ပါ"

ကျွန်တော့်တစ်ကိုယ်စာ အန္တရာယ်ကင်းဖို့ KIA အဖွဲ့ထဲဝင်ရတော့မှာလားဗျာ။

# အခန်း(၄)

## -ကိုချိုကြီး-

ကျွန်တော့်နာမည်ရင်းကအောင်သန်း။ မန္တလေးမှာ ဖားသားလဖုန်းကျောင်းနေတော့ဖရက်ဒီအောင်သန်းဖြစ်သွားရော။ အိမ်အမည်က "ချိုတူး"၊ အိမ်မှာသားအကြီးဆုံးဆိုတော့ ငယ်တဲ့သူတွေကကိုချိုး၊ ကိုချိုနဲ့ ခေါ်ရင်းကိုချိုကြီးဖြစ်လာတာ။ ကျောင်းသားတပ်ရဲ့အလုပ်တွေလုပ်တော့လည်း ဥက္ကဌဖြစ်နေတဲ့ ထွန်းအောင်ကျော်က ကျွန်တော့်ဝမ်းကွဲညီလေ။ သူက ကိုချိုကြီးခေါ်ရင်း အရင်ကကျွန်တော့်ကို ဖရက်(ဒ်)လို့ခေါ်တတ်တဲ့ ကိုညီတို့တောင်မြို့ပေါ်မှာကိုချိုကြီးလို့ ခေါ်ကြပြီ။

ဒီအခန်းက သူပုန်စခန်းဗျာ၊ တည်နေပုံကတော့သူပုန်စခန်းနဲ့ ကိုက်ညီပါတယ်။ ဝေးတယ်၊ တောခေါင်တယ်၊ မြို့ပေါ်ကလာရင်ခက်တယ်။ နယ်စပ်နဲ့နီးတယ်၊ဒါပေမယ့် ကျွန်တော်ဒီမှာမြင်ရတာက ဝိဉာဉ်မဲ့နေတယ်။

နိုင်ငံခြားသတင်းဌာနတွေကတော့ဗျာ၊အဖိနှိပ်ခံလူထုကိုကယ်တင်ရန်အတွက် ဒီမိုကရေစီကိုချစ်မြတ်နိုးသော၊လူမမယ်ကျောင်းသားလူငယ်များ၏စစ်အာဏာရှင်စနစ်ကို တွန်းလှန်ရန်အတွက် အခြေချကြိုးပမ်းနေသည့်နေရာ ဘာညာ အစရှိသဖြင့် ပေါ့ဗျာ။ နာမဝိသေသနတွေ အစုံနဲ့ ညွှန်းကြတာ။ အဲသလိုမျိုးသုံးလိုက်ရင် ဘယ်သတင်းဌာန၊ ဘယ်သတင်းထောက်မှ ကန့်ကွက်ကြမှာမဟုတ်ဘူး၊ ပိုကောင်းတဲ့ နာမဝိသေသန

လေးတွေတောင်ရှာဖွေပြီးထပ်ဖြည့်ကြလိမ့်ဦးမယ်။

အဲဒါတွေက အလိမ်အညာတွေဗျ။ ဒီမှာ "တောရဲ့ဥပဒေ" ဖြစ်တဲ့ အင်အားကြီးသူ အနိုင်ယူစတမ်း ဆိုတဲ့ ဒဿနကို ကျင့်သုံးနေတယ်။ လူ(၃၂၀) လောက်ထဲက လူ(၂၀) လောက်ကိုသံသယဆိုတဲ့ အကြည့်နဲ့ ကြည့်ပြီး ဝိုင်းစွပ်စွဲ၊ သတ်လိုက်ကြပြီးပြီ။ အဲဒါ ၆.၂၅% ထက်နဲနဲပိုတယ်။ လက်ရှိ န.ဝ.တ အစိုးရဟာ ကျောင်းသားတပ်မတော်မြောက်ပိုင်းရဲ့ လူသတ်နှုန်းကိုအမီလိုက်ချင်ရင် အပြစ်မဲ့ မြန်မာပြည်သား (၃)သန်း ကျော်ကျော်လောက် ကိုသတ်ရလိမ့်မယ်။ ဟုတ်တယ် လေ၊ (၁)သန်းခွဲကို ခေါင်းဖြတ်ပြီးကျန် (၁)သန်းခွဲကို သေနတ်နဲ့ပစ်သတ်ရမယ်။ မသတ်ဘဲ နှိပ်စက်တာတွေ၊ မသတ်ခင်နှိပ်စက်တာတွေ ကတော့ ဒီထက်ဇာတ်ပိုနာမှာစိုးလို့မပြောတော့ပါဘူး။ခင်ဗျားရဲ့ဘော်ဆောင်တစ်ခုကို သွား လေ့လာကြည့်ရင် ကျောင်းသားဆိုတဲ့ သူတွေကို တစ်လွဲဆံပင်ကောင်းနေတာမျိုးပဲ တွေ့ရ မယ်၊ အားလုံးဟာ တိုက်ခိုက်ရေး မဆန်တဲ့၊ စည်းရုံးရေးမဆန်တဲ့ ကိစ္စမျိုးတွေမှာပဲ ကြိုးစား နေကြတာတွေ့ရတယ်။

ဥပမာဗျာ ဘောလီဘောရိုက်၊ ဂစ်တာတီး၊ တဲပြင်၊ နောက်မိန်းကလေးဆောင် ပုံမှန် သွားလည်ဆိုတာမျိုးတွေပေါ့။ စာအုပ်ဖတ်ဖို့ ဆိုတာကတော့ စိတ်မဝင်စားဆုံး ဘာသာရပ်ဘဲ။ တစ်ချို့အဆောင်ကျတော့ တရုတ်ပြည်ထဲသွားရဖို့ အခွင့်အရေးရှာ နေတာမျိုးပိုမယ်ဗျာ၊ အချို့ကျ သားကောင်ပစ်ဖို့အခွင့်အရေးရှာတာမျိုးပိုမယ်ဗျာ၊ ဒါလောက်ပါဘဲ။ ကိုယ်သန်ရာ၊ စွမ်းရာနဲ့ ကိုတစ်လွဲလုပ်နေကြတာ။

ကျွန်တော်တို့ဟာအချိန်မှား၊ နေရာမှား ရောက်နေကြသလိုမျိုးကြီးဗျာ။ ဥပမာ ဆပ်ကပ်ထဲကလူပျက်တစ်ယောက် အဝတ်အစားအပြည့်အစုံနဲ့ အသုဘအိမ်အလယ်မှာ ထိုင်နေသလို၊ ဒါမှမဟုတ် ဖဲထုပ်ကိုင်ပြီး မွေသဘင်အစည်းအဝေးတက်နေသလို၊ တကယ် မတော်မတည့်ချည်းပဲ။ ပြောလိုက်တဲ့စကားတွေကတော့ တကယ့်အဆီအနှစ် မပါတဲ့ သောက်ကြီးသောက်ကျယ်တွေ၊ ခုတလောကျွန်တော်တို့ရောက်လာပြီး မကြာခင်မှာဘဲ တပ်ထဲမှာ စကားတစ်မျိုး ပြန့်နေတယ်။

"ခေါင်းဆောင်လုပ်ဖို့ မြို့ပေါ်ကနေ လောလောလတ်လတ် ရောက် လာတဲ့သူတွေ" တဲ့။

သေချာစဉ်းစားရင် ဒီစွပ်စွဲချက်ကြီးကအကြီးကြီးနော်။ ဒါကြီးကကျောင်းသား တပ်တစ်ခုလုံးကိုဖျက်ပစ်လိုက်နိုင်တယ်။ သိပ်အန္တရာယ် ကြီးတယ်၊ တကယ်ဆိုဗျာ မြို့က

လောလောလတ်လတ်ရောက်လာတဲ့ သူတွေဆိုတာ တစိမ်းတွေမဟုတ်ပါဘူး။ ကျွန်တော်တို့သာရှိတာပါ။ ကျွန်တော်တို့လိုကျောင်းသားတပ်ရဲ့မြေပေါ်စည်းရုံးရေးနဲ့ ဝါဒဖြန့်ချိရေးအဖွဲ့ဝင်တွေကမှ တကယ့်အန္တရာယ်များတာ။ ကျောင်းသားထုကိုပါ စည်းရုံးပြီး လုပ်နေတော့ ဗကသနောက်၊ ကျောင်းသားထုနောက် ဘယ်ကောင်ရှိသလဲဆိုပြီး လိုက်နေတာ။ မိလို့ကတော့ အရေခွံခွာပြီသာမှတ်။ ကျွန်တော်တို့တတွေက ကျောင်းသားတပ်အလုပ်ကိုမြို့ပေါ်မှာ ထောင်နှုတ်ခမ်းနင်းပြီးလုပ်လာခဲ့တာသူတို့အားလုံးသိကြ၊ အကျိုးခံစားနေကြတာပါ။ တောထဲကအဖွဲ့ဝင်တွေ အန္တရာယ် ရှိနိုင်တာ မပြင်းပါဘူးဗျာ။

ဒါပေမယ့် မြို့ကလူတွေလည်း အန္တရာယ်ကင်းပြီ မထင်ပါနဲ့။ မြို့ပေါ်က ထောက်လှမ်းရေးတွေ ဘယ်လောက်ကြမ်းတမ်းတယ်ဆိုတာ အားလုံးသိကြပါတယ်။ ခင်ဗျားဗျာ သားမတွေ့လို့ အမေလုပ်သူကို ထောက်လှမ်းရေးက ဖမ်းသွားတာမျိုးတောင်ကြားဖူးကြတယ်မလား။

အဖွဲ့အစည်းတစ်ခုမှာ ခေါင်းဆောင်ရွေးတဲ့အခါမှာ တစ်ခုတည်းသော သတ်မှတ်ချက်က အဲဒီလူရဲ့လုပ်ရည်ကိုင်ရည် တစ်ခုတည်းသာဖြစ်သင့်ပါတယ်ဗျာ။ သံချောင်းနဲ့ မျိုးဝင်းတို့ဟာ ဒီစကားသံတွေ ဘယ်သူတွေနားက ထွက်နေတာလဲ ဆိုတာ သိသိကြီးနဲ့ မတားတဲ့အပြင် အားပေးအားမြှောက်လုပ်နေကြလေရဲ့။ ဥက္ကဋ္ဌကတော့ ကျွန်တော်တို့ရဲ့ ဒေါသကိုဖြေဖျောက်ဖို့ ကျွန်တော်တို့ကို ဖျောင်းဖျတဲ့ နည်းတစ်ခုတည်းနဲ့သာ ကြိုးစားနေတယ်။ သူက သူပုန်ဥက္ကဋ္ဌလုပ်ပြီး ဘုရားလူကြီး အကျင့်လာ ကျင့်နေတဲ့သူ။

မိုးကောင်း၊ မိုးညှင်း၊ နမ္မား စတဲ့ဒေသခံ ရဲဘော်တွေက ဒီစကားကို အများဆုံးပြောကြတယ်။ အဲဒီစကားနောက်မှာ ရည်ရွယ်ချက်တစ်ခုရှိကိုရှိတယ်။ ဟုတ်တယ် ဆိုးဆိုးဝါးဝါးတစ်ခုခုတော့ဖြစ်တော့မယ်ထင်တယ်ဗျာ။ ကျွန်တော်တို့ အောက်ပိုင်းကလာတဲ့သူတွေအားလုံးလိုလိုက ကျောင်းသားတပ်မှာ အခြေအနေတွေတအားဆိုးနေပြီဆိုတာလက်ခံကြတယ်။ တစ်ခုဘဲ ကျွန်တော့် ညီတော်မောင်ဥက္ကဋ္ဌကြီးက အဲဒီထင်မြင်ချက်ကို လက်ခံဖို့ငြင်းနေတယ်။

ကျောင်းသားတပ်ကတော့ အခုကင်ဆာဖြစ်နေပါပြီ၊ နေ့စဉ်နဲ့အမျှ ပိုလို့ပိုလို့ ဆိုးနေပါတယ်။ မရှိတော့တဲ့ အုပ်စုမှာ အဖမ်း ခံရသူတွေ၊ အသတ်ခံရသူတွေ၊ အန္တရာယ်ကြောက်လို့ မြို့ပေါ်ပြန်ထွက်ပြေး အလင်းဝင်တဲ့သူတွေပါဝင်ကြပြီး၊ ကျန်ရစ်နေသေးတဲ့ အုပ်စုမှာ ဆင်းရဲပြီးဘဝအဆင်မပြေလို့ အစိုးရကို တကယ် တော်လှန်ချင်တဲ့သူတွေ



ကျောင်းသားတပ် စည်းရုံးရေးနှင့်ဝါဒဖြန့်ချိရေးငါးဦးကော်မတီဝင် **5**

(မြေပေါ်)

ဖရက်ဒီအောင်သန်း (ခ)ချိုကြီး ။

နောက်ပိုင်း ၁၅ဦးအသတ်ခံရသည့်အထဲပါဝင်သူ။



6

ကျောင်းသားတပ်ကို ၂ ခေါက်ရောက်ခဲ့သော

"ခေတ်သစ်ဟာသ်ာကိုးသောင်းပုံပြင်ရေးသူ"

မောင်မောင်(ရွှေကရဝိက်)

## ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

အစုအဖွဲ့နဲ့ မြို့ပေါ်မှာ အဆင်ပြေ နေလျက်သားနဲ့ တော်လှန်ချင်ပါတယ်လို့ မယုံချင် ပြောနေတဲ့သူတွေဆိုပြီး သူတို့ကခွဲထားပါတယ်။ ကျွန်တော်တို့ကမြို့သားဖြစ်နေ နဲ့ဘဲ၊ဘဝမှာစားဝတ်နေရေး အဆင်ပြေနေတာနဲ့ဘဲ ကျွန်တော်တို့ဘဝဟာ တော်လှန် ထဲမပါရမလိုဖြစ်နေပြီး စားဝတ်နေရေး အဆင်ပြေရဲ့သားနဲ့ တော်လှန်ရေးလုပ်ပါတ ဆိုတာ မယုံနိုင်စရာကိစ္စရပ် ပါတဲ့ဗျာ။

အရင်တစ်ရက်ကကျွန်တော်ခင်ရွှေလှိုင်ကိုသင်တန်းစခန်းမနားမှာတွေ့ခဲ့တ ဒီကလေးမ ကျွန်တော့်ကိုကောင်းကောင်း သိပါတယ်။ သူဒီဘက်ကိုလာနိုင်အော ကျွန်တော်တို့ ကိုညီတို့ လုပ်ပေးခဲ့တာ။ သူနဲ့ နောက်တစ်ယောက်ကို ကျွန်တော့်အိမ် ကျွန်တော့်နမ မသင်းနဲ့ အတူတူသိပ်၊ သူတို့ကိုအိမ်မှာကျွေးမွေးထားခဲ့တာပါ။ သူတို့ ထောက်လှမ်းရေးက လိုက်ဖမ်းနေတဲ့အချိန်ကပေါ့။ ပြီးမှ အန္တရာယ်ကင်းကင်းနဲ့တောခိုနိ စီစဉ်ပေးခဲ့တာ။ လက်ရှိအခြေအနေမှာ ဖမ်းဆီးတာ၊ သတ်ဖြတ်တာတွေနဲ့ ပတ်သတ် ဆွေးနွေးကြည့်နိုင်ဖို့ စကားစကြည့်မိတယ်။

"ဒါ ကျွန်မအလုပ်မဟုတ်ဘူး၊ လာမပြောနဲ့"

လို့ နှုတ်လှန်ထိုးလိုက်တာဗျာ။ ကျွန်တော့်နားတောင်ကျွန်တော်မယုံဘူး။

"အဲလိုဆိုဒီကိုလာရတဲ့ မင်းရဲ့အလုပ်ကဘာလဲ"

"မဟုတ်ဘူး။ ကျွန်မ စစ်ရေးတာဝန်ခံ C.S သံချောင်းကိုယုံတယ်၊ သူကရိုးသားတယ်။ သူမမှားနိုင်ဘူး"

"မဟုတ်သေးဘူး၊ မင်းဒီကိုလာရတဲ့အလုပ်မေးတာ၊ ငါတို့မှာမင်းကိ အန္တရာယ်ကြားက ဒီကိုရောက်အောင် ပို့ပေးခဲ့ရတာ။ အေးပါကွာ၊ ဒီမှာ လင်ကောင်း သားကောင်း ရအောင်သာ ကြိုးစားပြီးတော့ အိမ်ထောင်သည်ဘဝထူထောင်လိုက်ပါ"

ကျွန်တော်လှည့်ထွက်ခဲ့တယ်ဗျာ။ အရပ်က ကလန်ကလား၊ ယောက်ျားလျှ လိုလို ဘာလိုလိုနဲ့ ထက်ထက်မြက်မြက် ရှိမှာလားအောက်မေ့တာ။

တဲလည်းရောက်ရော ထွန်းအောင်ကျော်က သူရိုးသားကြောင်းပြချင်လို့တဲ့၊ ကျွန်တော့်ကိုC.S သံချောင်းတဲမှာ ထားဖို့စီစဉ်တယ်။ ကျွန်တော်ငြင်းလိုက်တယ်၊ ဒီကောင် တွေအုပ်စုက အဲ့သလိုစဉ်းစားမှာမဟုတ်ဘူး။ သံချောင်းကို အနီးကပ်ကိုင်ဖို့ ဥက္ကဋ္ဌက သူ့ အစ်ကိုကို အနားပို့လိုက်တာဆိုရင် ပြဿနာတောင် ပိုရှုပ်သွားနိုင်တယ်။

ကျွန်တော်ကြားရတာက ကျော်ဌေးစစ်ကြောရေးမှာ သေသွားပြီတဲ့၊

စိုးမင်းအောင်ကိုနှိပ်စက်ပြီး မသေမရှင်နဲ့ မြေမြှုပ် လိုက်တယ်၊ ပြီးမှအပေါ်က သေနတ်နဲ့ ထပ်ပစ်တယ်တဲ့။ လူတွေမှဟုတ်ရဲ့လားဗျာ။

ဒီကိစ္စတွေကို ဖြစ်ခွင့်ပေးထားတာ၊ ဒါမှမဟုတ်ဖြစ်နေတာတွေကို မသိကျိုးကျွံပြုထားတာကိုက ရာဇဝတ်မှုဘဲ။ အဲဒီရာဇဝတ်မှုထဲမှာ ပူးပေါင်းပါဝင်ပတ်သတ်မှုဘဲ။ အရှင်းရှင်းတွေကိုဗျာ၊ လုပ်လိုက်ကြတာ။ ဒါတွေကိုဆန့်ကျင်တဲ့၊ မကျေနပ်တဲ့ ကန့်ကွက်တဲ့ အသံတွေ ကျွန်တော်တို့အသိုင်းအဝန်းကျဉ်းကျဉ်းလေးထဲမှာကလွဲပြီး ဘယ်မှာမှ မကြားရဘူး။ အဆိုးဆုံးက လူမဆန်မှုတွေကို ကျူးလွန်သူတွေကရဲရဲဝံ့ဝံ့ကျူးလွန်ကြအပြီး ကျန်တဲ့သူတွေက ဘယ်သူကဖြင့် ဘယ်သူ့ကို ဘယ်လို လုပ်ပစ်လိုက်တာဆိုတာမျိုး အားကျဂုဏ်ယူပြီး ပြန်ပြောကြတာတွေ။ သူတို့သုံးနေကျ အသုံးအနှုန်းတစ်ခုက "ရန်ကာစည်းပြတ်တယ်" တဲ့၊ သူတို့ဝေါဟာရအလိုအရ "ရန်ကာစည်းမပြတ်သူများ" ဟာ သူလျှိုများနဲ့ အပေါင်းအပါတွေ၊ အလိုတူ အလိုပါတွေ၊ သစ္စာဖောက်တွေဖြစ်တယ်တဲ့။

အဲဒီတော့ ကြုံကြိုက်ပြီး၊ ဒါမှမဟုတ် စွဲထည့်ခံရပြီးအဖမ်းခံရတဲ့ တရားခံဆိုသူများနဲ့တွေ့ပြီးမေးမြန်းရဖို့ညွှန်ကြားချက်ရသူများဟာ တရားခံများကိုရက်ရက်စက်စက် ရိုက်မပြနိုင်ရင် အဲဒီသူဟာနောက်တိုးတရားခံတစ်ဦးဖြစ်ဖို့ အလားအလာသိပ်ကို များသွားပါပြီ။

အဲဒီရက်စက်နိုင်သူများကသာ ABSDF(NB) ကြီးကိုအဖျက်သမားများရန်က ဖော်ထုတ်ကယ်တင်မယ့် ကယ်တင်ရှင်ကြီးတွေ၊ တော်လှန်ရေးသမားစစ်စစ်တွေ ဖြစ်ပါတယ်။ နောက်ဆက်တွဲရလဒ်အဖြစ် အားလုံးဟာပိုပြီးလက်ရဲဇက်ရဲဖြစ်လာတယ်။ ချာတိတ်တွေကလည်း "ရန်ကာစည်းပြတ်သောကယ်တင်ရှင်သူရဲကောင်းများ" ကိုကိုးကွယ်ကြပြီး အဲ့သလိုပုံတူကူးလိုက်လုပ်ဖို့ကြိုးစားကြ၊ ပြင်ဆင်ကြ၊ လက်သွေးကြနဲ့ပေါ့ဗျာ။

အစကစဉ်းစားကြည့်ရအောင်။ စိုးဝင်းအောင်မနေချင်လို့ပြေးသွားတယ်၊ ဘာဒုက္ခမှမပေးခဲ့ဘူး။ ဒါပေမယ့် ဒီကောင်ကလည်းဗျာ လွတ်ပြီဥစ္စာကို တစ်ခါတည်း မပြန်ဘူး။ ရွှေလီကကျောင်းသားတွေဖွင့်ထားတဲ့ ချစ်လက်ဘက်ရည်ဆိုင်ကို ဝင်နှုတ်ဆက် အလွမ်းသယ်ပြတယ်။ အဲ့ဒီမှာသူ့ကိုအယုံသွင်းပြီး(ဘဲလေး)သန့်ဇင်နဲ့ သိန်းနိုင်ချိုတို့က ဖမ်းပြီး ခေါ်လာတယ်။ အဲဒီပြန်ဖမ်းပေးတဲ့ နှစ်ယောက်ထဲက တော်လှန်ရေးသမားကြီး သိန်းနိုင်ချိုလည်းအခု ထောက်လှမ်းရေးဆိုပြီးပြန်အဖမ်းခံထားရပါပြီဗျာ။

ကျွန်တော်တဲရှေ့မှာထိုင်ပြီး ငေးနေရင်းတွေးမိတွေးရာတွေးနေမိတယ်။ အဲ့ဒီအချိန်မှာဘဲ ကျွန်တော့်ကို တစ်ယောက် ယောက်ကများ ချောင်းကြည့်နေသလားလို့

## ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

သံသယဖြစ်စံစားမိလာတယ်။ သေချာအောင်နဲနဲကြည့်လိုက်တော့ မျိုးဝင်းတဲဘေးက ကုန်းစပ်ရဲချုံတွေကြားထိုင်နေတဲ့သူ၊ ကျွန်တော့်ကိုကြည့်နေတဲ့သူကို တွေ့လိုက်ရတယ်။

သူရှိတဲ့ဘက်လျှောက်သွားပြီး

"မင်းဘာလုပ်နေတာလဲ"

"ဘာမှမလုပ်ပါဘူး"

သူကပြောပြောပြေးပြေးနဲ့ မျိုးဝင်းအိမ်ထဲဝင်သွားတယ်။

အော်ငါတို့က စောင့်ကြည့်ခံရတဲ့အဆင့်တောင်ရောက်သွားပြီကိုး။

နောက်တစ်နေ့ကျတော့ မနက်ကနေ ထမင်းစားချိန်အထိ ကျွန်တော် အိပ်ယာထဲမှာဘဲ စိတ်ပျက်လက်ပျက်နဲ့ လှဲနေဖြစ်တယ်။ ထမင်းစားပြီးချိန် ၁၀း၃၀ မှာ သံချောင်း အပေါ်တက်လာပြီး အိမ်ရှေ့မှာ ဥက္ကဌနဲ့ စကားနည်းနည်းပြောတယ်။ ပြီးတော့ ကျွန်တော့်ကို လှမ်းခေါ်တယ်။

"ကိုချိုကြီး ခင်ဗျားကောနေ ကျွန်တော်ရွှေလီသွားမလို့ လိုက်ခဲ့ရမယ်၊ အဆင်သင့်လုပ်ထား"

လို့ အမိန့်ဆန်ဆန်ပြောပြီး ပြန်ဆင်းသွားတယ်။ ထွန်းအောင်ကျော်က

"ကိုချို ခင်ဗျားသူငယ်ချင်းတစ်ယောက် ရွှေလီရောက်နေတယ်၊ ခင်ဗျား သွားကြိုလိုက်ပါ"

"ဟေ့ ကိုညီများလား၊ ဟုတ်တယ်သူဘဲဖြစ်ရမယ်"

"ဟုတ်တယ်၊ သူဘဲ"

"ဒီကောင်ကွာ အချိန်မှားကြီး၊ ပြဿနာတွေကြား တက်လာတယ်"

ညီတော်မောင် ဥက္ကဌကမကြားချင်ယောင်ဆောင်ပြီး လှည့်ထွက်သွားတယ်။ ၁၁ နာရီလောက်မှာ မျိုးဝင်းနဲ့ သံချောင်းအပါအဝင် ကျွန်တော်နဲ့အတူလူ(၁၀)ယောက် လောက် ရွှေလီကိုသွားကြပါတယ်။ ရင်ကျန်းမှာ ထမင်းစားနားပြီး ဆက်ထွက်ခဲ့ကြတယ်။ ရွှေလီမှာ "ချစ်" လက်ဘက်ရည်ဆိုင်ရောက်ပြီးတာနဲ့ဘဲ ကျွန်တော် ကိုညီ တည်းနေတဲ့ တည်းခိုခန်းပေါ်တက်သွားပါတယ်။ ချက်ချင်း ဆိုသလိုပဲ သံချောင်း၊ မျိုးဝင်းနဲ့ တစ်ခြား ၄၊၅ ယောက်တက်လိုက်လာကြလေရော။

သူတို့တစ်တွေက မြို့ပေါ်ကအခြေအနေတွေ၊ ကျွန်တော်တို့လူတွေရဲ့လှုပ်ရှားမှု တွေကိုမေးလို့ ကိုညီက သေသေချာချာပြန်ဖြေပါတယ်။ အဲဒီအချိန်မှာ ထောက်လှမ်းရေး

ထဲက ကောင်တစ်ကောင်က

"ခင်ဗျားတို့မြို့ပေါ်မှာ အဲ့သလောက် လှုပ်ရှားမှုတွေ လုပ်ကြတာ တောင် ဘာဖြစ်လို့ထောက်လှမ်းရေးက မဖမ်းတာလဲ"

လို့ ဝင်ငေါ့ပါတယ်။ သူမေးတဲ့မေးခွန်းအဓိပ္ပါယ်ကို ကျွန်တော်ကောင်းကောင်း သိလိုက်ပါတယ်။ ဒါပေမယ့် ကိုညီက ကောင်းကောင်းမွန်မွန်ပြန်ဖြေနေတယ်။ ဒီကောင် ကိုညီ အရေမလည်သေးတာသေချာတယ်။ သူဖြေပြီးတာနဲ့ ကိုညီက

"C.S တပ်ထဲမှာရော အခုအခြေအနေ ဘယ်လိုရှိသလဲ။ မြို့ပေါ်မှာ သတင်းတွေသိုးသိုးသန့်သန့်ကြားနေရလို့၊ ကြားရတာတွေက မကောင်းတာတွေပါလို့"

"အေးဗျာ၊ ကျွန်တော်တို့တစ်တွေ ABSDF ကို န.ဝ.တလက်ကနေ ကြိုးစားပြီးကယ်တင်နေကြပါတယ်"

"C.S ဘာကိုပြောတာလဲ၊ကယ်တင်တယ်ဆိုတာကြီး...က ဘာဆိုလို တာလဲ"

"ရှင်းပြပါမယ်။ ကျွန်တော်တို့ABSDFထဲက ထောက် :ရေးကွင်း ဆက်တွေကိုအရှိန်မီဖော်ထုတ် ဖမ်းဆီးလိုက်နိုင်ပါပြီ၊ အခုဗန်းမော်ဘက်မှာ သွားပြီး ကွင်းဆက်နဲ့လူဖမ်းကြမလို့၊ ကဲ ကဲ အချိန်လင့်နေမယ် ကျွန်တော်တို့သွားကြရဦးမယ်၊ ကိုချိုကြီးနဲ့ ဆန်းထွန်း ရွှေလီမှာနေခဲ့၊ နောက်အဆင်ပြေတဲ့ ရက်တစ်ရက်မှာ ကျော်မြင့်က ခင်ဗျားတို့ကို ပါရောင်ပို့ပေးလိမ့်မယ်၊ ကဲ ကိုညီက အသုံးငွေနည်းနည်းယူထားဦး"

ဆိုပြီး တရုတ်ငွေတစ်ထပ်ထုတ်ပေးခဲ့တယ်။

"ဟုတ်ကဲ့ C.S "

ဆိုတဲ့ စကားသံကြားလိုက်တော့ ပြောတဲ့သူကတော့အရင်နေ့က ကျွန်တော့်ကို ချောင်းနေခဲ့တဲ့၊ စောင့်ကြည့်နေခဲ့တဲ့ ချာတိတ်ဖြစ်နေတာ တွေ့ရတယ်။ ကျွန်တော်တို့ နှစ်ယောက်တည်းအခန်းထဲ ကျန်တဲ့အချိန်မှာ

"ကဲ ကိုချို၊ ကျွန်တော့်ကို ရှင်းပြပါဦးဗျာ"

ကျွန်တော်လက်ရှိဖြစ်နေတာတွေ အားလုံးကိုရှင်းပြပြီး ကျွန်တော်တို့ လက်ရှိ အခြေအနေကို သုံးသပ်၊ ဆွေးနွေး ဖြစ်ကြတယ်။

"ကိုချိုရေ၊ ဒီပြဿနာတွေဖြစ်နေတဲ့အချိန်မှာ ခင်ဗျားကို ရွှေလီ ထုတ် လာပြီး ကျွန်တော်နဲ့ တွေ့ပေးတယ်၊ စောင့်ကြည့်မယ့်ကောင်တစ်ကောင် ထားခဲ့တယ်၊

# ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

မုန့်ဖိုးယွမ်(၃၀၀)ပေးခဲ့တယ်၊ စဉ်းစားဗျာ ခင်ဗျားပြောသလိုဆို တပ်မှာလည်း ခင်ဗျားကို စောင့်ကြည့်နေတယ်၊ အသစ်ရောက်လာတဲ့သူတွေ၊ လာမယ့်သူတွေကို မကြိုဆိုဘူး၊ အဲဒီတော့ကျွန်တော်ထင်တာ ကျွန်တော့်ကိုခေါ်ပြီး ခင်ဗျားကို ထွက်ပြေးခိုင်းတာများလား၊ ဟ, ပေးတာများလား"

"အေးကွာ ကိုချိုလည်းစဉ်းစားမိတယ်၊ ဒါပေမယ့်ကိုချိုတို့တစ်တွေက ကိုယ့်တွက်ကိုယ်မှစဉ်းစားလို့မရတာ မဖြစ်ဘူးကွ၊ အခု ကိုယ်တို့နစ်ယောက်မူဆယ်ဘက်ကူးသွားရင် မန္တလေးသားတွေ၊ နောက်ကိုယ်တို့ပို့ထားတဲ့သူတွေ၊ နောက်ဆုံး ထွန်းအောင်ကျော်တောင် အန္တရာယ်မကင်းဘူး၊ အဖမ်းခံရနိုင်တယ်၊ မှုမမှန်လို့ သူ့အစ်ကို တော့ ထွက်ပြေးပြီဆိုပြီးပေါ့"

"ကိုချိုရာ မဖြစ်နိုင်တာ၊ ဉက္ကဋ္ဌတော့ မလုပ်လောက်ဘူးနဲ့ တူတယ်နော်၊ ထွန်းအောင်ကျော်ကို လုပ်လိုက်ရင် ပြဿနာကအကြီးကြီး ဖြစ်သွားမှာ"

"မင်းမထင်နဲ့နော်၊ အေး ဒါပေမယ့် သူ့ကိုချန်ထားရင်တောင် အန္တရာယ်ဖြစ်လာမယ့်သူတွေကအများကြီး၊ နောက်တစ်ခါမြို့ပေါ်က ကိုယ့်လူတွေ အတွက်ရော၊ တို့တစ်တွေ M.I မှာအကုန်ဖြောင့်ချက်ပေးရမှာနော်၊ အကုန်တန်းစီပြီးအဖမ်း ခံရမှာ၊ ဒါကအရှုံးပေးတဲ့ဘက်ကစဉ်းစားတာ၊ တကယ်လို့များ ကိုယ်တို့ ABSDF ကိုပြန်ရင် ဘာဖြစ်လာနိုင်မလဲ စဉ်းစားပါဦး၊ ဒီအခြေအနေကြီးရပ်ပစ်နိုင်မလား၊ ရှင်းလို့ရနိုင်မလား"

"ဘာလို့မရ,ရမှာလဲ၊ ရ,ရမှာပေါ့ ကိုချိုရာ၊ ဉက္ကဋ္ဌက ကိုယ့်လူပဲဥစ္စာ၊ နောက်အောင်နိုင်လည်းရှိတယ်လေ၊ ပြီးတော့ ကျွန်တော်တို့က အမှန်ကိုလုပ်မှာပဲ ဉစ္စာ၊ အကုန်ပွင့်ပွင့်လင်းလင်း ဖွင့်ချလိုက်ရင် ပြီးရောဥစ္စာ"

"မရဘူး ကိုညီ၊ မင်းရဲ့အောင်နိုင်က အခုမျိုးဝင်းလူတစ်ပိုင်းဖြစ်နေ "၊ နောက်ဉက္ကဋ္ဌကလည်း တို့တစ်ခုခုသက်သေပြနိုင်မှ လုပ်မယ့်ပုံ၊ အဲဒီသက်သေပြနိုင်အေ င် စောင့်ရင်းနဲ့ ကိုယ်တို့ဝင်သွားမှာလည်း ကြောက်ရတယ်၊ ဒါပေမယ့် ကိုညီရာ ရန်သူ့ဆီ ၁ လက်နက်ချရတာထက် အချင်းချင်းမှားအဖမ်းခံရတာကပိုချိုပါတယ်ကွာ၊ နောက်တစ်ခုက တို့တိုက်ရင်း ရှုံးသွားတာဆိုရင်လည်း ကိုယ့်ဘာသာကိုယ်လိပ်ပြာလုံတာပေါ့၊ အနည်းနဲ့ သမိုင်းတော့ လုတာပေါ့ကွာ"

"အေးဗျာ ခင်ဗျားပြောသလို သာ တကယ်ဟုတ်နေတယ်ဆိုရင်တော့ သွားရမှာလည်းပြဿနာ၊ ပြန်ပြေးရမှာ လည်းနည်းလမ်းမကျပြန်ဘူး တကယ်လို့များ

ကျွန်တော်တို့ပြဿနာဖြစ်နေတဲ့အချိန်မှာ အပြင်မှာဥက္ကဋ္ဌရှိရင်တော့ သိပ်ကြီး ပိုးစိုးပက်စက်ဖြစ်မယ်မထင်ဘူး၊ သူထိန်းလိမ့်မှာပေါ့"

"မဟုတ်ဘူးခင်ဗျ၊ ကိုချို့နဲ့ ဥက္ကဋ္ဌကို ထည့်ပြီးအခုမှရောက်စဖြစ်တဲ့ ကိုညီတောင်အပြင်မှာ ကျန်ချင်မှကျန်မှာ၊ ဒီကောင်တွေက လက်ရဲဇက်ရဲတွေနော်"

"အဲ့သလိုကြီးလား"

"အေးကွာ ကိုညီ၊ မျိုးဝင်းကိုသတိထား၊ သူနဲ့ အတိုက်အခံမလုပ်နဲ့ဦး၊ မဖြစ်ဘူး၊ ဖြစ်ခဲ့သည်ရှိသော်ပေါ့၊ ကိုချို့သဘောကတော့ ဘာဖြစ်ဖြစ်ကိုယ်လွတ်ရုန်းမပြေးချင်ဘူး၊ ကိုညီရောဘယ်လိုလဲ၊ ကိုယ့်သဘောနဲ့ကိုယ်ဆုံးဖြတ်၊ ပြန်ချင်သပဆိုရင်လည်း တစ်ယောက်တည်းပြန်သွား၊ ကိုချို့ကြည့်ပြောပြလိုက်လို့ရတယ်၊ ကိုချို့ကတော့ ဘာပဲဖြစ်ဖြစ် တပ်ကိုပြန်မှာဘဲ"

"ကိုချို့ရာကျောင်းတုန်းကလည်း ရန်ဖြစ်ရင်တောင်မှ ကျွန်တော်တို့ချင်း ကျောချင်းကပ်ခဲ့ကြတာဘဲ၊ အခုလည်း ကျောချင်းကပ်လိုက်ကြတာပေါ့ဗျာ၊ သတ္တိကြောင်တယ်လို့ တစ်သက်လုံးတော့အပြောမခံနိုင်ဘူး"

"အေးကွာ၊ အနည်းဆုံးကိုယ့်အသက်ကိုယ်မကာကွယ်နိုင်တောင် ကိုယ့်ဂုဏ်သိက္ခာတော့ ကိုယ် ကာကွယ် သွားကြတာပေါ့ကွာ"

"နေပါဦးဗျာ၊ ဥက္ကဋ္ဌကို ဖမ်းနိုင်တယ်ဆိုတာရော ဖြစ်နိုင်ပါ့မလား"

"ဘာကွ၊ သတ်တောင်ပစ်ဦးမှာ သူတို့ဦးငါးကိုဘယ်လိုလုပ်လိုက်သလဲ၊ ဦးစီးလှွမ်းမိုးကို ဘယ်လို လုပ်လိုက်သလဲ၊ ဒါတွေကတို့မန္တလေးမှာ ရှိတုန်းကတည်းက ကြားပြီးသားတွေပါကွာ"

ကျွန်တော်တို့နှစ်ယောက် ယိုးဒယားနယ်စပ်ဖက် ABSDF တောင်ပိုင်းထွက်သွားနိုင်မယ့် အလားအလာ၊ ကေအိုင်အေကို အကူအညီတောင်းဖို့နဲ့ နောက်ဆုံး NLD (LA)ရုံးကအကူအညီ၊ စတဲ့ကိစ္စတွေကိုအထိ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးဖြစ်ကြပါတယ်။ အခုကျွန်တော်တို့မှာ အဓိကပြဿနာဖြစ်နေတာက အချိန်မလုံလောက်မှုဘဲ။ ဘာကိစ္စကို စီစဉ်ဖို့စဉ်းစား စဉ်းစား အချိန်တအားဆင်းရဲနေတာသွားတွေ့ရတယ်။

# ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

## အခန်း(၅)

ကျွန်တော်တို့ရွှေလီမှာနောက် (၂) ရက်ဆက်နေပြီးနောက်တစ်နေ့မှာ ပီကင်းဂျစ်တစ်စီးနဲ့အတူ ကျော်မြင့်ဦးဆောင်ပြီး ဌာနချုပ်ကိုတက်သွားကြတယ်။ ကျွန်တော်တို့ဌာနချုပ်ကိုရောက်ရောက်ချင်းဘဲ သံချောင်း၊ မျိုးဝင်းတို့ကကိုညီ့ကိုကြိုဆိုတဲ့ စားပွဲသောက်ပွဲလေးချက်ချင်း လုပ်ရမယ်လို့ အမိန့်ထုတ်ပြီး ချက်ချင်းစီစဉ်လိုက်ကြတယ်။ စုစုပေါင်း ကျွန်တော်၊ ဥက္ကဋ္ဌအပါအဝင် လူ (၂၀)လောက် သောက်ကြစားကြနဲ့ စိုစိုပြေပြေပွဲလေးတစ်ခုဖြစ်သွားတယ်။ တပ်ထဲမှာရှိတဲ့ C.E.C တွေအကုန်နဲ့ တပ်ရင်းမှူး တွေလည်းလာတက်ကြတယ်။ ဒီဧည့်ခံပွဲဟာ ရိုးရိုးသားသားလုပ်ခဲ့တာဆိုရင်တော့ သူတို့ဟာ ကိုညီမန္တလေးမှာလုပ်ခဲ့တာတွေကို အသိအမှတ်ပြုပြီး တန်ဖိုးထားတာလို့ ကောက်ချက်ချနိုင်ပါတယ်။

ဒီပွဲထဲ စကားဝိုင်းတွေမှာကိုညီဟာအဖွဲ့ဝင်တွေရဲ့အာရုံကိုလွှမ်းမိုးနိုင်ခဲ့တယ်လို့ ကျွန်တော်မြင်တယ်။ အေးလေ သူလည်းလုပ်လာတဲ့သူဘဲ။ သူဆက်လုပ်နိုင်မယ်မျှော်လင့်ရတာဘဲ။ အခြေအနေက ကျွန်တော်စိုးရိမ်တကြီး ထင်သလိုမျိုး သိပ်ကြီးဆိုးလွန်းပုံမရပါဘူး။

ကျွန်တော်ကပွဲပြီးခါနီးမှာ ပွဲထဲကနေလစ်ထွက်ပြီး တဲခုပါတက်အခန်းထဲဝင်ပြီးလှဲနေလိုက်တယ်။ တဲထဲရောက်ရောက် ချင်းပဲ အောင်မင်းက

"ကိုချိုကြီး၊ ကိုညီညီ နဲ့ခင်ဗျားအဲ့ဒီကုတင်ကြီးမှာ အတူတူအိပ်ဖို့၊

ကိုညီညီဒီတဲမှာဘဲနေဖို့ ဉက္ကဋ္ဌကပြောသွားပြီ”

“ကောင်းတာပေါ့ကွာ၊ ငါတို့သူငယ်ချင်းနှစ်ယောက် ကောင်းတိုင်ပင်ဆိုးတိုင်ပင်ရတာပေါ့၊ သူလည်းအားရှိသလို ငါတို့လည်း အားရှိတာပေါ့”

အဆင်ပြေပါတယ် ထွန်းအောင်ကျော်ကလည်း သူ့သူငယ်ချင်းအရင်းကြီးပဲဉစ္စာ၊ ကျွန်တော်တို့ မိသားစုလေးတစ်ခုလိုတောင်ဖြစ်နေဦးမှာ၊ ပျင်းတိုင်းမန္တလေးအကြောင်း စမြုံ့ပြန်လို့ရပြီဗျာ။ မီးဖိုဘေးမှာတော့ အောင်မင်း၊ ရာပြည့်၊ စိုးလွင်၊ ကိုဇင်နဲ့ မန္တလာထိန်လင်းတို့ မန္တလေးသား ၅ယောက် ကိုညီကို နှုတ်ဆက်ဖို့စောင့်နေကြတယ်။ ဘာပြောပြောဗျာ ကိုယ့်လူရင်းတစ်ယောက် ဒီလိုအချိန်မှာရောက်လာတော့ တစ်အားတက်တာတော့အမှန်ဘဲ။

ကျွန်တော်မေးစနဲ့ အိပ်ပျော်သွားတာ ဘယ်လောက်ကြာသွားသလဲမသိဘူး။ အသံဗလံတွေ ဆူဆူညံညံကြောင့် လန့်နိုးတော့ မှောင်စပြုနေပြီ။ သိရအောင် အပေါက်ကခေါင်းပြူကြည့်မိတော့ လဆိုင်းနဲ့ ကျော်ထင်ဦးတို့ နှစ်ယောက်က ကိုစင်မောင်စိုးကို သေနတ်နဲ့ချိန်ပြီး လက်ပြန်ကြိုးတုပ်နေတာတွေ့ရတယ်။

ခဏလေးနေအသံတွေငြိမ်သွားတော့ ကျွန်တော်လည်းအပြင်ထွက်ပြီး မီးပုံဘေးဝင်ထိုင်လိုက်တယ်။ ဉက္ကဋ္ဌကလွဲလို့ ကျန်တဲ့သူတွေအားလုံး မျက်နှာပျက်နေကြတယ်။ ခုနလေးတင်ရှိခဲ့တဲ့ ကျွန်တော့်ရင်ထဲကအားတက်သရောမှုတွေလည်း ဘယ်ကိုရောက်မှန်းမသိတော့ပါဘူး။ တစ်ဆက်တည်းကိုညီကို မင်းကို ငါမပြောလားဆိုတဲ့ ပုံမျိုးနဲ့ ကျွန်တော်လှမ်းကြည့်လိုက်တယ်။ ဉက္ကဋ္ဌကပြောတယ်၊ အတွင်းရေးမှူးရဲ့ P.S.O ကျော်နိုင်ဦး ကိုရော တစ်ချိန်တည်းမှာ ဖမ်းလိုက်ပြီတဲ့။

ABSDF ကိုဖျက်ဆီးမယ့် ယန္တရားကြီးကတော့ အရှိန်မြှင့်လိုက်ပြီနဲ့တူတယ်။ ဒီနှုန်းအတိုင်းဆိုရင်တော့ နောက် တစ်နှစ်တောင်ခံပါဦးမလား မသိဘူး။ ကဲဗျာ လူ့အခွင့်အရေးတို့၊ ဒီမိုကရေစီတို့ တော်လှန်ရေးတို့ကို ခဏမေ့ထားပြီး ဘယ်လိုအသက်ဆက်ရှင်အောင် လုပ်ကြမလဲဘဲ တွေးကြရအောင်ပါ၊ နေရတာက တောင်ကုန်းပေါ်က ပတ်ချာလည် လူဖမ်းသမားတွေနေတဲ့ တဲတွေရဲ့အလယ်မှာနေရတာ။ ခုစစရာ လက်နက်ကလည်း ဘာမှမရှိ။ ကြည့်တော့ ကောင်းကြပြီဗျာ။ ကိုညီရောက်လာတာ ကလည်း အဆစ်အဖမ်းခံရဖို့ လောက်ဖြစ်မှာပါဘဲ။

ကျွန်တော် အအေးခါတ်ရှိနေတဲ့ ညစင်းအချိန်ကြီးထဲ တဲအပြင်ထွက်ပြီး

လမ်းလျှောက်နေလိုက်တယ်။ ခဏနေစိတ်အေးမှ ဒါမှမဟုတ်ရင်လည်း သွေးအေးသွားမှ ပြန်ဝင်လာခဲ့ပါတယ်။

နောက်နေ့မနက်မှာ ထွန်းအောင်ကျော်နဲ့ အောင်နိုင် မဟာမိတ်ဘက်သွားပြီး အမေရိကန်ကလာတဲ့ အမျိုးသမီးနဲ့တွေ့မလို့တဲ့။ ကိုညီက စကားပြန်လုပ်ဖို့လိုက်သွားရ လိမ့်မယ်။သူလည်းဘာမှလုပ်နိုင်မယ်မထင်ပါဘူး။ဒါပေမယ့်မျှော်လင့်ကြည့်ရမှာ ပေါ့လေ၊ ကျွန်တော့်ညီဥက္ကဋ္ဌလုပ်တဲ့သူက ကျွန်တော်တို့ကိုမယုံတာလား၊ သူ့ကိုယ်သူ အယုံလွန်နေတာလား၊ ဘာမှန်း ကိုမသိတာ။ အားလုံးတော့သေချင်းဆိုးနဲ့ သေကုန် တော့မှာဘဲ။နီးနေပါပြီ၊ နီးနေပါပြီ။

ကျွန်တော်တဲအပြင်ဘက်မှာ (၃)နာရီလောက်ကြာအောင် သူတို့တစ်တွေ ပြန်အလာကိုစောင့်နေခဲ့တယ်။ ပြန်လာရင်ကိုညီက သတင်းကောင်းလေးများ ဒါမှမဟုတ် မျှော်လင့်စရာကောင်းတဲ့ သတင်းအချက်အလက်လေးများ သယ်လာမလားလို့၊ ရေရေရာရာမရှိဘဲ မျှော်လင့်ကြည့်မိတာပေါ့ဗျာ။ စိတ်ပျက်စရာ ပြန်လာတော့လည်း မသွားခင်ကနဲ့ ဘာမှမထူးတဲ့အခြေအနေဘဲဖြစ်နေတယ်။ ကျွန်တော်တဲအပြင်ဘက်က သစ်ငုတ်တိုပေါ်မှာ ထိုင်နေမိတယ်။ ရောက်တတ်ရာရာ တွေးရင်းပေါ့ ခဏလေးနေတော့ ကိုညီအပြင်ထွက်လိုက်လာတယ်။

"ကိုချိုကြီး ကျွန်တော်ဘာမှပြောလို့မရခဲ့ဘူး၊ ဘာမှမလုပ်နိုင်ခဲ့ဘူး၊ ခင်ဗျား ညီတော်မောင်က ဦးဆောင်ပြီး ကာဆီးကာဆီးလုပ်နေတာ၊ စကားလည်းအပြော မခံဘူး၊ မျက်စေ့အောက်ကလည်း အပျောက်မခံဘူး"

ဒီကနေ့ကစပြီးညနေတိုင်းကိုညီအင်္ဂလိပ်စကားပြောသင်တန်းဖွင့်ပါလိမ့်မယ်၊ မန္တလာထိန်လင်းနဲ့ ကိုဇင်တို့ကလည်း နေ့စဉ်လာပြီးကူကျနေကြပါတယ်။ ဒီမှာမနေချင်ဘူးတဲ့၊ ညီညီကျော်နဲ့ ရဲလင်းကလည်း ဗန်းမော်ဝွင်နဲ့ ရွှေကူဝွင်ကိုပြန်ချင်ပြီတဲ့။

အခုဖြစ်နေတဲ့ကိစ္စတွေမှာ တခြားအခြေခံအကြောင်းတွေပါသလို ကိုယ်ရည်ကိုယ်သွေး ချို့တဲ့ခြင်းကလည်းအဓိက ကျတယ်။ ဥပမာဗျာ ကျွန်တော့်ညီက ဥက္ကဋ္ဌဗျာ သူ့မြို့ပေါ်မှာ လုပ်ခဲ့၊ အရည်အချင်းရှိခဲ့တာမှန်တယ်။ ဒါပေမယ့် မကြုံဘူး၊ မမျှော်မှန်းခဲ့ဘူးတဲ့ အနေ၊ လက်နက်ကိုင်အဖွဲ့တစ်ခုရဲ့အကြီးအကဲဖြစ်သွားချိန်မှာ သူ့ရဲ့စဉ်းစားတွေးခေါ်မှုတွေဟာ ကစဉ့်ကလျားဖြစ်သွားခဲ့တယ်။

သူ့ရဲ့ ရုပ်ပိုင်းဂုဏ်ထူးဖြစ်တဲ့ ဥက္ကဋ္ဌဆိုတဲ့အရာကို ထောက်ပံ့နေသူတွေက

ဒီဒေသမှာရှိနှင့်ပြီးတဲ့ သူတွေနဲ့ ဒီအဖွဲ့ကြီးဖြစ်တယ်။ အမှန်တကယ်က သူ့ရဲ့ရုပ်ပိုင်းဂုဏ်ထူး ဥက္ကဋ္ဌဆိုတဲ့အရာဟာ သူ့ရဲ့အသိပညာ၊ ဦးဆောင်နိုင်စွမ်း၊ တည်ကြည်မှုစတဲ့ မြို့ပေါ် မှာ တည်ဆောက်ရယူလာတဲ့ အတွင်းစွဲ ကိုယ်ရည်ကိုယ်သွေးများ သာဖြစ်တယ်။

ဒီအတွင်းစွဲကိုယ်ရည်ကိုယ်သွေးများကို မိမိကိုယ်တိုင်ကယုံကြည်အားကိုးမှု လျော့နည်းချိန်နဲ့ လာချိန်မှာ ရုပ်ပိုင်းဥက္ကဋ္ဌဆိုတဲ့ အရာကိုထောက်ပံ့ဖို့ အပြင်စွဲဖြစ်တဲ့ လက်ငင်းအခြေအနေအပေါ်မှာအားကိုးအားထားပြုလိုက်တော့တယ်။ ဒီအချိန်မှာ မူလ တည်ဆောက်ခဲ့တဲ့ အတွေးအခေါ်တွေဟာကစဉ့်ကလျားဖြစ်ပြီး အပြင်စွဲတွေအပေါ် အားကိုးတဲ့ ဆုံးဖြတ်ချက်တွေ၊ လိုက်လျောတဲ့ ဆုံးဖြတ်ချက်တွေချမှတ်မိတာ ဖြစ်တယ်။

ဒါကိုပဲ နေ့စဉ်ဘဝမှာ "ကျော်ကြားမှုဒဏ်၊ အောင်မြင်မှုဒဏ် မခံနိုင်ဘူး" လို့ ပြောကြတာပါ။ အတိတ်သမိုင်းမှာရှိတဲ့ အာဏာရှင်မှန်သမျှဟာလည်း ဒီဖြစ်စဉ်ကြောင့်သာ ဆိုးယုတ်တဲ့အဆင့်ထိရောက်သွားကြတာပါ။ အခု ကျွန်တော်တို့ရဲ့ ဇဟို အလုပ်အမှုဆောင် အဖွဲ့ဝင်များရဲ့ကိုယ်ရည်ကိုယ်သွေးများကိုလည်း ဆန်းစစ်ဖို့ လိုနေပါပြီ။

အခုအချိန်မှာ ကျွန်တော်တို့ကတော့ လည်စင်းခံရုံသာသာ အနေအထား ရောက်နေပါပြီ။ ပြဿနာရှုမယ့် အခြေ ရောက်နေပါပြီ၊ ဥက္ကဋ္ဌကတော့ သူတို့ဘာကို ပြုချင် တာလည်းကြိုတွေးပြီး အဆင်သင့်နထားသလိုတောင်ဖြစ်နေပါပြီ။

ရှစ်လေးလုံးနှစ်ပတ်လည်နေ့နောက် တစ်လပြည့်နေ့ဖြစ်တဲ့ ၈. ၉. ၉၁ ဟာ ထိုင်းထိုင်းမှိုင်းမှိုင်းနဲ့ရောက်လာပါတယ်။ စပြီးတော့သူလျှိုဖမ်းပွဲကျင်းပတာ (၁)လ ပြည့် ခဲ့ပါပြီ။ ပြဿနာကငြိမ်သက်မသွားဘဲ မီးပေါင်ပြည့်သွားတဲ့ စက်ရေနွေးအိုးလို ဝိုပြီး အရှိန်ကောင်း လာသလိုပါဘဲ။ ကျွန်တော့်ညီတော်မောင် ဥက္ကဋ္ဌကြီးထွန်းအောင်ကျော် ကတော့မီးဖိုဘေးမှာ ဂစ်တာတီးနေလေရဲ့၊ နီရိုးဘုရင် ပါရီမြို့မှာ လုပ်ခဲ့သလိုမျိုးပေါ့ဗျာ။ ကိုညီကလည်း ဘောလ်ပင်တစ်ချောင်း အဘိဓါန်တစ်အုပ်နဲ့ သူ့အခေါင်းသူ ဆေးသုတ် နေပါတယ်။

ရာပြည့်နဲ့ အောင်မင်းတို့ကတော့ ရေဒီယိုဖွင့်ပြီး အကြောလျှော့နေတယ်။ စိုးလွင်နဲ့ ပြဿနာကောင်(မျိုးဝင်းလှိုင်) ဝသုန် တို့ကတော့ ဘဝအရေးအတွက်လေ့လာ ပြင်ဆင်တဲ့အနေနဲ့ စစ်တုရင်ထိုးနေကြတယ်။ အဲဒီတော့ ကျွန်တော်ကရောဘာလဲ ဘာလုပ် နေသင့်လဲ၊ နွားတစ်ကောင်လို သေရင်ကောင်းမှာလား၊ ခွေးတစ်ကောင်လိုသေရင် ကောင်းမှာလား ဆိုတာကိုသာ ထိုင်စဉ်းစားနေလိုက် တော့မယ်။

# ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

ကျွန်တော်တို့အားလုံး အိပ်၊ စား၊ တွေဝေငေးမောခြင်းအလုပ် (၃)ခုကိုသာ လုပ်ပြီးကျောင်းသားတပ်မတော် ကယ်တင်ရေးလုပ်ငန်းကို ကြီးကြီးကျယ်ကျယ် စိတ်ကူးစိတ်သန်းတွေထုတ်ရုံကလွဲပြီး ဘာမှအကောင်အထည် မဖော်နိုင်ကြသေးပါဘူး။ ကျောင်းသားတပ်မတော်ကြီးဟာ ကျွန်တော့်ရှေ့မှာတင် တစ်စနဲ့တစ်စ ပြိုပျက်ကြေမွနေတာကို တွေးပြီးမြင်နေရပါပြီ။ နေ့ကညကူး၊ ညကနေ့ကူးတာတွေကိုလည်း သတိမထားမိတော့လောက်အောင် စိတ်တွေကလွင့်နေပါပြီ။ အခုလည်း အိပ်ယာထဲ အိပ်မပျော်ဘဲနေတာ ညောင်းတောင်လာပါပြီ။

အဲဒီအချိန်မှာရျိုးရျိုးရွှတ်ရွှတ်အသံတွေကြားအပြီး ကိုညီကို လက်ကုတ်နှိုးပြီးတော့ ဘာမှမပြော၊ ဘာမှမစုစ်ပဲ အိပ်ချင်ယောင်ဆောင်ပြီးတော့သာနေလိုက်ဖို့ ပြန်ပြောလိုက်ပါတယ်။

"ခင်ဗျားကလည်းဗျာ"...

"ရှူး ... တိုးတိုး၊ အပြင်ဘက်မှာ အခြေအနေမကောင်းဘူး၊ အသံမထွက်နဲ့"

ကျွန်တော်အခြေအနေမှန်ကိုသိလိုက်ပြီး (၅) မိနစ်ပဲရရ ထွန်းအောင်ကျော် အိပ်ရေးဝဝအိပ်ပါစေ ဆိုပြီးထားလိုက်ပါတယ်။ဘာလဲ၊ ဘာလဲ အသံတွေကြားရတယ်။ တစ်ဆက်တည်းမှာဘဲ ရှေ့ကနောက်က ခြေသံတွေကြားရပြီး ခဏလေး ငြိမ်သွားတယ်။ လူတွေများလိမ့်မယ်နဲ့ တူတယ်၊ အရင် ရက်တွေတော်တော်များများကတည်းက ဖြစ်နေတဲ့စိုးရိမ်ခဲ့ရမှုတွေ တကယ်ဖြစ်လာပြီဘဲ။ အင်း...အချိန်ရောက်ပြီလေ။

ကျွန်တော့်စိတ်ဟာရင်ဆိုင်ရဖို့ စိတ်ဒုံးဒုံးချလိုက်ပြီးတဲ့နောက်မှာ တည်ငြိမ်မှုရသွားပါတယ်။ အဖျဉ်းဆုံးတော့ဗျာ မျှော်လင့်နေရပြီး တွေးကြောက်နေရတာကြီးကို နဖူးတွေ့ဒူးတွေ့ရင်ဆိုင်ရတော့မှာဆိုတော့ စိတ်က တစ်ကြောင်းတည်းဖြစ်သွားတာမျိုးလည်း ဖြစ်နိုင်ပါတယ်။

လက်နိပ်ဓါတ်မီးအလက်ပေါင်းများစွာ တစ်ပြိုင်တည်းထွန်းပြီး မလှုပ်နဲ့ဆိုတဲ့ အမိန့်ပေးသံနဲ့အတူ အတိုအရှည်ကိုင် ငရဲသားတွေကျွန်တော်တို့အခန်းထဲဝင်လာကြပါပြီ။ ဒါကအဆုံးသတ်ပဲလား၊ ဒါမှမဟုတ် အဆုံးသတ်ခြင်းတစ်ခုအစပျိုးတာလား ဆိုတာတော့ မရှင်းသေးပါဘူး။ ဒါပေမယ့် အားလုံးလူစုံတက်စုံ အဆုံးသတ်မသွားအောင် တော့ တတ်နိုင်သလောက်ကြိုးစားရမှာပေါ့ဗျာ။

"အားလုံးငြိမ်၊ ထွန်းအောင်ကျော်အောက်ဆင်း၊ ပုံစံထိုင်"

အောက်ဆင်းပြီးထိုင်နေရက်တန်းလန်းကနေ မထိုင်မိသေးခင်မှာ မျက်နှာကို စစ်ဗိုနပ်နဲ့ ကန်လိုက်တာလိမ့်သွားပါတယ်။ မင်းကောင်းကောင်းမထိုင်ဘူးလားဆိုပြီး ရိုက်တဲ့ကောင်ကဝင်ရိုက်ပါတယ်။ ပထမတစ်ချက်နှစ်ချက်မှာ ထွန်းအောင်ကျော်အသံ မထွက်အောင်ထိန်းထားပေမယ့် နောက်အချက်တွေမှာမခံနိုင်တော့ပါဘူး။

"ရှိုကြီးဆင်း" ကျွန်တော်ဆင်းတာနဲ့ ကျွန်တော့်ကို ဝိုင်းကန်ကြ၊ ရိုက်ကြပါတယ်။

"ဒီကောင်က စရာတေးသမားနော်၊ သေနတ်လှူပြီးပြန်ပစ်လိမ့်မယ်။ မခုခံနိုင်အောင်လုပ်ထား"

ဆိုတဲ့အသံကြားရပါတယ်။ သေနတ် ၄ - ၅လက် ဝိုင်းချိန်ထားတာကို ဘာလုပ် နိုင်မှာလဲဗျာ၊ စရာတေးသမားတွေလည်း ကျည်မှ မပြီးတာ။

ကျွန်တော့်ခေါင်းပေါ်က စီးကျတဲ့သွေးတွေမျက်စေ့ထဲဝင်လာတာ ခံစားမိတယ်၊ နောက်နံရိုးလည်းကျိုးသွားသလား မသိဘူး။ ကျွန်တော်နာလို့အသံထွက်လိုက်တာ အသံ ထွက်လို့ထပ်အရိုက်ခံရတယ်၊ အဲဒီတော့အသံမထွက်အောင် ကြိုးစားတော့ အသံ မထွက်လို့

"ဟ ဒီကောင်ပီးတယ်ကွ၊ မနာဘူး"

ဆိုပြီးထပ်ရိုက်တယ်။ တကယ်ဆိုရင် ကျွန်တော်အော်လိုက်ရင်တောင်မှ နံဘေး ကနာလာပါတယ်၊ ဒီအချိန်မှာ ကျွန်တော် သိရသမျှကတော့ နာကျင်မှုပါ။ နာကျင်မှုဟာ တစ်ကိုယ်လုံးပျံ့သွားတယ်။ ပါရောင်ဆောင်းရဲ့အအေးဓါတ်က ဒီနာကျင်မှုနဲ့ ယှဉ်လိုက်ရင် ဘာမှမဟုတ်တော့ပါဘူး။

"အပြင်ထွက်၊ အပြင်ထွက်" ဆိုတာနဲ့ အတူခေါင်းငုံ့၊ ခေါင်းပေါ်လက်တင်ပြီး အပြင်ထွက်တော့ ထွန်းအောင်ကျော် ထိုင်နေတာတွေ့လို့ ကျွန်တော်လည်း သူ့နောက် ပုံစံထိုင် ဝင်ထိုင်လိုက်ပါတယ်။ ခဏလေးနေတော့ ကိုညီလည်းရောက်လာပါတယ်။

"ထွက်၊ ထွက်" ဆိုတော့ မျက်စေ့ ဝေ့ကြည့်လိုက်တော့ ကျွန်တော်တို့တဲက လူတစ်ယောက်မှ မကျန်တော့ပါဘူး၊ အကုန်လုံး အဖမ်းခံလိုက်ရပါပြီ။ အကုန်လုံး လူတန်း ထဲမှာ၊ မီးရထားတစ်စင်းလိုပေါ့။

မျိုးဝင်းတဲ့ ထဲကလည်းအဖမ်းခံတစ်အုပ်စု ကျွန်တော်တို့ရှေ့မှာ ကုတ်ချောင်း

ချောင်းနဲ့ ကိုယ်ရံတော်တွေ ဘယ်ညာခြံရံပြီး တောင်အောက်ဆင်းနေကြတာတွေ့ရပါတယ်။ စစ်ရုံးရောက်တော့ တစ်ချို့ကို အဲ့ဒီထဲချန်ထားခဲ့ပြီး ဆက်ဆင်းကြပါတယ်။ ကျွန်တော်နဲ့ထွန်းအောင်ကျော်ကိုတော့ ထောက်လှမ်းရေးရုံးထဲ ရိုက်သွင်းလိုက်ပါတယ်။

အထဲရောက်တာနဲ့ ကျွန်တော်တို့နှစ်ယောက်ကို ထောက်လှမ်းရေးက ဗိုလ်မှူးနှစ်ယောက်လို့ စွပ်စွဲပြီးဝိုင်းဆဲကြ၊ ဆိုကြ၊ ရိုက်ကြ၊ ကန်ကြနဲ့ နာကျင်မှုတွေက တစ်ကိုယ်လုံးမှာ ပျံ့နေပြီး လောကငရဲကိုအရှင်လတ်လတ်ကျသွားသလိုပါဘဲ။ ဘယ်လောက် ကြာအောင်ဆက်ပြီး အရိုက်ခံရတယ်ဆိုတာကို မသိတော့ပါဘူး၊ ရိုက်တာတွေကဆက်သွားတော့ ဆက်ပြီးမနာတော့သလိုပါဘဲ။ တစ်ကိုယ်လုံးကလည်း သွေးတွေနဲ့ ရွှဲနေပါပြီ၊ ကျွန်တော့်ညီကိုကြည့်မိတော့ သူကကျွန်တော့်ထက်ပိုပြီးခံရတယ်လို့ ထင်ရလောက်အောင် စုတ်ပြတ်နေတာကိုတွေ့ရတယ်။

"မင်းကထောက်လှမ်းရေးက တပ်မှူးလုပ်နေပြီး မရှက်မကြောက်ကျောင်းသားတပ်မှာလာပြီး ဥက္ကဋ္ဌလုပ်တဲ့ကောင်"

ဆိုတဲ့ စကားမျိုးအပြင် ကျွန်တော်တို့ ရဲ့စိတ်ပိုင်းဆိုင်ရာကို အစော်ကားနိုင်ဆုံးစကားလုံးတွေနဲ့ ညစ်တီးညစ်ပတ်မျိုးစုံ ဆဲဆိုပြီး ရိုက်နှက်၊ နှိပ်စက်နေကြတာပါ။ သန်းဇော်ကိုတစ်ယောက်ကလှမ်းပြောတယ်။

"ဟေ့ကောင်တွေ လက်လွန်ပြီးမသေစေနဲ့ ဒီကောင်တွေသေချင်နေမှာ၊ သေရင်ငါတို့ရှုံးတယ် သူတို့ အကျီအိတ်ထဲ၊ ဘောင်းဘီအိတ်ထဲမှာ "အာဆင်းနစ်" အဆိပ်တောင့်တွေဘာတွေ ရှိရင်ရှိနေမှာ"

အလကားဗျာ စွပ်စွဲကောင်းအောင်၊ ဇာတ်နာအောင် ပြောချင်ရာတွေပြောနေတာ။ ကျွန်တော်တို့လိုကောင်တွေက အဖန်ငါးရာ၊ ငါးကမ္ဘာကို တကယ်ကြောက်တဲ့သူတွေဗျ။ ဒါပေမယ့်ဗျာ ကျန်တဲ့ကလေးတွေနဲ့ အားလုံးကိစ္စကို မစဉ်းစားဘဲ စိတ်လျှော့လိုက်ရင်တော့ ကျွန်တော်တို့ချက်ချင်းများ သေသွားမှာလားမသိဘူး၊ လူတစ်ဦးနဲ့တစ်ဦးအဲ့သလောက်ကြီး နှိပ်စက်နိုင်တယ်ဆိုတာမျိုး တွေးတောင်မကြည့်ဖူး ပါဘူး။ အခုတော့ ကိုယ်တွေ့ကြုံနေရပါပြီ။

မနာတော့ဘူးပြောပေမယ့်လည်း နံဘေးတို့ ဗိုက်တို့ အကန်ခံရတဲ့အချိန်မှာတော့ တော်တော်နာတယ်ဗျာ။ နာကျင်မှု ဝေဒနာက ဟိုးအတွင်းကလီစာတွေက လာတာ၊ အသက်ရှုလို့ မရတော့ဘူးနံဘေးကန်ပြီဆိုရင်တော့ လေတွေအလုံးလိုက်

ပါးစပ်ထဲက အန်ထွက်လာပြီးနာကျင်တာတွေကရင်ဘတ်လောက်ကနေပြန်ဆင်းသွားပြီးမှ ဗိုက်ထဲမွှေသွားတာ၊ ကန်တာရယ် လေအန်ထွက်တာရယ် ဆက်တိုက် ဖြစ်သွားပြီးချိန်မှာမှ နာကျင်မှုကြီးက ကျန်ရစ်တာ။

ငါမသေရဘူး၊ ချက်ချင်းမသေရဘူး။ အနည်းဆုံးငါတို့ဒီလိုဖြစ်တာကို သက်သေများများကျန်ရစ်အောင် ရက်ရှည် နိုင်သလောက်ရှည်ရှည်ခုခံထားရမယ်။ ရနိုင်ရင်လည်း တစ်ယောက်နှစ်ယောက်တော့ ကိုယ်နဲ့အတူခေါ်သွားရမယ်။ ဒီအတွေးတွေးမိလိုက်ချိန်မှာ လူကနည်းနည်းသက်သာသွားသလို ခံစားရလေတယ်။

အချိန်စောင့်ရမှာပေါ့။ ဖြစ်လာပြီပဲလေ။ ရင်ဆိုင်ရမှာပေါ့၊ ခဏအကြာမှာ ကချင်လိုပြန်လှန်ပြောဆို ငြင်းခုန်နေတာတွေ ကြားရတယ်။ တစ်ယောက်ကတော့ လဆိုင်း၊ နောက်ပိုဘက်က ပြောနေတာတော့ ဘယ်သူလဲမသိဘူး။ ခဏကြာမှသိရတာ အဲဒါ ဗိုလ်မှူးပန်းအောင်။

ဗိုလ်မှူးပန်းအောင်က ကိုညီကို ဟိုဘက်ခေါ်သွားလိမ့်မယ်ဆိုဘဲ၊ ထွန်းအောင်ကျော်ကို ကြည့်လိုက်တော့ သူလည်း ကြားတယ်ဆိုတဲ့ သဘောဆောင်တဲ့ မျက်နှာရိပ်၊ မျက်နှာကဲကိုတွေ့လိုက်ရတယ်။

(ကိုညီရေ ဟိုဘက်မှာနေပြီး ဒီပြဿနာရှင်းဖို့ကြိုးစားကွာ၊ ကိုချိုလည်း မင်းပြန်လာတဲ့အထိ အသက်ဆက်နိုင်အောင်ကြိုးစားမယ်။ မင်း တို့ကို ပစ်မထားဘူး ဆိုတာ ကိုချိုယုံတယ်ကွာ)

"ကောင်းတယ်၊ အနည်းဆုံးကျွန်တော်တို့ အဖမ်းခံရတာဖုံးထားလို့ မရတော့ဘူး"

"ကဲ အခု ဘယ်လောက်ပျော်စရာကောင်းသလဲ၊ ကျောင်းထဲမှာ လျှောက်သွားကြတာ၊ ကျန်တဲ့သူငယ်ချင်း တွေရော အတူတူပါတယ်လေ။ မဟုတ်ဘူး၊ ဂိုထောင်ထဲမှပဲ ကစားမှာ၊ ပဲအိတ်တွေမရှိဘူး။ ကောင်းကောင်းကစားလို့ရတယ် Free fighting တောင်လုပ်လို့ရတယ်။ အဖေကကျွန်တော့်ကိုညီလေးစားပွဲစောင်းနဲ့ တိုက်မိပြီး ခေါင်းကွဲသွားလို့ ရိုက်တာ၊ ကျွန်တော် အလကားနေရင်းအရိုက်ခံရတာ။ အခု ကျွန်တော် ခေါင်းတောင်ကွဲသွားပြီ၊ တစ်ကိုယ်လုံးလည်း နာနေတာ"

"ကြက်သား ပိုကြိုက်တာပေါ့၊ အမဲသားက သားကြီးငါးကြီးလေ။ စားတာအမေကသိပ်မကြိုက်ဘူး။ ကိုညီငါမင်းကိုပြောတာမဟုတ်ဘူး၊ မင်းမှန်တယ်လေ

## ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

ဒီကောင်တွေကို ပြန်ချကွာ၊ မင်းချောင်းရိုက်သင့်လည်းရိုက်ပစ်လိုက်။ ဟေ့ကိုညီ သီချင်း မဆိုနဲ့ကွာ ငါနားမထောင်ချင်ဘူး၊ အိပ်ချင်တာ။ ညကဇာတ်သွားကြည့်တာ မအိပ်ရသေးဘူး"

"ဒီကောင်တွေမအိပ်စေနဲ့၊ အနားကပ်ပြီး သီချင်းဆိုနေ"

"မဟုတ်ဘူး၊ C.S ဒီကောင်ယောင်နေတာ"

"ခဏပါကွာ မင်းကွာခြေသုံ့လည်းအိပ်တာပဲ လင်းယုန်လည်းအိပ်တာပဲ၊ ငါးတော့မများနဲ့ကွာ သိပ်လှည့်စားလွန်းရာကျပါတယ်၊ မင်းများချင်ရင် ချိတ်ချည်းပဲ များလေ၊ အစာမထည့်နဲ့ ထည့်ရင်လိမ်တာပေါ့၊ လိမ်တာမျိုးတော့ ငါမကြိုက်ဘူး၊ လပ်ကီး စထရိုက်ပဲသောက်ပါကွာ၊ အဆုတ်ထဲအပြည့်ရှိုက်သွင်းလိုက်၊ အနည်းဆုံးကွာ ယောက်ျား စော်တော့ နံလာလိမ့်မယ်၊ အစီခံမပါတာကြိုက်တယ်၊ မနက်ဖြန် ပေါ့၊ ရေမချိုးချင်ပါဘူးဗျာ၊ ဟ အေးတယ် အေးတယ် မလုပ်နဲ့"

ကျွန်တော်ထိုင်ရက်နဲ့ ရေတွေရွှဲနေတာ၊ ဘေးမှာရေပုံးအလွတ်ကြီးကိုင်ပြီး ဇော်ဇော်မင်းက ပါးစပ်ဖြဲပြီးပြုံးပြနေတာ တွေ့ရတယ်။ အခြေအနေမှန်ကို ကျွန်တော် ချက်ချင်းသတိမရဘူး။ ကိုယ်ဘာဖြစ်နေမှန်းမသိဘူး။ တစ်ကိုယ်လုံးနာတာပဲသိတယ်။ ခဏလေးနေမှ ဘေးကိုကြည့်မိတော့ ထွန်းအောင်ကျော်ကို သန်းဇော်က စကားပြောလိုက်၊ ပါးရိုက်လိုက်လုပ်နေတာ တွေ့မှပဲ အဖြစ်အပျက်တွေကို ပြန်သတိရလာတယ်။

ဘေးက အခြေအနေတွေဆက်စပ်ပြီးတဲ့နောက်မှာ ပထမဆုံးခံစားမှုက နာကျင်ခြင်းပဲ၊ ခန္ဓာကိုယ်တစ်ခုလုံး နာကျင်ကိုက်ခဲနေတယ်။ နောက်စေ့ထဲမှာရော နားထင်ထဲမှာရော နောက်မျက်နှာတစ်ခုလုံးကလည်း ရှိန်းဖိန်းဖိန်းနဲ့ မေးတဲ့ စကားပြန်ဖြေဖို့ကြိုးစား ပါးစပ်ဖွင့်လိုက်ရင်လည်း နှုတ်ခမ်းတွေက ယောင်ပြီးနာနေတယ်။ နေရာတကာမှာ ထိုးထိုးပြီးနာနေတယ်။ ရှေ့ကိုကြည့်ရတာလည်း ပြတ်ပြတ်သားသား မရှိလှဘူး။

ဒီနေ့တော့ နဲနဲသက်သာတယ်ထင်တာဘဲ၊ မနေ့ကဖမ်းစက ရိုက်သလိုမျိုး မရပ်မနား တောက်လျှောက်ရိုက်နေတာမျိုးမရှိဘူး။ အင်းလေအခုထက်ထိ မရှိသေးဘူးပြောတာ ထွက်ခလုတ်၊ ဝင်ခလုတ်ရိုက်တာတွေကတော့ တောက်လျှောက်ပါဘဲ။ လူတစ်ယောက်ဝင်လာမှာ တောင်ကြောက်နေတယ်။

ထောက်လှမ်းရေးရုံးက ထက်ဝက်ခြမ်းထားပြီး အတွင်းခန်းက (၂)ထပ်အိပ်စင်တွေနဲ့ ဖွဲ့စည်းထားတဲ့အိပ်ခန်း၊ အပြင်ခန်းမ ကျယ်ကြီးက ထရံကို ကျောမှီပြီး

ထိုင်လို့ရတဲ့ နေရာလွတ် အကျယ်ကြီး၊ အဲဒီမှာ အလျင်းသင့်သလို ငုတ်တွေစိုက်၊ တိုင်တွေစိုက်ပြီး ကျွန်တော်တို့လို ဖမ်းထားတဲ့သူတွေကို ကြိုးချည်ပြီးနှိပ်စက်တာ။ ကျွန်တော်တို့နှစ်ယောက်ဟာ တရုတ်ရင်ပေါင်ကြမ်း (ကတ္တရာလိပ်) အပြဲတွေခင်းထားတဲ့ မြေကြီးပေါ်မှာ ဒီနေရာတွင်အိပ်၊ ဒီနေရာတွင်စား (စားဆိုလို့အစုထက်ထိ ၁ နပ်ပဲစားရသေးတယ်) ဒီနေရာမှာပဲ အရိုက်ခံနေရတာ။

ကျွန်တော်ကတော့ မန္တလေးထောက်လှမ်းရေး(၁)က ဗိုလ်မှူးမောင်မောင်ချို ဖြစ်တဲ့အကြောင်းနဲ့ ထွန်းအောင်ကျော်က ထောက်လှမ်းရေး(၁)ကပဲ ဗိုလ်မှူး ထွန်းအောင်ကျော်လို့တော့ စွပ်စွဲနာမည်တပ်သွားပြီး နာမည်တပ်သွားပြီလို့ပြောတာက ကျွန်တော်တို့ကို ထောက်လှမ်းရေးဟုတ်မဟုတ်စစ်ဆေးပြီး ဝန်ခံခိုင်းတာမဟုတ်ဘူး၊ သူတို့သိပြီးသားဆိုပြီး ရိုက်နှက်တံဆိပ်ကပ်လိုက်ကြတာ။

ကျွန်တော်တို့နှစ်ယောက်ကို စကားပြောခွင့်ပေးတယ်။ သူတို့ပြောတာက

"မင်းတို့ ၂ယောက် ထောက်လှမ်းရေး(၁)က ဗိုလ်မှူးတွေဖြစ်တဲ့ အကြောင်းဝန်ခံ စရာမလိုပါဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ ငါတို့ကသေသေချာချာသိထားတဲ့ ကိစ္စမို့လို့ဘဲ။ မင်းတို့ နှစ်ယောက်တိုင်ပင်ပြီး လုပ်ကြံရေးလက်နက်တို့ အဆိပ်တို့ ဆက်သွယ်ရေးစက်တို့ထုတ်ပေးပါ၊ နောက်ပြီးလုပ်ငန်းတစ်ခုချင်းစီအတွက် လက်ထောက်တွေ ဆက်သွယ်ရမယ့်သူတွေစာရင်း လိုချင်တယ်"

ကျွန်တော်လည်း အချိန်တိုအတွင်း ရက်ရက်စက်စက်အတွယ်ခံထားရပြီ၊ ထွန်းအောင်ကျော်လည်းလူရုပ်မပေါ်တော့ဘူး။

"မင်းတို့ပစ္စည်းတွေနဲ့ လူတွေထုတ်ပေးရင်ပေး ၊ မပေးရင်နာပြီ သာမှတ်"

ဗျာ၊ အခုအတိုင်းကို သူတို့က မနာသေးတဲ့အခြေလို့သတ်မှတ်ထားတာဆိုရင် နာတယ်ဆိုတာမျိုးက ဘယ်လိုများဖြစ်မလဲမသိဘူး။ သန်းဇော်ကဝင်ပြီး

"ကဲ မင်းတို့ ဖုံးထားဖို့ ကြိုးစားရင်လည်း မင်းတို့မအောင်မြင်နိုင်ဘူး ဆိုတာသိထားကြ၊ အားစိုက်က အဆိပ်စတ်ပြီး ကျောင်းသားတပ်မတော်က လူကြီးပိုင်းကို လုပ်ကြံဖို့ကြိုးစားခဲ့တာဝန်ခံပြီးပြီ၊ သူ့ရဲ့တပ်မှူးက မင်းတို့ဆိုတာလည်း ပြောပြီးပြီ၊ အဲဒီလိုပဲ ဟိုကုလား ညီညီကျော်လည်း ဟန်နဲ့ပန်နဲ့ကွာ မတန်မရာ ခရိုင်မှူးသွားလုပ်နေတာ၊ ဒီကောင်စက်သွယ်ရေးစက်ဖွက်ထားတာ အဆိပ်လိုင်းမှာလည်း ဒီကောင်တာဝန်ရှိတယ်၊

## ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

မင်းတို့ရဲ့ကွန်မင်ဒို ရန်အောင်ကတော့ လက်နက်တွေဂွက်ထားတဲ့နေရာ အစုထက်ထိမပြ သေးတာကလွဲလို့ ကျန်တာအားလုံးဝန်ခံသွားပြီ၊ မင်းတို့နှစ်ယောက်ကို လွတ်လွတ် လပ်လပ်စကားပြောနိုင်းတာ ငါတို့ကိုလိမ်မယ့်ကိစ္စတွေတိုင်ပင်ဖို့ မဟုတ်ဘူး၊ ကျောင်းသား တပ်မတော်ကွ၊ ငါတို့အကုန်သိပြီးပြီ မင်းတို့ထောက်လှမ်းရေးတွေလောက်တော့ ပျင်း တောင်ပျင်းသေးတယ်၊ မင်းတို့ကို ဖမ်းချင်ရင်စရောက်တုန်းကတည်းက ဖမ်းလို့ရတယ်၊ အခုငါပြောနေတာက ဖုံးလို့မရမယ့်အတူ အနာမခံဘဲ ပစ္စည်း၊ လက်နက် ထုတ်ပေး ဖို့သာ လုပ်ကြပါ၊မဟုတ်ရင်နာမယ် ဒီထက်နာမယ်"

ဘယ်လိုရှုးကြောင်ကြောင်ကောင်တွေလဲဗျာ၊ သူတို့ပြောနေတာတွေ တစ်ခုမှ မဟုတ်တာ၊ ဘာကိုဝန်ခံပြီးဘာကို ထုတ်ပေးရမှာလဲ၊သူတို့က ပြောကြသေးတယ်၊ ကျွန်တော်တို့ကို ဗိုလ်မှူးတွေမှန်း၊ ဗိုလ်ကြီးတွေမှန်း၊ ဗိုလ်တွေမှန်းအစကတည်းက သိတာ မဖမ်းချင်သေးလို့ လွှတ်ထားတာတဲ့ဗျာ၊ကျွန်တော်တို့သာထောက်လှမ်းရေးတွေဆိုရင် ဒီလောက်အင်အားနဲ့ သူတို့ကို ဝါးရင်းတုတ်နဲ့တင်ရိုက်သတ်ပစ်ပြီး န.ဝ.တ လက်ဝေခံ ABSDF ဖွဲ့ပစ်လိုက်လို့တောင်ရတယ်၊ ရူးပေါ့ကွာ၊ ရိုက်ကြ စော်ကားကြ၊ သိက္ခာချကြနဲ့၊ ကျွန်တော်တို့ တောခိုလာတဲ့အဖွဲ့ဟာ မိခင်အဖွဲ့ကြီးဟာ ဒီမိုကရေစီအတွက်၊ လူ့အခွင့် အရေးအတွက် တိုက်ပွဲဝင်နေတဲ့ အဖွဲ့ပါဆိုတာကြီးက အကြီးဆုံးသရော်မှုကြီးဘဲ၊

နာတာရယ်၊ အေးတာရယ်၊ ဆာတာရယ်၊ ဆီးဝမ်းအောင့်တာရယ်၊ အေးတာ ရယ်၊ ကိုက်တာရယ်၊နာတာရယ်၊စော်ကားခံရတာရယ်ကောင်းတာ ဘာတစ်ခုမှ မရှိတော့ ပါဘူးဗျာ၊ ကျွန်တော်တို့နှစ်ယောက်ဆို ဘာမှဝန်မခံရသေးဘူး၊ ဝန်ခံရအောင်လည်းဘာမှ စစ်ပြီးဝန်ခံနိုင်းတာမရှိဘူး၊ ဒီပြင်မှာ ဝန်ခံတဲ့သူတွေ ရှိရင်လည်းဗျာ ဒီလောက်နာမှတော့ ဝန်ခံကြမှာပေါ့၊ သူ့လိုသာရိုက်ရရင် ကျွန်တော်တို့လည်း သူတို့လိုစစ်လို့ရတာပေါ့၊တံခါးက အသံကြားလိုက်လို့ကြည့်လိုက်တော့ အောင်နိုင်အခန်းထဲ ဝင်လာ တယ်၊ စပ်ဖြဲဖြဲ၊ မချို မချဉ်အပြုံးနဲ့၊

"ဟေ့ကောင် ထွန်းအောင်ကျော်၊ ချိုကြီး မနာချင်ရင်ဖြူစင်လိုက်ပါ၊ မင်းတို့သိဖို့က ကျောင်းသားတပ်မတော်ကွ၊ ဘယ်တော့မှမမှားဘူး၊ မင်းတို့ ဖမ်းတဲ့အထဲမှာ မှားဖမ်းမိတဲ့သူတစ်ယောက်ပါရင် ငါတို့ ကိုယ့်သဘောနဲ့ကိုယ်ကြိုးစင်တက်လိုက်မယ်၊ မင်းတို့လည်းစစ်သားပဲကွာ ဂုဏ်သိက္ခာရှိစမ်းပါ၊ အရှုံးကို ဝန်ခံစမ်းပါ၊ တာဝန်ယူပါ၊ ကိုယ့်လက်အောက်ကရဲဘော်တွေအသက်ကို မင်းတို့ဂုဏ်သိက္ခာနဲ့မလဲပါနဲ့၊ အရေးအကြီး

ဆုံးကဖြူစင်ပါကွာ၊ မင်းတို့ဖြူစင်ရင် မင်းတို့အသက်ချမ်းသာရာ ရနိုင်တယ်"

စကားဖြတ်လိုက်ပြီး မပြန်ခင်နှုတ်ဆက်တဲ့အနေနဲ့ ထင်းချောင်းတစ်ချောင်း ကောက်ကိုင်ပြီး တစ်ယောက် (၃)ချက်စီ ခေါင်းကို အားရပါးရ ရိုက်သွားပါတယ်။ ဒီခွေး သူတောင်းစား ဂျပု သူ့အဖမ်းခံရမှာကြောက်လို့ ဟိုဘက်ကပ်သွားတာ။ ကျွန်တော်တို့ မဟုတ်မှန်း ဒီကောင်ကောင်းကောင်းသိတယ်။ အလကားမိမစစ် ဖမစစ်ကောင်။

ထောက်လှမ်းရေးရုံးထဲက အဖွဲ့ဝင်တွေနဲ့အတူ စစ်ရုံးကလူတွေဟာ စိတ်ကူး ရှိသမျှသော နည်းလမ်းပေါင်းစုံနဲ့ သူမတူအောင် ရက်စက်ပြကြပါတယ်။ ဝန်မခံသူတွေ ဥပမာ ခင်မောင်စိုးတို့၊ ကျော်ဌေးတို့ကို စစ်ကြောရေးလို့ခေါ်တဲ့ ဒီအခန်း ထဲမှာ၊ စစ်ရုံးထဲမှာ၊ မျိုးဝင်းတဲထဲမှာ အသေရိုက်သတ်ပစ်ကြပါတယ်။ အေးကျော်က ရေ့တွန်းမှာသက်ထွန်း တို့က ဖမ်းတဲ့နေ့မှာဘဲ ဝန်မခံလို့ ရိုက်သတ်လိုက်တာ။

ဒီလိုသေသွားခဲ့တာတွေနဲ့ ပတ်သတ်ပြီးဘယ်သူကမှလည်း ရေးကြီးခွင်ကျယ် လုပ်ပြောမနေကြပါဘူး။ ကံ၊ ကံ၏ အကျိုးပေးတို့၊ သေနေ့စေ့လို့ သေတာပဲလေလို့တောင် မပြောကြဘူး။ ကလေးတွေစွန်လွှတ်ကစားရျိန် စွန်တစ်ချပ်ပြတ်သွားသလောက်သာ သဘောထားကြတာ။ ဟုတ်တယ်လေ၊ ဘောလုံးတို့ဘာတို့ ပျောက်သွားရင်တောင် လိုက် ရှာတာတို့ ခံစား ရတာတို့ ရှိဦးမှာ။

အဖမ်းမခံရဘဲကျန်နေတဲ့ ရဲဘော်အားလုံးရဲ့စိတ်ထဲမှာလည်းကျောင်းသားတပ်၊ ထောက်လှမ်းရေးဌာနရဲ့ လက်ချက်နဲ့ သေသွားသူအားလုံးဟာ သေသင့်သေထိုက်လို့ သေကြတာ၊ နောက်ထပ်သေသင့်တဲ့ လူတွေလည်း ကျန်နေသေးတယ်လို့ ခပ်တုံးတုံး ယုံ ကြည်နေကြတာပါ။ အနည်းဆုံးဗျာ အဲ့သလို မယုံကြည်ဘူးဆိုရင်တောင်မှ ဗိုဗိုရိရိကြီး ယုံချင်ယောင်ဆောင်နေကြတာ။ အရာရာတွေကို သူတို့ဘာမှမသိ၊ ဘာမှမကြား၊ ဘာမှ မစဉ်းစားတဲ့ပုံစံမျိုးနဲ့လေ။ ရလဒ်ကတော့ သူတို့ရဲ့ဥက္ကဋ္ဌကြီးနဲ့ ဗဟိုကော်မတီဝင် အများစုက အစုထောင်ထဲမှာ ပိုးစိုးပက်စက်အနိပ်စက်ခံနေရပြီလေ။

သံချောင်းနဲ့ မျိုးဝင်းတို့က ငါတို့ဘက်ကလူဆို ငါတို့ဘက်ရပ်၊ ငါတို့ဘက်မရပ်ရင် သူတို့ဘက်ကလူပဲဖြစ်ရမယ်ဆိုတာမျိုး ကြွေးကြော်ကြတာ။ ထုံးစံအတိုင်းပေါ့ဗျာ၊ သူတို့ ပြောလိုက်ပြီဆိုမှတော့ အောက်မှာပဲ့တင်ရိုက်သလိုမျိုး အားလုံးပါးစပ်ကပြိုင် ထွက်လာ ကြတော့တာ။

အသိတရားချို့တဲ့သူတွေနဲ့ ပညာဉာဏ်နည်းသူတို့ဟာ အစဉ်သဖြင့် အမှိုအခို

## ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

တစ်စုနဲ့ပဲ အသက်ရှင်နေထိုင်ကြတယ်။ အမှီအခိုဆိုတဲ့အရာကလည်း သူတို့ရဲ့အသက်အိုးအိမ်၊ စည်းစိမ် (ဒီနေရာမှာတော့ အသက်တစ်ခုတည်းပေါ့ဗျာ) ကိုအကာအကွယ်ပေးနိုင်တဲ့အရာ၊ ဒါမှမဟုတ်လူဖြစ်ရမယ်လေ။ အဲ့ဒီတော့ ရွေးချယ်စရာက သံချောင်း၊ မျိုးဝင်းတို့ပဲ ကျန်ခဲ့တာပေါ့။ အဲ့ဒီမှာ အဆင်ခြင်မဲ့စွာနဲ့ ထောက်လှမ်းရေး ဖော်ထုတ်ပွဲ အမှုကိစ္စကြီးကို မျက်စေ့မှိတ်ယုံ (ဒါမှမဟုတ် ယုံချင်ယောင်ဆောင်) လိုက်ကြတာ။ နောက်တစ်ချက်က အစုလုပ်နေကြတဲ့သူတွေဟာ ကသာအထက်ပိုင်းက လူတွေကပဲဦးဆောင်တဲ့အုပ်စုဖြစ်နေပြီး အဲဒီသူတွေရဲ့နောက်လိုက်တွေကတော့ အဲ့ဒီအထက်သား စစ်စစ်တွေသာဖြစ်တယ်။

အဲ့ဒီနောက်လိုက်တွေရဲ့ဘဝဟာသက်တမ်းတစ်လျှောက်လုံး အရင်မျိုးဆက်တွေ၊ မျိုးဆက်တွေကအစ စစ်ဘုရင်တွေနဲ့စစ်အာဏာရှင်အောက် နေခဲ့ရတာ။ ကျယ်ကျယ်လောင်လောင်နဲ့ များများပြောသံကြားရရင် နာခံတာ၊ နားထောင်တာ။ အမိန့်ဆိုရင် ရိုကျိုးနာခံတာဆိုတာမျိုးတွေက သူတို့ဘဝရဲ့ဖြစ်တည်မှုထဲမှာကို အရိုးစွဲနေပြီ။

ကျွန်တော်အိပ်ချင်တယ်ဗျာ၊ တစ်ရေးလောက်အသေအလဲအိပ်ချင်နေပြီ။ ဒါပေမယ့်ခေါင်းထဲမှာ ထူးထူးဆန်းဆန်းကြီး ကိုက်နေတာကြောင့် ဘယ်လိုမှ အိပ်မပျော်နိုင်ဘူးဖြစ်နေတယ်။ အတွေးတွေကြောင့်လည်းပါမှာပေါ့လေ။ ကြိုးစားအိပ်လိုက်လို့အိပ်ပျော်မယ်ကြံ့ကာရှိသေးတယ် တစ်ယောက်ယောက်က လာနှိုးပြီး စကားပြောတယ်ဗျာ။

"ချိုကြီး၊ ချိုကြီး ထစမ်း။ ငါတို့စကားနည်းနည်းပြောရအောင်"

"ဟုတ်ကဲ့ ခင်ဗျ"

ကျွန်တော်စကားမဆက်နိုင်ပါဘူး။ သူတို့နှစ်ယောက်က ကျွန်တော့်ကိုပါးစပ်နဲ့စကားမပြောဘဲ ဝါးဆစ်ပိတ်တုတ်နဲ့ စကားပြောတာကိုး။ ကျွန်တော့်နားက နားမထောင်ရဘဲ ကျွန်တော့်ခေါင်းကနားထောင်နေရတယ်။ နောက်ပိုင်းကျ တစ်ကိုယ်လုံး၊ ပေါင်မှာ၊ ကျောမှာ၊ ဗိုက်မှာနေရာစုံအောင် အကန်ခံရတယ်။

"ကဲ၊ ကဲ ထ၊ မတ်တပ်ရပ်။ ပြီးရင်အပြင်ထွက်"

ကျွန်တော်မတ်တပ်ရပ်ဖို့ကြိုးစားတာ (၂)ခါလောက်ပြန်လဲကျတော့ ကျွန်တော့်ကို အရှတ်တိုက်အပြင်ဆွဲခေါ်ပြီး စစ်ရုံးဘက် ခေါ်သွားတယ်။ ထောက်လှမ်းရေးရုံးရှေ့ကချောင်းပေါ်ကနေ့လန့်ဖြတ်ခင်းထားတဲ့ အခင်းတိုင် (၃)ခုနဲ့ လုပ်ထားတဲ့ တံတားရောက်မှနားပြီး ဖွတ်ဖြတ်ခိုင်းတာ။ စစ်ရုံးထဲအဝင်ပေါက်ရောက်တော့ ထောက်လှမ်းရေးက ချာတိတ်

တစ်ယောက်ဖြစ်တဲ့ သက်လင်းကအော်ပြီး

"ကြည့်ကြစမ်း၊ မင်းတို့သေရာကြည့်ကြ၊ စကားမပြောခင်သေရာ ပြန်စဉ်းစား၊ မဖြူစင်တဲ့ကောင်တွေ ဒီကောင့်လိုနာမယ်ဆိုတာ သိထားကြ"

စကားမပြောခင်သေရာစဉ်းစားဆိုတော့ဘာကိုစဉ်းစားရမှာလဲ၊ မသိတော့ပါဘူး၊ စကားမပြောခင် သေရာစဉ်းစား ဆိုတာက ကျွန်တော်တို့ဟာ သူတို့စွပ်စွဲသလိုမျိုး ထောက်လှမ်းရေးဖြစ်တဲ့အကြောင်း ကျွန်တော်တို့ဟာ ရန်သူများဖြစ်ကြောင်း၊ အပြင်မှာ ကျန်နေတဲ့သူတွေကို ပြောပြစေလိုတာမှန်း ကျွန်တော်တို့နားလည်ခဲ့ပါတယ်ဗျာ။

ဒီကိစ္စတွေအားလုံးဟာ ပထမလူစစ်ချက်နဲ့ဒုတိယလူဖမ်းတဲ့ကိစ္စ မဟုတ်ပါဘူး။ ကြိုတင်စီစဉ်ထားတဲ့အတိုင်း တစ်ယောက်ပြီးတစ်ယောက် အစဉ်လိုက်ဖမ်းသွားတဲ့ကိစ္စပါ။ ကျွန်တော်တို့ဟာ သွေးအေးအေးနဲ့ လုပ်ကြံခံခဲ့ရတာပါ။ ပထမဆုံးလူ(၅)ဦး ဖမ်းပြီးရက်ရက်စက်စက်နှိပ်စက်မေးမြန်းပါတယ်၊ အဲ့ဒီထဲကတစ်ယောက်ကို စစ်ကြောရေး အခန်းထဲ ရက်ရက်စက်စက် သတ်ပြခဲ့လိုက်တာဟာ ကျန်သူ (၄)ဦးကို သတိပေးခြိမ်းခြောက်လိုက်တာပါ။ အသတ်ခံရတဲ့သူကတော့ ဦးအောင်ကိုးဖြစ်တယ်၊ ရင်းမှူးအောင်သန်းက အရက်မူးပြီးအချုပ်ခန်းထဲဝင်လာခဲ့တယ်။ သေနတ်တစ်လက်နဲ့ ဟိုလူကိုပစ်မယ်၊ ဒီလူကိုပစ်မယ်နဲ့ နောက်ဆုံး ဦးအောင်ကိုးရှေ့မှာ ကျည်မတော်တဆထွက်လို့ဆိုပြီး ဦးအောင်ကိုးကို တည့်တည့် မှန်ပြီးသေသွားခဲ့ပါတယ်။

ဗိုလ်အောင်သန်းကို ဘာမှအရေးမယူပါဘူး၊ စစ်ဆေးမေးမြန်းမှုတွေ မလုပ်ပါဘူး။ ဘာဖြစ်လို့လဲဆိုရင် ဗိုလ်အောင်သန်းက မျိုးချစ်တော်လှန်ရေးသမား တစ်ယောက်ဖြစ်ပြီး ဦးအောင်ကိုးက သစ္စာဖောက်သူလျှို တစ်ယောက်ဖြစ်လို့ပါ။ အောင်သန်းအရက်မူးပြီး မတော်တဆပစ်မိတယ် ဆိုတာကလည်း တော်လှန်ရေးအတွက် နာကျည်းပြီး လက်လွန်သွားတာတစ်ခုသာဖြစ်ပါတယ်၊ သေဒဏ်ကျခံထိုက်တဲ့ပြစ်မှုကျူးလွန်ခဲ့တဲ့ ဦးအောင်ကိုးလိုလူမျိုးဘယ်လိုနည်းနဲ့သေသွားသေသွား ဘာမှနမြောစရာမရှိပါဘူး။

ကျွန်တော်တို့ကို စစ်ရုံးထဲမှာ သံချောင်းကလာရိုက်ပါတယ်။ ဒရမ်မာတစ်ယောက်ကျွမ်းကျွမ်းကျင်ကျင် ပတ်ရာလှည့်တီးသလိုမျိုး လက်ရောခြေပါ အသုံးပြုနေတာပါ။ သက်နိုင်ကို သံချောင်းသတိထားမိချိန်မှာ သံချောင်းက အခြားသူတွေကိုဆက်မရိုက် တော့ဘဲ သက်နိုင်တစ်ယောက်တည်းကိုပဲ ဖိရိုက် လိုက်တယ်၊ ခေါင်းကို ရိုက်လိုက်၊ ခြေထောက်နဲ့ မျက်နှာနဲ့ဗိုက်ကိုကန်လိုက်လုပ်ပြီး နောက်ဆုံးသေနတ်အိတ်ထဲက

# ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

သေနတ်အတိုကိုထုတ်ပြီး သေနတ်ဒင်နဲ့ နောက် သေနတ်ပြောင်းနဲ့ ရိုက်ပါတယ်။ နောက်ဆုံးသက်နိုင်နားရွက်ကိုတွေ့ပြီး နားရွက်ကိုပေါက်ထွက်သွားအောင် သေနတ်နဲ့ ပစ်ဖောက်လိုက်ပါတယ်။ ခေါင်းမှာတော့ ဒဏ်ရာမရပါဘူး။ ကျွန်တော်တောင် သက်နိုင်ခေါင်းကို ပစ်လိုက်တယ်ထင်ပြီး လန့်သွား ပါသေးတယ်။

စစ်ရုံးထဲမှာရှိသမျှ လူတွေထဲက အဖမ်းခံထားရသူတွေအားလုံးက ကြောက်လန့်စိုးရိမ်နေကြပြီး ကျန်တဲ့သူတွေက ဝိုင်းရယ်ကြပါတယ်။ အဲ့ဒီအချိန်မှာ အောင်မင်းက နေဦး၊ နေဦး မင်းကိုငါတို့ရွာကအဖွားကြီးတွေ နားပန်သလိုပန်ပေးမယ်ပြောကာ သစ်ကိုင်းခြောက်တစ်ခုကို ယူပြီးနားရွက်ပေါက်ထဲ ထိုးထည့်လိုက်ပါတယ်။

စစ်ရုံးထဲမှ ဒီနေ့ ကျွန်တော်၊ ထွန်းအောင်ကျော်၊ ညီညီကျော်၊ ကိုအားစိုက်တို့ တော်တော်ဒဏ်ခံရပါတယ်။ သံချောင်းကနေပြီး ကျွန်တော်တို့ကို အေးအေးဆေးဆေးနေချိန်မပေးဖို့ န.ဝ.တ ဗိုလ်မှူးတွေဟာ သမာဓိအားကောင်းတဲ့အတွက် သူတို့ရဲ့စိတ်ပိုင်းလေ့ကျင့်ချိန်၊ တရားမှတ်ချိန်မပေးဖို့ အမြဲတစ်နည်းမဟုတ်တစ်နည်းနဲ့ ဒုက္ခပေးနေဖို့ မှာထားခဲ့ပါတယ်။ ဦးစိန်၊ ကျော်နိုင်ဦး၊ မိုးကြီးနဲ့ ခင်မောင်ဇော်တို့ကတော့ သက်သက်သာသာ ရှိနေကြလေရဲ့။

မြောက်ပိုင်းကျောင်းသား ထောက်လှမ်းရေးအဖွဲ့ဝင်တွေကတော့ ဘယ်လိုဘယ်နည်းနဲ့ နှိပ်စက်ရမလဲဆိုတဲ့ နည်းလမ်းသစ်တွေတီထွင်စဉ်းစားရင်း ကျွန်တော်တို့ကို ဒုက္ခပေးပြီးရင်းပေးနေကြတယ်။ ဒီစကားကို ကျွန်တော်ပေါ့ပေါ့တန်တန် သဘောထားပြီး ပြောတာမဟုတ်ပါဘူး။ ဥပမာဗျာ - ပြည့်စိုးနိုင်ရဲ့ကိစ္စကို ကျွန်တော်အကြမ်းလောက်ပြောပြမယ်။ ပြည့်စိုးနိုင်ကိုရိုက်နက်ပြီးစစ်ကြောရေးမှာဝန်ခံချက်ရအောင်လုပ်တယ်။ ဝန်မခံတဲ့ပြည့်စိုးနိုင်ရဲ့နောက်ဆုံးစကားက

"ငါ ABSDF ကိုစိတ်မနာချင်ဘူးနော်" တဲ့။

အဲ့ဒီစကားပြောပြီး Shock ရပြီးသေသွားတာ။ ပြည့်စိုးနိုင်က ဝန်မခံဘဲသေသွားတော့သူတို့က သေသွားသူပြည့်စိုးနိုင်နဲ့ အတူ ပြည့်စိုးနိုင်နဲ့ရင်းနှီး ကျွမ်းဝင်သူတွေအပေါ်မှာ အငြိုးမပြေနိုင်ဘူး။ ဒီအတွက် ခင်ချိုဦးကို အချုပ်ထဲကသွားခေါ်လာ၊ ပြည့်စိုးနိုင်အလောင်းကိုဖက်ပြီးငိုခိုင်းပါတယ်။ C.E.C အဖွဲ့ဝင်တွေ ဝိုင်းထိုင်နေတဲ့အကြားမှာ အမျိုးသမီးရဲမေတွေရဲ့အကြားမှာ ခင်ချိုဦးကို ပြည့်စိုးနိုင်ရဲ့မတော်ရာကို ပါးစပ်နဲ့ မတော်တရော်လုပ်ခိုင်းပါတယ်။ ဗီဒီယိုမှတ်တမ်း တင်ကြပါတယ်။

## ဆယားညီညီ

ဒါမျိုးတွေဖွးကြ၊ ကြားဖူးကြလားဗျာ၊ နမသားချင်းမစာနာကြလိုက်ပုံတွေ၊ အဲ့ဒါ ဗီဒီယိုမှတ်တမ်းဖွင့်ပြပြီး မ.ဆ.လ ထောက်လှမ်းရေးတွေဟာ သွေးသားကိစ္စသိပ်သောင်း ကျန်းကြပါတယ်၊ မယုံရင်ကြည့်ကြ၊ ငါတို့ကလည်းသူတို့ကို တန်ရာတန်ရာဆက်ဆံ ရမှာဘဲ၊ သူတို့ထဲက အမျိုးသမီးတွေဟာ အဆက်အသွယ်လုပ်ရင် တင်ပါးက ဆေးမှင် ကြောင်ကိုဖွင့်ပြရတာ၊ အဲ့ဒီတော့ ထောက်လှမ်းရေးအစွပ်စွဲခံ အမျိုးသမီး အားလုံးကို စစ် ဆေးခဲ့ကြတယ်၊

ကျွန်တော်ငိုချင်လာတယ်၊ နာလို့မဟုတ်ပါဘူး၊ နာကျည်းလို့ပါ၊ ဒီကလေးမတွေ ဟာ နမအရွယ်လေးတွေပါ၊ သူတို့မှာ စာနာစိတ်လုံးလုံးမရှိကြတော့ဘူး၊ ဝင်္ဂဆိုတဲ့ ကိစ္စမျိုး သူတို့ ခံစားသိရှိပုံမပေါ်ကြဘူး၊ ဒီနေရာမှာ ဒါမှမဟုတ် ဒီတစ်ဝက်လောက်သာ သူတို့ နမ တွေ ခံရရင် သူတို့ဘယ်လိုသဘောထားကြမလဲ၊

ကျွန်တော်တို့ အရိုက်ခံနေရချိန်မှာ ထောက်လှမ်းရေးတာဝန်ခံ သန်းဇော်က နည်းသစ်တစ်ခုယူလာပါတယ်၊ တရားခံတွေကို မိုးထဲလေထဲမှာ လက်ဝါးကပ်တိုင်တင်ဖို့ ဖြစ်တယ်၊ ရိုက်ဖို့ ၄" သံချောင်းတွေလည်း ယူခဲ့ပြီးပါပြီ၊ သူကအကုန်ကြံစည်၊ စီစဉ်ပြီးမှ ဖွင့်ပြောတာ၊ ပထမဆုံးအနေနဲ့ ခင်ချိုဦးနဲ့ နန်းအောင်တွေးကြည်ကိုလက်ဝါးကပ်တိုင်တင်ဖို့ ကျွန်တော်တို့ကို ချုပ်ထားတဲ့ စစ်ရုံးဘေးကနေလက်ဝါးကပ်တိုင်ရှိရာ မျိုးဝင်းတဲရှေ့က ကွက်လပ်ကို ခေါ်တင်သွားပါပြီ၊

အဲဒီမှာ ချည်ထားတာကို တစ်တပ်လုံးကလှမ်းမြင်ရပါတယ်၊ မိုးထဲ၊ လေထဲ အရိုးကွဲတဲ့ ပါရောင်အအေးဓါတ်အောက်မှာ (၆) နာရီလောက် ချည်ထားပြီး သင်တန်းခန်းမ ထဲကိုပြန်ခေါ်သွားပါတယ်၊ လက်ဝါးကပ်တိုင်မှာ ချည်ထားတုန်းမှာ ဝိုင်းပြီးကြိမ်နဲ့ရိုက်ကြ၊ မျက်နှာကိုကြာပွတ်နဲ့ ရိုက်ကြနဲ့ ဝိုင်းအပြစ်ပေးကြပါတယ်၊

ညနေစောင်းလာလေ အအေးဒဏ်ကပိုလာလေ၊ ဒဏ်ရာတွေက ပိုနာလာလေ ဖြစ်နေပါတယ်၊ ကျွန်တော်တို့အတွက် တစ်ခုတည်းသောမျှော်လင့်ရာကတော့ N.L.D (LA) ရုံးပါပဲ၊ အဲဒီရုံးက ကေအိုင်အေ ဌာနချုပ်ဝိုင်းထဲမှာရှိပါတယ်၊ ABSDF တောင်ပိုင်း ဌာနချုပ်ကလည်း အဲ့ဒီအမတ်တွေက တစ်ဆင့်သတင်းကြားရရင် ဖြေရှင်းပေးနိုင်ကောင်း ပါတယ်၊ အပြင်မှာအဖမ်းမခံရဘဲ ကျန်နေတဲ့သူတွေ မန္တလေးသားတွေ၊ စဉ်းစားနိုင် မယ့်သူတွေ အနည်းဆုံးတစ်ယောက်ဖြစ်ဖြစ် ရှိနေတာ မျှော်လင့်ချက်ပါပဲ၊ သူတို့အားလုံး ကိုမဟုတ်မှန်း သိကြတာပဲ၊ တစ်ခုခုလုပ်နိုင်ကြမှာပေါ့၊

## ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

"ပေ့ကောင် ... ထွန်းအောင်ကျော်၊ပေ့ကောင် ချိုကြီး ငါ့အသံမှတ်မိလား"

"ဟုတ်ကဲ့ အတွင်းရေးမှူးအသံပါ"

"မင်းတို့တစ်တွေတော်သားပဲ၊ ဒါကြောင့်လည်း ထောက်လှမ်းရေးတွေဖြစ်နေတာ၊ မင်းတို့ အသားအနာ မခံချင်ကြနဲ့၊ ဖြူစင်ကြပါ၊ ထွန်းအောင်ကျော်၊ မင်းကို ငါမန္တလေးမှာကတည်းက ထောက်လှမ်းရေးမှန်းသိတာ၊အထက်ဗမာပြည်မှာ ထွန်းအောင်ကျော်၊ အောက်ဗမာပြည်မှာ ကိုကိုကြီး၊ အစကတည်းကသိတာကွ၊ မင်းတို့ ကျွန်တော်မဟုတ်ပါဘူးလို့တော့ မပြောကြနဲ့၊ ငါတို့မြို့ပေါ်က သတင်းအပြည့်အစုံရထားပြီးပြီ၊ နောက်ဆုံးကွာ ငါတို့လူက မန္တလေးမင်းတို့အိမ်ဘေးမှာကို သွားတည်းပြီးစုံစမ်းခဲ့တာ၊ ငါပြောပြီးသားစကားထပ်ပြောမယ်နော်၊ ငါတို့ကျောင်းသားတပ်မတော် ဘယ်တော့မှ မမှားဘူး၊ သူလျှိုဖမ်းတဲ့ကိစ္စ တစ်ယောက် အမှားပါရင် ငါတို့အားလုံးကိုယ့်သဘောနဲ့ကိုယ် ကြိုးစင်တက်သွားမယ်၊ အဲဒီတော့ မင်းတို့မဟုတ်ပါဘူးဆိုပြီး ထပ်ငြင်းနေရင် မင်းတို့သေသွားမယ်၊ သိသိကြီးနဲ့ ငြင်းနေတာ ငါတို့ဒေါသကိုဆွနေသလိုပဲသိလား"

ရဲရင့်ပြတ်သားလိုက်တဲ့ကြွေးကြော်ချက်ပါဗျာ။ ဒီအသံဟာ ဒီထောက်လှမ်းရေးရုံးထဲ၊ပါရောင်ထဲတင်ရပ်မနေဘဲ မြန်မာပြည်တစ်ခုလုံးပြန့်သွားမှာဆိုတာ ဒီဂျုပ်မစဉ်းစားမိဘူးနဲ့တူတယ်။ ငါတို့ထဲက အသက်မသေဘဲ ကျန်ခဲ့တဲ့သူတိုင်းက ဒီစကားကို တစ်သက် လုံးအမှတ်ရနေမှာပါကွာ။ အဲ့ဒီအချိန်မှာ ဒီစကားလုံးတွေကို သူများတွေပြောတာ မင်းတို့ပြန်ကြားရချိန်မှာ မင်းတို့ဒီစကားနဲ့ ကတိတည်နိုင်မလား ဆိုတာစောင့်ကြည့်ကြ ရအောင်ပါ။

ဒီစကားသံဟာ ကျွန်တော့်ကိုလုပ်မယ့်စစ်ကြောရေးရဲ့အစပါဘဲ။ အဲ့ဒီအချိန်မှာ သံချောင်းရောက်လာပြီး ရန်အောင်ကို စစ်ရုံးထဲကထုတ်ပြီး သင်တန်းခမ်းမထဲရွှေ့ဖို့ ပြောပါတယ်။

"ဘာလို့ရွှေ့ရမှာလဲ"

"ဟမင်းကတပ်ကြပ်အဆင့်ပဲရှိတာ၊ဒီမှာက အရာရှိတွေပဲထားတာ"

"မသွားဘူးကွာ၊ ငါတို့အားလုံးအတူတူပဲဆိုတာ မင်းတို့သိပါတယ်"

"မင်း မထရင် သေမယ်နော်"

"ငါက စအဖမ်းခံရချိန်ကတည်းက သေပြီးသားပဲကွာ"

မျိုးဝင်းကကြားရတဲ့စကားလုံးတွေအပေါ်မှာ ဒေါသဖြစ်ပြီး ဝါးရင်းတုတ်နဲ့

ရန်အောင့်ခေါင်းကိုဝင်ရိုက်ပါတယ်။

၁ ချက်၊ ၂ ချက်၊ ၃ ချက်၊ ၄ ချက် သွေးတွေစီးကျနေပြီ။ ရန်အောင်က တုပ်တုပ်မလှုပ်ပဲ မျက်စေ့လှန်ပြီး မျိုးဝင်းကို စိုက်ကြည့်နေတယ်။ ၁၅. ၁၆. ၁၇ ... နောက်ဆုံး မျိုးဝင်းရိုက်တာရပ်သွားတော့မှ သူ့အကြည့်ကိုရပ်လိုက်တယ်။ မျိုးဝင်းဟာ ရန်အောင်ရဲ့ခုခံနိုင်တဲ့စိတ်ကို ရှုံးသွားပုံရတယ်။ သွေးရှူးသွေးတန်းနဲ့ ဆဲဆိုပြီး ရန်အောင် ကိုကန်ပြီးတဲ့နောက် စစ်ရုံးထဲကဒေါသတကြီး ထွက်သွားခဲ့တယ်။

ဘယ်သူကရဲရင့်ပြီး ဘယ်သူကသူရဲဘောကြောင်တယ်ဆိုတာ ခင်ဗျား ခွဲခြားသိနိုင်ပါသလား။ ရဲရင့်ခြင်းဆိုတာ ရုပ်ပိုင်းအလုပ်လား၊ နာမ်ပိုင်းဆိုင်ရာ အင်အားလား၊ ဘယ်နေရာမှာ ရုပ်ပိုင်းကနေ နာမ်ပိုင်းကို ရွေ့သွားလဲဆိုတာ၊ အဲဒါနှစ်ခုရဲ့နယ်နမိတ်မျဉ်းကို ရှာကြည့်မိဘူးလား။

အော် ခုနကပြည့်စိုးနိုင်အကြောင်းပြောတုန်းက နိပ်စက်နည်းတစ်ခုကျန်သွားတယ်။ ပြည့်စိုးနိုင်ကိုလေးဘက်ကုန်းခိုင်းပြီး စအိုပေါက်ထဲကို ငါးမျှားချိတ် အကြီးကြီးနဲ့ချိတ်အပေါ်ထုတ်ကြိုးပေါ်ကတစ်ဆင့်ကြိုးနဲ့အပေါ်ဆွဲတင်တာပေါ့။ နောက်တစ်ခါပြည့်စိုးနိုင်ရဲ့စအိုထဲ ၄"သံချောင်းထည့်ပြီး အဲဒီသံချောင်းရယ်လက်ရယ်ကို ဝိုင်ယာနဲ့ ဆက်ပြီး ၂၂၀V လျှပ်စစ်ခါတ်လွှတ်တာ။ သတိလစ်သွားတာ၊ ဒါပေမယ့် သနားဂရုဏာ ရှိပါတယ်။ သေအောင်မလွှတ်ပါဘူး။ တပ်ပြီးပြီးချင်းပြန်ဖြုတ်ပေးတာပါ။ ပြည့်စိုးနိုင် ကိုယ်တိုင်က ခံနိုင်ရည်နည်းလို့ ရှော့ခ်ရသွားတာပါ။

ကျွန်တော်ကတော့ သူတို့ကို ရုပ်ပိုင်းအရမဆန့်ကျင်တော့ပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ အဓိပ္ပါယ်မရှိပဲ ပိုနာယုံသာရှိမှာပေါ့။ အဲ့ဒါမျိုးကိုသူတို့က တောင်းစားတယ်ခေါ်တယ်။ အချိုးမပြေလို့အပိုအရိုက်ခံရတာကိုပြောတာ။ ကျွန်တော့်မှာ မှုရင်းခွဲတန်းနဲ့တင် လုံလောက်နေပါပြီဗျာ။

ပြောစကားအရ ကျွန်တော်နဲ့ထွန်းအောင်ကျော်ကို မနက်ဖြန်လက်ဝါးကပ်တိုင်တင်မယ်ကြားတယ်။ ကောင်းကောင်း အိပ်ပျော်အောင်အိပ်ပြီး အားမွေးယုံပေါ့ဗျာ။ ဘာတတ်နိုင်တာမှတ်လို့။ ကောင်းကောင်းအိပ်ပျော်သွားတာကလည်း အနာအကျင်ကို နည်းနည်းတော့ သက်သာစေတယ်ဗျ။ မနက်ရောက်ရင်တော့ တောင့်ကိုက်နေတာပေါ့။ ဒါပေမယ့်အိပ်နေတုန်းနာကျင်မှုကိုအရသာခံရင်းအိပ်တတ်နေပြီလေ။

ကျွန်တော်အိပ်မပျော်ခင်မှာ အမျိုးသမီး (၂) ယောက်လက်ဝါးကပ်တိုင် အတင်

ခံရတဲ့ကိစ္စကို စဉ်းစားမိတယ်။ သူ့ရဲ့ကောင်းမနစ်ယောက်ဟာ နာကျင်ခြင်း၊ အအေးဒါဏ်နဲ့ အတူပါးစပ်နဲ့စော်ကားပြောဆိုမှုတွေကို တည်တည်ကြည်ကြည်ခံယူရင်း လက်ဝါးကပ်တိုင်ပေါ်မှာ နာရီပေါင်းများစွာ မငိုမကြွေးပဲ ရဲရဲဝံ့ဝံ့ အရှည်ခံခဲ့ကြပါတယ်။ သူတို့ဟာ သူတို့ရဲ့ခရီးလမ်းဆုံးကို ကြိုတင်တွေးထားနှင့်ပြီးဖြစ်ပါတယ်။ သူတို့ဟာ စိတ်ဆုံးဖြတ်ထားသူတို့ရဲ့ ရဲရင့်မှုမျိုးနဲ့ တွေ့လာရတဲ့ လောကအဏ်ထက်ပိုတဲ့ ပယောဂများကို မရှုံ့ပဲ ခံယူခဲ့တာပါ။

ဖမ်းဆီးသူတို့ဟာ နှိပ်စက်မှုမျိုးစုံလုပ်ပြီး ဝန်ခံချက်ကို ရယူဖို့ ကြိုးစားနေတုန်းမှာပဲ ဝန်ခံချက်ဟာသူတို့မျှော်လင့်သလို လွယ်လွယ်ကူကူထွက်မလာတာ တွေ့ရတယ်။ စစ်ကြောသူတွေဟာ သူတို့ဘာသာသူတို့ သတ္တိကြောင်လာတာကို မသိလိုက်၊ မသိဘာသာ ကိုယ့်ကိုယ်ကို သတိထားမိလာတယ်။

အဲ့ဒီအချိန်မှာ သူတို့ဟာ အဖမ်းခံများကို ရန်ငြိုးသိုပြီး ပိုပြီးနာကျည်းအောင်လုပ်၊ ပိုပြီးနှိပ်စက်တဲ့ အလုပ်တွေ လုပ်လာကြပါတယ်။ အဲဒီလူမဆန်စွာ ရက်စက်တဲ့ လုပ်ရပ်ရဲ့ ရိုက်ခတ်မှုတွေဟာ သူတို့ညတစ်ဝက်မှာ အိပ်ယာကလန့်နိုးပြီး ကယောင်ခြောက်ခြားနဲ့ အရက်ထသောက်တာမျိုးဖြစ်လာစေပါတယ်။ အရက်မူးလာချိန်မှာ အိပ်မက်ထဲကလာခြောက်သူတွေကို ညကြီးသန်းခေါင်လာခေါ်ပြီး နှိပ်စက်တာမျိုး၊ အချုပ်ထဲဝင်ရိုက်တာမျိုးတွေ လုပ်လာပါတယ်။ အဲ့ဒီသံသရာကြီးဟာ ဆက်တိုက် လည်နေပါတယ်။

သူတို့ချင်းပြောစကားအရသိလိုက်ရတာက အရင်က အတွင်းရေးမှူး အောင်နိုင်ကို ABSDF(NB) ရဲ့ဥက္ကဋ္ဌတင်လိုက်ပြီလို့ပြောပါတယ်။ တင်လိုက်တာပါ။ ခန့်အပ်လိုက်တာပါ၊ အရွေးချယ်ခံရတာမဟုတ်ပါဘူး။ အောင်နိုင်ကလည်း ကျွန်တော်တို့ရှိတဲ့နေရာလာတိုင်း မူးနေတာပါ။ မူးနေပြီဆိုရင် သူ့ရဲ့မဟာလုပ်ငန်းကြီးဖြစ်တဲ့ စစ်ထောက်လှမ်းရေးများကို စစ်ကြောတဲ့အလုပ်ကို အားတက်သရောလုပ်ပါတယ်။

အမျိုးသမီးနစ်ယောက်ဆိုရင်လည်း မျက်နှာကြောပွတ်နဲ့ရိုက်၊ တစ်ကိုယ်လုံးကြိမ်နဲ့ ရိုက်လုပ်ကြတာပါ။ ဒီကိစ္စတွေအားလုံးဟာ အစီအစဉ်အတိုင်း ဖြစ်နေပုံ‌ပါပဲ။ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်တော်နဲ့ကိုညီတို့ မန္တလေးမှာရှိနေတုန်းက ခင်ရီဦးနဲ့ နန်းအောင်ထွေးကြည်တို့နစ်ယောက်ကို ထောက်လှမ်းရေးလို့ မသင်္ကာလို့ စုံစမ်းပေးပါလို့ တရေးဖူးပါတယ်။ အားလုံးကကန့်ကွက်ကြလို့ အစီအစဉ်ကို ခေတ္တရွှေ့ဆိုင်းပြီး အခုမှတစ်ခါ ပြန်ပြီး စိုးမင်းအောင်စစ်ချက်နဲ့ ဆိုပြီးသူမတို့ (၂) ယောက်ကိုပြန်ဖမ်းတာပါ။

ဒီအမျိုးသမီးနစ်ယောက်အပြင် နန်းစော၊ သင်းသင်းညီနဲ့ တူးတူးဆိုတဲ့

အမျိုးသမီး (၃) ယောက်ကိုလည်း ဖမ်းထားပါသေးတယ်။ သင်းသင်းညီဆိုရင် ကလေးပဲ ရှိသေးတာပါ။ ဒါပေမယ့် အဲ့ဒီကလေးမကို ပြန်လွှတ်လိမ့်မယ်ထင်တယ်။ ဘာလို့လဲဆိုတော့ သင်းသင်းညီကို ဘယ်ကောင်မှမရိုက်စေနဲ့၊ အားလုံးကို မှာထားဆိုတဲ့ အသံကျွန်တော်တို့ ကြားရလို့ပါ။ သူမက ထောင်ထဲဝင်စုံစမ်းတဲ့ မျိုးဝင်းရဲ့ Spy တောင် ဖြစ်ကောင်းဖြစ်နိုင် ပါတယ်။

မနက်စောစောမှာ ကျွန်တော်တို့ကို ပလပ်စတစ်နဲ့ ထမင်းပုံပေးပြီး စားအပြီးမှာ တောင်ပေါ်ကိုခေါ်သွားပါတယ်။ ကျွန်တော်တို့ကို ကြိုးတုပ်၊ သေနတ်နဲ့ ချိန်ပြီး ခေါ်သွားတဲ့ ကလေးတွေဟာ တစ်လမ်းလုံး မကြားဝံ့မနာသာတွေနဲ့ ကျွန်တော်တို့နှစ်ယောက်ကို ဆဲသွားကြတာ မိန်းမကြမ်းကြီးတွေ အရှုံးပေးရမယ်။ ကျွန်တော်တို့ နှစ်ယောက်ကို လက်ဝါးကပ်တိုင်တင်မယ်ပြောပါသေးတယ်။ တင်လည်းအတင်ခံယုံပေါ့ဗျာ။ သူတို့ စိတ်တိုင်းကျ လုပ်ချင်ရာလုပ်နေကြတာ ဘယ်သူကများဟန့်တားနိုင်မှာမို့လို့လဲ။ လက်ဝါး ကပ်တိုင် (၂) ခုဟာ တစ်ခုနဲ့တစ်ခု (၁၀) ပေလောက်ခြားနေပါတယ်။ အဲ့ဒီနေရာမှာ အဖမ်းခံ ရသူအချို့ရောက်နေပြီး မဖြူစင်တဲ့သူတွေ ဘယ်လို ဒုက္ခခံရတယ် ဆိုတာ မျက်စေ့နဲ့ကြည့် ဖို့ခေါ်ထားတယ်လို့ ပြောတယ်ဆိုဘဲ။

အဲ့ဒီအချိန်မှာ မျိုးဝင်းကကျွန်တော်တို့အားလုံးကို ပွင့်ပွင့်လင်းလင်းဆွေးနွေး ကြပြီး ကျောင်းသားတပ်ကို ဘယ်လိုပူးပေါင်းဖို့၊ ဘယ်လိုဖြူစင်ဖို့အတွက် တိုင်ပင်ကြပါလို့ ပြောပြီး စပ်ဝေးဝေးကျွန်တော်တို့စကားသံကို သူတို့မကြားရလောက်တဲ့နေရာအထိ အစောင့်တွေကို ရွှေ့ပေးပါတယ်။ ကျွန်တော်တို့ ဘာကို ဘယ်လိုဆွေးနွေးရမှာလဲ၊ ဘာကို ပြောရမှာလဲ၊ ဘယ်သူမှမသိပါဘူး။ ဒီဇာတ်ကိုဘယ်လိုဆက်ကရမှာလဲ၊ ဘာဆက်လုပ် ရမှန်းတောင်မသိပါဘူး။

ဒါပေမယ့် သူရဲကောင်းနှစ်ယောက်ဖြစ်တဲ့ ခင်မောင်ဇော်(ရိ)နဲ့ မိုးဇော်ထွန်း (မိုးကြီး)တို့ ထွက်လာကြပါတယ်။ သူတို့ကြည့်ရတာသိပ်မနာသေးပါဘူး။ ကျန်းကျန်း မာမာနဲ့ ဘောလုံးအသင်းကို ဦးဆောင်ကစားမယ့် ကပ္ပတိန်တစ်ဦးရဲ့ဟန်ပန်မျိုးနဲ့ပေါ့။ မိုးကြီးက ပထမစပြီး

"ကဲ ရဲဘော်တို့ ကျွန်တော်တို့အားလုံးဟာ စစ်တပ်ရဲ့ထောက်လှမ်း ရေးတွေဖြစ်တယ်။ အခုကျွန်တော်တို့ ကိုယ့်အသက်ကိုယ် ကာကွယ်ဖို့ ကျောင်းသား တပ်မတော်အပေါ်ဘယ်လောက်ဖြူစင်ပြီးပူးပေါင်းကြမယ်ဆိုတာကို ဆွေးနွေးရအောင်ပါ။

ကျွန်တော်တို့ရဲ့အသက်တွေကို အခုကျွန်တော်တို့ရဲ့ထောက်လှမ်းရေး(မိခင်ဌာန)က လည်း တာဝန်မယူနိုင်တော့ပါဘူး"

ထိုင်နေတဲ့ကျွန်တော်တို့တွေအားလုံး ကြားရတဲ့စကားအပေါ်မှာ အံ့အားသင့်သွားကြပါတယ်။ ဒီကောင်တွေဟာ ထောက်လှမ်းရေးအဖွဲ့ထဲက လူအဖြစ် ဒီလိုအချိန်မှာ ဒီလိုမျိုးလုပ်ဖို့ ကြိုဝင်ထားတာလို့ကို ကျွန်တော်စွပ်စွဲလိုက်ချင်ပါတယ်။ ခိုကလည်း သံတူကြောင်းကွဲတွေပဲ ပြောသွားပါတယ်။ အားလုံးဟာ သူတို့ စကားအပေါ်မှာ အံ့ဩတကြီးဖြစ်ကုန်ပါတယ်။ သေချာတာကတော့သူတို့ရဲ့သက်သာခွင့်အတွက် သူတို့က ကျွန်တော်တို့ကို သစ္စာဖောက်ပြီး ရောက်ထဲတွန်းချလိုက်တာမျိုးလည်း ဖြစ်ကောင်းဖြစ်နိုင်တယ်ဆိုတာပဲ ကောက်ချက်ချမိပါတယ်။ ညှဲ့လိုက်ကြတာကွာ။

ဒီစကားအတိုင်းဆိုရင် အားလုံးက ဝန်စံသွားတယ်လို့ပြောတော့မှာပါ။ ဒါမှမဟုတ် အားလုံးဝန်စံရာရောက်အောင်ဒီစကားကို တမင်ပြောတာ၊ ပြောခိုင်းတာလည်း ဖြစ်နိုင်တာပဲ။

"အဲ့ဒီတော့ကာ ခင်ဗျားတို့လူကြီးတွေဖြစ်လို့ ကိုယ့်တာဝန်ကိုယ်ယူကြပါ၊ လက်နက်၊ အဆိပ်နဲ့ ဆက်သွယ်ရေး စက်တွေကို လျော့လျော့ရှူရှူ ထုတ်ပေးလိုက်ရင် အားလုံးအသက်ကို ကယ်ပြီးသားဖြစ်မှာပါ၊ မဟုတ်ရင်တော့ ခင်ဗျားတို့လည်း မကောင်းဘူး၊ ကျန်တဲ့သူတွေလည်းအန္တရာယ်မကင်းဘူး"

နောက်ခဏအနေမှာပဲ မျိုးဝင်းပေါ်လာပြီး သူတို့နှစ်ယောက်ကို လူ့အုပ်ထဲကနေ လာခေါ်သွားပါတယ်။ ခဏလေးအကြာမှာ နောက်ကျန်တဲ့ သူတွေပါ လာခေါ်သွားပြီး ကျွန်တော်နဲ့ ထွန်းအောင်ကျော်နှစ်ယောက်ကိုသာ ချန်ထားခဲ့ပါတယ်။ ကျွန်တော်တို့ နှစ်ယောက်ကို ဘာစစ်ကြောရေးမှ မလုပ်သေးပါဘူး။ တရိုက်တည်းရိုက်နေပြီးမှ ဗိုလ်မှူးတွေအဖြစ် ဖွတ်တံဆိပ်ကပ်ထားတာပါ။ သူတို့မေးတဲ့ မေးခွန်းတွေက အပ်ကြောင်းထပ် နေတဲ့ သေနတ်ဘယ်မှာလဲ၊ အဆိပ်ထုတ်ပေးပါ။ ဆက်သွယ်ရေးစက်ဘယ်သူ့ပေးထားတာလဲ၊ ဒါတွေချည်းပါ။ မရှိမှမရှိတာ ဘယ်ကိုပေးရမလဲ၊ အဲဒါကို ကျွန်တော်တို့ နှစ်ယောက်က အင်မတန်ခေါင်းမာတယ်၊ ဝန်စံပြီးတာတောင် သက်သေခံပစ္စည်းထုတ် မပေးဘူးလို့ အမြင်မှာ သတင်းဖြန့်ပါတယ်။

"ကောင်းပြီကွာ၊ မင်းတို့ခေါင်းမာတဲ့ကောင် (၂) ယောက် ငါတို့ကညာနေတာကို အခွင့်အရေးယူတယ်။ ဒီနေ့ ငါတို့ ဘာလဲဆိုတာပြရတာပေါ့။ ဒီကောင်တွေကို အဝတ်တွေ

အားလုံးချုတ်စမ်း။ အောက်ခံဘောင်းဘီတစ်ထည်စီပဲ ဝတ်ထားနိုင်း"

ကျွန်တော်တို့နှစ်ယောက်ကို လက်ဝါးကပ်တိုင်မှာ လက် (၂) ဖက်ကြိုးချည်၊ ခြေထောက်ကို ကြိုးချည်ထားလိုက်ပါပြီ။ ကျွန်တော်တို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက်မြင်နေရပြီး အောက်ကစခန်းတစ်ခုလုံးကိုမြင်နေရသလို လမ်းပေါ်ကလူအားလုံးကလည်း ကျွန်တော်တို့ကိုမြင်နေရပါတယ်။ ကျွန်တော်ခြေဖျားထောက်လိုက်မှ မြေကြီးကို စမ်းမိပါတယ်။ အတော်ကသိကအောင့်ဖြစ်တဲ့အနေအထားပါ။

အဲ့ဒီအပေါ်မှာ ကျွန်တော်တို့ကို ဘာစကားမှမပြောဘဲနဲ့ ရိုက်နေကြပြီး ခဏနေတော့ ဇော်ဇော်မင်းက အိမ်ထဲက ပြန်ထွက်လာပြီး

"ထွန်းအောင်ကျော်၊ မင်းကဉတ္တဌဆိုတော့ အတူတူပြစ်ဒဏ်ပေးလို့ မရဘူး၊ မင်းကိုနည်းနည်းတော့ပိုရမယ်"

ဇော်ဇော်မင်းက အိတ်ထဲက ၄" သံချောင်းထုတ်ပြီး လက်ဝါးကပ်တိုင် ကန့်လန့်တန်း (၂) ဖက်က ထွန်းအောင်ကျော်လက်ဖဝါး (၂) ဖက်ကနေ တိုးလျှိုပေါက် သစ်သားပေါ် သံရိုက်သွင်းလိုက်ပါတယ်။ ကျွန်တော် နာလို့ ကိုယ့်ဘာသာကိုယ်အော်တဲ့ အသံထက်ပိုပြီး ကျယ်ကျယ်လောင်လောင် ကြားလိုက်ရပါတယ်။ သံရိုက်ရင်းနဲ့ လက်ကိုလည်းချော်ချော်ပြီး ထုမိတာလည်းအကြိမ်ကြိမ်ပါဘဲ။

ကျွန်တော်တို့နှစ်ယောက်ဟာ ဆက်မရိုက်ဖို့ နာလှပါပြီ၊ စတဲ့ စကားတွေနဲ့ အော်ဟစ်ငိုယိုပြီး တောင်းပန်ကြရပါတယ်။ ဒီနေရာမှာတောင်းပန်ကြရတယ် ဆိုတာက တကယ်ပြောတာပါ၊ ရိုက်တာကို မအော်ရင်၊ မငိုရင် မနာသေးဘူးဆိုပြီး အငြိုးတကြီး ပိုရိုက်ပါတယ်။ ဒီကောင်တွေက သူတို့ရိုက်ရင် နာမှ၊ သူတို့ကို တောင်းပန်မှ ကြိုက်ကြတာပါ။ ကျွန်တော်တို့မှာ တောင်းပန်ချင်စိတ် မရှိပေမယ့် သူတို့ကို အောက်ကျခံပြီး တောင်းပန်နေ ရပါတယ်။ မတောင်းပန်ဘူးဆိုရင်တော့ အသက်သာ ထွက်သွားမယ်။ သူတို့အရိုက်လျှော့မှာ မဟုတ်ဘူး။ သူတို့မှာ ရိုက်သတ်ခွင့် လိုင်စင်လည်း ရထားတာကိုး။

နာကျင်ခြင်းနဲ့ အော်ဟစ်ငိုကြွေးခြင်းဆိုတာတွေဟာ ကျွန်တော်တို့အတွက် သူစိမ်းတွေမဟုတ်တော့ပါဘူး။ ကျွန်တော်တို့ကိုယ်ထဲမှာပဲ ရှိနေပြီး အချိန်တိုင်း၊ အချိန်တိုင်း ထွက်ထွက်လာတာပါ။ ကျွန်တော်တို့အထဲမှ အားလုံးဟာ နာကျင်ခြင်းနဲ့ ငိုကြွေးခြင်းတို့ကို ယဉ်ပါးနေ သူတွေပါ။ ချွင်းချက်အဖြစ်ကတော့ မိုးကြီးနဲ့ ခင်မောင်ဇော်တို့ပေါ့။ သူတို့ကတော့ သစ္စာဖောက်တွေလေ။ အားလုံးရဲ့နှလုံးသားတွေနဲ့ ဂုဏ်သိက္ခာတွေပေါ် ဖြတ်လျှောက်ပြီး

သူတို့ရဲ့သက်သာခွင့် သူတို့ဘာသာ ရှာသွားကြတဲ့ကောင်တွေ။

သူတို့နှစ်ယောက်အကြောင်းပြောရင် တန်းစီး (၂)ယောက်ဖြစ်တဲ့ မျိုးဇော်နဲ့ ဝင်းမြင့်တို့ကိုလည်း ချန်ထားလို့မရပါဘူး။ သူတို့ နှစ်ယောက်ဟာ ထောင်သားချင်းပြန် အုပ်ချုပ်ဖို့အတွက် ထောက်လှမ်းရေးအဖွဲ့က ခန့်ထားတဲ့ကောင်တွေပါ။ တစ်ခါတစ်ခါမှာ သူတို့ မိုက်ရိုင်းတာ၊ နှိပ်စက်တာက ထောင်စောင့်တွေထက် ဆိုးတယ်။

နောက်အောင်နိုင်၊ ကျွန်တော်တို့အားလုံး စစ်ထောက်လှမ်းရေးမဟုတ်တာ သူသိတယ်။ သိသိကြီးနဲ့ သံချောင်းတို့ဘက် ရပ်သွားတာ။ မြန်မာတွေသုံးလေ့မရှိတဲ့ အင်္ဂလိပ်စကားပုံနဲ့ ပြောရရင်ဒီကောင်တွေဟာ သူ့အတွက် အကျိုးရှိမယ်ဆိုရင် သူ့အမေကို တောင် ရောင်းစားမယ့်ကောင်ဘဲ။

မိုးကြီးနဲ့ ခင်မောင်ဇော်တို့က သံချောင်း၊ မျိုးဝင်းတို့ ကျေနပ်မယ့်၊ လိုချင်တဲ့စကား တွေပြောပေးတာ။ အဲ့ဒီစကားတွေကဘဲ ကျွန်တော်တို့ကို စိတ်တိုင်းကျနှိပ်စက်ဖို့ သူတို့ရဲ့ စီမံကိန်းကို ဆက်လုပ်ဖို့ လူသက်သေကောင်းကောင်းဖြစ်သွားတာ။

သူတို့နှစ်ယောက်လုံးက သူတို့ဒီကို စစ်ထောက်လှမ်းရေးများအဖြစ်လာကြ ရခြင်းဟာ ကျောင်းသားတပ်မတော်ကို ဖျက်ဆီးရေးအတွက်ဖြစ်ကြောင်း၊ အခုဖမ်းထားတဲ့ သူတွေဟာသူတို့တတွေနဲ့ အပေါင်းအပါအရာရှိတွေနဲ့ လက်အောက်ငယ်သား တွေဖြစ်တဲ့ အကြောင်းတစ်ကြိမ်မက၊ သံချောင်းလိုရင်လိုသလောက် ဝန်ခံထွက်ဆိုပေးကြပါတယ်။ သူတို့စကားအရဆိုရင် အစွမ်းကုန် ဖြူစင်ပြလိုက်ကြတာပေ့ါ။

ဒီစကားတွေကိုပဲ တရားဝင်ဝန်ခံချက်နဲ့ အထောက်အထားအဖြစ် သုံးပြီး အောက်ခြေမှာ ဘယ်ဘက်ပါရမလဲ ဝေခွဲမရတဲ့ သူတွေကိုစည်းရုံးရေး လုပ်ကြတာပါ။ သူတို့ ဟာ စပိုင်များဖြစ်ကြပေမယ့် ကျောင်းသားတပ်မတော်အပေါ် အစွမ်းကုန်ဖြူစင်ပြကြလို့ သူတို့ကို ကျောင်းသားတပ်မတော်က လွတ်ငြိမ်းချမ်းသာ ခွင့်ပြုလိုက်ပါပြီ။ သူတို့ကို ဘယ် သူကမှ စော်ကားခြင်း၊ ရန်ပြုခြင်း၊ နှိပ်စက်ခြင်းမပြုရဘူးဆိုပြီး အမိန့်စာထုတ် ကာကွယ် ပေးပြီး မူလတာဝန်များကို ပြန်ပြီးထမ်းဆောင်ခိုင်းလိုက်ပါတယ်။

အဲဒီမိုးကြီးနဲ့ ခင်မောင်ဇော်တို့ရဲ့စကားတွေကပဲ ကျွန်တော်တို့ကိုထောင်ချောက် ထဲသွင်းလိုက်တာဖြစ်ပါတယ်။ အဲဒီစကားတွေကြောင့် ဖမ်းဆီးခံရ၊ နှိပ်စက်ခံရတဲ့ ကျောင်းသားငယ်တွေ၊ သေသေချာချာမစဉ်းစားတတ်သူတွေဟာ ကျွန်တော်တို့အပေါ်မှာ အမြင်စောင်းလာတာတွေ့ရတယ်။ ဒါကြောင့် ကျွန်တော်တို့အတွက်ကတော့ မိုးကြီးနဲ့

ခင်မောင်ဇော်တို့နှစ်ယောက်ဟာ ဘဝတူရဲဘော်တွေမဟုတ်ပါဘူး။ လက်ကိုင်တုတ်တွေပါ။ ကျွန်တော်တို့ သေသွားခဲ့ရင်တောင် ကျန်တဲ့သူတွေက သူတို့ကို တရားခွင်တင် ရမှာပါ။

ပုလိပ်သား (မျိုးဝင်းလှိုင်)ဝသုန်ရဲ့ကြာပွတ်နဲ့ အဆက်မပြတ် ရိုက်နှက်နေတဲ့ လုပ်ရပ်က ကျွန်တော့်ကို အတွေးတွေထဲကနေ လက်ငင်းဘဝဆီပြန်ခေါ်လိုက်ပါတယ်။ ဒီဝသုန်ဆိုတဲ့ကောင်ကို ဒီရောက်အောင်ကျွန်တော်ပို့ခဲ့တာပါ။ သူကျွန်တော့် အိမ်မှာနေခဲ့ပြီး ကျွန်တော့်ကိုကောင်းကောင်းသိတဲ့ကောင်ပါ။ သူကျွန်တော့်ကို သဲကြီးမဲကြီးရိုက်နေရတဲ့ အကြောင်းရင်းက သူဟာ ကျွန်တော်နဲ့ အတူတူမဟုတ်ဘူး၊ ကျွန်တော့်ရန်သူပါဆိုတာ ပေါ်လွင်စေချင်လို့ပါ။ ဒီကောင်ကလည်း အောင်နိုင်နောက်တစ်ယောက်ပါပဲ၊ ဒီအတွက်လည်းဒီကောင်အဖမ်းမခံရတာပါ။ ကျွန်တော့်မှာလည်း သူ့လိုစိတ်မျိုးသာရှိခဲ့ရင် ဒီနေ့ရိုက်တဲ့နေရာမှာ ကျွန်တော်ဖြစ်နေပြီး သူက ကြိုးအချည်ခံထားရတဲ့သူ ဖြစ်ချင်ဖြစ်နေမှာပေါ့ဗျာ။

စစ်ကြောရေးမှာ သူတို့စစ်သမျှကို ကောက်ချက်ချရရင် ကသာမြို့ကစပြီး အောက်ပိုင်းကလူတွေအားလုံးကို ထောက်လှမ်းရေးတွေပါလို့ အစစ်ခံစေချင်ပုံရပါတယ်။ အနှိပ်စက်ခံအကျဉ်းသားမှန်သမျှကို မေးတဲ့မေးခွန်းတစ်ခုရှိပါတယ်၊ "မင်းရဲ့အဖော်က ဘယ်သူလဲ၊ မင်းကဘယ်သူနဲ့ တွဲလုပ်နေတာလဲ" ဆိုတာပါ။ အဖမ်းခံတစ်ဦးဟာ နာမည် (၅)ခု မဖြစ်မနေပြောရပါတယ်။ ကုန်ပြီပေါ့ဗျာ၊ ရှိသမျှအားလုံး ထောက်လှမ်းရေးတွေဖြစ်ကုန်ပြီပေါ့။

ကျွန်တော်တို့သဘောအရတော့ တတ်နိုင်သမျှ အပြင်မှာ သူငယ်ချင်းအနည်းဆုံးတစ်ဦးလောက်ဖြစ်ဖြစ် ကျန်ရစ်ဖို့အရေးကြီးပါတယ်။ ကျွန်တော်တို့အတွက် အားထားစရာ နောက်ဆုံးကောက်ရိုးမျှင် အဖြစ်ရောက်ချင်လည်းရောက်ပါစေဗျာ။ တစ်စုံတစ်ခုတော့ အဲ့ဒီမှာကျန်ခဲ့တဲ့လူထံက မျှော်လင့်လို့ ရနိုင်မယ်လေ။

ကျွန်တော့်ကို ရိုက်တဲ့သူတွေက လူလဲပြီးရိုက်ကြတာ။ ပုံမှန်ဆိုလို့ ကျွန်တော့်ရဲ့ အော်သံပဲဖြစ်လိမ့်မယ်ထင်တယ်။ ခဏအကြာမှာ ကျွန်တော့်ရှေ့မှာ ဝါးနီးစတွေကိုပုံပြီး မီးရှို့ပါတယ်။ ကျွန်တော့်ခြေထောက်ရှေ့ ၁၀" လောက်၊ ၁ ပေ လောက်အကွာ မှာပေါ့။

မီးရှိန်ရလာတာနဲ့ မီးညွန့်က လေထဲမှာ က,နေပြီး ကျွန်တော့်ခြေထောက်ကို မီးလာလာပြီးဟပ်ပါတော့တယ်။ မီးတောက်က ကျွန်တော့်ဒူးခေါင်းအထိ ရောက်လာပါတယ်။ မီးအပူရှိန်ကိုမခံနိုင်တော့တဲ့အခါမှာ ကျွန်တော်ဟာ ချည်ထားတဲ့ လက်ကို အားပြုပြီး

# ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

ကျွန်တော့်ခြေထောက် (၂)ချောင်း ကိုတိုင်နောက်ဖက်ရောက်အောင်လှည့်ပြီး၊ နေရာရွှေ့ပြီး အပူဒဏ်သက်သာအောင် နေပါတယ်။ ဒီလိုနဲ့ ကျွန်တော့်ရင်ဘတ်ကစပြီး အပေါ်ပိုင်းက တိုင်ရှေ့ရောက်နေပြီး ခါးက စစောင်းသွားကာ ခန္ဓာကိုယ်အောက်ပိုင်းကတော့ တိုင်နောက်ရောက်နေပါတယ်။

ကျွန်တော်အပူဒဏ်ကို ရှောင်နေတာ မျိုးဝင်းတို့တွေ့သွားချိန်မှာ အလွန်ဒေါသထွက်သွားပြီး

"လုပ်စမ်း။ လုပ်စမ်း ဒီကောင်အပူကြောက်တဲ့ကောင်၊ အကြောင်းသိရအောင် အဲဒီကဖြုတ်ခဲ့စမ်း။ အခု သွားဖြုတ်စမ်း။ မအေ - ကောင် မင်းကိုငါအခု သင်ခန်းစာ ကောင်းကောင်းပေးမယ်။ မင်း ABSDF ကို လာပြီးပြဿနာရှာတဲ့ အကောင်၊ အခုလည်း ငါ့ကို ပြဿနာရှာတယ်"

ကျွန်တော့်ကိုလက်ဝါးကပ်တိုင်ကဖြုတ်ပြီး မျိုးဝင်းတဲ့ရှေ့ခေါ်သွားပါတယ်။

"ဟော့ကောင်ထိုင်၊ ခုံပေါ်မထိုင်နဲ့ အောက်မှာထိုင်"

ကျွန်တော်မြေကြီးပေါ် ပုံစံထိုင် ထိုင်လိုက်ပါတယ်။ မရှေးမနှောင်းပါပဲ ထွန်းအောင်ကျော်ကိုလည်းဖြုတ်ပြီး ခေါ်လာပါတယ်။ ကျွန်တော်ရှိတဲ့ဘက် တည့်တည့် မလာပဲ ကွေ့ပြီးတောင်အောက်ကိုခေါ်သွားပါတယ်။ ခဏအကြာမှာ ကျွန်တော့်ကို ကွင်းပြင်ရဲ့ အလယ်ကောင်မှာထိုင်ခိုင်းပြီး တစ်ယောက်ကရင်ဘတ်ကို စစ်ဖိနပ်နဲ့ ကန်လိုက်ရာမှာ ကျွန်တော် နောက်လန်လဲကျသွား ပါတယ်။

အဲဒီအချိန်မှာ မလှုပ်နဲ့၊ ငြိမ်ငြိမ်နေ သတ်ပစ်လိုက်မယ်ဆိုတဲ့ ခြိမ်းခြောက်သံနဲ့ အတူ ကျွန်တော့်လက်နှစ်ဖက်ကို ဘေးကိုကားပြီး ဆွဲထုတ်ခိုင်းပါတယ်။ လက်နှစ်ဖက်လုံးရဲ့ လက်ကောက်ဝတ်ဘေးတွေမှာ မြေကြီးပေါ်ကို ဝါးစို့တွေရိုက်သွင်းပြီး လက်နဲ့ အဲ့ဒီဝါးစို့တွေကို ပူးပြီးချည်လိုက်တယ်။ ခြေထောက် (၂)ဖက်ကိုလည်း အဲသလိုပဲ ဆွဲကားပြီး ခြေကျင်းဝတ်နေရာမှာ ဝါးငုတ်ရိုက်ပြီး ချည်လိုက်တယ်၊

ကျွန်တော့်အတွက် ကျွန်တော်သိပ်စိုးရိမ်နေပါပြီ၊ ကျွန်တော့်ညီအတွက်ရော ပေါ့၊ ဘာမတော်တရော်များ လုပ်ဦးမှာ ပါလိမ့်ဗျာ။ အဲဒီအချိန်မှာ နောက်ထပ် ၁ယောက်က ဝါးလုံးတုတ်တုတ်၊ ရှည်ရှည် (၂) ချောင်းကို မျိုးဝင်းတဲ့နောက်ဖေးက ယူလာပါတယ်။ ဝါးလုံးတစ်လုံး ကိုရင်ညွှန့်လောက်က ကန့်လန့်ဖြတ်၊ နောက်တစ်ချောင်းကို ပေါင်ပေါ်က ကန့်လန့်ဖြတ်တင်ထားလိုက်ပါတယ်။

ထောက်လှမ်းရေးထဲက ရာတိတ် (၂)ယောက်က ရင်ပေါင်းကြမ်း (အိမ်မိုးတရုတ် ကတ္တရာလိပ်) အတိုအစတွေ တစ်ပွေ့ကြီး ယူလာပါတယ်။ ကယ်တော်မူကြပါဗျာ။ ကျွန်တော့်ကိုဘာလုပ်မလဲကျွန်တော်သိပြီ၊ လုပ်ကြပါဦးဗျာ။ ကျွန်တော်တော့ သေတော့မှာဘဲ။ ရင်ပေါင်ကြမ်းတွေကို အတိုအစတွေဖြတ်ပြီး ကျွန်တော့်ဗိုက်ပေါ်တင်ပြီး မီးမွှေးလိုက်ပါတယ်။ ခဏချင်းမှာပဲ မီးတောက်ကြောင့်ကတ္တရာရည်တွေဟာ စက္ကူပေါ်ကနေပျော်ကျပြီး ကျွန်တော့်ဗိုက်ပေါ်ကို စီးကျလာပါတယ်။ ဗိုက်ပေါ်မှာ မီးဆက်လောင် နေလို့

"မလုပ်ကြပါနဲ့ဗျာ၊ ကြောက်ပါပြီ။ နာလှပါပြီ၊ မလုပ်ကြပါနဲ့"

ကျွန်တော့်ရင်ညွန့်က၊ ပေါင်ပေါ်က ဝါးလုံးရဲ့ အဖျားနဲ့ အရင်းပိုင်းတွေမှာ လူတွေက တက်ဖိထားတော့ကာ အဲဒီနေရာတွေကလည်း တော်တော်နာနေပါတယ်။ ဗိုက်က အပူဒဏ်၊ နောက်တက်ဖိထားတဲ့ရင်ညွန့် ကနာကျင်မှုဒဏ်တွေကဝမ်းခေါင်းအတွင်း ကနေ လိပ်သိမ်းပြီး ကျွန်တော့်အသက်ကို တစ်ခါတည်း နှုတ်သွားမလားလို့တောင် ထင်ရပါတယ်။ ဒါပေမယ့် အဲ့ဒီအသက်နှုတ်ခါနီး နာကျင်မှုဆိုတာမျိုးသာ ခံစားရပြီး အသက်ကတော့ ထွက်မသွားပါဘူး။ ငိုရင်း၊ အော်ရင်းနဲ့ အသံတွေကလည်းပြာပြီး မထွက်တော့ပါဘူး။ အဲ့ဒါကြောင့် အော်လိုက်ရင် ပိုပြီး တိုးပြီးနာလို့ မအော်ဖြစ်အောင်ကြိုးစားကြည့်မိ တော့လည်း မရပါဘူးဗျာ။

မီးရှို့လိုက်၊ ဝမ်းခေါင်းထဲက လှိုက်လှိုက်ပြီးအော်ရလိုက်၊ ခဏနားပြီး မင်းသေနတ်နဲ့ အဆိပ်ထုတ်ပေးမှာလားလို့ ပြောလိုက်၊ မရှိလို့ပါခင်ဗျာ၊ ကျွန်တော်ဘာမှမသိပါဘူးလို့ဖြေလိုက်နဲ့ အဲဒီဖြစ်စဉ်ကြီးက ဆက်ကာဆက်ကာဖြစ်နေတယ်။

ခဏနားတဲ့အချိန်မှာ ထွန်းအောင်ကျော်ရဲ့အသံကလည်း ကျယ်ကျယ်လောင်လောင်ကြီးကို အဆက်မပြတ်ကြား နေရတယ်။ ဘယ်ဘဝက ဝဋ်ကြွေးလဲဗျာ။ ကျွန်တော်ခံနိုင်စွမ်းမရှိတော့ပါဘူး။ နားရိုန်ကို မရတော့ပါဘူးဗျာ။

"ဟော့ကောင် ခေါင်းမာတဲ့ပိုလ်မှူး၊ မင်းထုတ်ပေးမယ်လို့ ကတိမပေးမချင်း၊ မင်းကိုလုပ်မယ်၊ မင်းအစာအိမ်တွေ အူတွေမီးလောင်သွားတဲ့အထိ ရှို့ပစ်မယ်"

"နာလို့ပါဗျာ၊ နာလှပါပြီ၊ တော်ကြပါတော့"

"မင်းပေးမယ်လို့ ကတိပေးမလား၊ ပြီးမှအေးအေးဆေးဆေး စဉ်းစားပြီးမှထုတ်ပေး၊ ဒါပေမယ့် အခုကတိ ပေးရမယ်"

"မလုပ်ပါနဲ့ဗျာ၊ နာလှပါပြီ"

# ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

"ဟေ့ကောင်တွေ ထပ်ယူခဲ့စမ်း"

"တော်ပါပြီဗျာ၊ တော်ပါပြီ။ ကျွန်တော်ကတိပေးပါတယ်၊ ကျွန်တော် ထုတ်ပေးပါတော့မယ်"

မျိုးဝင်းကမီးရှို့တာရပ်လိုက်ပါတယ်။ သံချောင်းက ဘေးကနေထိုင်ခုံနဲ့ထိုင်ပြီး အနီးကပ်ကြည့်နေရာကနေ

"ဟေ့ကောင်တွေ သူ့ဗိုက်ပေါ်ကဟာတွေဖယ်ပေးလိုက်"

အောင်နိုင်က

"ချိုကြီးကွာ မင်းဒီကတိလေးပေးရမှာကို အလကားအသားအနာ ခံချင်တယ်"

ဝါးခြမ်းပြားတစ်စနဲ့ ဗိုက်ပေါ်ကမဲနေတဲ့ကတ္တရာဂိုးတွေကို ခြစ်ထုတ်ပစ်လိုက်ရာမှာ အရေပြားပါ လန်ပြီးပါသွားပါတယ်။ ကျွန်တော်နာလွန်းလှပါပြီဗျာ။ အသက်ပါသွားမှာလားအောက်မေ့ရတယ်။ ဒါပေမယ့် ကျွန်တော်သတိမလွတ်အောင် ထိန်းထားနိုင်ပါတယ်။ ကျွန်တော့်လက်တွေ ခြေတွေမှာလည်း ဝါးငုတ်က ဝါးခြမ်းရှတဲ့ဒဏ်ရာတွေက သွေးတွေညှိုလို့ပါ။ ကျွန်တော်ငိုမိပါတယ်။ စိတ်မကောင်းခြင်းကြီးစွာနဲ့ ဝမ်းနည်းပက်လက်ငိုမိပါတယ်။

"ဟေ့ကောင် မင်းဂန်ဒူးလား၊ ငိုနေတာ မရှက်ဘူးလား။ ငိုမနေနဲ့ ဆေးဆရာမခေါ်လာပြီ၊ အစုကုပေးလိမ့်မယ်"

ကျွန်တော့်မျက်ရည်ဟာ ဒဏ်ရာကြောင့်ကျတဲ့မျက်ရည် မဟုတ်ရပါဘူးဗျာ။ ကျွန်တော့်ပါးစပ်ကနေပြီး ကျွန်တော်အင်မတန်မုန်းတဲ့ စစ်တပ်ရဲ့သူလျှိုအဖြစ်၊ ထောက်လှမ်းရေးဗိုလ်မှူးတစ်ဦးအဖြစ် သွယ်ဝိုက်ပြီးဝန်ခံလိုက်ရလို့ပါဗျာ။ ကျွန်တော့် ဘဝတော့ဆုံးပါပြီဗျာ။ ကျွန်တော်သူလျှိုတစ်ယောက်လို့ အသတ်မှတ်ခံရပြီး သေရမှာဗျာ။ ကိုယ်စက်ဆုပ်တဲ့ဘဝကြီးကို ခံယူပြီး သေရမှာ။

ကျွန်တော်ဘာကိုမှလည်း စိတ်မဝင်စားချင်တော့ဘူး။ ဆိုးလိုက်တဲ့ဘဝဗျာ၊ ကိုယ့်ရန်သူအဖြစ် ကိုယ့်ကိုယ်ကို ပြန်သတ်မှတ်ရတာ။ မီးရှို့ခံရတဲ့အထိကို ကျွန်တော်ဟာ စပိုင်မဟုတ်တဲ့အကြောင်း အနာခံပြီး ငြင်းပါသေးတယ်ဗျာ၊ ဘယ်လိုမှမရတော့လို့ပါ။ ကျွန်တော့်ကိုနားလည်ပေးကြပါ၊ နားမလည်ရင်တောင်မှ ခွင့်လွှတ်မှုလေးပေးကြပါဗျာ။ သိပ်ဝမ်းနည်းစရာကောင်းတဲ့နေ့တစ်နေ့ပါဘဲ။

ခဏာနေတော့ ကျွန်တော့်ကို တဲထဲမ,ရွှေ့ပြီး အဝတ်အစားပြန်ဝတ်ခွင့်ပေးပါတယ်။ ဆေးဆရာမနှစ်ယောက်က ဆေးထိုးပေး၊ အနာကို သန့်ရှင်းရေးလုပ်ပေးပါတယ်။ အသံတွေကကြားဘူးတဲ့အသံတွေပါ။ ဒါပေမယ့်ဘယ်သူဆိုတာ သေသေချာချာမသိပါဘူး။ သူတို့က

"ချိုကြီးရယ် နင်စောစောစီးစီး ဝန်ခံလိုက်ရင် အခုလိုမျိုးခံရမှာ မဟုတ်ဘူး၊ နင်တော်တော်မိုက်တယ်" တဲ့။

အဲ့သလိုပြောလိုက်မှ အဲ့ဒါ တိန့်ဆွေ(အားရန်တီး)အသံမှန်းသိလိုက်ရတယ်။ သူမရဲ့ကရုဏာစကားနောက်ကွယ်မှာ အကြီးမားဆုံးစော်ကားမှုတွေပါနေတာ သူတို့ကိုယ်တိုင်သိပုံမရပါဘူး။ ကျွန်တော်မျက်ရည်တွေ ထိန်းမရအောင် ထပ်ကျလာပါတယ်။

"အခုမှ ငိုမနေနဲ့၊ ငိုမနေနဲ့ ဒီဒဏ်ရာက ၄ - ၅ ရက်နေရင်ပျောက်သွားမှာ"

ကျွန်တော့်ရင်ထဲက ဒဏ်ရာကို ဘယ်သူကကုပေးမှာလဲဗျာ။

"မင်းတို့ကသိပ်သစ္စာရှိပြနေတာ၊ မိုးကြီးတို့ ခင်မောင်ဇော်တို့လိုနေရင် အခုလောက်ဆို မင်းတို့အပြင်မှာတောင်ပြန်နေလို့ရပြီ"

"ဆရာမကျေးဇူးပြုပြီး အဲဒီကောင်နှစ်ယောက် အကြောင်းမပြောပါနဲ့"

"ခွေးကောင်ငါ V.C.S တိုင်လိုက်လို့ ထပ်နာနေဦးမယ်၊ အလကားစစ်စုံထောက်တွေ၊ စေတနာထားလို့ မရတဲ့ဟာတွေ"

ဒီအချိန်မှာတော့ ကျွန်တော်သူမကို သနားကြည့်နဲ့ ကြည့်လိုက်နိုင်ပါပြီ။

"ဆေးကုပြီးရင် ဒီကောင့်ကို စစ်ရုံးထဲပြန်ပို့လိုက်၊ ဂွမ်းစောင်တွေဘာတွေ ထုတ်ပေးလိုက်။ ရုံးထဲမထည့်ခင် သူ့ညီကို ဝင်ပြလိုက်ဦး၊ မင်းက ခေါင်းမာနေတာ မင်းညီကဝန်ခံပြီးပြီ။ မင်းစကားနည်းနည်းပြောကြည့်ပေါ့ကွာ"

ထွန်းအောင်ကျော်ကိုကြည့်လိုက်ရတော့ သူလည်း ဘယ်လိုနည်းမှန်းသာ မသိတာ၊ ပိုးစိုးပက်စက်ခံထားရတာတော့ သိလိုက်ရတယ်။ သူ့မျက်နှာမှာလည်း ကျွန်တော့်လိုပဲ မျက်ရည်တွေနဲ့ ။ (မငိုပါနဲ့ ညီလေးရာ မငိုပါနဲ့၊ ရှုံးသွားရင်တောင် ရဲရဲဝံ့ဝံ့သာ ရှုံးရအောင်ပါကွာ)

သူ့ကိုလက်ပြန်ကြိုးတုပ်ပြီး သူ့ဘယ်ဘက်ခြေထောက်ကို ဆွဲဆန့်ပြီး ခြေကျင်း

ဝတ်ကနေကြိုးနဲ့ချည်ထားခဲ့တယ်။ သူ့ဒူးခေါက်ကွေးအောက်မှာ မီးရှို့ပြီး အဲဒီဒဏ်ရာနေရာကို တုတ်နဲ့ရိုက်၊ မီးပြန်ရှို့လိုက်လုပ်လို့ ဝန်ခံလိုက်ရတယ်ဆိုတာ သိရတယ်။ သူ့ကိုနှိပ်စက်ပုံကို ဇော်ဇော်မင်းနဲ့ ကျော်ထင်ဦးကပြောပြတာဖြစ်ပြီး သူကတော့ မျက်ရည်တွေကြားကနေ ကျွန်တော့်ကို တောင်းပန်တဲ့အကြည့်နဲ့သာ စူးစူးစိုက်စိုက် ကြည့်နေပါတယ်။

ကျွန်တော်က

"ငါလည်းဝန်ခံလိုက်ပြီ ထွန်းအောင်ကျော်ရေ"

လို့ပြောပြီး ညီအစ်ကို နှစ်ယောက်မျက်ရည်တွေထပ်ပြီး စီးကျလာပါတယ်။

"သူတို့နှစ်ယောက်လုံးကို စစ်ရုံးထဲပို့ထားလိုက်"

"ကဲ၊ ကဲ ဗိုလ်မှူးနှစ်ယောက် ဝန်ခံပြီးပြီဆိုတော့ ဒဏ်ရာသက်သာလာမှ ပစ္စည်းအပ်ဖို့ကိစ္စလေး ဆက်တာပေ့ါ။ အခုလောလောဆယ်ဆယ်တော့ အေးအေးဆေးဆေးအနားယူကြပါ"

ကျွန်တော်တစ်ခုတော့ ကြဲဖန်ဝမ်းသာမိပါတယ်။ ထွန်းအောင်ကျော် ကျွန်တော့်လောက်မနာရှာဘူးလေ၊ သူက ကျွန်တော်ရဲ့တစ်ဝမ်းကွဲညီလေ၊ ငယ်ငယ်က ကျွန်တော်ချီခဲ့ချော့ခဲ့ရတာ။

စစ်ရုံးထဲမသွားခင်မှာ မျိုးဝင်းကနေပြီး

"ကဲ၊ ကဲ တပ်မှူးနှစ်ယောက် ခင်ဗျားတို့ စစ်သုံ့ပန်းအခွင့်အရေးကို အချိန်အတိုင်းအတာတစ်ခုအထိ၊ အနေအထားတစ်ခုအထိ ခံစားခွင့်ရှိသွားပါပြီ။ ဒါပေမယ့် ကျွန်တော်တို့ကိုလည်း နားလည်ပေးပါ ဒါဟာရှေ့တန်းဖြစ်ပါတယ်၊ ရှေ့တန်းဆိုတော့ တိုက်ပွဲတွင်းမှာဆက်ဆံသလိုဘဲ ခင်ဗျားတို့ ဆက်ဆံခံရမှာပါ။ ကျွန်တော်တို့ လူတွေဆိုရင် ဒီထက် ဆိုးအောင်ခံရတာ ခင်ဗျားတို့လည်းသိပါတယ်"

နှိပ်စက်နေတဲ့တစ်လျှောက်လုံးမှာ ကျွန်တော်က ထောက်လှမ်းရေးမဟုတ်တဲ့ အကြောင်းရိုးရိုးသားသား တော်လှန်ရေး သမားဖြစ်တဲ့ အကြောင်းအမျိုးမျိုး ပြောပြပေမယ့် ပိုပြီး တိုးပြီး အရိုက်ခံရတာသာအဖတ်တင်တာပါ။ သူတို့က ကျွန်တော်တို့ နှစ်ယောက်ကို မဖမ်းခင်ကတည်းက ဗိုလ်မှူးရာထူးအပ်နှင်းပြီး ဖြစ်နေလို့လေ။ အဖမ်းခံအားလုံးအတွက် ဝမ်းနည်းမိတယ်ဗျာ။ တကယ့်ကိုဝမ်းနည်းတာပါ၊ သူတို့တွေဟာ ကျွန်တော်တို့အပေါ် စိတ်ချ၊ ယုံကြည် နောက်ဆုံးဗျာ အားထားတဲ့အဆင့် တောင် ရှိခဲ့ကြတာပါ။ ကျွန်တော်တို့ တာဝန်မကျေလို့ (ဒီနေရာမှာ ထွန်းအောင်ကျော်ကိုပဲ အပြစ်ပုံချမနေချင်တော့ပါဘူး)

အားလုံးဒီလိုဖြစ်ရတာပါ။ အခုကျဗျာ သူတို့ကိုကာယ်ဖို့ မပြောနဲ့ ကိုယ့်ဘာသာကိုယ်တောင် ဘာမှန်းမသိတော့ဘူး၊ ကိုယ်တိုင်တောင်မှ နာလွန်းလို့ ဝန်ခံလိုက်ရပြီ။

ကျွန်တော်တို့ရဲ့ ဝန်ခံချက်နဲ့ နောက်ထပ်ဖမ်းတာတွေ၊ နှိပ်စက်တာတွေ ဖြစ်လာတော့မှာ မြင်ယောင်သေးတယ်ဗျာ။ နောက်ဆုံးအားလုံးဖမ်းပြီးရင် မိုးညှင်း၊ မိုးကောင်း၊ နမ္မား ဒေသခံ စစ်ဘုရင် အုပ်စုတစ်စု ပေါ်လာပြီး ကိုယ့်ဒေသခံတွေအပေါ်ပြန်ဗိုလ်ကျတဲ့ ခါးပြအဖွဲ့ တစ်ခုသာ ဖြစ်သွားတော့မှာပါ။

ကိုယ့်လူတွေက ကိုယ့်ကို အမြင်စောင်းမှာမျိုး ကြောက်နေရင်းနဲ့ပဲ ကျွန်တော့် အတွေးထဲမှာ ဝသုန်ဆိုတဲ့ ပုလိပ်မြို့သား ကျေးဇူးကန်းကောင် ကျွန်တော့်ကို ကြာပွတ်နဲ့ ရိုက်တဲ့ အခြေအနေကို ပြန်မြင်ယောင်မိကြားယောင်မိတယ်ဗျာ။

ကျွန်တော့်ပါးစပ်ကထွက်တဲ့ ဝန်ခံချက်လို့ နာမည်တပ်လို့ရတဲ့ နာကျင်နေတဲ့ စကားသံတွေကြောင့် နောက်ထပ်တစ်သီတစ်တန်းကြီးအဖမ်းခံရ၊ နှိပ်စက်ခံရမှာကို မြင်ယောင်မိပြီး စိတ်မကောင်းဘူးဗျာ။ ဒီကလေးတွေဟာ တော်လှန်ရေး လုပ်ဖို့ လာကြတာပါ။ တော်လှန်ရေးအတွင်းအစန့်မသင့်ရင် တိုက်ပွဲမှာ အသက်စွန့်ဖို့လည်း ပြင်ဆင်ထားပြီး သားတွေပါ။ ဒါပေမယ့် အခုလို အချင်းချင်းဖမ်း၊ သိက္ခာချ၊ နှိပ်စက်ခံပြီးမှ ခေါင်းဖြတ်ခံရဖို့ တော့မဟုတ်ဘူးလေ။

အခုမှတော့ အရှိန်တွေက သိပ်ကိုလွန်သွားပါပြီလေ။ ခဏအကြာမှာ ထွန်းအောင်ကျော်ရဲ့ ဒဏ်ရာကို ကုဖို့ ဆေးအဖွဲ့ ရောက်လာပါတယ်။

ထုံးစံအတိုင်း ထွန်းအောင် ကျော်ရဲ့မီးလောင်နေတဲ့ ဒူးခေါက်ကွေးကို ဆေးတွေနဲ့ ကြမ်းကြမ်းတမ်းတမ်းပွတ်၊ ဇာဂနာနဲ့အနာဖေးတွေ ဆွဲခွာရျန့် နောက်ထပ်စစ်ကြောရေး တစ်ခုကို သူရင်ဆိုင်နေရတဲ့အတိုင်းပါဘဲ။

# ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

အခန်း(၆)

ကျွန်တော်ထင်တယ်၊ ကျွန်တော်တို့ကို မီးရှို့အပြီး ၃-၄ ရက်အကြာလောက်မှာ အကျဉ်းသားလူကြီးတွေဆိုတဲ့ သူတွေအားလုံးကို စစ်ရုံးမှာစုလိုက်ပါတယ်။ စကားပြောဖို့ ဦးစိန်၊ နောက် ခင်မောင်ဇော်နဲ့ မိုးကြီးတို့ကို ရွေးလိုက်ပြန်ပါတယ်။ မိုးကြီးကပထမဆုံး ထွက်ပြီး အရင်လိုစကားတွေပြန်ပြောပါတယ်။

"အခုကျွန်တော်တို့ စစ်ထောက်လှမ်းရေးများ ဒီမှာစုမိကြပါပြီ။အားလုံးဟာ ကိုယ်နဲ့ ဆက်သွယ်တဲ့ ရဲဘော်တွေက ဘယ်သူလဲဆိုတာ သိပြီးကြပြီးဖြစ် ပါတယ်။ ကျွန်တော်တို့သိရသလောက် ကျွန်တော်တို့မိခင်ဌာနက ပို့လွှတ်လိုက်တဲ့ စပိုင် ဦးရေဟာ (၁၀၀) ကျော်ပါတယ်။ ဒါကြောင့် ခင်ဗျားတို့ကို ကျောင်းသားတပ်မတော်ရဲ့ စပိုင်ဇော် ထုတ်ရေးလုပ်ငန်းစဉ်မှာ အကူအညီပေးဖို့ ကျွန်တော်မေတ္တာရပ်ခံပါတယ်။ အပြန်အလှန် အားဖြင့် အကူအညီပေးမယ့် သူတွေဟာ ကျောင်းသားတပ်မတော်က အပ်နှင်းမယ့်လွတ် ငြိမ်းချမ်းသာခွင့်ကို ခံစားကြရမှာဖြစ်တယ်။ တကယ်လို့အဲသလို မကူညီရင် သင်တို့ ဟာ ကျောင်းသားတပ်မတော်နဲ့ တော်လှန်ရေးရဲ့အပြစ်ဒဏ်စတော်တာကို ခံကြရမှာ ဖြစ်တယ်"

ခင်မောင်ဇော်ရဲ့အလှည့်မှာတော့

"ကျွန်တော်ပြောစရာစကား သိပ်မကျန်ပါဘူး၊လိုအပ်သမျှကို မိုးကြီး က အကုန်ပြောသွားခဲ့ပြီးပါပြီ။ နည်းနည်းထပ်ပြောချင်တာက ဒီအခြေအနေ ရောက်မှတော့ ABSDF အပေါ်မှာဖြူစင်ပြီး ပူးပေါင်းဆောင်ရွက်ဖို့သာ ကြိုးစားကြပါ။ ခင်ဗျားတို့ရဲ့

ပွဲးပေါင်းဆောင်ရွက်မှုကို ABSDF ကလူကြီးတွေက မေ့ပစ်မှာမဟုတ်ပါဘူး"

နောက်ဦးစိန်မတ်တပ်ရပ်ပြီး စပြောပါတယ်။

"ကျွန်တော်ကတော့နာလှပါပြီ။ ဘယ်သူကိုမှလည်း ကျွန်တော်မနာစေချင်တော့ပါဘူး။ ကျွန်တော့်အတွက် ဆိုရင်တော့ ကျွန်တော်ဟာသေဖို့အဆင်သင့်"......

စကားမဆက်လိုက်နိုင်ပါဘူး။ သူ့ကိုဆွဲထိုင်ခိုင်းပြီးငိုင်းကန်ကြ၊ ရိုက်ကြ လုပ်လိုက်ကြလို့ပါဘဲ။

ကျွန်တော်က

"ဟေ့မိုးကြီး... မင်းလူတွေသိရင် နာမည်တွေမင်းပြောလိုက်လေကွာ မင်း လူ (၁၀၀)ကျော်ဆိုပြောပြီး ဒို့ပြင်လူတွေကို ပြဿနာထဲ ဆွဲမထည့်ပါနဲ့"......

ကျွန်တော်လည်းစကားအဆုံးမသတ်နိုင်ပါဘူး။ ကျွန်တော်လည်းဦးစိန်လို ခံစားလိုက်ရပါတယ်။ အနည်းဆုံးဒီနေ့မှာ ဦးစိန်ဟာ ခြေသုံ့တစ်ကောင်သေဖို့ ဘယ်လိုပြင်ဆင်ရတယ်ဆိုတာလောက်တော့ ကျွန်တော့်ကိုသင်ပေးခဲ့ပါတယ်။

(မိုးကြီး၊ ခင်မောင်ဇော်၊ ဒီနေ့မင်းတို့ပြောခဲ့တဲ့စကားဟာ တစ်နေ့မှာ ပြန်ပေါ်လာတဲ့အခါကျ မင်းတို့ တစ်သက်လုံးအရှက်ရပြီး လူလုံးမလှဖြစ်ရလိမ့်မယ်) ကျွန်တော်တို့အားလုံးကို လူခွဲပြီး တစ်နေရာစီပြန်ပို့ချုပ်ထားလိုက်ပါတယ်။

ခဏအကြာမှာ ကိုအားစိုက်ကိုလည်း သင်တန်းခန်းမထဲပြန်ပို့လိုက်ပါတယ်။ ဟုတ်ကဲ့ ထုံးစံအတိုင်းတစ်လမ်းလုံး ရိုက်နက်ပြီးခေါ်လာတာပေါ့ဗျာ။ ကိုအားစိုက်ဟာ နှိပ်စက်ခံရလို့ တော်တော်ကြီးကိုနာနေပါပြီ။ ကြာကြာတောင်ခံမယ် မထင်တော့ပါဘူး။

သင်တန်းခန်းမအပေါက်လည်းရောက်ရော မျိုးဝင်းကနေပြီး

"ABSDF ပေါ်မှာမဖြူစင်တဲ့ အကျဉ်းသားတွေကို နည်းနည်းလောက် အကြောင်းပြစမ်းကွာ"

လို့အစောင့်ရဲဘော်တွေကို အမိန့်ပေးလိုက်ပါတယ်။

အောင်မင်းနဲ့ အဖွဲ့ဟာ ကိုအားစိုက်ကို အဲ့ဒီအပေါက်ကနေ သင်တန်းခန်းမထိပ်နားထိ ဒရွတ်တိုက်ဆွဲခေါ်သွားပါတယ်။ ကိုအားစိုက်ကိုရိုက်တဲ့သူကရိုက်နေတဲ့ အချိန်မှာကျန်တဲ့ထောင်စောင့်တွေကလည်း ထောင်ထဲရှိသမျှ အကျဉ်းသား မှန်သမျှကို နီးစပ်ရာနီးစပ်ရာ ရိုက်နက်ကန်ကျောက်ကြပါတယ်။

သူတို့မောသွားတဲ့အချိန်မှာအောင်မင်းက အားစိုက်ရဲ့ခြေကျင်းဝတ်တစ်ဖက်ကို

ကြိုးချည်ပြီး ထုပ်တန်းကနေ ဇောက်ထိုးဆွဲထားပါတယ်။ ခြေထောက်တစ်ချောင်းတည်း ချည်တာပါ။ ကိုရှိုက်ားယားဇောက်ထိုးကြီး ဖြစ်နေချိန်မှာ မောင်းတီးရအောင်ဆိုပြီး ကိုအား စိုက်ကို ရိုက်ပြီး ပတ်ချာလည်အောင်လုပ်ပြီး နှိပ်စက်ကြပါတယ်။

ဒီသင်တန်းခန်းမကြီးဟာ သင်တန်းပို့ချသံတွေ၊ နာယူကျက်မှတ်သံတွေ ကင်းမဲ့ပြီး ကြောက်လန့်တကြားအော်ငြီးသံတွေ၊ ငိုသံနဲ့ ရိုက်သံတွေ၊ အသက်ငင်တဲ့ ငြီးတွားသံတွေနဲ့သာ တန်ဆာဆင်ထားတဲ့ ခန်းမကြီးပါ။ တိတ်ဆိတ်ခြင်းဆိုတာမျိုးကတော့ ည သန်းခေါင်နဲ့ နံနက်လင်းအားကြီး၊ အကြားမှာသာ ကြိုကြား၊ ကြိုကြား တည်ရှိတဲ့ရွာပါ။ အ ခြေအနေတစ်ခုပါ။

သာမန်အားဖြင့်ကတော့ ငိုမြည်သံတွေ၊ ရိုက်သံတွေကို မြိန်ရှက်စွာစားသုံး ကြတဲ့၊ တာဝန်သိလို့ဆိုတဲ့ ထောက်လှမ်းရေးအဖွဲ့ဝင်များ၊ တာဝန်ကျေလှတဲ့အစောင့်များနဲ့ ABSDF ကို ကာကွယ်စောင့်ရှောက်ရင်း လမ်းညွှန်ကြတဲ့ လူကြီးများရဲ့ ပိတိပြုံးတွေနဲ့သာ နေရာယူထားတဲ့ သင်တန်းခန်းမကြီးပါ။

ကိုအားစိုက်ဟာ မြေပြင်ပေါ်က ၄'-၅' လောက်အမြင့်မှာ ခေါင်းဇောက်ထိုးကြီး ဖြစ်နေတော့ ကြိုးချည်ထားတဲ့ စက္ကူစတန်းလန်းကို ကြောင်နို့စို့လေးတွေမြင်ရင် ကစားချင် လာသလိုမျိုး ကျောင်းသားရဲဘော်များစိတ်မှာလည်း ကန်ချင်၊ ထိုးချင်စိတ်တွေ မယိုးမယွ ပေါ်လာကြပါတယ်။ မျက်နှာတစ်ခုလုံးက ဖူးယောင်နေတော့သူ့ကို ကိုအားစိုက်ပါလို့ သေ သေချာချာသိမထားခဲ့ရင် လွန်ခဲ့တဲ့ ၁၀ ရက်လောက်အထိသူနဲ့ လက်ပွန်းတတီးနေခဲ့တဲ့ သူတွေတောင် သူ့ကိုမှတ်မိစရာမရှိပါဘူး။

ကိုအားစိုက်ကလက်ျာရစ်လည်သွားလိုက်၊ ဖမ်းရပ်ပြီး လက်ဝဲရစ်လည်တာ ခံရ လိုက်နဲ့ ထောင်စောင့်များအတွက်တော့ ပျော်ရွှင်စရာ T.V Game စက်အသစ်တစ်ခုရ လိုက်သလိုပါပဲ။ ခဏအကြာမှာ ကြိုးကို လျှော့လိုက်တော့ မြေသားကြမ်းပြင်ပေါ် ကိုအား စိုက်ပြုတ်ကျသွားပါတယ်။ ကိုအားစိုက်လုံးဝ သတိမရှိတော့ပါဘူး။ အစောင့်တစ်ယောက် က ရေတစ်ပုံး ခပ်လာပြီးကိုအားစိုက် ကိုယ်ပေါ်လောင်းချလိုက်ပါတယ်။နှိပ်စက်သူများဟာ ပင်ပန်းနွမ်းနယ်သွားကြပုံရပြီး ထမင်းစားဖို့ လောဆော်နေ တာတွေ့ရပါတယ်။ အကျဉ်းသား များ အတွက်ကတော့ ခေတ္တအနားရတဲ့ အချိန်ပေါ့ဗျာ။

ဒီကိစ္စတွေဟာလုံးဝလူမဆန်တဲ့ အလုပ်တွေပါ။ ဒါပေမယ့်သူတို့အတွက်တော့ ဒီကိစ္စမျိုးဟာ စစ်ကြောရေးလုပ်ငန်းစဉ်ရဲ့အစိတ်အပိုင်းတစ်ရပ်၊ ဒါမှမဟုတ် စစ်ကြောရေး

လုပ်တဲ့ အခါမှာ အထောက်အကူရတဲ့လုပ်ငန်းတစ်ရပ်ဖြစ်တယ်။ ဒါကြောင့် ဒီနိုပ်စက်တဲ့ လုပ်ရပ်ဟာ တရားမျှတတယ်လို့ဆိုပါတယ်။

အဲဒီလိုမျိုးသွေးပျက်စရာ ဇာတ်လမ်းတွေအများကြီးရှိပါတယ်။ ဥပမာဗျာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးက ဝန်ထမ်းတစ်ဦးဖြစ်တဲ့ အောင်ဖိုးကိုစွ၊ ဘာမှမဟုတ်တာလေး နဲ့ ဘဝဆုံးသွားတာ။ အဲဒီနေ့က အကျဉ်းသားတွေကို သင်တန်းစန်းမထဲ ပြန်ထည့်ပြီး အ စောင့်တွေက လက်ကြိုးလိုက်ချည်ပါတယ်။အစောင့်တွေထဲမှာ အဲဒီအချိန်ကရောက်နေတဲ့ ရာထူးအကြီးဆုံးလူက လဆိုင်းပါ။ လဆိုင်းက မင်းတို့ကြိုးတွေလျော့ရင်ပြော၊ ချည်ထား တာမတင်းရင်ပြော၊ပြီးမှလိုက်စစ်လို့ကြိုးလျော့နေတာတွေ့ရရင် သေမယ်လို့ပြောပါတယ်။

အဲ့ဒီအခါအောင်ဖိုးက

"ဒုဝါလဆိုင်း ကျွန်တော့်ကြိုးလျော့နေတယ်"

လို့အစီရင်ခံလိုက်ပါတယ်။ အဲဒီအခါ လဆိုင်းက

"ဘာ ငါမင်းကို အစုလေးတင်တင်းနေအောင် ချည်ထားတာ၊ အခု ကြိုးလျော့တယ်ဆိုတော့ မင်းက ပညာသည် ဖြစ်ရမယ်။ မင်းကြိုးပြေတဲ့ ဂါထာတတ်တယ် မဟုတ်လား"

"ဟာ ... မဟုတ်ရပါဘူးဗျာ"

"မလိုချင်ဘူး၊ ကြိုးဖြည်ဂါထာဖတ်ပြီး ငါ့ကိုစမ်းတဲ့ကောင်၊ မင်း လက်ထုတ်၊ ထိပ်တုံးပေါ်မှောက်တင်ထား"

လဆိုင်းက လက်ကောက်ဝတ်ပေါ်ကို ကြိမ်တုတ်နဲ့ အကြိမ်ကြိမ်ရိုက်လိုက်တာ လက်ကြီးကစိမ်းပြီး ရောင်လာပါတယ်။ မရပ်ပဲ ဆက်ရိုက်နေရာက တော်တော်ကြာမှ ရိုက် တာရပ်ပြီး ထွက်သွားပါတယ်။

လက်ကာပုပ်သွားလို့နောက်ရက်မှာလက်ကောက်ဝတ်ကနေဖြတ်ပစ်လိုက်ရပါ တယ်။ လက်ဖြတ်မယ့်အချိန်မှာ နာလွန်းလို့ အောင်ဖိုးကမျက်ရည် ကျနေတော့ ဆေး ဆရာမ တိန့်ဆွေက

"ဟေ့ နင်ယောက်ျားမဟုတ်ဘူးလား ငိုမနေစမ်းနဲ့၊ ငါအရင်နေ့က လည်း ကျော်ဝေလက်ဖြတ်ပေးခဲ့ပြီးသား ဘာမှမနာဘူး။ ပြီးသွားမှာ သူ့အနာကမှမိုင်းခွဲလို့ ပြတ်ပြီးဖွာထွက်သွားတာ မင်းထက်ပိုဆိုးတယ်"

ဘယ်လိုဖြတ်တာလဲဟုတ်လား၊ သစ်တုံးပေါ်တင်ခုတ်ဖြတ်လိုက်တာပေါ့ဗျာ။

ပြီးမှ လိုတာတွေ အားလုံးပြန်ချုပ်။

ခင်ဗျားတို့ကို ကျွန်တော်အစု အခြားအခြေအနေတစ်ခုမှာရှိတဲ့ လက်ဒဏ်ရာအကြောင်းပြောပြမယ်။ ၁၉၉၀ အတွင်းကပေါ့။တိုက်ပွဲတစ်ခုအတွင်း သံချောင်းညာဘက်လက်ခုံမှာကျည်စတွေမှန်ပြီးဒဏ်ရာရသွားတယ်။အရိုးလေးတွေဘာတွေလည်းကျိုးသွားတော့သံချောင်းကို ကုပေးတဲ့ ဆေးဆရာမတွေလည်းမနိုင်တော့ဘူး။ သံချောင်းကအော်နေပြီး သူ့လက်ကိုဖြတ်ပစ် ပါတော့ ဆိုပြီး ဆေးဆရာမတွေကို အမိန့်ပေးတယ်။ အဲဒီတုန်းက အစုအဖမ်းခံထားရတဲ့ ထွန်းအောင်ကျော်က ဉက္ကဌ။ ထွန်းအောင်ကျော်က ဘယ်နည်းနဲ့မှ သံချောင်းလက်ကို ဘယ်သူမှမဖြတ်ရဘူးလို့ အမိန့်ပေးပြီး သံချောင်းကို တရွတ်ပြည်ထဲ မန်ဆီမြို့ကို ပို့ပြီးကုပေးတယ်။အခုကောင်းသွားပြီ၊ အခုသံချောင်းက အဲဒီအကြွေးတွေဆပ်နေတာ နေမှာ။

နောက်တစ်နေ့ကလည်း ရက်စက်မှုတွေသယ်ဆောင်ပြီး မြန်မြန်ဆန်ဆန်ပဲရောက်လာတယ်။ ကိုအားစိုက်ကလည်း နေ့သစ်ကို သူ့ရဲ့အနိပ်စက်ခံရမှု အသစ်ကြောင့်အလန့်တကြားအော်ဟစ်သံ၊အနာပေါင်းတွေကြောင့်ပြီးတွားသံတွေနဲ့ကြိုဆိုခဲ့ပါတယ်။ ကျွန်တော့်ဒဏ်ရာတွေဟာ ပြင်းထန်လွန်းလှတယ် ပြောရင်အဲ့ဒီလူဟာ ကိုအားစိုက် အနိပ်စက်ခံရတဲ့အကြောင်း မကြားဘူးလို့သာ ဖြစ်မှာပါ။ သူ့ရဲ့ခြေကျင်းဝတ်ဟာ အနာရင်းပြီးယောင်နေပါတယ်။ အစောင့်တစ်ချို့က ဆေးဆရာမ ခေါ်ပေးသင့်တဲ့အကြောင်း တာဝန်ခံအောင်မင်းကို ပြောဆိုဖျောင့်ဖျလိုက်ကြတယ်။

"ဒီသူတောင်းစားကို ငါကိုယ်တိုင်ကုပေးလိုက်ပါမယ်ကွာ"

အောင်မင်းက အောက်လင်းဓါတ်မီးအိမ်ထဲကရေနံဆီတွေကို ကိုအားစိုက် ဒဏ်ရာပေါ်က ပတ်တီးစည်းထားတဲ့ အပေါ် သွန်ချလိုက်ပါတယ်။ ပြီးတာနဲ့ သူ့ဂက်စ်မီးခြစ်နဲ့ မီးညှိလိုက်ပါတယ်။ ကိုအားစိုက်ရဲ့အော်သံဟာ သင်တန်းစန်းမတစ်ခုလုံး ပွင့်ထွက်သွားမှာလားလို့တောင် ထင်ရပါတယ်။ဒါကို အောင်မင်းက

"ဟေ့ကောင် အားစိုက် ပါးစပ်ပိတ်စမ်း။ မင်းအနာထဲက ရောဂါပိုးတွေကို ငါသတ်ပေးနေတာကွ"

ပြောပြီးတာနဲ့ အောင်မင်းကအပြင်ထွက်သွားပါတယ်။ ကျန်တဲ့သူတွေကတော့ မီးသတ်ပေးလိုက်ကြပါတယ်။ ဒါပေမယ့်သူတို့က မီးသတ်ခဲ့ကြပေမယ့်လည်း မြင်ရတဲ့မြင်ကွင်းနဲ့ လုပ်ရပ်ကို ဟားတိုက်ရယ်မောစရာ အဖြစ်သဘောထားပြီး အရသာခံပြော

နေကြတာ အကျဉ်းသားအားလုံးအတွက်တော့ စိတ်ပျက်ခြောက်ချားစရာဖြစ်နေပါတယ်။

ခဏအကြာမှာ ဆေးအဖွဲ့ရောက်လာပြီး ကိုအားစိုက်ကို ဆေးထိုးပေး၊ ပတ်တီးလဲပေးသွားပါတယ်။ဒီကိစ္စတွေဟာ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးအတွက် တိုက်ပွဲဝင်နေတယ်ဆိုတဲ့ ကျောင်းသားတပ်မတော်အတွင်းမှာ အမှန်တကယ် ဖြစ်ပျက်နေတာတွေပါ။ သိပ်ပြီး လွန်ကျူးလွန်းလို့ မယုံနိုင်ဖြစ်ကြမှာတောင် စိုးရိမ်မိပါတယ်။

ရာဇဝတ်မှုတစ်ခုစဖြစ်တဲ့ အချိန်မှာ အဲ့ဒါကိုဖုံးဖိဖို့ ကြိုးစားရင်း ထပ်ဖြစ်တဲ့ ရာဇဝတ်မှုတွေရော၊ မူလရည်ရွယ်ချက်အတိုင်း ဖြစ်မြောက်အောင် (ရည်ရွယ်ချက်မှားတဲ့သူတွေက) ကျူးလွန်ခဲ့တဲ့ ရာဇဝတ်မှုတွေရော ပေါင်းမိတဲ့အချိန်မှာ သိပ်ကို ကြီးထွားသွားပါပြီ။ ခေါင်းဆောင်ပိုင်းတွေ ကျွန်တော်တို့ရှေ့မှာ ကြုံးဝါးတဲ့စကားသံတစ်ခု ရှိပါတယ်။

"တော်လှန်ရေးဆိုတာ လူသတ်တာကွ၊ နွားတစ်ကောင်ကို မှားသတ်မိလို့ ပိုင်ရှင်ပေါ်လာရင် နွားဖိုးလျော်ရတယ်၊ ဒါပေမယ့် လူတစ်ယောက်ကိုသတ်လို့ မကျေနပ်တဲ့သံထွက်လာရင် နောက်တစ်ယောက်ထပ်သတ်ယုံပဲ"

အောင်နိုင်၊ သံချောင်း၊ မျိုးဝင်းတို့တတွေဟာဒီစကားကို ရေလဲသုံးကြပါတယ်။ အားလုံးကလည်းလိုက်ပြောကြပါတယ်။ ဒီမှာက မူကြိုကျောင်း တစ်ကျောင်းမှာဆရာမက ကဗျာသင်တာကို ကလေးတွေက အလွတ်ကျက်၊ နောက်လိုက်ရွတ်ဆို နေကြသလိုပါဘဲ။ လူကြီးလုပ်တဲ့သူတွေက စကားထူး၊ စကားဆန်းတစ်ခုပြောလိုက်ပြီဆိုရင် နောက်ကကြက်တူရွေးများက လိုက်ပြီးရွတ်ကြပါတယ်။

ထောင်ထဲမှာဒါမှမဟုတ် စစ်ကြောရေးမှာလူတစ်ယောက်သေဆုံးသွားပြီဆိုရင် အသက်ခန့်အပ်ခံရတဲ့ ဥက္ကဋ္ဌအောင်နိုင်က သေမှုသေခင်းစစ်ဆေးဖို့ ရင်ခွဲကြည့်ပါတယ်။ ဆေးဆရာမတွေက ဘေးက ဝိုင်းကြ၊ ဝန်းကြပေါ့။

ရင်ခွဲစစ်ဆေးမှုတိုင်းလိုလိုမှာ တူညီတဲ့မှတ်ချက်တစ်ခု၊ နှစ်ခုအမြဲထွက်ပါတယ်။ အချင်းချင်းနှုတ်ပိတ်တဲ့အနေနဲ့ အဆိပ်ခတ်စံရတာ၊ ဒါမှမဟုတ် ငှက်ဖျားပိုးဦးနှောက်ထဲရောက်သွားတာ။ ၂မျိုးမှာ တစ်မျိုးအဖြေထွက်ပါတယ်။ ဒီနှစ်ခုပါပဲ ခွဲစိတ်စစ်ဆေးတဲ့အဖြေက "အဆိပ်ခတ်စံရတာ" တင်ရပ်မနေပါဘူး။ "အချင်းချင်းနှုတ်ပိတ်တဲ့အနေနဲ့" ဆိုတဲ့ စကားစုက ရှေ့ကပါပါတယ်။ သေတာတောင် အချင်းချင်းသတ်လို့သေတာပေါ့ဗျာ၊ သူတို့ပယောဂမပါဘူးပေါ့။

အဲဒီဆေးစာထွက်လာပြီဆိုရင် အဲ့ဒီသေတဲ့ပုဂ္ဂိုလ်နဲ့ ဆက်စပ်တဲ့သူတွေ၊

## ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

အတူကပ်နေတဲ့ အရှုပ်သားတွေ နာပြီသာ မှတ်ပေတော့။ ဘာလို့နှုတ်ပိတ်တာလဲ၊ ဘယ်သူကနှုတ်ပိတ်တာလဲ၊ အစရှိသဖြင့်ပေါ့။ ပါးစပ်နဲ့တင်မေးတာမဟုတ်တဲ့ အကြောင်း ကတော့ အားလုံးတွေးမိပြီးသားဖြစ်မှာပါ။ ကျွန်တော်တို့အခု ဘာဆက်လုပ်ရမလဲ၊ ဘာဆက်ဖြစ်မှာလဲ မသိတော့ပါဘူး။ ဆက်သွယ်ရေးစက်၊ လက်နက်နဲ့ အဆိပ်တွေကို အပ်ပါမယ်လို့ ဝန်ခံလိုက်ရပါပြီ။

သူတို့ခင်းတဲ့ပုံစံက ကျွန်တော်တို့နှစ်ယောက်က ရှေ့တန်းမှာကွပ်ကဲတဲ့သူတွေ၊ အဆိပ်ကိစ္စမှာ ကိုအားစိုက်က ကျွန်တော်တို့ရဲ့လက်ထောက် ညီညီကျော်က ဆက်သွယ်ရေးစက်နဲ့ လုပ်ကြံသတ်ဖြတ်ရေး(လက်နက်) ကိစ္စမှာလက်ထောက်။ အဲဒီ တော့ အားလုံးရဲ့ တာဝန်ကို ကွပ်ကဲသူတွေဖြစ်တဲ့ ကျွန်တော်တို့နှစ်ဦးက တာဝန်ယူရမယ်။ သူတို့လက်ထောက်နှစ်ယောက်က ပစ္စည်းတွေထုတ်မပေးတာ ကျွန်တော်တို့မှာအပြစ် ရှိတယ်။

အဲဒီကျွန်တော်တို့လုပ်တယ်ဆိုတဲ့ စီမံချက်ကြီးခင်းပြပြီး ရက်နည်းနည်းလောက် ကျွန်တော်တို့ကို မတို့မထိပဲ လွှတ်ထားပေးတယ်။ ဘာဆက်လုပ်ရမလဲ မသိလို့လည်းဖြစ်နိုင်ပါတယ်။

ခန္ဓာကိုယ်ရဲ့ အနာတရမှုတွေဟာ နလုံးသားရဲ့ကြေကွဲမှုနဲ့ နှိုင်းယှဉ်ရင် ဘာမှမဖြစ်လောက်တော့ပါဘူး။ အခုတော့ ကျွန်တော်တို့ကို သင်တန်းခန်းမထဲပို့လိုက်၊ ညပိုင်းစစ်ရုံးထဲခေါ်သွားလိုက်၊ ပြန်ပို့လိုက်နဲ့ ဘာမှမဟုတ်တဲ့ အလုပ်တွေ တအားရှုပ်နေကြပါတယ်။

အကျဉ်းသားတွေအားလုံးအတွက်ကတော့ အိပ်ပျော်နေချိန်ကလွဲလို့ ကျန်တဲ့ အချိန်တွေက ငရဲကျနေတာပါ။ အိပ်နေချိန်မှာတောင်စစ်ဗိုနပ်သံပြင်းပြင်းကြားရင် စစ်ခြေနင်းသံ ကိုယ့်ခေါင်းရင်းလာရပ်ရင်လန့်နိုးပါတယ်။ ညဘက်ကို လာခေါ်သွားပြီး ပိုးစိုးပက်စက် အနှိပ်စက်ခံရပြီး ပြန်လာသူတွေ တွေ့ဖန်များတော့ ညစစ်ကြောရေးက အန္တရာယ်ရှိတယ်ဆိုတာ အားလုံးကသိပြီး လန့်နေကြပါတယ်။

တစ်နေ့ကို ထမင်း ၂နပ်ကျွေးရာမှာ တစ်နပ်ကဆားနဲ့ နောက်တစ်နပ်က တောထဲက အရွက်ရိုင်းပြုတ်ရည်နဲ့ပါ။ အကျဉ်းသားတွေအားရှိရင် ထွက်ပြေးမှာစိုးလို့နဲ့ ခုခံမှာစိုးလို့ အဟာရဖြစ်တဲ့ အစာမကျွေးတာလို့ ဆိုပါတယ်။ အရွက်ရိုင်းဆိုတာက အလေ့ကျပေါက်နေတဲ့၊ လားတွေ၊ မြင်းတွေ စားရင် မသေတဲ့အရွက်တွေကို ပြောတာပါ။ လူစားတဲ့ ဟင်းသီးဟင်းရွက်မဟုတ်ပါဘူး။

# ဆမားညီညီ

ရေနွေးကို အမှန်တကယ်နာမကျန်းသူတွေနဲ့ တန်းစီး (၂)ယောက်ဘဲသောက်ခွင့်ရပါတယ်။

ကျွန်တော်တို့ကို ညသိပ်တဲ့အချိန်မှာ ဟိုဘက်ဒီဘက်လှည့်ခွင့်လုံးဝမပေးဘဲ မတတ်သာလို့ လှည့်ချင်ရင် အိပ်လျက်က အော်ပြီးခွင့်တောင်းရပါတယ်။ သဘောကောင်းတဲ့အစောင့်နဲ့ တွေ့ရင်လှည့်ခွင့်ရပြီး မဟုတ်ရင်လှည့်ခွင့်မရဘဲ အရိုက်ခံရပါတယ်။ ညမှာ တစ်ကြိမ်၊ မနက် (၄)နာရီမှာတစ်ကြိမ် အားလုံးတစ်ပြိုင်နက် ဆီး (၂) ကြိမ်သွားခွင့်ရှိပါတယ်။ ဂလူးကို့စ်ပုလင်းလွတ်ထဲ ပေါက်ထည့်ရတာပါ။ အပြင်ဖိတ်ရင်၊ လျှံကျရင်အရိုက်ခံရပါတယ်။ ပေါက်ပြီးတာနဲ့ ရာဘာအဖုံးကိုပြန်ဖုံးပြီး ကိုယ့်ခြေရင်းမှာ ကိုယ်ထောင်ထားရပါတယ်။ ဆီးသွားပြီးတာနဲ့ မျက်စေ့ အဝတ်ပြန်စည်းပြီး အိပ်ရပါတယ်။ အဲ့ဒီအချိန်က စပြီး မနက်ဆီးသွားချိန်ထိ ဘာလှုပ်ရှားမှုမှထပ်ခွင့်မပြုပါဘူး။

ထောင်ထဲမှာရော၊ အလုပ်ကြမ်းလုပ်နေတဲ့ အချိန်ရော၊ ထမင်းစားတဲ့အချိန်ရော ဘယ်အချိန်ဖြစ်ဖြစ် အချင်းချင်း စကားပြောခွင့်မရှိပါဘူး။ အရိုက်ခံရပါတယ်။ မမေးဘဲ၊ ခွင့်မပေးဘဲ စကားပြောခွင့်မရှိပါဘူး။ ညအိပ်ချိန်ခွင့်မတောင်းဘဲ လှုပ်ရှားမှု၊ ထထိုင်မှုတွေကို ထွက်ပြေးရန်ကြံစည်မှုလို့ သတ်မှတ်ထားပါတယ်။ ဒါတွေက သံကြိုးခတ်ခံထားရတဲ့ အကျဉ်းသားတွေအပေါ် ချထားတဲ့ စည်းကမ်းချက်တွေပါ။

ထိပ်တုံးထဲက အကျဉ်းသားတွေကျ ခြေထောက်တစ်ဖက်ထဲကိုသာ ထိပ်တုံးထဲ ထည့်ပြီး ညသေးပေါက်ချိန်မှာ ထိပ်တုံးသော့ အလွယ်တကူရှိရင် ခြေထောက် ဘယ်၊ ညာ ပြောင်းခွင့်၊ ဘယ်၊ ညာလှည့်ခွင့်ပေးပါတယ်။ ထိပ်တုံးက တစ်တုံးကိုလူ (၄) ဦးဆန့်တဲ့ (၉)ပေ အရှည်ရှိတဲ့ ၅" × ၅ "သစ်တုံး ၂ ခုကို ထပ်ပြီးပတ္တာတပ်ထားတာပါ။ တစ်ဖက်မှာသော့ရှိပြီး ခြေထောက်သွင်းဖို့ အပေါက်ဝိုင်းတွေကို အပေါ်တစ်ခြမ်း၊ အောက်တစ်ခြမ်းလိုး ထုတ်ထားတာပါ။

ကျွန်တော်တို့ဟာ ဘယ်အချိန်မှာဖြစ်ဖြစ် အဝတ်စည်းထားရင်ထား၊ မထားရင်လည်းခေါင်းငိုက်စိုက်ချထားရပါတယ်။ ဟိုကြည့်၊ ဒီကြည့် ကြည့်ခွင့် မရှိပါဘူး။ အလုပ်လုပ်ခွင့်ရသူတွေက အလုပ်ကြမ်းလုပ်ကြရပြီး သူတို့ဟာ ကျန်းမာရေးအတွက် လေ့ကျင့်ခန်းလုပ်နိုင်ပြီး ကိုယ်လက်လှုပ်ရှားခွင့်၊ အလုပ်သိမ်းချိန်မှာ ရေသောက်ခွင့်၊ အိမ်သာတက်ခွင့်တွေ ရကြပါတယ်။

ကျွန်တော်တို့ကတော့ တစ်နေရာတည်းမှာပဲ လှဲနိုင်းရင်လှဲလိုက်၊ ထိုင်ခိုင်းရင်

# ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

ထိုင်လိုက်၊ လာရိုက်ရင်ခံလိုက်နဲ့ နေနေ ရပါတယ်။

အကျဉ်းသားမှန်သမျှဟာ သေခြင်းတရားဟာ အနီးဆုံးမှာရှိနေမှန်း သိကြပါတယ်။ ဒါပေမယ့် ခါတ်ခဲနာရီတစ်လုံး အားမကုန်မချင်းသွားနေသလိုမျိုး သွားနေရတာပါဘဲ။ နောက်တစ်ခုကလည်းနောက်ဆုံးအချိန်အထိ မျှော်လင့်ချက်ကို မစွန့်ပဲ အသက်ဆက်ရှင်သန်ဖို့ဆုံးဖြတ်ထားကြလို့ဖြစ်ပါတယ်။

နောက်တစ်ချက်ကလည်း အကုန်လုံးကိုသတ်ရမှာ လူများတယ်၊ ပြစ်မှုကြီးတဲ့သူတွေကို သတ်ပြီးကျန်တာတွေ ပြန်လွှတ်မယ်လို့လည်း ကြားရလို့ လွတ်တဲ့ထဲ ကိုယ်များပါရင်ဆိုတဲ့ မျှော်လင့်ချက်ထားကြတာလည်းဖြစ်နိုင်ပါတယ်။ ဒါပေမယ့် ဒီဇာတ်လမ်းကြီးကို ဘယ်လိုအဆုံးသတ်ရမှာလဲ ဆိုတာကိုသူတို့ ကိုယ်တိုင်လည်းသေချာမသိကြ၊ မဆုံးဖြတ်ကြရသေးပါဘူး။ လုပ်ချလိုက်ပြီးမှ လက်လွန်သွားမှန်းသိကြပြီး အခုမှတော့ ပြန်နောက်ဆုတ်လို့လည်း မရတော့တဲ့ အခြေအနေပါ။

ဒီဇာတ်ကွက်အခုလောက် မြန်မြန်ဆန်ဆန်ကြီးထွားအောင် လုပ်ခဲ့တဲ့တရားခံတွေကို စာရင်းပြုစုရင် မိုးကြီးနဲ့ ခင်မောင်ဇော်တို့နှစ်ယောက် ထိပ်ဆုံးက ပါမှာဖြစ်ပါတယ်။ စောစောပိုင်းကဆိုရင် အကျဉ်းသားအချင်းချင်းတောင်သူတို့ကြောင့် ယုန်ထင်ကြောင်ထင်ဖြစ်သွားခဲ့ကြရပါသေးတယ်။

မှားယွင်းဖမ်းဆီးမှုတစ်ခုရှိခဲ့ရင် ကိုယ်တိုင်ကြိုးစင်တက်လိုက်မယ်ဆိုတဲ့စကားကလည်း တကယ်တော့ပြောင်းပြန် အဓိပ္ပါယ်နဲ့ပြောတာပါ။ သူတို့ကိုယ်သူတို့ ကြိုးစင်တက်ရတော့မှာပါ။ မင်းကိုတော့မှားဖမ်းမိပါတယ် လို့ဝန်ခံမယ်ဆိုတာမျိုးစဉ်းစားကြည့်စမ်းပါ၊ လုံးဝမဖြစ်နိုင်တဲ့ကိစ္စပါဘဲ။ နောက်ပိုင်း အဲဒီကြွေးကြော်ချက် ABSDF အဖွဲ့သားတွေ နေ့စဉ် မပျက်မကွက် ရွတ်ဆိုတဲ့ ဘုရားရှိခိုးစာ၊ ဝတ်တက်စာဖြစ်သွား ပါတော့တယ်။

သူတို့ဟာ အကျဉ်းသားတွေကို အကြမ်းဖျင်း အုပ်စု ၃စုခွဲထားပေမယ့် အဆိပ်နဲ့လုပ်ကြံရေးအဖွဲ့၊ လက်နက်အဖွဲ့နဲ့ ဆက်သွယ်ရေးအဖွဲ့ သီးခြား ခွဲထားပေမယ့် ရိုက်မေးစံရရင်းအခြေမတတ်တာနဲ့ (၂)ဖွဲ့မှာပါ၊ (၃)ဖွဲ့လုံးမှာပါသွားသူတွေလည်းရှိကြရင်း နောက်ဆုံး အကုန်ရောကုန်ပါတယ်။

တစ်ရက်နံနက်ခင်းမှာ ထိပ်ပိုင်းတာဝန်ရှိတဲ့သူငယ် သူတို့နာမည်တပ်ထားတဲ့ ကျွန်တော်နဲ့ ထွန်းအောင်ကျော် အပါအဝင် (၁၅)ယောက်ကို ခေါ်ထုတ်သွားပြီး မျိုးဝင်းတဲရှေ့ကကွက်လပ်ထဲမှာ လွတ်လွတ်လပ်လပ်ဆွေးနွေးတိုင်ပင်နိုင်းပါတယ်။ ထွန်းအောင်

ကျော်က လမ်းမလျှောက်နိုင်လို့ ဘဝတူအကျဉ်းသားတွေက သူ့ကိုထမ်းစင်နဲ့ သယ်ရပါတယ်။ ကျွန်တော်ကတော့ တစ်လှမ်းချင်းတောင်ကုန်းကို တက်ရတာပေါ့။ ဆုံပြီးစကားပြောကြချိန်မှာ ထွန်းအောင်ကျော်က ဘယ်သူမှစကားစမပြောခင် မှာ

"ခင်ဗျားတို့အားလုံး ဝိုင်းစဉ်းစားပေးပါ။ ကျွန်တော်လည်း မဟာမိတ်ဘက်နဲ့ အဆက်အသွယ်ရအောင် ကြံစည်ကြည့်ပါဦးမယ်။ ကျွန်တော့် ပေါ့လျော့မှု၊ သူတို့ကို အယုံလွန်မှုကြောင့်ဖြစ်ရတာတွေအတွက် ကျွန်တော့်အသက်ကိုစွန့်ဖို့ ဆုံးဖြတ်ထားပြီးပါပြီ။ ကျွန်တော့်ကြောင့် နောက်ထပ်ဘယ်သူမှ ဒုက္ခ မရောက်စေရပါဘူး"

ကျွန်တော်က

"ဘာတွေဒုက္ခရောက်စရာကျန်သေးလို့လဲ ဥက္ကဋ္ဌလေးရယ်"

လို့ ပြောမိပြီးမှ သူ့ကိုသနား၊ ကိုယ့်ဘာသာကိုယ် နောင်တရမိပါတယ်။

"အေးဗျာကျွန်တော်စိတ်မကောင်းပါဘူးပဲပြောနိုင်ပါတော့တယ်ဗျာ"

ထွန်းအောင်ကျော်ကပြောရင်း မျက်ရည်ဝိုင်းလာတော့

"ခုနကပြောခဲ့တာ မရည်ရွယ်ပါဘူးကွာ၊ ငါလည်းစကားအဖြစ်သာပြောလိုက်တာပါ၊ ငါတို့ဘဝ အကျိုးပေးကိုက ဒီလိုပါလာလို့ဖြစ်ရတာပါ၊ ငါ့စကားကိုအလေးအနက်မထားပါနဲ့"

လို့ပြောလိုက်တယ်။

ထွန်းအောင်ကျော်ရဲ့မဟာမိတ်ဘက်သွားဖို့ကြံစည်ပြီး မဟာမိတ်က အရာရှိကြီးတစ်ဦးဦးနဲ့တွေ့ရင် အကူအညီတောင်းဖို့ ဆိုတဲ့အကြံကို အားလုံးက သဘောတူလိုက်ကြပါတယ်။ မျိုးဝင်းလာတော့ ထွန်းအောင်ကျော်က လက်နက်ကို မဟာမိတ်ဘက်မှာမြှုပ်ထားတယ်၊ သွားဖော်ပေးမယ်၊ သူနေကောင်းရင်သွားပေးမယ်လို့ ပြောပါတယ်။

မျိုးဝင်းက

"အခုသွား၊ မင်းကောင်တွေ ထမ်းစင်နဲ့ မင်းကို သယ်လိမ့်မယ်၊ ငါ အစောင့်ထည့်ပေးမယ်။ မင်းတို့ကိုလွှတ်မယ့် အကြောင်းမဟာမိတ်ဘက်ကိုငါအခု သတင်းပို့မယ်"

ကျော်ဝေက

"အဲလိုချက်ချင်းသွားလို့ ဘယ်ဖြစ်မှာလဲ"

# ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

အော် .... မင်းက

"အရာရှိတွေကြား ဝင်ရှုပ်တာပဲ"

"လာစမ်း၊ ငါ့ခါးယူခဲ့စမ်း"

မျိုးဝင်းကကျော်ဝေ့ခြေမကို လှီးဖြတ်ပစ်လိုက်ပါတယ်။ လှီးတာကလည်း သိပ်လွယ်ပါတယ်။

"ပေ့ာကောင် ခြေဆင်းထိုင်၊ မလှုပ်နဲ့ မရုန်းနဲ့၊ လှုပ်ရင် ခြေမမငှဲ့ဘူး၊ လည်ပင်းလှီးလိုက်မယ်"

အဲသလောက်နဲ့တင် လူတစ်ယောက်ရဲ့ ခြေမကို အစိမ်းဖြတ်တဲ့ကိစ္စကြီးက ပြီးသွားပါတယ်။ဒါကတော့ ထုံးစံအတိုင်းပေ့ါဗျာ၊ သတိပေးတိုင်း၊ စကားပြောတိုင်း "ရိုက်၊ နှက်၊ ကန်ကျောက်၊ ဗိုယို၊ အော်မြည်" ဆိုတဲ့ ဖြစ်စဉ်က အမြဲဖြစ်နေကျပါဗျာ။

"ကဲ အခု ငါဆေးဆရာမခေါ်ပေးမယ်။ ဒါပေမယ့် မင်းကို နောင်စကားမလိုဘဲ မပြောနိုင်အောင် လုပ်ပေးရမယ်"

ခြေမအပြတ်ကို ကြိုးနဲ့ချည် လည်ပင်းမှာဆွဲပေးလိုက်ပါတယ်။ ပြီးတော့

"ပါးစပ်အလုပ်မရှိတဲ့အခါမှာ မင်းအဲ့ဒီခြေမကို တောက်လျှောက်ကိုက်ထားရမယ်။ မဟုတ်ရင်သေပြီသာမှတ်၊ ကျန်တဲ့ကောင်တွေလည်း ကိုယ့်ခြေချောင်းကိုငုံမထားချင်ရင် မေးမှပြော၊ လိုမှပြော နားလည်ကြလား"

အားလုံးစိတ်မကောင်းစွာနဲ့ပဲ ကျော်ဝေကိုကြည့်နေကြတယ်၊ ခဏအကြာမှာ ညီညီကျော်၊ ရဲလင်း၊ ရန်အောင်၊ ကျော်နိုင်ဦးတို့ အပါအဝင်အကျဉ်းသားတစ်စုဟာ ထွန်းအောင်ကျော်ကို ထမ်းစင်နဲ့ထမ်းပြီးမဟာမိတ်ဘက်ထွက်သွားကြတယ်။ဘေးက လက်နက်ကိုင် အစောင့်တွေနဲ့ပေ့ါ။ကျွန်တော်တို့ကတော့ အဲ့ဒီကွင်းထဲမှာ ကျန်ရစ်ကြ တယ်။

တော်တော်ကြီးကိုကြာမှ နေ့တစ်ပိုင်းကျော်မှ ထွန်းအောင်ကျော်တို့အဖွဲ့ မျက်စေ့ပျက်၊ မျက်နှာပျက်နဲ့ပြန်လာကြတယ်၊ ပစ္စည်းမရှိတာတော့ ကျွန်တော်တို့အားလုံး သိနှင့်ပြီးကြတာပဲ၊ ကြည့်ရတာက မဟာမိတ်နဲ့ အဆက်အသွယ်မရခဲ့ဘူးနဲ့ တူတယ်။

မျိုးဝင်းနဲ့ အဖွဲ့ဟာ ပစ္စည်းပါမလာလို့ ဒေါသထွက်ပြကြပြီး နီးစပ်ရာ နီးစပ်ရာကို ရိုက်နက်နှိပ်စက်ပြီး အားလုံးကို ကွင်းထဲဝိုင်းထိုင်ခိုင်းလိုက်ပါတယ်။

ခဏအကြာမှာ အောင်နိုင်၊ သံချောင်းနဲ့ မျိုးဝင်းတို့ရောက်လာပြီး

"ပစ္စည်းအပ်ကြပါ။ မအပ်ရင် အားလုံး ဒုက္ခ ရောက်မယ်နော်"

## ဆယားညီညီ

"ကဲပါ ကဲပါ၊ နည်းနည်းတိုင်ပင်ကြပါဦး"

အဖြေမရှိတဲ့ ပုစ္ဆာအတွက် တိုင်ပင်တာလို့မခေါ်တဲ့ တစ်ယောက်တစ်ပေါက် ပြောကြဆိုကြနဲ့ပဲ ပြီးတော့မလို့ဘဲ။ အဲ့ဒီအချိန်မှာ ကိုအားစိုက်က

"ကဲ အားလုံးကျွန်တော်ပြောမယ်၊ ကျွန်တော့်အခြေအနေကျွန်တော် သိတယ်။ ကျွန်တော်တာရှည်ခံတော့မှာ မဟုတ်ဘူး။ ဒီတော့အားလုံးကျွန်တော်သိမ်းထား တာလို့သာပြော၊ ကျွန်တော်က ဝန်ခံလိုက်မယ်။ ကျန်တဲ့သူအားလုံး ထွက်ပေါက်ရသွား တာပေါ့"

"ဟာ ဘယ်ဟုတ်မလဲ ကျွန်တော့်မှာ တာဝန်အရှိဆုံးပါဗျာ"

"ဥက္ကဋ္ဌရယ် အခြေအနေကဒီအတိုင်းဖြစ်လာပြီပဲ၊ ကျွန်တော်က သေလူပါ။ အားလုံးအတွက်ကျွန်တော်တတ်နိုင်တာလေး နောက်ဆုံးအနေနဲ့ လုပ်ပေးခဲ့ပါရ စေဗျာ၊ နောက်ဖောက်ပြီး တစ်ဦးချင်းပြောတာမျိုး မလုပ်ကြပါနဲ့၊ တစ်ယောက် အဲလိုလုပ်ရင် ကျန်တဲ့သူတွေခံရမယ်နော်၊ အားလုံးစုပြီး လွတ်အောင်ကြိုးစားကြတာပေါ့"

ဒီစကားပြောချိန်မှာ ကိုအားစိုက်က တော်တော့်ကိုပုံပျက်ပန်းပျက်ဖြစ်နေပါပြီ၊ သူ့အနာကိုထိုးနေတဲ့ လောက်တွေကို မြင်ရပြီး ထွန်းအောင်ကျော်က တုတ်တစ်ချောင်းနဲ့ ထိုးပြီးခွာချပေးနေတယ်။

အဲ့ဒီအချိန်မှာ သံချောင်းဦးဆောင်တဲ့ ထောက်လှမ်းရေးအဖွဲ့ဝင်တွေပြန်ရောက် လာတယ်။ ရောက်ရောက်ချင်းမပြောမဆိုနဲ့ ညီညီကျော်ခေါင်းကို တုတ်နဲ့ဆက်ကာဆက် ကာ ရိုက်ပြီး

"ဘယ်မှာလဲ ဆက်သွယ်ရေးစက်၊ ဘယ်မှာလဲ ဆက်သွယ်ရေးစက်"

ဆိုပြီးမေးပါတယ်။ ကျန်တဲ့ထောက်လှမ်းရေးအဖွဲ့ဝင်တွေကလည်း နီးရာနီးရာ ဝင်ရိုက်ကြပြီး ပစ္စည်း တွင်တွင်တောင်းနေကြပါတယ်။ အဲဒီအချိန်မှာ အောင်ဖိုးက ရှိက်ရှိက် သွားပြီး နပ်ညှစ်လိုက်ကာ လက်မှာကပ်နေတဲ့ နပ်ချေးကိုကွင်းပြင်ဘေးဖက် ခါချလိုက် ပါတယ်။ အဲဒါကိုမြင်တဲ့သံချောင်းက

"ဟ မအေ - ကောင်၊ မင်းဒီကုန်းပေါ်နပ်ညှစ်စရာလား၊ အဲဒီနပ်ချေး အခုပြန်ကောက်စားစမ်း၊ အခုကောက်စားစမ်း"

ဆိုပြီး ရိုက်ပြီး အမိန့်ပေးတော့ သူပြောသလိုလုပ်လိုက်ရပါတယ်၊ စားလိုက်ရ ပါတယ်။

# ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

"ကဲ အားစိုက် မင်းအဆိပ်ကိစ္စပြောကွာ"

"အေးဗျာ အဲဒါဘယ်သူ့မှ မမေးနဲ့ ကျွန်တော်ကျန်းမာမှ ထုတ်ပေးမယ်"

"ငါတို့ အခုလိုချင်တယ်"

"အခုတော့မရနိုင်ဘူး"

စကားတွေအပြန်အလှန်ပြောနေပေမယ့် အရိုက်အနက်ကတော့ မရပ်ပါဘူး။

"ဒီကောင့်ထဲ အဆိပ်ရှိတာသေချာတယ်၊ ဒီကောင်ထုတ်မပေးရင် သူ့တဲမှာသွားရှာရအောင်"

"ကြာတယ်ကွာ၊ ဒီကောင်တွေခေါင်းမာနေတာ တစ်ယောက်ထပ်ရှင်းမယ်။ မင်းတို့ထဲက ဒက်ရာ အနည်းဆုံးဘယ်ကောင်လဲ၊ ပေါ်ဦး။ မင်းအခုပစ္စည်းထုတ်မပေးရင် မင်းခြေထောက်ကက်ချည်ပြီး ခွဲပစ်မယ်"

အဲ့ဒီအချိန်မှာ ထောက်လှမ်းရေးအဖွဲ့တွေသာ ကျွန်တော်တို့အနားကျန်ခဲ့ပြီး မိုးဖွဲဖွဲရွာလာတဲ့အတွက် ကျန်တဲ့လူကြီးတွေကမျိုးဝင်းတဲထဲ ပြန်ဝင်သွားကြပါပြီ။ ထောက်လှမ်းရေးထဲကတစ်ယောက်က မျိုးဝင်တဲထဲက မိုင်းကက်တစ်ခုယူလာပါတယ်။

အဲဒီအချိန်မှာ အောင်ဖိုးက မင်းတို့ထောက်လှမ်းရေးကကောင်တွေ ဒီလောက်သွေးဆာနေလား၊ သိပ်သွေးဆာနေရင်လည်း ကိုယ့်ဟာကိုယ်ချည်ပြီး ခွဲပါလား၊ ဘာညာနဲ့ နစ်နစ်နာနာပြောပါတယ်။ အားလုံးရဲ့ဒေါသတွေက အောင်ဖိုးအပေါ်ကျသွားပြီး သူ့ကိုဝိုင်းရိုက်ကြ၊ ထိုးကြပါတယ်။ အပြီးမှာပေါ်ဦးခြေထောက်အစား သူ့ခြေထောက်ကို ကက်ချည်ပြီး ခွဲတာခံလိုက်ရပါတယ်။ အဲဒီ အောင်ဖိုးခြေထောက်ကိုခွဲချိန်မှာ အားလုံးကရှင်ရှင်ပျပျနဲ့ရယ်စရာလုပ် နေကြပြီး ငါဒဖြန့်ချိရေးအဖွဲ့ကနေ စေတနာ့ဝန်ထမ်းလာကူတဲ့ ကျော်နိုင်ဝင်းတစ်ယောက်သာ မျက်စေ့ပျက်၊ မျက်နှာပျက်ဖြစ်နေတာတွေ့ရတယ်။ ဒါပေမယ့်လေ သူလည်း အဲ့ဒီ Uniform ဝတ်ထားတာပဲ ဥစ္စာ။

ဒက်ရာဟာ ပွင့်ထွက်ပြီးသွေးစတွေ အသားစတွေနဲ့ ဖွာလန်ကြဲနေပါတယ်။ အဲ့ဒီအချိန်မှာ မိုးသည်းလာတော့ ထောက်လှမ်းရေးကတာဝန်ရှိသူတွေက ဆေးဆရာမခေါ်ပေးလိုက်လို့ ပြောပြီး အလျှိုလျှို မျိုးဝင်းတဲထဲဝင်သွားကြပါတယ်။ အစောင့်တွေကလည်း မျိုးဝင်းတဲတံစက်မြိတ်အောက်မှာ သွားမိုးခိုနေပါတယ်။

သူတို့ထွက်သွားတော့ ထွန်းအောင်ကျော်က

## ဆမားညီညီ

"အောင်ဖိုးရာ မိုက်လိုက်တဲ့ကောင် ဘာလို့သွားဆဲတာလဲကွာ၊ မင်း အလကား ခံရတာပေါ့"

"အစ်ကိုကြီးရာ၊ ကျွန်တော်လည်းကိုအားစိုက်လို စိတ်ထားလို့ မရဘူးလားဗျာ၊ ကျွန်တော်က လက်ပြတ်ဒုက္ခိတဖြစ်ပြီးသေလူပါ၊ လက်ပြတ်တစ်ယောက်ကို မြို့ထဲဘယ်သူမှပြန်လွှတ်မှာမဟုတ်ပါဘူး၊ ပေါ်ဦးခြေပြတ်သွားရင် သူပါသေလူဖြစ်သွားမှာ ပေါ့ဗျာ"

ကျွန်တော့်ရင်ထဲ နာကျင်မှုတွေကြားကနေဆို့တက်သွားပါတယ်။

"ဟော့ကောင်တွေ မိုးသည်းနေပြီ၊ သူတို့ကို သင်တန်းခန်းမကို ပြန်ပို့လိုက်ကြ၊ အောင်ဖိုးကို ဒီထဲခေါ်ခဲ့၊ ဆေးကုပြီးမှ သူ့ကိုပြန်ပို့လိုက်"

ပေါ်ဦးရဲ့ကုသိုလ်ကံကောင်းလွန်းတာလား၊ အောင်ဖိုးရဲ့စေတနာကပဲ စူးရှတာလားမသိဘူး။ မိုးကသည်းကြီးမည်းကြီး ရွာချလိုက်ပါတော့တယ်။

အဲ့ဒီအချိန်မှာပဲ ထောက်လှမ်းရေးအဖွဲ့ဝင်တစ်ချို့ဟာ သတင်းနဲ့ ပြန်ကြားရေး တည်ရာကို သွားပြီး

"ဘောကြီး၊ ဟော့ကောင်အဆိပ်ဘယ်မှာလဲ"

"ဘာအဆိပ်လဲ၊ ငါဘာမှမသိဘူး"

"မသိရင် မင်းအားစိုက်နဲ့ စကားလိုက်ပြော"

"ဘာလို့လိုက်ရမှာလဲ၊ ဘာဆိုင်လို့လဲ၊ ငါမသိဘူး"

"အေးမသိတဲ့ကောင်၊ မင်းကိုအရဖမ်းလိုက်ပြီ၊ မင်းအားစိုက်ရဲ့လက်ထောက်ပဲဖြစ်ရမယ်၊ ဟော့ကောင် ဘာမှပြန်မပြောနဲ့ မင်းကိုငါတို့သိတာကြာပြီ၊ မဖမ်း ချင်လို့ လွှတ်ထားတာ"

ထိန်လင်း(ဘောကြီး)ဟာ အဖမ်းခံလိုက်ရအပြီး ပထမဆုံးအရိုက်အနှက်ခံလိုက်ရပါပြီ၊ ပန်းချီဆရာထိန်လင်းဟာ သူ့ခေါင်းကို ဆေးအနီရောင်ခြယ်ပေးသူတွေနဲ့ တွေ့လိုက်ရပါပြီ။

နောက်တစ်ရက်မှာ လူနည်းနည်းပဲစုပြီးလက်နက်နဲ့ ဆက်သွယ်ရေးစက်ကိုမေး ပါတယ်။

"ညီညီကျော် မင်းဆက်သွယ်ရေးစက် ဘယ်မှာထားလဲ"

မနက်ကမျိုးဝင်း ခရီးထွက်သွားတာကို အားလုံးသိထားကြပါတယ်။

## ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

ဒီတော့ညီညီကျော်က

"မပြေနိုင်ဘူးဗျာ"

"မင်းသေချင်လို့လား၊ မင်းကွာ"..... ထပ်ရိုက်ကြပါတယ်။

"မပြောဘူးဗျာ ရိုးရိုးတော့မပြောဘူး"

"မင်းကဘာဖြစ်မှ ပြောမှာလဲ"

"ဘာအခွင့်အရေးပေးမလဲပြောလေ၊ အခုပြောလိုက်ရင် တစ်ခါတည်း သတ်ပစ်မှာ မဟုတ်ဘူးလား၊ အဲဒီတော့ V.C.S ပြန်လာမှသူနဲ့ ညှိပြီးစကားပြောမယ်"

"မင်းကွာ လုပ်ပါးမဝနဲ့" ဆိုပြီးထပ်ရိုက်တယ်။

"ရိုက်လေ၊ ပြောပါမယ်၊ V.C.S ကိုပြောပါမယ်ဆိုလို့ဇော်ဇော်မင်းက ရိုက်ပါတယ်လို့ V.C.S ကိုပြောလိုက်ရုံပဲ"

အဲဒီစကားပြောလိုက်တာနဲ့ သန်းဇော်နဲ့ဇော်ဇော်မင်းတို့ အရိုက်ရပ်သွားပါတယ်။ သူတို့မျိုးဝင်းဆိုတဲ့ကောင်ကို သိပ်ပြီးကြောက်ကြပါတယ်။

"ကောင်းပြီလေ မင်းအနာကျက်အောင်သာ လုပ်ထားပေါ့၊ ဟုတ်လား၊ မင်းကောင် အေးကျော်တုန်းက လက်စွမ်းပြခဲ့တဲ့ သက်ထွန်းကိုရော ခေါ်ထားဦးမယ်၊ အဲဒီကောင်ကမင်းကိုအရေးဆုတ်ချင်နေတာ"

ဒီ ABSDF(NB) အတွင်းထဲမှာ သူတို့တစ်တွေက တစ်ဦးနဲ့တစ်ဦး အဆက်ရှိကြတဲ့၊ ရှာနီးချုပ်စပ်နေတဲ့သူတွေ၊ ဒါမှမဟုတ် ဆွေမျိုးမကင်းသူတွေ၊ ဒါမှမဟုတ်ရင်လည်း အရင်ကတည်းက ဆက်စပ်နေတဲ့အုပ်စုတွေ။ ဥပမာဗျာ ဇော်ကြီးဆိုရင် မိုးညှင်းနယ်က အရန်မီးသတ်ခေါင်းဆောင်ပါ။ အရေးအခင်းမှာ ယူနီဖောင်းတွေဝတ်၊ ဝင်ဆန္ဒပြအပြီး စစ်အစိုးရအာဏာသိမ်းလိုက်တော့ အဖွဲ့လိုက်ပြေးလာကြတဲ့ကောင်တွေ၊ ဟိုတုန်းက မီးသတ်ဗိုလ်၊ အခုကျောင်းသားတပ်ဗိုလ်။

အမှန်တော့ဗျာ ABSDF ဆိုတဲ့ကျောင်းသားတပ်မတော်ဟာ ကျောင်းသားတွေနဲ့ချည်းဖွဲ့ထားတာမဟုတ်ပါဘူး။ လူမျိုးစုံ အလွှာစုံက လူတွေနဲ့ဖွဲ့ထားတာပါ။ ဦးစိန်၊ ကိုညီ၊ ကျွန်တော်ဗျာ ကျောင်းသားမဟုတ်တော့ဘူး၊ အဲ့လိုပဲ ဒီမိုးညှင်း၊ မိုးကောင်း၊ နမ္မားနယ်ကလာတဲ့ လူအများစုဟာလည်း ကျောင်းသားမဟုတ်ကြတော့ပါဘူး။ ဒါပေမယ့် ဒီမိုကရေစီကို ချစ်တဲ့သူ၊ လူ့အခွင့်အရေး တွေကို လေးစားတဲ့သူတွေတော့ဖြစ်ရပါမယ်။

# ဆယားညီညီ

ဒီကောင်တွေအချင်းချင်းတိုင်ပင်ကြပြီး ညီညီကျော်ကို မတို့တော့ပဲ လွှတ်ပေးလိုက်ပါတယ်။ ဒါပေမယ့်ဂဏပါ၊ အချုပ်ထဲ ကျရင် ပြန်အရိုက်ခံရဦးမှာပါ။ ကျွန်တော်တို့ကို စစ်ရုံးထဲမှာ တစ်ယောက်တစ်နေရာစီခွဲပြီး ချုပ်ထားလိုက်ပါတယ်။

ညရောက်တော့ ကျွန်တော်အိပ်ပျော်စပြုချိန်မှာ အသံတွေကြောင့်ပြန်နိုးလာတော့ မီးပျက်သွားတာကြောင့်လို့သိရပါတယ်။ ချက်ချင်းပဲ ဖုန်းဆက်ပြီးမီးပျက်တဲ့အကြောင်း စုံစမ်းကြ၊ ဘာကြညာကြ လုပ်ကြပါတယ်။ နောက်မှသိရတာက ည (၉)နာရီမှာ သံချောင်းအမိန့်နဲ့ မီးစက်ကိုရပ်ခိုင်းလိုက်တယ်ဆိုဘဲ၊ မီးစက်ကဆီဖိုးချွေတာချင်လို့တဲ့၊

ညအမှောင်ထဲနေရတာ ပိုပြီးအဆင်ပြေပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အစောင့်တွေကို ကျွန်တော်တို့မမြင်ရတော့ နည်းနည်းကျက်သရေအယုတ် လျော့သွားတာပေါ့လေ၊ ဒါပေမယ့်သူတို့ဟာလက်နှိပ်ဓါတ်မီးတွေဆောင်ထားပြီး မကြာခဏထိုးထိုးကြည့်ကြပါတယ်။ မိုးကတစိမ့်စိမ့်ရွာနေတော့ နဂိုကအအေးနဲ့ပေါင်းတဲ့ အအေးဓါတ်ဟာ တစ်ကိုယ်လုံးရဲ့နာကျင်မှုတွေကို ပိုပြီးမခံမရပ်နိုင်အောင် ပြုစားနေသလိုပါဘဲ၊ ပထမတော့ အိပ်မပျော်ဘဲနောက်ပိုင်း ဝေဒနာတစ်ဝက်နဲ့ အိပ်ပျော်သွားပါတယ်၊

"ချိုကြီး ထစမ်း"

"ဒီနေ့ကျောင်းပိတ်တယ်"

"ငါ ကွာ၊ ထစမ်း၊ ဒီမှာ ညီညီကျော်မရှိတော့ဘူး"

"ဗျာ" ------

လုံခြုံရေးတွေရဲ့ခေါင်းသဟာ ညီညီကျော်အပေါ်ကနေ ကျွန်တော့်ပေါ်ပြောင်းလာသလား အောက်မေ့ရတယ်ဗျာ၊

"ကျွန်တော်ဘာလုပ်လို့လဲဗျာ"

"ဟေ့ကောင် ပါးစပ်ပိတ်၊ မင်းသေချင်လို့လား၊ ဘာမှထပ်မပြောနဲ့ အိပ်ချင်ရင်ထိုင်ရက်ပဲအိပ်"

မနက်အစောကြီးရောက်ချိန်ကျတော့လည်း ကျွန်တော်မပြောမဆို ထပ်အရိုက်ခံရပါတယ်။ ပြစ်ချက်က ဒီမှာမရှိတော့တဲ့ ညီညီကျော်ထွက်ပြေးမှုပါ၊ သူ့အစားကျွန်တော်တို့ကို လက်စားချေနေကြတာပေါ့၊ ကျွန်တော်တို့ကမျက်စေ့ အစည်းခံထားရပြီး ကိုယ့်ကို ဘယ်သူလာရိုက်နေမှန်း မသိရပါဘူး၊ အသံတွေအရတော့ ဗဟိုအလုပ် အမှုဆောင်တွေအားလုံးလိုလိုပါတာ သိရတယ်၊

# ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

ဒီကောင်ထွက်ပြေးတာ တော်တော်မိုက်ရိုင်းတယ်ဗျာ၊ သူ့ကြောင့်အားလုံး စံနေရပြီ၊ နောက်ဗျာ၊ ထွက်မပြေးဖို့ အားလုံးသဘောတူထားကြတာ၊ ဒါပေမယ့် နောက်ပိုင်း ပြန်စဉ်းစားကြည့်မိတော့လည်း ကြံဖန်ခွင့်လွှတ်ဖို့ စဉ်းစား ရတော့တာကိုး၊ ဘာဖြစ်လို့လဲ ဆိုတော့ ပြီးတာကပြီးသွားပြီလေ၊ ပြေးသူကပြေးသွားပြီ ဆိုတော့ လွှတ်ပါစေပေါ့ဗျာ၊ အနည်းဆုံးဒီမှာ ဘာဖြစ်နေတယ်ဆိုတာကို မြို့ပေါ်ကို သတင်း ပေးလို့ရတာပေါ့၊ အဲဒီ ရှုထောင့်ကကြည့်ရင် ရလဒ်ဟာစိတ်ကျေနပ်စရာဖြစ်ပေမယ့်ဖြစ်သွားတဲ့ပုံစံသာ နည်းနည်း မကျေမနပ်ဖြစ်စရာဖြစ်နေတာ၊ ဒါပေမယ့်လေ ဘာတတ်နိုင် မှာလဲ သူလုပ်သွားပြီးလို့ အဲ့ဒီ အစားကျွန်တော်တို့အားလုံးတောင် အရိုက်ခံရပြီးပြီဘဲဗျာ၊

ကဲဗျာ၊ ဘာမှအလုပ်မရှိတဲ့အတူတူ သူဘယ်လိုထွက်ပြေးလွတ်မြောက်သွားတယ်ဆိုတာ စိတ်ကူးစွန့်စားခန်းလေး လုပ်ကြည့်လိုက်ရအောင်၊

ပထမဆုံးဗျာ သူတစ်ကိုယ်အတွက်ပဲ စဉ်းစားရင် သူထွက်ပြေးဖို့ အခွင့်အရေးရှိတယ်ဆိုတာကာစရမယ်၊အဲလိုမပြေးရင် သူအခုအချိန် ဒီမှာပြဿနာတွေတက်နေလောက်ပြီ၊ မျိုးဝင်းများပြန်ရောက်လာပြီ ဆိုရင်တော့ အသက်ပါ ပါသွားမလားဘဲ၊ ဟုတ် တယ်လေ၊ သူတို့စွပ်စွဲပြောဆိုနေတာတွေမှန်တဲ့အကြောင်း သက်သေပြဖို့၊ သူတို့ပြောတဲ့အတိုင်း လုပ်မယ်ဆိုတာကိုသက်သေပြဖို့လူတစ်ယောက်လောက်တော့သတ်ဖို့လိုတယ်လေ၊

ကျွန်တော်တို့တပ်က နယ်စပ်မျဉ်းတစ်လျှောက်မှာရှိနေတော့ကာ နယ်စပ်မျဉ်း ကိုဖြတ်ပြီး တရုတ်ပြည်ထဲဝင်ဖို့ကပဲ လွယ်လွယ်ကူကူ လွတ်လမ်းဖြစ်နေတယ်၊ ကျန်တဲ့ နေရာကတော့ ဘယ်ဘက်သွားသွား မဟာမိတ်နယ်မြေဆိုတော့ အန္တရာယ် မကင်းနိုင်ဘူး၊

ကဲဗျာ၊ တရုတ်ပြည်ထဲကို တောင်ကြားလမ်း(နယ်စပ်ဂိတ်) ပတ်ဝန်းကျင်က ဖြတ်ထွက်ပြီး ဘယ်လိုခရီးဆက်ကြမလဲ၊ နယ်စပ်ဂိတ်မှာ ဘယ်ဘက်ယွန်းယွန်းဘက်ယူပြီး တောစပ်ထဲဝင်သွားပြီး နယ်စပ်ကိုကျော်ထွက်သွားလိုက်၊ နောက်တော့ တောင်ကြားလမ်း တစ်လျှောက် ဆင်းသွားရင်ပထမ (၆)ကီလိုမီတာအကွာမှာ ဒုက္ခသည်စခန်းရွာ ရှားပေဘ့ပါနဲ့ နောက် (၁၄) ကီလိုမီတာ အကွာအဝေးမှာ ဆီမားရွာရောက်မယ်၊

ဒီရွာ (၂)ခုကိုဖြတ်ဖို့တောင်ခါးပန်းကဖောက်ထားတဲ့ ကားလမ်းနဲ့ တောင်ခြေက လျှိုတစ်လျှောက်မှာရှိနေတဲ့ လမ်းဆိုပြီး လမ်း ၂ ခု ရှိတယ်၊ ဒါပေမယ့် ၂ ခုလုံးက လူသွားလူ လာမပြတ်လို့ အန္တရာယ်မကင်းဘူး၊ နောက်တစ်ခါ သူက အရိုက်ခံထားရလို့ခရီးရှည်လမ်း လျှောက်ဖို့ မဖြစ်နိုင်ဘူး၊ ဒီတော့သူကလမ်းသွားလမ်းလာတွေကို ရှောင်ရမယ်၊ အကောင်း

ဆုံးကတော့ ကားလမ်းရဲ့ဆန့်ကျင်ဘက်၊ တောင်ကြားလမ်းရဲ့အပေါ်ဘက် တောင်ကြောပေါ် တောစပ်ထဲတက်သွားတာ အကောင်းဆုံးပဲ။ ဒီလူကချင် စကားရော၊ တရုတ်စကားပါ မတတ်တော့ ဖြစ်နိုင်သမျှတခြားလူတွေနဲ့ မတွေ့အောင် ရှောင်တာ ကောင်းမယ်။

အဲ့ဒီတောင်ကုန်းတောစပ်ကဆိုရင်ကားလမ်းနဲ့အပြိုင်သွားနိုင်လို့ အန္တရာယ်ကိုလည်း ကြိုမြင်နိုင်မယ်။ ကျန်းမာရေး ကောင်းမယ်၊ လက်နက်တစ်ခုခုလည်းပါမယ် ဆိုရင်တော့ တောကိုကန့်လန့်ဖြတ်ပြီး ဟိုဘက်ကကားလမ်းအကွေ့ကို ရောက်အောင်သွားလို့ရတယ်၊ ဒါပေမယ့်တောထူတာရယ်၊ တောခွေးအုပ်အန္တရာယ်ကြောင့် မသွားသင့်ဘူး။ နောက်တစ်ခုက ကိုယ့်နောက်လိုက်လာမယ့်သူတွေကို အစုအတိုင်း လျှောက်သွားရင်မြင်ရနိုင်တယ်၊ သူ့အနေအထားကတွေ့ရင် နေရာတင်အသတ်စံရမှာ။

သူ့မှာဒဏ်ရာရှိနေတဲ့အပြင် မိုးကလည်းပိုစိပ်လာပြီဆိုတော့ သူ့အနေနဲ့ နားစရာ၊ ခိုစရာရှာမှဖြစ်မယ်။ အဲဒီအကြောမှာ ဘိန်းခင်းတွေလာလုပ်တဲ့ တရုတ်တွေရဲ့ယာတောအိမ်တွေ ရှာရင်လွယ်လွယ်ကူကူတွေ့နိုင်ပါတယ်။ အဲ့ဒီမှာရိက္ခာခြောက် တွေကတော့ အမြဲလိုလို တစ်ပတ်စာလောက်ထားတတ်ကြတာ အားလုံးရဲ့ထုံးစံပါဘဲ။

အိမ်တစ်အိမ်တွေ့ရင်အဆင်ပြေပြီဗျာ၊ ၃ – ၄ ရက်လောက် ဒဏ်ရာသက်သာအောင်နေလို့ရပြီ၊ ဝဝလင်လင်စားသောက်ပြီး အိပ်ရေးဝဝအိပ်လိုက်ရင် နောက်ထပ် ၃ – ၄ ရက် ခရီးအတွက်အဆင်သင့်ဖြစ်ပြီ။ တစ်ခါ ၃ – ၄ ရက်ခိုနေခြင်းအားဖြင့် သူ့နောက်ကိုလိုက်လာတဲ့ သူတွေကို လမ်းလွှဲသွားအောင်၊ သူ့ကိုကျော်တက်သွားအောင် လုပ်နိုင်မယ်။ တကယ်လို့သူ့မှာလုံလောက်တဲ့ ဆင်ခြင်တုံ တရားသာရှိမယ်ဆိုရင် အန္တရာယ်ကင်းမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ ဒီဘက်မှာအနံ့ခံခွေးတွေ သုံးမှမသုံးကြပဲကိုး။

လမ်းမှာ အကိုင်းရျိုးတာတို့၊ ပတ်တီးစ၊ အကျီစတွေ စုတ်ညိကျန်ရစ်တာတို့ မဖြစ်အောင် ဂရုစိုက်ရမယ်။ နားမယ့်နေရာ ရောက်ပြီဆိုတာနဲ့ အောက်ဖက် ကိုယ်တက်လာတဲ့ လမ်းတစ်လျှောက် အပေါ်စီးကမြင်နိုင်တဲ့ မြင်ကွင်းတစ်ခုကိုရွေးရမယ်။ အကောင်းဆုံး ဆုတ်လမ်း၊ ခွာလမ်းကြိုကြည့်ထားရမယ်။ ပြီးမှနား၊ ဖြစ်နိုင်ရင် သစ်ကိုင်းနဲ့ ဝါးကိုင်းနဲ့ သတိပေးထောင်ချောက်မျိုး လုပ်ထားနိုင်ရမယ်။

အဲဒါတွေပြည့်စုံပြီဆိုရင်တော့ ရက်အနည်းငယ်နားနေလို့ရပါပြီ။ ယာတောအိမ်တွေဟာ ရေနီးလေ့ရှိပြီး ဆန်၊ ပဲနဲ့ ဆီတိုဟူးရှိနိုင်လို့ သူထမင်းချက်စားနိုင်မယ်။ နွေးနွေးထွေးထွေးအိပ်နိုင်မယ်။

## ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

အလွန်ဆုံး (၅)ရက်လောက်ဆိုရင်တော့ အဲဒီနေရာကရွာရမယ်၊ ကြာရှည်နေလိုက်ရင်လည်းအန္တရာယ်တွေလာနိုင်တယ်။အဲဒီကနေ ဆီမားဆင်းရမယ်၊ ဆီမားအဆင်းမှာ သူ့ရဲ့ ညာဖက်ကလမ်းကို သေချာဂရုစိုက် စစ်ဆေးပြီးမှဆင်းရမယ်၊နည်းနည်းအမြင့်တက်လိုက်တာနဲ့ ရှားပေဘုပါရွာကို အပေါ်စီးကမြင်ရပြီးကားလမ်းက ရွာကို နာရီလက်တံရဲ့ပြောင်းပြန်ရစ်ဆင်းသွားတာမြင်ရမယ်၊ အဝေးမှာ ဆီမားရွာရှိတဲ့တောင်ခြေကို ရေးရေးမြင်ရမယ်၊ နေ့ခင်းဖြစ်ပြီး ရွာနဲ့ကပ်နေလို့ တောခွေးလည်း မကြောက်ရတော့ အဲ့ဒီခင်တန်းကို ကန့်လန့်ဖြတ်ဆင်းရင် ခရီးတော်တော် ကြုံသွားပြီး ဟိုဘက်မှာ ကားလမ်းနဲ့ ပြန်ဆုံနိုင်မယ်၊

ကားလမ်းနဲ့ တောင်ပေါ်မြို့ငယ်ကျက်အနေကနေ နာရီလက်တံအတိုင်း ကားလမ်းက ကွေ့ဆင်းသွားတာ ဆီမားထိပ်ကရွာငယ် (၂)ရွာကိုဖြတ်ပြီး ချောင်းကူးတံတားကျော်သွားရင် ဆီးမားမြို့ပါဘဲ၊ ဆီမားရွာကြီးဟာ မြို့ငယ်တစ်ခုလိုဖြစ်နေပြီး ကားလမ်းကရွာလယ်လမ်းတစ်လျှောက်ကနေ ဖြတ်သွားပြီး ရွာတစ်ဖက်ရင်ကျုန်းမြို့ဘက်အဆင်းကို ဖောက်ထွက်သွားတာပါ၊ ကျောင်းသား၊ မဟာမိတ်စတဲ့ အဖွဲ့တွေက စောင့်ကြည့်မယ်ဆိုရင် ရွာထဲကဆိုင်တစ်ဆိုင်ကဖြစ်ဖြစ်၊ အိမ်တစ်အိမ်ကဖြစ်ဖြစ် စိမ်ပြေနပြေစောင့်ကြည့်နေမှာပါပဲ၊ မြင်သွားရင်ပြေးလမ်းမရှိပါဘူး၊အဲဒီရွာတန်းရှည်ကြီးက ခန့်မှန်းခြေ(၂)မိုင်လောက်ရှိပြီး ရွာလယ်မှာ ဘယ်ဘက် ၉၀ံ ချိုးပြီး နောက်ထပ် (၁)မိုင်လောက်ဆက်သွားရဦးမှာပါ၊

အကောင်းဆုံးကတော့ အဲ့ဒီရွာကိုရှောင်ကိုရှောင်ရမှာဖြစ်တယ်၊ တောင်ပေါ်ကအဆင်းရွာရဲ့ ဘယ်ဘက်ခေါး လယ်ကွင်းထဲကနေ သူလိုငါလိုဖြတ်သွားလိုက်ရပါမယ်၊ ဒီဒေသဟာ တော်လှန်ရေးအင်အားစုတွေ ကျင်လည်ကျက်စားရာ နေရာဖြစ်လို့ ဒီဒေသကလူတွေဟာကိုယ်နဲ့မဆိုင်ရင် မစပ်စုတဲ့ဓလေ့စွဲနေပါပြီ၊ အန္တရာယ်ကင်းအောင်နေတတ်ကြပါတယ်၊

လယ်ကွင်းထဲကနေ ဆီမားကိုရှောင်ပြီးရွာရဲ့ဟိုဘက်အထွက် တရုတ်ဘုန်းကြီးကျောင်းကို ကွင်းပြီးမှဆီမား - ရင်ကျုန်းကားလမ်းပေါ်ပြန်တက်ရပါမယ်၊ ကားလမ်းပေါ်ကလျှောက်ခြင်းဟာ တရုတ်ရဲရဲ့အန္တရာယ်ကိုကာကွယ်ဖို့ဖြစ်ပြီး အတွင်းဝင်လိုက်ရင် လမ်းမှားမှာစိုးရိမ်ရပါတယ်၊ နောက်တစ်ခါ ၄ - ၅ ရက်ကြာအပြီးမှာတော့ ကျောင်းသားတပ်ကလည်း သူ့နောက်လိုက်တဲ့ကိစ္စ သိပ်အားထည့်မှာမဟုတ်တော့ပါဘူး၊ မှဆယ်ရောက်သွားပြီလို့ တောင်စဉ်းစားနေကြမှာ၊

# ဆမားညီညီ

ဒါပေမယ့်လင်းလင်းချင်းချင်းကြီးဒီကားလမ်းပေါ်ကသွားရမှာလည်း နည်းနည်းစွန့်စားလွန်းရာကျနေမှာမို့ ညပိုင်း လောက်သွားဖို့ စိတ်ကူးရမယ်။ ည ၆း၃၀ လောက်မှာ ဆီမားအထွက် ချက်ပွိုင့်ကတရုတ်ရဲတွေ ထမင်းစားလေ့ရှိတယ်။ သူတို့အကျင့်က ထမင်းစားပြီဆိုရင် မောင်းတံကိုဖွင့်ထားပြီး ကားအသွားအလာမစစ်တော့ဘူး။ ၇း၃၀ လောက်မှ ပြန်စစ်တာ၊ အဲဒီအချိန် မောင်းတံဂိတ်ကိုဖြတ်သွားရင် ဘာစာရွက်စာတမ်းမှမလိုပဲ ဖြတ်နိုင်မယ်။

အချိန်ကောင်းရောက်အောင် ဂိတ်နဲ့အနီးဆုံးကွေ့မှာသွားပြီး တောင်ကုန်းပေါ်တက်ပုန်းပြီး စောင့်နေရမယ်။ ၆း၃၀ ဂိတ်မောင်းတံတင်အပြီး ၆း၄၅ လောက်ဘယ်ကားမှမီးမထိုးတဲ့အချိန်မောင်းတံဘေးကဖြတ်လျှောက်သွားယုံဘဲ။ သူ့ကိုတရုတ်ရဲကမိသွားရင် မဟာမိတ်ကိုလွှဲပေးမှာ။ မဟာမိတ်ကဘယ်လိုဆုံးဖြတ်မယ်ဆိုတာမသိတော့ တရုတ်ရဲမတွေ့အောင်သွားတာ အန္တရာယ်အကင်းဆုံးဘဲ။

ဆီမားနဲ့ ရင်ကျုန်းတောင်ပေါ်လမ်းက (၅၄)ကီလိုမီတာဝေးပြီး တောင်ခြေကနေရင်ကျုန်းထိက ကီလိုမီတာ(၂၀)ရှိတယ်။ ဂိတ်ကို ၆း၄၅ နဲ့ ၇ နာရီကြားလောက်မှာ ဖြတ်ပြီးရင် တောင်ဆင်းလမ်းတစ်လျှောက် နံနက် (၆)နာရီလောက်အထိလျှောက်လို့ ရတယ်။ (၅၄) ကီလိုမီတာကို (၁၁)နာရီဆိုတော့ တစ်နာရီ (၅)ကီလိုမီတာတောင် မရှိတော့ဘူး။ အဲဒီနှုန်းလောက်နဲ့ တောင်အောက်ဆင်းပြီးရင် တောင်ခြေမှာကပ်လျက် ရွာ (၂)ရွာရှိပြီး ဆက်သွားရင် ၄ – ၅ ရွာ ရှိသေးတယ်။ အဲဒီမှာ ဗမာစကားတတ်တဲ့ ကချင် တွေအများကြီး။ အဆင်ပြေမယ်ဆိုရင် အိပ်စရာ၊ စားစရာတောင်ရဦးမယ်။ သူ့ ခရီးကရင်ကျုန်းရောက်ရင် ပြီးသလောက်ပဲ။ ဘာဖြစ်လို့လဲဆိုရင် ရင်ကျုန်းမှာ မန္တလေးကကုန်သည်တွေလာကြတယ်။ သူတို့ကိုရှာပြီး ကားခနဲ့ စားစရိတ်ကတော့ဖန်တီးလို့ ဘာမှ မခက်ဘူး။

မိုးကနေ့ညမပြတ်ရွာနေတော့ သူလည်းယာတောအိမ်ကနေ မိုးကာပလပ်စတစ်တစ်ထည်လောက်တော့ယူလာမှာပဲ၊ ဆီမား၊ ရင်ကျုန်းအဆင်းလမ်း တစ်လျှောက်ခြေလျင်လျှောက်ဆင်းသွားပြီး ကားမီးရောင်တွေ့ရင် လမ်းဘေးဆင်းပေါ့။

ညကမှောင်လွန်းတော့ လမ်းမမြင်ရဘဲ ဘေးဆင်းသွားမှာကြောက်ရတာရယ်၊ ကားမီးမြင်ရလို့ ဘေးဆင်းတဲ့အချိန်မှာ လမ်းပုခုံးမရှိတဲ့နေရာနဲ့တွေ့လို့ လျှောဆင်းသွားမှာမျိုးရယ်ပဲ လောလောဆယ်ဆယ်အန္တရာယ်ရှိတော့တာပါ။ ကျန်တဲ့ အန္တရာယ်ကတော့ မရှိသလောက်ပဲ၊ လမ်းပေါ်ကဆင်းရတာ အနည်းအကျဉ်းရှိမှာဖြစ်သလို၊ သူ့ဒူးတွေအရိုက်ခံ

ထားရတာမနိုင်ဘဲဖြစ်နေတုန်းအဆင်းမှာအရှိန်နဲ့ပြေးဆင်းသလိုဖြစ်ပြီး လဲတာမျိုးလည်းရှိနိုင်တာဘဲ။

လမ်းခရီးမှာကြောက်ရတာတစ်မျိုးကကူညီချင်စိတ်ရှိတဲ့တရုတ်ရွာသားတွေပဲ၊ လမ်းပျောက်နေတဲ့ တော်လှန်ရေးရဲဘော် ထင်ပြီး တရုတ်စကားမပေါက်တော့ Camp ရှိတဲ့ဘက် ဖွတ်ဦးတည်လွှတ်ပြီး အကူအညီပေးကြမှာ။ အဲဒါမျိုးတွေ့ရင် အသာလေး သူတို့ပြောတဲ့အတိုင်းလိုက်ပြီး လူကွယ်သွားတာနဲ့ ဆန့်ကျင်ဘက်ကိုပြန်သွားဖို့ပဲ၊ အငြင်းအခုန်မလုပ်နဲ့၊ ပြဿနာမလုပ်နဲ့၊ လူသတိမထားမိအောင်နေ၊ အကောင်းဆုံးဘဲ။

ကားမီးရှောင်ရတာလည်း အကြောင်းရှိလို့၊ သူ့ကိုလိုက်ရှာတဲ့သူတွေမတွေ့တော့ပါဘူးလို့ စိတ်လျှော့ပြီး တက္ကစီနဲ့ ပြန်လာကာမှလမ်းမှာ ဝေါလော့ကြီးမိမှာစိုးလို့။ လမ်းမှာရေဆာရင် ရေချောင်းတွေက နေရာတကာမှာရှိတယ်။ ယာတောအိမ်က ကုလားပဲမှုန့်၊ ဆန်မှုန့်လှော်ထားတာတွေ ယူလာခဲ့မယ်ဆိုရင် ဘာပြဿနာမှမရှိတော့ဘူး။ ခရီးကတော့ပင်ပန်းမှာပဲ၊ ဒါပေမယ့် သူပျော်နေမှာပါ။ လက်ငင်းအသက် အန္တရာယ်ကလွှတ်တာလောက် ဘယ်အရာကများ ပျော်စရာကောင်းမှာမို့လို့လဲ၊ သူ့ကိုတောင်မနာလိုဖြစ်မိတယ်။

ပလပ်စတစ်မိုးကာက ရေမလုံနိုင်ပေမယ့်အချမ်းဒဏ်ကိုတော့ ကာကွယ်နိုင်မှာပါ။ ပုံမှန်ခြေလှမ်းနဲ့ဆင်းသွားရင်ပဲ တောင်ခြေကိုနောက်တစ်နေ့ လင်းအားကြီးမှာရောက်သွားမှာပါ။တောင်ခြေရဲ့ညာဘက်ကပ်လျက်က အိုးလုပ်တဲ့ရွာ၊အဲဒီရွာကအထဲနည်းနည်းဝင်ရပြီး နောက်တစ်ရွာက ဘယ်ဘက်ကကားလမ်းဘေးကပ်လျက်ရှိတဲ့ ရွာဖြစ်တယ်။

ဒီနှစ်ရွာဟာ ကြားရွာတွေဖြစ်ပြီး ကျောင်းသားအုပ်စုနားလေ့နားထမရှိတဲ့ ဆင်းရဲတဲ့ရွာတွေပါ။ အများအားဖြင့် ကချင်ခရစ်ယာန်တွေနေကြပြီး ဓည့်သည်အပေါ် သိသိမသိသိဧည့်ဝတ်ကျေကြပါတယ်။ ဒီရွာသားတွေဟာ မြို့သားတွေထက် ပိုယဉ်ကျေး၊ ပိုပြီးဖော်ရွေကြပါတယ်။

ကျွန်တော့်သဘောကတော့ ဒီရွာတွေကို ရှောင်ပြီးနောက်ထပ် ခြေလျင်ခရီးရင်ကျန်းရောက်တဲ့အထိ ဆက်မှာပါ။ ဒါပေမယ့်သူက အိမ်တစ်အိမ်ဝင်ပြီး အကူအညီတောင်းတာမျိုးလုပ်ကောင်းလုပ်ပါလိမ့်မယ်။ အကူအညီတောင်းလို့ မရလည်းအရင်းဖြစ်ပြီးရရင်လည်း တစ်ညလောက်နေစရာ၊ စားစရာရပြီးအခန့်သင့်ရင် ရင်ကျန်းအရောက်ထော်လာဂျီနဲ့တောင် သွားခွင့်ရနိုင်ပါတယ်။

ရင်ကျန်းရောက်ရင် မြန်မာရွာ၊ တရုတ်ငွေ ၂၀ - ၂၅ယွမ်လောက်ရှာပြီးရင်

ကျန်တာအဆင်ပြေပါပြီ။ ရင်ကျန်းမြို့ကို မြို့ရှောင်လမ်းကပတ်ပြီး မြို့ပြင်ထွက်လိုက်ရင် တာပိန်မြစ်ကူးတံတားတွေ့ရပါမယ်။ အဲဒီတံတားကိုတော့ ရပ်လေးဘာလေးဖျက်ပြီး ခြေလျင်ကူးရပါမယ်။ ကိုယ်ဖြတ်တဲ့အချိန်မှာ ကားအသွား၊ အလာမရှိဘူးဆိုရင်တော့ ရာနှုန်းပြည့်စိတ်ချရပြီပေါ့။

တံတားဟိုဘက်ထိပ်ရောက်ရင် ရွှေလီသွားတဲ့ကားလမ်းက ညာဘက်ကွေ့ သွားပြီး ထိန်ချုံးကားလမ်းက ဘယ်ဘက်ကွေ့တက်သွားပါတယ်၊ ကျွန်တော်သာဆိုရင် တော့ ဘယ်ဘက်ကားလမ်းအတိုင်းလိုက်သွား ရွာတစ်ရွာရောက်မှ အဲဒီကနေရွှေလီကို ကားစောင့်စီးယုံဘဲ။

ကားပေါ်ရောက်ပြီဆိုရင်တော့ အဲ့ဒီကားပေါ်ကျောင်းသားတစ်ယောက်ယောက် နဲ့ မတွေ့ရင်တော့ (တွေ့ဖို့လည်း ဖြစ်နိုင်ခဲပါတယ်) လုံးဝကို အန္တရာယ်ကင်းသွားပါပြီ၊ လွတ်မြောက်သွားပါပြီ။ ရွှေလီရောက်တာနဲ့ မှဆယ်ကူးအလင်းဝင်၊ နောက်မန္တလေး အေးအေးဆေးဆေးပြန်ပြီးမိသားစုနဲ့တွေ့ယုံပေါ့။ တကယ်ကံကောင်းတဲ့ကောင်ဘဲ။

ဝုန်း၊ ဝုန်း ... အမလေးဗျာ၊ ကျွန်တော်အတွေးစိတ်ကူးတွေကနေ ကျရောက်လာ တဲ့တုတ်ချက်တွေကြောင့် လန့်နိုးလာပါတယ်။

"ဒီသူတောင်းစားကပြုံးနေတာ၊ သူ့ကောင်တစ်ကောင်လွတ်သွားလို့ ကျေနပ်နေတာနေမှာ"

"မဟုတ်ရပါဘူးဗျာ၊ မဟုတ်ရပါဘူး"

စွပ်စွဲသံ၊ မေးမြန်းသံများနဲ့အတူ ရိုက်နက်ကန်ကျောက်မှုတွေက တစ်ဆက် တည်းပါလာပါတယ်။

"မင်းကဘာလဲ၊ မင်းကောင်လွတ်သွားတော့ ဗိုလ်ချုပ်ခင်ညွန့်ကများ ကယ်ဆယ်ရေးအဖွဲ့လွှတ်မယ် မျှော်လင့် နေတာလား"

ရိုက်မေး မေးလိုက်တော့

"မဟုတ်ပါဘူးဗျာ၊ မမျှော်လင့်ရဲပါဘူး"

## ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

အခန်း(၇)

-ညီညီ-

၁၉၉၁၊ ဩဂုတ် ၁၆ ရက်နေ့ ၁၀း၀၀ နာရီလောက်မှာ အောင်ခင် ကျွန်တော့်အိမ်ရောက်လာပြီး ကျွန်တော်တို့အခြေအနေ မလုံခြုံတော့ဘူး။ ဗ.က.သ အထက် ဗမာပြည်ဒု - ဥက္ကဋ္ဌ(၁) ဇော်မြင့်အဖမ်းခံလိုက်ရပြီ၊ သူ့ကိုစစ်ဆေးပြီးပြီဆိုရင် မီးစိုးကြွက်လျှောက်လိုက်အဖမ်းခံရတော့မှာဘဲ၊ အဲဒီတော့ ကွင်းဆက်တွေဖြတ်ဖို့ ကျွန်တော်တို့နှစ်ယောက်ပြေးဖို့လိုပြီလို့ ပြောလာပါတယ်။

"ဘာဆက်လုပ်ရင်ကောင်းမလဲ"

"ဌာနချုပ်ရောက်အောင်သွားရမှာပေါ့၊ အဲ့ဒီမှာကမှ ဆက်အလုပ်လုပ်လို့ရဦးမယ်"

"ကောင်းပြီလေ၊ အဲ့ဒါဆိုနှစ်ယောက် အတူတူသွားကြတာပေါ့၊ ဒီပုံအတိုင်းဆိုရင် ခင်ဗျားလည်း စိတ်မချရဘူးပဲ။ လာ လက်မှတ်သွားဝယ် ရအောင်"

သူ့အကြောက်အကန်ငြင်းတယ်။

"မဟုတ်ဘူးကိုညီ ခင်ဗျားအရင်သွား၊ ကျွန်တော်နောက်ရက်လိုက်လာမယ်၊ အတူတူသွားတာ အန္တရာယ် များတယ်"

"ဟုတ်ပြီလေ၊ ကားတစ်စင်းထဲမှာပဲ ခွဲစီးရင်စီး၊ ဒါမှမဟုတ် ကား

နစ်စင်းခွဲပြီး သွားကြတာပေါ့"

"ကျွန်တော်နောက်ရက်မှ လိုက်ခဲ့မယ်ဗျာ"

ချက်ချင်းဆိုသလိုဘဲ ဒီလိုဆင်တူအခြေအနေမျိုးနဲ့ ကိုချိုကြီးထွက်သွားခဲ့ရတာ ပြန်မြင်ယောင်မိတယ်။ ကျွန်တော်သူနဲ့အတူတူသွားပြီး မန္တလေး၊ ကွတ်ခိုင်ကားလက်မှတ်ဝယ် လိုက်တယ်။

"ခင်ဗျားမနက်ဖြန်လိုက်လာမှာ သေချာတယ်နော်၊ ဒါဆိုကျွန်တော် ရွှေလီကစောင့်မယ်၊ ပြီးမှအတူတူ တက်ကြတာပေါ့"

"ဟုတ်ကဲ့ပါဗျာ"

ရင်းနှီးတဲ့ သူငယ်ချင်းတစ်ချို့နဲ့ အခြေအနေကို တိုင်ပင်ဖြစ်ကြတယ်၊ တစ်ယောက်က

"ကိုညီ ခင်ဗျားအဆင်ကြည့်ရတာ တောထဲမသွားရင် ထောင်ထဲ သွားရမယ့်သဘောရှိတယ်"

နောက်တစ်ယောက်က

"ဘာဖြစ်လို့လဲဟင်၊ ဘာတွေးထားလို့လဲ"

ကျွန်တော်က

"ကျွန်တော် သဘောပေါက်ပါတယ်ဗျာ၊ တောထဲပဲ သွားတော့မယ်"

ကျွန်တော်ချက်ချင်းအိမ်ပြန် အထုပ်အပိုးပြင်ဆင်ပြီးတော့ သမီးကြီးနဲ့သားကြီး ကျောင်းဆင်းချိန်တောင် သွားမကြိုတော့ပဲ မေမြို့တက်သွားလိုက်တယ်၊ မေမြို့ကနေ နောက်ရက်မနက်ကားကို စောင့်စီးလိုက်တယ်။ ကျွန်တော်ဘာကိုမှ ဘယ်သူ့ကိုမှ စိတ်မချ နိုင်တော့ပါဘူး။

အဲ့ဒီနေ့ည ကွတ်ခိုင်မှာ ရောက်၊ တည်းခိုခန်းမှာအိပ်ပြီး မနက်မှာပဲ မူဆယ်ကား စီးထွက်ခဲ့တယ်၊ မူဆယ်ရောက်ရောက်ချင်း ကားပေါ်က အထုပ်အပိုးဆွဲချပြီး ရွှေလီဘက် ကမ်းကို ဝမ်းပြားသံလှေနဲ့ကူးခဲ့လိုက်တယ်၊ ရေလယ်ရောက်တာနဲ့ လွတ်လပ်မှု အရသာ ခံစားရပြီး ရွှေလီမြို့ကမ်းပေါ်ခြေချမိတာနဲ့ လူက လုံးဝကိုလွတ်လပ်ပေါ့ပါးသွားပြီး တော်လှန် ရေးအတွက် ဆက်လုပ်ရမယ့်ကိစ္စတွေတွေးပြီး ပျော်ရွှင်နေမိပါတယ်၊

ရွှေလီရောက်ရောက်ချင်း ချစ်လက်ဘက်ရည်ဆိုင်ဝင်လိုက်တော့ ဦးကျော်စိန်နဲ့ တွေ့ပြီး မကြာခင်မှာပဲ တာဝန်ခံကျော်မြင့်နဲ့ တွေ့ရတယ်၊ ပါကျောင်းတက်ဖို့ရာ စီစဉ်နိုင်းတော့

## ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

တည်းခိုခန်း(လက်ဘက်ရည်ဆိုင်အပေါ်ထပ်)မှာ အခန်းတစ်ခန်းလိုက်ယူပေးတယ်။ ခဏ နားပါဦး စီစဉ်ပေးမယ်လို့ဆိုတယ်။

အဲဒီမှာ ၂ရက်နေအပြီးမှာ ကိုချိုကြီး၊ သံချောင်း၊ မျိုးဝင်းနဲ့အတူ ကျောင်းသား ရဲဘော်တစ်အုပ်ကြီးတည်းခိုခန်းထဲ ဝင်လာပြီး လာနှုတ်ဆက်ကြတယ်။ သူတို့က မြို့ပေါ်က အကြောင်းမေးကြ၊ ကျွန်တော်ကတောအကြောင်းမေးကြ နှုတ်ဆက်ကြနဲ့ပေါ့။တစ်ချို့ ရဲဘော်တွေ ပြောစကားတွေက အရိုးသေတန်ပြီး မနှစ်သက်စရာ ကောင်းလှတယ်။

ခဏအကြာမှာ မျိုးဝင်းနဲ့အချို့ပြန်ဆင်းသွားပြီး သံချောင်း၊ ကိုချိုကြီးနဲ့ နောက် တစ်ယောက်ကျန်ခဲ့တယ်။သံချောင်းက တပ်ထဲမှာ ထောက်လှမ်းရေးတွေ ဖမ်းမိထားတဲ့ အကြောင်းတွေပြောပြပြီး အခုလည်း ဗန်းမော်ဘက်လူသွားဖမ်းမလို့တဲ့၊ အဲ့ဒါကိုချိုကြီးကို လည်း ကျွန်တော်နဲ့ ရွှေလီမှာကျန်ရစ်ဖို့ပြောပါတယ်။ ကိုချိုကြီးနဲ့ ကျွန်တော်တို့နှစ်ယောက် ကို စောင့်ကြည့်ဖို့ ဆန်းထွန်းဆိုတဲ့ရာတိတ်ကိုထားခဲ့မှန်း သူ့ရဲ့မပိရိတဲ့ အမူအရာတွေ ကြောင့် သိလာရတယ်။ ကျွန်တော်ကလည်း ဒါဘာလဲပေါ့။

ကိုချိုကြီးက လူလည်းရှင်းရော

"ကိုညီရေ ပြဿနာတော့စနေပြီ၊ အခုလူဖမ်းပွဲစနေပြီ။ စဖမ်းလိုက် တဲ့ စိုးမင်းအောင်ကို ရိုက်ပြီးစစ်တာ တို့အဖွဲ့ထဲမှာထောက်လှမ်းရေး (၅၀) ကျော် (၆၀) ရှိနေပြီတဲ့"

"ကိုချိုကလည်း မဟုတ်တာဗျာ"

"အေး အဲ့ဒီအတိုင်းအစစ်ခံတာ၊အမှန်ပြောရရင် မခံနိုင်လွန်းလို့ပြော မိပြောရာပြောတာလား၊ သူတို့ကိုယ်တိုင် လမ်းကြောင်းပေးတာလား၊ ဒါမှမဟုတ် စိုးမင်း အောင်မပြောပဲ သူတို့ဘာသာလီဆယ်ပြီးပြောသလားတော့မသိဘူး"

"မျိုးဝင်းကတော့ပြောသွားတယ်၊ ဒီကောင်ပြောတဲ့ထဲမှာ ဥက္ကဋ္ဌ နာမည်တောင်ပါသေးတယ်တဲ့၊ဒါပေမယ့် သူတို့က အလေးမထားပါဘူးဗျာ" ဘာညာနဲ့ပေါ့။

"ကိုညီရေ ရှေ့တိုးလည်းထမ်းပိုး၊ နောက်တိုးလည်း လှည်းတုတ်ဖြစ် နေပြီ၊ ဘာပဲဖြစ်ဖြစ်လေ၊ ဆက်တော့တိုးရမှာပဲ။ ကိုညီရောဘယ်လိုသဘောရလဲ"

"ကိုချိုရာ မတိုက်ပဲ အရှုံးပေးထွက်ရပြေးတာတော့ မဟုတ်သေး ပါဘူး၊ကြိုးစားကြည့်ရင်း ရှုံးသွား ရင်တောင် နည်းနည်းအဓိပ္ပါယ်ရှိပါလိမ့်မယ်"

ကိုချိုကြီးရယ် ကျွန်တော်ရယ်ကို ကျော်မြင့်က ပီကင်ဂျစ်တစ်စီးနဲ့ နောက်

(၃)ရက်အကြာမှ ဌာနချုပ်ကိုလိုက်ပို့ပါတယ်။ ဌာနချုပ်ရောက်တာနဲ့ ကိုယ့်အထုပ်ကိုယ် သယ်ပြီး ကားပေါ်ကအဆင်းမှာ မျိုးဝင်းရဲ့တဲက ရဲဘော်တွေက ကူသယ်သွားပြီး မျိုးဝင်းတဲ ကို တစ်ခါတည်းခေါ်သွားပါတယ်။

မျိုးဝင်းတဲမှာ ကျွန်တော်ရောက်လာတဲ့အထိမ်းအမှတ်နဲ့ ဧည့်ခံပွဲတစ်ခုလုပ်ဖို့ ချက်ချင်းစီစဉ်ပြီး ဗဟိုကော်မတီဝင်အားလုံးနဲ့တပ်ရင်းမှူးတွေပါမကျန် တက်ကြပြီး ရင်းရင်း နှီးနှီး စကားပြောကြတယ်။ အဲဒီအချိန်မှာပဲ

"ဟေ့ ကိုညီ၊ မင်းကားပေါ်က မဆင်းတော့ဘူးလား"

ဆိုတဲ့ စကားကြောင့် ကျွန်တော်လက်ရှိအခြေအနေ ကိုပြန်ရောက်သွားလေ တယ်။ ကျွန်တော် ရွှေလီရောက်တဲ့အခြေအနေနဲ့ အဖမ်းမခံရခင်အထိကိုပြန်စဉ်းစားကြည့် မိနေတာပါ။ကျွန်တော်ဘာဆက်လုပ်ရမလဲ၊ အဲဒီမှာကျန်ခဲ့တဲ့သူတွေက အပြစ်မရှိတဲ့သူ တွေမှန်း ကျွန်တော်သေသေချာချာ သိထားတယ်။

ကြိုပြီးရောက်နေနှင့်တဲ့ ဗိုလ်ဝွမ်မော်က ခင်ဗျားဒီမှာအေးအေးဆေးဆေးနားပြီးမှ တစ်ခုခုလုပ်ဖို့ဆက်စဉ်းစားကြတာပေါ့။ အခုတော့ မနေ့ညက အဖြစ်ကြောင့်ခင်ဗျားလူရော၊ စိတ်ပါ ပင်ပန်းနေတယ်။ လွတ်လွတ်လပ်လပ်နေပါ၊ ဒီမှာငြိမ်းချမ်းပါတယ်၊

မဟာမိတ်ဧည့်ဆောင်ထဲဝင်သွားတော့ ဇော်ကြီးရယ် ကျောင်းသားရဲဘော် ဟောင်းမိုးကျော်ရဲ့ ညီရယ် တခြားကလေးမ တစ်ယောက်ရယ် တွေ့ရတယ်။ စိုးလွင်နဲ့ ကျွန်တော်ပါထည့်ပေါင်းရင် (၅)ယောက်ပေါ့။မဟာမိတ်ရိက္ခာဌာနက အိုးခွက်ပန်းကန်တွေ နဲ့ ရိက္ခာ၊ နောက် ခေါင်းဦး၊ စောင် တွေချက်ချင်းလာပို့ပေးပါတယ်။

ဇော်ကြီးက ကျွန်တော့်လူဟောင်းပါ၊ မန္တလေးမှာ UG လုပ်ခဲ့တဲ့သူပါ။ ဒါပေမယ့် ကျန်တဲ့နှစ်ယောက်နဲ့ တအားရင်းနှီးနေပြီး အပြောအဆိုသိပ်မကြိုက်တာနဲ့ ထဲထဲဝင်ဝင် စကားမပြောတော့ဘူး။ အပြောအဆိုမကြိုက်ဘူးဆိုတာက သူတို့ဟာမျိုးဝင်းကြိုက်မယ့် စကားတွေပြောနေလို့ပါ။ စိုးလွင်ကတော့ ရှင်းပါတယ်၊ ကျွန်တော့်ကိုစောင့်ကြည့်ဖို့ကိုထည့် ပေးလိုက်တာ၊ သဘောကတော့ ကျွန်တော့်မှာ ယုံကြည်ရတဲ့ တိုင်ပင်ဖော်တိုင်ပင်ဖက်မရှိ ဘူးပေါ့။

ဇော်ကြီးနဲ့ တခြားနှစ်ယောက်ဟာ ဒီဘက်ကို ကျွန်တော်နဲ့အတူဘာလို့ ပါလာရ သလဲဆိုတဲ့ မသေချာမှုကြီးကြောင့် ကျွန်တော်သူတို့ကို မယုံရဲတာ၊ စိုးလွင်ကလဲဗျာ ကျွန်တော့်သူငယ်ချင်းတွေရဲ့ ညီပါ။ မန္တလေးမှာ ရပ်ကွက်နီးချင်းပါ၊ ဒါပေမယ့်သူက အခု

(၃)ရက်အကြာမှ ဌာနချုပ်ကိုလိုက်ပို့ပါတယ်။ ဌာနချုပ်ရောက်တာနဲ့ ကိုယ့်အထုပ်ကိုယ်သယ်ပြီး ကားပေါ်ကအဆင်းမှာ မျိုးဝင်းရဲ့တဲကက ရဲဘော်တွေက ကူသယ်သွားပြီး မျိုးဝင်းတဲကို တစ်ခါတည်းခေါ်သွားပါတယ်။

မျိုးဝင်းတဲမှာ ကျွန်တော်ရောက်လာတဲ့အထိမ်းအမှတ်နဲ့ ဧည့်ခံပွဲတစ်ခုလုပ်ဖို့ချက်ချင်းစီစဉ်ပြီး ဗဟိုကော်မတီဝင်အားလုံးနဲ့တပ်ရင်းမှူးတွေပါမကျန် တက်ကြပြီး ရင်းရင်းနှီးနှီး စကားပြောကြတယ်။ အဲဒီအချိန်မှာပဲ

"ဟေ့ ကိုညီ၊ မင်းကားပေါ်က မဆင်းတော့ဘူးလား"

ဆိုတဲ့ စကားကြောင့် ကျွန်တော်လက်ရှိအခြေအနေ ကိုပြန်ရောက်သွားလေတယ်။ ကျွန်တော်ရွှေလီရောက်တဲ့အခြေအနေနဲ့ အဖမ်းမခံရခင်အထိကိုပြန်စဉ်းစားကြည့်မိနေတာပါ။ ကျွန်တော်ဘာဆက်လုပ်ရမလဲ၊ အဲဒီမှာကျန်ခဲ့တဲ့သူတွေက အပြစ်မရှိတဲ့သူတွေမှန်း ကျွန်တော်သေသေချာချာ သိထားတယ်။

ကြိုပြီးရောက်နေနှင့်တဲ့ ဗိုလ်ဂွမ်မော်က ခင်ဗျားဒီမှာအေးအေးဆေးဆေးနားပြီးမှ တစ်ခုခုလုပ်ဖို့ဆက်စဉ်းစားကြတာပေါ့။ အခုတော့ မနေ့ညက အဖြစ်ကြောင့်ခင်ဗျားလူရော၊ စိတ်ပါ ပင်ပန်းနေတယ်။ လွတ်လွတ်လပ်လပ်နေပါ၊ ဒီမှာငြိမ်းချမ်းပါတယ်၊

မဟာမိတ်ဧည့်ဆောင်ထဲဝင်သွားတော့ ဖော်ကြီးရယ် ကျောင်းသားရဲဘော်ဟောင်းမိုးကျော်ရဲ့ညီရယ် တခြားကလေးမ တစ်ယောက်ရယ် တွေ့ရတယ်။ စိုးလွင်နဲ့ကျွန်တော်ပါထည့်ပေါင်းရင် (၅)ယောက်ပေါ့။ မဟာမိတ်ရိက္ခာဌာနက အိုးခွက်ပန်းကန်တွေနဲ့ ရိက္ခာ၊ နောက် ခေါင်းဦး၊ စောင် တွေချက်ချင်းလာပို့ပေးပါတယ်။

ဖော်ကြီးက ကျွန်တော့်လူဟောင်းပါ၊ မန္တလေးမှာ UG လုပ်ခဲ့တဲ့သူပါ။ ဒါပေမယ့်ကျန်တဲ့နှစ်ယောက်နဲ့ တအားရင်းနှီးနေပြီး အပြောအဆိုသိပ်မကြိုက်တာနဲ့ ထဲထဲဝင်ဝင်စကားမပြောတော့ဘူး။ အပြောအဆိုမကြိုက်ဘူးဆိုတာက သူတို့ဟာမျိုးဝင်းကြိုက်မယ့်စကားတွေပြောနေလို့ပါ။ စိုးလွင်ကတော့ ရှင်းပါတယ်၊ ကျွန်တော့်ကိုစောင့်ကြည့်ဖို့ကိုထည့်ပေးလိုက်တာ၊ သဘောကတော့ ကျွန်တော့်မှာ ယုံကြည်ရတဲ့ တိုင်ပင်ဖော်တိုင်ပင်ဖက်မရှိဘူးပေါ့။

ဖော်ကြီးနဲ့ တခြားနှစ်ယောက်ဟာ ဒီဘက်ကို ကျွန်တော်နဲ့အတူဘာလို့ ပါလာရသလဲဆိုတဲ့ မသေချာမှုကြီးကြောင့် ကျွန်တော်သူတို့ကို မယုံရဲတာ၊ စိုးလွင်ကလဲဗျာ ကျွန်တော့်သူငယ်ချင်းတွေရဲ့ညီပါ။ မန္တလေးမှာ ရပ်ကွက်နီးချင်းပါ၊ ဒါပေမယ့်သူက အခု

စိုးလွင်ဟာ စကားအားလုံးကိုသေသေချာချာနားထောင်နေပါတယ်။

"မဖြစ်ဘူးဗျာ၊ တစ်ယောက်တည်းခေါ်ထားဖို့ပဲတတ်နိုင်မယ် "

"အဲ့သလိုဆိုရင်တော့ မလာနိုင်ပါဘူး၊ ကျွန်တော်ကိုယ်လွတ်ရုန်းသွားတယ်ဆိုတာမျိုး သမိုင်းအတင် မခံချင်ပါဘူး။ နောက်ဗျာ၊ ဒါက ဝင်စွက်ဖက်တာမျိုးမှ မဟုတ်ပဲ ရာဇဝတ်မှုတွေ၊ သတ်ဖြတ်မှုတွေမဖြစ်အောင် ဝင်ထိန်းတာပဲဥစ္စာ"

"အဲဒီဝင်ထိန်းတဲ့ အလုပ်မျိုးကို NLD(LA) ရုံးကလုပ်မယ်လို့ပြောနေတယ်။ ဆရာခေါင်းမမာနဲ့နော်၊ ကျောင်းသားတပ်ထဲမှာ အချောင်သေသွားနိုင်တယ်"

"ခေါင်းမာတာတော့ မဟုတ်ဘူးပေါ့ဗျာ၊ နည်းနည်းတော့ကြိုးစားကြည့်ရမှာပေါ့"

ကျွန်တော်နောက်ရက်တွေမှာ စာဆက်သင်ရင်း မဟာမိတ်ဘက်က ကမ်းလှမ်းမယ့် ပိုကောင်းတဲ့ အဆိုပြုချက်မျိုး မျှော်မိပါတယ်။ ဒီကိစ္စထပ်ဆွေးနွေးရရင် အဆင်ပြေနိုင်ပါလိမ့်မယ်။ သူတို့ကလည်းကျွန်တော်စိတ်ပြောင်းရင်လက်ခံဖို့အဆင်သင့်စောင့်နေမှာပါ။ ဆက်ပြီးစောင့်ရှုပေါ့ဗျာ၊ မကြာခင်မှာ ထပ်ဆွေးနွေးနိုင်မယ်ထင်ပါတယ်။

နောက်တစ်ရက်မနက် ၁၀း၀၀ နာရီလောက်မှာ အောင်နိုင်၊ သန်းဇော်နဲ့ အဖွဲ့ ရောက်လာပြီး ကျွန်တော်တို့ကို ကျောင်းသားတပ်ဖက် ပြန်ခေါ်ပါတယ်။ကျွန်တော် ပြန်ရမယ်ဆိုတာကို K.I.A ကလူတွေကြိုသိပြီးပုံရတယ်၊ သူတို့ဘယ်သူမှ လာနှုတ်မဆက်တော့ပါဘူး။

ကျောင်းသားတပ်ဖက် ခြေလျင်ပြန်ရချိန်မှာ ရွှေနားမှာလူစုစုနဲ့ ရုတ်ရုတ်သဲသဲ တွေ့ရလို့ မေးကြည့်တော့ အလယ်ကလူက "ဇော်ဝင်းချစ်" တဲ့။ ထောက်လှမ်းရေးလို့ အစွပ်စွဲခံထားရတဲ့သူ၊ စစ်ကြောရေးမှာ ဒဏ်ရာပြင်းသွားလို့ မဟာမိတ်ဆေးရုံမှာ လာကုတာ။ အစုသက်သာသွားလို့ ပြန်လာခေါ်တာတဲ့။

သူတို့အုပ်စုဟာ လမ်းကွေ့မှာ ပျောက်သွားလိုက်၊ လမ်းဖြောင့်ရင် ပြန်ပေါ်လာလိုက်နဲ့ သူတို့ရုတ်ရုတ်သဲသဲဖြစ်တဲ့ နေရာတွေမှာ လမ်းပေါ်သွေးအိုင်တွေ တွေ့ရတယ်။ ကြည့်ရတာက လူမမာပြန်ခေါ်လာတာ တစ်လမ်းလုံးရိုက်နက်သွားကြပုံပဲ။ အဲ့ဒါကို အောင်နိုင်ရော သန်းဇော်ရော မတားကြဘူး။ လမ်းမှာ ကျနေတဲ့သွေးအိုင်တွေ၊ သွေးစက်တွေကြည့်ရတာနဲ့တင် ဇော်ဝင်းချစ်ရဲ့သွေးဟာ ခန္ဓာကိုယ်ထဲက တော်တော်လေးကို ထွက်သွားပြီဆိုတာ သိနိုင်တယ်။

## ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

သူတို့ ဇော်ဝင်းချစ်ကို အသေများသတ်နေကြတာလား။

"ဇော်ဝင်းချစ်ဒဏ်ရာက သွေးတွေသိပ်ထွက်နေတယ်နော်။ သူ ရထားတဲ့ဒဏ်ရာက တကယ်မပျောက်သေးတာ ဖြစ်မယ်"

"ဘာလို့မပျောက်ရမှာလဲ၊ ဒီသွေးတွေက ကျွန်တော့်ရဲဘော်တွေ ပေးတဲ့ ဒဏ်ရာအသစ်က ထွက်တာတွေ"

အဲ့ဒီအဖြေကို သန်းဇော်က ပြုံးဖြဲဖြဲနဲ့ မရိုးမရွ လုပ်ပြီး ငြိမ်းချောက်သလိုမျိုး ပြောလိုက်တာပါ။

"သူ့သွေးတွေသိပ်ထွက်နေတယ်လေ၊ သွေးလွန်သွားလိမ့်မယ်"

"ခင်ဗျားအလုပ်မဟုတ်ဘူးလေဗျာ"

လို့ အောင်နိုင်က ဝင်ပြောတယ်။ ဆက်ပြီးတော့

"ဒီကောင်က အသက်ဆက်ရှင်ဖို့ မထိုက်တန်တဲ့ကောင်ဗျ၊ အစောကြီးကတည်းက သတ်ပစ်ရမှာ၊ ဒီကောင် ကျွန်တော်တို့ကို လိမ်နေတာကြာပြီ၊ အခုထက်ထိကို ဝန်မခံသေးဘူး။ သူရိုးရိုးသားသားဝန်ခံလိုက်ရင် သူ့ကို အသက်ဆက်ရှင်ခွင့် ပေးလိုက်လို့ရတယ်"

ကျွန်တော် ဘာသံမှ မထွက်နိုင်တော့ပါဘူး။ ABSDF ကို ပြန်သွားတာ အန္တရာယ်သိပ်ကြီးမှန်း ပြန်တွေးမိလာပြီး အားလုံးကိုကယ်နိုင်မယ်ဆိုတဲ့ ယုံကြည်ချက်ကြီးနဲ့ မဟာမိတ်နဲ့မပူးပေါင်းတာ မှားများမှားသွားသလားဆိုတာ ပထမဆုံးအကြိမ်အဖြစ် ကိုယ့်ကိုယ်ကိုသံသယဝင်မိတော့တယ်။

မတွေ့ရတဲ့ ရက်အနည်းငယ်အတွင်းလေးမှာပဲ အောင်နိုင်ဟာပိုပြီး အရှင်သခင်ပုံစံမျိုးဖမ်းလာပြီး မျက်နှာကလည်း ပိုတင်းလာပြီး၊ ပိုကောက်ကျစ်လာတဲ့ ပုံဆောင်လာပါတယ်။

ကျွန်တော်တို့ကျောင်းသားတပ်ကို ပြန်ရောက်တာနဲ့ ပါလာတဲ့စုံတွဲနဲ့ ကျွန်တော့်တို့ လမ်းခွဲလိုက်ရပါတယ်။ မူရင်းတဲ (ဥက္ကဌတဲ)မှာဘဲ ကျွန်တော်၊ ဇော်ကြီးနဲ့ စိုးလွင်တို့ကို ပြန်ပြီးနေရာချထားပေးပါတယ်။ စားတော့နောက်က ဘဏ္ဍာရေးတဲ (လဆိုင်းတဲ) မှာအတူတူပေါင်းပြီး စားစေပါတယ်။ အရင်က ဥက္ကဌနေခဲ့တဲ့နေရာဟာ အခုတော့ တစ်အိမ်လုံးမြေကြီးကို တူးဆွ ရှာဖွေထားလို့ လူနေဖို့ မသင့်လျော်သလို ဖြစ်နေပါပြီ။

ဝသသုန်လည်းကျွန်တော်တို့တဲကို အမြဲလိုလိုလာလည်ပါတယ်။ အရင်ကတော့ ဝသသုန်က ကိုချိုကြီးနဲ့ သိပ်ခင်တဲ့မိတ်ဆွေပေါ့။ သူ့ရဲ့ဇာတိက မန္တလေးအနားက ပလိပ်ကလို့ ပြောတယ်။ အခုတော့သူ ကိုချိုကြီးနဲ့ ထွန်းအောင်ကျော်ကို ဘယ်လိုရိုက်ခဲ့တယ်၊ ဘယ်လို စော်ကားမော်ကားစကားတွေပြောခဲ့တယ်ဆိုတာတွေကို ကျွန်တော့်ရှေ့မှာ လာပြီး ဂုဏ်ယူဝင့်ကြွားစွာ ပြောနေတယ်။

ကျွန်တော်နဲ့ ဖော်ကြီးတို့အတွက်ကတော့ လက်ရှိအခြေအနေကြီးဟာ နေအိမ်အကျယ်ချုပ်ပါဘဲ။ ဆက်တက်စရာ တောင်ကုန်းပဲရှိပြီး အောက်ဆင်းဖို့ လုံးဝခွင့်ပြုမထားပါဘူး။ အဲ ကျိုးကြောင်းဆီလျော်ရင် သံချောင်း၊ မျိုးဝင်းတို့နဲ့ သွားစကားပြောခွင့်တော့ရှိပါတယ်။ တစ်ခါတစ်ရံမှာ မျိုးဝင်းက၊ သံချောင်းက စကားပြောဖို့ခေါ်တတ်ပါတယ်။

တစ်ရက်မှာ မျိုးဝင်းကရွှေလီမြို့မှာ အရေးကြီးပုဂ္ဂိုလ်တစ်ဦးလို့ဆိုတဲ့ သူတစ်ဦးနဲ့ဆွေးနွေးဖို့ ထွက်ခါနီးမှာ သူနဲ့ကျော်ထင်ဦးတို့နှစ်ယောက်လာပြီး ABSDF(NB) ရဲ့ ဥက္ကဋ္ဌလုပ်ဖို့ ကျွန်တော့်ကို လာကမ်းလှမ်းတယ်။

"မဖြစ်နိုင်ပါဘူးဗျာ၊ ကျွန်တော်စစ်သင်တန်းလည်းမယူရသေးဘူး"

"မလိုပါဘူး၊ ခင်ဗျားက စစ်တိုက်ရမှာမဟုတ်ဘူး"

"ကျွန်တော်က ရောက်တာမကြာသေးတော့ ဥက္ကဋ္ဌမလုပ်ချင်ပါဘူး၊ V.C.S တို့ နိုင်းစရာရှိတာနိုင်းပါ။ ကျွန်တော် လုပ်ပါမယ်၊ ကျွန်တော်ဥက္ကဋ္ဌ တက်လုပ်ရမှာတော့ မဖြစ်ဘူးထင်တယ်၊ နားမမလည်သေးတာ"

သူတို့နှစ်ယောက်ဟာ ဒေါသထွက်သွားပြီး

"အော် မင်းက နွားတစ်ကောင်လိုပဲ ခိုင်းတာကိုသာလုပ်ချင်တဲ့သူပဲ၊ မင်းအရည်အချင်းနဲ့ ဦးဆောင်တဲ့ မလုပ်ချင်တဲ့ ကောင်ပဲ။ အေးမှတ်ထား နွားလိုကောင်ဆိုရင် နွားလိုပဲ ဆက်ဆံစံရမယ်"

သူတို့နှစ်ယောက် ဒေါသတကြီး ပြန်သွားပါတယ်။

အနည်းဆုံး ကျွန်တော်ကတော့ သစ္စာဖောက်တစ်ယောက်ဘဝမရောက်အောင် ခုခံလိုက်နိုင်ပါပြီ။ ဒါပေမယ့် ပြန်ပေးဆပ်ရမှာကတော့ အရင်းအနှီးကြီးကောင်းကြီးပါလိမ့်မယ်။ နောက်ဆုံးကျွန်တော့်အသက်တောင် ပါရင်ပါသွားနိုင်တယ်။ ကျွန်တော်ဥက္ကဋ္ဌနေရာလက်ခံလိုက်ရင် ကျွန်တော့်သူငယ်ချင်းတွေနဲ့အတူအားလုံးရဲ့ သေမိန့်မှာ ကျွန်တော်လက်မှတ်ထိုးရမှာပါ။

# ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

ကျွန်တော်တဲပေါ်ကိုပြန်တက်သွားခဲ့တယ်။ အိမ်ရှေ့ကကြည့်ရင်း နန်းအောင်ထွေးကြည်နဲ့ ခင်ချိုဦးတို့ နှစ်ယောက် ကားစင်တင်ခံထားရတဲ့ အရင်နေ့က မြင်ကွင်းက မျက်စေ့ထဲပြန်ပေါ်လာတယ်။ ဒီနေရာမှာပဲ ထွန်းအောင်ကျော်နဲ့ ကိုချိုကြီးတို့နှစ်ယောက် ကားစင်အတင်ခံ ခဲ့ရတယ်လေ။ သွေးပျက်စရာတွေပါဗျာ။ နေ့လည်ခင်းမှာ ကျွန်တော် သံချောင်းတဲကို သွားဖို့ ရှေ့လမ်းကဆင်းသွားတယ်။ မျိုးဝင်းတဲအနားအရောက်မှာ

"ဘယ်သွားမလို့လဲ"

ဆိုပြီး မျိုးဝင်းတဲရှေ့က လက်နက်ကိုင်တစ်ယောက်က လှမ်းမေးတယ်။ ခြေလှမ်းမပျက်ပဲ

"C.S တဲသွားမလို့" ဆိုပြီးပြောလိုက်တယ်။

ABSDF မှာ အခုဖြစ်တဲ့ပြဿနာထဲမှာ ဒါလည်းပါတယ်၊ C.S ဆိုတဲ့နာမည်ကြားတာနဲ့ မျိုးဝင်းတဲရှေ့ကကောင် ပါးစပ်ပိတ်သွားတယ်။ C.S တဲကိုသွားတာ ရဲဘော် ဘယ်သူဘယ်ဝါက ဟန့်တားလိုက်တယ်ဆိုတာမျိုး အဖြစ်မခံနိုင်ကြဘူး။ ဖြစ်လာရင်လည်း မထင်ရင်မထင်သလို ဥပဒေမရှိဘူးလေ။ အခု ABSDF မှာ ဩဇာအရှိဆုံးက သံချောင်းနဲ့ မျိုးဝင်း။ လက်နက် ကိုင်ထားတဲ့သူတွေက သူတို့နောက်မှာရှိတယ်လေ။ အဲဒီတော့ အထွေထွေအတွင်းရေးမှူးလုပ်နေတဲ့ အောင်နိုင်လိုကောင်တောင်မှ ထောက်လှမ်းရေး တာဝန်ခံ (၃) ရစ်တပ်ကြပ်ကြီးသန်းဇော်ကို ကလန်ကဆန်မလုပ်ရဲဘူး။ ဘာလို့လဲဆိုတော့ အခုသံချောင်းနဲ့ မျိုးဝင်းဖြစ်ချင်တာမှန်သမျှကို သန်းဇော်က အကောင်အထည်ဖော်ပေးနေတော့ သန်းဇော်က ဒီကောင်နှစ်ကောင်ရဲ့ပ,စားပေးမှုကိုခံနေရတာကိုး။

သံချောင်းတဲကိုရောက်ပြီး စထိုင်စကားပြောမိပြီဆိုတာနဲ့ ဒီကောင်သံချောင်းဟာ သွေးဆာနေတဲ့သူဆိုတာမှန်းတန်းသိလိုက်ရတယ်။ သူထွန်းအောင်ကျော်နဲ့ ကိုချိုကြီးကို ဘယ်လိုရိုက်တဲ့အကြောင်း ဘယ်လိုကွဲသွားတဲ့အကြောင်း ဒါမျိုးတွေချည်းပဲ အရသာခံပြောနေတယ်။

"ကျွန်တော်သူတို့နှစ်ယောက်ကို ပထမဆုံးဘာမေးခွန်းမှ မမေးဘူး၊ ရိုက်ပဲရိုက်နေတာ၊ အော်ပြီဆိုရင် အော်လို့ဆိုပြီး ထပ်ရိုက်တယ်။ မအော်ရင်၊ မအော်လို့ ဆိုပြီး၊ မနာဘူးနေမှာဆိုပြီး ထပ်ရိုက်တယ်။ ကျွန်တော် သူတို့ရဲ့ကိုယ်ရည် ကိုယ်သွေးကို ချပစ်နိုင်အောင် မျက်နှာတို့ ခေါင်းတို့ကို ပိုရိုက်တယ်။ နောက်ဆုံးကျမှ သူတို့ကို မင်းတို့ ဖွက်ထားတဲ့ အဆိပ်တို့၊ လက်နက်တို့၊ ဆက်သွယ်ရေးစက်တို့ဘယ်မှာလဲလို့ မေးတာ"

"အဲဒါဆို သူတို့က ထောက်လှမ်းရေးဖြစ်တဲ့အကြောင်းဝန်ခံပြီလား"

"ဘာလိုလို့လဲဗျာ၊ သူတို့ထောက်လှမ်းရေးမှန်း သူတို့ကို ကျွန်တော်တို့က အတိအကျသိပြီးသားဥစ္စာနော်၊ အဲဒီမေးခွန်းကမလိုတော့ဘူး၊ ကျော်သွားလို့ရတယ်"

"ဒီမယ် ကိုညီ၊ ခင်ဗျားတစ်ခုသိထား ကျောင်းသားတပ်မတော် ဘယ်တော့မှမမှားဘူး။ သူတို့ကိုစဉ်းစားဖို့ အချိန်မပေးဘူး။ နောက်ဆုံးမှာတော့ သူတို့လက်နက် နဲ့ အဆိပ်တွေ ထုတ်ပေးဖို့ဝန်ခံလိုက်ကြတယ်"

"ခွေးသူတောင်းစားထွန်းအောင်ကျော်ကလည်း သူ့အစ်ကို ဝန်ခံလိုက်ပြီဆိုတာသိမှဝန်ခံတာနော်၊ ချိုကြီးက တကယ်တန်းမှာပိုနာတယ်။ သူ့ဗိုက်ကို မီးရှို့ပစ်လိုက်တာနဲ့ သူဆက်ပြီးခေါင်းမမာနိုင်တော့ဘူး။ ပထမတော့အသက်သာ အသေခံမယ်၊ ဝန်မခံဘူးဆိုတဲ့ ပုံစံနဲ့၊ အဲ့ဒီတော့ကာ ကျွန်တော်တို့က မသေနိုင်တဲ့ နှိပ်စက်နည်းတွေနဲ့ စစ်တာပေါ့။ သူတို့ နှစ်ယောက်က စိတ်စွမ်းအားတော့ တော်တော်မြင့်တဲ့ကောင်တွေ၊ ခေါင်းလည်းမာတယ်၊ ခေါင်းဆောင်ပီသတယ်"

"သူတို့ကို ဘယ်သူကလွှတ်တာလဲ"

"ညီအစ်ကိုနှစ်ယောက်လုံး မန္တလေးထောက်လှမ်းရေး (၁) က ဗိုလ်မှူးတွေ၊ တကယ်ရိုင်းစိုင်းတဲ့ မ.ဆ.လ စစ်ဗိုလ်တွေ"

ကျွန်တော်ကန့်ကွက်တဲ့လေသံမပါအောင် သတိထားပြီး ပြန်ပြောနေမိတယ်။ ကျွန်တော့်ကိုယ်ကတောင် အန္တရာယ်အနံ့ ထွက်နေပြီထင်တယ်ဗျာ။

"ဟေး ကိုညီ၊ ခင်ဗျားကို ရိက္ခာနည်းနည်းစီစဉ်ပေးရဦးမယ်။ ရိက္ခာရုံးကိုသွားလိုက် အခုသွားလိုက်၊ ကျားလေးကိုရှာ၊ ကျွန်တော့်နာမည်ပြောပြီး ပဲပုပ်ခြောက်နဲ့ တခြားအခြောက်အခြမ်းတွေ ပေးပါလို့တောင်းလိုက်"

ကျားလေးဆိုတဲ့နာမည်၊ ဟုတ်တယ် ကျွန်တော်ရင်းရင်းနှီးနှီးသိတယ်။ ညီညီကျော်က ပြောပြလို့သိရတာ၊ တရုတ်ပြည်ကို အကျဉ်းသားစဝ်တဲ့သံခြေကျင်းကြီး အပင် (၅၀)သွားလုပ်တဲ့ကောင်။

"ဟုတ်ကဲ့C.S အခုကျွန်တော်သွားလိုက်ပါမယ်၊ကျွန်တော်နောက်ထပ်လိုချင်တာ တစ်ခုက ကျွန်တော့်နာရီပြန်လိုချင်လို့ပါ"

"ဟ သန်းဇော်ကို ကိုညီ ပစ္စည်းအားလုံး တစ်ခုမကျန်ပြန်

ပေးလိုက်လို့ ပြောပြီးသားလေ၊ အင်း .. အင်း ကျွန်တော်ဖုန်းနဲ့ လှမ်းပြောလိုက်မယ်။ ဝင်ယူသွားလိုက်"

နာရီဝင်ယူအပြီး လမ်းအတိုင်းဆင်းတော့ သင်တန်းခန်းမရှေ့ကိုဖြတ်ရပါတယ်။ အော်သံ၊ ငိုသံတွေက သံပြိုင်ငိုချင်းတစ်ပုဒ်ဆိုနေသလိုပဲ၊ ရလာတဲ့ရိက္ခာ၊ ပြန်ရလာတဲ့နာရီနဲ့ ကြားခဲ့ရတဲ့ အသံတွေက မတန်ပါဘူးဗျာ။

အပြန်မှာ ရိက္ခာတွေယူပြီး သန်းဇော်တို့အိမ်ရှေ့ကဖြတ်လျှောက်တော့ သန်းဇော် ကျွန်တော့်ကိုပြုံးဖြဲဖြဲနဲ့ ကြည့်နေတာကို တွေ့ရတယ်။ သူပြုံးဖြဲဖြဲလုပ်တာက ခြိမ်းခြောက်နေသလိုမျိုးကြီး။

တဲပြန်ရောက်တော့ ဇော်ကြီးက ကျွန်တော့်လက်ပတ်နာရီပြန်ပတ်ထားတာကို တွေ့တော့ မျက်နှာပျက်သွားတယ်။

"ခင်ဗျား မှားတယ်ကိုညီ၊ သိပ်မှားသွားပြီ။ ခင်ဗျားနာရီက ရာဒိုဖြစ်ဖြစ် ရိုးလက်စ်ဖြစ်ဖြစ် ခင်ဗျားပြန် မတောင်းရဘူး"

"နာရီကအဓိက မဟုတ်ဘူးဇော်ကြီး၊ ငါတိုးကြည့်တာ။ ဘယ်လောက်ရလဲဆိုတာ"

"အေး ခင်ဗျားတိုးရင် သူတို့က ပြန်တိုးမှာပေါ့"

"အေး ငါက ဥက္ကဌမလုပ်ဘူးလို့ ငြင်းလိုက်ကတည်းက သူတို့ငါ့ကိုတိုးတော့မှာ သိပြီးသားပါကွာ"

"ဒါပေမယ့် ခင်ဗျားဗျာ .... နာရီခါးပိုက်နှိုက်သွားရင်တောင် အခြေအနေမဟန်ရင် ဘတ်စ်ကားပေါ်မှာဆိုရင် ပါးစပ်ပိတ်နေရတာ၊ မဟုတ်ရင် ဓါးနဲ့ ထိုးသွားမှာ။ ခင်ဗျားပစ္စည်းတွေကို သူတို့က စစ်နိုင်သူရဲ့သုံ့ပန်းပစ္စည်းလို့သဘောထားတာ၊ ခင်ဗျားတော့ဗျာ ပြန်ဝင်တော့မှာပဲ၊ ခင်ဗျားပြင်လို့မရတဲ့အမှားကို လုပ်လိုက်တာပဲ၊ သန်းဇော်က အန္တရာယ်ကောင်နော်၊ သူ့ပါးစပ်က စကားတစ်ခွန်းက သေသွားနိုင်တယ်"

"ဇော်ကြီး ငါတို့အခု အကျယ်ချုပ်ကျနေတာ၊ မလှုပ်ပဲတိုးလို့မရဘူးနော်။ ကံမသာကာပေါ့ကွာ"

ဇော်ကြီးက ဘာမှဆက်မပြောတော့ပါဘူး။

နောက်တစ်ရက်ကတော့ တနင်္လာနေ့ဖြစ်ပြီး အချိန်တွေဟာ ကုန်ခဲလွန်းလို့ နေမထိထိုင်မသာဖြစ်ရလောက်အောင် ဖြတ်ကျော်ရခက်နေပါတယ်။ ကျွန်တော်တို့

အရည်မရ၊ အဖတ်မရစကားတွေနဲ့ပဲ အချိန်ကုန်အောင်ကြိုးစားနေရပါတယ်။

"ဖော်ကြီးရေ ဘဝမှာ ဂုဏ်သိက္ခာဆိုတဲ့အရာမရှိတော့ရင် ဘာမှ တန်ဖိုးမရှိတော့ဘူးနော်"

သူဘာမှပြန်မပြောပါဘူး။ အခုအချိန်မှာ စကားပြောဖော်ဆိုတဲ့အရာကတောင် ရှားပါးကုန်ပစ္စည်းဖြစ်နေပါပြီ။

(၄) နာရီလောက်မှာ ကျွန်တော်နဲ့ ဖော်ကြီးတို့ ထမင်းစားဖို့ စောသေးတာ သိပေမယ့်လည်း သိပ်ပျင်းလာလို့ လဆိုင်းတဲကို သွားလိုက်ကြပါတယ်။ တန်ဖိုးမဲ့ အရေးမပါတဲ့စကားတွေကို စကားဝိုင်းဖြစ်ရုံပြောကြဆိုကြနဲ့ပေါ့။ အခုလိုမျိုးတန်ဖိုးမဲ့ နေထိုင်ရတဲ့ အခြေအနေနဲ့ ဘဝရဲ့အချိန်တွေဆိုတာ ကိုယ့်အတွက်ရှိမယ်လို့ တွေးမထား ခဲ့ဖူးဘူး။ တစ်စုံတစ်ဦးအတွက်ဆိုရင် ဂုဏ်သိက္ခာမဲ့ သွားချိန်မှာ အရာရာကပြီးသွားပြီပဲ၊ တစ်ချိန်က လေးစားပြီးအရေးတယူလုပ်ခဲ့တဲ့ လူငယ်၊ ချာတိတ်တွေကတောင် စကား ပြောရင် အထက်စီးက ဆရာကြီးလေသံမျိုးတွေနဲ့၊ ကိုယ့်ဘာသာကိုယ် နှစ်ယောက်ထဲ တန်ဖိုးရှိတဲ့စကားတွေပြောနေပြန်ရင်လည်း အန္တရာယ်မကင်းပြန်ဘူး။ ဒီနှစ်ယောက် တိုးတိုး၊ တိုးတိုးနဲ့ ဘာတွေတိုင်ပင်နေကြမှန်း မသိဘူးဆိုရင် ပြဿနာပဲ။

ကျွန်တော်တို့ အလဟာသစကားတွေပြောနေကြတုန်း လက်သီးနဲ့ စံထွန်းတို့ နှစ်ယောက်ရောက်လာကြတယ်။ သူတို့ (၂) ယောက်ရောက်လာတော့ စကားဝိုင်းက အရည်မရ၊ အဖတ်မရအဆင့်ကနေ ပြစ်မှုမကင်းတဲ့၊ တန်ဖိုးယုတ်တဲ့ စကားဝိုင်းအဖြစ် ပုံသဏ္ဍာန်ပြောင်းသွားလေတယ်။

လဆိုင်းက ဘဏ္ဍာရေးတာဝန်ခံဖြစ်လို့ ငွေကိုင်ရပြီး သူ့လက်ထောက်နှစ်ဦး ဖြစ်တဲ့ တရုတ်ကြီး(ဘုန်းမြင့်)နဲ့ စည်သူတို့က ငွေရှင်တဲ့သူတွေပါ။ ကျောင်းသားတပ်ရဲ့ အဘိဓမ္မာထဲမှာ အကြော် ကြော်တဲ့သူ အကြော်အပဲ့စားခွင့်ရှိတယ်။ ပျားရည်ဖွတ်တဲ့သူ လက်စုပ်ခွင့်ရှိတယ်လို့ သတ်မှတ်ပြီး အထိုက်အလျောက်ကိုယ်ကျိုးသုံးစွဲခွင့် ရှိကြောင်း ပြဋ္ဌာန်းချက်တစ်ခုရှိပါတယ်။

လက်သီးနဲ့ စံထွန်းလာတဲ့ ရည်ရွယ်ချက်ကလည်း ဒါပါပဲ။

"ဟေ့ တရုတ်ကြီးနဲ့ စည်သူ မင်းတို့အရက်ဝယ်ရင် ငါတို့မြည်းဖို့ အသားရှာခဲ့မယ်"

"အသားဘယ်လောက်သားလဲ"

## ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

"၁ ပိဿာလျော့လျော့တော့ ရမှာပေါ့"

"အဲဒါအားလုံး အရက်ပြည်းရမှာလား"

"ရတယ်၊ အကုန်ပြည်းလို့ရတယ်"

"မင်းတို့ဘာအရက်ဝယ်မှာလဲ"

"မင်းတို့ အပြည်းသာယူလာခဲ့ပါ၊ ဒီမှာကြော်လို့ရတယ်။ အရက်က တရုတ်တော့ဒ်ကာရှိတယ်"

"မင်းသေချာရင် ငါတို့အစုသွားယူလိုက်မယ်"

"စကားမပြောပဲ သွားပြီးယူ သာယူချည်ပါ၊ အပြည်းကောင်းရင် (၂)ပုလင်းတောင်ရမယ်"

"ဟုတ်ပြီ ဟုတ်ပြီ ငါတို့အစုပြန်လာမယ်၊ မီးမွှေးထားလိုက်တော့"

သူတို့နှစ်ယောက်ဆင်းသွားပြီး သိပ်မကြာခင်မှာပဲ ပြန်တက်လာကြတယ်၊ စည်သူက အသားကိုလှီးပြီးကြော်၊ ပန်းကန်နဲ့ ဆယ်ပေးတယ်၊ နောက်အသားပူပူနွေးနွေး နဲ့ပဲ အရက်ပုလင်းစဖွင့်ကြတယ်၊

"ဟော့ ကိုညီ အရက်မသောက်လည်း အပြည်းစားလေ"

"မစားတော့ပါဘူး၊ လည်လှီးသားမှပဲစားတယ်"

"စားစမ်းပါ၊ ဒါကျီသားပါ"

"ဘယ်သူပစ်တာလဲ၊ သေနတ်သံလည်းမကြားဘူး"

"စားမှာ စားပါဗျာ၊ ကျီသားအစစ်ပါ"

သူတို့ပြောနေကြတုန်း ကျွန်တော်ကြော်ထားတဲ့အသားကို ကြည့်မိပါတယ်၊ အသားကတစ်ခုခုမှားနေသလိုပဲ၊ အသားကြော်ကအမဲကလီစာထဲက အဆုတ်ကို ကြော်ထားသလို၊ လေပွန်အကြီးကြီးတွေပါနေသလို၊ သွေးကြောနှုတ်ခမ်း တွေကလိပ် သလိုဖြစ်ပြီး စုထွက်နေတယ်။

"မင်းတို့ဟာက ဘာသားလဲကွာ၊ ဒါမျိုးအသားငါမမြင်ဖူးဘူး"

"ကျီဗျာ၊ ကျီ တောင်ပေါ်မှာလာ ကျီကျနေတဲ့ကောင်"

လို့ လက်သီးကဖြေလိုက်တော့ စံဝင်းကဝင်ပြီး

"စားပါဗျာ သန့်ပါတယ်၊ ဇော်ဝင်းချစ်ရဲ့ညာဘက်ပေါင်သားလေး လှီးယူလာတာပါ" တဲ့။

# ဆမားညီညီ

အဲ့ဒီ စကားပြောလိုက်ချိန်မှာ စိုးလွင်ကချက်ချင်းထပြေးထွက်သွားပြီး အန်ချလိုက်တယ်။ ကျွန်တော်နဲ့ ဇော်ကြီးတို့ကတော့ ဟန်မပျက် ထိုင်နေရစ်တယ်။ ကျန်သူတွေက အရက် (၂)ပုလင်းကုန်အောင်သောက်ပြီး၊ အသားတွေကုန်အောင် စားပစ်လိုက်ကြ အပြီးမှာ ဇော်ကြီးက အဲဒီပန်းကန်၊ ဒယ်အိုးနဲ့ ဇွန်းတွေကို ယူသွားပြီး ရေထွက်မှာသွားပြီး ပြောင်အောင်ဆေးပါတယ်။

"ကောင်းလိုက်တာကွာ၊ ထပ်တောင်စားချင်သေးတယ်"

ကျွန်တော် လက်သီးစကားကြားတာကို လှည့်မကြည့်မိသလို ဘာစကားမှ လည်းပြန်မပြောဖြစ်ပါဘူး။

ဒီလူသားစားတဲ့ကိစ္စဟာ ကျောင်းသားတပ်ထဲမှာ နှစ်ကြိမ်၊ သုံးကြိမ် မကတောင် ဖြစ်ခဲ့ပြီးပါပြီ။ ပြန့်ဘက်မှာလည်း ကျောင်းသားရဲဘော်တစ်ယောက်ကို ပေါက်ပြားနဲ့ ခုတ်သတ်ပြီး ဦးနှောက်ထုတ်ယူ၊ ဝက်ရူးပြန်ရောဂါရှိတဲ့ မိန်းကလေးတစ်ယောက်ကို အရက်နဲ့ စိမ်တိုက်တာတွေ လုပ်ခဲ့ကြဖူးတယ်တဲ့။

တစ်ခါတုန်းကလည်း သံချောင်းက မဆလ စစ်သားသေသွားတာ လက်ညှိုးကို ကိုက်ဖြတ်ပြီး အစိမ်းစားတာ၊ နောက် တစ်ခါမိုးညှင်းဝွင်မှာ ထန်းတစ်ပင်၊ ဇီးကုန်းဘက်က ABSDF ကို တောခိုဖို့လာတဲ့ ၁၅ - ၁၆ နှစ် အရွယ်ကလေး သုံးယောက် ကို ထောက်လှမ်းရေးဆို ဖမ်းပြီးနှိပ်စက်၊ မသတ်ခင် ရင်းမှူးအောင်သန်းက အရှင်လတ်လတ် နားရွက်တွေ ခါးနဲ့လှီး၊ ကြော်ပြီး အရက်မြည်းတာ၊ နောက်ဟျာ မပြောချင်တော့ပါဘူး။ ကျန်ပါသေးတယ်၊ အတိအကျသိတာသာပြောလို့ကောင်းပြီး အတိအကျမသိတာကျ သူတို့အချင်းချင်း ဖုံးကြ၊ ဖိကြ၊ ငြင်းကြ၊ စုန်ကြလုပ်နိုင်တယ်လေ။

ဇကာအကြာမှာ ကျွန်တော်တို့ တဲပြန်ပြီး စိတ်မကောင်းစွာနဲ့ပဲ အိပ်ယာဝင် လိုက်ကြတယ်။ မိုးကလည်းဖွဲလိုက်၊ သည်းလိုက်နဲ့ပြတ်သွားလည်း ဇကာပဲ။ ဒီလို မိုးကျတဲ့ အခါမျိုးမှာ တစ်ပတ်လုံးနေရင်တောင် နေကိုမြင်ရဖို့မလွယ်ဘူးလို့ ပြောကြတာပဲ။ ချမ်းလိုက်တာကလည်း အရိုးထဲအထိရောက်တယ်။

ဝသုန်ပြောသွားတဲ့ စကားတွေအရဆိုရင် ကိုချိုကြီးတစ်ယောက် မိုးထဲ၊ လေထဲမှာဘယ်လောက်များ ဝေဒနာခံစား နေရမလဲ တွေးမိပြီး ကိုယ့်သူငယ်ချင်းဟောင်းကြီးအတွက် စိတ်မကောင်းဖြစ်မိတယ်။ အဲဒီအတွေးနဲ့အတူ ကိုချိုကြီးနဲ့ ထွန်းအောင်ကျော်တို့ ဘာဆိုတာသိရဲ့သားနဲ့ နှိပ်စက်တဲ့အထဲဝင်ပါတဲ့ ဝသုန်ကို စက်ဆုတ်ရွံရှာမိလေတယ်။

# ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

အိပ်ယာထဲရောက်တော့လည်း အိပ်လို့မပျော်ပါဘူး၊ လက်ရှိအခြေအနေ အကြောင်းတွေးရင်း ဘာမှမလုပ်နိုင်တဲ့ဘဝကို အားမလိုအားမရဖြစ်မိတယ်။

နောက်တစ်နေ့မှာ ကျွန်တော်သံရှောင်းတဲကို ထပ်သွားလည်ပြန်ပါတယ်။ သံရှောင်းကမန္တလေးက ကျွန်တော့်ရဲ့/သူ့ရဲ့ သူငယ်ချင်းတွေအကြောင်း မေးပါတယ်။ အများစုဟာ မန္တလေးမှာ ကျွန်တော်ဖွင့်ထားတဲ့ အင်္ဂလိပ်စကားပြောသင်တန်းတက်ခဲ့ကြ သူတွေပါ။

"ဟေ့ ကိုညီ၊ ကျွန်တော်တို့ ဒီဖမ်းထားတဲ့ ထောက်လှမ်းရေးတွေကို ဘာလုပ်ရင်ကောင်းမလဲ"

"C.S ရာဒီကိုစွ သိပ်သိမ်မွေ့ပါတယ်။ သူတို့က ရက်စက်ပြီး လူအများ ကြီးလွှတ်တာ၊ ကိုယ်က အားလုံး သတ်လိုက်ရင် ကျောင်းသားတွေအချင်းချင်း သတ်ကုန် ကြပြီဆိုပြီး ဝါဒဖြန့်လိမ့်မယ်၊ ကျွန်တော့်သဘောကတော့ ဗီဒီယိုမှတ်တမ်းတင်၊ ကိုယ်တိုင် ဝန်ခံချက်တွေလုပ်ပြီး ဝါဒဖြန့်သင့်တယ်ထင်တယ်၊ အစိုးရထက် ကျောင်းသားတွေက ပို သဘောထားကြီးကြောင်း ပြပြီးတော့ပေါ့။ ပြီးမှသူတို့ကို မ.ဆ.လ တပ်နဲ့ အနီးဆုံးနေရာပို့ ပြန်လွှတ်ပေးလိုက်၊အားလုံးကို ဗီဒီယိုမှတ်တမ်းတင်ပြီးကမ္ဘာကိုဖြန့်လိုက်ရရင် မြောက်ပိုင်း ဂုဏ်သိက္ခာ တအားတက်သွားမှာပဲ၊ ရန်သူကိုတောင်ခွင့်လွှတ်တတ်တဲ့ ကျောင်းသားတပ် မတော် ဘာညာပေါ့ဗျာ"

"ဟုတ်တယ်ဗျာနော်၊ ကျွန်တော်တို့ နိုင်ငံရေးအကျိုးအမြတ်တော့ အများကြီးရမှာ၊ ဘာမှလည်းဆုံးရှုံးစရာမရှိဘူး၊ သတင်းသမားတွေခေါ် ပြရင်ကောင်းမှာ ပေါ့နော်"

"ဟုတ်ကဲ့ C.S ၊ ဒါပေမယ့် အမေရိကန်သံရုံးအမှုထမ်းတွေပါရင် ကျွန်တော်ပိုကြိုက်တယ်၊ နောက်တစ်ခါ ဒီ ဗီဒီယိုခွေကို တစ်ပတ်ဒါမှမဟုတ် (၁၀)ရက် အတွင်းနိုင်ငံတကာ သတင်းဌာနတစ်ခုခုက မပြင်ဆင်၊ မဖြတ်တောက်ပဲ လွှင့်ပေးရင် အား လုံးကို ချက်ချင်းပြန်လွှတ်ပေးမယ် ကတိပေးလိုက်ရင်ရတာပဲ"

"ကောင်းတယ် ကိုညီ၊ ကျွန်တော်အဲဒါကို V.C.S နဲ့ဆွေးနွေးလိုက် မယ်။ သူလည်း သဘောကျမှာပါ"

ကျွန်တော့်ရဲ့တဲအကျယ်ချုပ်နေရာကို ပြန်ခဲ့ပါတယ်။ ဟုတ်ပါတယ် ပထမ ရေဒီယို အသိမ်းခံထားရပါတယ်၊ အစ စကားပြောတဲ့လူ ၃ - ၄ ဦးကလွဲပြီး အခြားသူတွေနဲ့

စကားပြောနိုင်ခွင့် မရပါဘူး။ ဇကာအကြာမှာ မျိုးဝင်းတက်လာပြီး

"ကိုညီ ကျွန်တော့်တဲကို ဆင်းခဲ့ဦး"

"အေး C.S ကို ခင်ဗျားအကြံဉာဏ်တွေ ပေးသွားတာ ကောင်းပါတယ်၊ ကျွန်တော်တို့မှာ အဲလိုအကြံဉာဏ်တွေလိုနေတာ၊ ဒါကြောင့်ခင်ဗျားကိုဥက္ကဋ္ဌလုပ်နိုင်းတာ။ ဘယ်လိုလဲ လုပ်တော့မယ်မဟုတ်လား"

"V.C.S ရာ နေပါဦးဗျာ၊ ကျွန်တော်တို့ အစုပထမဆုံး သုံ့ပန်းတွေကိစ္စ အရင်ရှင်းလိုက်ရအောင်ပါ၊၊ ရှေ့လုပ်ငန်းစဉ်နောက်မှ ဆက်လုပ်ရအောင်ပါ"

ကျွန်တော်ငြင်းရမယ်လေ၊ သတ်ဖြတ်မှုတွေက လုံးဝကို လက်ရဲဇက်ရဲဖြစ်နေတာ။ ကျွန်တော်တာဝန်မခံနိုင်ပါဘူး၊ ပြီးတော့ လိုက်မရှင်းနိုင်ဘူး။

မကြာသေးခင်ကတောင် ရင်ကျွန်းမြို့ထဲမှာ ထမင်းဆိုင်ဖွင့် အသက်မွေးနေတဲ့ ရန်ကုန် ကမာရွတ်မြို့နယ်က မိသားစုကို ကျောင်းသားဌာနချုပ်ကို လိမ်ခေါ်လာပြီး ဆိုင်ရှင်ယာကွတ်ဘိုင်ကို ထောက်လှမ်းရေးလို့စွပ်စွဲပြီး ညတွင်းချင်းရိုက်သတ်ပစ်ခဲ့ပါတယ်။ ဘင်္ဂါလီရိုဟင်ဂျာကုလားကို မြန်မာစစ်ထောက်လှမ်းရေးလို့ စွပ်စွဲတာ ကမ္ဘာမှာ ဒီအုပ်စုပဲရှိမယ်ထင်တယ်။ ယာကွတ်ဘိုင်ရဲ့အမေ၊ ယာကွတ်ဘိုင်ရဲ့ဇနီးနဲ့ လူမမယ်ကလေး (၂)ဦးကို ရင်ကျွန်းပြန်ပို့ပေးလိုက်ပြီး ဒီကိစ္စဟိုပြောဒီပြော၊ ဟိုတိုင်ဒီတိုင်လုပ်ရင် အားလုံးကို သတ်ပစ်မယ်ဆို ခြိမ်းခြောက်ပြီး နှုတ်ဆိတ်နေစေခဲ့ပါတယ်။

ကျွန်တော်တို့ အပြင်ကကြားရတဲ့သတင်းက ကျောင်းသားတပ်က လာသမျှတွေအဲ့ဒီဆိုင်မှာအကြွေးစား၊ ပစ္စည်းအကြွေးယူနဲ့နောက်ဆုံး အကြွေးကယွမ် ၉၀၀၀ ကျော်လာချိန်မှာ ယာကွတ်ဘိုင်ရဲ့မိခင်ကအကြွေးပြန်တောင်းတာမပေးလို့ ဆဲကြဆိုကြရင်း ဘာကျောင်းသားတွေလဲ ဘာညာနဲ့ ပြောလို့ မခံနိုင်ဖြစ်တာလို့တော့ ကြားရပါတယ်။

"V.C.S ရာကျွန်တော်လုပ်ငန်းသင်ပြီးအခြေအနေတွေကို လေ့လာချင်ပါသေးတယ်။ (၆) လ၊ (၁)နှစ်နောက်ပိုင်း ဆိုရင်တော့ ကျွန်တော်လည်း ဥက္ကဋ္ဌလုပ်ဖို့ အရည်အချင်းပြည့်ချင်ပြည့်လာမှာပါ"

"ခင်ဗျားက အခြေအနေတွေလေ့လာမယ်ဆိုတော့ ကျွန်တော်တို့ကို မယုံတဲ့သဘောလား။ အေးနော် ငါတို့ကို မယုံတဲ့သူတွေကို ငါတို့ကလည်းမယုံနိုင်ဘူး"

"အဲသလို မဆိုလိုပါဘူးဗျာ၊ ကျွန်တော်သင်ယူစရာတွေ ကျန်သေးတယ်ပြောတာပါ"

# ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

"ကောင်းပြီလေ၊ ဆက်ပြောစရာ စကားမရှိတော့ပါဘူး။ ပြန်ပါ"

ကျွန်တော့်အနာဂတ်ကတော့ အဆိုးဘက်ကို ပိုပိုပြီးဦးတည်နေပါပြီ။

ညနေပိုင်းသံချောင်းတဲကို ဆင်းခဲ့တယ်။ သံချောင်းကြည့်ရတာ ဒီတစ်ခေါက် နည်းနည်းလေးသံတင်းနေသလိုပဲ၊ ကြည့်ရတာကတော့ ကျွန်တော်ထပ်ငြင်းလိုက်တာ သူသိပြီးပြီနဲ့တူတယ်။သူတို့ဟာ ခါးထိုးခံဖို့ ဗိုက်အငှားလိုက်ရှာနေကြတာ။ အဓိပ္ပါယ်ရှိတဲ့ စကားပြောလို့မရအောင် သံချောင်းကတန်ဖိုးမဲ့ ထမင်းစားရေသောက်စကားတွေကို အဆက်မပြတ် ပြောနေတယ်၊ အဖမ်းဆီးခံတွေကိစ္စ သူစကားစ ချင်ပုံမရဘူး။ အရင်မနက် က တိုင်ပင်ဦးမယ်ဆိုတဲ့ကိစ္စ သူမေ့သွားပြီနဲ့တူတယ်။

ဆေးလိပ်သောက်၊ ရေနွေးကြမ်းသောက်၊ ကဘောက်တိကဘောက်ချာ စကားတွေပြောနဲ့ ဘာမှလုပ်လို့၊ ကြိုးစားလို့ကို မရတာပါ။ ဝမ်းနည်းပါတယ် သူငယ်ချင်းတို့ရာ၊ ကိုယ်တိုင်အတွက်လည်း ဝမ်းနည်းပါတယ်။

"ဟော့ ကိုညီ၊ ဒီမီးစက်ကို တစ်ညလုံးစက်နှိုးထားရတာ ငွေသိပ်ကုန်တယ်နော်"

"ဟုတ်တာပေါ့၊ ဟုတ်တာပေါ့ C.S "

"မီးစက်ပိတ်ခိုင်းလိုက်မယ်ကွာ၊ သင်တန်းခန်းမထဲ အောက်လင်းမီး သုံးလို့ရတာပဲနော်။ ကဲကဲမင်းလည်းအခုပြန်တော့၊ ခဏနေမီးစက်ပိတ်မှဆိုရင်မှောင်သွားမယ်"

"ဟုတ်ကဲ့"

မနက်ခင်းရောက်တော့ နီးနီးချင်းညက စစ်ရုံးမှာချုပ်ထားတဲ့ ညီညီကျော် ထွက်ပြေးသွားပြီဆိုတာ သိလိုက်ရတယ်။ မီးလာနေတုန်းကရှိတယ်။ နံနက် (၂)နာရီကင်း လှည့်တော့ မရှိတော့ဘူးပြောတာပဲ။

ကျွန်တော်စိုးရိမ်သွားတယ်၊ ပထမက ကျန်ခဲ့တဲ့သူတွေအတွက်၊ အုပ်စုထဲက တစ်ယောက်ယောက်ထွက်ပြေးရင်ကျန်တဲ့သူတွေကသေအောင်ခံရတာ၊လက်စားအချေ ခံရတာပေါ့။ နောက်တစ်ခုက သူလည်းနာနေတာ၊ အဝေးလျှောက်နိုင် ပါ့မလား။ ထားပါလေ၊ လည်လို့မှ ကိုယ်လွတ်ရုန်းပြေးတဲ့ဉစ္စာ၊ အပြင်ရောက်သွားရင် ကြံတတ်၊ ဖန်တတ် မှာပါ။ ဘာပဲဖြစ်ဖြစ်လေ၊ သူလွတ်သွားတယ်ဆိုရင် ဒီကအခြေအနေမှန်ကို အပြင်ကို သတင်းပို့မယ့်သူရောက်သွားတာ လို့သာတွက်ရတော့မှာပဲ။ သူတစ်ယောက်တည်း

ပြေးတာလား၊ ဒါမှမဟုတ် ပြင်ပအကူအညီပါသလားဆိုတာတော့ မသိဘူး။

နောက် (၂)ရက်လောက်အထိ သူ့ကို ပြန်မိတဲ့သတင်းမကြားရပါဘူး။ သူ့ကို မိရင် နေရာတင်ခေါင်းဖြတ်ဖို့ အမိန့်ပေးပြီးသားပါ။ လူပြန်မခေါ်လာနဲ့ ခေါင်းသာ ဆာလာအိတ်ထဲဖြတ်ထည့်ယူခဲ့လို့ အမိန့်ပေးထားတာ။ ဘာပဲဖြစ်ဖြစ် လွတ်ပါစေဗျာ၊ ပြေးပြီးမှတော့ လွတ်ရင်ကောင်းတာပေါ့။

□

# ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

## အခန်း(၈)

အောက်တိုဘာ (၁၀) ရက်နေ့ညနေမှာ စိုးလွင်၊ ဇော်ကြီးနဲ့ ကျွန်တော်တို့ ကြုံသထက်ကြုံလာတဲ့ အခြေအနေတွေကို တွေးရင်း အိပ်ယာဝင်ခဲ့ကြပါတယ်။ ဒါပေမယ့် ကျွန်တော်နဲ့ ဇော်ကြီးကသာ အကြပ်အတည်းထဲ ဘယ်မှမသွားရမလာရ ဖြစ်နေပြီး စိုးလွင်ကတော့ မနက်ထမင်းစားပြီးတာနဲ့ ထွက်သွားတာ ညနေထမင်းစားချိန် နီးမှ ပြန်ရောက်လာတာ။ တစ်ခါတစ်လေဆို ထမင်းတောင်အပြင်က စားခဲ့သေးတယ်။ သူ့မေး တော့ သူက အရင်ကတည်းက ရဲဘော်ဖြစ်နေလို့ အားလုံးနဲ့ခင်နေလို့ သူသွားတာ လာတာ ကို မတားတာလို့ (ခပ်ညှုံ့ညှုံ့ဆင်ခြေပေးပြီး)ပြောတာပဲ။ အိပ်ယာပေါ်မှာ စကား ပြောရင်း ဘယ်အချိန်ကအိပ်ပျော်သွားမှန်းကို မသိခဲ့ပါဘူး။

ဘေးပတ်ချာလည်က ဆူဆူညံညံအသံတွေကြောင့် အိပ်ယာကလန့်နိုးလာပြီး မျက်စေ့ဖွင့်ကြည့်မိတော့မှ မြင်ရတာက ဇော်ကြီး၊ ကုတင်ဘေးမြေသားကြမ်းပြင်ပေါ်မှာ ခေါင်းပေါ်လက်နှစ်ဘက်တင်ပြီး ပုံစံထိုင်နေတယ်။ သန်းဇော်နဲ့အဖွဲ့က ကျွန်တော်တို့ကို မောင်းပြန်သေနတ်တွေနဲ့ ချိန်ထားကြတယ်။ ကျွန်တော်လည်းခေါင်းပေါ်လက်တင်၊ အိပ်ယာကထထိုင်ပြီး ဘာမှအမိန့်မပေးခင်ဇော်ကြီးနဲ့စိုးလွင်လိုပဲ ပုံစံဝင်ထိုင် လိုက်ပါတယ်။

ကျွန်တော့်ကို သန်းဇော်က ကန်လိုက်ပြီး

"ဟေ့ကောင်ကုလား၊ ဖီးဂျက်ကက်ချွတ်၊ နာရီချွတ်။ မင်းကသိပ် ဟုတ်နေတယ်၊ ဟုတ်လား"

# ဆမားညီညီ

ကျွန်တော်တို့ကို မျက်စေ့အဝတ်စည်းပြီး တောင်အောက်ကို ပထမအကြိမ်တုန်းကလိုပဲ မောင်းချသွားပါတော့တယ်။ လက်နှစ်ဖက်ကို နောက်မှာပူးချည်ထားပြီးတော့ပေါ့။ လမ်းတစ်လျှောက်မှာ အရိုက်ခံ၊ အကန်ခံသွားရတဲ့သူက ဒီတစ်ကြိမ်ထွန်းအောင်ကျော်နဲ့ ကိုချိုကြီးတို့ မဟုတ်တော့ဘူး၊ ကျွန်တော်ဖြစ်နေတယ်။ သင်တန်းခန်းမရောက်တာနဲ့ သန်းဇော်က အစောင့်တွေကို စကားနည်းနည်းပြောသံကြားရပါတယ်။

ကျွန်တော့်မျက်စေ့စည်းထားတာကို ဆွဲဖြုတ်ပစ်လိုက်ပါတယ်။ ချက်ချင်းပဲ စစ်ခြေနင်းတစ်ဖက်က ကျွန်တော့်မျက်ခွက်တည့်တည့်ကို ပြေးဝင်လာပါတယ်။ ကျွန်တော် ပါးစပ်ထဲ ကျဉ်တက်သွားပြီး နောက်ပြန်လဲကျသွားပါတယ်၊ ပြန်ဆွဲထူလိုက်ပြီးတာနဲ့ ကျောက၊ ဘယ်က၊ ညာက ကန်ချက်တွေကို တပြိုင်နက်ခံစားလိုက်ရပါတယ်။ ကန်လိုက်လို့ တစ်ဖက်စောင်းသွားရင် ဟိုဘက်ကစီးကန်ပါတယ်။ ကန်ချက်တွေက လက်၊ ခေါင်း၊ မျက်နှာ နေရာမရွေးပါဘူး၊ ပေါင်ကို ရွေးကန်တဲ့သူ၊ ဗိုက်နဲ့ရင်ညွန့်ကို ရွေးကန်တဲ့ သူကလည်း ရှိပါတယ်။ ဘယ်လိုနဲ့ ဘယ်လောက်ကျယ်ကျယ်အော်ခဲ့၊ တောင်းပန်ခဲ့သလဲ ဆိုတာတော့ ရေးပြစရာ တောင်မလိုတော့ပါဘူး။

အပေါ်သွားနှစ်ချောင်း ကျိုးသွားပုံရပြီး သွေးတွေပါးစပ်ထဲပြည့်နေပါတယ်၊ မျက်နှာတစ်ခုလုံးကလည်း ရှိန်းတိန်းတိန်းနဲ့ နှတ်ခမ်းတွေလည်းဘယ်နှစ်နေရာလောက်ကွဲသွားမှန်းမသိတော့ပါဘူး။

"ဟေ့ကုလား၊ မင်းက ဒါဒုတိယအကြိမ်ဆိုတော့ ဟုတ်လို့ပေါ့နော်၊ သေချာသွားလို့ပေါ့နော်"

ရိုက်လို့ဝသွားချိန်မှာ ကျွန်တော့်နောက်ကလက်ပြန်ချည်ထားတဲ့ ကြိုးကိုဖြည်လိုက်ပါတယ်။ ပြီးတာနဲ့ဘယ်ဘက်လက်ကို မြောက်ခိုင်းပြီး လက်မကိုပုခုံးပေါ်ကနေ ကျောနောက်ဘက် ဆွဲယူလိုက်ပါတယ်။ ညာဘက်လက်ကိုတော့ နောက်ပြန်ချည်တဲ့ အနေအထားကပဲ လက်မကိုအပေါ်ဆွဲပြီး အဲဒီလက်မနှစ်ချောင်းကို လက်မလက်ထိပ် အသေးလေးနဲ့ ခတ်ထားလိုက်ပါတယ်။ အစောင့်ရဲဘော်တွေကတော့ ကျွန်တော်ဖြစ်နေတဲ့ ကသိကအောက်ပုံစံကို ကြည့်ပြီး ရယ်စရာတစ်ခုဖြစ်နေခဲ့ပါတယ်။ ညသန်းခေါင်က အဲသလိုခတ်ထားတာကို နေ့လည်ပိုင်းကျမှ ဖြုတ်ပေးပြီးတဲ့ နောက် တိုင်တစ်တိုင်မှာ လက်နောက်ပြန် ကြိုးပြောင်းချည်လိုက်ပါတယ်။ နာကျင်မှုဟာ ဆူးစက်တစ်ခု သွေးကြောတွေထဲ စူးညီဖြတ်သန်းသွားနေသလို တစ်ကိုယ်လုံးမှာပျံ့နေပါတယ်။

# ဝံပုလွေများထဲမှ လွတ်မြောက်ခြင်း

အဲဒီမှာချည်အထားခံရချိန်မှာ ကြံ့ရင်ကြံ့သလို တစ်ယောက်ပြီးတစ်ယောက် ကျွန်တော့်ကို ဝင်ပြီးရိုက်ကြပါတယ်။ များလွန်းတော့ အချက်ရေ၊ အကြိမ်ရေတောင် မမှတ်မိတော့ပါဘူး။

အသစ်တစ်ယောက် လာရိုက်ပြီဆိုလိုက်တာနဲ့ အရင်ဒဏ်ရာဟောင်းတွေကို ပြန်ထိပြီး ပြန်နာလာပါတယ်။ ကြာတော့လည်း ဒဏ်ရာဟောင်းရဲ့ဩဇာက သိပ်ကြီးတော့ ဒဏ်ရာသစ်၊ အနာသစ်ကို ဦးနောက်က အသိအမှတ်မပြုတော့ပါဘူး။ ဒါမျိုးကို ထုံသွားတယ်လို့ခေါ်သလားတော့မသိပါဘူး။ ရိုက်တဲ့သူတွေထွက်သွားလို့ စိတ်လျှော့လိုက်ပြီဆိုရင် လူကကိုယ်တိုင် ကြံ့ရည်ကြိတ်စက်ထဲက ထွက်လာတဲ့ ကြံဖတ်တွေလို ကွေးထင်ခံစားရလေတယ်။

နာတာ၊ နောက်အားမရှိတာအပြင် ဒီ့ပြင်ဘာမှမရှိတော့ဘူး။ ရုပ်ရှင်ထဲမှာ ပါတတ်တဲ့ Hollow body ကြီးလိုလို၊ လွင့်နေသလိုမျိုးပါပဲဗျာ။ အခုအချိန်မှာ အချိန်ဆိုတဲ့ အရာက ကျွန်တော်တို့အတွက်ဘာမှ အရေးမကြီးတော့ပါဘူး။ အဓိက က လဲပြိုမသွားဖို့၊ အသက်ထွက်မသွားဖို့ပါပဲ။ ခန္ဓာကိုယ်က ရိုက်နှက်ခံရဖန်များတော့ စိတ်ဓါတ်ကြံ့ခိုင်မှုကလည်း ပျော့ကျသွားတယ်။ နောက်ဆက်တွဲအဖြစ် ဝပ်တွားလိုစိတ်၊ နာခံလိုစိတ်တွေဟာ ဒဏ်ရာသက်သာလို သက်သာပြားဆိုပြီး အဆင်သင့်အသုံးချလို့ရတဲ့ အနေအထားမှာ ရှိနေပါပြီ။

နေ့ခင်းမှာ အိပ်မငိုက်အောင်ကြိုးစားရပါတယ်၊ ဒဏ်ရာကြောင့် မှိန်းနေရင်၊ အိပ်ငိုက်သွားရင် ကန်ပြီးအနှိုးခံရပါတယ်။ စော်ကားတဲ့စကားတွေနဲ့လာပြီး တိုက်ခိုက်တာခံရပါတယ်။ နေ့ခင်းအိပ်ငိုက်တာဟာ နိပ်စက်မှုကို ဖိတ်ခေါ်တာနဲ့ အတူတူပါပဲ။ ဒါပေမယ့်လည်း အဲ့ဒီဖိတ်ခေါ်ချက်ဆိုတာကြီးကကြိုးစားဟန့်တားနေလျက်နဲ့ကို မကြာမကြာရောက်လာတတ်ပါတယ်။

"ဟော့ကောင်ကုလားပထမအကြိမ်မှားဖမ်းလို့ဆိုပြီး လွှတ်ပေးခဲ့တာ၊ အခုသေချာသွားလို့ပြန်အဖမ်းခံရတာ။ အဲဒီတော့ မင်းကခွေးသူတောင်းစားသူလျှို ဟုတ်တယ်မလား"

"ဟုတ်ပါတယ် ခင်ဗျာ"

အဲလိုမထောက်ခံရင် မထောက်ခံမချင်း အရိုက်အနှက်ခံရတာ။ ကိုယ့်ရှေ့မှာ အဲ့လိုငြင်းရင်းသေသွားတဲ့ အေးကျော်တို့၊ ပြည့်စိုးနိုင်တို့ ရှိနှင့်ပြီးပြီလေ။

# ဆမားညီညီ

ကြုံသလိုမီးစင်ကြည့်ကရမှာပေါ့ဗျာ။ ကိုယ့်မှာကျန်နေတဲ့ ရုပ်ပိုင်းခွန်အားနဲ့ စိတ်ကြံ့ခိုင်မှုကိုလည်း တတ်နိုင်သမျှ ချွေတာဖို့ လိုအပ်တယ်လေ။ အမျှော်အမြင်ရှိတယ် ခေါ်မလား လွယ်လွယ်ကူကူအညံ့ခံတယ်ခေါ်မလားပဲ။ နောက်တစ်ခါ ထွန်းအောင်ကျော်နဲ့ ကိုချိုကြီးတို့ကိုကြည့်ပြီးအသေသာခံမယ်၊ဝန်မခံဘူးဆို တောင့်ခံကြည့်ရင်လည်း ပိုနာတာပဲရှိမယ်ဆိုတဲ့အကြောင်း သင်ယူ တတ်မြောက်ခဲ့ပြီးပြီလေ။

အဲ့ဒီအချိန်မှာ မျိုးဝင်းကျွန်တော့်ရှေ့ကိုရောက်လာတယ်။ သန်းဇော်က မျက်စေ့စည်းထားတာကိုဖွင့်ပေးလို့ သိရတာပါ။

"ဟေ့ကောင် ညီညီ၊ ငါ့ဘာလဲ မင်းအခုသိပြီလား။ မင်းကို လက်ထိပ်ဖြုတ်ပေးတာက C.S ပြောလို့ဖြုတ်ပေးတာ။ သိပ်ဟုတ်လှပြီထင်မနေနဲ့။ အေး ... ဖြူစင်ပါ၊ ကောင်းကောင်းလုပ်၊ မဟုတ်ရင်တော့နာမယ်နော်"

နောက်ပိုင်းကျမှ ကျွန်တော်သတိထားမိလာတာက အဲဒီစကားလာပြောတဲ့ အချိန်ကစပြီးကျွန်တော့်စိတ်ဓါတ်ကြံ့ခိုင်မှုဟာအဆိပ်သင့်သွားခဲ့ပါပြီ။ ရောဂါလက္ခဏာက တော့ အကြောက်တရားနဲ့ ယှဉ်တဲ့ ကျိုးနွံခြင်းပေါ့။ အဲ့ဒီဝေဒနာကြောင့် အကြောက် တရားရဲ့ ကျိုးနွံတဲ့စိတ်ဟာ ခန္ဓာကိုယ်အတွင်းကြီးထွားလာပါတယ်။ အဲဒီရောဂါလက္ခဏာပြချက်တွေကြောင့် ထောင်စောင့်တွေရဲ့ ပျော့ပြောင်းတဲ့ဆက်ဆံမှုကို ရရှိနိုင်ပြီး အဲသလိုပျော့ပြောင်းစွာဆက်ဆံရမှုတွေဟာ ကျွန်တော့်ရောဂါကို ပိုတိုးစေတော့တယ်။

တစ်ပြိုင်နက်မှာပဲ တစ်ကိုယ်လုံးမှာ နာကျင်နေမှုကြောင့် ကျွန်တော်ဟာ ကိုယ့်ကိုယ်ကိုယ်တိုင်ပြန်ပြီးသနားစိတ်တွေ ဝင်လာတယ်။ သနားတဲ့စိတ်တွေကို ကိုယ်တိုင်ပြန်သောက်သုံးပြီး အခြားသူများရဲ့သနား၊ ကိုယ်ချင်းစာမှုတွေကိုလည်း တောင့်တလာမိလာပါတယ်။

ခင်ဗျားရော ကျွန်တော့်အတွက်မျက်ရည်ကျပေးဦးမှာလားဗျာ။

တစ်ယောက်ယောက်က ခေါ်ရင်၊ ပြောရင် –

"ဟုတ်ကဲ့ခင်ဗျား ကျွန်တော်ထမင်းစားချင်စိတ်ကို မရှိလို့ပါ၊ ကျေးဇူးတင်ပါတယ်။ ဟုတ်ကဲ့ပါခင်ဗျာ၊ ကျွန်တော့်ပါးစပ်တွေကွဲပြီးနာနေတာ လုံးဝကို ဝါးလို့မရလို့ပါ။ ကျေးဇူးပါပဲ"

ရဲဘော်တစ်ယောက်က ကျွန်တော်အဖမ်းခံရတဲ့ ဒုတိယရက်မှာ ရောက်လာခဲ့ပါတယ်။ ကျွန်တော့်ကို (၂)ချက်၊ (၃)ချက်ရိုက်ပြီး ရိုင်ဖယ်သေနတ်ပြောင်းကို ပါးစပ်ထဲ

ထိုးထည့်မွှေသွားလို့ နာနေတာပါ၊ ရပါတယ်ခင်ဗျ။ ကျွန်တော်က ထောက်လှမ်းရေးမို့လို့ ကိုယ့်အပြစ်နဲ့ကိုယ်ခံရတာပါ။

ကျိုးနွံတဲ့အမေးအဖြေတွေလုပ်ပြီးနောက် မကြာခင်မှာပဲ အောင်မင်းက ကျွန်တော့်ကို တိုင်ရှိရာဒရွတ်ဆွဲခေါ်သွားပြီး လက်ကို နောက်ပြန်တုပ်ထားလျက် တိုင်နဲ့ တွဲချည်လိုက်ပါတယ်။ အဲဒီနောက် ခေါင်းကိုနောက်ပြန်တွန်း၊ တိုင်နဲ့ကပ်နေမှ ကွန်မင်ဒို ဓါးကို ထုတ်ပြီး ကျွန်တော့်ဘယ်ဘက်နားက နားသီးကို တိုင်နဲ့ကပ်ပြီး ဓါးမြှောင်နဲ့ စိုက်ထား လိုက်ပါတယ်။ ဓါးသွားက အပေါ်ထောင် ထားတော့ အိပ်ငိုက်ရင် ဒါမှမဟုတ်လို့ အနေ အထားပြောင်းလိုက်ရင် ဓါးက နားရွက်ကိုလှီးဖြတ်ပစ်လိုက်မှာပါ။

ခန္ဓာကိုယ်ရှိုတဲ့သွားပြီဆိုရင် သေလူစာရင်း၊ အသတ်ခံရမယ့် စာရင်းအသွင်းခံ ရပြီလေ။ ဒီလို အကျိုးအပြတ်တွေကို မြို့ထဲ ပြန်လွှတ်လိုက်ရင် သက်သေခံတွေဖြစ်သွားပြီး ကျောင်းသားတပ်မတော်ကြီး သိက္ခာကျသွားမှာပေ့ါ။

နာရီတော်တော်အကြာမှာ မျိုးဝင်းရောက်လာပြီး ဓါးမြှောင်ကို ဖြုတ်ပေးပါတယ်။ မျိုးဝင်းက မသင့်တော်တဲ့ ကိစ္စကြီးမို့ လာရှင်းပေးတာလား၊ ဒါမှမဟုတ် သူကလုပ်နိုင်းပြီး ကယ်တင်ရှင်လာလုပ်တာလားဆိုတာကတော့ စဉ်းစားစရာမလိုတဲ့ကိစ္စပါ။

ညနေခင်းမှာ မျိုးဇော်က ပလပ်စတစ်အခင်းစတွေနဲ့ ထမင်းထည့်ပြီး အကျဉ်း သားတွေကို လိုက်ကျွေးပါတယ်။ မျိုးဇော်ကလည်း ဘဝတူအကျဉ်းသားပါ။ အပြစ်မကြီးလို့၊ လူငယ်ဖြစ်လို့ ထောင်သားတန်းစီးအဖြစ်ခန့်ထားခံရသူပါ၊ သူနဲ့အတူတူ ဝင်းမြင့်ကလည်း တန်းစီးတစ်ယောက်ပါ။

"မျိုးဇော်၊ ကျွန်တော်မစားချင်ဘူး"

"ဘာ မစားဘူး၊ အေးအေး ဒါဆိုအိပ်နေ၊ မဟုတ်ဘူးထထိုင်နေ ထထိုင်နေ"

မျိုးဇော်သင်တန်းခန်းမတစ်ခုလုံးပြည့်နေတဲ့ အကျဉ်းသားတွေကို ထမင်းပို့၊ ဗိုထဲက ထမင်းပြန်ယူနဲ့ အလုပ်ရှုပ်နေပါတယ်။အဲဒီအချိန်မှာ ကျွန်တော့်ဘေးမှာ ချည်ထား ခံရတဲ့၊ ကျွန်တော်နဲ့ တစ်ခါမှ စကားမပြောဘူးတဲ့ ဇော်မိုးက ကျွန်တော့်ကိုမကြည့်ပဲ စကား လှမ်းပြောပါတယ်။

"ဟေး အစ်ကို၊ ခင်ဗျားရောက်ကတည်းက ထမင်းမစားဘူးနော်၊ ခင်ဗျားအသက်ရှင်ချင်ရင် ထမင်းစား၊ အသက်ရှင်တဲ့သူမှ လွတ်တာ၊ လွတ်မှ ကိုယ့်ဂုဏ်

သိက္ခာကိုယ်ပြန်ဆယ်လို့ရမှာ၊ စိတ်လျှော့မပစ်လိုက်နဲ့၊ မျှော်လင့်ချက်လွှတ်လိုက်ရင် သေသွားမယ်။ စိတ်ကိုတင်းထား၊ စိတ်ဓါတ်အင်အားသုံးပြီး အပြင်ကအနေအထားကို ရအောင်ရင်ဆိုင်ပြီးနေ"

ကျွန်တော်စက်ရုပ်တစ်ခု ခလုတ်အနှိပ်ခံလိုက်ရတဲ့ အခါပုံစံချက်ချင်းပြောင်းသွားသလို ကိုယ်မှတ်သွားပါတယ်။ ပထမ သူပြောသွားသမျှ ကြားရတာတွေက အကြား အတိုင်းပဲရှိပြီး အဓိပ္ပါယ် မစဉ်းစားမိသေးပါဘူး။ နာခံတဲ့လေ့သစ်ကြောင့် နားထောင်မိ တာပါ။ ဒါပေမယ့် တဖြည်းဖြည်းနဲ့ သူ့ရဲ့စကားတွေက ကျွန်တော်မိနေတဲ့ စိတ်ပိုင်းအဆိပ် သင့်ဝေဒနာအတွက် ဖြေဆေးလို အစွမ်းပြပါတော့တယ်။ ချက်ချင်းဆိုသလိုပဲ ပိတ်မှောင် နေတဲ့ အတွေးတွေကွာကျသွားပါတယ်။ ထမင်းကိုနာခံတဲ့ စိတ်နဲ့လား အသိ တရားနဲ့ပဲလား တော့မသိဘူး စားဖြစ်ခဲ့ပါတယ်။

ထမင်းဆိုတာကလည်း ဆားနဲ့ ထမင်းဖြူပါ၊ တစ်နပ်ကဆားနဲ့ နောက်တစ်နပ်က အရွက်ပြုပ်ရည်နဲ့ပါ။ ထမင်းစားပြီးတော့ ဗိုက်ကဆန္ဒပြလာပါတယ်။ အဲဒီတော့အိမ်သာ သွားမယ့်သူလက်ထောင်ဆိုတော့ လက်ထောင်လိုက်ပြန်ပါတယ်။ အိမ်သာသွားဖို့ လုပ် တော့ ရေတို့စက္ကူတို့မတွေ့လို့ မေးကြည့်တော့

"ဘာကွ၊ မင်းက ဒါရင်ကျွန်းဟိုတယ်မှတ်နေလား" တဲ့။

လှမ်းကြည့်မိတော့ ကျွန်တော့်ရှေ့ကသွားတဲ့လူတွေက ဝါးနီးစ ၄ - ၅ ခုကောက် သွားတာတွေ့ရပါတယ်။

"အဟိုး၊ တုတ်သုံးရမှာကိုး၊ အတွေ့အကြုံအသစ်ပေါ့ဗျာ"

ကျွန်တော့်လက်မှာ သုံးပေလောက်ရှိတဲ့ကြိုးက တန်းလန်းပါတယ်။ တစ်ဖက်မှာ အသေချည်ထားတာ ထမင်းစားဖို့နဲ့ အိမ်သာသွားဖို့ တစ်ဖက်ကိုဖြုတ်ပေးထားတာ။ သင်တန်းခန်းမထဲပြန်ရောက်ရောက်ချင်း ပြန်ပြီးအချည်ခံရမှာ။ ရုပ်ပိုင်းနာကျင်မှုကတော့ တစ်ကိုယ်လုံးမှာပါ။ စိတ်ပိုင်းအနေနဲ့ကတော့ဂုဏ်သိက္ခာရော၊ ဘာသာရေးယုံကြည်ချက် ကိုရော၊ မိဘကိုရော၊ အားလုံးဘာဆိုဘာမှမကျန်အောင် စော်ကားခံရပြီးနာကျင်နေတယ်။

အိမ်သာဆိုတာက လေးထောင့်ကျင်းကြီးကို ကန့်လန့်ဖြတ်အသားတန်းချထား တာသာဖြစ်ပြီး ဝင်ပေါက်ချန်ပြီး (၄) ဖက်ကာထားတာပါ။ ဘယ်ခြေနဲ့ ညာခြေတွေကို တန် တွေပေါ်တက် ပြီးရင် စောင့်ကြောင့်ထိုင်ပြီး ကိစ္စပြီးအောင် လုပ်ရတာပါ။ တစ်ခါသွားရင် လူ (၆) ယောက်တစ်ပြိုင်တည်းသုံးလို့ရပါတယ်။ အိမ်သာတက်ချိန်မှာ တစ်ဦးနဲ့တစ်ဦ

နိုးစကားပြောလေ့ရှိတာ တွေ့ရပါတယ်။

အိမ်သာထဲမှာထိုင်မိတယ်ဆိုရင်ပဲ

"နောက်လှည့်မကြည့်နဲ့ ကိုညီ အားတင်းပြီး အကောင်းဆုံးကြိုးစားပါ။ အားလုံးကိုတော့ သတ်မှာမဟုတ်ဘူး တစ်ချို့လွတ်လိမ့်မယ်"

ဆိုပြီး ရန်အောင်က အားပေးစကားပြောပါတယ်။

ဒီစကားကလည်းကျွန်တော့်ကို လက်ရှိအခြေအနေမှန်ကိုရင်ဆိုင်ဖို့ ပြန်ပြီးတွန်းအားပေးလိုက်တဲ့ အားဆေးတစ်ခွက်ပါ။ ဒီမှာကျွန်တော့်ထက်ငယ်တဲ့သူတွေ အများကြီး၊ သူတို့ကိုကယ်တင်ပါမယ်လို့ ကြွေးကြော်ပြီးပြန်ဝင်လာပြီးမှ ကျွန်တော်က စိတ်ဓာတ်ကျနေရင် ဘာလုပ်ရမှာလဲ၊ ဘယ်နားလာသုံးစားရမှာလဲ။ ခုနကအားပေးတဲ့ ရန်အောင်လည်း ကျွန်တော့်ထက်အများကြီး ငယ်တယ်။ မန္တလေး GOSDA ကညီငယ် တစ်ယောက်ပါ။ အိမ်သာကမထွက်ခင်ပဲ ကိုယ့်ဘာသာကိုယ် ပြန်အားတင်းဖို့ သတိပေး မိတယ်၊ လိုက်နာမိတယ်။

သင်တန်းခန်းမပြန်ရောက်မှ ရန်အောင်ရဲ့စကားတွေနဲ့ ဇော်မိုးရဲ့စကားတွေ ပေါင်းပြီး သတ္တိပြလာပါတယ်။ ဟုတ်တယ်၊ ကျွန်တော့်ရင်ထဲ လွတ်မြောက်လိုစိတ်တွေ ပြန်ပြီးရှင်သန်လာပါပြီ။ ကျွန်တော်အခုရင်က ညီညီပြန်ဖြစ်သွားပြီ၊ အခွင့်အခါကို စောင့်ပြီးမှ တိုက်ခိုက်မယ် ဆိုတဲ့ အတွေးတွေပြန်ရောက်လာပါပြီ။

ထောင်ထဲမှာတော့ အစောင့်ကွန်မင်ဒိုကောင်တွေထဲမှာ လက်သီး၊ အောင်မင်းနဲ့ တခြားနှစ်ကောင်သုံးကောင်လောက်က တစ်အားဒုက္ခပေးနေတယ်။ အချိန်တိုင်းမူးပြီး ရမ်းနေတာ၊ အကျဉ်းသားတွေ အပေါ်ပြဿနာရှာနေတာ။ ပါးစပ်တွေကလည်း မိန်းမပျက်တွေရဲ့ ပါးစပ်တွေလိုပဲ ကြမ်းတမ်းပြီး အောက်တန်းကျလိုက်ကြတာ၊ ဒီလိုအကျင့်စာရိတ္တရှိသူမျိုးတွေနဲ့ ကျန်တဲ့ ဘဝသက်တမ်းမှာ မတွေ့ပါရစေနဲ့တော့ဗျာ။

ညနေခင်းစောစောမှာ ထိန်လွင်ဆိုတဲ့ ကွန်မင်ဒိုထဲကလူက ဇော်မိုးကိုပြဿနာလာရှာပါတယ်။ ဒီလူဝင်လာတုန်းက ကျွန် တော်က ကျွန်တော့်ကို ပြဿနာရှာဖို့လာတယ်ထင်နေခဲ့တာ။ နောက်မှ ဇော်မိုးကို ပြဿနာလာရှာတာမှန်းသိရတယ်။ ဇော်မိုးနဲ့သူက အတူတူတစ်ရင်းတစ်နှီးနေလာပြီးမှ ထောက်လှမ်းရေးဆိုပြီး ဝန်ခံလိုက်တော့ သူက ဇော်မိုး အပေါ်ကို အသဲနာနေတာ။

"ဇော်မိုး မင်းအဲဒါလုပ်ခဲ့တယ် ဟုတ်လား၊ စစခြင်းကွာ ငါငဲ့နား

ငါမယုံဘူး။ ဒီလောက်ခင်ရတဲ့ ရဲဘော်က မဆလ သူလျှိုဖြစ်နေတယ်ဆိုတာ။ မင်းဘယ်လို လုပ်ပြီး စပိုင်ဖြစ်နေတယ်ဆိုတာပြောစမ်းကွာ"

သူ့စကားသံတွေက သူမူးနေပြီဆိုတာ သက်သေခံနေပါတယ်။ ထိန်လွင်က ဇော်မိုးကို မေးလည်းမေး၊ ရိုက်လည်းရိုက်ပါတယ်။ မင်း စပိုင် မဟုတ်ဘူးလို့ပြောစမ်းပါကွာ၊

(မောင်ထိန်လွင်ရယ် အ,လိုက်တဲ့မင်းနှယ်၊ မင်းမဟုတ်ဘူးဆိုတာ ယုံနေရင် မျိုးဝင်းကိုသွားပြောလိုက်ပါလား)

"ဟုတ်ပါတယ်ဗျာ ကျွန်တော်ဒီကို သူလျှိုအဖြစ်ရောက်လာတာပါ"

ကျွန်တော်က ရ.ဝ.တ ရဲ့ အကြေပ်ကိုင်တာစံလိုက်ရတာပါ။ဆန္ဒပြတဲ့အထဲ ဦးဆောင်ခဲ့မိတာအတွက် စစ်တပ်အာဏာ သိမ်းလိုက်ပြီးတော့ ကျွန်တော် အဖမ်းခံခဲ့ ရတယ်။ ထောင်ထဲမှာ ကျွန်တော်တို့အရပ်က ရဝတ ကလိုက်လာပြီး သူတို့အတွက် အလုပ် လုပ်ပေးဖို့ ကမ်းလှမ်းခဲ့တာပါ။ ကျွန်တော့်ကို ပြန်လွှတ်ပေးမယ်ဆိုပြီးတော့ပေါ့။ သဘော တူလိုက်တာနဲ့ ချက်ချင်းလွှတ်ပေးလိုက်တာ။

" ဖုန်းဖုန်း ခွေးသူတောင်းစား သစ္စာဖောက် "

"အမလေးဗျာ နာလှပါပြီ၊ နာတယ်ဆရာထိန်"

"သူတို့က ပိုက်ဆံဘယ်လောက်ပေးသလဲ"

"ကျွန်တော်ငွေ ၂၀၀၀ ရခဲ့ပါတယ်"

ထိန်လွင်က ထွက်အသွားမှာ ဇော်မိုးရဲ့တင်ပါးကို ကန်ခဲ့ပြီး မျိုးစုံ ဆဲရေးတိုင်းထွာ သွားခဲ့ပါတယ်၊ ကျောင်းသားတပ်က ထောက်လှမ်းရေးဆိုပြီး ဖမ်းထားတဲ့အထဲမှာ ဇော်မိုး လို ရ.ဝ.တ ထောက်လှမ်းရေးနဲ့ အရန်မီးသတ်ထောက်လှမ်းရေးတွေတောင် ပါပါတယ်။

နောက်တစ်ခါ ဆယ့်ငါးနှစ်သား၊ ဆယ့်ခြောက်နှစ်သားက တောထဲရောက်လာခဲ့ တဲ့ ထောက်လှမ်းရေး တပ်ကြပ်ကြီးတွေလည်းပါတယ်။ အဲ့ဒီ တရုတ်ထောက်လှမ်းရေးကြီး နာမည်က ထွန်းဇံတဲ့၊ ဗမာစကားပြောတာ မချောဘူး၊ သူ့ကို တာကောကြီးလို့ ခေါ်တာ၊ခြေ တစ်ဖက်မသန်တဲ့ အရာခံဗိုလ်မျက်စေ့စွေနေတဲ့တပ်ကြပ်ကြီး၊FRC တရုတ်အရာခံဗိုလ်၊ စုံလို့ဗျာ စုံလို့၊

ယုတ္တိတန်တာတွေ မတန်တာတွေဘေးဖယ်၊ထောက်လှမ်းရေးပါလို့ ဝန်ခံလိုက် ရင်ပြီးရောဘဲ၊

နောက်ရက်က စပြီး ကျွန်တော်နေ့စဉ်ထမင်းစားပါတယ်၊ စော်ကားမှု၊ ဆဲဆိုမှုနဲ့

## ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

နိပ်စက်မှုတွေ နေ့စဉ် ခံရပြီး ညစဉ် နှိပ်စက်သံ ငိုမြည်းသံတွေ ကြားရပါတယ်။ တစ်ခါတစ်ရံ ညပိုင်းမှာ ကိုယ်တိုင် အော်ရ၊ ငိုရတဲ့ အဖြစ်တွေလည်း ရှိခဲ့ပါတယ်။

မိုးကအဆက်မပြတ်ရွာတာရက်အတော်ကြာသွားခဲ့ပါပြီ၊ ရေက လည်း ပါလိုက်တာ တအားပဲ အချုပ်ထဲကိုတောင် ရေကစီးဝင်ပြီး မရှိမဲ့ ရှိမယ့် သစ်ကိုင်းအ ခင်းတွေ၊ ရင်ပေါင်ကျွန်းစုတ်အခင်းတွေ စိုကုန်ပြီး အပေါ်ဘက်ကလည်း မိုးပက်လို့ တစ်ချို့ တစ်ကိုယ်လုံးရွှဲကုန်ကြတယ်၊

ဒီထောင်ထဲမှာ ကျွန်တော်သိတဲ့သူ တော်တော်နည်းပါတယ်၊ ဘာဖြစ်လို့လဲဆို တော့ ကျွန်တော်ကဒီကိုရောက်ပြီး မကြာဘူး၊အဖမ်းခံရလို့ပါ။ မန္တလေးအုပ်စုက လွဲပြီးကျန် တဲ့အသိမရှိဘူး။ အရင်နေ့တွေက မိုးမိလို့ တစ်ချို့လည်း နေမကောင်းဖြစ်နေကြပြီး တစ် ယောက်နဲ့ တစ်ယောက် စကားမပြောဖို့ကလည်း တားမြစ်ထားတော့ လုံးဝအထီးကျန်ဆန် နေတယ်။

အဲ့ဒီအချိန်မှာပဲ အောင်မင်းက

"ဟေ့ ညီညီမင်းမတ်တပ်ရပ်၊ သူ့ခြေကြိုးတစ်ဖက်ဖြုတ်ပေးစမ်း"

"ဟုတ်ကဲ့"

ဆိုပြီးရပ်လိုက်တော့ တစ်ယောက်က ခြေကြိုးကဖြုတ်ပေးတယ်၊ ပြဿနာပဲ ဘယ်ခေါ်သွားမလဲမသိဘူး။

"မင်းဘောင်းဘီချွတ် ဒီဘောင်းဘီဝတ်ထား"

ဆိုပြီး ဗ.က.ယ ဘောင်းဘီအပွအပေါင်းတစ်ထည်ပစ်ပေးပါတယ်။အဲ့ဒီဗ.က.ယ ဘောင်းဘီကို ချွတ်လဲပြီးတော့ တအားပွနေလို့ ခါးပတ်ကွင်းအချင်းချင်း တွဲချည်ထား ရပါတယ်၊

"ငါ ဒီဘောင်းဘီကို ပထမနေ့ကတည်းက ချွတ်ယူမလို့ ဒီကောင် ပါးစပ်ကသွေးတွေနဲ့ နှာခေါင်းသွေးတွေသုတ်ပစ်လိုက်လို့ ရွံသွားလို့ မယူတာ၊ဒါပေမယ့်ကြာ အခုကြည့်တော့ ဘောင်းဘီက အကောင်းကြီး၊လျှော်ဝတ်လို့ရတယ်။ ကဲ ရဲမေတစ်ယောက် လောက် ငါ့ကို ဒီဘောင်းဘီလျှော်ပြီး မီးအိုးထိုးပေး"

ဆိုပြီး ဆေးဆရာမတွေအုပ်စုဘက် ကျွန်တော့် ဘောင်းဘီကို ပစ်ပေးလိုက် ပါတယ်။

တကယ့် သူခိုး၊ ခါးပြတွေပါပဲ။

# ဆယားညီညီ

ဒီနေ့တော့ မနက်လင်းကတည်းက နေသာနေပါတယ်။ အောင်မင်းက ကျွန်တော်တို့အားလုံးကို ဘောလီဘောကွင်းထဲထုတ်၊ နေပူစာထဲပုံစံထိုင်နိုင်းပြီး တစ်ယောက်ပြီးတစ်ယောက် ဆံပင်ရှည်တွေကို ထိုးညှပ်ပေးပါတယ်။ အားလုံးပုံစံကေ ညှပ်ဖို့ မျိုးဝင်းကအမိန့်ပေးလိုက်လို့ပါတဲ့ဗျာ။ ကျွန်တော်တို့ဟာ အတန်း (၃)တန်း ပြိုင်လျက် တစ်ယောက်နဲ့တစ်ယောက် ခွာပြီးထိုင်နေရပါတယ်။ အဲဒီအချိန်မှာ ထွန်းအောင်ကျော်ဟာ ကျွန်တော်ရဲ့ဘေးမှာ ထိုင်လို့ရဖို့ စီစဉ်ပြီးထိုင်ခဲ့ပါတယ်။

ဒါမျိုးတွေဖြစ်မှာစိုးလို့ ကျွန်တော်သတိပေးခဲ့တာကို သူလစ်လျူရှုခဲ့တာပဲ။ ဗျော တော့၊ မေးမိုန်တဲ့အပြုံးတစ်ခုနဲ့ သူကျွန်တော့်ကို နှုတ်ဆက်ပါတယ်။ သူ့ညာခြေထောက်က ဆန့်လို့မရဘဲ တုတ်တစ်ချောင်းထောက်ပြီးမှသာ သူအခု လမ်းလျှောက်နိုင်တာပါ။ ပထမ တော့ သူ့ကို စကားပြန်မပြောဖို့၊ အသိအမှတ်မပြုဖို့ တွေးမိပါသေးတယ်။ ဒါပေမယ့်တကယ် တန်းကျ မနေနိုင်ပါဘူး။ ပြန်ပြီးပြောဖြစ်သွားပါတယ်။ သူ့ရဲ့အပယူခံဝင်တဲ့ အပြုံးကိုတွေ့မိပြီး နောက်မှာပေါ့လေ။ သူကတစ်လျှောက်လုံး ပြုံးနိုင်အောင်ကြိုးစားပြီး စကားစပြောလိုက် ပါတယ်။ သူ့ရဲ့ဒဏ်ရာအကြောင်းနဲ့ သူခံစားရတာတွေကို ဘာမှထည့်မပြောပါဘူး။

ဘယ်ဘက်မျက်စောင်းထိုး ကျွန်တော့်ရှေ့ဘက်မှာ ကိုချိုကြီးထိုင်နေပါတယ်။ ကိုချိုကြီးကြည့်ရတာလည်း တော်တော်ရွဲနေပါပြီ။ အဲဒီအချိန်မှာပဲ ကွန်မင်ဒိုထဲက တစ်ယောက်က

"မင်းတို့စကားမပြောနဲ့နော်၊ စကားပြောတဲ့ကောင် ဒီကလှမ်းပစ် လိုက်မှာ၊ ဟိုဒီလည်းမကြည့်ကြနဲ့ အလကား စားနေရဦးမယ်"

ခဏနေတော့ ထွန်းအောင်ကျော်က

"ကိုညီရေ ကျွန်တော်တို့ဘာဆက်လုပ်ကြမလဲ"

"ပါးစပ်ပိတ်ကွာ၊ မင်းကဥက္ကဋ္ဌပဲ။ အခုလည်း ဥက္ကဋ္ဌပဲ၊ မင်းဘာသာ မင်းလုပ်ချင်ရာလုပ်၊ ဒါတွေအားလုံး မင်းတာဝန်တွေချည်းပဲ"

"ဟုတ်ပါတယ်ဗျာ၊ ကျွန်တော်ရဲ့ သူတို့အပေါ်ယုံကြည်မှုကြောင့် အားလုံးဒုက္ခရောက်ရတာပါ၊ ကျွန်တော်အ ,လို ပဲထားပါတော့၊ ဒါပေမယ့် ကိုညီရာခင်ဗျား က ကျွန်တော့်အစ်ကိုလိုပါပဲ။ အရင်ကခင်ခဲ့တဲ့ မျက်နှာလေးကြည့်ပြီး စကားနည်းနည်း နားထောင်ပေးပါ။ ကိုချိုနဲ့ ကျွန်တော်တို့ စစ်ကြောရေးမှာ အစစ်ခံတော့ခင်ဗျားနာမည် လုံးလုံးမထည့်ထားဘူး။ ခင်ဗျားလွတ်နေဖို့မျှော်လင့်တာ၊ ခင်ဗျား K.I.Aဘက်ရောက်ပြီးမှ

ဘာလို့ပြန်လာတာလဲ၊ ဟိုဘက်က ကြိုးစားတာမဟုတ်ဘူး။ ခင်ဗျားလွတ်နေတဲ့အတွက် ခင်ဗျားလုပ်ဖို့ပိုလွယ်မယ်ထင်တာ၊ ဘာဖြစ်ဖြစ်လေ အစုကျန်တဲ့ ကျွန်တော့်လူတွေကို ခင်ဗျားဦးဆောင်ပါ။ ရသလောက်လွတ်ဖို့ ကြိုးစားပါ။ ကျန်တဲ့အထဲမှာ အနေအထားအရ လုပ်နိုင်မှာက ခင်ဗျားပဲရှိတာ။ ကြိုးစားပေးပါဗျာ၊ ကျွန်တော်တို့ကတော့ ကိုယ့်အများအတွက် အသက်ပေးဖို့အဆင်သင့်ဖြစ်နေပါပြီ။ ခင်ဗျားအခြားသူတွေနဲ့ ရောအစွပ်စွဲခံရရင် ငြင်း။ ဘယ်သူ့ထွက်ချက်နဲ့မှအညီမခံနဲ့၊ အသားအနာခံပြီးရအောင်ငြင်း။ ခင်ဗျားဗျာK.I.A ကပြန်လာတာမှားတာပဲ"

"ရမလားကွ၊ မင်းတို့အားလုံးဒီမှာ ပြဿနာဖြစ်နေတာ၊ ငါက ကိုယ်လွတ်ရုန်းပြေးရမှာလား"

"ရပ်၊ ရပ်ပြီးမှဆက်ရအောင်၊ လာနေပြီ"

အဲ့ဒီအချိန်မှာအောင်မင်း ကျွန်တော်တို့ဘက်ရောက်လာပြီး ထင်းချောင်းနဲ့ ခေါင်းကိုရိုက်လိုက်တယ်။

"မင်းပါးစပ်ပိတ်မနေနိုင်ဘူးလား၊ ခွေးသူတောင်းစား ထောက်လှမ်းရေးကောင်"

"မဟုတ်ပါဘူးဆရာ၊ ကျွန်တော်ဘုရားစာရွတ်နေတာပါ"

နောက် (၂)ရက်အကြာမှာ ကျွန်တော်တို့အားလုံး အလံတိုင်ကုန်းပေါ်က ဝါဒဖြန့်ချိရေးဌာနရဲ့ဘားတိုက်အဟောင်းကို ရွှေ့ရပါတယ်။ အဲဒီအချုပ်သစ်က လမ်းကနေ လှမ်းကြည့်ရင်မမြင်ရဘဲ တောင်ကုန်းစောင်းမှာဆိုတော့ လုံခြုံရေးအရလည်း ပိုကောင်းတယ်လို့ သူတို့ ယုံကြည်ကြဟန်တူပါတယ်။ အဲဒီအချုပ်က ကပ်လျက်ရှိတဲ့ ဘားတိုက်အဟောင်း (၂)ခုကို အကာထရံတွေ ဖြုတ်ပြီး ထိပ်တိုက်ပြန်ဆက်ထားတာပါ။

အဲဒီကို နံနက်ထမင်းစားအပြီးမှာ ရွှေ့ရပါတယ်။ ရွှေ့တော့မယ်ဆိုတာနဲ့ အချုပ်သားအားလုံး တစ်ယောက်စီတစ်တန်းတည်း တန်းစီရပါတယ်။ အဲ့ဒီအချိန်မှာ အချုပ်သားထဲက (၁)ပေလောက်ပဲရွှေ့လို့ရအောင် ခြေကျင်းခတ်ထားသူတွေ၊ ကြိုးချည်ထား သူတွေကို တောင်ကုန်းပေါ် တက်နိုင်အောင် ကြိုးချဲပေးပါတယ်။ ကျွန်တော့်ကြိုးမချဲရသေးတော့ ကျွန်တော်က တန်းစီးမျိုးဇော်ကို ကျွန်တော့်ခြေထောက်ကြိုးပြင်ပေးဖို့ ပြောပါတယ်။

"ဘာကွ မင်းလိုခွေးသူတောင်းစားအကောင်ကြီး စပိုင်ကိုဖြည်မပေးနိုင်ဘူး၊ မင်းခြေစုံခုန်ပြီးတက်"

## ဆမားညီညီ

အစောင့်တာဝန်ကျတဲ့ ကွန်မင်ဒိုတွေ အားလုံးဝိုင်းရယ်ကြပါတယ်။ ဝိုင်းရယ်ကြတဲ့အဓိပ္ပါယ်က တန်းစီးမျိုးဇော်ရဲ့ ဆုံးဖြတ်ချက်ကို သူတို့ အတည်ပြုလိုက်တဲ့သဘောပါ။ အယူခံဝင်ခွင့်မရှိတော့ပါဘူး။ ကျွန်တော်မိုးရေကြောင့် ချောနေတဲ့ တောင်စောင်းကို ခြေစုံခုန်ပြီး တက်ခဲ့ရပါတယ်။

မျိုးဇော်ဟာ ကျွန်တော်နဲ့ ဘဝတူအကျဉ်းသားပါ၊ ဘာဖြစ်လို့များ သူဒီလို "သခင်အားရ ကျွန်စာဝ" စိတ်မျိုး ထားနေနိုင်တယ် ဆိုတာ စဉ်းစားလို့မရပါဘူးဗျာ။ နောက်တစ်ယောက်ဝင်းမြင့်လည်းရှိပါသေးတယ်။ စိတ်ဓါတ်က ထူးမခြားနားပါပဲ။ ဒီအချိန်မှာ သူများတွေလည်းကြိုးတစ်ဖက်ဖြည်တာပဲ ဆိုပြီး ကိုယ့်ဘာသာကိုယ်ကြိုးဖြည်လိုက်ရင် ကျွန်တော်အသက်တောင် ခံသွားရနိုင်ပါတယ်။

ကျွန်တော်အများဆုံးလုပ်နိုင်တာက "ဟုတ်ကဲ့ ခင်ဗျာ" နဲ့အတူ နာကျည်း၊ မှတ်သားထားလိုက်ယုံပါဘဲ။ နောင်အနာဂတ် တရားစွဲခံရမယ့် လူစာရင်းထဲမှာ သူတို့နှစ်ယောက်ကိုပါ ပေါင်းထည့်ယုံပေါ့။ သူတို့နှစ်ယောက်ဟာ အထဲက သတင်းတွေကို သန်းဇော်နားပြန်ရောက်အောင် တာဝန်ယူရတဲ့ အလုပ်လည်းလုပ်ပါသေးတယ်။

ခြေထောက် (၂) ချောင်းလုံးက အရိုက်ခံထားရတာကြောင့် မမြဲတဲ့အတွက် ခြေစုံခုန်ပြီးတောင်တက်ရတာ တော်တော်ကြီးကို ဒုက္ခရောက်ပါတယ်။

ထောင်အသစ်က အဆောက်အဦးဟောင်းတစ်ခုပါ။ တောင်ထိပ်နားမှာ တောင်စောင်းကို ခုတ်ချပြီးပြင်ညီညီထားတဲ့ အပေါ်မှာတည်ထားတာပါ။ ဒီအတွက် မြင်ကွင်းဟာ အရှေ့မြောက်ဘက်မှာပဲ ရှိပြီး နောက်ကျောနဲ့ ဘေးနှစ်ဘက်ကတော့ မြေသားနံရံနဲ့ ကာကွယ်ထားသလိုဖြစ်နေပါတယ်။ ထောင်ရဲ့အလယ်မှာ ဝင်ပေါက်တစ်ပေါက်ထဲရှိပြီး တခြားတံခါးနဲ့ ပြတင်းပေါက် မရှိပါဘူး။ ထောင်ဟာ ပေ(၆၀) လောက်ရှည်ပြီး (၁၅)ပေ လောက်ကျယ်ပါလိမ့်မယ်။ ဝင်ဝင်ချင်းညာဘက်ကပ်လျက်မှာ မီးဖိုနေရာရှိပြီး အဲဒါထောင်စောင့်တွေ ထိုင်ဖို့နေရာပါ။ အဲဒီမီးဖိုရဲ့ယာဘက်မှာ ထိပ်တုံးတစ်ခု၊ ဝင်ပေါက်ရဲ့ဘယ်ဘက်နားမှာ ထိပ်တုံးတစ်ခု နောက်တစ်ခါ ထိပ်တုံးတွေကြား စကြံ လူလျှောက်လမ်းရဲ့အဆုံးမှာ ရှိတဲ့ အကျဉ်းသားချုပ်တဲ့နေရာမှာ ထိပ်တုံးတစ်ခုရှိပါတယ်။ အကျဉ်းသားတွေဟာ နံရံကို ခေါင်းပြုပြီး ခြေဆင်းပြီး ခြေချင်းဆိုင် (၂) လိုင်းအချုပ်ခံရပြီး ကြားမှာ (၄)ပေ အကျယ် ရှိတဲ့ လူလျှောက်လမ်းရှိပါတယ်။

ရောက်ရောက်ချင်းသူတို့က ကျွန်တော်တို့အကျဉ်းသားတွေကို နီးရာနေရာမှာ

# ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

ဝါးထရံကိုမှီပြီး ထိုင်နိုင်းလိုက်ပါတယ်။ အဲဒီထဲကမှ ပထမဆုံး သူတို့အခေါ်အရ ပြဿနာကောင်တွေကို ထိပ်တုံးထဲ ထည့်ပါတယ်။ ပထမဆုံး ကိုချိုကြီးနဲ့ ကျွန်တော့်ကို ထိပ်တုံးတစ်ခုမှာ ကပ်လျက်ထည့်လိုက်ပါတယ်။ ဒါဟာ ထောင်ချောက်တစ်ခုဖြစ်နိုင်တာကြောင့် ကျွန်တော်က အရိုက်ခံပြီး ကန့်ကွက်လိုက်တဲ့အခါ ကျွန်တော်တို့ နှစ်ယောက်ကို ထိပ်တုံးရဲ့ ဟိုဘက်ထိပ်၊ ဒီဘက်ထိပ် ခွဲထားလိုက်ပြီး အလယ်မှာ စိုးမိုးကိုထည့်ထားလိုက်ပါတယ်။

အမှန်ဆိုရရင် စိုးမိုးဟာ ထောက်လှမ်းရေးအဖြစ် အဖမ်းခံရသူတစ်ဦးမဟုတ်ပါဘူး။ ဒီ စိုးမိုး (မိုးညွှင်း)ဟာ တပ်တွင်း စားသောက်ဆိုင်မှ အကြွေးမကြေမှုနဲ့ အချုပ်ခံခဲ့ရတာဖြစ်တယ်၊ အချုပ်ထဲမှာ အခြားထောက်လှမ်းရေးစွပ်စွဲခံရသူများနဲ့ အတူ နေရာကနေ သူလည်းဖြစ်မှန်းမသိ ထောက်လှမ်းရေးဖြစ်သွားတာပါ။ ဒီမှာတကယ်လို့ ကိုချိုကြီးနဲ့ ကျွန်တော်ကပ်နေလိုက်ရင် ဘာတွေတိုင်ပင်နေကြသလဲဆိုတဲ့ သံသယနဲ့ စွပ်စွဲချက်က အသက်ပါသွားနိုင်ပါတယ်။

တောင်ကုန်းပေါ်ရောက်ကတည်းက အခုဒုတိယရက်တိုင်အောင် ကျွန်တော် အရိုက်မခံရသေးပါဘူး။ ဒုက္ခအရောက်ဆုံး ကတော့ ကိုချိုကြီးနဲ့ ထွန်းအောင်ကျော်တို့ နှစ်ဦးပါ။ ကျွန်တော်တို့ဟာ တစ်ဦးနဲ့တစ်ဦးစကားပြောခွင့်မရှိသလို ကြည့်ခွင့်လည်းမရှိကြပါဘူး။ အပြင်ထွက် အလုပ်ကြမ်းလုပ်ပြီး အထဲပြန်ရောက်တာနဲ့ လက်ကြိုးချည်၊ မျက်နှာကို အဝတ်စည်းထားရပါတယ်။ အလုပ်ကပြန်လာသူများ အဲဒီအချိန်မှာ အိမ်သာ သွားခွင့်၊ ရေသောက်ခွင့်ရနိုင်ပြီး အလုပ်လုပ်ခွင့်မရသူနဲ့ မလုပ်နိုင်သူများအတွက်ကတော့ နေ့ခင်းမှာ တစ်နေ့ နှစ်ကြိမ်သာအိမ်သာသွားခွင့်ရှိပါတယ်။

ညအချိန်မှာ အကျဉ်းသားတွေ ထထိုင်ခွင့်၊ အိပ်ယာအတွင်း ဟိုဘက် ဒီဘက် လှည့်ခွင့်ပြုမထားပါဘူး။ ည ၁း၀၀ နာရီမှာ ဆီးသွားဖို့ နှိုးပြီးပြန်အိပ်တဲ့အခါမှာ ဘက်ပြောင်း အိပ်ခွင့်ရှိပါတယ်။ ဆီးကို မိမိသွားသလောက် ဂလူးကို့စ်ပုလင်းတစ်ပုလင်း၊ နှစ်ပုလင်း ယူထားပြီး အဲဒီထဲဆီးသွားရပါတယ်။ လျှံကျတာ၊ ဖိတ်တာတို့က ကြိမ်ဒဏ်သင့်တဲ့ ပြစ်ချက်ပါ။ ပြီးတာနဲ့ အဲ့ဒီဆီးပုလင်းကို အဖုံးပြန်ပိတ် ခြေရင်းမှာထောင်ထားရပါတယ်၊ နံနက်လင်း အိမ်သာဝင်ချိန်မှာ ကိုယ့်ဆီးပုလင်းကိုယ်ယူသွားပြီး သွန်ရပါတယ်။ ဆီးသွားပြီး ပြန်အိပ်တော့ ဆိုတာနဲ့ ဘာသံမှထွက်ခွင့်၊ ဘာလှုပ်ရှားမှုမှပြုခွင့် မရှိတော့ပါဘူး။ အပေါ်ကိုရွှေ့ပြီး ငါးရက်အကြာမှာ သန်းဖော်က သူ့လူတွေနဲ့ ထောင်ကိုစစ်ဆေး ရေးလာပါတယ်။ ကျွန်တော်တို့အားလုံး ထောင်ပြင်ထွက်ပြီး (၃)ယောက်တန်း ထိုင်ကြရပါတယ်။

# ဆမားညီညီ

သန်းဇော်က မန္တလေးအနောက်မြောက် [illegible] ကဖြစ်ပြီးဘယ်လိုလုပ်ပြီး ကျွန်တော်တို့ UG တွေကိုကျော်ပြီးဒီကိုရောက်လာလဲဆိုတာကတော့ မေးခွန်းထုတ်စရာပါ။

သန်းဇော်နဲ့ ဇော်ဇော်မင်းတို့ဟာ ထိုင်နေတဲ့ အကျဉ်းသားတွေရဲ့ လူတန်းတွေကြား ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ပြီး စစ်ဆေးကြ၊ ဇော်ကားကြ၊ ရိုက်လိုက်ကြလုပ်နေပါတယ်။

"ကဲ ကဲ ဒီလူတွေကြားထဲမှာ ထောက်လှမ်းရေးမဟုတ်ပဲ မှားအဖမ်းခံရသူများရှိတယ် ဆိုရင် လက်ထောင်ကြပါ၊ အစုပြောနော် အစုရှင်းပေးမယ်"

ကျွန်တော်နဲ့ ဇော်ကြီးတို့ လက်ထောင်လိုက်ကြတယ်။ ဇော်ကြီးဟာ ရှေ့မှာ သန်းဇော်နဲ့ သိပ်နီးတော့ သန်းဇော်က

"ဟာ၊ မင်းလား မှားအဖမ်းခံရတာ"

ဆိုပြီးတုတ်နဲ့ ခေါင်းကို တစ်ချက်ပြီးတစ်ချက်ရိုက်ပါတယ်။ သူကျွန်တော့်ကို လှမ်းကြည့်လိုက်ချိန်မှာ ကျွန်တော်က လက်ပြန်ချလိုက်ပါပြီ။ သူ ခပ်လှမ်းလှမ်းကနေ

"ဟေ့ ကုလား၊ မင်းက ထောက်လှမ်းရေးမဟုတ်လို့လား"

"ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော်မှားထောင်တာပါ"

တစ်ချက်တော့အရိုက်ခံလိုက်ရပါတယ်။

"နောက်မမှားစေနဲ့၊ ဟိုမှားတဲ့ဇော်ကြီးကတော့ပြီးမှ ပြန်မှန်အောင် တည့်ပေးမယ် ဟုတ်ပြီလား"

အနည်းဆုံးတော့ဗျာ ဝါးရင်းတုတ်စာနည်းနည်းပဲ ခံရတာပေါ့။ ပြဿနာကို ဒီလိုရှင်းလို့မရဘူးဗျ၊ နောက်တစ်ကြိမ်မှာ ပိုပြီးသတိထားရလိမ့်မယ်။ သူတို့အလိုလိုက်ရလိမ့်မယ်။

ကိုချိုကြီးနဲ့ ထွန်းအောင်ကျော်အပါအဝင် အားလုံးကကျွန်တော့်ကို ဝိုင်းကြည့်နေကြတယ်။ မရိုက်ဖို့သတိပေးနေကြသလိုပဲ။

အဲဒီအချိန်မှာ ဇော်ဇော်မင်းက ဝင်ပြီး

"အေး ငါတို့က ABSDF(NB) ရဲ့ ထောက်လှမ်းရေးတွေကွ၊ မှတ်ထား ABSDF ဘယ်တော့မှ မမှားဘူး၊ မင်းတို့ထဲမှာ တစ်ယောက်မှားဖမ်းမိတာ ပါရင် ငါတို့ ကြိုးစင်ရဲရဲကြီး တက်လိုက်မယ်"

# ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

လာပြန်ပြီ ဒီကြားနေကျသောက်စကား၊ တကယ်သာဆိုရင်တော့ တကယ်ကြည့်လို့ကောင်းပြီးရာဇဝင်တွင်သွားမှာပဲ။ လူ (၃၀)လောက် ကိုယ့်တရားကိုယ်စီရင်ပြီး တစ်ယောက်ပြီးတစ်ယောက် ကြိုးဆွဲချသတ်သေတဲ့ ရှုခင်းမျိုး၊ ဘယ်လောက်ကြက်သီးထစရာ ကောင်းလိုက်မလဲ။ တာဝန်ခံရဲသော မြန်မာများဆိုပြီး ကမ္ဘာမှာစာတင်သွားမှာ။ ဒါပေမယ့်ဒီကောင်တွေကြည့်ရတာ ကိုယ့်အလှည့်ကျနဲ့ကြမယ့်ပုံတွေပါ။ တာဝန်ခံရဲမယ့်ပုံ တစ်ယောက်မှ မရှိပါဘူး။

ဒီစကားအရ ကောက်ချက်ချနိုင်တာတစ်ခုကတော့ သူတို့က ဘယ်သူ့ကိုမှ မှားဖမ်းခဲ့ပါတယ်လို့ တစ်သက်လုံးဝန်ခံကြမှာ မဟုတ်ပါဘူး။ အဲဒါမျိုး တရုတ်ပုံပြင်တစ်ခု မှာကြားဖူးတယ်။ မိန်းမဝဝကြီး တစ်ယောက်က သူ့ယောက်ျားပိန်ပိန်လေးကို တံမြက်စည်းနဲ့နောက်ကလိုက်ရိုက်တော့ ယောက်ျားလုပ်သူက ကုတင်အောက် လေးဘက်ထောက် လျှက်ဝင်ကပ်နေရော၊ မိန်းမက

"ဟေ့ကောင် နင်ထွက်လာမှာလား၊ ထွက်မလာဘူးလား"

လို့ပြောတော့ ယောက်ျားက

"ဟေ့ငါယောက်ျားကွ ပြောပြီးသားစကား အမြဲတမ်းတည်တယ်၊ မထွက်ဘူးကွ၊ မထွက်ဘူးဆိုရင်မထွက်ဘူး"တဲ့။

ဒီကောင်တွေကလည်း ကုတင်အောက်လေးဘက် ထောက်လျှက် အော်မယ့် ကောင်တွေ။

နောက်တစ်ရက်မှာ ကျွန်တော်တို့အားလုံး မီးစက်ဟောင်းအဆောက်အဦး နားမှာ ၈ပေ ၈၀ × ၈ပေ ၆၀ ကွင်းကိုမြေညှိ၊ ကွင်းရဲ့အစွန်းတွေမှာ ကျောက်စီပြီး မြေဖို့ရတဲ့ အလုပ်ကြမ်းလုပ်ရပါတယ်။ အဲဒီမှာ အဖမ်းခံထားရသူများအတွင်းမှ စကားပြောသင့် သူတွေလို့ကျွန်တော်ထင်တဲ့သူတွေကို အလုပ်လုပ်ရင်းခိုးစကားပြောဖြစ်ပါတယ်။

ပထမတော့ နည်းနည်းအခက်အခဲရှိပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် က သူတို့နဲ့ စိမ်းနေပြီး သူတို့ကလည်းလူစိမ်းဆိုရင် စကားနိုက်မှာ၊ပြန်သတင်း ပေးမှာစိုးလို့ သတိထားနေကြလို့ပါ။ အဲ့ဒီအထဲမှာ ရင်း(၅၀၁)က အောင်နိုင်နဲ့ ကျွန်တော်ကတော့ ဘယ်တော့မှ အဆင်ပြေလာစရာမရှိတဲ့ပုံ သွားတွေ့ရပါတယ်၊ သူအစွပ်စွဲခံရပြီး အဖမ်းခံရ တာကျွန်တော့်ကြောင့်မဟုတ်သလို ကျွန်တော်ကိုယ်တိုင်ကလည်းအပြစ်မဲ့ ခံစားရသူတွေ ဘက်က ရစ်ဖို့ကိုယ့်အသက်ကိုယ်ရင်းပြီး ဒီဘက်ပြန်ဝင်လာသူတစ်ဦးပါ၊ စော်ကားတဲ့

## ဆယ်မားညီညီ

စကားတွေကို ကျွန်တော်ရဲ့စံနိုင်ရည်ဟာလည်း အကန့်အသတ်ရှိလို့ သူ့ဖော်ကားစကားတွေကို တစ်ကြိမ်ခံရအပြီးမှာ ကျွန်တော်သူနဲ့ နောင်မဆက်ဆံဖို့ ကိုယ်တိုင်ကတိပေးလိုက်ပါပြီ။

အဲဒီမှာ ခွဲမှူးသာစုနဲ့တော့ ကောင်းကောင်းစကားပြောဖြစ်ခဲ့ပါတယ်။ ရိုးသားတဲ့၊ ပွင့်လင်းတဲ့၊ တာဝန်ခံလိုစိတ်ရှိတဲ့ အလယ်အလတ်အဆင့် ခေါင်းဆောင်တစ်ဦးပါ။ သူရဲ့အဓိကပြစ်ချက်ကတော့ သူဟာ မိုးညှင်း၊ မိုးကောင်း၊ နမ္မားသားဖြစ်မနေခြင်းပါပဲ။ အဲ့ဒီဒေသခံထဲက ဘယ်သူမှတကယ်တန်းအဖမ်းဆီးမခံရပါဘူး၊ အနှိပ်စက်မခံရပါဘူး။

နားချိန်မှာလူ (၁၀)ဦးကိုဆေးပေါ့လိပ် (၃)လိပ်ခွဲတန်းနဲ့သောက်ခွင့်ရပါတယ်။ အဲ့ဒီမှာ ရဲလင်းနဲ့ စကားပြောခွင့်ရပြီး ရဲလင်းက ဘယ်လိုဝန်ခံမယ်ဆိုတာ ကြိုစဉ်းစား၊ ပြင်ဆင်ထားဖို့ ပြောပါတယ်။

ညနေထောင်ထဲပြန်ရောက်တော့ တစ်ယောက်တစ်လှည့်စီ သီချင်းဆိုကြဖို့ခိုင်းပါတယ်။ ဒီနေ့မှာမှ ထူးထူးခြားခြား မျက်စေ့မစည်းခိုင်းသေးပါဘူး၊ ကျွန်တော်နဲ့ အတူ ထိပ်တုံးထဲမှာနေတဲ့ ကိုချိုကြီးနဲ့ မျက်စောင်းထိုးထိပ်တုံးက ထွန်းအောင်ကျော်တို့ကို မြင်ရတာ စိတ်ခါတ်ကျစရာပါ။ သူတို့ဟာရုပ်ဒဏ်ရာရော စိတ်ဒဏ်ရာပါရပြီး ခေါင်းငိုက်စိုက်ကျနေပါတယ်။ ပြန်ပြီး နိုးထစရာမရှိတော့ဘူးလို့ ထင်ရအောင်ကို ကျိုးကြေနေပါပြီ။

သီချင်းဆိုနေကြတုန်း ကျွန်တော်ဆိုရမယ့်အလှည့်ရောက်တာနဲ့ ထွန်းအောင်ကျော်ကို တည့်တည့်ကြည့်လိုက်၊ ကိုချိုကြီးကိုစောင်းကြည့်လိုက်လုပ်ပြီး သီချင်းတစ်ပုဒ်စဆိုလိုက်ပါတယ်။ သီချင်းနာမည်က "မန္တလာနွေ"ပါ။

၁၉၈၆ လောက်က ကျွန်တော်ရေးပြီး မန္တလေးက ကျွန်တော်တို့သူငယ်ချင်းဝဏ္ဏလှက သံစဉ်ရွာထားတာပါ။ အဲဒီတုန်းက သီချင်းခွေတစ်ခုကို ကိုယ်ပိုင်ထုတ်ကြဖို့ စီစဉ်ပြီး ၁၉၈၆ နှစ်ကုန်မှာ မန္တလေးက နေခြည်စတူဒီယိုမှာ ခွေအကြမ်း သွင်းခဲ့တုန်းက သီချင်းပါ။ အဲဒီတုန်းက ဂီတမှူးက ထွန်းအောင်ကျော်ပါ။ ဒီမန္တလာနွေရဲ့ Arrange ကလည်း ထွန်းအောင်ကျော်ပါပဲ။

## ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

မန္တလာနေ့
ကြင်ဖော်တို့အတွက် သင့်လက်ကြမ်းနဲ့ နိပ်စက်မင်းမူနေ
စိမ်းရောင်စို ထိုမျက်ခင်းနဲ့ ရှုချင်ဖွယ် ရေကမ်းစပ်တို့
မွဲခြောက်အကျည်းတန်ဆဲ

ပေါမာနီခါဒီဆောင်း နေပြောင်းညက်လို့ ငွေစက်နှင်းမှုန်တွေ
နွမ်းမြက်ခင်းသေ ရေကမ်းစပ်ကို နူးညံ့လက်တွေနဲ့ အလှဆင်နေ
ငှက်တစုံ ပျော်မြူးလို့ နှင်းဦးပွင့်တို့ကို သောက်သုံးပြုံးပျော်နေ

ပုလောင်စွာနေခဲ့ဘူးတော့ဆောင်းရဲ့အလှကိုလေ
မပြောတတ်အောင်ခံစားနိုင်ပေ
လောကရဲ့ဖြစ်အင်တွေ ဒီလိုတွေးလို့
ပုလောင်ရက်များနဲ့ သောကမျက်ရည်တွေ
ပန်းတိုင်အရသာခံစားဖို့အတွက် ဆထမ်းပိုးတိုးလို့ တိုက်နိုက်ကြပါလေ
ပူပါစေ မန္တလာနေ့၊ ပူပါစေ မန္တလာနေ့
ပူပါစေလေ

ကိုရျှိုကြီးက ခေါင်းထောင်ကြည့်တယ်။ ထွန်းအောင်ကျော်ကဆိုရင် ကျွန်တော်ဆိုနေတုန်းနောက်ပိုင်းမှာ သီချင်းကိုလိုက်တောင်ဆိုတယ်၊ ချက်ချင်းသူတို့နှစ်ယောက် ပြန်ပြီး မာမာထင်ထင်ပုံမျိုးဖြစ်လာတယ်။ ဒီသီချင်း ရေးခဲ့တဲ့အချိန်က ဒီလိုဖြစ်မှာတွေကို ကြိုတင်မသိခဲ့ကြပေမယ့် အကြပ်အတည်းပေါင်းစုံကို ရင်ဆိုင်ကျော်လွှားဖို့၊ ဒုက္ခတွေကို ကြံ့ကြံ့ခံဖို့၊ ကျွန်တော်တို့ ဆုံးဖြတ်ခဲ့ကြပြီး၊ ပြင်ဆင်ကြပြီး၊ ရင်ဆိုင်ဖို့ တွေးခဲ့ကြပြီးပြီပဲဗျာ။

သီချင်းနဲ့ ပတ်သတ်လို့ ဆက်ပြောရမယ်ဆိုရင် သင်တန်းခန်းမမှာတုန်းက ကျွန်တော့်ကို အင်္ဂလိပ်သီချင်းတွေ ဆိုခိုင်းလေ့ရှိတယ်၊ အခုအပေါ်ရောက်တော့ ကျွန်တော် ခင်ဝမ်းရဲ့ "မြားဘုရင်" သီချင်းကို နာနာကျည်းကျည်းနဲ့ မကြာခဏဆိုဖြစ်တယ်၊ အခု ကျွန်တော်နဲ့ ကျွန်တော့်သူငယ်ချင်းအရင်းတွေ "မန္တလာနေ့" သီချင်းဆိုအပြီးမှာ တစ်လေ့တည်းစီးတွေ ပြန်ဖြစ်သွားကြပါပြီ၊ အခုအချိန်မှာ ကျွန်တော်တို့ အသက်ပေးလိုက်ရရင်လည်း

ပြန်စုစံဖို့ ကြိုးစားရင်း သူရဲကောင်းတွေလို သေတာဖြစ်မှာပါ။ သူရဲဘောကြောင်စွာ တစ်ဦးချင်းလွတ်လပ်မှုရှာတဲ့သူတွေတော့ မဟုတ်ကြတော့ပါဘူး။

နောက် (၅) ရက်လောက်အကြာမှာ သန်းဇော်ထောင်ကို ထပ်လာပြီး လူတွေ နေရာပြောင်းပြန်ပါတယ်။ အခုအခါ သိန်းနိုင်ချိုနဲ့ ဝဏ္ဏဇော်တို့ နှစ်ယောက်အကြား အစောင့်မီးဖိုရဲ့ ညာဘက် မျက်စောင်းထိုးနေရာကို ကျွန်တော်ရောက်သွားပါတယ်။ သိန်းနိုင်ချိုက တော့ ရန်ကုန်ကဖြစ်ပြီး ကျွန်တော်တို့အထဲမှာ သစ္စာဖောက်တစ်ယောက် ရှိရမယ်ဆိုရင် သိန်းနိုင်ချိုသာ သတင်းပေးတစ်ဦး အဖြစ် ရှိနေနိုင်မယ်လို့ အကြမ်းဖျင်း ယူဆထားရတဲ့ သူပါ။

ဒါပေမယ့် အဲဒီအဆင့်ကိုတောင် ကျွန်တော်တို့မန္တလေးမှာရှိစဉ်ကတည်းက သက်သေမပြနိုင်ခဲ့ကြပါဘူး။ အခုဘေးချင်းကပ်နေရတော့လည်း ရက်ကြာကြာနေရတဲ့ နောက်သူ့အပေါ်ရှိတဲ့ သံသယတွေ ပိုပြီးကင်းလာပါတယ်။ နောက်တစ်ယောက်က ဝဏ္ဏဇော်ပါ။ ရှပ်ရှင်မင်းသားကြီးဦးဇော်ခင်ရဲ့သားပါ။ ဆန့်ကျင်ရေးစိတ်ဓါတ်က ဖခင်ထံကအမွေရခဲ့တာထင်ရှားပါတယ်။ ဝဏ္ဏဇော်က ကျွန်တော့်ကို အလုပ်ကြမ်းလိုက်လုပ်ဖို့ အကြံဉာဏ်ပေးပါတယ်။

"မလုပ်နိုင်လို့ မလုပ်ရင်း ခင်ဗျားမသန်မစွမ်း ဖြစ်သွားမယ်နော်၊ ဒီမှာ ရာသီဥတုကအေးတော့ လူတစ်ယောက် ချည့်နဲ့သွားဖို့ သိပ်လွယ်တယ်၊ ခင်ဗျား အလုပ်လုပ်ရင် ခန္ဓာကိုယ် လေ့ကျင့်ခန်းလုပ်ရသလိုမျိုး ပြန်ကျန်းမာလာနိုင်တယ်။ အလုပ်က ပြန်လာရင် ညပိုင်းမှာ ရျက်ချင်းအိပ်ပျော်တယ်"

အတိုချုပ်ပြောရရင်ဗျာ ကျွန်တော်အလုပ်လုပ်ပြီး ကျန်းမာရေးနည်းနည်း ကောင်းလာပါတယ်။ လူများများနဲ့ ထိတွေ့ဆက်ဆံခွင့်ရပြီး မိတ်ဆွေလည်းတိုးလာပါတယ်။ နောက်သူများတွေရဲ့ထွက်ဆိုချက်တွေကြားရပြီး ကိုယ့်ထွက်ဆိုချက်ကျ ဘာပြောရမယ်ဆိုတာမျိုးပြင်ဆင်ခွင့်ရလာပါတယ်။ ထင်းထမ်းဖို့အလုပ်ကြမ်းလုပ်ချိန်မှာ ဝဏ္ဏဇော်က

"ကိုညီ ခင်ဗျားဘယ်လိုဝန်ခံမယ်ဆိုတာ စဉ်းစားထားတော့နော်၊ ပြန်စစ်တဲ့အခါ ပြန်ပြောရင်အရင်စစ်ချက်နဲ့ တူရမယ်၊ မတူရင် နာမယ်၊ တစ်ခါခင်ဗျား ထွက်ချက်ထဲမှာ အဆီပ်၊ လက်နက်လိုင်းက အများကြီးပြောမိထားသူတွေနဲ့ ရောမိရင် ခင်ဗျားပါ ပြဿနာတက်မယ်၊ နောက်တစ်ခုက ခင်ဗျားအတည်ပြောမယ့် ထွက်ချက်ကို မနာမချင်းမပြောနဲ့၊ မနာခင်ပြောတာ အမှန်မဟုတ်ဘူးလို့ သူတို့ကသတ်မှတ်တာ၊

## ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

ခေါင်းလည်းသိပ်မမာနဲ့ စစ်ကြောရေးထဲသေတဲ့သူအများကြီးပါးပါးနပ်နပ်နဲ့ မီးစင်ကြည့်က ပေ့ါဗျာ"

"နာပြီ ဆိုရင်တောင်ဗျာ၊ တကယ်နာမှ၊ လုံးဝမခံနိုင်မှ ဝန်ခံသလိုမျိုး လုပ်၊ အဲဒါမျိုးလုပ်နိုင်ရင် တစ်ခါတည်းပြီးတယ် နောက်ဆုံးတစ်ခုကတော့ ခင်ဗျားရဲ့လုပ်ငန်း တူအပေါင်းပါ တစ်ယောက်ဖော်ပေးရမှာ၊ ခင်ဗျားဖော်တာနဲ့ အဲ့ဒီလူကို ရိုက်စစ်မှာနစ် ယောက်မတူရင်ပြဿနာ၊ ကျွန်တော်တို့အားလုံး ပြဿနာတက်နေတာ အဲ့ဒီမှာပဲ တစ် ယောက်ပြီးတစ်ယောက်ဆွဲထည့်ရင်း ဖိုင်တွဲအထုကြီးဖြစ်သွားတာ"

"အေးလေ၊ ဒါဆိုအတူလုပ်တဲ့သူ မရှိဘူးလုပ်ယံ့ပေါ့"

"အဲဒါမျိုး ဒီကောင်တွေလက်မခံဘူးဗျ"

"လက်ခံအောင်ပြောကြည့်ရမှာပေါ့ကွာ၊ ကြိုးစားရမှာပေါ့"

စကားပြောနေတုန်းမှာပဲ လက်သီးက

"ဟေ့ကောင်တွေ မင်းတို့ ဘာလုပ်နေကြတာတုံး"

"ကိုညီ ခြေထောက်ထဲဝင်နေတဲ့ ညှောင့်ထုတ်ပေးနေတာပါဆရာ"

"အဲဒီကုလားသေပစေ၊ လူကြီးဆိုပြီး လေးစားခဲ့တာ ဒီကောင်က သူလျှိုဖြစ်နေတယ်"

ဒီလက်သီးဆိုတဲ့ကောင်က ပြဿနာသိပ်ရှာတဲ့ကောင်။ ကျွန်တော်တို့ အလုပ် ကြမ်းကအပြန် တောင်ကုန်းလည်းပြန်ရောက်ရော ကျော်နိုင်ဦးကို လမ်းမှာ ဟိုကြည့်သည် ကြည့်ကြည့်ပါတယ်။ ဒီကောင်ထွက်ပြေးဖို့ စိတ်ကူးနေတာပါဆိုပြီး ပြင်းပြင်းထန်ထန် ရိုက် ပါတယ်။ ကျန်တဲ့အကျဉ်းသားအားလုံးကတော့ အပြစ်မျှဝေခံစားရေး အစီအမံနဲ့ အားလုံး (၃)ချက်စီ အရိုက်ခံရပါတယ်။ မကြည့်မိတဲ့အကြောင်း၊ ထွက်ပြေးဖို့ မကြံစည်တဲ့ အကြောင်း ဘယ်နည်းနဲ့မှ ပြန်ရှင်းပြခွင့်မရှိပါဘူး။ ပြန်ရှင်းပြတာ၊ စောဒကတက်တာဟာ နောက်ထပ် အပြစ်ဒဏ်ကို ဖိတ်ခေါ်တာပါပဲ။ ပြစ်ဒဏ်မျှဝေခံစားရမှုကို မနှစ်သက်သူများရှိရင် အဲဒီလူ ဟာ ထောင်စောင့်များကို သတင်းပေးနိုင်ပါတယ်။ အရျင်းချင်းကို သစ္စာဖောက်နိုင်ပါတယ်၊ ဒါဆိုထောင်စောင့်တွေကပေးတဲ့ အထူးအခွင့်အရေး ခံစားရနိုင်ပါတယ်၊ ဒါပေမယ့် အဲ့သလိုမျိုးလုပ်တဲ့သူဟာ မျိုးဖော်နဲ့ ဝင်းမြင့်နှစ်ယောက်အပြင် ဘယ်သူ မှ မရှိကြပါဘူး။

နောက်တစ်ရက်မှာ ထောင်ထဲကျွန်တော်တစ်ယောက်တည်း ကျန်နေပါတယ်၊ ဘာဖြစ်လို့တစ်ယောက်တည်းကျန်ရသလဲ၊ ဘာလို့ သန်းဖော်အမိန့်နဲ့ အားလုံးကိုအပြင်

ထုတ်ထားသလဲ မသိပါဘူး။ ကျွန်တော့်ကို ထိပ်တုံးထဲထည့်ထားပါတယ်။

ဧကအကြာမှာ စိုးမိုးကို သန်းဇော်ကခေါ်လာပြီး ထိပ်တုံးရဲ့ဟိုဘက်ထိပ်မှာ သွားထည့်ထားပါတယ်။ (၂) ယောက် (၄) ပေလောက် ကွာမှာပေါ့။ နာရီဝက်လောက်အကြာမှာ မဟာမိတ်တစ်က ဗိုလ်ဂွမ်မော်နဲ့ သန်းဇော်အချုပ်ထဲဝင်လာပြီး ကျွန်တော်ရှိတဲ့ထိပ်တုံးကို ရောက်လာပါတယ်။ ရောက်တာနဲ့ ဗိုလ်ဂွမ်မော်က

"ကိုသန်းဇော် အပြင်ခဏထွက်ပေးပါ ကျွန်တော်စကားပြောစရာရှိလို့"

ဆိုပြီး ပြောတော့ သန်းဇော် မကျေမနပ်နဲ့ထွက်သွားပါတယ်။ သူထွက်သွားတာနဲ့ ဗိုလ်ဂွမ်မော်က

"ကဲ ကိုညီညီ ကျွန်တော်တို့ဘက်ပြောင်းဖို့ ဆုံးဖြတ်ပြီးပြီလား"

"ခင်ဗျားအားလုံး ခေါ်ပေးမှာလား၊ ခင်ဗျားတို့လည်းစဉ်းစားလေ"

"ဟာဗျာ၊ ခင်ဗျားခေါင်းတအားမာတယ်၊ ခင်ဗျားအချောင်သေသွားလိမ့်မယ်၊D.A.B မှူကြီးနဲ့မရဘူးဗျ။အဲဒါကိုN.L.D(LA) ရုံးကလည်းဝင်မစွက်ဖက်ဖို့ပြောနေတာ၊ခင်ဗျားကသာခေါင်းမာနေတာတစ်ချို့ခင်ဗျားလူတွေ ကိုယ်လွတ်ရုန်းပြီးထွက်ပြေးနေကြတာ"

"အဲဒါတော့ဗျာ သူနဲ့ကျွန်တော်စံယူချက်မှမတူတာ၊ ကျွန်တော့်အတွက်ကတော့ ကျွန်တော် ကိုယ်လွတ်ရုန်း မပြေးနိုင်ဘူး၊ ဒီမှာကြိုးစားမယ်"

"ကဲပါဗျာ မဟာမိတ်အနေနဲ့ဝင်စွက်ခွင့်သာမရှိပေမယ့် ဗီတိုအာဏာတော့ရှိပါတယ်၊ ခင်ဗျားအသက်အတွက် အန္တရာယ်ကင်းအောင် ကျွန်တော်ပြောခဲ့မယ်၊ ဟုတ်ပြီလား"

ဗိုလ်ဂွမ်မော်ပြန်သွားတော့ ကျွန်တော်တွေဝေပြီး ကျန်ခဲ့ပါတယ်။ ကျွန်တော့်ဆုံးဖြတ်ချက် ဒုတိယအကြိမ် မှားပြန်ပြီလားပေါ့။ ကိုယ်တစ်ယောက်တည်းအတွက် ကြည့်ရင်တော့ ကျွန်တော်ဒီဘဝကလွတ်ချင်ပါပြီ၊ ဒါပေမယ့် ကျန်တဲ့သူတွေကိုကြည့်မိချိန်မှာ ကျွန်တော်က ယောက်ျားကောင်းတစ်ယောက်လို့ ကိုယ့်ဘာသာကိုယ်သတ်မှတ် ထားတဲ့ သူတစ်ယောက်အဖို့ ဘယ်လိုလုပ်ပြီး ကိုယ်လွတ်ရုန်းနိုင်မလဲဗျာ။

# ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

## အခန်း(၉)

နောက်နေ့တွေဟာ ကျွန်တော်တို့အတွက် သိပ်မဆိုးလှတဲ့နေ့တွေဖြစ်ပါတယ်။ ထောင်မှူးတာဝန်ကို အေးမောင် လွှဲယူလိုက်လို့ပါ။ အေးမောင်ဟာ အေးအေးဆေးဆေးပြီး ပြဿနာမရှာတဲ့သူမျိုး၊ ပြဿနာကြီးမလာသရွေ့ ထောင်သားတွေကို အထိုက်အလျောက် လွတ်လပ်ခွင့်ပေးထားတဲ့သူတစ်ဦး ဖြစ်ပါတယ်။ အလုပ်နိုင်းပြီးရင်လည်း ထောင်သားတွေကို ရေတိုက်၊ ဆေးလိပ်တိုက် လုပ်တတ်တဲ့ အကျင့်ရှိပါတယ်။

ဒီနေ့တော့ အေးမောင်က ကျွန်တော်တို့ထောင်ရဲ့စားဖို့အတွက် မီးဖိုကြီး တစ်ခုတည်ဖို့ လုပ်နေပါတယ်။ အလုပ်ကြမ်းလုပ်တဲ့သူအားလုံး ကျောက်တုံးဖော်၊ ကျောက်တုံးသယ် အလုပ်မှာပါဝင်ရပြီး ကျွမ်းကျင်သူများကတော့ မီးဖိုကျောက်စီတဲ့ နေရာမှာပါရပါတယ်။ မီးဖိုကြီးပြီးတာနဲ့ အဲဒီအပေါ် တိုင်ထောင်၊ အမိုးတင်ပြီး မီးဖိုချောင်နဲ့ စတိုတွဲပြီး ဆောက်မလို့လုပ်နေတာပါ။ လူ (၁၂၀)လောက်ကို ချက်ပြုတ်ကျွေးရမယ့် မီးဖိုပါ။အနီးအနားလျှိုထဲက ကျောက်တုန်းတွေကို နစ်ယောက်တစ်တွဲသယ် ကြရပါတယ်။ ကျွန်တော်က ဇော်ကြီးနဲ့အတူတွဲပြီး သယ်ရာမှာ ခဏနေ အစောင့်တွေ ခပ်လှမ်းလှမ်းရောက်ချိန်မှာ စကားပြောကြပါတယ်။

"ဇော်ကြီး မင်းဝန်ခံဖို့ပြင်ဆင်ထားလိုက်"

"ဘာဖြစ်လို့ဝန်ခံရမှာလဲ၊ ကျွန်တော်မှ ထောက်လှမ်းရေးမဟုတ်ပဲ"

"ဘာကွ ဒါဆို ငါက၊ ကျန်တဲ့သူတွေက ထောက်လှမ်းရေးမို့လို့ ဝန်ခံ

ကြတာပေါ့ဟုတ်လား၊ မင်းကွာ အခြေအနေမှန်ကို နားမလည်သေးဘူးလား"

ကျွန်တော်စိတ်ဆိုးပြီး စကားဆက်မပြောဖြစ်ပါဘူး၊ အလုပ်ပဲ ဆက်လုပ်နေပါတယ်။ ခဏအကြာမှာ

"အစ်ကို ကျွန်တော်အဲလို ဆိုလိုတာမဟုတ်ပါဘူး၊ ဒါပေမယ့် ကျွန်တော့်ခံစားချက်နဲ့ ကျွန်တော်ဝန်မခံချင်တာပါ"

"စဉ်းစားပေါ့ကွာ၊ အရှောင်သေသွားမယ်၊ သူတို့စွပ်စွဲတာ ငါတို့ဝန်ခံလိုက်ရတာ ဘာမှဖြစ်သွားမှာ မဟုတ်ဘူး၊ ဒါပေမယ့် ဝန်မခံလို့ ရိုက်သတ်ခံရရင် ပြန်ရှင်းပြခွင့်ရမှာမဟုတ်ဘူး၊ အသက်ရှင်မှ ပြန်လွတ်ဖို့ စိတ်ကူးနိုင်မှာ"

"ဟုတ်ကဲ့ ကျွန်တော်စဉ်းစားပါဦးမယ်"

"အေးအေး ငါ့ရဲ့ဝါဒကတော့ မနက်ဖြန်အထိ အသက်ရှင်ရေးပဲ"

အပြင်မှာ အလုပ်လုပ်တာ များလာတော့ ထင်လင်းအောင်၊ ထိန်လင်း (ဘောကြီး)၊ တိုးကြည်၊ စံမျိုးအောင်တို့နဲ့ ခင်မင်ခွင့် ရလာပါတယ်။ ကျွန်တော် ဒုတိယအကြိမ်အဖမ်းခံရစတုန်းက ထောင်စောင့်လုပ်ခဲ့တဲ့မြင့်သိန်းလည်းအခုအကျဉ်းသားဖြစ်ပြီး ရင်းနှီးနေပါပြီ။ သူ(မြင့်သိန်း)နဲ့ စိုးလေးတို့ကအလုပ်တန်းစီးတွေပါ။ စိုးလေးကိုတော့ ရင်းနှီးအောင်ပေါင်းမကြည့်မိသလို ဘယ်တုန်းကမှလည်းမရင်းနှီးခဲ့ပါဘူး။ မြင့်သိန်းဟာ ကသာမြို့သား ကျွန်တော့်လိုပဲ မှတ်စလင်မ်တစ်ယောက်ဖြစ်ပါတယ်။

မြင့်သိန်းက ကျွန်တော့်ကိုစကားတစ်ခွန်းမေးပါတယ်။

"အစ်ကိုခင်ဗျား ပြန်အဖမ်းမခံရခင်တုန်းက သေသွားတဲ့ ဇော်ဝင်းချစ်နဲ့ပတ်သတ်လို့ ဘာသိသလဲ"

ကျွန်တော်သိတာတွေအားလုံး နောက်ဆုံးသူ့ဖပါင်သားလှီးအစားခံရတာထိ ပြောပြလိုက်ပါတယ်။

"ဟုတ်တယ်ဗျာ ဇော်ဝင်းချစ်ကို အငြိုးနဲ့ နှိပ်စက်ကြတာ၊ ငါးမျှားချိတ်အကြီးကြီးကို သူ့နှားမှာဖောက်ပြီး ကြိုးကိုအပေါ်ထုတ်ပေါ် ပစ်တင်ပြီးဆွဲတင်တာ ငါးမျှားချိတ်က နှားအတွင်းထဲအထိ ပေါက်ဝင်သွားတာ၊ ဇော်ဝင်းချစ်က ခြေဖျားထောက်တော့ ထပ်ဆွဲတင်တာ၊ တအားနာ၊ တအားအော်ပြီး သတ်လိုက်ကြ၊ ငါ့ကိုသတ်လိုက်ကြ၊ သွေးဆာနေတဲ့ကောင်တွေ၊ အခုသတ်လိုက်ကြလို့အော်တော့ စိတ်ဆိုးပြီး ဝိုင်းရိုက်တုန်း သေသွားတာ"

## ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

"ဒီကောင်တွေ တအားဆိုးတာ ရန်ရှင်းတုန်းကလည်း ဒီအတိုင်းပဲ၊ ပေါက်ပြားနဲ့ ခုတ်သတ်စရာတာ၊ ရင်း ၆ ခွင်မှာ အဲဒီတုန်းက သူ့ခေါင်းကိုပေါက်ပြားနဲ့ ခုတ်၊ ခွဲလိုက်ပြီး သူ့ဦးနှောက်ကိုထုတ် အရက်စိမ်ပြီး ဝက်ရူးပြန်ရောဂါဆေး ဖော်ကြသေးတယ်"

"ဒီကိစ္စကြီးမှာ ငါတို့မပါရင်ပြီးရောဆိုပြီး မျက်စေ့မှိတ်နေကြတဲ့သူတွေလည်း ရာဇဝတ်မှုနဲ့ မကင်းဘူးနော်၊ ဒီမှာ ရှိနေတဲ့သူမှန်သမျှ တာဝန်ရှိတယ်၊ တာဝန် အကြီးနဲ့ အသေးပဲကွာမှာ"

အလုပ်ပြီးသွားချိန်မှာ ကျွန်တော်တို့ တော်တော်ပင်ပန်းနေကြပါပြီ၊ ဒါပေမယ့်ရလာတဲ့သတင်းနဲ့ အသစ်တိုးလာတဲ့မိတ်ဆွေတွေနဲ့ နှိုင်းယှဉ်ရင်ပင်ပန်းရတာတန်ပါတယ်။

နောက်ရက်မှာ ထင်းထမ်းဖို့အလုပ်ကြမ်းကို လိုက်ခဲ့ဖို့ ဘိုဘိုနဲ့ဝဏ္ဏဇော်က ခေါ်ပါတယ်။

"ထင်းတုံးတွေက ကြီးတယ်၊ ငါမထမ်းနိုင်သေးဘူး"

"ရတယ် ကျွန်တော်တို့ရှေ့ကပြေးပြီးအသေးတုံးဦးပေးမယ်၊ ကျန်တဲ့ အကြီးတုံး ကျွန်တော်တို့ထမ်းမယ်။ လာပါ လိုက်ခဲ့ပါဗျာ"

အဲဒီနောက် ဘိုဘိုကကျွန်တော့်မှာ ဖိနပ်မရှိလို့ မဘဘီဆိုတဲ့ ရဲမေကို ဖိနပ်တစ်ရံ ရှာပေးဖို့ပြောပါတယ်။ နစ်ရက်လောက် အကြာမှာ ဖိနပ်ရပါတယ်။ ကျွန်တော် စီးပါတယ်၊ ဒါပေမယ့်ဖိနပ်က သားရေတစ်ဖက်၊ ရာဘာတစ်ဖက်နဲ့ (၂)ဖက်စလုံးက ဘယ်ဘက် ခြေထောက်အတွက်ချည်းဖြစ်နေတယ်။ အဆင်မပြေပေမယ့် ဖိနပ်လုံးဝမပါတာ စာရင် အများကြီး ကောင်းသေးတယ်ဆိုပြီး အဲ့ဒီ ဘယ်နစ်ဖက်ဖိနပ်ကို စီးလိုက် ပါတယ်။

နောက်တစ်ရက်ကစပြီး ကျွန်တော်တို့ မနက် ၅ နာရီထပြီး ကာယလေ့ကျင့်ခန်း လုပ်ရပါတယ်။ လေ့ကျင့်ခန်းအပြီးမှာ တစ်ဖွဲ့ကထင်းထမ်းသွားရပါတယ်။ ကျန်တဲ့အဖွဲ့က ကျန်တာလုပ်ရတာဖြစ်တယ်။

ABSDF ထဲက ဖမ်းဆီးသူများ၊ ဆရာကြီးများရဲ့တဲတွေဟာ မူလက မျှောတိုင် လို တိုင်လုံးတွေသာသုံးပေမယ့် အခုတော့ အကျဉ်းသားတွေလုပ်အားနဲ့ရတဲ့ ၅" × ၅" ပတ် လည်လေးထောင့်တိုင်အောက်မဆင်းတော့ပါဘူး။ တဲတွေအားလုံး၊ ရုံးတွေ အားလုံးဟာ သစ်လုံး၊ ဝါးလုံးနဲ့ ဆောက်တဲ့အဆင့်ကနေ လေးထောင့်သစ်၊ လေးထောင့် တန်းနဲ့ ဆောက် တဲ့အဆောက်အဦး တွေဖြစ်အောင် တာဆူနေပါပြီ။

ကပ်ထရံများကိုလည်း ရာသီဥတုဒဏ်ပိုခံတဲ့ ဝါးအကြောသီးသန့်နဲ့ အကွက်ဖော်

ယက်ထားတဲ့ အရာမျိုးကို ရွေးချယ်တတ်လာကြပါပြီ။ တဲထဲက မြေမျက်နှာပြင်ဟာ အုတ်စီထားသလိုညီနေရမယ်ဆိုတဲ့ အသိတရားများလည်းရနေကြပါပြီ။ မူလ တောင်တက်လမ်းများမှာ ဝါးငုတ်ရိုက်ပြီး မြေဖို့ထားရာကနေ အခုတော့ကျောက်စီလှေကားများကို အဆင့်မြင့်မြင့် စတင် အသုံးပြုတတ် လာပါပြီ။ တစ်ဆောင်းလုံး နှင်းစိုနေတဲ့ ထင်းများကိုသုံးပြီး မီးခိုးအူတဲ့ဘဝ မရောက်ရအောင် တစ်ဆောင်းတွင်းလုံးစာအတွက် ထင်းအလုံအလောက်စုဆောင်း သိုလှောင်ထားနိုင်ကြပါပြီ။ ဆိုင်းဘုတ်ပန်းချီရေးတဲ့ အလုပ်မျိုးကို ထိန်လင်း(ဘောကြီး)က လုပ်ပြီး အင်္ဂလိပ်ဆောင်ပုဒ်တွေကို ကျွန်တော်ကသွားစစ်ပေးရတာမျိုးလည်း မချန်ပါဘူး။ မီးစက်ဒိုင်နမိုလောင်ရင် သိန်းနိုင်ချိုက ကျွိုင်ဝါယာပတ်ပေးရပြီး နောက်ဆုံးဘုန်းကြီးကျောင်းအတွက် ရေသိမ်ဆောက်ဖို့ မြေတူး၊ ဆောက်လုပ်ရေးလုပ်ငန်းများမှအစ နေ့စဉ်မီးစက်အတွက် ရေဖြည့်တဲ့လုပ်ငန်းမျိုးပါမကျန် အကျဉ်းသားများက တာဝန်ယူထားရပါတယ်။

ဒီအတွက်ကျောင်းသားတပ်မတော်သားများအတွက် အချိန်တွေပိုနေပြီး သူတို့ရဲ့မူရင်းရည်ရွယ်ချက်ဖြစ်တဲ့ သူလျှိုဖမ်းတဲ့လုပ်ငန်းကို ပိုပြီးဖိဖိစီးစီးလုပ်ကိုင်နိုင်လာကြပါတယ်။ ဒီအထဲမှာ ရံဖန်ရံခါလာမေးတဲ့ထွန်းအောင်ကျော်ရဲ့ဂီတနဲ့ပတ်သတ်တဲ့ ဖြေရှင်းမှုတွေ၊ မဟာမိတ်ဘက်က ထောက်ပံ့တဲ့တစ်တပ်လုံးစာ ဆန်သွားထမ်းရတာတွေ ကျန်ပါသေးတယ်။ အဲဒီအလုပ်တစ်ကြော့ပြီးရင် နံနက်စာထမင်းစားကြရပါတယ်။ ပြီးရင် တစ်နေကုန်အလုပ်လုပ်၊ ပြီးရင်ထမင်းစား၊ ပြီးရင်ညနေအလုပ်ပေါ့။ ပြီးရင်အဆောင်ဝင်၊ သီချင်းနဲ့ဖျော်ဖြေ၊ ပြီးရင်အိပ်။ ဒီအတိုင်းပဲ သံသရာလည်နေပါတယ်။

ကျွန်တော်တို့အကျဉ်းသားများအတွက် စည်းစိမ်ခံချိန် (၃)ခုရှိပါတယ်။ ထမင်း (၂)နပ်မှာ (၂)ကြိမ်နဲ့ အိပ်ယာဝင်ခိုက် အိပ်မပျော်သေးချိန်တို့ ဖြစ်ပါတယ်။ ဆားနဲ့ဘဲပြောပြော တစ်နေကုန်မှာ ပါးစပ်က ဒီစားခွင့်ရတဲ့ထမင်း (၂)ကြိမ်ဟာ ကျွန်တော်တို့လိုအကျဉ်းသားတွေအတွက်တော့ စည်းစိမ်ပါဘဲ။ အခြားတစ်ဖက်မှာ ကျွန်တော်တို့အားလုံးဟာ ပြဿနာမဖြစ်အောင် နိပ်စက်မခံရအောင် ကြိုးစားနေထိုင်ပြီး တစ်ရက်ဆက်အသက်ရှင်ဖို့ တွေးနေ၊ နေထိုင်နေကြပါတယ်။

အစားအစာမှာတော့ သား၊ ငါး မတွေ့ဖူးတာ စအဖမ်းခံရချိန်ကတည်းကပါပဲ။ အသီးအနှံ ဆိုတာမျိုး၊ အာလူး ဆိုတာမျိုးကတောင် ရှားပါးကုန်ပါ။ ဒီလတွေအတွင်း အာလူးဟင်းနဲ့ နှစ်ကြိမ်စားခွင့်ရပါတယ်။ အနေတော်အာလူးတစ်လုံးကို လူ(၄) ယောက်စားရတာ

# ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

ပါ။ တစ်ကြိမ်က ငါးကလေးခြောက်ဟင်း စားရပါတယ်။ ဆီတိုဟူး (၂) ကြိမ်လောက်နဲ့ ပဲပုပ်ခြောက် တစ်ကြိမ်စားရပါတယ်။ သူတို့ဟာ အကျဉ်းသားတွေထဲက ရနိုင်သမျှ လုပ်အားကို ညှစ်ထုတ်ရယူပြီး အကျဉ်းသားတွေကို အာဟာရ ပြည့်အောင်ကျွေးဖို့ သတိမရကြပါဘူး။ ကျွန်တော်တို့ထဲက တစ်ဝက်လောက်ဟာ မျက်နှာတွေယောင်လာပြီး အဟာရချို့တဲ့ တဲ့လက္ခဏာကို စတင်ခံစားနေကြရပါပြီ။ ABSDF ရဲ့အခြေခံအဆောက် အဦးတွေကို အကျဉ်းသားတွေရဲ့ချွေး၊ သွေး၊ လုပ်အားတွေနဲ့ တည်ဆောက်ရယူပြီး တော်လှန်ရေးဆင်နွှဲနေကြတာပါ။ သူတို့တတွေ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီလို့ လွတ်လွတ်လပ်လပ် အော်နိုင်ဖို့ ကျွန်တော်တို့တတွေက လူ့အခွင့်အရေးတွေ ဒီမိုကရေစီတွေအချိုးပျက်ခံပြီး ပေးဆပ်နေရတာပါ။

ကျွန်တော်တို့ဟာ ကျွန်တော်တို့လုပ်အားနဲ့ အကောင်းဆုံးဖြည့်တင်းပေးနေချိန်မှာ ABSDF ကတော့ သူတို့ရဲ့နှိပ်စက်မှု အဟုန်ကို လျှော့ချပေးခြင်း မရှိပါဘူး။ ထောက်လှမ်းရေးအဖွဲ့ဝင်တွေရော၊ အစောင့်တွေကရော နှိပ်စက်မှုတွေကိုတိုးတိုးပြီး လုပ်သလားတောင်ထင်ရပါတယ်။ နောက်ဆုံး တန်းစီးနစ်ယောက်ကတောင် စော်ကားတဲ့ အလုပ်၊ နှိပ်စက်တဲ့ အလုပ်တွေကို လက်ရဲဇက်ရဲ လုပ်လာကြပါတယ်။

အစုလည်းနံနက်စာစားပြီးတော့ ကျွန်တော်ထိုင်နေတုန်းမှာ နံနက်ထဲက ဝင်းမြင့်ကျွန်တော့်ကို ကြည့်ကွက်ကြည့်ကွက်လုပ်နေလို့ ဘာအပြစ်မှမဖြစ်အောင် သတိထားနေမိပါတယ်။ အဲ့ဒီကြားကပဲ ဝင်းမြင့်က လက်ညှိုးနဲ့လက်မဖိကိုင်လာပြီး ကျွန်တော်ရှိတဲ့နေရာတည့်တည့်ကို ဒေါသတစ်ကြီးရောက်လာတယ်။ ရောက်တာနဲ့ ကျွန်တော့်ရှေ့က ကြမ်းပြင်ပေါ်က ကျနေတဲ့ထမင်းစေ့ကို ကုန်းကောက်သလိုလုပ်ပြီးတော့ လက်ထဲအသင့်ပါလာတဲ့ ထမင်းစေ့ကိုပြပြီး

"ဟော့ကောင်ဒီမှာတွေ့လား ထမင်းစေ့"

ဆိုပြီးကျွန်တော့်ပါးကို လက်သီးဆုပ်နဲ့ ဘယ်ပြန်ညာပြန် ၃ ချက်ရိုက်ပါတယ်။ ပြီးတာနဲ့

"မင်းအပြစ်မင်းသိလား" တဲ့။

"ဟုတ်ကဲ့" ပေ့ါ။

ဘာတတ်နိုင်မှာလဲ၊ မင်းအလှည့်လည်းလာဦးမှာပေ့ါကွာ။

ဒီနှိပ်စက်ခြင်းဆိုတဲ့အရာဟာ ကူးစက်ရောဂါတစ်ခုပါပဲ၊ ထိပ်ပိုင်းကကောင်

တွေနဲ့ ထောက်လှမ်းရေးကကောင်တွေက နှိပ်စက်ပြီး အစွမ်းပြကြချိန်မှာ အဲဒီရောဂါက အဆင့်အလိုက်အောက်ကို ဆင်းလာပြီးအားလုံးကို ရောဂါကူးစက်ကုန်ကြတာပါ။ အဲဒီလို ရိုက်နှက်ရချိန်မှာ သူတို့ဟာ သူတို့ကိုယ်သူတို့ ကြီးကျယ်မြင့်မြတ်ကြတယ် အထင်ရောက် ပြီး အရိုက်ခံရသူတွေရဲ့အော်သံ၊ နာသံနဲ့ တောင်းပန်တိုးလျှိုးသံတွေစားသုံးပြီး သာယာမှု ရှာနေကြတာပါ။

သူတို့ကြည့်ရတာ ဉာဏ်ရည်ဉာဏ်သွေးပြည့်ဝကြပုံမပေါ်ပဲ လူ့ဘဝမှာ ပုံမှန် အရည်အချင်းနဲ့ ဘယ်အခါကမှ မိမိကိုယ်ကို ကြီးကျယ်မြင့်မြတ်တယ်လို့ အထင်မရောက် ခဲ့ဘူးသူတွေဖြစ်ပုံရပါတယ်။ သူတို့ရဲ့စိတ်ပိုင်းဆိုင်ရာ ချို့တဲ့မှုကနေ ဒီနှိပ်စက်မှုတွေ ဆင့်ကဲ ဆင့်ကဲဖြစ်လာတာပါ။

ကိုချိုကြီးနဲ့ ထွန်းအောင်ကျော်တို့နဲ့ ပတ်သတ်လာရင် ကိုယ်အင်္ဂါ ချို့တဲ့အောင် ဒုက္ခိတဖြစ်အောင်လုပ်သူတွေက ထောက်လှမ်းရေးတာဝန်ခံတွေ ဖြစ်ကြပေမယ့် အခြား နှိပ်စက်မှုနဲ့ စော်ကားမှုတွေကိုတော့ တန်းစီးတွေက လုပ်ခဲ့တာပါ။ နှိုင်းယှဉ်မယ် ဆိုရင် မျိုးဇော်နဲ့ ဝင်းမြင့်တို့ လုပ်ရပ်ဟာ အခြားသူတွေထက်မညံ့ခဲ့ပါဘူး။ ရိုက်တယ်၊ ကန်တယ်၊ ဆဲ တယ်၊ အခြားနည်းတွေနဲ့ ညှင်းပန်းနှိပ်စက်တယ် ဆိုတဲ့အလုပ်တွေကို အတူနေရတဲ့ တန်းစီး နှစ်ယောက်ဟာ အခြားသူတွေထက် ပိုပြီး အချိန်တိုင်း လုပ်နိုင်ဖို့ အခွင့်အရေး ရခဲ့ပါတယ်။

တစ်ခါတစ်ရံတွေမှာ ကျော်ဝေ၊ အောင်ဖိုးနဲ့ ရာပြည့်လို လူတွေကလည်း ကိုချိုကြီးတို့ ညီအစ်ကိုလိုပဲ အနှိပ်စက်၊ အစော်ကားခံရ လေ့ရှိပါတယ်။

ဒီနေ့မှာ ကိုချိုကြီးနဲ့ ရာပြည့်ကြည့်ရတာ သိပ်ကျန်းမာပုံမရပါဘူး။ အဲဒါကို တန်းစီး နှစ်ယောက်က ဟာသလုပ်ပြီး ထောင်စောင့်တွေရဲ့ နှစ်သက်သဘောကျမှု ရရှိအောင် ကြိုး စားနေကြပါတယ်။ ကျွန်တော်တို့ ဆီးသွားတဲ့ဆီးပုလင်းတွေကို မကျန်းမာသူ၊ မထနိုင်သူ များ နေ့လည်တွေမှာပါ (ပုလင်းထဲ) ဆီးသွားတဲ့အခါမှာလည်း အသုံးပြုပါတယ်။ ဒီမကျန်း မာသူတွေကို ထောင်ထဲမှာပဲ ထိုင်ခိုင်းထားပြီး ဆီးသွားဖို့လောက်နဲ့ အပြင်မထုတ်တော့ ပါဘူး။ ပုလင်းထဲမှာပဲ ဆီးသွားခိုင်းပါတယ်။

မျိုးဇော်က

"ဟော့ကောင်တွေ ဂီလာနနှစ်ကောင်၊ ချိုကြီးနဲ့ ရာပြည့် မင်းတို့နေမ ကောင်းနေတာ ဒေသဖျားကွ။ ဒါမျိုးကို ဆေးဆရာမတွေ ဆေးထိုးပေးလို့ မပျောက်ဘူး။ ငါတို့ကပေးရင် ပျောက်တယ်"

## ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

ဝင်းမြင့်ကဝင်ပြီး

"ဟုတ်တယ်၊ မင်းတို့ထုံလိုရောဂါဖြစ်နေတာ၊ အအေးအဏ်ကြောင့်ဖြစ်တာ၊ ဒါမျိုးက အပူနဲ့ပြန်ကုရတာ၊ အဲဒီတော့မင်းတို့နှစ်ကောင် ကိုယ့်သေးကိုယ်ပြန်သောက်ကြစမ်း"

"ဟာ မလုပ်ပါနဲ့၊ မသောက်ပါရစေနဲ့ဗျာ"

"မအေ - တွေ မသောက်ဘူးလား၊ သောက်မှာလား"

ပြောပြောဆိုဆို ကိုချိုကြီးနဲ့ ရာပြည့်ကို တစ်ယောက်စီက ထင်းတစ်ချောင်းစီနဲ့သွားရိုက်ပြီး အသောက်ခိုင်းနေပါတယ်။

"မင်းတို့ကို ထမင်းအလကားကျွေးထားရတာ၊ ကျန်းမာပြီး အလုပ်လုပ်ရင် မင်းတို့ကို ထမင်းကျွေးရတာ အလကားမဖြစ်ဘူး၊ မင်းတို့က မသောက်တာ မကျန်းမာချင်လို့၊ အလုပ်မလုပ် ချင်လို့မဟုတ်လား၊ ထမင်းအလကားစားချင်တဲ့ကောင်တွေ"

ဆိုပြီး ရိုက်ပါတယ်။ မျိုးဇော်က ကိုချိုကြီးကိုရိုက်ပြီး ဝင်းမြင့်က ရာပြည့်ကိုရိုက်နေပါတယ်။

ကိုချိုကြီးနဲ့ ရာပြည့်တို့နှစ်ယောက်ကြည့်ရတာ ဖြစ်တဲ့ဘဝမှာ ဘာမှမထူးတော့ဘူးလို့ ဆုံးဖြတ်လိုက်ပုံရပါတယ်။ နှစ်ယောက်လုံးက တစ်ပြိုင်နက်လိုလို ဆီးပုလင်းကိုကိုင်ပြီး မော့ချလိုက်ကြပါတယ်။ ကိုချိုကြီးခေါင်းက သွေးတွေစီးကျနေပါတယ်။ ဒီအဖြစ်ဟာ တန်းစီးနှစ်ယောက်နဲ့ ထောင်စောင့်တွေအတွက်တော့ အပျော်ပြေစရာပါ။

မျိုးဇော်က ကိုချိုကြီးကို

"ဟေ့ကောင် ချိုကြီး၊ မင်းအရေပြားကလည်း ပါးလိုက်တာကွာ၊ ရွယ်ယုံနဲ့ ကွဲသွားတာ၊ အေးမင်းတို့က ခေါင်းမာတဲ့ ကောင်တွေကိုးကွ၊ ကဲအခုဆီးပုလင်း အဖုံးကို ချိုလိမ်ဆိုသလို မင်းတို့ (၂) ကောင်ဆို့ထားကြ၊ ဖြုတ်ရင် အရိုက်ခံရမယ်"

ကျွန်တော်ရင်ထဲမှာ နာကျင်ခြင်း၊ ကြေကွဲခြင်း၊ နာကျည်းခြင်းတွေနဲ့အတူ မျိုသိပ်ထားရတဲ့ ဒေါသတွေ မီးလောင်နေပါတယ်၊ အကျဉ်းသားတွေ အားလုံး မြင်ရတဲ့မြင်ကွင်းအပေါ်မှာ အားလုံးက စိတ်မကောင်းကြပါဘူး။ နှိပ်စက်မှုတွေကို ဇော်ကား လိုတဲ့၊ သိက္ခာချလိုတဲ့ရည်ရွယ်ချက်နဲ့ လုပ်နေကြတာပါ။နှိပ်စက်မှုတွေကို ထောက်လှမ်းရေးကကောင်တွေ လုပ်တာက ပိုပြီးကြမ်းတမ်း ပါတယ်။ ဒါပေမယ့်အကျဉ်းသားတွေ ကလည်း သေကာမှ သေရော၊ မသေခဲ့ရင်တော့ ပြန်ပြီး ကျန်းမာလာကြပါတယ်။ စံနိုင်ရည်တော်တော်ရှိ

ကြပါတယ်။ စိတ်ပိုင်းဆိုင်ရာ မခံချင်မှုကြောင့် ဆန့်ကျင်တဲ့စိတ်က ပြန်ကျန်းမာလာစေ တာနဲ့တူပါတယ်။ စိတ်လျှော့လိုက်တဲ့ သူတွေကတော့ လွယ်လွယ်ကူကူ အသက်ပါသွား ကြတယ်။

မောင်မောင်ခင်ကိုဆိုရင်လည်း မီးဖုတ်ထားတဲ့ ခါးကို ဗိုက်မှာကပ်ပြီး နိပ်စက် တာ၊ ရင်အုံကိုတော့ ပုလင်းကွဲတွေနဲ့ခြစ်ပြီးလှီးထားတာ၊ အဲ့ဒီအနာတွေက ယောင်ပြီးပိုးဝင် နေတယ်၊ ဒါပေမယ့် လူကတော့ကျန်းကျန်းမာမာ၊ ခေါင်ခေါင်မြည်ဘဲ။

နောက်တစ်ယောက်ပျာ၊ ဗိုးဆန်းဆိုရင် ခေါင်းမှာရက်ရက်စက်စက် အရိုက်ခံရပြီး ကွဲနေတာ။ ဆေးဆရာမတွေက ခေါင်းကိုချုပ်ပေးပြီးတဲ့နောက် သူ့ကို ဝါးရင်းတုတ်နဲ့ မရိုက် တော့ဘူး။ ကြာပွတ်နဲ့ပဲ ရိုက်တော့တယ်၊ တစ်ကိုယ်လုံး၊ မျက်နှာပါမကျန် ကြာပွတ်ရာတွေ ချည်းပဲ။ အဲဒီလိုဗိုးဆန်းကိုစစ်ကြောရေးမှာ စစ်နေ၊ ရိုက်နေတုန်း ထောက်လှမ်းရေး အဖွဲ့ သားနောက်တစ်ယောက် ဝင်လာပြီး

"အိုး ဒီကောင် တအားနာနေတယ်၊ မရိုက်ပါနဲ့တော့၊ နားပါစေတော့"

လို့ပြောပြီး အပြင်ဘက်ကွင်းပြင်ထုတ်ပြီး တိုင်မှာလက်ပြန်ကြိုးတုပ်ပြီး ချည်ထားလိုက် ပါတယ်။ နေ့ခင်းရော ညပါ အအေးဒဏ်ထဲ အဲ့သလိုအချည်ခံရအပြီး မသေသေးတဲ့အပြင် နောက်မနက်မှာ ထိန်လင်း(ဘောကြီး)ကိုလည်း ခေါ်လာပြီးအတူတူ ချည်ထားလိုက်ပါ တယ်။ သူတို့ကို တစ်နာရီခြားတစ်ခါလောက် ရှောင်းရေနဲ့ လာလာပြီးလောင်းပါတယ်။

ပါရှောင်ဆောင်းက ညဥ့်နက်လေ အေးလေဖြစ်လာပြီး မြေကြီးထဲမှာရှိတဲ့ အစိုဓါတ်(ရေ)တွေက ခဲပြီး ရေခဲညှောင့်တွေ ဖြစ်လာပြီး တင်ပါးကိုသွားသွားထိုးပါတယ်။ နေရာရွှေ့လိုက်ရင် ကြွပ်ကြွပ် ကြွပ်ကြွပ် မြည်ပြီး ရေခဲညှောင့်တွေကျိုးကုန်ပါတယ်။ နံနက် လင်းလို့ကြည့်လိုက်ရင်မြင်ကွင်းတစ်ခုလုံးက နှင်းတွေခဲနေပြီး ခရစ်စမတ်ကဒ်ထဲက ပုံတွေ လို ဖွေးဖွေးဖြူနေပါတယ်။

နောက်တစ်ရက်ခြားမှာမှ သူတို့နှစ်ယောက်လုံးကို ထောင်ထဲပြန်ပို့လိုက် ပါတယ်။ ဟုတ်ကဲ့ ကျန်းကျန်းမာမာရှိကြပါတယ်။ ဦးလေးစိန်(ဦးစိန်)ဆိုရင်လည်း အသက် အရွယ်ကလည်းကြီးတာတောင် ရိုက်နက်နှိပ်စက်ခံရတာများလွန်းတာတောင် စိတ်က ဆောင်နေတော့ အသက်ဆက်လက်ရှင်သွားခဲ့ပါတယ်။ အတွင်းမှာသူဘယ်လောက်ခံနေ ရတယ်ဆိုတာ မညည်းမငြူပဲနဲ့ ကြိတ်ခံပြီး သွားသွားလာလာနဲ့ လူကောင်းတစ်ယောက် လိုနေသွားခဲ့ပါတယ်။ ကျွန်တော်မှတ်တာမမှားခဲ့ရင် တပို့တွဲလပြည့်ည (၈)နာရီလောက်

မှာအလံတိုင်ကုန်းပေါ်က ထောင်ထဲမှာသွေးအမည်းတွေအန်ပြီး ကွယ်လွန် သွားခဲ့တာပါ။

ကျွန်တော်ပြောချင်တာက သေခါမှသေရော ဝေဒနာခံစားရမှုကို တွန်းလှန်ပြီး သွေးအမည်းအန်တဲ့ အဆင့်မှာတောင် မအန်မချင်း တော်လှန်တဲ့စိတ်ကဆောင်လို့ လှုကောင်းတစ်ယောက်လိုနေနိုင်တာကို ပြောတာပါ။

ညနေခင်းကျွန်တော်တို့တစ်တွေ ထောင်ထဲမှာ မျက်စေ့မှိတ်တန်းစီထိုင်နေတုန်းမှာ တပ်ရင်းမှူးအောင်သန်းနဲ့ အဖွဲ့တတွေ သန်းဇော်၊ အောင်မင်း၊ ဇော်ဇော်မင်းတို့နဲ့အတူ အရက်မူးပြီး မိုးထဲရေထဲ တောင်ကုန်းပေါ်တက်လာကြပါတယ်။ အောင်သန်းက ရှေ့တန်း တစ်နေရာကနေ ဗဟိုကိုအစုပဲ ပြန်လာတာလို့ပြောပါတယ်။ ပြန်လာလာချင်း ထောင်ထဲ သွားချင်တယ်ဆိုပြီး တန်းလာတာပါ။

အောင်မင်းက ဦးဆောင်ပြီး အောင်သန်းကိုအကျဉ်းသားတွေနဲ့ တစ်ဦးချင်း မိတ်ဆက်ပေးပါတယ်။ အကျဉ်းသားတွေ ကတော့ မျက်နှာအဝတ်စည်းထားရင်းပေါ့၊ အကျဉ်းသားတစ်ဦးချင်းစီတို့ဟာ အောင်သန်းရဲ့ စော်ကားမော်ကားစကားနဲ့ မေးခွန်းတွေကို ရိုရို သေသေတုံ့ပြန်ဖြေကြားရပြီး တစ်ဆက်တည်းမှာ လူမဆန်အောင် အရိုက်ခံရပါတယ်။ ထောင်တစ်ခုလုံး အသံမထွက်ပဲ တိတ်ဆိတ်နေပြီး အောင်မင်းရဲ့အသံ၊ ဇော်ဇော်မင်းရဲ့ရယ်သံ၊ အောင်သန်းရဲ့စော်ကားသံ၊ ရိုက်နှက်သံ၊ အကျဉ်းသားတွေရဲ့ ငိုညည်းသံတွေသာ အနိဋ္ဌာရုံအဖြစ်ထွက်ပေါ်နေပါတယ်။

သူမေးတဲ့မေးခွန်းကို ဖြေနိုင်ရင်ဖြေနိုင်လို့အရိုက်ခံရပါတယ်။ မဖြေနိုင်ရင် မဖြေနိုင်လို့ အရိုက်ခံရပါတယ်။ အောင်သန်းလာတာက သူရှိသေလေးစားခဲ့ရတဲ့ ဗဟိုကော်မတီဝင်ဟောင်းတွေကို ရိုက်ဖို့ပါ။ အဆစ်အနေနဲ့ ကိုချိုကြီးနဲ့ ကျွန်တော်က ပါသွားတာပေါ့။

ကိုချိုကြီး၊ ထွန်းအောင်ကျော်နဲ့ အခြား ၃ – ၄ ယောက် အပြီးမှာ ကျွန်တော့် အလှည့်ရောက်လာ ပါတယ်။

"မင်း ငါ့သိလား"

"ဟုတ်ကဲ့ ခင်ဗျ"

"ဘာလို့ သိတာလဲ မင်းနဲ့ ငါမတွေ့ဘူးကြပဲနဲ့"

အရိုက်က တစ်ဆက်တည်း ပါလာပါတယ်။

"ဘေးက ပြောသံတွေကြားရလို့ သိတာပါ"

"ဘာကွ မင်းက အခုထက်ထိ ဘေးကို နားစွင့်တဲ့ ထောက်လှမ်းရေး

အကျင့်မပျောက်သေးဘူးပေါ့"

ဆက်ရိုက်ပါတယ်။

"မင်းဘာလို့ ပြန်မပြောတာလဲ"

ဆက်ရိုက်ပြန်ပါတယ်။ အဲ့ဒီအချိန်မှာ သန်းဇော်ဝင်လာပြီးပြဿနာပိုကြီးအောင်လုပ်ပါတယ်။

"ဟော့ကောင်၊ မင်းရင်းမှူးကိုတစ်ခါမှမတွေ့ဖူးပဲ သိတယ်ဆိုတာ မင်းထောက်လှမ်းရေးကောင်းတစ်ယောက်ပဲ"

အဲဒီအချိန်မှာ အောင်သန်းကထပြီး ခြေထောက်နဲ့ကန်ပါတယ်။ အမျိုးစုံနှိပ်စက်ပြီးလို့ အားရသွားချိန်မှာ ဘေးကပ်လျက်က တစ်ယောက်ကို သူတို့ဆက်ပြီး နှိပ်စက်စော်ကားပါတယ်။

အဲဒီအချိန်မှာပဲ မျိုးဝင်းဟာ ကွန်မင်ဒိုလက်နက်ကိုင်အစောင့်တွေနဲ့ အတူထောင်ထဲဝင်လာပြီး အားလုံးကိုသေနတ်နဲ့ ချိန်ထားလိုက်ပါတယ်။ ပြီးတာနဲ့ အောင်သန်းကို သတိဆွဲခိုင်းပြီး ရိုက်နက်ကန်ကျောက်လုပ်တယ်။ လာရိုက်တဲ့ အထဲပါသူအားလုံးထောင်အပြင်မှာ သတိဆွဲပြီး ရပ်ခိုင်းလိုက်ပါတယ်။ ပါတဲ့သူအားလုံးကို ပါးရိုက်ပြီးချိန်မှာနောင်ကို ထောင်ကုန်းပေါ်ဘယ်သူမှ ခွင့်ပြုချက်မရှိပဲ မတက်ရဘူး။ ထောင်ထဲကို ဘယ်သူမှ "အခွင့်မရှိပဲ ဝင်မရိုက်ရ" ဆိုတဲ့အမိန့် ထုတ်သွားပါတယ်။

"မင်းတို့ ဝင်ရိုက်လို့ အကျဉ်းသားတစ်ဦးဦးသေရင် အဖိုးတန်စပိုင်တစ်ယောက်ပါးစပ်က တန်ဖိုးရှိတဲ့သတင်းတွေ မရအောင်နှုတ်ပိတ်တယ်လို့ သဘောထားပြီး အရေးယူမယ်"

မျိုးဝင်းအားလုံးကို ပြန်ခေါ်သွားပါတယ်။ သူပြန်သွားတာနဲ့ ဆေးဆရာမတွေအုပ်စုလိုက်တက်လာပြီး ကွဲပြဲတာတွေကို လာချုပ်ပေး၊ ဆေးထည့်ပေးလုပ်ပါတယ်။

နောက်မှ ကျွန်တော်တို့သိရတာက ထောင်စောင့်တာဝန်ကျနေတဲ့ "ရာဟု" က သူစောင့်နေတဲ့အချိန် ဝင်ရိုက်တာ သူ့ကိုစော်ကားတာဖြစ်တယ်၊ တစ်ခါ ဒီအကျဉ်းသားတွေက လူတွေ၊ အပြစ်ရှိလို့သတ်ချင်သတ်လိုက်၊ အလကားနေရင်း လာနှိပ်စက်မနေနဲ့မကြိုက်ဘူး။ အဲ့ဒါ V.C.S အစုလိုက်တားပေးပါဆိုပြီး သွားခေါ်လို့ အခုလိုဖြစ်သွားတယ်ဆိုတာ သိလိုက်ရတယ်။

ရာဟုက လယ်သမားက တောခိုလာတာ၊ စာလည်းသိပ်မတတ်ရှာဘူး။

## ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

ဘာကောင်မှလည်းမဟုတ်ဘူး၊ ဒါပေမယ့် မိုးညှင်း၊ မိုးကောင်း၊ နမ္မားဒေသခံဆိုတော့ မျိုးဝင်းကိုပြန်မြောရဲတယ်။ မျိုးဝင်းကလည်း သူ့ဒေသခံတွေရဲ့ "တရားနည်းလမ်းကျသော၊ ဒေသကိုသစ္စာဖောက်ရာမရောက်သော စောဒက" ဆိုရင် ဖြေရှင်းပေးတတ်ပါတယ်။

ဘာပဲဖြစ်ဖြစ်လေ တစ်ချိန်နိုင်ငံတကာတရားရုံးလိုနေရာမှာ ရင်ဆိုင်ရရင် ရာဟုတောင်တစ်ခြားပြစ်မှုတွေက လွတ်ပုံမလားမသိဘူး။ ပြစ်မှုတွေကအချိန်တိုင်း၊ နေရာတိုင်းမှာ တအားများနေလို့ပါ။

□



အခန်း(၁၀)

နောက်ရက်မနက်မှာ သန်းဇော်ထောင်ထဲရောက်လာပြီး

"မင်းတို့ထဲမှာ စစ်ကြောရေးမလုပ်ရသေးတဲ့သူ ဘယ်သူကျန်သလဲ"

ကျွန်တော်၊ ဇော်ကြီးနဲ့ တစ်ခြား (၃) ယောက် လက်ထောင်ကြပါတယ်။

"အေး၊ အေး မင်းကိုခေါ်မယ်၊ ထောင့်စောင့်တွေရော မှာခဲ့မယ်နော် ဒီကုလားကို သိပ်မနှာစေနဲ့၊ ဒီကောင်က မဟာမိတ်နဲ့လည်း အဆက်အသွယ်ရှိတယ်၊ ဒါ ဗိုးC.S ပေးတဲ့အမိန့်ပဲ"

တိုးကြည်နဲ့ ဝဏ္ဏဇော်က

"ကိုညီ ခေါ်ရင် တစ်ခါတည်းအစစ်မခံလိုက်နဲ့နော်၊ ခပ်ရိုးရိုးပြောပြီး နာမှ ဝန်ခံတဲ့ပုံစံလုပ်"

လို့ သီးခြားစီသတိပေးရှာကြပါတယ်။

မကြာခင်မှာပဲ ကျွန်တော့်ကို အနီးအနားက အဆောက်အဦး တစ်ခုကို ခေါ်သွားတော့ ကျွန်တော်အမှန်အတိုင်း ဘဝမှန်ကိုပြောပြလိုက်ပါတယ်။ စစ်တဲ့သူက ကျော်ထင်ဦးနဲ့ နောက်တစ်ယောက်ပါ။ လုံးဝ မရိုက်ပါဘူး။ ကျော်ထင်ဦးက

"ခင်ဗျား ဘယ်တုန်းကထရိန်နင်ယူသလဲ"

"ထရိန်နင်မယူရသေးပါဘူး၊ ရောက်ခါစမှာပဲ အဖမ်းခံရတာပါ"

"မဟုတ်ဘူး၊ စစ်တပ်က မဆလစစ်တပ်က စစ်သင်တန်းပြောတာ၊

# ဝံပုလွေများထံမှ လွှတ်မြောက်ခြင်း

ခင်ဗျားအရာရှိတစ်ယောက်ပဲ"

"ကျော်ထင်ဦးရာ ငါမွတ်စလင်မ်တစ်ယောက်ပါကွာ၊ အခုအချိန်မှာ ရဲတပ်ဖွဲ့မှာ ဒုလုံခြုံရေးမှူးသင်တန်း တောင်လွယ်လွယ်ကူကူ တက်လို့မရတော့ပါဘူး၊ ဘယ်လိုလုပ်ထောက်လှမ်းရေးက ဗိုလ်ဖြစ်မှာလဲ"

"အဲဒါဆို ခင်ဗျားကြဘယ်လိုအဆက်အသွယ်နဲ့ အရာရှိဖြစ်နေတာလဲ"

"မဟုတ်ပါဘူးဆိုကွာ၊ တကယ်မဟုတ်တာပါ၊ ငါအစစ်ခံခဲ့တာ အကုန်အမှန်တွေချည်းပါဘဲ"

"မဟုတ်ဘူး ခင်ဗျားစစ်တပ်ကမဟုတ်ရင်လည်း ထောက်လှမ်းရေးတစ်ဖွဲ့ဖွဲ့ကတော့ဟုတ်တယ်၊ ခင်ဗျားကို ဘယ်သူလွှတ်လဲ၊ ခင်ဗျားကောင်းကောင်းဖြေနော်၊ နာသွားမယ်"

အမျိုးမျိုးကြံဖန်ငြင်းကြည့်ပြီး နောက်ဆုံးမပြောမဖြစ်တာနဲ့

"ဟုတ်ပါတယ်၊ တ.စ.ညပါတီကနေပြီး အကြပ်ကိုင်လွှတ်လိုက်တာပါ"

"မလိမ်နဲ့နော်၊ ခင်ဗျားတို့ပြန်ကလူတွေကို ကျွန်တော်တို့က ယုံတာမဟုတ်ဘူး၊ နေရေထိုင်ရေး၊ စားဝတ်နေရေး အဆင်ပြေရဲ့သားနဲ့ နိုင်ငံရေးဝင်လုပ်တယ်ဆိုတာကိုက မရိုးသားတာ၊ ချမ်းသာတဲ့ဘယ်သူမှ နိုင်ငံရေးကို ရိုးရိုးသားသား မလုပ်ဘူး"

"အမှန်ပြောတာပါ၊ ငါကမန္တလေးအရှေ့မြောက်မြို့နယ် တ.စ.ည ပါတီက ထောက်လှမ်းရေးတာဝန်ခံပါ"

"ကောင်းပြီလေ၊ ကောင်းပြီ ရပြီ အခုပြောလိုက်မယ်နော်၊ ခင်ဗျားပြောသမျှ ဘာကိုမှ ကျွန်တော်လက်မခံဘူး၊ ခင်ဗျား လိမ်နေတာ၊ ခင်ဗျားကို အခွင့်အရေးပေးလို့မရဘူး။ မရိုက်ချင်လို့ ကောင်းကောင်းပြောမှာလားလို့ လွှတ်ထားပေးကြည့်တယ်၊ မရဘူး၊ ခင်ဗျားတို့ ကျင်းတူးမိုက်မယ့်သူတွေ၊ အခုထက်ထိ မဆလတပ်ကို သစ္စာရှိပြနေတယ်၊ ခင်ဗျားတို့အဖွဲ့အစည်းက ခင်ဗျားတို့ အပေါ်ဘာတာဝန်ယူလို့တုန်း"

စစ်ကြောရေးလို့ခေါ်တဲ့ ကီစ္စဟာ (၂)နာရီလောက်နဲ့ပဲ အောင်မြင်စွာပြီးသွားပါတယ်။ အောင်မြင်စွာလို့ပြောရခြင်းဟာ ကျွန်တော်လိမ်နေတယ်၊ နောက်တစ်ခါနာမှ အမှန်ပြောမှာလို့ သူတို့လက်ခံလိုက်လို့ပါ။ ရသလောက်လိမ်နေတယ်ဆိုတဲ့ ပထမဆင့် ပြီးသွား

တာကိုပြောတာပါဗျာ။ ကျွန်တော်တို့ဘဝကြီးကဗျာ တော်လှန်ဖို့ရည်ရွယ်ထားတဲ့ ရန်သူ အဖြစ် အစွပ်စွဲခံရတယ်။ရန်သူအဖြစ်ဟန်ဆောင်ရတယ်၊နောက်ဆုံးဗျာရန်သူဖြစ်ကြောင်း ဝန်ခံထွက်ဆိုရာမှာ တောင် ယုတ္တိရှိအောင် အနှာခံပြီးမှ ဝန်ခံရတယ်ဗျာ။ တော်တော်အသဲ နာစရာကောင်းတဲ့ အဖြစ်အပျက်ကြီးဘဲ။

ညနေမှာ မျိုးဝင်းကျွန်တော်ရှိတဲ့ ထိပ်တုံးကိုရောက်လာတယ်။

"ညီညီ မင်းတို့ စပိုင်အုပ်စုထဲမှာ မောင်မောင်ဆိုတာပါလား။"

"ပါတယ်ခင်ဗျ။ အောင်စိုး ခေါ် မောင်မောင်၊ မန္တလေး လမ်း၈၀နဲ့ ၃၅ လမ်းထောင့်မှာနေတယ်၊ တရုတ် ခေါက်ဆွဲဆိုင်က၊ ဆိုင်နာမည်က စင်းရှင်းတဲ့"

"အဲဒါဆို အဲဒီကောင်က တရုတ်ပေါ့၊ ဒါဆို ဒီကောင်ကရော"

သူကျွန်တော့်ကို စာတစ်စောင်ထုတ်ပြပါတယ်။ စာက ကျွန်တော့်အစ်ကို ကိုမောင်မောင်ရေးတဲ့စာဖြစ်ပြီး ရွှေလီကနေ ရေးတယ်လို့ ဆိုပါတယ်။ ကျွန်တော့်မိခင် အစ နစ် မဂ္ဂဒါမြို့ကို ဘာသာရေးအရသွားမှာကို ကျွန်တော့်ကို နှုတ်ဆက်ချင်လို့ အဲဒါ ကျွန်တော် ရင်ကျန်းကို ဆင်းလာနိုင်မလားလို့ စုံစမ်းတဲ့စာပါ။

"ဗျာ ဒါကမဆိုင်ဘူး၊ ဒီမောင်မောင်က ကျွန်တော့်အစ်ကို၊ ကျွန်တော့် အစ်ကိုက ကျွန်တော်ထောက်လှမ်းရေး ဖြစ်နေမှန်းတောင်သိတာမဟုတ်ဘူး"

"အေး သူကလည်း ဒီလိုပြောတာပဲ"

ကျွန်တော်စိုးရိမ်သွားရပါပြီ၊ သူ့ကို ဒီခေါ်ထားလိုက်ပြီလား၊ သူ့ကိုမဖမ်းသေးတာ တော့သေချာပါတယ်။ တကယ်လို့ ဖမ်းခဲ့ပြီးဖြစ်ရင် သူ့ကို ဒီပို့ရမှာ၊ ဘာလို့ လိုက်လာတာလဲ မသိဘူး အစ်ကိုရာ။ ကျွန်တော်ဒီမှာ မဟာမိတ်နဲ့ ညှိနေတာ အဆင်ပြေသွားမယ့် ဥစ္စာ။ ဟုတ် ပါတယ်လေ သူလည်းစိုးရိမ်ပြီး လိုက်လာတာဖြစ်မှာပေါ့။ သူရွှေလီကနေ တက်လိုက်မလာ ရင်တော့ ကောင်းမယ်။

နောက်ရက်တွေမှာလည်း ပုံမှန်တောထဲ ထင်းထမ်း၊ ဝါးထမ်းလုပ်ရတဲ့၊ တောထဲ သွားတဲ့အလုပ်တွေ လုပ်ရပါတယ်။ စခန်းအတွင်းထဲသွားရတဲ့ အဆောက်အဦး လုပ်ငန်းမျိုး၊ နီးဖြာ၊ ထရံယက်လုပ်ငန်းမျိုးမှာ ကျွန်တော်ပါခွင့်မရပါဘူး။ ထောက်လှမ်းရေး ကကောင်တွေ ကတော့ ကျွန်တော့်ကိုကြုံရင်ကြုံသလိုကြိမ်းနေကြပါတယ်၊ ဒီစစ်ကြောရေး ဆိုတာကြီးကို ရင်ဆိုင်တွေ့လိုက်ချင်ပါပြီ။ တထိတ်ထိတ်နဲ့နေရတာ ဆိုးလွန်းလို့ပါ။

မနက်စာထမင်းစားပြီးချိန်မှာ မျိုးဝင်းအချုပ်စခန်းထဲရောက်လာပါတယ်၊

# ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

"ဟေ့ကောင်ညီညီ မျက်နှာဖွင့်စမ်း"

ပြောပြောဆိုဆို တုတ်နဲ့ ရိုက်ပါတယ်။

"ဟေ့ကောင် မင်းလိမ်ဖို့မကြိုးစားနဲ့ မင်းထောက်လှမ်းရေး (၁)က (၂)မှုင့်ဗိုလ်မှန်း ငါအနိုင်အမာသိပြီးပြီ၊ ငါ့လူကို မန္တလေးလွှတ်လိုက်တာ၊ မင်းနေတဲ့အိမ်ဘေးမှာ သွားတည်းပြီး စုံစမ်းခဲ့တာ၊ မင်းဘာမှလိမ်ဖို့ မကြိုးစားနဲ့တော့"

(မျိုးဝင်းရာ သွားသေလိုက်ပါလား၊ အတည်ပေါက်လာလုပ်နေတာ၊ မြန်မာတစ်ပြည်လုံးမှတ်စလင်မ်ထောက်လှမ်းရေးအရာရှိတစ်ယောက်မှမရှိတာ ထမင်းစားတဲ့သူအားလုံးသိတယ်။ မင်းတို့အကျင့်ကလည်း မင်းတို့တိုက်နေတယ်ပြောတဲ့ မဆလ အကျင့်နဲ့ မကွာပါဘူးကွာ)

"ဗျာ၊ ဟုတ်ကဲ့ ဟုတ်ကဲ့ပါ၊ V.C.S မန္တလေးအထိ သွားစုံစမ်းခဲ့ပြီးပြီ ဆိုမှတော့ ကျွန်တော်ဆက်ဖုံးထားလို့လည်း အပိုပါပဲဗျာ၊ ကျွန်တော် ဒီတစ်ခါအမှန်အတိုင်း ပြောပါတော့မယ်"

မျိုးဝင်းကနှုတ်ဆက် ရိုက်ချက် ၄ – ၅ ချက်နဲ့ နှုတ်ဆက်ပြီးထွက်သွားပါတယ်။ မျိုးဝင်းထွက်သွားတာနဲ့ ဝဏ္ဏဇော်က

"ကိုညီ ခင်ဗျားကိုဗိုလ်ဆိုတာ သူတံဆိပ်ကပ်သွားပြီ၊ အဲ့ဒါကို လက်ခံရမှာနော်၊ ဈေးမဆစ်နဲ့ ဒါသူတို့ရဲ့လုပ်နည်းပဲ၊ ဗိုလ်လို့ ရိုးရိုးမပြောပဲ(၂)မှုင့်လို့ ပြောသွားတာကိုက ခင်ဗျားဈေးဆစ်လို့မရအောင်ပြောသွားတာ"

ညအိပ်ချိန်မှာလည်း ဝဏ္ဏဇော်ကဆက်ပြီး

"ခင်ဗျားကိုခေါ်ရင်မနာခင် စဉ်းစားထားတာတွေဘာမှမပြောနဲ့နော်၊ နာမှပြော၊ အလကားနေရင်းအသစ် စဉ်းစားနေရဦးမယ်၊ဖြေထားတာတွေ မှတ်ထားဦး၊ ပြန်မေးမှာ၊ မတူရင်ထပ်အရိုက်ခံရပြီးဗျာလည်သွားမယ်၊ အမှုကိုလည်း ဘယ်သူနဲ့တွဲမှာလဲ၊ မလည်မဝယ်အုကြောင်ကြောင်ကောင်နဲ့တွဲမိရင် လျှောက်ပြောတာနဲ့အကုန် သပွတ်အူ လိုက်ကုန်ဦးမယ်"

ဒီနေ့မနက်ထမင်းစားအပြီး အလုပ်အတွက် လူခွဲချိန်မှာ ကျွန်းမာသူအုပ်စုထဲမှာ ကျွန်တော်ဝင်ရပ်လိုက်ပါတယ်။ အလုပ်လုပ်မယ်ပေါ့ဗျာ။

"ညီညီ မင်းအထဲပြန်ဝင်၊ မင်းမလိုက်ရဘူး၊ မင်းကို ခေါ်လိမ့်မယ်"

အနှိပ်စက်ခံရမယ့်အချိန်ကို ထိုင်စောင့်ရတာ တော်တော်စိတ်ပင်ပန်းတာပဲဗျာ။

ဘယ်လိုတောင့်ခံထားရမလဲ၊ ဘယ်လောက်အထိတောင့်ခံရမလဲ၊ မတွေးတတ်ဘူး။ ကျွန်တော့်စကားတွေကို သူတို့လက်ခံသွားဖို့အရေးကြီးတယ်။ ယုံအောင် မပြောနိုင်ရင် စစ်ကြောရေးထဲမှာ သေမှာ၊ အဲသလိုသေတာမျိုးအရင်ကလည်းဖြစ်ဖူးကြတယ်ဗျာ။

အမှန်တော့ဗျာ၊ ဒီလုပ်ဇာတ်ကြီးမှာ ကျွန်တော်ထောက်လှမ်းရေးမဟုတ်မှန်း ကျွန်တော့်ဘာသာသိသလောက် သူတို့ကလည်း အသေအချာသိနေတာပါ။ ဒီလိုမျိုး လုပ်ချင်လို့ကို လုပ်နေကြတာ။ ကျွန်တော်တို့ကဒီနေရာကဘာလို့ ပါဝင်ပြီး သရုပ်ဆောင်နေကြသလဲဆိုရင် သေမှာကြောက်ကြလို့ပါ။ သူတို့အောက်သားတွေကို ရှင်းပစ်နေတာဟာ ဒို့ပြင်ရည်ရွယ်ချက်နဲ့ပါ။ မိုးညွှင်း၊ မိုးကောင်း၊ နမ္မားသားတွေသာရှိတဲ့ အထဲမှာ အခြားသူများကို မျိုးစုံစွပ်စွဲ၊ ရန်သူလို သဘောထားပြီး ရှင်းနေတာဟာ အခြားသူများကျန်နေခဲ့ရင် သူတို့ မိုးညွှင်း၊ မိုးကောင်း၊ နမ္မားသားတွေ အကျိုးစီးပွားကိုထိခိုက်ဖို့ ဖြစ်လာနိုင်လို့ဘဲ ဖြစ်ရမယ်။ ဒီမိုးညွှင်း၊မိုးကောင်း၊နမ္မားသားတွေဟာဒီမိုကရေစီကိုသာတကယ်ကြွေးကြော်ရင် လိုချင်ရင်ကျွန်တော်တို့နဲ့ ရည်ရွယ်ချက်တူဖြစ်လို့ ပြဿနာ ဖြစ်စရာ မရှိပါဘူး။ ဒီမိုးညွှင်း၊ မိုးကောင်း၊နမ္မားသားတွေမှာအခြားရည်ရွယ်ချက် တစ်ခု အသေအချာကိုရှိနေပါတယ်ဗျာ၊ ဘာမှန်းသာ မသိရသေးတာပါ။

မန္တလေးက မွတ်စလင်မ်၊ ထောက်လှမ်းရေး(၁)က ဗိုလ်တဲ့၊ ရှိသေးတယ် ထောက်လှမ်းရေး(၁)ကဘဲ ဗိုလ်မှူးညီအစ်ကို နှစ်ယောက်တဲ့။ မန္တလေးထောက်လှမ်းရေး(၁)ရဲ့ဖွဲ့စည်းပုံမှာ အရင်ကဗိုလ်ကြီးမြင့်ဦး၊ အခုဗိုလ်မှူးကျော်အေးက အမြင့်ဆုံး။ သူ့အထက်မှာ ဘယ်သူမှမရှိဘူးဆိုတာ မန္တလေးကအစိုးရဆန့်ကျင်တဲ့ ကျောင်းသားအားလုံး သိတယ်၊ ပြည်သူအားလုံးသိတယ်။

နံနက် ၁ဝနာရီကျော်ကျော်လောက်မှာ ကျွန်တော့်ကိုစစ်ကြောရေးအတွက် ဆိုပြီး ကွန်မင်ဒိုကစံထွန်းလာခေါ်ပါတယ်။ ဒီရုံးက အရင်နေ့က ကျော်ထင်ဦးကျွန်တော့်ကို စစ်တဲ့ရုံးပါပဲ။ အခန်းထဲဝင်လိုက်တယ်ဆိုရင်ဘဲ အဆဲအဆို၊ အခြိမ်းအခြောက်တွေ စပြီး ကြားရပါတော့တယ်။ သန်းဇော်က

"ဟေ့ကုလား၊ မင်းတော့ ဒီနေ့တွေ့ပြီ၊ အရင်နေ့က လွှတ်ပေးထားတာကို မင်းကရှုးချင်ယောင်ဆောင်သွားတယ်"

ပြဿနာပဲဗျာ ဒီမှာလူစုံနေတယ်။ သန်းဇော်၊ ဇော်ဇော်မင်း၊ မောင်ထွေး၊ ဖိုးနောင်၊ သက်လင်း၊ အောင်မင်းနဲ့ တခြားကောင် တွေရောရှိသေးတယ်။ အားလုံးကို မှတ်မိ

## ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

အောင် လိုက်ကြည့်ခွင့်တော့မရလိုက်ဘူး။ ဒါပေမယ့်လူစုံတက်စုံနဲ့ ပွဲကြီးနွှဲဖို့ ပြင်ဆင်ထားတာသွေးပျက်စရာဘဲ။ ကဲ အခုစပါတော့မယ်ဗျာ။

"မင်း ဗိုလ်မဟုတ်လား"

"မဟုတ်ပါဘူးဗျာ"

နောက်ထပ်မေးခွန်းဆက်မလာပါဘူး။ ရှိသမျှလူတွေကဝိုင်းရိုက်၊ ဝိုင်းထိုးတာကို အလူးအလဲခံလိုက်ရပါတယ်။ ရုက်ချင်းပဲ

"ကဲ မင်းခြေဆင်းထိုင်"

ဆိုပြီး မြေကြီးပေါ်ထိုင်ခိုင်း၊ လက်နှစ်ဘက်ကို လက်ပြန်ကြိုးတုပ်လိုက်ပါတယ်။ ဇော်ဇော်မင်းက ဝါးရင်းတုတ်နဲ့ ကျွန်တော့် နောက်ကျောပြင်နဲ့ ခေါင်းကို တောက်လျှောက် ရိုက်နေပါတယ်။ ခေါင်းပေါ် ကသွေးတွေ နဖူးပေါ် စီးကျလာပါပြီ။ တုတ်ကိုစကရပ်ပြီး ပြောင်းတိုသေနတ်ပြောင်းကို မောင်းတင်ပြီးကျွန်တော့်ပါးစပ်ထဲထိုးထည့်ပြီး မေးပါတယ်။ ပြောင်းထိပ်ကချိန်သီးက ပါးစောင်တွေ၊ အာခေါင်တွေကို ထိုးခွဲနေပါတယ်။

"ပစ်လိုက်ရမလား၊ ရွေးသူတောင်းစားထောက်လှမ်းရေးကောင်"

ပြန်ပြောဖို့ရာ ပါးစပ်မအားပါဘူး၊ ပါးစပ်ထဲကသွေးတွေက စီးကျလာပါတယ်။ အဲဒီသေနတ်ကိုထုတ်ပြီး သေနတ်အပြားလိုက် နဲ့ မျက်နှာကို၊ ဂုတ်စောင်းကို ရိုက်ပါတယ်။

နောက်တစ်ယောက်က ပေါင်နဲ့ တင်ပါးကို စစ်ခြေနင်းနဲ့ ကန်နေတာကလည်း ခံရတာအားရက်ပါတယ်။ ကျွန်တော်ဘယ်လို အော်ရ၊ ဘယ်လိုငိုရ၊ ဘယ်လိုတောင်းပန်ရတယ်ဆိုတာတော့ စဉ်းစားပြီးတော့သာ မြင်ကြည့်၊ ကြားကြည့်ပါတော့ဗျာ၊ တကယ်တော့ ဘယ်လိုအော်ခဲ့ရ၊ ဘယ်လိုငိုခဲ့ရတယ်ဆိုတာ ကျွန်တော်ကိုယ်တိုင်လည်း သေသေချာချာ မမှတ်မိတော့ပါဘူးဗျာ။

သူတို့ဒီအလုပ်ကို စနစ်တကျလုပ်နေတာပါ။ တီးဝိုင်းတစ်ခုက အတီးသမားတွေလိုစနစ်တကျလုပ်သူကလုပ်၊ နားသူကနားစနစ်တကျလုပ်နေတာပါ။ ရိုက်ချက် ၂ခုရောပြီး တစ်ခုခုရဲ့နာကျင်မှုကို ကျွန်တော့်အသိတရားက မခံစားလိုက်ရမှာမျိုး သူတို့ မလိုချင်ပါဘူး။ နာကျင်မှုဒဏ်တွေ တစ်ကိုယ်လုံးမှာ ခံစားနေရပေမယ့် သူတို့မေးခွန်းကိုတော့ ကောင်းကောင်းကြားရအောင် ကြိုးစားနေတုန်းပါပဲ။

"မင်းအခု ဝန်ခံတော့မလား"

"မဟုတ်ပါဘူးဗျာ၊ မဟုတ်ရပါဘူး၊ ကျွန်တော်ကျောင်းသားစစ်စစ်ပါ"

# ဆမားညီညီ

အဲဒီအချိန်မှာ သန်းဇော်ကကျွန်တော့်ညီ၊သကျည်းကို နံပတ်တုတ်နဲ့ တစ်ချက်ချင်း၊ တစ်ချက်ချင်းစိမ်ပြေနပြေရိုက်နေ ပါတယ်။ ၄ - ၅ချက်လောက်မှာတင်ပဲညီ၊သကျည်းကမနာတော့ပဲ ထုံလာပါတယ်။ ဒူးကို ရိုက်မိတဲ့အခါမျိုးတော့ အသည်းခိုက်အောင်နာတယ်ဗျာ။

"ဒီကောင်ကတော့ကွာ"

လို့ အောင်မင်းကပြောပြီး သူ့အကျီအပေါ်အိတ်ထဲက ဂက်စ်မီးခြစ်ကို ထုတ်လိုက်တယ်။ ဂက်စ်မီးခြစ်ကို ခြစ်ပြီး ကျွန်တော့်မုတ်ဆိတ်မွှေးတွေကို ရှို့ပါတယ်။ ကျွန်တော်ကုသိုလ်ကံ ကောင်းပါတယ်။ သူသာ ရင်ပေါင်ကျန်းစတို့ ဘာတို့ ကိုင်ရှို့ရင် ကျွန်တော့်မျက်နှာ ရစရာမရှိအောင် လောင်သွားမှာပါ။ အခု ဂက်စ်မီးခြစ်နဲ့ဆိုတော့ အပူဒဏ်ကို သူ့လက်ကမခံနိုင်လို့၊ မီးတောက်တောက်ငြိမ်းငြိမ်းသွားလို့၊ ထပ်ခါထပ်ခါရှို့နေရတော့ နည်းနည်းသက်သာသွားပါတယ်။ ဒါတောင်မျက်နှာတစ်ခုလုံး ကျိန်းစပ်ပြီး အစ်ရဖက်လှပါတယ်။

တစ်ချိန်တည်းမှာပဲ ကျွန်တော့်ညီ၊သကျည်း (၂)ဖက်ဟာ ချက်ချင်းယောင်လာတာ မြင်တွေ့သိရှိ၊ ခံစားနေရပါတယ်။ ခြေချောင်းလေးတွေလည်း တစ်ချို့ထုံနေပါပြီ။

အဲ့ဒီအချိန်မှာ သန်းဇော်က

"မင်းသွေးထွက်နည်းတာ ငါမကြိုက်ဘူးကွာ"

ဆိုပြီး ကျွန်တော့်နဖူးကို ခါးပြောင်နဲ့လှီးပါတယ်။ သူဖြစ်စေချင်သလို သွေးတွေထွက်လာတော့ ကျေနပ်သွားပုံပါပဲ။ နာလွန်းမကနာလွန်းပြီး ကျွန်တော်အော်ဟစ် တ သမိပါတော့တယ်။

"အလ္လာ၊ အလ္လာ နာပါတယ်ဗျာ"

"ဟေ့ကောင် ကုလား"

ဆိုတဲ့ သန်းဇော်ရဲ့အော်သံနဲ့အတူ ရိုက်တဲ့သူအားလုံးရပ်သွားပါတယ်။

"မင်းဘုရားကို အော်ခေါ်မနေနဲ့၊ ဒီနေရာမှာ မင်းဘုရားမရှိဘူး။ သန်းဇော်ပဲရှိတယ်၊ မင်းသန်းဇော်ကို တ သလိုက်၊ အခုလွှတ်ပေးလိုက်မယ်"

နာကျင်နေတဲ့ကြားက ဒေါသတွေလှိုက်ပြီးတက်လာပါတယ်။ ဒါပေမယ့် ကျွန်တော်ပြန်ခုခံဖို့နေနေသာသာ ပြန်ကြည့်ခွင့် တောင်မရခဲ့ပါဘူး။ သူကျွန်တော့်ဘာသာတရားကိုစော်ကားတာကို ဘေးကဘယ်သူကမှ ဟန့်တားခြင်း၊ ပိတ်ပင်ခြင်းမရှိပါဘူး။ ဒါလားကွာ ဒီမိုကရေစီတပ်မတော်။

# ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

အောင်မင်းကအဲဒီအချိန်မှာ စကာနေဦး၊ ငါပြန်လာမယ်ဆိုပြီး အတွင်းခန်းထဲ ဝင်သွားပါတယ်။ သူပြန်ဝင်လာတော့ သူ့လက်ထဲမှာ တရုတ်ပြည်လုပ် သစ်သားဖျောက် အကြီးကြီးတွေ ယူလာပါတယ်။

"ဟော့ကောင် ငါမိုင်းခွဲတဲ့ကက်တွေယူလာတယ်။ မင်းခြေထောက်ကို ချည်ပြီး ဖြတ်ပစ်မယ်"

ဒီကောင်ယူလာတာ ဖျောက်တွေလေ၊ ကျွန်တော် သိတယ်။ ဒါပေမယ့် သူ ခြောက်တာကို သိပါတယ်ဆိုရင် အန္တရာယ်များလို့ သူ့အရှိန်နဲ့သူ လွှတ်ထားလိုက်ပါတယ်။

"မလုပ်ပါနဲ့ ဆရာ၊ ကျွန်တော့်ကို မလုပ်ပါနဲ့၊ မဖြတ်ပါနဲ့ဗျာ"

မလုပ်ပါနဲ့ပြောမှ သူက အဲဒီဖျောက်ကို ကျွန်တော့်ခြေမကြားမှာ ညှပ်ပြီး မီးစာကို မီးရှို့လိုက်ပါတယ်။ ကျွန်တော်က

"ဖြုတ်ပေးပါဗျာ၊ ဖြုတ်ပေးပါ"

လို့အော်လိုက်တော့ ဝိုင်းကြည့်နေကြပြီး ဖျောက်ပေါက်ပြီးသွားချိန်မှာ ဝိုင်းရယ် ကြပါတယ်။

"သိပ်ကြောက်သွားလား ကုလား"

ဆိုပြီးနောက်ထပ် ဖျောက်တွေ မီးရှို့ပြီး ကျွန်တော့်ပေါင်ပေါ်ပစ် ပစ်ထည့်ပါတယ်။ သူတို့ သိပ်သဘောကျသွားတဲ့ပုံပါပဲ။

"ကဲ ကဲ မင်းအစရ ဝန်ခံတော့မယ်လား"

"မဟုတ်လို့ပါဗျာ၊ ကျွန်တော်မဟုတ်ပါဘူး"

အဲဒီအချိန်မှာ မောင်ထွေးက လက်လှည့်တယ်လီဖုန်းကို ကိုင်ပြီး အခန်းထဲဝင် လာပါတယ်။ ကြိုးနှစ်စကို ကျွန်တော့်ခြေမနှစ်ချောင်းမှာချည်ပြီး တယ်လီဖုန်းကိုလှည့် ပါတယ်။ ခံလိုက်ရတာမခံနိုင်လောက်အောင်ပါဘဲ။ ကားအင်ဂျင်က ပလပ်မီးကူး သလိုမျိုး လျှပ်စစ်အတောင့်လိုက်၊ အတောင့်လိုက်က ဦးနှောက်ထဲကို တစ်တောင့်ပြီးတစ်တောင့် ပြေးဝင်သွားသလိုပါပဲ။ လှည့်တာမမြန်ရင် လျှပ်စစ်ပြေးတဲ့ကြားနားချိန်ရှိပြီး လှည့်တာမြန် ရင်တော့ ဆက်တိုက်တစ်တန်းတည်းဆိုသလို ဖြစ်သွားပါတယ်။

ပညာခန်းတွေပြအပြီးမှာ မောင်ထွေးက စကာနားလိုက်တော့ သန်းဇော်က

"ကဲ အစရဝန်ခံတော့မလား" တဲ့ မေးပါတယ်။

"မဟုတ်ပါဘူးဗျာ၊ ကျွန်တော်မဟုတ်ပါဘူး"

# ဆယားညီညီ

ကျွန်တော်ပြောဖို့ မရည်ရွယ်ပဲ အဲဒီအတိုင်း ပါးစပ်က ထွက်သွားတာပါ။ ကျွန်တော်သူတို့အကြိုက် ပြောချင်နေပါပြီ။

"ဒီကောင်ကတော့ကွာ သေတော့မှာပဲ"

ဆိုပြီး ဇော်ဇော်မင်းက ကျွန်တော့်ညာဘက်ခြေမကကြီးကို ဖြတ်ပြီး ကျွန်တော့် ပါးစပ်ထဲ ထိုးထည့်လိုက်ပါတယ်။

"ထွေးမပစ်နဲ့ လည်ပင်းလှီးပစ်မယ်၊ ကဲအရသာလုပ်စမ်း"

ကျွန်တော့်မျက်စေ့ထဲမှာ လုံးဝအမှောင်ဖုံးသွားပြီး ကျွန်တော်ရှေ့ကို ငိုက်စိုက်ကျ သွားပါတယ်။ ဘာကိုမှ မသိတော့ပါဘူး။ ကျွန်တော်မှောက်လျက်အနေအထားက ပြန် သတိရလာတော့ ကျွန်တော့်ကိုယ်ပေါ်မှာ ရေတွေရွှဲနေပါတယ်။ အဲဒီအတိုင်းလေးမှိန်း နေတုန်း သန်းဇော်ပြောတဲ့စကားသံတွေ ကြားရပါတယ်။ ဘယ်လောက်ကြာကြာသတိ လစ်နေမှန်းတော့ မသိပါဘူး။

"ဟေ့ကောင်တွေရပ်ကြတော့၊ ဒီကောင့်ကိုနည်းနည်းချော့မေး ကြည့်ရအောင်"

ကျွန်တော်ဆက်ပြီး မှိန်းနေလိုက်ပါတယ်။

"ဒီကောင် တစ်ခုခုဖြစ်ရင် ငါတော့ပြဿနာပဲ၊ မဟာမိတ်က ပြော ထားလို့တဲ့ဖိုးC.S ကငါ့ကိုသေချာမှာထားတာ၊ဒီကောင်က စစ်ကြောရေးပြီးရင် မဟာမိတ် ဘက်ပို့ရမယ့်ကောင်၊ငါ့သဘောသက်သက်ဆိုရင်တော့ ဒီကုလားသတ်ပစ်တာကြာလှပြီ"

စကားသံတွေ တိတ်သွားတော့ ကျွန်တော်လည်းနည်းနည်းပြန်ပြီး သတိရလာ သလိုမျိုးနဲ့ လှုပ်ရှားလိုက်ပါတယ်။ အစုမှ မြင်၊ တွေ့၊ ကြားသလိုပေါ့။

"တော်ပါပြီဗျာ၊ တော်ပါပြီ၊ ကျွန်တော်အားလုံးကိုပြောပါတော့မယ်၊ ဝန်ခံပါတော့မယ်၊ ထပ်မရိုက်ပါနဲ့တော့"

"အေး အေး အဲသလိုမှပေါ့၊ မင်းငါတို့ကို အလုပ်ရှုပ်အောင်လုပ်နေ တာ၊ ဝန်မခံလို့ကတော့ မင်းဒီမှာ သေသွားလည်း ငိုမယ့်သူမရှိဘူး"

စကားမပြောခင်ပဲ ဆေးတပ်က ရဲမေတစ်ယောက်ရောက်လာပြီး ကျွန်တော့်ကို လာစစ်ပါတယ်။ ဒဏ်ရာတွေမဟုတ်ပါဘူး၊ ခုနက သတိလစ်သွားတာအတွက်ပါ။

"ခေါင်းမူးသေးလား၊ နေရတာဘယ်လိုနေလဲ အန်ချင်လား"

"ကောင်းပါတယ်၊ ဘာမှမဖြစ်တော့ပါဘူး"

# ဝံပုလွေများထဲမှ လွတ်မြောက်ခြင်း

"အေး ကောင်းတယ်ဆိုရင် နင်တို့ပြန်ကြတော့၊ ငါတို့ ဆက်စရာ ကျန်သေးတယ်"

ကျွန်တော် ကိုယ့်ရဲ့ဇာတ်လမ်းကို တက္ကသိုလ်ကျောင်းသားဘဝကနေ စလိုက်ပါတယ်။

"ကျွန်တော် ၁၉၇၈ ကစပြီး စစ်ထဲဝင်ပါတယ်"

"ဟော့ကောင်တွေ လာကြဦးဒီမှာ ရှားရှားပါးပါး Regular Army က ကောင်တွေပြီဒီကောင်မျိုး တွေ့ချင်နေတာ"

လို့ အောင်မင်းကပြောပါတယ်။

(ဟာ မှားသွားပြီဗျာ၊ ကျွန်တော့်လိုစစ်သားဘဝအစအထိ အမိပွါယ်ရှိအောင် ဘယ်သူမှမပြောကြဘူးနဲ့ တူတယ်)

"၁၉၇၈ မတိုင်ခင်က ကျွန်တော်က သတင်းပေးအဆင့်ပဲရှိပါတယ်၊ ၁၉၇၈ မှာ တပ်ထဲဝင်ပြီးပြီးချင်းမှာပဲ မန္တလေးထောက်လှမ်းရေး (၁)က တပ်ကြပ်ကြီး အောင်စန်းရဲ့အဆက်အသွယ်ပြုစည်းရုံးခံရကာ ထောက်လှမ်းရေး (၁) မှာတာဝန်ပေးခြင်း ခံရပါတယ်၊ ၁၉၈၇ အထိတစ်ရစ်တိုး၊ တစ်ရစ်တိုးနဲ့ တပ်ကြပ်ကြီးဘဝပဲ ရှိပါသေးတယ်၊ ဗိုလ်မှူးချုပ်တင်ဦးရဲ့ထောက်လှမ်းရေးကိုအကုန်ဖြုတ်ပြီး ဗိုလ်ချုပ်ခင်ညွန့် ကိုင်တဲ့အချိန်မှာ ထောက်လှမ်းရေး(၁)မန္တလေးက လူဟောင်းအဖြစ် ကျွန်တော်တစ်ဦးတည်း ကျန်ခဲ့ပါတယ်"

"၁၉၈၇ မန္တလေး ငွေစက္ကူအရေးအခင်းမှာ အဲဒီအထဲလှုပ်ရှားသူတွေရဲ့ သတင်းကို အနီးကပ်ထိုးဖောက်သတင်းရယူနိုင်လို့ အထက်က ကျေနပ်ပြီး ဒု ဗိုလ်ရာထူးတိုးပေး တာခံရပါတယ်"

"ဟာ Jump Promotion ပေါ့"

(ဟာဗျာ - အရာခံဗိုလ် ပြောရမှာကို မေ့သွားပြီ)

"ဟုတ်တယ်ခင်ဗျ၊ ထောက်လှမ်းရေးဘက်မှာတော့ အရည်အချင်း ရှိရင်ရှိသလို ရာထူးတိုးမြန်ပါတယ်"

"မင်းတို့ ထောက်လှမ်းရေးမှာ ဘာသင်တန်းတွေပေးလဲ"

"အားလုံးမတက်မနေရကတော့ နိုင်ငံရေးသင်တန်း၊ နောက်အစု အဖွဲ့တွေခွဲထားပြီး နိုင်ငံခြားဘာသာ စကားသင်ရပါတယ်"

# ဆမားညီညီ

"မင်းကို အင်္ဂလိပ်စာဘယ်သူသင်ပေးတာလဲ"

"ထောက်လှမ်းရေး(၁)က ဗိုလ်ကြီးတစ်ယောက် သင်ပေးတာပါ"

"ထောက်လှမ်းရေးက မင်းကို ဒီကိုဘာလုပ်ဖို့ ဘာရာထူးနဲ့ လွှတ်တာလဲ"

"ဒီကိုလာခါနီး တစ်ပွင့်ထပ်တင်ပေးပြီး ဒီကိုနိုင်ငံရေးတာဝန်နဲ့ လွှတ်တာပါ"

(ပြောရင်းမှ မျိုးဝင်းစကားကို သတိရပြီး နောက်တစ်ပွင့်ထပ်ယူလိုက်တာပါ)

"လာကြည့်းကွ လာကြည့်း၊ ဒီမှာ လိုင်းအသစ်ပေါ်လာပြီ၊ ဟုတ်ပါပြီ၊ လုပ်ပါဦး မင်းကို နိုင်ငံရေးတာဝန်ပေးတာက ဘာတွေလဲ၊ ဘယ်သူကလွှတ်တာလဲ"

"ကျွန်တော့်ကို ဗိုလ်ချုပ်ခင်ညွန့်က တိုက်ရိုက်လွှတ်တာပါ။ ကျွန်တော့်အလုပ်က ဒီမှာဘာမှမရှိပါဘူး၊ ဒီမှာ ကျောင်းသားတစ်ဦး ပုံသဏ္ဌာန်အတိုင်းနေပြီး ကျောင်းသားတပ်ကောင်းရာကောင်းကျိုးသာ လုပ်ရမှာပါ၊ ဒီမှာ ညီညီဆိုတဲ့ နာမည်ကို ထူထောင်မိပြီဆိုရင် DAB ထဲမှာပါတိုးဖောက်ပြီး နာမည်ရအောင် ယူရပါမယ်၊ ကျွန်တော့်အလုပ်က အဲ့ဒီDABကို၊ တောင်ပိုင်းကိုရောက်မှ စမှာပါ၊DAB မှာစကားပြောရင် တကယ်လို့တစ်ချိန်မှာN.L.D ကိုအာဏာလွှဲရတော့မယ့်အချိန်မှာအရင် မ.ဆ.လဟောင်းတွေကို အရေးမယူဖို့အတွက် ဖျန်ဖြေရေးလိုင်း၊ သင်ပုန်းချေရေးလိုင်း တင်ရမှာပါ"

"မင်းမှာ စကားဝှက်ရှိလား"

"မရှိပါဘူး"

"ဘာမရှိတာလဲကွ၊ မင်းသေမယ်"

ဆိုပြီး သန်းဇော်က ရိုက်ပါတယ်။

"ပြောပါ့မယ်ခင်ဗျ ပြောပါ့မယ်၊ စတဲ့သူက "စံပယ်လား" လို့မေးပါမယ်"

ကျွန်တော့်ကိုယ်ပေါ်တုတ်ချက်တွေ ကျလာပါတယ်။

(သန်းဇော်ရဲ့ဆက်သွယ်ရေး စနစ်အတွင်း စကားဝှက်က "စံပယ်ပါ" ကျွန်တော် အရဲစွန့်ပြီး သန်းဇော်ကို သွယ်ဝိုက် ခြိမ်းခြောက်လိုက်တာပါ။ ကျွန်တော့်ကို ဒီထက်ပိုနှိပ်စက်ရင် သူ့ကိုပါ ဆွဲထည့်ပစ်မယ် ဆိုတဲ့ သဘောပြောလိုက်တာပါ။)

ဒီမှာ "ငါ့နာမည်ပြောနေတယ်၊ ငါ့နာမည်ပြောနေတယ်"

## ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

ဆိုပြီး အလန့်တကြား ထအော်ပါတယ်။ ကျွန်တော်က ခပ်တည်တည်နဲ့ဆက်ပြီး

"စံပယ်မဟုတ်ဘူး နဂါး" လို့ပြောရပါမယ်၊ အဲဒီလူက "နဂါးဆိုမီးမှုတ်တတ်မှာပေါ့" ဆိုရင် ကျွန်တော်က "စံပယ် လည်းလိုအပ်ရင် မှုတ်တတ်ပါတယ်" လို့ ဖြေရပါမယ်"

ကျွန်တော့်ကို အဲဒီစကားဝှက် ကိစ္စကိုထပ်မမေးတော့ပါဘူး၊ သန်းဖေ်ကြည့်ရတာနည်းနည်းတွန့်သွားပုံရပါတယ်။

"မင်းကို သင်တန်းပေးတာ ဘယ်သူတွေလဲ"

"အရပ်ဝတ်နဲ့ပဲ ကြည့်ရတာတော့ ဗိုလ်မှူးအဆင့်ရှိမယ် ထင်တယ်"

"တစ်ယောက်က ဦးလှမောင်၊နောက်တစ်ယောက်က ဦးတင်အောင်"

(မန္တလေး လမ်း၃၀ ရာမနတ်စင်ဝင်းထဲက တ.ဆ.ည လူကြီးနှစ်ယောက်နာမည်ပါ)

"မင်းကိုဘယ်သူက လာဆက်သွယ်မှာလဲ"

"ဒီမှာ လာဆက်သွယ်မယ့်သူ မရှိဘူး၊ လုပ်ငန်းသဘောသဘာဝ အရကိုက အဲသလိုကောင်တွေနဲ့ မပတ်သတ်ဘူး"

"မင်းကျွာ ထွန်းအောင်ကျော်နဲ့ ချိုကြီးက မင်းရဲ့တပ်မှူးတွေဘဲ၊ သူတို့သိရမှာပေါ့"

"ကျွန်တော့်ကို ဘာမှန်းသိချင်သိမှာပေါ့၊ ဒါပေမယ့် ကျွန်တော့်တာဝန်ကို သူတို့သိစရာမလိုဘူး၊ သူတို့ကိုလည်း အစီရင်ခံစာတင်စရာမလိုဘူး၊ ကိုယ့်အလုပ်ကိုယ်လုပ်ပြီး နာမည်ထွက်အောင် လုပ်ပြရင်တာဝန်ကျေမှုန်း အထက်ကသိတယ်"

အဲဒီအချိန်မှာ အတွင်းခန်းထဲက အောင်နိုင်ထွက်လာပြီး

"ကိုညီဗျာ ကျွန်တော်ပထမ ခင်ဗျားကို Spy မှန်းတော့သိတယ်CIA ကထင်လို့ မဖမ်းပဲထားတာ၊အခုတော့ဗျာ ခင်ဗျားကို မဖမ်းခဲ့မိရင်အကောင်းသား၊လွှတ်ပေးထားပြီး ခင်ဗျားလုပ်အားတွေ အားလုံးကိုယူပြီးမှ နောက်မှ အသာလေး ဖမ်းလိုက်ယံ့ ပဲ၊ ကဲ ကဲ ကိုသန်းဖေ ဆက်လုပ်ပါ"

ဒီဂျပု ပြန်ထွက်သွားပါတယ်။

"မန္တလေးမှာ ထောက်လှမ်းရေး(၁)ကို သတင်းပို့ရင် ဘယ်လိုပို့သလဲ"

# ဆယ်မားညီညီ

"ပုံမှန်ကတော့ မန္တလေး ၂၉လမ်းနဲ့ ၈၃လမ်းထောင့်က အဏ္ဏဝါ အအေးဆိုင်မျက်စောင်းထိုး ရွှေပြည့်လေထိုးကျွတ်ဖာဆိုင်က ကိုမျိုးလွင်နဲ့ ပို့ပါတယ်"

(ကိုမျိုးလွင်က ကျွန်တော့်ဦးလေး)

"အရေးပေါ်ဆိုရင်ကော"

"အရေးပေါ်မှာ မန္တလေးနိုဗ္ဗာန်ဆော်သာရေး၊ နာရေးအသင်းဘေးမှာ ကားပစ္စည်းရောင်းတဲ့ ကိုညီမောင်က တစ်ဆင့်ပို့ပါတယ်"

(ကိုညီမောင်က ကျွန်တော့်အစ်ကို ကိုမောင်မောင့်သူငယ်ချင်း)

"ဒီလာခါနီး ဘာသင်တန်းတွေတက်ခဲ့ရသလဲ"

"ဒီမှာလာဦးဆောင်ဖို့ ဆိုတော့ ဒီမိုကရေစီသင်တန်းပေးတာပေါ့"

"သင်တန်းသားဘယ်နှဉီး ရှိလဲ"

"၁၃ ဦး။ တင်မောင်၊ တင်မောင်ညွန့်၊ ချစ်ဖူး၊ လှရွှေ၊ ချစ်ဖေ၊ မျိုးလွင်၊ ရဲမြင့်၊ ကျွန်တော်နဲ့ နောက်ဟာတွေတော့ နာမည်မမှတ်မိတော့ဘူး"

(ဒါမန္တလေး တောင်ဆင်ကျုံးဗလီဝင်းထဲက ကျွန်တော်သူငယ်ချင်းတွေအိမ်က အိမ်ထောင်ဦးစီးနာမည်တွေ အစဉ်လိုက်ပါ)

"ကိုယ်ပိုင်နံပါတ် ဘယ်လောက်လဲ"

(ပြဿနာပဲ ကိုယ်ပိုင်နံပါတ်ဘယ်လိုပြောရမလဲမသိဘူး။ စဉ်းစားရင်းလိမ်တယ် လုပ်ထားဦးမှ)

"၆/၁၃-အထူး၈၉"

"ဘာကွ မင်းကိုယ်ပိုင်နံပါတ်က ဘာလဲ"

"ကိုသန်းဇော် ကျွန်တော်တို့က စကတည်းက အထူးအဖွဲ့၊ အထူး မစ်ရှင်နဲ့ သီးသန့်အမွေးခံထားရတဲ့သူတွေပါ။ သူများတွေနဲ့တူမှတော့ ဘာထူးတော့မှာလဲ"

(နဂိုကတော့ ကိုယ်ပိုင်နံပါတ်ကို မပြောချင်လို့ လိမ်နေတာလို့ သတ်မှတ်ပြီး ရိုက်မှပြောမလို့ ယုံသွားတော့လည်း ပြီးတာပဲလေ)

"ဒီမှာ မင်းကို လာဆက်သွယ်မယ့်သူ မရသေးဘူးကွာ၊ အဲဒါငါ မကျေနပ်ဘူး"

"ကိုသန်းဇော်ရာ၊ ခင်ဗျားတို့က ဖမ်းတာစောတာကိုး၊ ကျွန်တော့် အထက်က လာဆက်သွယ်ပြီး ညွှန်ကြားမယ့်သူက ကျွန်တော့်ထက်ညံ့နေလို့ရမလား။ ဒီမှာ

ကျွန်တော်ဘယ်သူနဲ့မှတွဲလုပ်ဖို့မလိုဘူး၊ တွဲစရာလူလည်းမရှိဘူး၊ ဒါမှ မကျေနပ်ရင်လည်း ခင်ဗျား ရိုက်သာသတ်လိုက်တော့၊ ခင်ဗျားတို့ပြန်လွှတ်ရင်လည်း မြို့ပေါ်ကျ ထောက်လှမ်းရေးကသတ်မှာပဲ၊ ရှုံးလာတဲ့ကောင်ကို ဘယ်သူမှ လက်မခံဘူး၊ ကျွန်တော်အတတ်နိုင်ဆုံး ရှိးသားပြီးပြီ"

သန်းဇော် တွေသွားပြီး အတွင်းခန်းဝင်သွားပါတယ်။ ခဏအကြာမှာ မျိုးဝင်း ထွက်လာပြီး

"ညီညီ မင်းရိုးသားတယ်ဆိုတာကို ငါအခြေအနေအရ ယုံလိုက်မယ်၊ ဒါပေမယ့် သန်းဇော်နည်းနည်းပြန်စစ်လိမ့်ဦးမယ်၊ မင်းချွန်မထားနဲ့နော်"

"ကျွန်တော်က သေလူပါဗျာ၊ မြို့ပေါ်သွားနေမယ့်အစား ဒီမှာဖြူဖြူစင်စင်အစစ်ခံပြီး ခင်ဗျားတို့မသတ်ရင် ဒီမှာပဲ တစ်သက်လုံးနေဖို့ စဉ်းစားထားတာ"

မျိုးဝင်းပြန်ဝင်သွားပြီး သန်းဇော်က မှတ်ထားတဲ့ဖိုင်တွဲကြီး ဖွင့်ကြည့်ပြီး နာမည်တွေရော ပြန်မေးပါတယ်၊ ကွဲလွဲမှုမရှိပါဘူး။ ခဏနေတော့

"ကဲ မင်းရေသောက်ချင်သောက်၊ ပြီးရင်ဒီမှာတွေ လက်မှတ်ထိုး"

"ကဲ စံထွန်း ဒီကောင်ကိုပြန်ပို့လိုက်"

ကျွန်တော်ပြန်ဖို့ထတော့ ထလို့မရပါဘူး။ ကျွန်တော်သူတို့ ရုံးထဲက လေးဘက်ထောက်ပြီး ထွက်လာခဲ့ပါတယ်။ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေလို့ပါ၊ မှောင်စတောင်ပြုနေပါပြီ။ စစ်ကြောရေးလုပ်တဲ့တဲအပြင်ရောက်တော့

"စံထွန်း ငါသေးပေါက်ချင်တယ်"

"ခင်ဗျား ဒီကမ်းပါးစွန်းကသာပေါက်ချလိုက်၊ လမ်းမလျှောက်နိုင်ရင် အဝေးကြီးမသွားနဲ့"

"ကျေးဇူးပါပဲကွာ"

ထောင်ထဲကို လေးဘက်ထောက်ဝင်သွားတော့ အားလုံးဝိုင်းပြီး ကြည့်နေကြပါတယ်။ ချက်ချင်းပဲ ဆေးဆရာမတွေ လိုက်လာပြီး ခြေထောက်ကအနာတွေကို ဆေးကြောပြီး ဒရက်ဆင် လုပ်ပေးပါတယ်။ နောက်အကိုက်အခဲပျောက်ဆေးတွေ ထိုးပေးပါတယ်။ ထောင်မှူးလှမျိုးအောင်က

"ညီညီ မင်းထမင်းစားဖို့ ချန်ထားတယ်၊ ပဲပုပ်ချက်နဲ့ စားချင်ရင်ယူစား"

"တော်ပြီခင်ဗျ၊ ကျွန်တော်မစံနိုင်ဘူး၊ စားချင်စိတ်လည်း မရှိဘူး"

"အေး၊ အေး မင်းနေရာမှာစောင်ခြုံပြီး အိပ်နေ"

ညသီချင်းဆိုချိန်မှာ ကျွန်တော့်ကို အိပ်ယာကလာနှိုးပါတယ်၊

"မျက်စေ့ဖွင့်၊ မျက်စေ့ဖွင့်"

မျိုးဝင်းအသံပါ၊ ကျွန်တော်လန့်သွားပါတယ်၊ သူ့လက်ထဲမှာလည်း "ညီညီ" ဆိုတဲ့ ဖိုင်ကိုင်ထားပါတယ်၊ မပြီးသေးဘူးလား မသိဘူးဗျာ၊

"ညီညီ မင်းခဏထစမ်း၊ ငါမေးတာဖြေစမ်း"

ဆိုပြီး သင်တန်းဆရာနာမည်၊ သင်တန်းအတူတူတက်တဲ့ သူတွေနာမည်၊ သတင်းပို့ရမယ့်သူတွေနာမည် မေးပါတယ်၊ တစ်လုံးမကျန် ၏သည်မလွဲ ဖြေလိုက်ပါတယ်၊

"ဝမ်းသာတယ်ဗျာ၊ ခင်ဗျားတကယ်ဖြူစင်တာပဲ၊ အမှန်ကိုဖြေတယ်"

(ရှူးပုံ့ကွာ မန္တလေးက မန္တလေး ဘာဆက်သား ထားရမှာလဲ၊ နောက်တယ်လီဖုန်းတို့ ဆက်သွယ်ရေးစက်တို့ မရှိဘူးလား၊ နွားတွေ)

ကျွန်တော့်ကိုလုပ်တဲ့စစ်ကြောရေးက ပြည့်စုံအောင်မြင်စွာပြီးသွားပြီ၊ သည်ထောင်ထဲမှာကျွန်တော်နဲ့အတူ ဘယ်လုပ်ဖော်ကိုင်ဖက်မှ မရှိတာသေချာသွားပါပြီ၊ ဒီကောင်မျိုးဝင်း ကျေနပ်လက်ခံသွားပြီဆိုရင် အားလုံးပြီးသွားပြီလို့ တထစ်ချပြောလို့ ရပါပြီ၊

"ကဲ ကဲ ပြန်အိပ်၊ ပြန်အိပ်"

ညသန်းခေါင်လောက်မှာ ကျွန်တော့်ကို အိပ်ယာကလာနှိုးပြန်ပါတယ်၊ ဒီတစ်ခါတော့ သံချောင်းလာနှိုးတာပါ၊ မျိုးဝင်းမေးသလိုမျိုး နာမည်တွေကိုလာမေးပါတယ်၊ ပြန်ဖြေတော့ ဖိုင်ကြီးနဲ့ တိုက်စစ်ပါတယ်၊

"ကိုညီရာ အစောကတည်းကပြောလိုက်ရင် ကျွန်တော်ခင်ဗျားကို အပြင်မှာတောင်ထားတယ်၊ အခုမနာသင့်ပဲ နာရတာ၊ ဘာဖြစ်ဖြစ်လေ ခင်ဗျားလို လူမျိုးဖြူဖြူစင်စင်နဲ့ တွေ့ရတော့ ဝမ်းသာပါတယ်"

"ဟုတ်ကဲ့ C.S ကျွန်တော်လည်းနောင်တရပါပြီ၊ ကျောင်းသားတပ်ကိုပြန်ပြီး အလုပ်အကျွေးပြုပါရစေ၊ ကျွန်တော့်ကို အချုပ်ခန်းထဲမှာပဲထားပါ၊ မလွတ်လပ်ချင်ပါဘူး၊ ပြန်ရင်လည်းအသတ်ခံရမယ့်အတူတူ မပြန်ချင်ပါဘူး၊ ကျွန်တော်တို့အသက်ချမ်းသာပေးတဲ့ ကျောင်းသားတပ်ကို ပြန်အလုပ်အကျွေးပြုချင်တာပါ"

"ရပါတယ် ကိုညီရာ၊ မိတ်ဆွေဟောင်းတွေပဲ ဥစ္စာ၊ အကောင်းဆုံး

ဖြစ်အောင်ကြည့်လုပ်ကြတာပေါ့၊ ကဲကဲ ခင်ဗျားပင်ပန်းနေပြီ ပြန်အိပ်ပြန်အိပ်"

အစုအတိုင်းဆိုရင်တော့ အောင်နိုင်နဲ့ သန်းဇော်ကျွန်တော့်ကို ဒုက္ခပေးလို့ မရနိုင်တော့ပါဘူး။ သံချောင်းရော၊ မျိုးဝင်းရော နှစ်ယောက်လုံး ကျေနပ်သွားပြီ ဆိုမှ တော့ဗျာ။

ခေါင်းအုံးလုပ်တဲ့ သစ်တုံးပေါ်ခေါင်းချတာနဲ့ ကျွန်တော်ပင်ပန်းလို့လား၊ ဒဏ်ရာ ကြောင့်လားမသိဘူး လွယ်လွယ်ကူကူ အိပ်ပျော်သွားပါတယ်။ ဒါပေမယ့်ဘေးက တစ်ယောက်ယောက်က ခြေထောက်ကိုဖြစ်ဖြစ်၊ နောက်ကျောကိုဖြစ်ဖြစ်လာထိရင် လန့်နိုး ပါတယ်။ အဲဒီနေရာတွေမှာ ဒဏ်ရာတွေက လတ်လတ်ဆတ်ဆတ်လို့ နာနေတုံးပါ။ ဒါပေ မယ့်အခြေအနေက ကျေနပ်စရာပါ။ မနက်အလံတင်ချိန်မတိုင်ခင် အိပ်ယာထ လေ့ကျင့်ခန်း အချိန်မှာ ထောင်စောင့်က

"ညီညီ မင်းအိပ်နေရတယ်"

လို့ပြောပါတယ်။ ကျေနပ်စရာပါ၊ ကျေနပ်စရာဆိုတာက အိပ်ခွင့်ရလို့မဟုတ် ပါဘူး။ သူတို့လက်ခံသွားပြီးအခွင့် အရေးတောင်ပေးနေတာကို ပြောတာပါ။

အလံတင်၊ ပြီးတော့ အလုပ်လုပ်သူတွေသွားလုပ်၊ သူတို့ပြန်အလာမှာ ထမင်း ကျွေးပါတယ်။ ထမင်းကျွန်တော် ဝင်သလောက် ကြိုးစားပြီး စားပါတယ်။ ဒီတစ်ခေါက်မှာ ဆရာဇော်မိုး ထပ်မလိုတော့ပါဘူး။ ကျွန်တော်တစ်ခါတည်းနဲ့ သင်ယူတတ်မြောက်သွား ပါပြီ။ ဟုတ်ပါတယ်။ အသက်ရှင်ရပါမယ်။ ရရှိခံစားနေတဲ့ ဒုက္ခတွေနဲ့ နာကျည်းမှုတွေကို ဖွင့် ချဖို့ အသက်ရှင်ဖို့ လိုပါတယ်။

ထမင်းစားအပြီးနားနေချိန်မှာ ထောင်ထဲကို အောင်သိန်းနိုင်ဝင်လာပါတယ်။ ဒီကောင့်တာဝန်ကျတဲ့အချိန်ပါ။ အရင်နေ့က စစ်ကြောရေးမလုပ်ခင် သူကျွန်တော့်ကို ရိုက် ပြီး မင်းနဲ့ ငါသပ်သပ်တွေ့ဦးမယ်လို့ ကြိမ်းသွားဖူးပါတယ်။ အေးဆေးပေါ့ညာယ်၊ မင်းစစ်ကြော ရေးပြီးမှ တွေ့တာပေါ့ညာယ်တဲ့။

အစုဒီကောင် တံခါးပေါက်ဝင်ကတည်းက ကျွန်တော့်ကို လှမ်းကြည့်နေပါတယ်။ အားလုံးထိုင်မိပြီဆိုတော့ ဒီကောင် ကျွန်တော်ရှိတဲ့နေရာတည့်တည့်ကို ဝင်လာပါတယ်။ ကျွန်တော်တို့က အလုပ်တန်းစီချိန်နီးလို့ လက်ကိုလက်ပြန်ကြိုးမတုပ်ပဲ အရှေ့မှာပဲချည် ထားတာပါ၊ ခြေထောက်ကကြိုးကတော့ ပုံမှန် ချည်ထားပါတယ်။ ကျွန်တော်က ပုံမှန် ထိပ်တုံးထဲနေရာကနေ စစ်ကြောရေးအပြီး ခြေထောက်တွေ ဒဏ်ရာရထားလို့ အပြင်မှာ

ဇကထားတာပါ။

အောင်သိန်းနိုင်က ကျွန်တော့်ဘေးကျော်ဝင်လာပြီး ခြေထောက်နဲ့ နံဘေးကို ကန်လိုက်ပါတယ်။ မဟာသတ္တိရှင် မျိုးချစ်ကြီးတွေရဲ့အကျင့်စရိုက်အတိုင်း အဆဲအဆို ကလည်း မိုးမွှန်နေပါတယ်။ ကျွန်တော်လဲကျသွားတော့ ဂုတ်ကနေ လူလျှောက်လမ်းထဲ ဆွဲထုတ်ပါတယ် ရိုက်ပါတယ်၊ ကန်ပါတယ်၊ ထိုးပါတယ်၊ ကျွန်တော်လဲကျသွားချိန်မှာ လဲလျက် ဗိုက်၊ ကျော၊ မျက်နှာတို့ကို ကန်ပြီးနောက် ကျွန်တော့်ခြေထောက်တွေကို ဆောင့် နင်းပါတယ်၊ မျက်နှာပေါ်တက်နင်းပါတယ်၊

စစ်သုံးတောစီးဖိနပ်နဲ့ တက်နင်းခံရချိန်မှာ မှတ်ဆိတ်နေရာက မီးလောင်အရည် ကြည်ဖုတွေ အကုန်ပေါက်ပြိုကုန်ပါတယ်။ဒါနဲ့တင်အားမရပဲ

"မင်းကထောက်လှမ်းရေး ဟုတ်လား၊ ငါတို့ကမင်းကို လေးစားရတဲ့ သူမှတ်နေတာ၊ တကယ်တော့မင်းက နွားပဲ၊ နွားဆိုတာ တိုင်မှာ လက်နဲ့မချည်ရဘူး၊ နဖား ကြိုးနဲ့ချည်ရတာ မင်းနှာခေါင်းကို နဖားကြိုးထိုးရအောင်ဖောက်မယ်"

ဆိုပြီး ကျွန်တော့် နှာခေါင်းပေါက် (၂)ခုကြားက နှာနုရိုးကို ဘက်နက်နဲ့ ထိုး ဖောက်ပါတယ်။ ဘေးက ရာဟုကထိုင်ကြည့်နေပါတယ်။ ဒီကောင်ကဒေါသပိုထွက်ပြီး ခါးကသေနတ်အတိုထုတ် မောင်းတင်ပြီး ကျွန်တော့်ပါးစပ်ထဲ ပြောင်းထိုးထည့်ပြီး မင်းကို သတ်ပစ်မယ်လို့ ကြိမ်းပါတယ်။ မင်းလိုနွားကိုသတ်ပစ်ရင် ဘာအပြစ်မှ ရှိမှာမဟုတ်ဘူး၊ ဟုတ်တယ်မဟုတ်လား။

ကျွန်တော်ဘာမှပြန်မပြောနိုင်ပါဘူး။ တစ်ကိုယ်လုံးနာကျင်နေပါပြီ၊ ဘာမှပြန် မပြောတော့ သေနတ်ပြောင်းကို အာခေါင်ထဲ စောင့်စောင့်ပြီး ထိုးထည့်ပါတယ်၊အဲဒီအချိန် မှာ ရာဟုကထလာပြီး အောင်သိန်းနိုင်ကိုင်ထားတဲ့သေနတ်ကို ဝင်သိမ်းပါတယ်၊

"အေး မင်းဒီကောင့်ကို သတ်လိုက်ရင် မင်းလည်းအသတ်ခံရမှာ၊ ဒီကောင်က အရေးကြီးတဲ့အကျဉ်းသား။ မင်းသတ်လိုက်ရင် မင်းနှုတ်ပိတ်တယ်ဖြစ်ပြီး V.C.S ကမင်းကိုသတ်မှာ၊ဒီကောင့်ကို အဲ့လိုဝင်မရိုက်ဖို့ မှာထားတယ်၊ မင်းဒီလောက် ရိုက် ရရင် ကျေနပ်တော့"

ဒီကောင် အောင်သိန်းနိုင်ကြည့်ရတာ စိတ်ကလည်းမှုမှန်ပုံမရပါဘူး။ ကျွန်တော့် ကိုဒေါသတကြီး ရိုက်နေတဲ့ တစ်ချိန်လုံး သူ့ပါးစပ်က ဘရုစ်လီအသံလိုမျိုး၊ မျောက်အသံလို မျိုးထွက်နေပါတယ်၊

# ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

"အေး မင်းနဲ့ ငါထပ်တွေ့ဦးမယ်၊ အခုတော့ ဒီလောက်ဘဲ"

ထုံးစံအတိုင်း ရိုက်တဲ့သူကရိုက်လို့ ဝ သွားချိန်မှာ ဆေးဆရာမတွေက နောက်တစ်ခါအရိုက်ခံရချိန်မှာ အဆင်သင့်ဖြစ်အောင် ဆေးလာကုပေး၊ ဆေးလာထိုးပေးလုပ်ကြပါတယ်။ ကျွန်တော့်ပါးစပ်က၊ နှာခေါင်းက သွေးတွေယိုကျနေပါတယ်။ ဆေးဆရာမက

"မင်းတို့က အရိုက်မခံရအောင် နေမှပေါ့၊ မင်းတို့ကိုက အနေအထိုင်မတတ်ဘူး"

"ဟုတ်ကဲ့ပါ ဆရာမ"

အခုကျွန်တော့်ခြေနှစ်ဘက်ဟာ ခွင်သွားပါတယ်၊ လမ်းလျှောက်ရင် ကွတကွတဖြစ်နေပြီး သွေးပူသွားချိန်မှသာ ပြန်ဖြောင့် သွားပါတယ်။

နောက်ရက်မနက်မှာ မျိုးဝင်းရောက်လာပြီး ကျွန်တော့်ကိုလာကြည့်ပါတယ်။ မျက်နှာမှာက မီးလောင်ဖုအနာတွေက စောင်ကထွက်တဲ့ ဂွမ်းတွေနဲ့ ကပ်နေတာ ခွာလို့မရပါဘူး။

"ဘယ်လိုဖြစ်ရတာလဲ၊ အေးကွာ ကြားရတာစိတ်မကောင်းဘူး၊ ဒါပေမယ့်ကွာ မင်းတို့နားလည်ပေါ့၊ မင်းကိုလေးစားနေရာကနေ အခုလိုမျိုး အဖြစ်မှန်သိလိုက်ရတော့ စိတ်မထိန်းနိုင်ဖြစ်သွားကြတာ"

"အမှန်အတိုင်းဆို မင်းကိုသတ်တောင် သတ်ချင်နေကြတာ ငါတို့ထိန်းထားလို့"

"ကျေးဇူးတင်ပါတယ် V.C.S၊ သူတို့အပေါ်နားလည်ပေးလို့ရပါတယ်၊ တကယ်ဆို ကျွန်တော်က အပြစ်ရှိလို့ ခံရတာဥစ္စာ"

"အေးကွာ ကြားရတာ ဝမ်းသာပါတယ်၊ မင်းနားလည်မှုရှိတာ၊ ဒါပေမယ့် ဒါမျိုးနောင်မဖြစ်အောင် ငါထိန်းထား လိုက်ပါမယ်"

"ကျေးဇူးတင်ပါတယ် V.C.S "

နောက်ရက်တွေကစပြီး ကျွန်တော့်ကိုရောဂါသက်သာအောင် ဆေးကုတဲ့အဖွဲ့နေ့တိုင်းလာပါတယ်။ ညီညာကျည်းက ဒဏ်ရာတွေကိုလည်း ပျောက်အောင် (တကယ်ပျောက်အောင်)ကုပေးပါတယ်။ အနာခေါင်းထဲ တစ်တောင်လောက်ရှိတဲ့ ပတ်တီးစတွေ လိပ်ထည့်၊ ပြည်ညှစ်၊ ဆေးပြန်ထည့်၊ ဆေးထိုး၊ စိတ်ရှည်လက်ရှည် လုပ်ပေးကြပါတယ်။ ကြည့်ရတာက ဗိုလ်ချုပ်ခင်ညွန့်ကိုယ်တိုင်လွှတ်တဲ့ Spy ကို တန်ဖိုးထားပုံ

ရပါတယ်။ ဘယ်လိုဖြစ်ဖြစ် ဆေးကုပေးတဲ့ဆေးဆရာမတစ်ဖွဲ့လုံးကို ဆေးကုပေးတာအတွက်တော့ ကျေးဇူးတကယ်တင်ပါတယ်။

အဲဒီနောက်ရက်တွေမှာ လှိုင်ဇာဘက်က၊ ရင်းဖြဘက်က အကျဉ်းသားတွေ ကျွန်တော်တို့ထောင်ကို ရွှေ့လာပါတယ်။ ညတွေမှာ စစ်ဖိနပ်သံတွေကြား၊ ကိုယ့်အနားက လူကို ခေါ်သွား၊ စစ်ကြောရေးလုပ်၊ အနာတရတွေဖြစ်ပြန်လာ၊ တစ်ခါတစ်ရံ ထောင်ထဲမှာ တင် ရိုက်ကြ၊ နက်ကြနဲ့ အမင်္ဂလာကြီးဟာ ထောင်ထဲမှာ ပြန့်ပြီး ဒီဂရီတက်လာပြန်ပါပြီ။ စစ်ဖိနပ်သံကို ထောင်ရှေ့က ကြားလိုက်တာနဲ့ အကျဉ်းသားအားလုံးလန့်နိုးကြပါတယ်။ အဲဒီဖိနပ်သံတွေ ထောင်ထဲမဝင်ပဲ ကျော်သွားရင်အားလုံးစိတ်ပေါ့ပြီး၊ ဝင်လာရင်လန့်နေကြပါပြီ၊ ထောင်ပေါက်ကဝင်လာပြီး ကိုယ့်ဘက်အခြမ်းလာရင် ရင်ထိတ်နေရပြီး ကိုယ့်ဘက်အခြမ်းမလာရင် စိတ်နည်းနည်းအေးရပါတယ်။ စစ်ဖိနပ်သံကိုယ့်ခြေရင်းမှာ ကြားရပြီဆိုရင်တော့ သေပေတော့။ အဲ့ဒါ ည၊ ညတွေမှာ ကျွန်တော်တို့ရင်ဆိုင်နေရတဲ့ နီးအိပ်မက်တွေပါ။

ကျွန်တော်လည်းအခု ခြေထောက်ဒဏ်ရာတွေ သက်သာစပြုပေမယ့်၊ အလုပ်လုပ်နိုင်ပေမယ့်၊ အလုပ်လုပ်ခွင့်မရပဲ ထိပ်တုံးထဲပြန်ဝင်နေရပါတယ်။ ဘာကြောင့်မှန်းမသိ ကျွန်တော့်ကို ထောင်ကုန်းအောက်ဆင်းခွင့်မရှိဆိုတဲ့ အမိန့်ထုတ်ထားပါတယ်။

ညနေစောင်း သီချင်းဆိုချိန်မှာ ကျွန်တော့်သူငယ်ချင်းတွေဖြစ်တဲ့ ကိုချိုကြီးနဲ့ ထွန်းအောင်ကျော်တို့ရဲ့ သီချင်းဆိုသံကိုကြားရတော့ သူတို့သိပ်ပင်ပန်းနာကျင်နေပြီဆိုတာ သိလိုက်ရပါတယ်။

ကျွန်တော်က ကျွန်တော်နာတဲ့အကြောင်း၊ အစော်ကားခံရတဲ့အကြောင်းတွေ ပြောပြနေတော့ကာ သူများတွေကရော မခံရလို့၊ မနာလို့မဟုတ်ပါဘူး။ ဒီအထဲမှာ ကျွန်တော်က အနာဆုံး၊ အခံရဆုံးတစ်ယောက် မဟုတ်တာတော့သေချာပါတယ်။ အစောပိုင်း အဖမ်းခံရပြီး စစ်ကြောရေးမှာ အသက်ပေးသွားသူတွေ၊ အခုထောင်ထဲမှာဆိုရင်လည်း ကိုချိုကြီး၊ ထွန်းအောင်ကျော်၊ ကျော်ဝေ၊ အောင်ဖိုးတို့ဆိုရင် တအားကို နာကြ၊ စော်ကားခံကြရတဲ့သူတွေပါ။ ဒါပေမယ့်ကျွန်တော်တို့ဟာ မျက်စေ့အပိတ်ခံထားရ၊ တစ်ယောက်နဲ့ တစ်ယောက် စကားမပြောရလို့ တင်းတင်းကြပ်ကြပ်ပိတ်ပင်ထားခံကြရနဲ့ တစ်ယောက် အကြောင်းကိုတစ်ယောက်၊ ယုတ်စွအဆုံး ဒီဖမ်းဆီးမှုကြီးက ဘယ်ကစပြီး ဘယ်ကို ဦးတည်နေတယ်၊ ဘာကြောင့်ဒီလိုဖြစ်နေတယ်ဆိုတာကိုအားလုံးလိုလို မဟုတ်ရင်တောင်

## ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

အများစုကြီးက မသိကြပါဘူး။ ကျွန်တော်တို့တင်လားဆိုတော့ အချို့အပြင်က ရဲဘော်တွေတောင် မသိကြပဲ ယုန်ထင်၊ ကြောင်ထင်ဖြစ်နေကြသူတွေ ရှိပါတယ်။

အစုလည်းကိုချိုကြီး နေမကောင်းတာကို လက်သီးက ဆေးဆရာမခေါ်ပေးနိုင်းတာ ဝင်းမြင့်က ဝင်ကန့်ကွက်နေပါတယ်။ မျိုးဇော်ကလည်း

"ဟုတ်တယ် အရင်တစ်ခါကလည်း သေးသောက်ပြီး သက်သာသွားတာ အစုလည်းအဲဒီဆေးပဲ ပြန်သောက်"

"မလုပ်ကြပါနဲ့ဗျာ၊ ကျွန်တော်တကယ် နေမကောင်းလို့ပါ"

"မင်းကွာ အရသာခံဘူးပြီးသားဥစ္စာ အူတိအူကြောင်လုပ်မနေနဲ့၊ သောက်မလား တုတ်စားမလား"

လို့ ဝင်းမြင့်က မေးမေးရိုက်ရိုက် ရိုက်ပါတယ်။ ရင်နင့်စရာပါဗျာ၊ လူချင်းမသိပဲ သူတို့အတွက်စဉ်းစားပြီး ကိုယ်လွတ်ရုန်းမထွက်ပဲ ပြန်ဝင်လာပြီး ရင်ဆိုင်ဖို့ ကြိုးစားရင်း အဖမ်းခံရသူတစ်ဦးဟာ ဒီလိုစော်ကားမှုမျိုးနဲ့ ထိုက်တန်ပါရဲ့လားဗျာ။ မျိုးဇော်နဲ့ ဝင်းမြင့်တို့ကတော့ ကျေနပ်ပျော်ရွှင်နေကြပါတယ်။

ဒီညက လပြည့်ညပါ။ ဘာလပြည့်မှန်းတော့ မသိပါဘူး။ ရဲမေအဆောင်က ကုသိုလ်လုပ်တယ်ဆိုပြီး ခေါက်ဆွဲကြော် လာကျွေးပါတယ်။ သီးစုံခေါက်ဆွဲကြော်ပါ၊ ကျွန်တော်ပိပိဆိုတဲ့ ဘဝတူအကျဉ်းသားနဲ့ တွဲစားရပါတယ်။ ခေါက်ဆွဲကြော်အရသာထက် နေ့လည်ကကိုချိုကြီး အစော်ကားခံရတာကိုပဲ စိတ်စွဲနေပါတယ်။ ခေါက်ဆွဲအစီအစဉ်ပြီးတော့ သီချင်းဆိုဖို့ နိုင်းပါတယ်။ ကျွန်တော့်အလှည့်ရောက်တော့ ကျွန်တော်နာနာကျည်းကျည်းနဲ့ "မြှားဘုရင်" ဆိုလိုက်ပါတယ်။

"မုန်ကန်သူတွေ ရှုံးနိမ့်ထွက်ခွာတဲ့ ဘဝစက်ဝန်းကို
ချိန်ရွယ်ပါလေ အို့မြှားရှင်"

ဆိုတဲ့အပိုဒ်

"အရိုးသားဆုံးပစ်လွှတ်ဖို့ အထွတ်အထိပ်ရောက်ခဲ့တဲ့
အတတ်ပညာတွေ အမိုးအငွေ့အဖြစ်နဲ့ ထားရစ်ပျောက်ပျက်စေ"

ဆိုတဲ့အပိုဒ်တွေမှာ နှလုံးသားထဲက တကယ်ငိုကြွေးပြီး ဆိုခဲ့မိပါတယ်။

ညအိပ်ချိန်ရောက်တော့ အစောင့်တွေက ပြဿနာရှာကြပါတော့တယ်။ ညအိပ်တဲ့အချိန်မှာ စကားခိုးပြောလို့မပြောနိုင်အောင် ဆိုပြီး ဟစ်ထောင်လုံးကို အထက်သွားနဲ့

အောက်သွားကြား ဝါးခြမ်းပြားဒေါက် ဒေါင်လိုက်ထည့်ပြီး အိပ်စေပါတယ်။

တော်တော်ကို ကသိကအောက်နိုင်တဲ့ ကီစ္စပါဗျာ။ ညမှာ အစောင့်တွေက လိုက်စစ်ပြီး အိပ်ပျော်နေသူတွေ ဝါးဒေါက်ထည့်မထားရင် ပြင်းပြင်းထန်ထန် ရိုက်နက် အပြစ် ပေးပါတယ်။ နံနက်လင်းတော့ အဲဒီဒေါက်တွေကို ကိုယ့်ဘာသာကိုယ်သိမ်းထား ရပါတယ်။

ကျွန်တော်ထောင်ကုန်းပေါ်မှာပဲ ထင်းခွဲတဲ့အလုပ် လုပ်ရိုင်းခံရချိန်မှာ ဗိုလ်ဝှမ်မော်တစ်ခေါက်ထပ်ရောက်လာပါတယ်။

"ဟေ့ ကိုညီ၊ တအားနာသွားပြီဆို၊ ခင်ဗျားပြောင်းခဲ့တော့ဗျာ"

"ရတယ်ခင်ဗျာ၊ ကျွန်တော်ဒီမှာပဲ နေတော့မယ်"

"ခင်ဗျားနာသွားတာ ကျွန်တော်တို့လုံးဝမသိဘူး၊ ဒီကိစ္စမျိုးထပ် မဖြစ်အောင်တော့ ပြောရမယ်၊ ခင်ဗျားကလည်း ခေါင်းမာတယ်ဗျာ"

ဆိုပြီး ပြန်ဆင်းသွားပါတယ်။

အဲဒီအချိန်မှာ မောင်မောင်ကြွယ်၊ ဇော်ကြီးတို့နဲ့ ကျွန်တော်အလုပ်အတူတူ လုပ်နေကြတာပါ။ အဲ့ဒီအချိန်မှာ ထောင်စောင့် ဖြစ်တဲ့ လက်သီးက လှမ်းပြီး

"ဟေ့ ညီညီ၊ မင်းကွာ နီးဖြာဆိုရင်လည်းအဖြစ်မရှိ၊ ထင်းခွဲဆိုရင် လည်း မခွဲတတ်၊ မင်းဘဝအတွက် ငါတော့ရင်လေးပါတယ်ကွာ"

ဆိုပြီး ကျွန်တော့်အပေါ် ကရုဏာသက်တဲ့ စကားတွေလာပြောပါတယ်။နာစံ မှာလား၊ ရယ်ပစ်လိုက်ရမှာလား။ ထဆဲရမှာလား၊ တောင်းပန်ရမှာလား။ ကျွန်တော် ဘယ်လိုတုံ့ပြန်ရမလဲဗျာ။ ကျွန်တော်ဘာမှပြန်မပြောတော့ ကျွန်တော့်ကိုကြည့်၊ ခေါင်းခါပြီ တဖက်ကိုထွက်သွားပါတယ်။ ကျွန်တော်အခွင့်အရေးရတာနဲ့ ဇော်ကြီးကိုမေးလိုက် တယ်

"ဇော်ကြီး မင်းဝန်ခံပြီးပြီလား"

"ဝန်မခံသေးဘူးအစ်ကို"

"မင်းသေလိမ့်မယ်ကွာ ...... သူတို့ကတစ်ယောက်မှ မှားဖမ်းတ မရှိဘူး၊ မှားဖမ်းရင် ကြိုးငင်တက်မယ် ပြောထားတာ၊ မင်းကိုမှားပါတယ်လို့ သူတို့ဝန် လိမ့်မယ်ထင်လား၊ မဖြူစင်ဘူးဆိုပြီး ရိုက်သတ်မှာ"

"သိတော့သိပါတယ်ဗျာ၊ ဒါပေမယ့်နောက်ဆုံးအချိ အထိတော့ ကြိုးစားကြည့်ဦးမယ်ဗျာ၊ နောင်ခါလာမှ နောင်ခါရေးပေါ့"

## ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

"မလုပ်ပါနဲ့ ငါ့ညီရာ ကိုယ့်အသက်ကိုယ်မွေးစမ်းပါ၊ ဝန်စံလို့လည်း မင်းဘာမှသိက္ခာကျမသွားဘူးနော်၊ အားလုံးဒီကိစ္စသိတယ်၊ နားလည်တယ်၊ နားမလည်လို့ အပြတ်ထင်သွားရင်လည်း အဲဒီလိုလူမျိုး နွားမို့လို့ပေါ့"

"ကျွန်တော် စဉ်းစားပါရစေဦးဗျာ"

"အေးကွာ ငါ့အတွက်တော့ အသက်ရှင်ရေးက ပထမပဲ၊ အသက်ရှင်မှ လုပ်သင့်တာတွေ၊ လုပ်ချင်တာတွေ ဆက်လုပ်နိုင်မှာ"

"မဟုတ်သေးဘူး အစ်ကို ကျွန်တော်တစ်နေ့က သန်းဇော်နဲ့ တွေ့တယ်၊ ကျွန်တော်မဟုတ်တဲ့ အကြောင်း ပြောတော့ သူကလက်ခံတယ်၊ သူကတောင် ပြောတယ် မဟုတ်ရင် ဝန်မခံနဲ့ပေါ့ကွာတဲ့၊ ဒါပေမယ့် ချက်ချင်းလွှတ်ပေးဖို့ မဖြစ်နိုင်သေးလို့ ကျွန်တော့်ကို ဆက်ပြီး ချုပ်ထားတာ အစ်ကို သူများတော့သွားမပြောပါနဲ့ လျှို့ဝှက်ထားပေးပါ"

"ဒီကောင့်ကို မယုံနဲ့နော် ဒီကောင့် ပါးစပ်က -ါပါးစပ်၊ ဒီကောင်တအားကောက်ကျစ်ကဲ့ကောင်"

"အေးဗျာ ၊ သူနဲ့ နည်းနည်းထပ်ပြောပါဦးမယ် စွေးနွေးကြည့်ပါဦးမယ်"

□

## အခန်း(၁၁)

နောက်ရက်မနက်မှာ အလုပ်လုပ်ခွင့်ရဖို့ အောက်ဆင်းနိုင်ဖို့ အလုပ်အဖွဲ့ထဲ ဝင်တန်းစီလိုက်တယ်။ ထောင်မှူး လှမျိုးအောင်က

"မင်းတန်းထဲကထွက်၊ အထဲပြန်သွားဝင်နေ၊ ကိုယ့်နေရာကိုယ်သွားထိုင်"

"ကျွန်တော်လုပ်နိုင်ပါပြီဆရာ"

"မင်းတအား လျှာရှည်တယ်ကွာ၊ သေချင်နေပြီလား"

ကျွန်တော်ပြန်ဝင်နေလိုက်ရပါတယ်။ နေ့လည်ပိုင်းကျတော့ ထင်းထမ်းပြန်လာတဲ့အထဲက လူတစ်ဝက်ခွဲပြီး ထောင်ကုန်း ပေါ်မှာတင် ထင်းခွဲခိုင်းပါတယ်။ ကျွန်တော့်ကို လှမျိုးအောင်က

"မင်းထင်းသွားခွဲချည်၊ အောက်ကို မဆင်းဖို့ပဲ မင်းကိုမှာထားတာ"

အဲဒီအချိန်မှာဖော်ကြီးက ထင်းခွဲရင်းနဲ့ ကျွန်တော့်ကို မျက်နှာရိပ်မျက်နှာကဲပြနေပါတယ်။ ကျွန်တော်က မခွဲရသေးတဲ့ထင်းတုံးတစ်ထုံးကို ထမ်းပြီး သူ့ဘေးချပေးလိုက်ပြီး သူ့ဘေးကခွဲခြမ်းထင်းတွေကို မီးဖိုထဲသယ်သွားလိုက်ပါတယ်။တတိယအခေါက်မှာ သူထင်းခွဲနေတာကိုဝင်ပြီး ကူလုပ်ပေးလိုက်ပါတယ်။ အဲဒီအခါ ဖော်ကြီးက

"အစ်ကို ထောက်လှမ်းရေးရုံးထဲမှာ ကျွန်တော်မန္တလေးအစ်ကို့ အိမ်လာတုန်းကတွေ့တဲ့ မျက်မှန်နဲ့ခင်ဗျားရဲ့ အစ်ကိုကိုတွေ့ခဲ့ရတယ်၊ သူကတောင်

# ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

သေချာစိုက်ကြည့်နေလို့ သန်းဇော်က ကျွန်တော့်ကိုမောင်းထုတ်ပြီး မင်းဒီမှာတွေ့တဲ့ဥစ္စာကို ညီညီပြန်သွားပြောရင် သတ်ပစ်မယ်လို့ပြောတယ်"

ဟုတ်ပါပြီ အရင်တစ်ခါစာကိစ္စ မျိုးဝင်းလာပြောကတည်းက ဆွဲထားတာနေမှာ၊ ဒါပေမယ့် ဇော်ကြီးနဲ့ တွေ့ရအောင် လွှတ်ထားတယ် ဆိုကတည်းက အခြေအနေတော့ မဆိုးနိုင်ဘူး။ နောက်တစ်ခါ ကျွန်တော့်ကိုထောင်ကုန်းပေါ်မဆင်းရဘူးဆိုတာက သူ့စခန်းထဲ လွတ်လွတ်လပ်လပ်သွားခွင့်ရလို့ဖြစ်မယ်၊

ဘာတတ်နိုင်မှာလဲလေ၊ စုံစမ်းကြည့်ရမှာပေါ့။

ဒီအတိုင်းဆို ဒီအဖြစ်အပျက်ကြီးက လူမသိ သူမသိဖြစ်မနေတော့ပါဘူး။ အပြင်လူများများသိမလ သတ်ဖို့ဖြစ်နိုင်ခြေ နည်းလေဖြစ်မှာပဲ၊ ကိုယ်အင်္ဂါချို့ယွင်းသူတွေကို ရှင်းပစ်ကောင်းရှင်းပစ်နိုင်ပေမယ့် ကျန်တဲ့သူတွေကတော့ လွတ်နိုင်ပါတယ်။ အင်း ထင်တာပဲလေ။

ဒီကြားထဲမှာ ကိုသိန်းထွန်း ရင်း(၅၀၁)ကို ဒေါက်တာနိုင်အောင်က လာစစ်တယ်တဲ့။ ကျွန်တော် ဝန်ကြီးဦးသောင်းထွန်းရဲ့ညီဝမ်းကွဲ ပါဆိုတော့ မင်းဝန်ကြီးကို သိကွာမရှုနဲ့ဆိုပြီး နိုင်အောင်က ရိုက်တာကိုသိန်းထွန်း နားက သွေးတောင်ထွက်တယ်တဲ့။

တစ်ခါကျော်စွာဝင်းမောင်ကိုလည်း ခွဲမှူးသက်ထွန်းနဲ့ အဖွဲ့က မိုးသီးဇွန်ရော ထောက်လှမ်းရေးလားမေးတာ မဟုတ်ပါဘူး လို့ ဖြေတာမြန်တော့ သက်ထွန်းက ကျော်စွာ ပေါင်ကို ဓါးနဲ့ထိုးတယ်တဲ့၊ အဲဒီအချိန်မှာ နိုင်အောင်ရော အောင်နိုင်ပါ ရှိတယ်တော့ ပြောတာပဲ၊ နောက်တစ်ခါ အစုရက်ပိုင်း နိုင်အောင်ကိုတပ်ထဲမှာ တွေ့တယ်ဆိုတဲ့ အကျဉ်းသားတွေလည်း ရှိနေတယ်၊ အဲဒီတော့ကာ ဒီမြောက်ပိုင်း ဒေသခံတွေရဲ့လုပ်ကြံမှုထဲမှာ ဒီတောင်ပိုင်းဗဟိုက လူတွေက ဘာဖြစ်လို့ရှုးကြောင်မှုးကြောင် ဝင်ပါနေရတာလဲဗျာ၊ စဉ်းစားလို့မရတော့ဘူး။

အောင်စောဦးကလည်း ကျော်နိုင်ဦးနဲ့တွေ့တဲ့အခါမှာ

"မင်းငါနဲ့ ဒီလောက်ရင်းနှီးနေပြီး အစုလိုထောက်လှမ်းရေး ဖြစ်နေတာ ငါအံ့ဩတယ်ကွာ"

လို့ပြောတော့ ကျော်နိုင်ဦးကပြန်ပြီး

"အေး၊ မင်းငါတို့အိမ်မှာ အိပ်၊ စား နေသွားပြီး ဒီလိုစကားမျိုးပြောတာလည်း ငါအံ့ဩတယ်"

လို့ပြန်ပြောလိုက်တော့ ဒီကောင်ထွက်သွားတယ်တဲ့။

အင်းပေါ့လေ၊ တစ်နေ့နေ့တစ်ချိန်ချိန်မှာ ပါဝင်သူ၊ ပတ်သတ်သူ၊ အားပေးသူ၊
နှုတ်ဆိတ်နေသူတွေအားလုံး တရားရုံးမှာ ဖြေကြပေါ့။ ဝင်းမင်းထွေးရေးတဲ့ ချစ်ကောင်း
သီချင်းထဲက စာသားအတိုင်းဆိုရင် "ပွဲသိမ်းမှ ပြီးပါပြီဆိုရပ်ပစ်လို့ရမှာလား" ပေါ့။

ဒီထဲမှာ အကျဉ်းကျခံရချိန်မှာ စောစောပိုင်းထွက်ပြေးသူတွေ၊ မျိုးဝင်းရင်ခွင်
နိုလှုံသွားတဲ့သူတွေ တွေ့ရပါတယ်။ ပုလိပ်ဝတ္ထု ထဲကလိုမျိုး ပုလိပ်ကပ်စတင်ချိန်မှာ
ထွက်ပြေးဖို့ကြိုးစားတဲ့ ညီအစ်ကိုလိုမျိုး၊ မြွနိုစပယ်စာရေးကြီးလို လူမျိုးအပြင် "ဖာသာ
ပနယ်လို လူမျိုး၊ ဘုရားသခင်က ကောက်သီးချွေတုတ်နဲ့ ဆိုတာမျိုးနဲ့ လူထုကိုတောင်
အပြစ်ပြောတဲ့သူ" တွေ ရှိခဲ့တယ်။ နောက်ပိုင်းမှာကျ ပုလိပ်ရောဂါကို ပိုင်းပြီး ကာကွယ်ကြ
သလို အခုလည်းကျွန်တော်တို့အကျဉ်းသားတွေမှာ သေခြင်းတရားဆိုတဲ့ ဘေးကြီးက
ကိုယ့်ဘေးကပ်နေချိန်မှာ တစ်ယောက်နဲ့ တစ်ယောက်ညီညီညွတ်ညွတ်နဲ့ ပိုင်းပြီး ဖေးကြ
ကူကြ၊ အနစ်နာခံကြတာကို တွေ့ရတယ်။

အလုပ်တစ်ခုလုပ်မယ်ဆိုရင် မကျန်းမာသူတွေအတွက်၊ လူငယ်လေးတွေ
အတွက် စဉ်းစားတာမျိုးတွေ့ရတယ်။ ဒါကို တွေ့လိုက်ရချိန်မှာ ကျွန်တော်မဟာမိတ်ဘက်
မပြောင်းတာမှန်တယ်။ ငါ့နေရာမှာ ဒီလူတွေဆိုရင်လည်း ဒီလိုတွေးမှာပဲလို့ စဉ်းစားမိပြီး
အားတက်လာပါတယ်။

ကျွန်တော်သာ စောစောစီးစီးများပြောင်းမိရင်၊ ကျွန်တော်ဟာ ကိုယ်လွတ်ရုန်း
ထွက်ပြေးတဲ့သူတွေနဲ့အတူ တစ်တန်းတစ်စားတည်းအသတ်မှတ်ခံရပြီး ကျွန်တော့်ဝိညာဉ်
ကသေသတဲ့တိုင် အကျဉ်းကျနေမှာ၊

အခုကျွန်တော်တို့ ပုံမှန်ထမင်းတစ်နပ်ကို ဆားနဲ့ပဲ စားလိုက်ကြပြီးပါပြီ။ ထမင်
စားအပြီး လက်ဆေးခွင့်မရှိပါဘူး၊ ကိုယ့်လက်ကိုယ်ပြောင်အောင်စုပ်၊ လျက်ပေါ့ဗျာ။ ကိုယ်
သန်းတွေဗရပွကိုလည်း ကိုယ့်နည်းကိုယ့်ဟန်နဲ့ရှင်း၊ လက်သည်းရှည်ရင် ကိုယ့်ပါးစပ်
ကိုယ်ကိုက်ပစ်ပေါ့။

(၄) လကျော် (၅) လအကြာမှာ အနီးအနားက ရေအိုင်မှာ အားလုံး (၁၀
ယောက်တစ်တွဲ ကိုယ်လုံးတီး ရေမချိုးမနေရချိုးရပါတယ်။ သဲကိုဆင်ြ ာလုပ်ကြပေ
ဒါကလည်း အထက်အမိန့်မဟုတ်ပဲ အလုပ်တန်းစီးတွေရဲ့ထောင်စောင့်, ပြုလည်အော
ပေါင်းပြီး ကြိုးစားမှုပါ။

# ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

ရေကို (၁၀)ယောက်တစ်တွဲချိုးရတော့ ကိုယ်ရေမချိုးရသေးပဲ စောင့်နေရတဲ့ အချိန်၊ ရေချိုးပြီး အခြားသူများကို ပြန်စောင့် နေရတဲ့အချိန်မှာ အချင်းချင်းစကားနည်းနည်းပြောခွင့်ရပါတယ်။

စစ်ရုံးဘက် အရင်နေ့ကအလုပ်သွားလုပ်ကြသူများက သတင်းတစ်ခုကြားလာပါတယ်။ စစ်ရုံးချုပ်မှာ "ဖမ်းဆီးထားသော ထောက်လှမ်းရေးများထံမှ သိမ်းဆည်းရမိသော သက်သေခံပစ္စည်းများ" ဆိုခေါင်းစဉ်တပ်ပြီးပြပွဲတစ်ခု လုပ်တယ်တဲ့။

ပြပွဲကို ABSDF မြောက်ပိုင်းကလူတွေက သိပ်စိတ်မဝင်စားကြပေမယ့် ဒေါက်တာနိုင်အောင်နဲ့အတူ တောင်ပိုင်းက ပါလာတဲ့ ပုဂ္ဂိုလ်များကတော့ အတော့်ကို စိတ်ဝင်စားကြပါတယ်တဲ့။

ရှေ့တန်းက ပြန်ယူလာတဲ့ ICON လမ်းလျှောက်စကားပြောစက် အပျက်တွေကို ကျောင်းသားတပ်က ဌာနချုပ်ကိုအပျက်စာရင်းပြ ပြန်ပို့ရပါတယ်။ အဲဒီစက်အပျက်တွေကို တပ်ထောက်ဌာနက အောင်မျိုးလွင်က ဆားကစ်ပိုင်းတွေ ဟိုဖြုတ်၊ ဒီတပ်နဲ့ ကလိတာ၊ ပြင်ကြည့်တာ တစ်တပ်လုံးသိကြပါတယ်။ အဲဒီစက်အပျက်တွေကို သန်းဇော်တို့အဖွဲ့ လာသိမ်းသွားပြီး မဆလထောက်လှမ်းရေးများထံမှ သိမ်းဆည်းရသည့်စက်များဆိုပြီး ပြတာလို့ပြောပါတယ်။

ဟုတ်ကဲ့။ အောင်မျိုးလွင်ကိုမဖမ်းပါဘူး။ ဒီပွဲကို မြောက်ပိုင်းကလူတွေ လုပ်ဇာတ်မှန်းသိတာ၊ မယုံတာ၊ သူတို့ စိတ်မဝင်စားပါဘူး။ တောင်ပိုင်းကဒေါက်တာနိုင်အောင်တို့ယုံအောင်လုပ်တာပါ။

နောက်တစ်ခါ ဓာတ်ခဲကိုခွဲပစ်လိုက်တော့ အတွင်းထဲကထွက်တဲ့ ကာဗွန်အမည်းမှုန့်တွေ၊ ဦးစိန်လေးနာရင် သောက်ဖို့ ဆောင်ထားတဲ့ ဆော်ဒါမှုန့်တွေကို ဖမ်းဆီးရသော အဆိပ်များလို့ပြပါသတဲ့။ တော်တော်ကို စိတ်ပျက်စရာကောင်းတဲ့၊ ကောက်ကျစ်တဲ့ ပျက်လုံးကြီးပါပဲ။

မိုးပြီး စကားပြောနေတုန်း အားလုံးရေချိုးပြီးသွားလို့ ပြန်ဖို့တန်းစီရပါတယ်။ ရေချိုးပြီးပြန်လာချိန်မှာ အချိန်တော်တော်ရတာနဲ့ အလုပ်မရှိင်းပဲ အကျဉ်းသားချင်း လက်ဝှေ့ပွဲ စီစဉ်ပါတယ်။ တကယ် ထိုးကြရပါတယ်။ တကယ်မထိုးတဲ့ သူအရိုက်ခံရပါတယ်။ တစ်ပွဲပြီး တစ်ပွဲစီစဉ်တာ အားပေးကြ၊ မြှောက်ပေးကြရင်း အဟုတ်ကို တကယ်ထိုးကုန်ကြပါတယ်။ ကျွန်တော်ကတော့ အနာတရဖြစ်နေသူဆိုတော့ ထိုးရမယ်ထင်မထား

# ဆမားညီညီ

ချိန်မှာ ကျွန်တော့်ကို တန်းစီးနစ်ယောက်က ကဲ ညီညီထတဲ့၊ ထရတာပေါ့။ တစ်ဖက်က ကျွန်တော်နဲ့ ထိုးရမယ့်သူက ကိုချိုကြီး။

"မလုပ်ပါနဲ့ဗျာ ကျွန်တော်ခြေထောက်တွေ မသန်ပါဘူး"

ဆိုလိုက်တော့ မျိုးဇော်က လက်သီးနဲ့တစ်ချက်ထိုးပါတယ်။ ကိုချိုကြီးက တော်တော့်ကို မကျန်းမမာဖြစ်နေတာပါ။ တော်တော်ကို ဒုက္ခရောက်နေတာပါ၊ ကျွန်တော် ချိန်ရင်း၊ ပြင်ရင်း၊ လှည့်ရင်း၊ သူ့ကို တစ်ချက်မှမထိုးခဲ့ပါဘူး။ ရလဒ်ကတော့ ဂီလာနကို တောင် ထိအောင်မထိုးနိုင်တဲ့ကောင်ဆိုပြီး ဝါးရင်းတုတ်နဲ့ ၅ ချက် အရိုက်ခံရပြီး ဝင်းမြင့်ရဲ့ လက်သီးနဲ့ ၃ ချက် အထိုးခံရပါတယ်။

ကျွန်တော်ပျော်ပါတယ်။ ကျွန်တော့်ကရာတေးဆရာ၊ ကျွန်တော့်သူငယ်ချင်း ကိုချိုကြီးကို မထိုးလို့အရိုက်ခံရတာပါ။ညမှာ အိပ်ယာစောစောဝင်ရပြီးသီချင်းဆိုချိန်လည်း ပိုကြာပါတယ်။ "မြားဘုရင်" ပဲဆိုဖြစ်ပါတယ်။

မနက်စင်းထမင်းမစားမီ ထင်းထမ်းရတဲ့ အလုပ်အပြီးမှာ ကျွန်တော်တို့ကို ဘယ်သူမှအလုပ်မခိုင်းပါဘူး။အားလုံးထောင်ထဲမှာပဲနေရပါတယ်။နောက်မှ တစ်ယောက်ချင်း တစ်ယောက်ချင်းအပြင်ခေါ်ထုတ်သွား၊ ပြီးမှ ပြန်လာပို့ပါတယ်။ ဘယ်သူမှ အရိုက်ခံရတဲ့ပုံမရှိပါဘူး။ ဝဏ္ဏဇော်အခေါ်ခံရပြီးမှ သံချောင်းက ခေါ်တွေ့တာမှန်းသိရပါတယ်။

မကြာခင် ကျွန်တော့်အလှည့်ရောက်လာပါတယ်။ ကြိုးမချည်ပဲ လွတ်လွတ် လပ်လပ်ခေါ်သွားတာပါ၊ ဒါပေမယ့် မောင်းပြန်တစ်လက်စီနဲ့ အစောင့်နှစ်ယောက်ကတော့ မလှမ်းမကမ်းကချိန်ပြီး လိုက်လာပါတယ်။

အဆောက်အဦးအသစ်ရှေ့အရောက် ကျွန်တော့် ကို ဝင်ဆိုတော့ အသစ် ဆောက်ထားတဲ့ အဆောက်အဦးရဲ့အတွင်းခန်းမီးဖိုဘေးမှာ ဖိမ်နဲ့ထိုင်နေတဲ့ သံချောင်း ကိုတွေ့ရပါတယ်။ ဘေးက ကုတင်ပေါ်မှာ စာရွက်စာတမ်းတွေ၊ ဖိုင်တွေ တစ်ထပ်ကြီးနဲ့ သူ့ဘေးမှာတော့ ညီညီဆိုတဲ့ နာမည်ထိုးထားတဲ့ ဖိုင်ကိုတွေ့ရပါတယ်။

အဲဒီအဆောက်အဦးဟာ အလံတိုင်ကုန်းရဲ့အနောက်မြောက်အစွန်နားမှာရှိပြီး အဲဒီကပတ်သွားလိုက်ရင် ဝါဒဖြန့်ချိရေးတဲ ကိုရောက်ပါတယ်။အစောင့်နှစ်ယောက်ရှိ နေတာကို သံချောင်းက

"ကဲကဲ ငါ ကိုညီနဲ့ လွတ်လွတ်လပ်လပ်စကားပြောချင်တယ်၊ မင်းတို့အပြင်ထွက်ပေးကြ၊ ကဲ ကိုညီလာ ထိုင်"

# ဝပ္ပလွေများထဲမှ လွတ်မြောက်ခြင်း

ဆေးလိပ်သောက်၊ ရေနွေးသောက်ဆိုတော့ ကျွန်တော်က

"C.S ကျွန်တော် တစ်လိပ်သောက်မယ်နော်"

လို့ ခွင့်တောင်းပြီး ဆေးပေါ့လိပ်တစ်လိပ် ယူသောက်လိုက်ပါတယ်။ ရေနွေးကိုတော့ မတို့ပါဘူး။

"ရတယ်၊ ရေနွေးသောက်၊ နောက်ကော်ဖီသောက်ပါလား"

"ကျေးဇူးတင်ပါတယ်၊ မသောက်တော့ပါဘူး"

"ဟေ့ တစ်ယောက်လာစမ်းကွာ ကော်ဖီတစ်ခွက်ဖျော်၊ နောက်အဲဒီမတ်ခွက်ထဲ ရေနွေးထည့်ခဲ့"

ဒါအဖမ်းခံရစဉ်ကစပြီး ပထမဆုံးသောက်ရမယ့် ကော်ဖီပါ၊ ဒါပေမယ့် ဒီကော်ဖီခွက်ထဲ ဘာထောင်ချောက်တွေ ထည့်ထားမလဲဆိုတာတော့ သတိထားရမယ်။(စဉ်းစား စဉ်းစားပြီးမှ စကားပြန်ပြော)

ဒါနဲ့ဗျာ ခင်ဗျားတို့ တကယ့်အအေးဒဏ်ခံဘူးလား၊ တကယ်အေးပြီး လေတိုက်တဲ့ ဒေသမှာ လေငြိမ်တဲ့နေရာမှာ မီးလင်းဖိုကလေးနဲ့ ရေနွေးသောက်ရတဲ့ စည်းစိမ်လေး အကြောင်းပြောပြချင်လို့ပါ။ ဆေးပေါ့လိပ်ကလည်းအဆစ်ပါသေးတယ်ဗျာ။ ဘယ်လောက်မိုက်သလဲ၊ ဇိမ်ပဲဗျာ။ အဲဒီလိုမျိုး ဇိမ်ခံလို့ရတယ်ဆိုတာတောင် မေ့နေပြီ၊

သံချောင်းက အချိန်တော်တော်ကြာကြာစကားမပြောပါဘူး၊ ပြောတော့လည်း ဟိုရောက် သည်ရောက်နဲ့ တောင်စဉ် ရေမရပါ၊ ပြီးမှ ဇတ်ခနဲ

"ကိုညီ ခင်ဗျားထောက်လှမ်းရေးမဟုတ်မှန်း ကျွန်တော်သိထားတယ်၊ ကျွန်တော်တို့ဗျာ တစ်ယောက်နဲ့ တစ်ယောက် မန္တလေးမှာကတည်းကသိကြတာ"

"C.S မှားနေပြီ၊ ကျွန်တော်က စစ်သားတစ်ယောက်ပါ၊ မန္တလေးမှာ C.S သိစဲ့တယ်ဆိုတာအပေါ်ယံပါ၊ ကျွန်တော့်ဘဝအမှန်မဟုတ်ပါဘူး။ အဲဒီတုန်းက အရာရှိတော့မဖြစ်သေးဘူးပေါ့ဗျာ"

"ခင်ဗျားမကြောက်ပါနဲ့၊ လိမ်နေစရာမလိုဘူး၊ ကျွန်တော့်ကိုအားလုံးပြောလို့ရတယ်"

"မဟုတ်ဘူး C.S၊ ကျွန်တော် C.S ကို၊ နောက် ABSDF ကို ထပ်မညာချင်တော့ဘူး"

"ခင်ဗျားတို့ တီးဝိုင်းအဖွဲ့ထဲက ခင်ဗျားထောက်လှမ်းရေးမှန်း ဘယ်သူ

တွေသိကြသေးလဲ"

"သူတို့ဘယ်သိကြမလဲဗျာ ကျွန်တော့်အလုပ်ကိုက လျှို့ဝှက်အလုပ် ဥစ္စာ အားလုံးသိကုန်လို့ ဘယ်ဖြစ်မှာလဲ"

"ဝင်းဗိုလ်က ခင်ဗျားအိမ်ဘေးတင်နေတာ၊ သူရောမသိဘူးလား"

"မသိတတ်တော့ဘူး၊ ဒါပေမယ့် မသိနိုင်ဘူးဗျ၊ ဒါမှမဟုတ်ဗျာ သူမသိချင်ယောင်ဆောင်နေတာနဲ့တူတယ်"

"ဟုတ်ပြီလေ ခင်ဗျားသူလျှိုတစ်ယောက်ဆိုရင်တော့ ပြီးတာပါပဲ၊ အေးမဟုတ်ပဲနဲ့ ခံရတာဆိုရင်တော့ပြောနော်၊ ကျွန်တော်အကုန်လုပ်ပေးလို့ရတယ်၊ ပွင့်ပွင့်လင်းလင်းပြော၊ လူတွေက အများကြီးဖမ်းထားတာဆိုတော့ တစ်ချို့မှားတာတွေလည်း ပါချင်ပါမှာပဲ၊ တကယ်လို့ခင်ဗျားမဟုတ်ရင် ကျွန်တော်လွှတ်ပေးလို့ရတယ်"

"မလုပ်ပါနဲ့ဗျာ၊ ကျွန်တော်ကျောင်းသားတပ်မတော်ကို ထပ်ပြီး မလိမ်ပါရစေနဲ့တော့၊ နောက် C.S ကျွန်တော့်ကို ခင်နေတာကိုလည်း အခွင့်ကောင်း မယူချင်ပါဘူး၊ အခုလိုသဘောထားကြီးပြီး မသတ်ပဲထားတာကိုက ကျေးဇူးကြီးလှပါပြီ၊ ကျွန်တော်အခု အဲဒီကျေးဇူးတွေကို ဘယ်လိုပြန်ပေးဆပ်ရမှာလဲပဲ စဉ်းစားတယ်"

(ဒီကောင်သံချောင်း မဖြစ်ညစ်ကျယ်ဉာဏ်လေးနဲ့ ကျွန်တော့်ကို ကြုံးသွင်းနေတာပါ။ တစ်ခါခံရပြီးပါပြီ နောက်တစ်ခေါက် မရှိစေရတော့ဘူး။)

အဲဒီအချိန်မှာ ကော်ဖီနောက်တစ်ခွက်ရောက်လာလို့ ခွင့်တောင်းပြီး ကော်ဖီနဲ့ လိုက်အောင် ဆေးလိပ်နောက်တစ်လိပ် ထပ်သောက်လိုက်ပါတယ်။ အဲဒီအချိန်မှာ ဒီကောင်ကြီးကို ကျွန်တော်ကလိချင်စိတ် နည်းနည်းပေါ်လာပါတယ်။ အဲဒါနဲ့ပဲ

"ကျွန်တော့်ကို တစ်ခုတော့ပြောခွင့်ပြုပါ C.S၊ မလုပ်ပေးနိုင်ရင်လည်း အပြစ်မယူပါနဲ့"

"ရတယ်၊ ရတယ်ပြော ပြော"

မျက်နှာကဝင်းထိန်သွားပြီး သားကောင်ရတဲ့မုဆိုးမျက်နှာမျိုး။

"ကျွန်တော်ဘာလုပ်ပေးရမှာလဲ ပြောပြော ဖြစ်အောင်လုပ်ပေးမယ်"

"ဟိုဟာပါ C.S၊ ကျွန်တော်ပြန်ရင် ဆေးပေါ့လိပ်ထပ်သောက်ချင်လို့ တစ်လိပ်လောက်တော့ ယူသွားခွင့်၊ သောက်ခွင့်ပေးပါလို့"

"ဟာဗျာ၊ ဒါလေးများ၊ ခင်ဗျား ဒီထက်အရေးကြီးတာ ပြောမယ်

ထင်တာ၊ ရတယ် ရတယ်ယူသွား မီးအန္တရာယ် ကြောက်လို့ ထောင်အပြင်မှာပဲ ကုန်အောင် သောက်သွား ဟုတ်ပြီလား၊ ကျွန်တော်မှာပေးလိုက်မယ်"

ဒီလိုအစ်အောက်မေးတာမျိုးကို ဒေါက်တာနိုင်အောင်က ကိုသိန်းထွန်းကို လုပ်ပြီးသား။ အမှန်သွားပြောလို့ ကိုသိန်းထွန်း ခံလိုက်ရဖူးတယ်၊ နိုင်အောင်ရိုက်လို့ ဝပြီးချိန်မှာ ထောက်လှမ်းရေးအဖွဲ့ကပါ ဆက်ရိုက်ကြသေးတယ်။

"ကဲကဲ ငါ့ ကိုညီ ကိုပြန်ပို့ပေးလိုက်ကြပါကွာ"

"ကဲကဲ ကိုညီခင်ဗျား တကယ်ရိုးသားတာသိရလို့ ဝမ်းသာပါတယ်၊ ခင်ဗျားစကားတွေ ကြားရတာ တကယ် ဝမ်းသာတယ်၊ အေးဗျာ ရိုးသားတော့ အသက်ရှည်တာပေါ့"

အလို ဟုတ်လိုက်လေကွာ၊ ဒီလိုစကားခေါ်ပြောပြီး သေခြင်း ရှင်ခြင်းကို ဆုံးဖြတ်နေတာ၊ ကြောက်စရာကောင်းလိုက်တဲ့ စိတ်ဓါတ်ကွာ၊ ကျွန်တော့်ဆုံးဖြတ်ချက်မှန်သွားတာကြောင့် ကျွန်တော့်အသက်၊ နောက် အောက်မှာအကျယ်ချုပ်ခံထားရတဲ့ ကျွန်တော့် အစ်ကိုအသက်၊ (၂)သက်တော့လွတ်သွားပြီ။

ညနေစောင်းမှာ ခေါ်တွေ့တဲ့ ဇာတ်လမ်းတွေအားလုံးပြီးသွားပါတယ်။ ညစာ ထမင်းကျွေးအိမ်သာဝင်ပြီးချိန် လူစစ်၊တန်းစီပြီး ထောင်ထဲပြန်သွင်းပါတယ်။ ထောင်ထဲမှာ ဆေးလိပ် (၃)ယောက်တစ်လိပ်နှုန်း သောက်ရပါတယ်။ ဖော်ကြီးက ကျွန်တော့်ဘေးမှာ ရောက်နေတော့၊ သူ့ဆေးလိပ်မသောက်တော့၊ ကျုန်တဲ့သူနဲ့ ကျွန်တော် နှစ်ယောက် တစ်လိပ်သောက်လိုက်ရပါတယ်။ ဖော်ကြီးကကျွန်တော့်ကို တိုးတိုးကပ်ပြီး

"အစ်ကို ကျွန်တော်မကြာခင် လွတ်တော့မှာ C.S ကိုပြောပြလိုက်တော့ C.S ကအားလုံးလက်ခံသွားတယ်၊ မကြာခင်လွှတ်ပေးမယ်ပြောတယ်"

"ဘာ ဘယ်လို၊ အေးအေး ကောင်းပါတယ်"

"ကျွန်တော်အလွန်ဆုံး ၂ ရက် ၃ ရက်ပဲ စောင့်ရမှာ၊ ရှင်းပေးမယ် ပြောတယ်"

"ကောင်းတာပေါ့၊ ကောင်းတာပေါ့"

ကျွန်တော်သူ့ကို ဘာမှပြောမနေချင်တော့ပါဘူး။ အသိတရားမဲ့စွာ လွတ်လွတ်လပ်လပ်ပျော်ပါတော့၊ ကိုယ့်ယုံကြည်မှုနဲ့ ကိုယ် ဝမ်းသာနေပါတော့ ဖော်ကြီးရာ၊

စကားပြောနေတုန်းမှာပဲ အစောင့်တစ်ယောက် ကျွန်တော်တို့ဘက်လာလို့

စကားပြောရပ် လိုက်ကြပါတယ်။ အစောင့်က

"မင်းက မှားအဖမ်းခံရတဲ့ ဖော်ကြီးဆိုတဲ့ကောင် ဟုတ်လား"

လို့ဆိုပြီး ၃ – ၄ ချက်ရိုက်ပါတယ်။ ပြီးတာနဲ့

"မှတ်ထားကွ ကျောင်းသားတပ်မတော် ဘယ်တော့မှမမှားဘူး"

ဆိုပြီး ခေါင်းကို ထင်းချောင်းနဲ့ ထပ်ရိုက်ပါတယ်။ ခေါင်းကသွေးတွေ မြင်မကောင်းလောက်အောင် ကျလာပါတယ်။

အစောင့်ထွက်သွားချိန်မှာတောင် သူ့ကို ကျွန်တော်ဘာမှမပြောတော့ပါဘူး။ သူ့ဘာသာသူလည်း အခြေအနေပေါ်မှာ ဇဝေဇဝါဖြစ်နေပုံရပါတယ်။ မတတ်နိုင်တော့ဘူး၊ လုံးဝပြန်ပြင်လို့မရတော့ဘူးလေ။ သူ့ဘာသာသူယုံကြည်နေသေးရင်လည်း ဆက်ပြီး အဲဒီအတိုင်းနေ၊ ယုံကြည်မှုပျက်သွားပြီဆိုရင်လည်း တစ်ယောက်တည်းပဲ ကြေကွဲနေပါ တော့ညီလေးရေ။

အဲဒီကိစ္စပြီးတာနဲ့ ထောင်မှူး ဇာတ်ရှုးလုမျိုးအောင်က လေတွေ တအားပေါ ပြီး တစ်စခန်းထပါတော့တယ်။ တကယ် ဇာတ်စင်ပေါ်တက်ဖို့ကလည်း အရည်အချင်းမရှိတော့ ဗိုလ်ကျလို့ရတဲ့အကျဉ်းသားတွေရှေ့လာပြီးဟန်ရေးပြနေတာပါ။ သူစကားတစ်ခွန်းပြောလို့ ရယ်စေချင်ပုံရရင် အားလုံးကဝိုင်းရယ်ပေးရပါတယ်။ သူကစိတ်ဝင်တစား နားထောင်စေ ချင်ရင် နားထောင်ရပြီး သူကမေးခွန်းတွေ အူကြောင်ကြောင်မေးရင်လည်း အကျိုးသင့် အကြောင်းသင့် ပြန်ဖြေရပါတယ်။ တစ်ယောက်ယောက်ကမှ မဖြေနိုင်ရင် ဒါမှမဟုတ် သူ့စိတ်နဲ့မတွေ့ရင် အားလုံးအရိုက်ခံရပါတယ်။ အခုလည်းသူ့ရဲ့အရည်မရအဖတ်မရ စကား တွေပျင်းလောက်အောင် နားထောင်ပြီးမှ သီချင်းဆိုခိုင်းပါတယ်။ ပြီးမှအိပ်ခိုင်းတယ်။

အရင်တစ်ရက်ကလည်း ထောင်ရှေ့ကွင်းပြင်မှာ နဖူးမှာ အဝတ်စည်းပြီး သိုင်း သမားလိုလို၊ ကစ်ဘောက်ဆာသမားလိုလို ဟန်ရေးတွေပြနေပြီး ကျန်းမာရေးအတွက် နေပူထဲလမ်းလျှောက်ခိုင်းထားတဲ့ ကိုချိုကြီးကို မပြောမဆိုပြေးကန်ပါတယ်။

ကိုချိုကြီးက သူဝင်အလာမှာ ကပ်ရှောင်ပြီး ကိုယ်လုညွှပေးလိုက်တော့ မကာန်မိ ချော်လဲသွားပါတယ်။ အဲဒါကို

"ဟေ့ကောင် အကျဉ်းသား မင်းငါ့ကိုခုခံတာ ဟုတ်လား၊ မင်းကို ငါ ပစ်သတ်မယ်"

ဆိုပြီး ဒေါသကြီးပြပြီး ကိုချိုကြီးကိုထိုးပါတယ်။

## ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

တော့တော့ဆိုင်ဆိုင်ထိုးတော့ ကိုချိုကြီးက ငှဲခံပါတယ်။

"ဆရာရယ် ခုစံတာမဟုတ်ပါဘူး။ ကျွန်တော်ကစားတာ ကြာလှပြီဆိုတော့ ဇတ်ကာနဲ့ကိုယ်ကရုတ်မိသွားတာပါ၊ ဆရာအပြစ်ပေးပြီးကန်တာဆိုရင် ကျွန်တော်မခံစရာ ဘာမှမရှိပါဘူး"

အရက်ပြေသေးပုံမရပါဘူး၊ ကိုချိုကြီးရဲ့ ကျင့်သားရနေတဲ့ ခန္ဓာကိုယ်ကို အပြစ်ပေးတဲ့အနေနဲ့ ၃ - ၄ ချက်ထပ်ရိုက်ပြီးမှ ကျေနပ်သွားပါတယ်။

မနက်ပိုင်းထမင်းမစားခင်မှာ ထောင်ထဲမှာ ကျွန်တော်နဲ့ တခြား ၄ - ၅ယောက်သာကျန်ခဲ့ပြီး အားလုံးထင်းထမ်း သွားရပါတယ်။ ထင်းထမ်းပြန်လာသူများကို ဆေးခေါ်ပါလိပ်တိုက်ပြီး ကျွန်တော်တို့ကိုတော့ အလုပ်မလုပ်ပဲ ထမင်းအလကားစားနေတဲ့ ဝန်ထုပ်ဝန်ပိုးတွေဆိုပြီး ရှုံ့ရှု စော်ကားစကားတွေပြောပါတယ်။

ခဏအကြာမှာ ထမင်းစားအပြီးအလုပ်ပြန်သွားကြပြန်ပါတယ်။ အလုပ်သွားကြအပြီး နာရီဝက်လောက်အကြာမှာ ထွန်းအောင်ကျော်နဲ့ ကိုချိုကြီးတို့နှစ်ယောက်ကိုထောက်လှမ်းရေးတပ်ဖွဲ့က ချာတိတ်တွေ လာခေါ်သွားပါတယ်။ အဲဒီနောက်မှာ သူတို့နှစ်ယောက်ကို ပြန်မပို့ပဲ အခြားသူတွေကို တစ်ယောက်ပြီးတစ်ယောက်လာခေါ်လိုက်၊ ပြန်ပို့လိုက် လုပ်နေပါတယ်။

ကျော်ဝေ၊ အောင်ဖိုး၊ ထိန်လင်း(သောကြီး)၊ တူးတူးနဲ့ နောက်ဆုံး အုန်းကြိုင်ကိုခေါ်သွားပါတယ်။ ဘာဖြစ်နေမှန်း ဘယ်သူမှ မသိကြပါဘူး။

အခုအချိန်က ဇူာ ...၃ - ၄ ရက်ရှိပြီး မိုးဖွဲဖွဲတောက်လျှောက်ရွာနေပြီး ဆောင်းအအေးကြောင့် အင်မတန်အနေရခက်ပါတယ်။ ကျွန်တော်တို့တတွေဟာ ထောက်လှမ်းရေးရုံးထဲမှာ ဘာဖြစ်နေမှန်းမသိရပဲ အိပ်ယာဝင်ခဲ့ရပါတယ်။ ညအချိန်တစ်ယောက်ခေါ်သွားတစ်ယောက်ပြန်ပို့နဲ့ ကိုယ့်မခေါ်တာကိုပဲ ကျေးဇူးတင်နေရတာပါ။

မနက်က လှမျိုးအောင်ပြောစကားကြားရတာကတော့ မကောင်းတဲ့နိမိတ်ပါပဲ။ မင်းတို့မကြာခင် ကျယ်ကျယ်လွှင့်လွှင့် အိပ်ကြရမှာပါတဲ့။ အဓိပ္ပါယ်တစ်မျိုးပဲရှိပါတယ်။ သူဆက်ပြောတဲ့စကားက အရေးမကြီးတဲ့ကောင်တွေနဲ့ ရိုးသားတဲ့ကောင်တွေကတော့ စိုးရိမ်စရာမလိုဘူး။ မရိုးသားတဲ့ကောင်တွေနဲ့ ခေါင်းဆောင်တွေကတော့ တွေ့ကြပြီတဲ့။

ခဏနေ အိမ်သာတက် လူစစ်ပြီးချိန်မှာ ကျော်ဝေနဲ့ ကျော်ကျော် မင်းတို့ထွက်ခဲ့ကြဦးတဲ့။ မျက်စေ့ဖွေပြီး ကြည့်မိတော့ သူတို့မျက်နှာပျက်နေကြတယ်။

# ဆမားညီညီ

လှမျိုးအောင်က

"မင်းတို့နှစ်ယောက် ကောင်းကောင်းလုပ်၊ ကြားလား မဖြူစင်ရင်တော့မချောင်ဘူး"

အဲဒီအချိန်မှာ သက်လင်းဝင်လာပြီးဩဝါဒပေးတဲ့အလုပ်ကို အလွန်မကျွမ်းကျင်စွာ လုပ်လိုက်ပါတယ်။

"ငါတို့ လူကြီးတွေရဲ့ခွင့်လွှတ်မှုကို မင်းတို့ခွေးတွေ သိပ်အခွင့်အရေးယူတယ်၊ အခုမင်းတို့ တွေ့ရတော့မယ်၊ ကြားလား"

"ဟုတ်ကဲ့ခင်ဗျ" ဆိုတဲ့ သံပြိုင်အသံ။

သူတို့နှစ်ယောက်ကို အနောက်ဘက်စီ ခေါ်သွားပါတယ်။ သံချောင်းတစ်ယောက်စီခေါ်စစ်တုန်းက အနောက်ဘက်ကို ခေါ်တာကလွဲပြီး ကျန်တဲ့အချိန်အနောက်ဘက်ခေါ်တာတွေက မကောင်းပါဘူး။ အရှေ့ဘက်က တပ်နယ်ထဲဦးတည်ပြီးအနောက်ဘက်က လူသတ်ကုန်းကို ဦးတည်တာပါ။

အဖြစ်အပျက်တွေက လက်လှမ်းမမီအောင် ဆက်တိုက်ဖြစ်နေပါတယ်။ ကျွန်တော့်အစ်ကိုစာဖတ်ရတယ်၊ သူ့ကိုတွေ့ခဲ့တယ်။ အဲဒီနောက် သေရေးရှင်ရေးတွေက ဆက်တိုက်ဖြစ်နေတော့၊ အမှန်အတိုင်းပြောရရင် သူ့ကို သတိမရတဲ့နေ့တွေတောင် အများကြီးပါ။ တစ်နေ့ကုန် ကိုယ့်အသက်အတွက် ကိုယ်စဉ်းစားရင်းကုန်သွားခဲ့တာပါ။ စိတ်မောလူမောနဲ့ စောင့်နေတာမှာ သတင်းကောင်းပြန်မလာပဲ ထောက်လှမ်းရေးနှစ်ယောက်သာထပ်ရောက်လာကြပြီး အုန်းကြိုင်ကိုပါလာခေါ်သွားပြန်ပါတယ်။

နောက်တစ်နာရီလောက်အကြာမှာ ကျော်ဝေကလွဲပြီး ကျန်တဲ့သူအားလုံးပြန်ရောက်လာပါတယ်။ အားလုံး တိတ်ဆိတ်လို့ပါ။ ထောက်လှမ်းရေးကကောင်တွေရှိနေတော့ ကျွန်တော်လည်း သေသေချာချာမကြည့်ဖြစ်ပါဘူး။ ကျော်ဝေ ပါမလာတာကလည်းသူ့အတွက်နေရာမရှုနိုးနဲ့တော့၊ ချဲအိပ်လိုက်ကြလို့ တမင်ပြောလို့ သိရတာပါ။ ဒီအပြောအရဆိုရင် စစ်ကြောရေးမှာရှိနေတာ မဟုတ်ပါဘူး။ ပြန်မလာတော့ဘူး ပြောလိုက်တာပါ။

ကျော်ဝေအတွက် စိတ်မကောင်းဖြစ်ရဲ့အပြင် ဘာများတတ်နိုင်ဦးမှာလဲ။ ခဏနေထောက်လှမ်းရေးတွေပြန်သွားမှ မျက်စေ့ကစားကြည့်တော့ ကိုချိုကြီးရဲ့လက်ကောက်ဝတ်မရှိတော့ပဲ ပတ်တီးဖြူဖြူ ငုံးတိတိကိုသာ တွေ့လိုက်ရပါတယ်။

"ကိုချိုကြီးရယ် ခင်ဗျားဗျာ ဖြစ်ရတယ်လို့"

# ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

ချက်ချင်းပဲ မျက်ရည်စို့လာပါတယ်။ ကျွန်တော့် ကြေကွဲမှုနဲ့ဒေါသတွေဟာ ဘာမှ မလုပ်နိုင်ခြင်းနဲ့ အတူ မခံချင်မှု၊ အားမလိုအားမရဖြစ်ခြင်းတို့နဲ့အတူ ကိုယ့်ကိုယ်ကိုယ် အတွက် စိတ်ပျက်ခြင်း ဆိုတာမှာ အဆုံးသတ်သွားပါတယ်။ ငုံခံရတဲ့ဘဝ၊ ဘာမှပြန်မပြော၊ ပြန်မလုပ်နိုင်တဲ့ဘဝ ဆိုးတယ်ဗျာ။ သူတို့ လက်ဖြတ်၊ ခြေဖြတ်တွေ ပြန်လုပ်ပြန်ပြီ။ ဒီရောဂါ ကလည်း ဆက်တတ် တယ်။ တစ်ယောက်နဲ့မရပ်တတ်ဘူး။ မကောင်းတာတွေတော့ ဆက် ဖြစ်တော့မယ်နဲ့ တူတယ်။

နောက်တစ်ခါ အခြေအနေတွေကို ဗဟိုကနေ ထိန်းပေးဖို့ဆိုတာကလည်း ရေစုန်မျောပြီ။ မိုးသီးဇွန်နဲ့ ဒေါက်တာနိုင်အောင် နှစ်ခြမ်းကွဲတဲ့ ဗဟိုကျောင်းသားတပ်မှာ အစ ပိုင်းက ဒေါက်တာနိုင်အောင်ကို ထောက်ခံပုံရတယ်။ ဒါကြောင့် နိုင်အောင်နဲ့ အောင် တို့ ဒီမှာရောက်နေကြတာ။ သူတို့ကိုယ်တိုင်ကလည်း သည်ရာဇဝတ်မှုတွေကို မတား ကိုယ်တိုင်တောင် စစ်ကြောရေးထဲ ဝင်ပါနေကြတာ။ သွားပါပြီ၊ ထောက်ခံမဲကို ရာဇဝတ်မှုလုပ်ဝယ်တယ်တဲ့ကွာ နိုင်အောင်ရာမင်း (၇) နှစ်သင်ထားတဲ့စာတွေက ဘာလုပ် ဖို့လဲ။

ကျွန်တော်တို့ မျှော်လင့်ခဲ့၊ တည်ဆောက်ခဲ့ရတဲ့ ကျောင်းသားတပ်မတော်ကြီး ကတော့ အသိတရားခေါင်းပါးပြီး ဆင်ခြင်တုံ တရားမဲ့တဲ့ လူတွေလက်ထဲ ရောက်သွားပြီ လေ။ နိုင်အောင်က မိုးသီးဇွန်ရော ထောက်လှမ်းရေးမဟုတ်လားလို့ သက်ထွန်းနဲ့တဆင့် ကျော်စွာဝင်းမောင်ကို စစ်ခဲ့တာလည်းအကြောင်းရှိရမယ်။

အခုဒီမှာက ထွန်းအောင်ကျော်ရဲ့ ABSDF ကထောင်ထဲမှာ။ အောင်နိုင်ရဲ့ ABSDF က အပြင်မှာ။ ဒါကိုအားကျပြီး နိုင်အောင်က မိုးသီးဇွန်ရဲ့ ABSDF ကိုထောင်ထဲ ထည့်ချင်တာများလား။ ဒီနေရာမှာမိုးသီးဇွန် တို့ ကိုကိုကြီးတို့ ဒီမိုကရက်တစ်ဘွဲ့ရက အရွေးချယ်ခံအမတ် မောင်မောင်အောင်တို့ မြောက်ပိုင်းကို တောခိုမလာတာ ကံကောင်း တာပဲ။ ဒီဘက်သာလာခဲ့ရင် သူတို့လည်းအလကားနေရင်း မ.ဆ.လ စစ်တပ်ရဲ့ပြန်တမ်းဝင် အရာရှိတွေ ဖြစ်ကြဦးမှာ။ ကျွန်တော့်ကိုစစ်တုန်းက မောင်မောင်အောင်ကရော ဘာလဲလို့ မေးသေးတယ် လေ။ အလကားဗျာ ဒီလူစာရင်းထဲ မဝင်ပါဘူး ဆိုပြီး ဖော့ချပစ်လိုက်ရတာ၊ ဒါတောင် မောင် မောင်အောင်က အရွေးချယ်ခံအမတ်မို့လို့ ဆက်မမေးတာနဲ့တူတယ်။

အဲဒီအချိန်မှာ ဝင်းမြင့်နဲ့ မျိုးဇော်က တစ်စခန်းထပါတော့တယ်၊ အကျဉ်းသား အားလုံးကို ဆဲဆိုပြီး

"ခွေးသူတောင်းစားတွေ၊ ချိုကြီးကိုကြည့် မရှိးသားလို့ မဖြူစင်လို့ လက်အဖြတ်ခံရတာ၊ မင်းတို့လည်း မဖြူစင်ရင် အဲဒီအတိုင်းဖြစ်မယ် သတိထား"

အဲဒီအချိန်မှာ မျိုးဇော်က ထွန်းအောင်ကျော်ခေါင်းကို ရိုက်ပြီး

"မင်းတို့လိုကောင်မျိုးတွေကြောင့် ငါတို့အားလုံးခံနေရတာ၊ မင်းလည်းကြပ်ကြပ်သတိထား၊ အဲလိုလက်ဖြတ်ခံရလိမ့်မယ်"

နောက်တစ်ရက် ဖေဖော်ဝါရီ (၁၁)ရက်မှာ ထင်းထမ်း၊ ထင်းခုတ်အုပ်စုတွေ သွားကြပြီးတာတောင် ထောင်ထဲမှာ လူတော်တော်ကျန်ပါတယ်။ ကျွန်တော်တို့ ကျန်တဲ့သူ အားလုံးကို ထောင်ပြင်ထုတ် ထင်းခွဲရင်းမီးလှုံခွင့်ပေးပါတယ်။ ရေနွေးသောက်ခွင့်၊ အထိုက်အလျောက် စကားပြောခွင့်တောင်ရကြပါတယ်။ ဒါပေမယ့် သတိထားရပါတယ်။ ဒါမျိုးဟာ အပြစ်ရှာတတ်တဲ့ အစောင့် တစ်ယောက်ကြောင့် ပြောင်းပြန်ဖြစ်သွားနိုင်ပါတယ်။

ညနေသီချင်းဆိုချိန်မှာလည်း ပျော်ပျော်ရွှင်ရွှင်နဲ့ပါ၊ အစောင့်တွေနဲ့တောင် အပြန်အလှန် ရယ်စရာတွေပြောနေ နိုင်ကြပါတယ်။ ဒါပေမယ့် ဒီပျော်စရာတွေရဲ့နောက်မှာ ကြောက်စရာကောင်းတာတွေ ဖြစ်လာတော့မယ်ဆိုတာ သံသယဖြစ်စေတဲ့ စကားတွေကို ထောင်စောင့်တွေ လွှတ်ခနဲ၊ လွှတ်ခနဲ ရည်ရွယ်ချက်ရှိရှိနဲ့ ပြောလာကြပါတယ်။ ဥပမာဗျာ

"ကဲ ချိုကြီး၊ အမြဲအတွက် အမှတ်တရဖြစ်နေရအောင် "နတ်ရှင်နောင်" သီချင်းလေးလုပ်ပါဦး"

"ထွန်းအောင်ကျော် ပြောစရာ၊ မှာစရာများရှိသလား။ မကြားလိုက်ရဘူးမဖြစ်အောင်ပါ" စတဲ့ စကားမျိုးတွေပါ။

အဲဒီအချိန်မှာတော့ ထွန်းအောင်ကျော်ကပိုပြီး တည်ငြိမ်နေပြီး ကိုချိုကြီးက တော့ကြည့်ရတာ ရှိသမျှ မျှော်လင့်ချက်တွေ အားလုံးကို လက်လွှတ်လိုက်တဲ့ပုံပါပဲ။ သူ လက်ဖြတ်ခံရတာကနေ စိတ်ပိုင်းဝေဒနာဝင်သွားပုံရတယ်။ ကြေကွဲ၊ ဝမ်းနည်းယုံကလွဲပြီး ဘာမှမတတ်နိုင်တဲ့ဘဝပါပဲ။ အရင်ကတည်းက ကျွန်တော်တို့ မန္တလေးသားတွေဟာ ရိုးသားချင်စိတ်ကို နည်းနည်းလျှော့ပြီး အခြားသူတွေကို မသက်ာတဲ့စိတ် ပိုထားတဲ့ ဓလေ့ရှိရမှာဗျာ။ အခုတော့ ရိုးသားပြီး၊ ရဲဘော်ချင်း ယုံကြည်တဲ့စိတ်က ညံ့တယ်ဆိုတဲ့အထိ ရောက်သွားပါပြီ။

နံနက်ခင်းက နှင်းတွေ၊ အအေးဓါတ်တွေနဲ့ပဲ သမာရိုးကျရောက်လာပါတယ်။ အခြေအနေကြည့်ရတာတော့ မုန်တိုင်း မလာခင် ငြိမ်နေတယ်ဆိုတာမျိုးနဲ့ တူတယ်။ အခု

ရက်ပိုင်းဖြစ်ခဲ့တာတွေက ဆိုးဝါး အစောင့်တွေရဲ့စကားကလည်း အဆိုးကို ဦးတည်နေပါတယ်။ ဒါပေမယ့်အခြေအနေကတော့ အခုထက်ထိငြိမ်သက်နေပါတယ်။ နောက်ဆုံးဗျာ ဒီနေ့အားလုံး အလုပ်ကြီးကြီးကျယ်ကျယ် မလုပ်ရပဲ တောင်ကုန်းပေါ်မှာပဲ အသေးအဖွဲ့တွေ နိုင်းပြီး အချိန်ကုန်စေရပါတယ်။

ဒီနေ့ဟာ ဖေဖော်ဝါရီ (၁၂) ရက်နေ့ ပြည်ထောင်စုနေ့ဖြစ်ပါတယ်။ ဒီလူဖမ်းပွဲကို ဦးဆောင်တဲ့ မိုးညှင်း၊ မိုးကောင်း၊ နမ္မားသားတွေက တိုင်းရင်းသားတွေဖြစ်လို့ ညီညွတ်ရေးရဲ့ပြယုဂ်ဖြစ်တဲ့ "ပြည်ထောင်စုနေ့"၊ "တိုင်းရင်းသားပေါင်းစုံ လက်မှတ်ရေးထိုးခဲ့တဲ့ ပင်လုံနေ့" ကို ဂုဏ်ပြုတဲ့အနေနဲ့ ကျွန်တော်တို့ကို အလုပ်မခိုင်းတာလို့ တွေးရင်တော့ တွေးလို့ရပါတယ်။ ဒါပေမယ့်ဗျာ ဒီကောင်တွေထဲမှာ ဒီလောက်ကိုယ်ရည်ကိုယ်သွေးရှိတဲ့သူ၊ နေ့ထူးနေ့မြတ်ကို ဂုဏ်ပြုတတ်တဲ့သူ တစ်ယောက်မှမပါဘူး။ အလုပ်မလုပ်ရချိန်မှာ ဘာဖြစ်မှာလဲ ဆိုတဲ့ သံသယကြီးနဲ့အတူ တွေးတောပူပန်ပြီး အချိန်ကုန်အောင်စောင့်ရတာ တော်တော်ပင်ပန်းလှပါတယ်။

ညနေ ၃း၀၀နာရီလောက်မှာတော့ အခြေအနေဟာ ရုတ်တရက် ပြောင်းသွားပါတယ်။ အစောင့်တွေ၊ ထောက်လှမ်းရေးတွေ လူစုံတက်စုံနဲ့ ထောင်တစ်ဝိုက်မှာ အစောင့်ခါတိုင်းထက် များများစားစား ချထားလိုက်ပါတယ်။ ချက်ချင်းပဲ ကျွန်တော်တို့ကို ဒီနေ့အတွက် ဒုတိယအနပ်ဖြစ်တဲ့ ထမင်းကို ချက်ချင်းကျွေးဖို့ ထောက်လှမ်းရေးက လူတွေလာအမိန့်ပေးသွားတယ်။ ထမင်းစားချိန်မှာ ထမင်းတစ်ဝိုင်း(ပလပ်စတစ်ဖက် ၁၈" × ၁၈" ) တစ်ဝိုင်းမှာ လူ (၄) ယောက်ထိုင်ရတာမှာ ထွန်းအောင်ကျော်က ထိပ်တုံးထဲက ကျွန်တော်နဲ့အတူလာ ဝိုင်းပါတယ်။ ထိပ်တုံးထဲမှာဆိုရင် အတူစားချင်သူနည်းပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော်တို့က ခြေဆင်းထားရပြီး၊ နောက်ထိပ်တုံးက သစ်သားတုံးနဲ့ဆိုတော့ ကျဉ်းလို့ပါ။ ထမင်းဝိုင်းမှာ (၄)ယောက်အစား ထွန်းအောင်ကျော်၊ ဝဏ္ဏဇော်နဲ့ ကျွန်တော်တို့ (၃)ယောက်ပဲ ဝိုင်းလိုက်ကြတယ်။ စ စားတယ်ဆိုတာနဲ့ ထွန်းအောင်ကျော်က ငုံ့စားတဲ့ပုံဟန်ဆောင်ပြီး စကား ပြောပါတော့တယ်။

"ကိုညီရေကျွန်တော်နဲ့ ကိုချိုတို့ နှစ်ယောက်တော့ မကြာခင် အသတ်ခံရတော့မယ်"

"မဟုတ်တာဗျာ၊ ကိုချိုကထားပါတော့ ခင်ဗျားက ဖစ်ဂါ တစ်ယောက်ပဲ မသတ်နိုင်ဘူး၊ ခင်ဗျား ကျန်လိမ့်မယ်"

## ဆမားညီညီ

"ကိုညီရာ ကျေးဇူးပြုပြီး ကျွန်တော့်စိတ်သက်သာအောင် ဘာမှပြန်မပြောပါနဲ့တော့၊ ကျွန်တော့်စကား ကိုပဲနားထောင်ပေးပါ၊ ကျွန်တော့်မှာအချိန်သိပ်မကျန်တော့ဘူး။ သူတို့စကားအရဆိုရင် သတ်မယ့်အထဲ ခင်ဗျားမပါဘူး။ အဲဒီတော့ ကျွန်တော်တို့သေသွားရင် ဒီကိစ္စအမှုမှန်ပေါ်အောင် ခင်ဗျားကြိုးစားပေးပါ၊ ချိုးဖဲ့ခံရတဲ့ ကျွန်တော်တို့ရဲ့ ဂုဏ်သိက္ခာကို ပြန်ဆယ်ပေးပါဗျာ၊ နောက်ပြီး ကျန်တဲ့ ကျွန်တော့်ရဲဘော်တွေကို ဖြစ်နိုင်သလောက်ဆက်ပြီး ဦးဆောင်ပေးပါ"

"အေးပါ၊ ခင်ဗျားကလည်းဗျာ၊ ဘယ်သူမှ တစ်ကောင်ကြွက်မဟုတ်ပါဘူး၊ သူတို့သိက္ခာချတိုင်း မကျပါဘူး။ ဒါပေမယ့် သူတို့ကို ပြန်လက်စားချေဖို့နဲ့ အားလုံးအတွက်ကိုယ်စား ဒီကောင်တွေကို တရားစွဲဖို့လုပ်မယ်လို့ ကတိပေးပါတယ်ကွာ"

စကားပြောတာတောင်မှ သူမောနေပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ထမင်းဝင်အောင်မစားနိုင်ပဲ ကြေကွဲ နာကျင်နေပါတယ်။ ဝဏ္ဏဇော်ကတော့ ဘာမှပြန်မပြောပဲ နားထောင်နေပါတယ်။ ဆက်ပြီးတော့

"ခင်ဗျားရောက်စက ကျွန်တော်ခင်ဗျားစကား နားမထောင်မိတာအတွက် တောင်းပန်ပါတယ်၊ နောက်ပြီး ဒီကောင်တွေဆက်မရှိနိုင်ဖို့တော့ လိုတယ်နော်၊ ဒီကောင်တွေက ကျွန်တော်တို့ တိုက်နေတဲ့ ရန်သူထက်တောင်ဆိုးပါသေးတယ်"

စကားတွေဆက်ပြောချင်ပေမယ့်လည်း ကျန်တဲ့ဝိုင်းတွေက ထမင်းစားပြီးကြပြီမို့ ကျွန်တော်တို့လည်း အပြီးသတ်လိုက်ရပါတယ်။ချက်ချင်း ရေသွားသောက်နိုင်းပါတယ်။ ပြီးတာနဲ့ အိမ်သာဝင်ချင်သူများ ချက် ချင်းဝင်ကြဖို့ ဆက်နိုင်းပြန်ပါတယ်။ အဲဒီအချိန်မှာ ကျားလေးဦးဆောင်တဲ့ တပ်စိပ်ဟာ အသင့်အနေအထားနဲ့ ထရိန်နင်ကွင်းထဲ တန်းစီနေပြီး၊ ကျားလေးလက်ထဲမှာတော့ အနီရောင် လေးထောင့်ပိတ်စတစ်ထပ် ကိုင်ထားတာ တွေ့လိုက်ရတယ်။ ပြီးရင် အကုန်အထဲဝင်၊ ကိုယ့်နေရာကိုယ်ထိုင်၊ လူစစ်မယ်။ မျက်စေ့စည်းလျက်နဲ့ ကိုယ့်နာမည်ခေါ်တာကို ထူးရပါ တယ်။ ထူးတဲ့သူဟုတ်မဟုတ် လိုက်ကြည့်တဲ့သူတွေကလည်း ဘေးမှာ အလုံအလောက် ရှိနေပါတယ်။

"အခုအားလုံးနားထောင်၊ နာမည်ခေါ်ခံရတဲ့သူထူးပြီးရင် မျက်စေ့ဖွင့်ပြီး အပြင်ထွက်ခဲ့၊ ကျန်တဲ့ကောင်တွေ မလှုပ်ကြနဲ့ ကြားကြတယ်နော်"

တစ်ယောက်ပြီးတစ်ယောက်ခေါ်ပါတယ်။

"သာခု၊ သောင်းမြင့်၊ ခင်ရှိဦး၊ တူးတူး၊ ထွန်းအောင်ကျော်၊ ချိုကြီး၊

# ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

အေးမြင့်၊ မောင်မောင်၊ ဌေးမြင့်ဝင်း၊ ရန်အောင်၊ သက်နိုင်၊ အောင်ဖိုး၊ ဇော်ကြီး၊ ကျော်ကျော်မင်း၊ မောင်မောင်ကြွယ် အားလုံး ၁၅ ယောက်လား"

"ဟုတ်ကဲ့ ဥက္ကဋ္ဌ"

သူတို့ (၁၅) ယောက်အပြင်မှာ ရပ်နေကြတုန်း ကျွန်တော်တို့ အားလုံး ပုံမှန်ထိုင်နေရာကနေ ထရံကိုမျက်နှာမူပြီး ပုံစံထိုင်ဖို့ အမိန့်ပေးပါတယ်။ ပြီးတာနဲ့ လက်ပြန်ကြိုးတုပ်လိုက်တယ်။

"မင်းတို့ မလှုပ်နဲ့၊ ရုတ်ရုတ်ရုတ်ရုတ် မလုပ်ကြနဲ့နော်၊ အကုန်အတွဲလိုက်ဝင်သွားမယ်"

ပုံစံထိုင်တဲ့အချိန်မှာ ခြေတွေကိုခွဲမထားရပဲ ပူးထားရပြီး အဲဒီပူးထားတဲ့ ခြေထောက်တွေကို ပူးပြီးကြိုးချည်ပါတယ်။

"တစ်ကောင်လှုပ်တာနဲ့ အားလုံးကို ပစ်သတ်မှာနော်"

အလုပ်ကြပ်နှစ်ယောက်နဲ့ တန်းစီးနှစ်ယောက်ဟာ အစောင့်တွေကို ကြိုးကူချည်ပေးပြီး နောက်ဆုံးမှာ သူတို့လည်း ကြိုးအချည်ခံလိုက်ရပါတယ်။ ပြီးပြီဆိုတာနဲ့ ကြိုးတွေအားလုံးကို အစောင့်တွေက ပြန်လိုက်စစ်ပြန်ပါတယ်။ ပြီးတာနဲ့

"အသံမထွက်ကြနဲ့ မလှုပ်ကြနဲ့နော်၊ ဒီနေရာမှာ လူမသတ်ချင်ဘူး"

ကျွန်တော်တို့ အဲဒီလိုပုံစံနဲ့ဖြစ်နေစဉ်မှာ အဲဒီနာမည်အခေါ်ခံရတဲ့ (၁၅)ယောက်ကို အာဆန်ကုန်း(လူသတ်ကုန်း)ကို ခေါ်သွားပါတယ်။ အားလုံးမျက်နှာမှာ အဝတ်အနီတွေစည်းပြီးတော့ပေါ့။ သူတို့ဟာ တစ်ယောက်ချင်းရှေ့နောက်တန်းပြီး အစောင့်တွေဘေးကစောင့်နေတဲ့ကြားက အာဆန်ကုန်းပေါ်တက်သွား ကြပါတယ်။ ထွန်းအောင်ကျော်က သူတို့ကို နောက်ဆုံးသရဏဂုံတင်ပေးဖို့ ဘုန်းကြီးပင့်ပေးဖို့ ပြောတဲ့အခါ အားလုံးက ဝိုင်းရယ်ကြပြီး အောင်နိုင်က မင်းဥက္ကဋ္ဌဘဝတုန်းက မင်းလိုမျိုးသေခဲ့တဲ့သူတွေကို ဒီအခွင့်အရေးပေးခဲ့လား လို့ပြန်မေးပါတယ်၊ သံချောင်းကလည်း ဦးအိန္ဒာစာရက ထောက်လှမ်းရေးဆို သရဏဂုံတင်မပေးဘူးလို့ ပြောတယ်ကွလို့ ပြောလိုက်ပါတယ်။

ကျွန်တော်တို့ဘယ်ရောက်နေကြလဲဗျာ၊ ကျွန်တော်နောက်ဆုံးအနေနဲ့ ကြည့်ချင်တယ်။

"အေး မင်းတို့ အာဆန်ကုန်းပေါ်မှာ"

အားလုံးကိုသံချောင်းက သေဒဏ်အမိန့် ဖတ်လိုက်ပါတယ်။

"ကဲ မင်းတို့ ဘာဆန္ဒရှိကြသလဲ ပြောကြ"

"ကျွန်တော်မျက်စေ့ဖွင့်ပြီး သေချင်ပါတယ်"

ဆိုပြောပြီး တစ်ဆက်တည်းပဲ ထွန်းအောင်ကျော်က သူထောက်လှမ်းရေးမ ဟုတ်တဲ့ အကြောင်း စပြောချိန်မှာပဲ မျိုးဝင်းက စကားအဆက်မစပ် ခေါင်းဖြတ်လိုက်ပါ တယ်။ ခင်ချိုဦးက

"ကျွန်မနောက်ဘဝမှာ ခေါင်းတစ်ခြား၊ ကိုယ်တစ်ခြားမဖြစ်ချင်ဘူး။ ကျွန်မကို သေနတ်နဲ့ပစ်ပေးပါ"

"ကဲ ကဲ ခင်ချိုဦးနဲ့ တော်လောက်ပြီ၊ ကျုန်တဲ့ကောင်တွေ ဓါးပဲရမယ်၊ ကျည်ဆံဆိုတာက တရုတ်ငွေနဲ့ ဝယ်ရတာကွ၊အဖိုးတန်တယ်၊မင်းတို့အတွက် အပိုအကုန် မခံနိုင်ဘူး"

ခင်ချိုဦးကိုသတ်ခါနီး ကိုယ်လုံးတီးချွတ်ခိုင်းလိုက်ပါတယ်။

"V.C.S ကျွန်တော်တို့မိန်းမဟာမကိုင်ဖူးလို့ကိုင်ကြည့်လို့ရမလား"

"ဟာ ရတာပေါ့ မင်းတို့လည်းငတ်နေတာကြာပြီဆိုတော့ ဝါးလိုက် ကြလေကွာ"

မလုပ်ကြပါနဲ့၊ အဲဒါတော့မကောင်းပါဘူး ဆိုတဲ့ အသံထွက်လာပါတယ်။

"ကျွန်မကို သတ်မှာဆိုသတ်လိုက်ပါ၊ အဲ့သလိုတော့ မယုတ်မာကြ ပါနဲ့"

"ကဲ ကဲ သူက လက်မခံဘူးတဲ့၊ ကိုင်ချင်တော့ကိုင်ကြည့်ကြ"

သမင်ကို တောခွေးအုပ်ဝိုင်းဆွဲသလိုဆွဲကြပြီး၊ကဲကဲ ကျင်းသေးမှာထိုင်ဆိုတော့ ခင်ချိုဦးထိုင်လိုက်တဲ့အချိန်မှာ ကွန်မင်ဒိုထဲက တစ်ယောက်က ခင်ချိုဦးတန်ဆာထဲကို ဓါးမြှောင်ထိုးသွင်းလိုက်ပါတယ်၊ အဲဒီအချိန်မှာ ခင်ချိုဦးနာလွန်းလို့ ငိုလိုက်တဲ့အသံက နောက်စေ့ကို ပစ်လိုက်တဲ့ သေနတ်သံကြောင့် ရပ်သွားပါတယ်။

မောင်မောင်ကြွယ်အလှည့်မှာတော့ မောင်မောင်ကြွယ်က

"မင်းတို့ နိုင်သွားပြီထင်ကြလား"

ဆိုပြီး အဆက်မပြတ်ရယ်နေပါတယ်။ သူ့ရယ်သံမဆုံးခင်မှာပဲ သူ့ခေါင်းကို ခုတ်ဖြတ်ပစ် လိုက်ပါတယ်။

# ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

"ကဲ အခုနောက်ဆုံးတပ်မှူးဖြစ်တဲ့ မင်းအလှည့်ရောက်ပြီ၊ မင်းမသေခင် ဘာပြောချင်သေးလဲ၊ ချိုကြီး"

"ကျွန်တော်တို့အားလုံး ထောက်လှမ်းရေးမဟုတ်တာ ခင်ဗျားတို့အားလုံးသိပါတယ်၊ ဒီကိစ္စအတွက် အားလုံးပြန်ပေးဆပ်ရလိမ့်မယ် နောက်ထပ်" .....

ဂက်ပိုးကို ခုတ်ချလိုက်တဲ့ ဓားချက်က ဆက်ပြောမယ့်စကားတွေကို ဖိတ်ပစ်လိုက်ပါတယ်။ အလောင်းတွေကို ဆွဲချထားတဲ့ ကျင်းကြီး (၂) ကျင်းသေးမှာ မျိုးဝင်းက

"ဒီနေ့အတွေ့အကြုံကို လျှို့ဝှက်ချက်အဖြစ် မင်းတို့အားလုံးအမြဲတမ်းအတွက် ထိန်းသိမ်းထားရမယ်၊ ပြန်ပြောတဲ့ကောင် ဒီကောင်တွေနောက်လိုက်ရမယ်"

ဒါပေမယ့် အဲဒီအတွေ့အကြုံရဲ့ဟိုတစ်ပိုင်း ဒီတစ်ပိုင်းကို ထောင်ထဲက ဟိုလူသိ၊ ဒီလူသိနဲ့ နောက်တစ်ရက်မှာပဲ သိကုန် ကြပါပြီ။ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့တဲ့ သူတွေက ဂုဏ်ယူပြီး ပြန်ပြောတာတွေပါ။ ထောင်ထဲမှာတော့ အဲဒီလူသတ်ပွဲကျင်းပတဲ့ အချိန်တစ်ချိန်လုံး အပ်ကျသံကို ကြားရလောက်အောင်ငြိမ်သက်နေပါတယ်။ မှောင်စပျိုးတဲ့ အချိန်မှာ ကွန်မင်ဒိုတွေပြန်လာကြကာ ကျွန်တော်တို့ကို ကြိုးဖြည်ပေးပြီး ပုံမှန် အရင်နေ့တွေကလို ပြန်နေခွင့် ပေးပါတယ်။ သံကြိုးအလွတ်တွေလည်း ပြန်ယူလာပါတယ်။

ညမှာ ပျော်ပျော်ရွှင်ရွှင်ဖြစ်အောင်လို့ ဘောကြီးတို့ကို ဟာသတွေပြောနိုင်း၊ သီချင်းတွေဆိုနိုင်း၊ ဆေးလိပ်တွေတိုက်နဲ့ပါ။ ဝိုင်းမှဒိန်းကျင့်တာခံရအပြီး ထမင်းကျွေးသလိုပေါ့ဗျာ။ ဒီ (၁၅) ယောက်အသတ်ခံရချိန်မှာ ကျွန်တော့်အစ်ကိုနဲ့ ပတ်သတ်လို့ ဘာမှ မကြားရ၊ မသိရပါဘူး။ ဘယ်လိုမှစဉ်းစားလို့ကို မရနိုင်ဘူး၊ ပြန်လွှတ်ဖို့ရာလည်း မဖြစ်နိုင်ဘူး။ ကြားထဲမှာများ လက်လွန်သွားသလား၊ ကြားထဲလက်လွန်ရင်လည်း ကျုငုတ်ဖြစ်တဲ့ ကျွန်တော့်ပါ ရှင်းမှာပေါ့။ ဘာများလဲဗျာ၊ နောက်တစ်ခါ ABSDF မှာလျှို့ဝှက်ချက် ဆိုတာ ရှိမှမရှိဘဲ။ သတင်းတွေက ပေါက်နေကြ၊ ယိုနေကြ။

ကျွန်တော်အခုစိတ်ပူနေရတာက အစ်ကိုအတွက်ပဲ၊ ကျွန်တော့်အခြေအနေက အဆိုးဆုံးဆိုတာကို ကျော်လာပြီ။ အနည်းဆုံးအသတ်ခံရတဲ့အဆင့် မရောက်တော့ဘူး။ နောက်မဟာမိတ်ကလည်း ရှိသေးတယ်၊ သူသာ ဘုမသိ၊ဘမသိနဲ့ ပြဿနာပါပဲဗျာ။ တွေးရင်းတွေးရင်းနဲ့ဗျာ ဒီကိစ္စကြီးမှာ ရေငုံနှုတ်ပိတ်နေကြတဲ့ ပြည်တွင်းပြည်ပ သတင်းဌာနတွေနဲ့ နိုင်ငံရေးသမားတွေကို ရွံရှာမိသွားတယ်။ အဓိက ကတော့ NLD(LA) ပေါ့။

၁၂ ရက်နေ့နောက်ပိုင်း ၃-၄ ရက်လောက် အေးအေးဆေးဆေးပဲ ရှိနေတယ်။

ကျွန်တော်တို့အတွက် နေ့တွေ၊ လတွေ ရက်တွေက အရေးမကြီးလှပါဘူး၊ အရေးကြီးတာက ဒီနေ့အသက်ဆက်ရှင်နေဖို့ပဲ။ ရှင်တဲ့သူက လွတ်ဖို့စဉ်းစားနိုင်တယ်။ နေ့လည်ခင်းမှာ ကျွန်တော့်ကိုထောက်လှမ်းရေးကကောင်တွေ လာခေါ်တယ်။ လာခေါ်တယ်ဆိုတော့ စိုးရိမ် စိတ်နဲ့ပေါ့၊ လိုက်သွားရတယ်။စစ်ရုံးရှေ့ရောက်တော့ နန်းအောင်ထွေးကြည်၊ ကျော်နိုင်ဦး၊ တိုးကြည်နဲ့ ဂျိုးဖြူ တို့ကိုတွေ့လိုက်ရတယ်။ အောင်နိုင်က အခြေအနေတွေကို ကျွန်တော့်ကို ရှင်းပြပါတယ်

"ညီညီ မင်းတို့အစု ထိုင်း၊ နေရှင်းက သတင်းထောက်ရင်ဒီးနဲ့တွေ့ ရမယ်။ သူက မင်းတို့အကြောင်းတွေကိုရော ငါတို့တပ်ကကိစ္စပါမေးရင် မေးလိမ့်မယ်၊ မင်း စကားပြန်လုပ်ရမယ်၊ မင်းပြောသမျှစကားတွေကို ကက်ဆက်နဲ့ ဖမ်းထားမှာနော်၊ မင်းအုတ်မြစ် တိုးအုကြောင်းစကားပြောရင် သတ်ပစ်မှာ၊ ငါ မင်းလောက်မတတ်ပေမယ့် မှားပြောတာကိုတော့ သိနိုင်လောက်အောင် တတ်တယ် နားလည်လား"

"ဟုတ်ကဲ့ ဦးအေး"

သန်းဇော်နဲ့ အခြားထောက်လှမ်းရေး အဖွဲ့သားတွေအားလုံး တွေ့ဆုံပွဲအတွက် ပြင်ဆင်ပြီး ဝင်လိုက်၊ ထွက်လိုက်နဲ့ အလုပ် များနေကြပါတယ်။

အဆင်သင့်ဖြစ်ပြီဆိုတာနဲ့ မျိုးဝင်းတဲ့ပေါ်ခေါ်သွားတာ ဟိုရောက်တော့ ရင်ဒီးနဲ့ အဖွဲ့ကို (၃)ချောင်းထောက်ကြီးတွေ ထောက်ထားတဲ့ ကင်မရာကြီးတွေနဲ့ နောက်တစ်ခါ ဘက်သည်ဘက် နံတန်းရှည်ခင်းထားပြီး အလယ်ကစားပွဲပေါ်မှာ အသံဖမ်းလို့ရတဲ့ ကက် ဆက်တင်ထားပြီး ဘေးက နံတန်းရှည်ပေါ်မှာ အောင်နိုင်က မိန့်မိန့်ကြီးထိုင်ပြီးစောင့် နေတာတွေ့ရပါတယ်။ ကျွန်တော်တို့အားလုံး စားပွဲနားလျှောက်သွားတဲ့အခါ ကျွန်တော်တို့ ပုံစံတွေ ကြည့်ပြီး ရင်ဒီး အံ့အားသင့်နေတာ တွေ့ရပါတယ်။ နန်းအောင် ထွေးကြည်ကလွဲ ကျန်တဲ့သူ အားလုံးခြေကျင်း သံကြိုးတွေနဲ့ပါ။ အားလုံးဟာ ရေမချိုး ရလို့ သန့်ရှင်းမှုမရှိသ အဝတ်အစားတွေကလည်း စုတ်ပြတ်ပေရေနေကြပါတယ်။ ကျမ်းမာရေးမပြည့်စုံတာက ကြည့်ရင်ကိုသိသာနိုင်ပြီး ဒဏ်ရာတွေကလည်း ထင်ရှားနေပါတယ်။ အောင်နိုင်က ကျွန် တော်တို့အားလုံးကို ထိုင်ဖို့ပြောလို့ထိုင်လိုက်ပါတယ်။ အားလုံး က မတိုင်ပင်ပဲနဲ့ အောင်နိ ကို လိုတာထက်ပိုပြီး ရိုကျိုးနာခံပြကြပါတယ်။ ရင်ဒီးကို အမှန်တရားဘာဆိုတာ ရိပ်မိစေ လို့ပါ။ ရင်ဒီးနဲ့ သူမရဲ့ အဖွဲ့ဟာ စားပွဲတစ်ဖက်မှာရှိပြီး ကျွန်တော်တို့ရဲ့ လက်ယာဘက်မှာ တော့ အောင်နိုင်နဲ့ သန်းဇော်ရှိပါတယ်။ ကျွန်တော်တို့ လက်ဝဲဘက်ကတော့ တောင်ကမ်

## ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

ပါးအစွန်းဖြစ်ပြီး တပ်တစ်တပ်လုံးကို စီးမြင်နေရပါတယ်။ ဒီနေရာက ကိုချိုကြီး ဗိုက်ပေါ် မီးဖိုတဲ့နေရာဖြစ်ပြီး အမျိုးသမီး နှစ်ယောက်နဲ့ ထွန်းအောင်ကျော်၊ ကိုချိုကြီးတို့ကို ကားစင်တင်တဲ့နေရာနဲ့ သိပ်ကို နီးတဲ့နေရာပါ။ အဲ့ဒီအနံ့ကို ကျွန်တော်တောင်ရနေတော့ တကယ်ခံခဲ့ ရတဲ့ လက်ဝါးကပ်တိုင်ပေါ်မှာ လက်ဖဝါးပေါ် ၄" သံချောင်းအရိုက်ခံခဲ့ရတဲ့ နန်းအောင်ထွေး ကြည့်ဆိုရင် ဘယ်လိုနေမှာလဲ၊ သူကျွန်တော့် ဘေးမှာ တည်တည် ငြိမ်ငြိမ်ရှိနေတာက မိန်းကလေးတစ်ယောက်အတွက်ဆိုရင် သိပ်ချီးကျူးစရာ ကောင်းလှပါတယ်။

အောင်နိုင်က ရင်ဒီးနဲ့ စကားစပြီး ကျွန်တော်တို့ကိုလည်း စကားဝိုင်းကို ဂရုစိုက်ဖို့ မျက်စပစ်ပြလိုက်ပါတယ်၊ နောက်ချက်ချင်းပဲ ကက်ဆက်တိပ်ရီကော်ဒါရဲ့ အသံသွင်းခလုတ်ကို သန်းဇော်က နှိပ်လိုက်တယ်။ ပထမ ရင်ဒီးက ကျွန်တော်တို့ရဲ့ အုပ်စုဓါတ်ပုံကို ရိုက်ယူလိုက်ပြီး ကျွန်တော်က ဇာတိဒေသရယ်၊ ရာထူးအဆင့်ရယ် ထည့်ပြောလိုက်ပြီး၊ တစ်ယောက်ပြီးတစ်ယောက် မိတ်ဆက်လိုက်ပါတယ်။ စစချင်းသူမေးတဲ့ မေးခွန်းက

"စစ်ကြောရေးမှာ မင်းတို့ နှိပ်စက်ခံခဲ့ရသလား"

ကျွန်တော်က

"ကျွန်တော်တို့ အခုကျန်းကျန်းမာမာရှိပါတယ်"

"မဟုတ်ဘူး ကျွန်မမေးတာက စစ်ကြောရေးမှာ နှိပ်စက်ခံခဲ့ကြရသလား"

"ကျောင်းသားတပ်မတော်က ကျွန်တော်တို့ကို သေသေချာချာ ဆေးကုပေးပါတယ်"

"မင်းတို့ နှိပ်စက်ခံကြရသလား"

ဆိုပြီး စိတ်မရှည်တဲ့ပုံနဲ့ အသံကို မြှင့်မေးပါတယ်။

"ဒဏ်ရာပြင်းထန်ရင် အနီးကပ်ပြုစုစောင့်ရှောက်မှု ပေးပါတယ်"

သူမက စိတ်မရှည်ဟန်နဲ့ ကျွန်တော့်ကိုစိုက်ကြည့်ချိန်မှာ ကျွန်တော်က ကက်ဆက်ကို မျက်စေ့ဝင့်ပြပြီး သူမကိုနားလည်ပေးနိုင်ဖို့ အယူခံမျက်နှာနဲ့ ကြည့်နေလိုက် ပါတယ်။

(ကျေးဇူးပြုပြီး ငါ့ကိုချောင်မပိတ်ပါနဲ့၊ ကိုယ့်ဘာသာနားလည်ပေးပါ)

ဒါပေမယ့် မမျှော်လင့်စွာနဲ့ပဲ အောင်နိုင်က အခြေအနေကြီးကို ဝင်ကယ်တင်လိုက်ပါတယ်။

"ဟုတ်ကဲ့ ကျွန်တော်တို့ တုတ်နဲ့ ရိုက်တယ်၊ ကြာပွတ်နဲ့ ရိုက်တယ်၊

ကန့်တယ် နောက်အားလုံးပျာ၊ နောက်ဆုံး လိုအပ်ရင်လျှပ်စစ်ခါတ်နဲ့ တို့တယ် ဓားနဲ့ မွှန်းတယ်၊ ဒီကောင်တွေက သိပ်ခေါင်းမာပြီး သိပ်ကောက်ကျစ်တယ်၊ ဒီလိုမှမလုပ်ရင် သူတို့ ဘာကိုမှ ပြောမှာမဟုတ်ဘူး"

ရင်ဒီးက အခြေအနေကို နားလည်ထားနင့်တဲ့အထဲမှာ ပိုသဘောပေါက်သွားပုံနဲ့ ကျွန်တော်တို့နဲ့ တွေ့ဆုံတဲ့ကိစ္စအပေါ်စိတ်ဝင်စားမှုချက်ချင်းလျော့ကျသွားပါတယ်။ သူမက စိတ်မဝင်စားတာကို ချက်ချင်းပြတဲ့အနေနဲ့ စကားတွေ သိပ်များများမပြောတော့ပါဘူး။

ခဏအကြာမှာ ရင်ဒီးကကျွန်တော့်ကို မေးခွန်းတစ်ချို့မေးပြန်ပါတယ်။

"ကေအိုင်အိုနဲ့အစိုးရအကြား ငြိမ်းချမ်းရေးစကားပြောတာကို ဘယ်လိုမြင်သလဲ"

"အော် Fraternize (ယာယီအပစ်ရပ်တာ)ကိုပြောတာလား၊ အေးဗျာ ခရစ်စမတ်ပွဲကာလ အတွက်လိုပေါ့"

"အိုး ..... အဲသလိုလား"

"သူတို့နှစ်ဘက် ဘုံအကျိုးစီးပွားအတွက် လုပ်ကြတာပါ"

"မင်းတို့ အားလုံးထောက်လှမ်းရေးတွေလား"

"ဟုတ်ကဲ့ နှစ်ဘက်ဘုံအကျိုးစီးပွားအတွက်ပေါ့"

မေးခွန်းတွေရပ်သွားပါတယ်။ ကျွန်တော်ပြောတာကို သူမသဘောပေါက် ရိပ်မိသွားပုံရပါတယ်။ ဘာစကားမှသူမထပ်မပြောတော့ပါဘူး။

ကျွန်တော်တို့လည်း တောင်အောက်ပြန်ဆင်းပြီး ထောင်ထဲပြန်သွားခဲ့ရပါတယ်။ ကျွန်တော်ထင်တယ်လေ၊ ကျောင်းသားတပ်အတွက်ကတော့ တော်တော်ရှုံးသွားတဲ့ ပွဲပါပဲ။

□



# ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

## အခန်း(၁၂)

ထောင်ထဲမှာ ကျွန်တော့်အခြေအနေ နည်းနည်းပိုကောင်းလာပါတယ်။ သူငယ်ချင်းတွေလည်းထပ်ရပြီး အချင်းချင်းဖြစ်တဲ့ ပြဿနာအချို့ကို ကျွန်တော်က တိုးတိုးကြိတ်လိုက်ဖြေရှင်း၊ ဖျန်ဖြေရတဲ့အခြေအနေမျိုးအထိ တိုးတက်လာပါတယ်။ စိတ်ဓာတ်ကျနေတဲ့ အကျဉ်းသားငယ်တွေကို အားပေးတာမျိုး၊ နောက်တစ်ခါကြိုက်ကြိုက် မကြိုက်ကြိုက် အတူတွဲနေရမယ့်အတူ၊ ပြဿနာဖြစ်လို့မရမယ့်အတူ၊ ပြဿနာမလုပ်ကြဖို့၊ အနည်းဆုံးပြဿနာကို လွတ်မြောက်ပြီးချိန်အထိ ရွှေ့ထားဖို့ အချို့ကို ပြောဆိုနိုင်ခဲ့ပါတယ်။

ရင်ဒီးနဲ့ပြောတဲ့အခါမှာ ရင်ဒီးကျွန်တော်တို့ကို နားလည်သွားတယ်ဆိုတာကို ကျွန်တော်ဘဝတူအကျဉ်းသားတွေကို ဘာမှ ပြန်မပြောခဲ့ပါဘူး။ သူတို့ အလွန်အကျွံမျှော်လင့်ချက်တွေထားကုန်ကြပြီး ဘာမှဖြစ်မလာရင်မကောင်းပါဘူး၊ နောက်တစ်ခုက ဒီစကားအပြင်ပျံ့သွားလို့ အောင်နိုင်သိသွားရင်၊ သူ့ကိုရှေ့မှာထားပြီး ကျော်သွားတယ်ဆိုတာ သဘောပေါက်သွားရင် အလွန်အန္တရာယ်ကြီးပါတယ်။ လုံခြုံအောင်နေတာအကောင်း ဆုံးပါ။

ကျွန်တော်အခုထက်ထိ အဲဒီရင်ဒီးနဲ့ တွေ့ခဲ့တဲ့အကြိမ်ကလွဲပြီး တောင်ကုန်းအောက်ဆင်းခွင့်မရခဲ့သေးပါဘူး။ ညနေသီချင်းဆိုအပြီး အိပ်ယာဝင်ခဲ့တာ အိပ်ပျော်ပြီးမကြာခင်မှာပဲ ထောက်လှမ်းရေးကသက်လင်း ကျွန်တော်နေတဲ့ ထိပ်တုံးရှေ့ရောက်လာပြီး

"ညီညီ ထ လိုက်ခဲ့"

လို့ ပြောပါတယ်။

# ဆယားညီညီ

ညအချိန်လာခေါ်ခဲ့ရတော့ ကျွန်တော်အတွေးမျိုးစုံတွေးမိပြီး ကြောက်ရွံ့နေခဲ့ပါတယ်။ လှမျိုးအောင်က

"ညီညီ ထိပ်တုံးထဲက ခြေထောက်ထုတ်"

ညပိုင်းစစ်ကြောမှုဟာ အန္တရာယ်ကြီးလွန်းလို့ ကျွန်တော်လန့်နေပါပြီ။ အစောင့်ကို ထောက်လှမ်းရေးကနစ်ယောက်က စကားနည်းနည်းပြောနေတော့ ကျွန်တော်က အချုပ်ခန်းပေါက်မှာ မတ်တပ်ရပ်ခေါင်းငုံ့ပြီး လက်နောက်ပစ်ထားလိုက်ပါတယ်။

သက်လင်းကအပြင်ထွက်လာပြီး ကျွန်တော့်ကျောဖက်က လက်နှစ်ချောင်းကို ပူးပြီး ကြိုးချည်ပါတယ်။ ကြိုးတန်းလန်းကို သူကနောက်က ဆွဲလို့ပေါ့။

ချမ်းအေးလှတဲ့ ရာသီအတွင်းလားလျှောက်လမ်းအတိုင်း တောင်ကုန်းအောက်ဆင်းရပါတယ်။ သူက နောက်ကပဲ လိုက်လာပါတယ်။ အပြင်မှာ အေးပေမယ့် ကျွန်တော့်ရင်ထဲမှာ ပလောင်ဆူနေပါတယ်။ လမ်းအတိုင်းသွား။ သင်တန်းခန်းမ ရှေ့ကလျှောက်ပြီး အရာရှိကုန်းပေါ်တက်ပါတယ်။ ထောက်လှမ်းရေးရုံးရှေ့မှာ ကျွန်တော်ခြေလှမ်းတုံ့တော့ ဆက်လျှောက်တဲ့၊ အဲ့ဒါမဆိုးဘူး။ ဆက်လျှောက်ရင်း စစ်ရုံးရှေ့မှာ တစ်ခါဆက်လျှောက်တဲ့။ ဒါဆို ပြဿနာကသိပ်အကြီးကြီးမဖြစ်နိုင်တော့ဘူး။ ဆက်လျှောက်ဆိုတဲ့ စကားကိုတစ်ခါထပ်ပြီး သံချောင်းတဲရှေ့မှာပြောအပြီး မျိုးဝင်းတဲအဝင်မှာတော့ အထဲဝင် မယ်တဲ့။

ကျွန်တော် မျိုးဝင်းတဲပေါက်မှာ ရပ်စောင့်နေတုန်း သက်လင်းက V.C.S ကျွန်တော်တို့ရောက်ပါပြီတဲ့။ သက်လင်းက ကြိုးတွေဖြည်ပေးပါတယ်။

"ဟ ဟ မင်းဘယ်လိုခေါ်လာတာလဲ၊ ဒီအတိုင်းခေါ်လာတာ မဟုတ်ဘူးကွာ"

မျိုးဝင်းရဲ့စကားကြားရတဲ့အခါမှာ ကျွန်တော်စိတ်သက်သာရာရသွားပါတယ်။

"လာ လာ မီးပုံဘေးဝင်ထိုင်"

မျိုးဝင်းရှိတဲ့ မီးပုံကို မော့မကြည့်ပဲ ကပ်သွားပြီး ထိုင်မယ်လုပ်မှ မျိုးဝင်းနဲ့အတူ မီး ဘေးထိုင်နေတဲ့သူကို မော့ကြည့်မိတော့

"အလို ကျွန်တော့်အစ်ကို ကိုမောင်မောင် ဖြစ်နေပါလား"

"ဘုရားသခင်ထံမှ ငြိမ်းချမ်းသာယာမှုအပေါင်း သင့်အပေါ်သက်ရောက်ပါစေ"

လို့ ဘာသာရေးနည်းအရ နှုတ်ဆက်လိုက်တော့၊

# ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

"ကျွန်ုပ်ကဲ့သို့ပင် သင့်အပေါ်၌လည်း သက်ရောက်ပါစေ"

လို့ သူက ပြန်နှုတ်ဆက်ပါတယ်။

သူက ကျွန်တော်နှုတ်ဆက်လိုက်တဲ့အချိန်အထိ ကျွန်တော်ကိုဘယ်သူမှန်း သိပုံမရပါဘူး။ အတော်အံ့ဩနေပါတယ်။ ဟုတ်တယ်လေ ကျွန်တော့်ပုံစံက ရုပ်ပျက် ဆင်းပျက်နဲ့ လမ်းလျှောက်ပုံကစ ထော့ကျိုးဖြစ်နေတာ၊ မှတ်မိစရာအကြောင်း ဘာမှ မရှိဘူး။

ကျွန်တော်လည်း ရှက်ရွံ့မှု၊ နာကျင်မှု၊ ပျော်ရွှင်မှုတွေပေါင်းပြီး မျက်ရည်ကျ လာပါတယ်။ ယောင်နေတဲ့မျက်နှာ၊ မျက်ကွင်းဟောက်ပက်၊ ပါးနဲ့ နဖူးပေါ်ကအမာရွတ်တွေ၊ မရိတ်မသင်၊ မသပ်မရပ် မုတ်ဆိတ်၊ နှုတ်ခမ်းမွေးနဲ့ ဖွာလန်ကြဲနေတဲ့ဆံပင်၊ သန့်ရှင်းမှု မရှိ တဲ့အပြင် စုတ်တီးစုတ်ပြတ်ဖြစ်နေတဲ့ အဝတ်အစားတွေနဲ့ ဒုက္ခိတတစ်ယောက်ဟာ သူ့ရဲ့ လွန်ခဲ့တဲ့ ၄-၅ လ က ခွဲခွာခဲ့တဲ့ညီ ဖြစ်မယ်လို့ သူထင်ထားပုံမရပါဘူး။ ကျွန်တော့်ရဲ့ ဘယ်ဘက်က အပေါ်ရှေ့သွားနှစ်ချောင်းကလည်း ရှေ့ထွက်ကျ နေပါတယ်။ သူ့ရှေ့မှာ လူလူသူသူဖိနပ်ကလေးတောင် စီးမသွားနိုင်ပဲ ရာဘာတစ်ဖက်၊ သားရေတစ်ဖက် (၂)ဖက် လုံး ဘယ်ဘက်သာ ဖြစ်တဲ့ ဖိနပ်တစ်ရံကို စီးသွားရတာ အင်မတန်နာကျည်းစရာကောင်း၊ ရှက်စရာကောင်းလှပါတယ်။

ဒါပေမယ့် ကျွန်တော့်အစ်ကိုကို အသက်ရှင်လျက်တွေ့ရတာကတော့ စိတ် ချမ်းသာစရာအကောင်းဆုံးပါပဲ။ သူရောက်နေတာ ကြာပြီဆိုပြီး လာသတင်းပေးတဲ့ သူတောင် အသတ်ခံလိုက်ရပါပြီ။ မျိုးဝင်းက ကျွန်တော့်ကို ရေနွေးကြမ်းသောက်ခွင့်ပေးပြီး ကိုမောင်မောင်က တော့ မီးညှိထားတဲ့ ဆေးလိပ်ကမ်းပေးပါတယ်။ ကျွန်တော်က မျိုးဝင်းကို

"V.C.S ကျွန်တော်ဆေးလိပ်ယူသောက်လို့ ရမလား"

ဆိုတော့ "ရတာပေါ့ ရတာပေါ့ သောက်" တဲ့။

"ကဲ ညီညီ၊ မင်းအစ်ကိုက မင်းနဲ့တွေ့ဖို့လာခဲ့တာ၊ အဲ့ဒါမင်း ထောက် လှမ်းရေးဖြစ်တဲ့အကြောင်း သူကမယုံဘူးတဲ့၊ အဲဒါနည်းနည်းပြောပြလိုက်ပါဦး"

သူ့နောဘေးက မြင်းခုံပေါ်မှာဖိုင်တင်ထားတာတွေ့တယ်။ အပေါ်မှာ ညီညီလို့ ရေး ထားတာ၊ ကျွန်တော့်ကိုစစ်ထားတဲ့ စစ်ကြောရေးဖိုင်လေ။

"ကဲ ကိုမောင်မောင်၊ ခင်ဗျားညီကို ခင်ဗျားကိုယ်တိုင် မေးကြည့်ပါ တော့ဗျာ"

"ကဲ ကဲ ပြောပါဦး မင်းက ဘယ်လိုကနေဘယ်လို ထောက်လှမ်းရေး
ဖြစ်သွားရတာတုန်း"

"ကျွန်တော်ဒီကိုလာတာ န.ဝ.တ ထောက်လှမ်းရေးအဖွဲ့က တာဝန်
ပေးစေခိုင်းချက်အရ လာတာပါ"

မျိုးဝင်းက "မင်းအဆင့်၊ အဆင့်ကိုပြောပြလိုက်"

"ကျွန်တော် မန္တလေး ထောက်လှမ်းရေး (၁)က ဗိုလ်ပါ"

သူ့ကျွန်တော့်စကားကို ကြားလိုက်ရတော့ မျက်မှောင်ကျုံ့သွားတာ တွေ့လိုက်
ရတယ်။ (ကိုမောင်ရေ နားလည်ဖျနော်၊ ဒီကစားပွဲကို ကျွန်တော်တို့ပိုင်ပိုင်နိုင်နိုင်ကစားနိုင်
ကျွန်တော်တို့နှစ်ယောက်လုံး အသက်ရှင်မှာ၊ အဲသလိုမကြည့်နဲ့ဗျာ။ ကျွန်တော့်ပုံစံကြည့်ပြီ
ခင်ဗျားနားလည်)

"ပြောလိုက်ဦး၊ ပြောလိုက်ဦး၊ ထောက်လှမ်းရေးဘယ်တုန်းက စလုပ်
တာလဲ"

"၁၉၇၉ က စတာပါ"

တစ်ခါ မျိုးဝင်းကပဲ "မင်းရာထူးတိုးတာတွေ သင်တန်းဘယ်သူတွေနဲ့ တက်ရတယ်
ဆိုတာတွေပါ အကုန်ပြောကွာ"

"ထောက်လှမ်းရေး (၁) က ဆာကျင်အောင်စန်းကစပြီး ကျွန်တော့်ကို
စည်းရုံးတာပါ၊ နန်းတွင်းမှာ သင်တန်းယူရပြီး တက္ကသိုလ်ကျောင်းထဲမှာ လှုပ်ရှားရတာပါ၊
ကျောင်းပြီးတဲ့နောက် တပ်ကြပ်ကြီးဖြစ်လာပါတယ်၊ ၁၉၈၇ ငွေစက္ကူအရေးအခင်းအပြီးမှာ
ကျွန်တော်ဒုဗိုလ်အဖြစ် ရာထူးတိုးပေးခံရပါတယ်။ ငွေစက္ကူအရေးအခင်းမှာ ခေါင်းဆောင်
တဲ့သူတွေနဲ့ နောက်လိုက်တွေ အားလုံးဖမ်းမိခဲ့တာ ကျွန်တော့်လက်ချက်ပေါ့"

"ဟာ၊ ဟာ၊ ဟုတ်လှချည်လား G.T.Iကျောင်းသားတွေ ဖမ်းခဲ့တာ
မင်းပေါ့"

(သူပြောတဲ့အဓိပ္ပါယ် ကျွန်တော်သိပေမယ့် မပြောစေချင်ဘူး၊ ကျွန်တော်
သူ့မျက်လုံးကို လှမ်းကြည့်လိုက်တော့ သူဆက်ပြောမယ့် စကားတွေရပ်သွားတယ်။G.T.I
ကျောင်းသားခေါင်းဆောင်က ထွန်းအောင်ကျော်မှန်း၊ နောက်တစ်ခါ အဲ့ဒီလှုပ်ရှားမှုထဲ
ကျွန်တော်တို့ တစ်စိတ်တစ်ပိုင်းပါမှန်း သူသိထားတယ်လေ။)

"၁၉၈၈ အရေးအခင်းကြီးဖြစ်လာတော့ ကျွန်တော်တို့ကို အနီးကပ်

သင်တန်းပေး၊ ရာထူးတိုးပေးပြီး ဒီကို လွှတ်လိုက်တာ"

"တာဝန်၊ တာဝန်ဘာလဲ ပြောလိုက်စမ်း"

"နောက်ဆုံးမှာ န.ဝ.တ ကတောင့်မခံနိုင်ပဲ N.L.D ကို အာဏာလွှဲရပြီ ဆိုရင် မဆလအရာရှိဟောင်းတွေကို အရေးမယူအောင် ဖျန်ဖြေရေး၊ သင်ပုန်းချေရေးလိုင်းရအောင်တင်ရမှာ၊ အဲဒီလိုလုပ်နိုင်ဖို့ ဒီ ABSDF မှာ အလုပ်တကယ်လုပ်ပြီး နာမည်ရအောင်ယူရမှာ"

"အဲဒီတာဝန် ဘယ်သူက ပေးတာလဲ" ရော ပြောလိုက်ဦး။

"ဗိုလ်ချုပ်ခင်ညွန့်က ပေးတာပါ"

"မင်းနဲ့ ဒါရိုက်အဆက်အသွယ်ရှိလား"

ဆိုပြီး ကိုမောင်မောင်က ဝင်မေးပါတယ်။

"ထောက်လှမ်းရေး(၁)က တာဝန်ခံဗိုလ်ကြီးမြင့်ဦးကတဆင့် ဆက်သွယ်တာပါ"

"သင်တန်းတက်ဖော်တွေ နာမည်ရော ပြောပြလိုက်စမ်း"

"တင်မောင်၊ တင်မောင်ညွန့်၊ ချစ်ဖွား၊ လှရွှေ၊ ချစ်ဖေ၊ မျိုးလွင်၊ ခဲမြင့်တို့ပဲ မှတ်မိတော့တယ်"

"သင်တန်းပေးတဲ့ ဆရာတွေနာမည်ကရော"

"ဦးလှမောင်နဲ့ ဦးတင်အောင်"

ကျွန်တော်ယုံပါတယ်၊ ဒီမှာ ဘာဖြစ်နေတာလဲဆိုတာ ကျွန်တော့်အစ်ကို လုံးဝကို သိသွားပါပြီ။ နဂိုကသူသိတာက ဖွတ်ဝန်ခံ ခိုင်းတယ်ဆိုတာလောက်ဖြစ်မှာ အစုကျ အတွင်းကျကျကို သိသွားပါပြီ။မျိုးဝင်းကဖိုင်ကိုကြည့်နေရင်း ဝင်ထောက်နေတာပါ။ကိုမောင်မောင်က

"V.C.S ညီညီက အမှန်အတိုင်း တကယ်ရောအစစ်ခံရဲ့လား၊ သူလိမ်ပြောတာတွေ၊ ဖုံးထားတာတွေရော ရှိမလား"

"သူမှန်တာပေ့ါ၊ မှန်တယ်၊ အကြိမ်ကြိမ်ပြန်စစ်တာတောင် တစ်လုံးမှ မလွဲဘူး။ အေးဗျာ၊ အမှန် ဆိုရရင် ခင်ဗျားညီက အင်မတန်ဖြူစင်ပါတယ်ဗျာ၊ ပထမ မနာခင် အထိဖုံးကွယ်နေပြီး နာလည်းနာရော တော်ပြီ မရိုက်နဲ့တော့ အမှန်ပြောမယ်ဆိုပြီး ပြောခဲ့တာ၊ တစ်ရေးနိုးထမေးလည်း ဒီအတိုင်းဖြေတာ၊ သူဘာမှချန်မထားတော့ဘူး"

## ဆယ်မားညီညီ

ကျွန်တော့်အစ်ကိုက ကျွန်တော့်ကို ခြေဆုံးခေါင်းဆုံးမမြင်ဘူးသူ တစ်ယောက်လို သေချာကြည့်နေပါတယ်။ ခြေထောက် (၂)ဖက်လုံး ဆင်ခြေထောက်ရောဂါသည်လို ယောင်ကိုင်းပြီး လက်ကောက်ဝတ်တွေမှာလည်း ကြိုးပွန်းထားတဲ့ ဒဏ်ရာတွေနဲ့၊ မျှော်လင့်မထားပဲ ရုတ်တရက်နဲ့ သူဒေါသတကြီး ထအော်လိုက်ပါတယ်။

"မင်းအသုံးမကျတဲ့ကောင်၊ သစ္စာဖောက်ကောင်၊ မင်းလိုကောင်ကို အရှင်မထားပဲ သတ်ပစ်ဖို့ကောင်းတယ်"

ဒီတစ်ကြိမ် အုံ့အားသင့်ဖို့အလှည့်ကတော့ မျိုးဝင်းဖြစ်တယ်။

"ကိုမောင်ရာ တော်ပါတော့၊ ခွင့်လွှတ်လိုက်ပါဗျာ"

"ဘယ်လိုလုပ်ခွင့်လွှတ်လို့ ရမှာလဲ၊ သူလုပ်ထားတဲ့ အလုပ်ကြီးက ---- ဟေ့ကောင် မင်းအားလုံးကို ခွင့်လွှတ်ဖို့ တောင်းပန်လို့ရတယ်၊ ဒါပေမယ့် သေသွားတဲ့ အဖေကို ဘယ်လိုတောင်းပန်မလဲ၊ သူက မင်းကို တော်လှန်ရေးသမားဆိုပြီး ဂုဏ်ယူခဲ့တာ၊ သူ့ကို မင်းဘယ်လိုရှင်းပြမလဲ"

သူကျွန်တော့်ကို ထရိုက်ဖို့၊ ကန်ဖို့တောင်ပြင်ဆင်လိုက်ပါတယ်၊ မျိုးဝင်းက သူ့ဖိုင်ကိုချုပြီး

"ကိုမောင် မလုပ်နဲ့၊ မလုပ်နဲ့၊ အမှန်ပြောရရင် ဒီထောက်လှမ်းရေး ၆၀ - ၇၀ ထဲမှာ ခင်ဗျားညီ အရိုးသားဆုံး၊ နောက်တစ်ခုကဗျာ သူက ရှစ်လေးလုံး မတိုင်ခင်ကတည်းက စစ်သားဖြစ်ခဲ့တာလေဗျာ၊ သူ့လုပ်နေကျအလုပ်သူဆက်လုပ်ပြီး လုပ်ခဲ့တာ၊ တကယ်တမ်းဆိုရင် သူ ကျွန်တော်တို့ ကျောင်းသားတပ်ကို ဒုက္ခရောက်အောင်ဘာမှ မလုပ်ခဲ့ရသေးပါဘူး"

"ဘာရိုးသားတာလဲဗျ၊ ဘာရိုးသားတာလဲ၊ ဟန်ဆောင်ပြီးလာပြီးတော့မှ"

"ခင်ဗျားမဟုတ်သေးဘူး၊ တော်လှန်ရေးကိုတော်လှန်ရေးလို့ပဲ မြင်ကြည့်၊ သူဟိုဘက်ကလား၊ ဒီဘက်ကလား မကြည့်နဲ့၊ သူ့ကြောင့် ကျွန်တော်တို့ရှုံးလား မြတ်လားကြည့်၊ သူ့တာဝန်ရဲ့နောက်ဆုံးရည်ရွယ်ချက်ကလွဲရင် ကျန်တာအားလုံး ကျွန်တော်တို့အတွက် အမြတ်ကြီးဘဲ၊ သူ့ဆောင်းပါးတွေက အခုထက်ထိကျွန်တော်တို့အတွက် အသုံးဝင်နေတုန်းပါ။ အခု လေ့ကျင့်မွမ်းမံ သင်တန်းပေးခဲ့တာ ခင်ဗျားသိတယ်မလား၊ အဲဒီသင်တန်းတစ်ခုလုံး သူ့ဆောင်းပါး၊ သူ့စာအုပ်စာတမ်းတွေနဲ့ပဲ လုပ်ခဲ့တာဗျာ၊ နောက်ဆုံးဗျာ

## ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

တောင်ပိုင်းကတောင်စကားမစတဲ့ ပြည်ထောင်စုအတွက် အခြေခံဥပဒေမူကြမ်း တစ်စောင် ကျောင်းသားတပ်ကတင်ခဲ့တာမှာ အစအဆုံးသူပြုစုခဲ့တာ၊ နောက်တစ်ခါ သူအမှန်တွေ ရှည်း အစစ်ခံခဲ့တာ၊ သူ့လောက်ရိုးသားပြီး အမှန်ဖွင့်ပြောတဲ့ စပိုင်တစ်ယောက်မှမရှိဘူးဗျာ"

(ကျွန်တော်ထင်တယ်လေ၊ ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက် ဒီစာမေးပွဲကို ဘာသာစုံဂုဏ်ထူးနဲ့ အောင်သွားပြီ)

ကျွန်တော်ဘာဖြစ်လို့မှန်းမသိပဲ မျက်ရည်တွေကျလာပါတယ်။ ကျွန်တော် နပ်ညှစ်ချင်တာနဲ့

"V.C.S ကျွန်တော် နပ်ညှစ်ချင်တယ်"

"လုပ်လေ လုပ်ပါ"

နပ်ညှစ်ပြီးတာနဲ့ သူက ဆေးလိပ်သောက်ခိုင်းပါတယ်။

ကျွန်တော်က ကိုမောင်မောင်ဒီကအခြေအနေမှန်တွေ၊ နေထိုင်ရပုံတွေကို သိ သွားစေချင်တာပါ။ ထိုင်၊ ထ၊ ခေါင်းလှုပ်၊ ခြေလှုပ်က အစ ခွင့်ပြုချက်မရပဲ ဘာမှလုပ်ခွင့် မရှိဘူးဆိုတာ သိသွားစေချင်တာပါ။ မျိုးဝင်းက

"ကဲညီညီ၊ ဖတ်ခါးသောက်၊ နောက်ဆေးလိပ်သောက်"

ကျွန်တော်က ရေနွေးကြမ်းကို တို့တောင်မတို့ပဲ ခါချဉ်ပေါင်ဆေးထုပ်နဲ့ စာရွက် အလွတ်ကို ကိုင်ပြီး

"V.C.S ကျွန်တော် ခါချဉ်ပေါင် ကျွန်တော့်အစ်ကိုကို လိပ်ပေးချင် လို့ပါ"

"လုပ်လေ လုပ်ပါ"

မျိုးဝင်းက စီးကရက်၊ ဆေးပေါ့လိပ်နဲ့ ခါချဉ်ပေါင် (၃)မျိုးလုံး ချထားပေးထားတာ။ မင်းကဘာအဆင့် ဘာနဲ့ပဲတန်တယ်ဆိုတာ သိမှသိရဲ့လားလို့ ကျွန်တော့်ကိုစမ်းနေတာ၊ ဒီမှာက အဲသလိုအသေးအဖွဲကစ သတိထားရတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့ဒေါသ တစ်ချက်ဟာ အရာရာ၊ ယုတ်စွအဆုံး သေခြင်း၊ ရှင်ခြင်းကိုတောင် ပြောင်းပစ်နိုင်တယ်။ ဆေးလိပ်လိပ်ပေး၊ သောက်ပြီးချိန်မှာ

"ကဲ ညီညီ၊ မင်းအစ်ကိုနဲ့ ငါဆက်ဆွေးနွေးစရာတွေ ကျန်နေသေး တယ်၊ မင်းပြန်လိုက်တော့"

ကျွန်တော်ချက်ချင်း မတ်တတ် ရပ်ပြီး သတိဆွဲနေလိုက်ပါတယ်။

# ဆယားညီညီ

သက်လင်းအဆင်သင့်ပဲ ဝင်လာပါတယ်။

"သူ့ကိုခေါ်သွား၊ ကြိုးချည်စရာမလိုဘူး"

"ဟော့ ဒါနဲ့ ညီညီ၊ မင်းစောင်လုံလောက်ရဲ့လား"

"လုံလောက်ပါတယ် ခင်ဗျ"

ကျွန်တော့်ရဲ့ထောင်ကို အပြန်လမ်းက လေဟုန်စီးနေရသလိုပါပဲ၊ အပျော်တွေ၊ စိတ်အေးချမ်းသာမှုတွေနဲ့ ပြည့်လို့ပေါ့။ အစ်ကိုရော ကျွန်တော်ပါနှစ်ဦးလုံး အသက်ရှင်ခွင့်ရတာလေ၊ ထောင်ကိုပြန်ရောက်လာတာ သိပ်မြန်သလိုပဲ။ မောင်ထွေးနဲ့ သက်လင်းက ထောင်စောင့်ကို

"ကျွန်တော်တို့ အကျဉ်းသားပြန်လာပို့တာပါ"

"ဝင်ခဲ့၊ ဝင်ခဲ့၊ ဝင်ပို့လိုက်"

အထဲဝင်လိုက်တော့ ထောင်မှူးလှမျိုးအောင်က

"ဟော့ကောင်ညီညီ ၊ မင်းကိုယ့်ဘာသာကိုယ် ကြိုးဖြည်လိုက်တာလား"

သက်လင်းက ဝင်ပြီး

"မဟုတ်ဘူး၊ V.C.S က ကြိုးမချည်ပဲခေါ်သွားဆိုလို့"

လာပို့တဲ့ (၂)ယောက် ဘာစကားမှထပ်မပြောပဲ ပြန်သွားချိန်မှာတောင် ထောင်မှူးရဲ့ အံ့ဩတဲ့ မျက်နှာအမူအရာ မပျောက် သေးပါဘူး။ အကျဉ်းသားအချို့ကလည်း နိုးကြည့်နေကြတယ်။

(အဆင်ပြေပါတယ် သူငယ်ချင်းတို့ရော ငါအခွင့်ရ ရချင်း မင်းတို့ကို ပြောပြပါမယ်)

ကျွန်တော်တို့ဟာ မျက်စေ့စည်းထားချိန်မှာကို တစ်ယောက်နဲ့တစ်ယောက် ဆက်သွယ်နိုင်စွမ်းရှိကြတယ်။ ထောင်သက် ရှည်လာချိန်မှာ လိုအပ်ချက်အရ တတ်မြောက်လာတဲ့ ပညာတွေပါ။

"လာလာ နေရာမှာ ဝင်ထိုင်၊ ခဏစောင့်၊ ထိပ်တုံးသော့ မရှိသေးဘူး၊ ခဏနေရာမှာ ထိုင်နေဦး"

"ဆရာ၊ ကျွန်တော်ဆီးသွားချင်တယ်"

"သွားစေဗျာ၊ ကိုယ့်ဘာသာကိုယ်သွား၊ ပြီးရင်ပြန်လာ၊ ငါလိုက်မစောင့်တော့ဘူး၊ V.C.S တဲကကြိုးမချည်ပဲ ပြန်လာတဲ့ကောင်ဆိုတော့ ငါလည်း

မစောင့်တော့ဘူး။ မင်းပြဿနာရှာမယ်လို့ ငါမထင်ပါဘူး"

ကျွန်တော်ပြန်ဝင်လာတော့ ကျွန်တော့်ကိုကြည့်တဲ့သူ ပိုများလာတာ တွေ့ရတယ်။ ကျွန်တော်လက်မပဲထောင်ပြလိုက်တယ်။ စဖမ်းချိန်ကတည်းက ရက်တွေကြာလှပြီ ဒီနေ့ကပဲ စိတ်လက်ပေါ့ပါး ချမ်းသာစွာ မျက်စေ့မှိတ်နိုင်တာ။ ဒါပေမယ့်လျှာ အိပ်လို့ကတော့ မပျော်ပါဘူး။ ရင်ခုန်တာတွေ အပျော်တွေနဲ့ ပြည့်လို့ပေါ့။

မနက်လင်းတော့ ညကအတွေ့အကြုံကို ထပ်ကာထပ်ကာ တစ်ယောက်ပြီး တစ်ယောက်ကို နေရာစုံမှာ၊ အိပ်သာထဲ၊ ထောင်ထဲ၊ တန်းစီတုန်း ဆက်တိုက်ပဲ ပြောနေရတယ်။ ဝမ်းသာစရာ၊ အားတက်စရာတစ်ခုအဖြစ် စိတ်ဓါတ်ကျနေသူတွေရှိရင် သက်သာစေချင်လို့ပါ။

ညလောက်မှာတော့ တစ်ဆင့်ပြန်ဖောက်သည်ချကြလို့ ထောင်တစ်ခုလုံး သိနေလောက်ပါပြီ။ ပြဿနာဖြေရှင်းဖို့ လမ်းစပေါ် ပြီလို့ တစ်ချို့တွေးကြသလို တစ်ချို့က လည်း သိပ်ထူးခြားပြီးမမျှော်လင့်ကြပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီကောင်တွေဟာ လုံးဝ ယုံကြည်စိတ်ချရသူတွေမဟုတ်ကြလို့ပါ။ သူတို့စိတ်က မျောက်တွေလို အချိန်မရွေးပြောင်း သွားနိုင်တတ်လို့ပါ။

ဒါပေမယ့် ကျွန်တော်တွေးတာက ဒီလိုပါ၊ ဒီပြဿနာကြီးကို သူတို့အဆုံးသတ် ကိုသတ်ရမှာဖြစ်လို့၊ အခုအဆုံးသတ် ချင်လာလို့ ကျွန်တော်နဲ့ ကျွန်တော့်အစ်ကို တွေ့ပေး တာပါ။ ဒါသူတို့ရဲ့ မူရင်းပုံစံမဟုတ်ပါဘူး ဒါပေမယ့် အဆုံးသတ်ဖို့ တစ်နည်းနည်းနဲ့တော့ လမ်းရှာရမှာပေါ့။

အမှန်ပြောရရင် ကျွန်တော်လည်း တကယ်လွတ်ချင်ပါပြီ၊ အရင်အချိန်တွေက အားလုံးကိုကယ်မှ ကျွန်တော်မဟာမိတ်ဘက် ပြောင်းမယ်ဆိုတာဟာ တကယ်တော့ သူရဲကောင်းစိတ်မဟုတ်ပါဘူး။ ကျွန်တော်ဟာ ဘယ်တုန်းကမှသူရဲကောင်းမဖြစ်ခဲ့ပါဘူး။ ဒါပေမယ့်လူပီသအောင်၊ အချင်းချင်းကို သေတွင်းမှာ ထားရစ်ခဲ့တဲ့လူတစ်ဦးမဖြစ်အောင်၊ အလွယ်ဆုံးပြောရရင်တော့ ကျန်တဲ့ ဘဝတစ်လျှောက်လုံး အသက်ရှင်ကျန်ရစ်ရင်တောင် နာမည်ပျက်ကြီးနဲ့ မနေချင်လို့ အဲဒီအလုပ်ကိုလုပ်ခဲ့တာပါ။

ဒီကိစ္စမျိုးဟာ သာမန်အောင်မှတ်ရအဆင့်လောက်သာရှိတဲ့ လူ့ကျင့်ဝတ် တမေးပွဲ ဝင်သူတိုင်းလုပ်ကြမယ့်အလုပ်ပါ။ ဘာနဲ့ တူနေသလဲဆိုတော့ ကြောင်လိမ် လေ့ကားတွေ အဆင့်ဆင့်နဲ့ ရှုပ်ထွေးတဲ့ အတက်လမ်းတစ်ခုကို လေ့ကားရဲ့စရာအတိုင်း

တက်သွားခဲ့သူတစ်ဦးရဲ့ လုပ်ရပ်လောက်သာပါ။ ကိုယ်ပိုင်ကြီးပွားမှု မပါခဲ့ပါဘူး။ လျှောက်ခဲ့တဲ့ ရှုပ်ထွေးတဲ့အတက်လမ်းကြီး တစ်ခုလုံးဟာ ကြောင်လိမ်လေ့ကားရဲ့ ဦးဆောင်မှု အတိုင်းသာဖြစ်သွားတာပါ။ အဲဒီသင်ကြားမှုတွေကြောင့်ပဲ ဖြစ်ပေါ်လာတဲ့ အခြေအနေကိုကြည့်ပြီး လိုက်လျောညီထွေဖြစ်အောင် အလိုက်သင့်သွားလာနေထိုင်တတ်လာပါပြီ။

ကျွန်တော့်အတွေ့အကြုံနောက်မှာ တစ်ထောင်လုံးဟာ လွတ်မြောက်ဖို့ ရောင်နီတွေ့ရပြီဆိုတဲ့ အသိနဲ့ နည်းနည်းပြန် အသက်ဝင်လာပါတယ်။ စက်ရုပ်ပုံသဏ္ဌာန်တွေကနေပြန်ပြီး လူလိုဖြစ်လာကြပါတယ်။ သီချင်းတွေပျော်ပျော်ကြီးဆိုကြ၊ ပျော်ပျော်ပါးပါးအိပ်ယာဝင်ကြနဲ့ပေါ့။

ည ၉ နာရီလောက်မှာ အကျဉ်းသားအချို့ကို ထောက်လှမ်းရေးက လာလာပြီး တစ်ယောက်ချင်း ခေါ်ပါတယ်။ အဲဒီကိစ္စကို ကျွန်တော်နဲ့ ကပ်လျက်အိပ်တဲ့ ဝဏ္ဏဇော်ကို လာခေါ်တော့မှ သိပါတယ်။ သူပြန်အလာကို ကျွန်တော်မျှော်နေပါတယ်။ ဘယ်အချိန်က အိပ်ပျော်မှန်းမသိအိပ်ပျော်သွားပြီး သူကလာပြီးလှုပ်နှိုးမှ နိုးပါတယ်။ စည်းထားတဲ့ အဝတ်ကြားက မျက်နှာစောင်းပြီးကြည့်လိုက်တော့ သူ့မျက်နှာဟာ ကျေနပ်အားရစွာ ပြုံးနေတာကို တွေ့ရတော့ စိတ်ချလက်ချပြန်အိပ်လိုက်ပါတယ်။ ညစကားပြောရတာ အန္တရာယ်များလှပါတယ်ဗျာ။

နေ့သစ် မစတင်မီ တန်းစီ ကာယလေ့ကျင့်ခန်းလုပ်တဲ့အချိန်ကစပြီး ကျွန်တော်တို့ဟာ အပျော်တွေ၊ မျှော်လင့်ချက်တွေကို စားသုံးပြီး ထွက်လာမယ့်ရောင်နီဦးကို ကြိုနေတတ်ကြပါပြီ။ လှုပ်လို့မရ၊ ရွေ့လို့မရတဲ့ အကျဉ်းအကြပ်ထဲ လပေါင်းများစွာ နေလာခဲ့ရာက အခုလှုပ်ရှားဖို့ ခွင့်သာတဲ့အခြေအနေမြင်နေရပြီ။ အနာဂတ်ကို ပြန်ပြီး မျှော်တွေးစပြုလာကြပါပြီ။ လွတ်မြောက်ချင်ပြီ ဆိုတာနဲ့အတူ အသက်ရှင်လိုစိတ်၊ ဘက်စုံတိုက်ပွဲကြီးမှာ ရှင်ကျန်လိုစိတ်တွေပြန်လည်ဖွံ့ဖြိုးလာပြီး အကျဉ်းထောင်က အသက်ဝင် လာလေတယ်။

အုန်းသီးတစ်လုံးဟာ ရေထဲကို မိမိရွေးချယ်မှုနဲ့ဆင်းသွားတာဖြစ်ဖြစ်၊ ပြင်ပ ပယောဂနဲ့ ကြွေကျသွားတာဖြစ်ဖြစ်၊ ရှင်ကျန်လိုတယ်ဆိုရင် ကူးခတ်ရပါမယ်။ ကမ်းစပ်ကိုတွေ့အောင် ရှာရပါမယ်။ ရှင်ကျန်ဖို့စဉ်းစားရချိန်မှာ ဘာလို့ ဒီလိုဖြစ်ရသလဲ ဆိုတာတွေက ပြန်မတွေးကောင်းတဲ့အရာတွေပါ။ ကျွန်တော်တို့တွေဟာလည်း ရေစီးကြောင်းနဲ့မျောလိုက်နေခဲ့ရတာ အချိန်တစ်ခုရှိသွားခဲ့ပါပြီ။ အခုကမ်းစပ်၊ မြေမာကိုရှာဖို့ အခွင့်အရေးရေးလေးတော့ပေါ်လာပါပြီ။

## ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

အခုဆိုရင်တန်းစီးနှစ်ယောက်ကတောင်မှ ကျွန်တော့်ကို အရေးပေးတာမျိုး၊ အလေးထားဆက်ဆံထားမျိုး ရှိလာပါပြီ။ ကျွန်တော်သူတို့နဲ့ အလိုက်အထိုက်ပြန်ဆက်ဆံနေပြီး သူတို့ကျွန်တော့်အပေါ် ကျူးလွန်ခဲ့တာတွေကို ကျွန်တော်က ခွင့်လွှတ်ကောင်း ခွင့်လွှတ်နိုင်သည့်တိုင်အောင်လည်း ကိုချိုကြီးအပေါ် ကျူးလွန်ခဲ့တာတွေကိုတော့ ဘယ်တော့မှ ခွင့်မလွှတ်နိုင်ပါဘူး။

ကိုချိုကြီးကို သူတို့ကျူးလွန်ခဲ့တဲ့ပြစ်မှုတွေက လူ့ဂုဏ်သိက္ခာကို ချိုးဖောက်ကျော်လွန်ပြီး ကျူးလွန်ထားကြတာပါ။ ဒါတွေကို ကျွန်တော်တို့က မေ့သွားလိမ့်မယ်လို့မျှော်လင့်ရင်တော့ သူတို့ သိပ်ဉာဏ်ပညာချို့တဲ့ရာရောက်ပါလိမ့်မယ်။ သူတို့နှစ်ဦးဟာလည်း ကြာရှည်အိပ်မောကျနေမှုကနေ လန့်နိုးလာပါပြီ၊ ဒါပေမယ့်အိပ်ပျော်စဉ်က ပြုခဲ့တဲ့ပြစ်မှုများကတော့ ပြစ်မှုအဖြစ်သာကျန်ရစ်မှာ ဖြစ်တယ်ဆိုတာတော့ သတိပေးပါရစေ။ သူတို့နှစ်ဦး အခုအခါမှလွတ်မြောက်ပြီးရင်ဆိုတဲ့ သူတို့ဘဝကိုသူတို့ မျှော်တွေးနေကြပါပြီ။ နောက်ဆုံးဗျာ ထောင်စောင့်တွေမှာတောင် အဲသလိုအတွေးမျိုး ရှိက်စတ်နေပြီဆိုတာ သူတို့ပြောစကားတွေအရ သိနိုင်ပါတယ်။

ည ၈း၀၀ နာရီလောက်မှာ သက်လင်းကျွန်တော့်ကိုလာခေါ်ပါတယ်။ ခေါင်းငုံ့အပြင်ထွက်ပြီး ထောင်ပေါက်မှာသွားရပ်တော့ နန်းအောင်ထွေးကြည်ကို အဲဒီမှာတွေ့လိုက်ရပါတယ်။ ကျွန်တော်တို့နှစ်ယောက်ကို လက်ပြန်ကြိုးတုပ်ပြီး ခေါ်သွားပါတယ်။

ကျွန်တော်တို့နှစ်ယောက် တိတ်တိတ်ဆိတ်ဆိတ်ပဲ လိုက်သွားတာ အရာရှိကုန်းပေါ်တက်ပြီး ဆက်သွားတာ သံချောင်းတဲလည်း ကျော်လိုက်ရော ဘိုဘိုရဲ့အပျော်စွက်နေတဲ့ ရယ်သံတစ်ဝက် စကားသံကို စကြားလိုက်ရပါတယ်။ မျိုးဝင်းတဲထဲက ထွက်လာတဲ့အသံပါ။ ကျွန်တော်တို့ကိုလည်း မျိုးဝင်းတဲထဲခေါ်သွားပါတယ်။ တဲထဲဝင်လိုက်တာနဲ့ ဝဏ္ဏဇော်၊ ညီညီအောင်၊ ရဲလင်းနဲ့ ကျော်နိုင်ဦးတို့ကိုလည်း ဘိုဘိုနဲ့အတူတွေ့လိုက်ရပါတယ်။ သူတို့ (၅)ယောက် ကျွန်တော်တို့နှစ်ယောက်ဆိုတော့ အားလုံး (၇) ယောက်ပေါ့။

အဲဒီမှာဆုံရတဲ့ ရည်ရွယ်ချက်က ကျွန်တော်ကလွဲပြီး ကျန်အကျဉ်းသား (၆) ယောက်တို့က သက်ဆိုင်ရာမိဘတွေကို စာရေးခေါ်ဖို့ဖြစ်ပါတယ်။ ကျွန်တော်ကတော့ ကိုမောင်မောင်ရောက်နေလို့ မရေးရတာ၊ မခေါ်ရတာပါ။

အမေ/အဖေ ကျွန်တော်/ကျွန်မဟာ န.ဝ.တ စစ်တပ်ကလွှတ်တဲ့ သူလျှိုတစ်ဦးဖြစ်ပြီး ကျွန်တော့်ကို အခုကျောင်းသားတပ် က ဖမ်းထားပါတယ်။ ကျွန်တော့်အသက်ကို

မသတ်ရန်အတွက်၊ ကျွန်တော့်လွတ်မြောက်ရေးအတွက် အဖေသို့မဟုတ်အမေက ကျွန်တော့်ကို တာဝန်ခံပြီးလာခေါ်ရမှာဖြစ်ပါတယ်။ တကယ်လို့ ဒီစာပေါက်ကြားသွားရင်၊ ဒါမှမဟုတ် (၁)လအတွင်း အဖေဒါမှမဟုတ် အမေလိုက်မလာရင် သား/သမီးတော့ အသတ်ခံရမှာ ဖြစ်ပါတယ်။

ချစ်သား/သမီး

ဆိုပြီး ရေးရတာပါ။

ကျွန်တော်တို့တွေ ထောက်လှမ်းရေးဖြစ်တဲ့အကြောင်း မိဘတွေကို သက်သေ စေချင်တယ်ဆိုပဲဗျာ။ ရှုပ်ပုံဗျာ၊ လက်ထပ်ထိမ်းမြားခြင်းဆိုတဲ့ စာချုပ်လောက်မျိုးမှာတောင် ငြိမ်းချောက်၊ အကြပ်ကိုင်ပြီး လက်မှတ်ထိုးနိုင်းပါတယ်ဆိုတာ နိုင်နိုင်လုံလုံတင်ပြနိုင်ရင် စာချုပ်ပျက်ပြယ်တယ်။ မသိကြဘူးလားမသိဘူး။

အဲဒီလိုစာမျိုး (၆)စောင်ကို ကိုင်ပြီး ကိုမောင်မောင်က မြန်မာပြည်ထဲပြန်၊ တစ်လ အတွင်း အဲဒီမိဘ (၆)ဦးကိုခေါ်ပြီး ပြန်လာရမှာပါ။ အရင်က ကျွန်တော်တို့ကို ရိုက်နှက်၊ နည်း မျိုးစုံနဲ့ နှိပ်စက်ပြီး ကျွန်တော်တို့ကို ထောက်လှမ်းရေးဖြစ်ကြောင်း ဝန်ခံခိုင်းတာ။ အခု တစ်ဆင့်တက်ပြီး ကျွန်တော်တို့ကို ပြန်ပေးဆွဲပြီး ကျွန်တော်တို့အသက်တွေနဲ့ ခြိမ်းခြောက် ပြီး ကျွန်တော်တို့ မိဘတွေကိုBlack Mail လုပ်ပြီး ကျွန်တော်တို့ ထောက်လှမ်းရေးဖြစ်တဲ့ အကြောင်း သက်သေခံရယူချင်တာ။လူတွေကနော် ညှဉ်းမိပြီဆိုရင် ရှေ့နောက်ဆင်ခြင်နိုင် စွမ်း မရှိတော့ပဲ ညှဉ်သည်ထက် ပိုညှဉ်ကုန်ကြတယ်။

ကျွန်တော့်အဖော် (၆)ယောက် မျိုးဝင်းတဲ့၊ မျိုးဝင်းရှေ့မှာ စာရေးနေကြတုန်း သန်းဇော်နဲ့အဖွဲ့ရောက်လာတယ်။

"V.C.S မဟာမိတ်က ဖုန်းဝင်လာတယ်၊ စိုးဝင်းသန်းပျောက်သွား ပြီတဲ့"

မျိုးဝင်းကခေါ်သထွက်ပြုပြီး

"အေး ဒီကောင် ဒဏ်ရာကြီးနဲ့ အဝေးကြီး ရောက်ဦးမှာမဟုတ်ဘူး၊ တစ်ခါတည်းရှင်းပစ်ခဲ့"

ဆိုပြီး သူကိုင်နေကျ ဓါးတိုလေးကို ထရံကဖြုတ်ပြီး ပေးလိုက်ပါတယ်။

"လှမျိုးအောင် လာစမ်း"

"ဟုတ်ကဲ့"

## ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

"မင်းကထောင်မှူးနော်၊ အကျဉ်းသားပျောက်တာ ဘယ်သူ့မှာ တာဝန်ရှိလဲ"

"ကျွန်တော့်မှာ တာဝန်ရှိပါတယ်"

"ဟုတ်ပြီ၊ အဲဒီနှင်းတောထဲ သတိဆွဲရပ်နေ၊ ပြီးမှ ငါစဉ်းစားမယ်"

ကျွန်တော်တို့ကတော့ မျိုးဝင်းရဲ့ ဟန်ရေးပြပွဲကြီးရဲ့ ပရိသတ်တွေပေါ့။

ကောအကြာမှာ သန်းဇော်က မဟာမိတ်ဘက်ကနေပြီး မျိုးဝင်းကိုဖုန်းဆက် ပါတယ်။

"V.C.S မဟာမိတ်က ဘုန်းနိုင်(တရုတ်ကြီး)ကို ဖုန်းဆက်တာ ရောဂါပျောက်သွားပြီလို့ပြောတာ၊ လူပျောက် သွားပြီ ပြောတာမဟုတ်ဘူး၊ ဘုန်းနိုင် နားကြားမှားတာ"

"ဟေ ဘုန်းနိုင်နားကြားမှားတာ၊ ဒါပေမယ့် ငါကလူကြီးကွ၊ ထွေးပြီး သား တံတွေးပြန်မမျိုရဘူး၊ ပေးပြီးသားအမိန့် မဖျက်ရဘူး၊ ဘာပဲဖြစ်နေနေ ပြန်ခေါ်လာပြီး လမ်းတင် ရှင်းပစ်ခဲ့လိုက်"

ကျွန်တော်တို့အားလုံး အံ့အားသင့်သွားပါတယ်။ သူ့ရဲ့ သွေးဆာတဲ့ စိတ်အဝိဇ္ဇ အနက်ကိုလည်း သိလိုက်ရပါတယ်။ ကောလောက်တော့ အားလုံးတိတ်ဆိတ်သွားပါတယ်။ မြို့နဲ့ ဆက်ဖို့လတ်တလော ရွေးထားတဲ့သူတွေရှေ့ ဟန်ရေးပြချင်တာအတွက် အသက် တစ်ချောင်းရှင်းလိုက်တယ်ဗျာ။

ကျွန်တော်တို့အားလုံးဟာ သေတွင်းနှုတ်ခမ်းမှာ လမ်းလျှောက်နေရတဲ့ သူတွေပါ။ သေခြင်းတရားက ကျွန်တော်တို့ရဲ့ အိမ်နီးချင်း ဖြစ်နေလို့ အဲဒါကြီးကို ကိုယ့်ထံ ရောက်မလာမချင်း ထွေထွေထူးထူး မစဉ်းစားကြတော့ပါဘူး။ ကျွန်တော်တို့အားလုံးဟာ သုဘရာဇာတွေနဲ့ တူပါတယ်။ သေခြင်းနဲ့ ရင်းနှီးကျွမ်းဝင်ပြီး အတွေ့အကြုံတွေက ဆက် တိုက်ဆိုသလို ဖြစ်လာချိန်မှာ သေခြင်းတရားတစ်ခုချင်းစီအတွက် သိပ်အရေးထားပြီး မစဉ်းစားနိုင်ကြတော့ပါဘူး။

အခုလည်း စိုးဝင်းသန်းရဲ့သေခြင်းတရားကို ကောသာစဉ်းစားပေးနိုင်ကြပြီး မကြာခင်မှာပဲ အခြားပျော်ရွှင်စရာ အတွေ့အကြုံသစ်တစ်ခုဖြစ်တဲ့ လွတ်မြောက်ခြင်း ရဲ့စေ့ဆော်မှုကြောင့် ဝမ်းနည်းစိတ်တွေ ဘယ်ရောက်ကုန်ပြီမသိ ဖြစ်ကုန်ကြပါတယ်။

အဲဒီလိုတာရှည်သနား၊ ဝမ်းနည်း၊ ကြေကွဲခံစားတာတွေဟာ ကျွန်တော်တို့ရဲ့

ရှင်ကျန်မှုအတွက် အဆိပ်ဖြစ်ပါတယ်။ ဒီပြင်လူတစ်ယောက် သေဆုံးခြင်းရဲ့ပြောင်းပြန် ဟိုတစ်ဘက်မှာ ကျွန်တော်တို့ရဲ့ရှင်ကျန်ခြင်းရှိပါတယ်။ ကျွန်တော်တို့အခုအချိန် မှာတော့ ဆန့်ကျင်ဘက်ကနေပြီး တွေးတောတာ အကျင့်ဖြစ်နေပါပြီ။

နားလည်ခွင့်လွှတ်ပေးကြပါ သူငယ်ချင်းတို့ရေ ……

ဒီအဖြစ်အပျက်ကြီးကို အခုအချိန်အထိ ရေငုံနှုတ်ပိတ်နေကြသူတွေ၊ နောင် တစ်ချိန်ကြားသိလာချိန်မှာ ခွင့်လွှတ်လိုက်ကြပါ။ သင်ပုန်းချေလိုက်ကြပါလို့ ပြောမယ့် သူတွေအကြောင်းတွေးမိချိန်မှာ စိတ်ကဗလောင်ဆူလာပါတယ်။ အဲ့ဒီလုပ်ရပ်တွေက အနာဂတ်မြန်မာပြည်အတွက် အစဉ်အလာဆိုးတွေ၊ အမွေဆိုးတွေ ချန်ရစ်တာမျိုးပဲ ဖြစ်မှာပါ။ လုပ်ချင်ရာလုပ် ခွင့်လွှတ်ကြလိမ့်မယ် ဆိုတာ ကိုယ်တိုင်ခံစားခဲ့ရသူတွေကို စော်ကားခြင်းပဲ၊ ထပ်ပြောပါမယ်၊ အဆုံးစွန်ထိစော်ကားခြင်းပါပဲ။

ကျွန်တော့်သူငယ်ချင်းတွေ စာရေးနေတုန်းမှာပဲ သန်းဇော်ပြန်ရောက်လာပြီး ခါးပြန်လာအပ်ပါတယ်။

"သူ့ကျွင်းသူတူးနိုင်းပြီး ကိုင်ပစ်ခဲ့တယ် V.C.S၊ ဒီကောင် ခပ်တည် တည်ပဲ ကျင်းတူးတာ၊ သက်လင်းကတောင် ကျင်းတိမ်လို့ ထပ်တူးနိုင်းရသေးတယ်"

"ကောင်းတယ်၊ ကောင်းတယ် သွားနားချေတော့"

"ဟိုအပြင်ဘက်က ထောင်မှူး၊ တန်းဖြုတ်၊ ပြန်တော့"

"ဟုတ်"

နောက်ရက်တွေမှာ၊ ထောင်ထဲမှာ၊ ကျွန်တော်တို့တတွေ ပိုပိုပြီး အနေချောင် လာပါတယ်။ လွှတ်တော့မယ်ဆိုတဲ့ စကားသံတွေကြောင့်ပေါ့။ ဒါပေမယ့်ထောင်နဲ့ မျက် စောင်းထိုးတောင်ကုန်းမှာ လေကြောင်းရန်ကာကွယ်ရေးလို့ဆိုပြီး ဂူကြီးတစ်ခု တူးနိုင်းနေ တာကြီးကို မကြိုက်ကြဘူး။ ကျွန်တော့်အကျဉ်းသားတွေ အဲ့ဒီအထဲထည့် မိုင်းခွဲလိုက်ရင် ဘာဖြစ်မလဲ၊ အဲဒီအတွက် အကျဉ်းသားတွေကလည်း ဂူကိုအချိန်ဆွဲပြီး တူးနေကြတယ်။

တန်းစီးနှစ်ယောက်ဟာ ကျွန်တော့်ကို လုံးဝမရိုက်တော့ပဲ နောက်ဆုံးဗျာ စိုးဝေ

တောင်မှ ကျွန်တော့်ကို ရယ်ပြ၊ ပြုံးပြတာတွေ လုပ်လာပါတယ်။

တစ်ညမှာတော့ ညအချိန် ထောင်တစ်ခုလုံးတိတ်ဆိတ်နေချိန်မှာ ကျွန်တော့်ဓ ထိပ်တုံးအပြင်ကနေပြီး ညီညီထ၊ ညီညီထဆိုပြီး လာနှိုးတာခံရတယ်။

"ထ ထိုင်၊ ပြီးရင် မျက်စေ့ဖွင့်"

# ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

ဟာ အောင်သိန်းနိုင်အသံ၊ ဒီကောင်ပြုံသနာကောင်။

"ခဏထိုင်နေ၊ အခုပြန်လာခဲ့မယ်"

ဘာလဲမသိဘူးဗျာ။ခဏနေတော့ သူ ထမင်းကြော်တစ်ပန်းကန်နဲ့ ပြန်လာတယ်။ စားတဲ့၊ ကြက်သွန်နီနဲ့ ဆီနဲ့ကြော်ထားတာ။

"စား မြည်းမြည်းစား"

ဆိုပြီး တစ်ခေါက်ပြန်ထွက်သွားပြီး ရေနွေးမတ်ခွက်တစ်ခွက်ယူလာတယ်။ သောက်၊ ဒီမှာတဲ့။

သူက မီးဖိုဘေးသွားထိုင်နေတယ်။ ကျွန်တော့်ဘေးမှာ အိပ်တဲ့ မန္တလာထိန်လင်းက လက်ကုတ်တော့ သူ့အတွက် ထမင်းကြော်ကို လုံးလုံးပြီး လက်ဆင့်ကမ်းရသေးတယ်။ ကြက်သွန်နီနဲ့ဆီကို မတွေ့ရတာ ကြာလှပြီဆိုတော့ အရသာအင်မတန်ရှိပါတယ်။ စားဝင်ပါတယ်။ စားပြီး၊ ရေနွေးသောက်ပြီးတာနဲ့ အောင်သိန်းနိုင်ထလာပြီး ပန်းကန်းနဲ့ ခွက်ယူသွားပြီး ပြန်အိပ်တော့တဲ့။

ဒါသူ့ရိုက်ခဲ့တာအတွက် ပြန်တောင်းပန်တာလားမသိဘူး၊ အဲသလိုဆိုရင်တော့ သူ့အပြစ်အက်ခံရချိန်ရောက်ရင် ထောင်ထဲကို ထမင်းတစ်နပ်၊ ရေနွေးတစ်ခွက်သွားပို့ဖို့ ကျွန်တော့်မှာ အကြွေးတင်သွားပါပြီ။ သူမှားခဲ့မှန်းသိရင် သူ့ကိုမှားအောင် မြှူခဲ့သူတွေအပေါ် ကျွန်တော့်တုန်းက ဒေါသဖြစ်ခဲ့သလို ဘာလို့မဖြစ်တာတုန်း။ ဒီလောက်နဲ့ ကျေနပ်လိုက်ရမှာလား။ အခုဆိုရင် ကျွန်တော်ထောင်ထဲမှာ စီးကရက် ဒါမှမဟုတ် ဆေးလိပ်နေ့တိုင်း တစ်နည်းနည်းနဲ့ သောက်ခွင့်ရတဲ့ အနေအထားဖြစ်သွားပြီ။

လှမျိုးအောင်ကလည်း ထောင်ထဲမှာ ကျွန်တော်နဲ့ အမြဲလာစကားပြောနေတတ်ပြီ၊

မနက် ၁၀ နာရီလောက်မှာ စောမြအောင်က ကျွန်တော့်ကို အလုပ်ဆိုပြီး လာခေါ်တယ်။

"မရဘူး၊ သူတောင်အောက်မဆင်းရဘူးလို့ အမိန့်ထုတ်ထားတယ်"

"ကျွန်တော်တို့ရုံးကို ခေါ်သွားမှာ ဒီတောင်ပေါ်တင်ပဲ၊ ကျွန်တော်C.S ကိုပြောပြီးသား"

စောမြအောင်လာခေါ်တာဖြစ်လို့ ကျွန်တော်ဘာမှ စိတ်ထင့်လေးလံမှု မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ ဝါဒဖြန့်ချိရေး အဖွဲ့က ထောင်စောင့်တာဝန်ယူချိန်မှာ သူတို့တွေအားလုံးလိုလိုက ထောင်သားတွေအပေါ် ဆူပူခြင်း၊ ရိုက်နက်ခြင်း မရှိကြလို့ပါပဲ။

# ဆယားညီညီ

သူတို့အဖွဲ့ထဲက လိဒ်ဂစ်တာတီးတဲ့ လူထွန်းကတော့ စကားသံကြားရင်

"ဟေ့ စကားမပြောကြနဲ့"

ဘာညာမျိုး ဟန့်တာရှိပေမယ့် ကျန်တဲ့သူတွေက မသိချင်ယောင်ဆောင်နေတတ်ပါတယ်။

ထောက်လှမ်းရေးအဖွဲ့နဲ့ သံချောင်းနဲ့ နှီးစပ်တဲ့ ကျော်နိုင်ဝင်းတစ်ယောက်ပဲ ဆူတာ၊ ရိုက်တာမျိုး လုပ်ဖူးပါတယ်။ ဒါတောင် ကျော်နိုင်ဝင်းက ကျွန်တော် (ဆီးကျောက်တည်ရောဂါကြောင့်) ဆီးတအားအောင့်လို့ ကြားချိန်မှာဆီးသွားခွင့်တောင်းတုန်းက သူကိုယ်တိုင် တစ်ကြိမ် (၃) ချက် ရိုက်ဖူးပါတယ်။

နောက်တစ်ကြိမ်က ကျွန်တော့်ဘေးအိပ်တဲ့ ကျော်ဝေအဖျားတက်လို့ ကျွန်တော့်စောင်ကို ကန့်လန့်လုပ် သူ့စောင်နဲ့ရော ထပ်ပြီး ခြုံပေးရာမှာ မျက်စေ့နောက်သွားလို့၊ ဝင်းမြင့်ကိုရိုက်နိုင်းလို့၊ ကျွန်တော်ရော၊ ကျော်ဝေရော (၃)ချက်စီ အရိုက်ခံရတာပဲ ရှိပါတယ်။ (၂) ကြိမ်စလုံး နာတာပေါ့ဗျာ၊ ဘယ်ကြေမလဲ။

လှမျိုးအောင်က

"အေးလေ၊ မင်းတာဝန်ယူနိုင်ရင်ခေါ်သွား"

ကျွန်တော့်ကို သူတို့ရဲ့ အသစ်ဆောက်ထားတဲ့ "ဝါဒဖြန့်ချိရေး" အဆောက်အဦးကို ခေါ်သွားပါတယ်၊ ထုံးစံအတိုင်း အကျဉ်းသားတွေ လုပ်အားပေါ့ဗျာ။ အဲ့ဒီမှာ ကျွန်တော် ထိန်လင်း(ဘောကြီး)နဲ့တွေ့ပါတယ်။ ထိန်လင်းက သံပြားတွေပေါ်မှာ ကြွေးကြော်သံတွေကို အင်္ဂလိပ်ဘာသာနဲ့ ရေးနေပါတယ်။ကျွန်တော့်အလုပ်က အဲ့ဒီရေးထားတာတွေကို မှန်မမှန် စစ်ပေး၊ ပြင်ပေးဖို့ပါ။

ဒါကျောင်းသားတပ်မတော်ဖြစ်တော့ ကျွန်တော်တို့က အရာရာကို အင်္ဂလိပ်လို ရေးသင့်တာပေါ့ဗျာ၊ ဒါကြောင့်ခေါ်တာ။ ဆိုင်းတွေ၊ ကြွေးကြော်သံတွေနဲ့ အဆိုအမိန့်တွေ ပွစိတက်နေအောင်ရေးပြီး တဲတစ်ခုလုံးနေရာအနှံ့ လိုက်ချိတ်မလို့တဲ့။

ခဏနေတော့ ကော်ဖီခွက်နဲ့ ဆေးလိပ်တွေယူလာပြီး ကော်ဖီသောက်၊ ဆေးလိပ်သောက်။ ဒါပေမယ့် ဘာအကြောင်းနဲ့မှ အပြင်မထွက်နဲ့တဲ့။

"ထိန်လင်းရေ၊ မင်းရေးနေတာ ငါရေးကူချင်တယ်၊ ဒါပေမယ့်ငါ့မှာ ပါရမီမရှိဘူး။ မန္တလေးမှာတုန်းကလည်း ပန်းချီဆရာသူငယ်ချင်းတွေ သိပ်ရင်းနှီးတဲ့သူတွေရှိတယ်၊ သူတို့က ပန်းချီရေးဖို့ပြောပေမယ့် မရေးဖြစ်ခဲ့ဘူး"

"ခင်ဗျား ဘယ်သူတွေနဲ့ ခင်သလဲ၊ သူတို့က ဘာတွေရေးသလဲ"

# ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

"မန္တလေးက ကိုချမ်းအေးတို့ လင်မယား။ နောက် Real ပဲရေးတဲ့ ကိုလွင်သိန်း။ ရန်ကုန်မှာတော့စင်တဲ့သူ သိပ်မရှိဘူး။ အင်းယားဂယ်လာရီက ကိုအောင်မြင့် ပဲရှိတယ်၊ ကိုဒီတို့နဲ့လည်း ရင်းနှီးခဲ့ဘူးတယ်၊ ဒါပေမယ့်ကွာ တော်လှန်ရေးစကတည်းက မတွေ့ဖြစ်တော့ပါဘူး"

"ဒီလူတွေနဲ့ ရင်းနှီးတယ်ဆိုတော့ ခင်ဗျားမှာအနုပညာသွေးရှိလို့ ဖြစ်မယ်၊ ခင်ဗျားဘာလုပ်လဲ"

"ကိုယ့်ဘာသာကိုယ်တော့ မော်ဒန်အက်ဆေးတွေရေးပါတယ်၊ ဒါပေမယ့်ဘယ်တိုက်မှမပို့ဖြစ်ပါဘူး။ စိစစ်ရေးက ဖြတ်မှာကြောက်လို့၊ ငါက ငါ့စာကို တစ်လုံးမှ ဖြတ်တာမြင်တာ မကြိုက်ဘူးကွ"

ကျွန်တော်တို့နှစ်ယောက် အဲဒီကနေဆက်ပြီး မော်ဒန်အတ်အကြောင်း။ ပန်းချီကားတွေအကြောင်း ဆွေးနွေးဖြစ်ကြပါတယ်။ ကျွန်တော်က ကျွန်တော်သိပ်ကြိုက်တဲ့ NEW ART ဆိုတဲ့စာအုပ်ထဲက မာဆယ်ဒူးချန့်ရဲ့ ဆောင်းပါးအကြောင်း ပြောပြဆွေးနွေး ဖြစ်ပါတယ်။ အဲဒီကနေဆက်ပြီး ခေတ်ပြိုင်မော်ဒန်အနုပညာသည်တွေနဲ့ သူတို့ရဲ့ကားတွေ အကြောင်း ပြောကြပြန်ပါတယ်။ အဲဒီအချိန်မှာ ကျော်ခိုင်ဝင်းဝင်လာပြီး ကျွန်တော်တို့ကို သတိပေးပါတယ်။

"ခင်ဗျားတို့ပြောနေတာတွေ ကျွန်တော်ဘာမှ နားမလည်ဘူး၊ ဒါပေမယ့် နိုင်ငံရေးမဟုတ်မှန်းတော့သိတယ်၊ ဒါပေမယ့်ဗျာ ထောက်လှမ်းရေးကကောင် တစ်ယောက်ယောက်ကြားသွားရင်တော့ ပြဿနာတက်စရာရှိတယ်၊ အဲဒီတော့ ဆက် မပြောကြပါနဲ့ဗျာ"

အင်းပေါ့လေ၊ ကြည့်ရတာဒီကောင် ချောင်းနားထောင်နေပုံရတယ်။ ထောက်လှမ်းရေးတွေနဲ့နေလာတာ သောက်ကျင့် ပျောက်ပုံမရဘူး။ ဒါပေမယ့်လေ ကျေးဇူးတင် ပါတယ်။

"ဒါထက် ထိန်လင်းရေ၊ မင်းကြည့်ရတာ ဂျက်စင်ပူးလော့ခ်ကို နှစ်သက်ပုံတော်တော် ရတယ်နော့"

အဲဒီနေ့ကစပြီး ထိန်လင်းနဲ့ ကျွန်တော်ဟာ ငယ်ပေါင်းကြီးဖော်တွေလို ဖြစ်သွား ကြပါတယ်။

အဲဒီရက်နောက်ပိုင်းကစပြီး ကျွန်တော့်ကို ထောင်ကုန်းအောက်မှာ အလုပ်တွေ

ကိုပြန်လုပ်ခွင့်ပေးပါတယ်။ အစိပ္ပါယ်ကတော့ ကျွန်တော့်အစ်ကိုပြန်သွားပြီပေါ့ဗျာ။ သူတို့စကားအရဆိုရင်တော့ သူမိဘတွေခေါ်လာပြီး (၁)လမပြည့်ခင်မှာ ပြန်လာမယ်။ တကယ်လို့များ မြန်မာပြည်ထောက်လှမ်းရေးက တားဆီးလိုက်မယ်ဆိုရင်တော့ ကျွန်တော်တို့အားလုံး သေကြပေါ့။ ကျွန်တော့်ကိုထောင်အောက်ဆင်းခွင့်ပေးပေမယ့် သိပ်ပင်ပန်းမယ့်အလုပ်ဆိုင်းတွေမှာတော့ မထည့်ပါဘူး။

တကယ်တန်းကျတော့လည်း ကျွန်တော်က အားလုံးထဲမှာ နည်းနည်းအသက်ကြီးနေလို့၊ နာလည်းနာထားလို့၊ ပင်ပင်ပန်းပန်း အလုပ်ဆိုရင် အချင်းချင်းကကိုမခိုင်းခဲ့ကြပါဘူးဗျာ။

ဒီနေ့ ကျွန်တော့်ကို ဘာအကြောင်းနဲ့မှန်းမသိဘူး၊ ထောင်ထဲ၊ ထိပ်တုံးထဲမှာ နေမကောင်းတဲ့ အောင်မင်းနဲ့ နှစ်ယောက်ထဲ ချန်ထားခဲ့လေတယ်။ ကျန်တဲ့ တစ်ထောင်လုံးအလုပ်သွားကြတာ။ အောင်မင်းက ထိပ်တုံးအရှေ့ဘက်ထိပ်၊ အစောင့်တွေမီးဖိုဘေးကနေရာ၊ ကျွန်တော်ကအနောက်ထိပ်။

အဲဒီအချိန်မှာ ထောင်မှူးလှမျိုးအောင်လာပြီး ကျွန်တော်တို့နဲ့စကားတွေလာပြောတယ်။

"ကဲကွာ မင်းတို့နှစ်ယောက်မျက်စေ့စည်းတွေ ဖြုတ်စမ်း၊ စကားပြောရတာအရသာမရှိဘူး"

သူ့အရသာရှိဖို့ ကျွန်တော်တို့နှစ်ယောက် မျက်စေ့စည်းများကို အသီးသီးဖြုတ်လိုက်ပြီး၊ အဲဒီအဝတ်စတွေကို ကိုယ့်အိတ်ထောင်ထဲကိုယ် ထိုးထည့်လိုက်ကြပါတယ်။ သူကစကားပြောနေရင်းနဲ့

"ဟေ့ကောင် ညီညီ၊ မင်းကထောက်လှမ်းရေးဗိုလ်ဆိုတော့ မင်းကိုငါစကားတစ်ခွန်းမေးမယ်၊ မင်းအကျိုး အကြောင်း ဆီလျော်အောင်ဖြေ၊ မဖြေနိုင်ရင် မင်းကိုငါတီးမှာ"

"အတိတ်၊ ပစ္စုပ္ပန်နဲ့ အနာဂတ် ဘာကအရေးကြီးလဲ၊ ဖြေစမ်း"

ဒီကောင်တွေက ဒီဒေသမှာ အခုမှလာဗိုလ်လုပ်နေတဲ့ကောင်တွေ၊ အရင်ကသူများခိုင်းတာခံခဲ့ရတဲ့ကောင်တွေ၊ အဲဒီတော့ သူတို့စကားတွေထဲမှာ ပစ္စုပ္ပန်ကအရေးအကြီးဆုံး ဖြစ်တဲ့အကြောင်းတွေကို မကြာခဏပြောလေ့ရှိကြတဲ့ကောင်တွေ။ ကျွန်တော်အမြင်ကပ်တာနဲ့

"အတိတ်နဲ့ အနာဂတ်က အရေးကြီးပါတယ်၊ ပစ္စုပ္ပန်ဆိုတာ အပြဋ္ဌာန်းခံသက်သက်ပါ"

"ဘာကွ ဘာ၊ မင်းရှင်းစမ်း။ ရှင်းစမ်း၊ ငါကျေနပ်အောင် ရှင်းစမ်း"

"ဟုတ်ပါတယ်ဆရာ၊ ကျွန်တော်တို့အခုဒီမှာ အချုပ်ခံနေရတဲ့ ပစ္စုပ္ပန်က ကျွန်တော်တို့ အတိတ်ကာလက မ.ဆ.လ ထောက်လှမ်းရေးလုပ်ခဲ့တဲ့ အပြစ်ကြောင့်ပါ၊ တစ်ခါ မဖြုစင်သူတွေ အသတ်ခံလိုက်ရပါပြီ၊ ကျွန်တော်တို့ကတော့ ဖြူစင်ကြပြီး အနာဂတ်ကာလမှာ ကျောင်းသားတပ်မတော်ရဲ့ လုပ်ငန်းဆောင်တာတွေကို ဝင်ရောက်လုပ်ကိုင်တာဝန်ထမ်းဆောင်ကြမယ့် သူတွေလို့ လူကြီးတွေက ဆုံးဖြတ်ကြလို့ အခုလိုအသတ်မခံရပဲ အသက်ရှင်နေခြင်းပါ၊ ဒါကြောင့် ကျွန်တော့်ပစ္စုပ္ပန်ဖြစ်တဲ့ ဒီမှာရှိနေမှုက ကျွန်တော့်ရဲ့အတိတ်နဲ့ အနာဂတ်ရဲ့ပြဋ္ဌာန်းမှုကြောင့်ဖြစ်ပါတယ်"

"အင်း အင်းပေါ့လေ၊ မင်းအဲလိုပြောရင်တော့ ရတာပေါ့၊ ဒါပေမယ့်"

သူ့စကားရပ်သွားပါတယ်၊ အောင်မင်းငုံ့ပြီး ပြုံးလိုက်တာကို သူမြင်သွားလို့ပါ။ ဒေါသတော်တော်ထွက်သွားပုံရပါတယ်။

"ဟေ့ကောင် ဘာရယ်တာလဲ"

"မရယ်ပါဘူး ဆရာ"

သူ၊ သူ့ဒေါသကို ထိန်းလိုက်ပါတယ်။ ဒါပေမယ့် သူဒေါသကို ထိန်းလိုက်တဲ့အတွင်းစိတ်ဟာ မေတ္တာတရားမဟုတ်ပဲ သူ့ရဲ့ သွေးဆာနေတဲ့၊ သွေးအေးအေးနဲ့ နှိပ်စက်ညှင်းပန်းလိုစိတ်ဖြစ်ပါတယ်။

"ဟေး မင်းက မရယ်ပါဘူးဆိုတော့ မင်းသေနတ်ကိုကြည့်တာလား။ သေနတ်လုမလို့မဟုတ်လား"

ပြောပြောဆိုဆို သူ့လက်ထဲကကြိမ်နဲ့ ၃-၄ ချက်ရိုက်ပါတယ်။

"မဟုတ်ပါဘူး၊ မလုပ်ရဲပါဘူးဆရာ။ ကျွန်တော်ကထိပ်တုံးထဲကနေ ဘယ်လိုလုပ် သေနတ်လုမှာလဲ ဆရာရယ်"

"ဘာကွ၊ အော် ... မင်းကထိပ်တုံးထဲမှာ မဟုတ်ရင်တော့ လုမှာပေါ့၊ ဟုတ်လား"

"ဟာ မဟုတ်ပါဘူး၊ ကျွန်တော်အဲသလိုမပြောပါဘူး"

သူကြိမ်နဲ့ထပ်ရိုက်ပါတယ်၊ ကျွန်တော်က အသံမထွက်ပဲ ကိုယ့်နေရာမှာကိုယ်

ခေါင်းအောက်ငုံ့ပြီး မြင်ကွင်းကို ကြည့်မနေကြောင်း သက်သေပြနေရပါတယ်။ ဒါပေမယ့် မြင်နေရပါတယ်ဗျာ။

"မင်းတို့ ထောက်လှမ်းရေးကောင်တွေ သိပ်လူပါးဝတယ်၊ မင်းစကား စောင့် ငါ့အခုပြန်လာခဲ့မယ်"

သူပြောပြောဆိုဆို ထောင်ဘေးကသူ့ရဲ့ အိပ်ဆောင်ဘက် ထွက်သွားပါတယ်။ သူလည်းထွက်သွားရော ကျွန်တော်က

"အောင်မင်း ရှင်းပြမနေနဲ့၊ တောင်းပန်၊ ငိုပြ၊ ခွင့်လွှတ်ပါလို့ပြော၊ ဒီပြင် ဘာမှမပြောနဲ့"

လို့ ပြောပြီး ပြန်ပါးစပ်ပိတ်နေလိုက်ပါတယ်။

လှမျိုးအောင်က နံချပ်ကူကို လက်ကရမ်းပြီး ထောင်ထဲဝင်လာပါတယ်။

"ငါ့ နံချပ်ကူကလည်း လမိုင်းတင်ဖို့ လိုနေတာနဲ့ အတော်ပဲပေါ့ကွာ"

သူက ထိပ်တုံးရဲ့အရှေ့ထိပ်၊ အနောက်ထိပ် ဟန်ရေးပြလမ်းလျှောက်ပြီး ဩဝါဒ စကားတွေ အမျိုးမျိုးချွေနေပါတယ်။ အောင်မင်းရှေ့ကိုရောက်တိုင်း နံချပ်ကူနဲ့ ကျောကို တစ်ချက်စီ ရိုက်ရိုက်သွားပါတယ်။ တစ်ချက်ရိုက်တိုင်း အောင်မင်းက

"နာပါတယ်ဆရာ၊ ခွင့်လွှတ်ပါဆရာ၊ ကျွန်တော်မှားပါတယ်"

ဘာညာနဲ့ မျိုးစုံအောင်တောင်းပန်ပါတယ်။

"မနာပါဘူးကွ၊ မင်းကလည်း အသာလေးရိုက်တာပါ၊ တကယ်ရိုက် ရင် မင်းတစ်ချက်တည်းနဲ့ သေတယ်၊ ကဲ ကဲ၊ အခုနည်းနည်းဆက်ပြီး ရိုက်ပြမယ်"

"အမလေးဗျာ၊ နာပါတယ်ဆရာ၊ မလုပ်ပါနဲ့ဆရာရယ်"

"မနာပါဘူးကွ အသာလေးရယ်"

ဟန်ရေးပြလိုက်၊ ပြောလိုက်၊ ရိုက်လိုက်နဲ့ စုစုပေါင်း ၃၂ ချက်ရိုက်လိုက်ပါတယ်။

အဲဒီအချိန်မှာပဲ ထောင်သားတွေထင်းထမ်းပြန်လာကြတာ၊ ခြေကျင်းသံတွေ ကြားရလို့ သူနံချပ်ကူကို အစောင့်ထိုင်တဲ့ နေရာမှာ ချထားလိုက်ပါတယ်။ ရိုက်နေ၊ ပြော တဲ့အချိန်အတွင်း သူကျွန်တော့်ကို ဂရုစိုက်ကြည့်နေခဲ့ပါတယ်၊ ကျွန်တော်ကြည့်တာ မိသွားရင် ကျွန်တော်ပါအရိုက်ခံခဲ့ရစရာ အကြောင်းရှိပါတယ်။ အလုပ်ကြမ်းအဖွဲ့ အပြ မှာအိပ်သာဝင်ပြီး ထောင်ထဲပြန်ဝင်လာတဲ့အချိန်မှာ သူက အရေးပေါ်လို့မျိုး စကားချဲ့ပြ အောင်မင်းနဲ့ ကျွန်တော့်ကို ထိပ်တုံးထဲမှာ နေရာရွှေ့လိုက်ပါတယ်။

## ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

"အောင်မင်း သေနတ်လုဖို့ ကြိုးစားလို့ နည်းနည်းအပြစ်ပေး ထားတယ်"

သူ့စကားကို အားလုံးကငြိမ်ပြီးနားထောင်ကြပါတယ်။ ဒါပေမယ့် သူပြောတာ ဘယ်သူမှမယုံပါဘူး။ သူဟာ ဒီကိစ္စကို သေနတ်လုဖို့ကြိုးစားတဲ့ ပြစ်မှုကြီးလို့သာနာမည် တပ်ပြီး တကယ်တမ်းကျတော့ ဘယ်သူ့ကိုမှ တဆင့်တင်ပြတိုင်တန်းခြင်း မရှိခဲ့ပါဘူး။

ညနေထမင်းစားချိန်မှာ အောင်မင်းက

"ကျွန်တော် မစားတော့ဘူး" တဲ့။ ကျွန်တော်က

"အောင်မင်း တစ်လုတ်ဝင်ဝင်၊ နှစ်လုတ်ဝင်ဝင် ရအောင်စား။ ငါ့ညီ ဆေးလိုသဘောထားပြီးတော့ဖြစ်ဖြစ် စားလိုက်"

ဆိုပြီး ကိုယ့်တုန်းက အတွေ့အကြုံနဲ့ ယှဉ်ပြီး ပြောလိုက်ပါတယ်။

"ကျွန်တော် တကယ်ကို မရလို့ပါ"

"အေးလေ ဒါဆိုလည်းပြီးတာပဲ"

ကျွန်တော်တို့ထမင်းလုတ်စနိုက်တဲ့အချိန်မှာပဲ၊ အောင်မင်းဟာ ထိုင်နေရင်း ကနေ ရှေ့ကိုစိုက်ကျသွားပြီး ပါးစပ်ကလည်း သွေးအမည်းတွေ အန်ထွက်လာပါတယ်။

ထောင်စောင့်တွေက ထိပ်တုံးသော့ဖွင့်ပြီး သူ့ကိုလူရှေ့ကျောက်လမ်းထဲ ချထားခိုင်း လိုက်ပါတယ်။ သေနေပါပြီ။

ပအိုဝ်ဘက်ကို တောခိုခဲ့ပြီးမှ တခါပြန် ABSDFကို စိတ်ဓါတ်ပြင်းထန်လွန်းလို့ တောခိုလာတဲ့သူ၊ သူ့အရည်အချင်းနဲ့ နိုင်ငံရေးထဲတော့ မဝင်ချင်ပါဘူး ၊ ဒေါ်အောင်ဆန်း စုကြည်ရဲ့ လုံခြုံရေးကို တာဝန်ယူရရင်တော်ပါပြီဆိုပြီး အမြဲပြောလေ့ရှိသူကတော့ တော် လှန်ရေးမပြီးခင်မှာပဲ သေသွားပါပြီ။

ခဏနေတော့ ဆေးဆရာမတွေလာပြီး စမ်းသပ်၊ သေတာအတည်ပြုချက် ပေးသွားပါတယ်။ သွေးအမည်းတွေ ဒီလောက် အန်တာဆိုတော့ ငှက်ဖျားတအားတက်လို့ ဖြစ်မယ်လို့ ဉာဏ်ကြီးရှင် ဆေးဆရာမကမှတ်ချက်ပေးသွားပါတယ်။

ထမင်းဆက်မစားခင် အောင်မင်းကို ထောင်ပြင်နှင်းတောထဲ ရွှေ့ထားလိုက် ရပါတယ်။ လုမျိုးအောင်က

"ပြဿနာရှာတဲ့ ကောင်တစ်ကောင်တော့ ရှင်းသွားပြီ၊ မင်းတို့ထဲက ပြဿနာရှာချင်တဲ့ကောင်ရှိရင် အဲ့ဒီကောင်ကို အတုယူကြ"

လို့ ပြောတယ်။

"ထောင်သားတစ်ယောက်သေလို့ မြှုပ်ရရင် ငါတို့က အရက် (၂) ပုလင်း၊ စကားဝါ ဆေးလိပ်တစ်စည်းနဲ့ တရုတ်ငွေ ၁၀ ယွမ် ရတယ်။ မင်းတို့ကောင်တွေ တစ်ယောက်ပြီး တစ်ယောက်မကြာမကြာသေနေရင် ငါတို့သိပ်အဆင်ပြေမယ်။ အခုလည်း ငွေပြတ်တဲ့အချိန် ဒီကောင်သေသွားတာ၊ အဆင်ပြေသွားတယ်"

အောင်မင်းသေဆုံးမှုအတွက် စုံစမ်းစစ်ဆေးမှု၊ အရေးယူမှု ဘာဆိုဘာမှ မရှိပါဘူး။

အရင် (၁၀) ရက်လောက်က ရဲမေဆောင်ကမွေးထားတဲ့ ခွေးကလေး သေသွားတော့၊ သူတို့သိပ်ချစ်ရတဲ့ခွေးလေးဆိုပြီး ခွေးကိုမြှုပ်၊ အုတ်ဂူလှလှလေးတစ်ခုကို ထောင်သားတွေကလုပ်ပေးခဲ့ရပါတယ်။ အခု အောင်မင်းကျတော့ ကျင်းခပ်တိမ်တိမ် တစ်ခုထဲ အရွတ်ဆွဲချ၊ မသပ်မရပ်မြေဖို့လိုက်ကြတာမျိုးသာ လုပ်ပေးကြပါတယ်။

အောင်မင်းကတော့ လွတ်သွားပါပြီ၊ ဒီမပြီးသေးတဲ့ လွတ်မြောက်ရေးဆိုတဲ့ အရာကြီးကို ကျွန်တော်တို့က ဆက်ရင်ဆိုင်ရ ဦးမှာပါ။ ဒီကျန်တဲ့အထဲကဆုံးရှုံးမှု နည်းနိုင်သမျှအနည်းဆုံးဖြစ်အောင် စဉ်းစားပြီး ဆက်ရင်ဆိုင်ကြရဦးမှာပါ။

□

# ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

အခန်း(၁၃)

ရက်တွေဟာ ကျွန်တော် တို့ သတိမထားမိပဲကုန်ဆုံးနေပါတယ်၊ မီးစက်ကို အလုပ်သွားလုပ်သူတွေ ပြန်လာတော့ ဝမ်းသာစရာစကားတစ်ခု ပါလာပါတယ်၊

"မြို့ပေါ်က မိဘတွေ မီနီဘတ်စ် တစ်စင်းနဲ့ ရောက်လာကြတယ်တဲ့၊ အမျိုးသမီးတွေက ပိုများတယ်ပြောတာပဲ"

"သေချာလား"

"အစုတွေ့ခဲ့တဲ့သူကပြောလို့ ကျွန်တော်ခင်များကိုလာပြောတာ၊ အဲ့ဒီထဲမှာ အရင်တစ်ခေါက်ကလာတဲ့ မျက်မှန်နဲ့လူလည်းပြန်ပါလာတယ်" တဲ့၊

"အေးအေး အဲဒါ ငါ့အစ်ကိုဖြစ်မှာ"

ထောင်ထဲမှာ မျှော်လင့်ချက်တွေ ပြန်ပြီးလင်းလက်လာပြန်ပါပြီ၊

ဒါပေမယ့် ကျွန်တော်တို့အားလုံးဟာ အခြေအနေတွေကိုဘာမှ ဂဃနဏ မသိရပဲ ထောင်ကုန်းအောက်မဆင်းရဆိုတဲ့ ကန့်သတ်ချက်ကိုသာ အရင်ရခဲ့ပါတယ်၊ နောက်တစ်ရက်မှာ ဝဏ္ဏဇော်၊ ဘိုဘို၊ ရဲလင်း၊ ညီညီအောင်တို့ (၄)ဦး မိဘတွေနဲ့ ခဏတွေ့ခွင့်ရတယ်ပြောပါတယ်၊ ညနေပိုင်းနန်းအောင်ထွေးကြည်နဲ့ တွေ့တော့လည်း သူလည်း သူ့အမေနဲ့ တွေ့ခွင့်ရတယ်ပြောပါတယ်၊အားလုံးက လွတ်လွတ်လပ်လပ်ပြောခွင့်ရချိန်မှာ ဒီမှာဖြစ်နေတဲ့ မသမာမှုအားလုံးကိုဖွင့်ပြောပြဖြစ်ကြတယ်တဲ့၊ ကျွန်တော်တို့ သိသလိုပဲ မိဘတွေကလည်း အားလုံးကိုကြိုပြီး သိနှင့်ကြပါတယ်၊

# ဆယမားညီညီ

၁၉၉၂-ဧပြီ ၂၀ ရက်နေ့က ကျွန်တော်တို့ကို အောက်မဆင်းဖို့ ကန့်သတ်ထားပြီး ၂၁ ရက်နေ့မှာ ကျွန်တော်ကလွဲပြီး ကျန်တဲ့ စာရေးတဲ့သူအားလုံးသူတို့မိဘတွေနဲ့ တွေ့ခွင့်ရတယ်။ ပြဿနာက ကျွန်တော်တို့အားလုံးဟာ ABSDF ရဲ့ မေးခွန်းတွေကို ပါးပါးနပ်နပ်ဖြေခဲ့ကြပြီးပြီ။ ဆက်လည်းဖြေကြရဦးမှာ။ ဒါပေမယ့် မိဘတွေကျတော့ရော၊ သူတို့ဟာ ပါးပါးနပ်နပ်ဖြေဖို့ စိတ်ကူးကြမှာ မဟုတ်ရုံမက ကန့်လန့်ဖြေဖို့တောင် စိတ်ကူးချင် ကူးထားကြမှာ။

ကျော်ခိုင်ဝင်းကလာပြောတာကတော့ မိဘတွေရောက်လာချိန်မှာ လူကြီးဆိုတဲ့သူတွေက မူလကတိကိုဖျက်ပြီး ပြန်မလွှတ်ချင်တော့ဘူး ဖြစ်နေတယ်တဲ့။ ABSDF ဗဟိုကလူတွေ၊ တောင်ပိုင်းကို မြောက်ပိုင်းကနေ တာဝန်နဲ့သွားခဲ့တဲ့သူတွေ၊ နောက်ဆုံးဗျာ ရွှေလီ ချစ်လက်ဘက်ရည်ဆိုင်မှာ ထိုင်တဲ့မျိုးဝင်းရဲ့လူ ကိုသောင်းနဲ့ သံရှောင်းအစ်ကိုတို့ တောင်ရောက်နေပြီး အားလုံးဝိုင်းတိုင်ပင်နေကြတယ်တဲ့။

တစ်ချို့ကလည်း ကျွန်တော့်ကိုပြောတယ်။

"ဒီကောင်တွေ မယုံကြည်ရပါဘူးလို့ ကျွန်တော်မပြောဘူးလား"တဲ့။

"ဟ၊ မယုံကြည်ရလည်း ဖြစ်နိုင်မယ့်လမ်းတွေရှိရင်တော့ လျှောက်ရမှာပဲလေ"

မိဘတွေနဲ့ တွေ့ခဲ့တဲ့သူတွေကတော့ အလင်းဝင်မယ် အစိုးရပေးတဲ့ အပြစ်ခံမယ်၊ ဒီမှာတော့ဖြစ်နိုင်ရင် ခဏလေးမှ မနေချင်တော့ဘူးတဲ့။

၂၂ ရက်နေ့ တစ်နေ့လုံးကလည်း ဘာမှန်းမသိပဲ ကုန်သွားတယ်။ ၂၃ ရက်နေ့မှာတော့ တစ်ထောင်လုံးအကုန် ကျွန်တော်တို့ကလွဲပြီးတော့ ထင်းထမ်းသွားကြတယ်။ ခဏအကြာမှာ အောင်နိုင်နဲ့ သန်းဇော်နစ်ယောက် ရောက်လာပြီး အစည်းအဝေးလို့ နာမည်တပ်လိုက်တဲ့ ခြိမ်းခြောက်ပွဲလေး တစ်ခုလက်တန်းလုပ်ခဲ့ပါတယ်။

"မင်းတို့အားလုံး သက်ဆိုင်ရာ ကိုယ့်မိဘတွေနဲ့ကိုယ် တွေ့ခွင့်ရမယ်၊ အေး မင်းတို့ထဲက ဘယ်အကောင်ကိုမှ ပြန်မလွှတ်ဘူး။ အဲဒီတော့ မင်းတို့ကိုယ်တိုင်ကိုက မြို့ပေါ်ပြန်မလိုက်ချင်ပါဘူးဆိုတာကို သူတို့ကိုပြော၊ ယုံတာ မယုံတာ ငါတို့အလုပ်မဟုတ်ဘူး၊ သူတို့လက်ခံပြီး ပြန်သွားအောင် မင်းတို့ပြော၊ အေး ပြဿနာတစ်ခုက တစ်ယောက်ယောက်က တစ်ဆင့်တက်လာရင် ပြဿနာတက်တဲ့ကောင်ရော သူ့မိဘရောတစ်ခါတည်း ရှင်းပစ်မယ်၊ မင်းတို့ မိဘတစ်ဦးချင်းစီနဲ့ တွေ့တာကို ငါတို့ဗီဒီယိုမှတ်တမ်း တင်ထားမယ်"

## ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

အဲဒီလိမ်လည်ပွဲအစီအမံကတော့ သူတို့က အရာရှိလို့ စွပ်စွဲထားသူတွေဖြစ်တဲ့ ကျွန်တော်၊ ကျော်နိုင်ဦး၊ ရဲလင်းနဲ့ နန်းအောင်ထွေးကြည်တို့ကို စစ်ရုံးထဲမှာ စု၊ ထိုင်စောင့်ခိုင်းပြီး မိဘတစ်ဦးစီကို ခေါ်ပြီးတွေ့ပေးတာပါ။

ပထမဆုံး ရဲလင်းရဲ့မိခင်လာပါတယ်။ လိုရင်းပြောရရင်

"ကျွန်တော် အမေနဲ့ ပြန်မလိုက်နိုင်ပါဘူး၊ ပြန်ပါတော့"

ဒုတိယ ကျော်နိုင်ဦးဖခင် အရင်အတိုင်းပြောလိုက်ပါတယ်။

တတိယ ကျွန်တော့်အစ်ကို ကိုမောင်မောင်ဝင်လာပါတယ်။ ကျွန်တော်ကအရင် (၂)ယောက်တီးတဲ့ တီးလုံးတီးလိုက်ပါတယ်။ ဒါပေမယ့် သူကလက်မခံပါဘူး၊ ဒေါသနဲ့ ပေါက်ကွဲထွက်ပါတယ်။

"ငါသိတာပေါ့ကွာ၊ သူတို့ကိုက မသွားချင်၊ မပြန်ချင်တော့ပါဘူးဆိုပြီး မင်းတို့ ဥက္ကဋ္ဌက ပြုံးစေ့စေ့လာပြော ကတည်းက မင်းတို့ကို ခြိမ်းခြောက်ထားပြီဆိုတာ ငါသိတာပေါ့၊ ဒါကတိဖျက်တာကွ မရိုးသားတာ၊ အဖွဲ့အစည်းတစ်ခုက ကတိဖျက်တာ"

"မဟုတ်ပါဘူး ကိုမောင်၊ ဒါကတိဖျက်တာမဟုတ်ပါဘူး၊ ကျွန်တော်တို့ ကိုယ်တိုင်က ပြန်ချင်စိတ်မရှိတာပါ"

"ဘာ၊ မင်းပြောလိုက်တာနဲ့ ငါက လွယ်လွယ်လက်ခံသွားမယ်၊ ယုံသွားမယ်လို့ မင်းထင်လား၊ ဒီမှာ ပျော့ မင်းတို့ တစ်တွေ ဘယ်လိုထောက်လှမ်းရေးဖြစ်သွားရတယ်ဆိုတာလည်း ငါသိတယ်၊ အခုမင်းတို့ဘယ်လိုစိတ်ပြောင်းသွားတာလဲဆိုတာကိုလည်း ငါသိတယ်"

"ကိုမောင် ကျေးဇူးပြုပြီးနားလည်းစမ်းပါ၊ ကျွန်တော်တို့ အခြေအနေက အဲ့လိုပြောမှဖြစ်မှာဆိုတာသိရင် ဘာလို့ဒေါသထွက်နေတာလဲ"

ဆိုပြီး နားနားကပ် တိုးတိုးပြောမှ စိတ်လျှော့သွားပါတယ်။

ပြောသမျှကို သက်လင်းက ဗီဒီယိုရိုက်ယူနေတော့ ပြောင်လည်းပြောလို့မရဘူးလေ။ အဲဒီတော့ ကျွန်တော်ကထပ်ပြီး

"ကိုမောင် အားလုံးကိုခေါ်ပြီး အေးအေးဆေးဆေး ပြန်ပါ၊ ကျွန်တော်တို့အခု အားလုံးမသေကြဘူး၊ ဒီတော့ ကျောင်းသားတပ်ကို ပြန်ဆပ်ရမယ့် အကြွေးလေးတွေ ရှိနေတာတော့ ကိုမောင်နားလည်မှာပါ"

"အဲဒီအကြွေးတွေ ပြန်ဆပ်ပါရစေ၊ ကျွန်တော်တကယ် ပြန်မလိုက်

## ဆမားညီညီ

ချင်တာပါ။ ကျွန်တော်အခု ပြန်လိုက်ခဲ့ရင် ဒီအကြွေးတွေ ဆပ်ခွင့်ကြုံတော့မှာမဟုတ်ပါဘူး"

သူကျေနပ်တာ၊ မကျေနပ်တာ အပထား၊ စိတ်လျှော့ပြီးပြန်ထွက်သွားပါတယ်။ နောက်ဆုံးပိတ်လိမ်လည်သူဟာ နန်းအောင်ထွေးကြည်ဖြစ်ပါတယ်။

ဒီပွဲကြီးတစ်ခုလုံးက တွေးကြည့်လိုက်ရင် ရယ်စရာပါ။ ကျွန်တော်တို့ လိမ်နေမှ မိဘတွေ သိကြပါတယ်၊ မိဘတွေ သိကြမှန်းလည်း မဟာကျောင်းသားတပ်မတော်ရဲ့ အဖိုးတန်လူကြီးမင်းများက သိကြပါတယ်၊ ဒါပေမယ့် အဲ့ဒီလူကြီးဆိုတဲ့ ကောင်တွေနဲ့ ကျွန်တော်တို့တွေ့ချိန်မှာ ကျွန်တော်တို့က ABSDF အနာဂတ်လုပ်ငန်းများကို အားတက် သရော ဝင်ရောက် လုပ်ကိုင်ပေးလိုတဲ့ အကြောင်းတွေ(လိမ်)ပြောတော့ အဲ့ဒီလူကြီးတွေက သူတို့ ဘယ်လိုယုံကြည်အားကိုးတယ် ဆိုတာတွေကို (ထပ်လိမ်)ပြောပြန်ပါတယ်။

တကယ့်အပေါ်စားပြဇာတ်တစ်ခုပါပဲဗျာ။ မယုံကြည်ထိုက်သူ၊ မသမာသူတွေနဲ့ စကားပြောရချိန်မှာ အသင့်မှာဘာမှ အာမခံချက်မရှိဘူးဆိုတာ နားလည်ထားရပါလိမ့် မယ်။ အခုလည်း ကျွန်တော်တို့အားလုံးရဲ့ အနာဂတ်အတွက် ဒီမယုံကြည်ထိုက်သူတွေနဲ့ ဆက်ဆွေးနွေးပြီး၊ တည်မှာမဟုတ်တဲ့ ကတိတစ်ခုရဖို့ ကြိုးစားကြရပါဦးမယ်။သူတို့တခေ ကတော့ လိမ်ညာခြင်း၊၊ ကတိပျက်ခြင်းဟာ တော်လှန်ရေးတစ်ခုရဲ့ လိုအပ်ချက်လို့များတွေ ထင်၊ ဂုဏ်ယူနေ ကြသလားမသိပါဘူး။ ဒါမှမဟုတ် သူတို့ဘဝမှာ တည်ကြည်ခြင်းနဲ့ ဂုဏ် သိက္ခာအကြောင်း အသင်ကြားမခံခဲ့ရဖူးလို့လည်း ဖြစ်နိုင်ပါတယ်။

ဒီဖမ်းတဲ့၊ အဖမ်းခံရတဲ့ ဖြစ်စဉ်ကြီးတစ်ခုလုံးနောက်မှာ၊ အခက်အခဲများကို ကျော်လွှန်ပြီးချိန်မှာ ကျွန်တော်တို့တွေဟာ ပိုရဲရင့်၊ ပိုပြီးလူပီသ၊ ပိုပြီး အနစ်နာခံတတ် လာကြပေမယ့် သူတို့ကတော့ ပိုပြီးသူရဲဘောကြောင်၊ ပိုပြီးကောက်ကျစ်၊ ပိုပြီး လူမဆန်ဝ သူတွေ ဖြစ်သွားကြပါတယ်။

ထောင်ကုန်းပေါ်ပြန်တက်လာကြရပြီးနောက် ကျွန်တော်တို့အားလုံး စိတ်ပျက် လက်ပျက်နဲ့ အချုပ်ခန်းဘေးမှာ ထိုင်နေကြပါတယ်၊ ကျွန်တော်တို့စကားပြောတာကို ထောင်မှူးတွေက လျစ်လျူရှုထားပြီး ကျန်တဲ့အကျဉ်းသားတွေကို တစ်ယောက်မကျန် အပြင်အလုပ်ခိုင်းထားပါတယ်။

အဲ့ဒီအချိန်မှာ သန်းဇော်က ဗ.က.ဟ ယူနီဖောင်းအသစ်တွေယူလာ၊ ကျွန်တော် တို့ကိုပေးပြီး ရေချိုးလိုက်ကြလေတဲ့၊ ဒီအချိန်ကြီးမှ မချိုးချင်ပါဘူးဗျာ။

"ဒီမှာ ယူနီဖောင်းအသစ်တွေ၊ ရေချိုးချင်ချိုး၊ မချိုးချင်နေ၊ ကိုယ်

သဘောပဲ"

"ကိုသန်းဖေ၊ ကိုသန်းဖေ ...... ကျွန်တော်တို့ကို လွှတ်လိုက်တာလား"

လို့ ကျော်နိုင်ဦးကမေးပါတယ်။

"အေး ဟုတ်တယ်"

"ဒါဆို ရေချိုးမှာပေါ့"

"ပြီးရင် တပ်ထောက်သွား၊ ချက်ဖို့ ပြုတ်ဖို့ လိုတာတွေ သွားထုတ်ချေကြ၊ ကော်မတီရုံးအသစ်မှာနေရမယ်၊ တစ်ခုမှာမယ်နော်၊ စခန်းထဲ ဟိုဒီလျှောက်မသွားနဲ့၊ မိဘတွေနဲ့ ခွင့်မရပဲ စကားမပြောနဲ့၊ နောက်တစ်ခါ ဒီထောင်ကုန်းပေါ်လုံးဝတက်ခွင့်မရှိဘူး အကျဉ်းသားများနဲ့ လုံးဝစကားပြောခွင့်မရှိဘူး၊ နားလည်တယ်နော် သွားတော့"

"ကျော်နိုင်ဦး ......ရေ ဘယ်နားသွားချိုးမလဲ"

"ကော်မတီရုံးနားမှာ ရေထွက်ရှိတယ်လေ၊ အဲဒီသွားကြတာပေါ့"

ဘိုဘိုကို ဝါးခြမ်းနဲ့ချိုးရေးမှာ နန်းအောင်ထွေးကြည်ကို အမျိုးသမီးဆောင်မှာ၊ ကျွန်တော်တို့ ကျန်တဲ့ (၅)ယောက်ကတစ်စုပေါ့။ကျွန်တော်တို့ ရုံးရှေ့ခြင်းစတ်ကြပါတယ်။ မိဘတွေစုနေတဲ့နေရာနဲ့ ကွာလှ ကိုက်(၁၀၀) ပေါ့။ မြင်နေရပါတယ်၊ ဒါပေမယ့် သွားခွင့်၊ စကားပြောခွင့်မရပါဘူး။

ညကတော့ ဂုဏ်သိက္ခာရှိစွာနဲ့၊ ခေါင်းဦးနဲ့၊ အခင်းနဲ့၊ လူလိုသူလိုအိပ်ရပေမယ့် အတော်ကြီးနီးနေပါတယ်။ ညပိုင်း စစ်ခြေနင်းသံကြားလို့ အားလုံးလိုလို လန့်နိုးကြပါသေးတယ်။ ဒါပေမယ့် ဆီးကို အဆောင်အပြင်ဘက် မြို့စပ်ကို လွတ်လပ်စွာသွားခွင့်၊ ဘယ်သူ့ကိုမှ ခွင့်မတောင်းပဲ သွားခွင့်ရခဲ့ပါတယ်။ အိပ်ယာထဲ ဟိုဒီလှည့်ခွင့်၊ ညရေထသောက်ခွင့်တွေကတော့ ရှင်းပြဖို့တောင် လိုမယ် မဟုတ်ပါဘူး။

ကျွန်တော်တို့ကို လွှတ်မပေးခင်တုန်းက သင်တန်းခန်းမကို ခေါင်းမိခင်လို့ မြန်မာအမည်ပေးထားတာမှာ အောင်နိုင်က Mother Peacock လို့ ပေးမလို့ ကျွန်တော့်ကိုကောင်း မကောင်းလာမေးတယ်၊ ကျွန်တော်က မိခင်ကို Peacock လို့ သုံးလို့မရဘူး၊ Peacock က ခေါင်းဖို့။ ခေါင်းမလို့သုံးရမှာဆိုတော့ ခေါင်းမကို ဘယ်လိုခေါ်သလဲတဲ့။Pea-hen လို့ ခေါ်တယ်ဆိုတော့

"ဟာ ဒါဆို ကျွန်တော်တို့က ခေါင်းမိခင်ကိုဘာသာပြန်ချင်တာ၊

# ဆမားညီညီ

မလုပ်တော့ဘူး hen မသုံးချင်ဘူးတဲ့။အဲဒါဆို ဒေါင်းဖို့တို့ရဲ့မိခင်ဆိုတဲ့ သဘောဆောင်တဲ့ Mother of Peacocks လို့ သုံးရင် ရတယ်လို့ပြောလိုက်တယ်။

အခုအဲဒီနှာမည်ပေး ကင်ပွန်းတပ်ပွဲအတွက် စတိတ်ရှိုးလုပ်မှာ။ နဂိုကတော့ ဒီသင်တန်းခန်းမကြီးဟာ ထောင်ပေါ့ဗျာ။ ဒီမြေသားကြမ်းခင်းကို ကျွန်တော့်သွေးအပါအဝ ကျဆုံးသွားတဲ့၊ လက်ရှိရှိနေကြတဲ့၊ ကျွန်တော်တို့ ရဲဘော်တွေအားလုံးရဲ့သွေးတွေနဲ့ အောက်ခံမြေသားကို မာသွားအောင်စေးခဲပေးခဲ့တာ။ ဒီဒေါင်းမိခင်ခန်းမကြီးက ကျွန်တော် တို့ရဲ့သွေးနဲ့ ချွေးနဲ့ တကယ်ကို တည်ဆောက်ထားတာပါ။ ဒါကြီး ပြန်ပြင်တော့ တိုင်တွေကို သစ်လုံးဘဝက (၄)ထောင့်တိုင်ဖြစ်အောင်ကအစ၊ ထရံနီးဖျာတာအဆုံး၊ နောက်ဆုံး အမိုးမိုးတာမကျန် အကျဉ်းသားတွေလုပ်ခဲ့တာ၊ မြေဖို့ မြေညှိလုပ်ငန်းထဲမှာဆိုရင် နာမကျ ဖြစ်နေတဲ့ ကိုချိုကြီးနဲ့ ထွန်းအောင်ကျော်တို့တောင် ပါသေးတယ်။ ဒီခန်းမဆောက်တုန်းက ခန်းမကို ကန့်လန့်ဖြတ်ကူးတဲ့ယက်မပြတ်ကျလို့ ယက်မတင်နေတဲ့ ဝဏ္ဏဇော်ပါ ယက်မနဲ့ အတူ ပြုတ်ကျခဲ့ဖူးတာ။ ဒါကတော့အမှတ်တရပဲ၊ အခုဒါကြီးကို တည်ဆောက်တဲ့ ကုန်ကျ စရိတ်တွေ အားလုံးကို မဟာမိတ်ကပေးတာ။ အခု ဒီဖွင့်ပွဲမှာ ဘာရွေး၊ ဘာသွေးမှ မကျခဲ့ ဆရာကြီးတွေက စတိတ်ရှိုးလုပ်ဖွင့်ကြမှာ။

အဲဒီပွဲမှာ NLD (LA) ရုံးကလူတွေလည်း ဖိတ်ထားတယ်။ အဆင့်နိမ့် မဟာ မိတ်အရာရှိတွေနဲ့ ရဲဘော်တွေကိုလည်းဖိတ်တယ်။ နောက်မြို့က ဧည့်သည်တွေအားလုံ သက်ဆိုင်ရာသား၊ သမီးနဲ့ ထိုင်ကြည့်ခွင့်ရတယ်။ ကျွန်တော်ကတော့ ကျွန်တော့် အစ်ကို ကပ်ထိုင်ခွင့်ရတယ်။ ပွဲချိန်တစ်လျှောက်လုံး ပြောချင်တာတွေ လွတ်လွတ်လပ်လပ် ပြော ရလိုက်ပါတယ်။ဒီပွဲကိုလာတဲ့ မိုးညှင်းလား၊ မိုးကောင်းမြို့နယ်ကလား အရွေးချယ်ခံ အမတ်တဲ့၊ ဦးကြာမြဆိုတဲ့ သူနဲ့တွေ့တယ်။ သူက မိဘတွေကို နှုတ်မဆက်၊ အရေးမပေး အပြင် သူ့အကြည့်တွေက ရန်လိုနေသလိုပဲ။

နန်းအောင်ထွေးကြည်နဲ့ ဘိုဘိုတို့ဟာ ဝါဒဖြန့်ချိရေးအဖွဲ့ထဲ ပြန်အထည့်ခံရ ပုံမှန်ဖြေဖျော်မှုတွေ လုပ်လိမ့်မယ်။ ဝဏ္ဏဇော်လည်း သီချင်းတစ်ပုဒ်ဆိုမယ်တဲ့။

အခမ်းအနားမစခင်လေးမှာပဲ အဝေးကသံခြေကျင်းသံတွေကြားရပါတယ် တဖြည်းဖြည်းအသံကျယ်လာပြီး သင်တန်း ခန်းမဘေး ရောက်လာပါတယ်။ အားလုံး စိတ်ဝင်စားနေကြပါတယ်။ဟုတ်ပါတယ်၊ ကျန်တဲ့သူတွေ အားလုံးနေရာယူပြီးချိန်မှ သင်တန်းခန်းမရဲ့ နောက်ဆုံးတန်းတွေမှာ ဝင်ထိုင်လာကြတာထောင်ထဲက အကျဉ်းသာ

တွေပါ။ ဒီလိုအခွင့်အရေးရတာ အကျဉ်းသားတွေအတွက် ဒါပထမဆုံးအကြိမ်ပါ။ ဘဝတူတွေက ဖျော်ဖြေနေတာတွေကို သူတို့ အထူးအားပေးနေကြပါတယ်။အားလုံးအကျဉ်းသားတွေ၊ အကျဉ်းသားဟောင်းတွေ၊ မိဘတွေပါမကျန် မျက်ရည်ကျကြပါတယ်။

အောင်နိုင်၊ ဦးကြာမြနဲ့ အခြားသူတွေဟာ ဧတိတ်ရှိုးကို ရှေ့ဆုံးခုံတန်းက ထိုင်ပြီး အပြီးလုပ်နေကြပါတယ်။ သူတို့မှာ တင်ပါးထိုးတဲ့ ရေဗူးငယ်တွေပါလာကြပါတယ်။ ရေဗူးထဲက ရေအရောင်ကနီနေပါတယ်။

အဲဒီအမတ် ဦးကြာမြက ဒီပြဿနာတွေကို ရေငုံနှုတ်ပိတ်နေတယ် ဆိုတာထက်ပိုပါတယ်။ ကျွန်တော်ပထမဆုံး မဟာမိတ်ဘက်ရောက်တုန်းက ကျွန်တော်နဲ့အတူ ကျန်တဲ့သူတွေပါခေါ်ပေးဖို့ပြောတော့ မဟာမိတ်က ဒီပြဿနာကိုရှင်းပေးဖို့ NLD (LA) ကိုတိုင်ပင်ရာမှာ မဟာမိတ်မှုDAB ရဲ့မစွက်ဖက်ရေးမူနဲ့ ဘာမှဝင်မလုပ်ဖို့ တားခဲ့တာ ဦးကြာမြပါ။ အဲလိုသာ ဝင်စွက်ဖက်မယ်ဆိုရင် DAB အဖွဲ့ကြီးပျက်သွားမယ်လို့ ခြိမ်းခြောက်ခဲ့တာ ဦးကြာမြပါ။ အဲဒီနောက်ကွယ်မှာ ဘာများရှိမလဲဗျာ၊ စဉ်းစားကြပါဦး။

ဒီကိစ္စကြီးဟာ အာဏာလိုချင်တာသက်သက်ဆိုရင် အပေါ်ပိုင်းလောက်၊ ပြဿနာရှိနိုင်မယ့်သူလောက် ဖမ်းရ၊ သတ်ရမှာ။ အခုဟာက မိုးညှင်း၊ မိုးကောင်း၊ နမ္မားဒေသခံ မဟုတ်သူမှန်သမျှကို ရသလောက်ရှင်းထုတ်ပစ်နေတာဖြစ်နေတော့ ဒီကိစ္စ နောက်ကွယ်မှာ အကြောင်းတစ်စုံတစ်ခုတော့ ရှိမှာပါ၊ ဒါကို မဖော်ထုတ်နိုင်ခဲ့ရင်တောင် အစရအောင်ဆွဲထုတ်နိုင်ရပါမယ်။

ဧတိတ်ရှိုးပြီးတာနဲ့ ကျွန်တော်တို့က ခန်းမထဲနေခဲ့ရပြီး မိဘတွေက အရင်ပြန်ရပါတယ်။ ပြီးတာနဲ့ အကျဉ်းသားတွေပြန်ပြီး နောက်ဆုံးမှ ကျွန်တော်တို့ပြန်ရပါတယ်။ ဧတိတ်ရှိုးပြီးတာနဲ့ ကန့်သတ်မှု၊ ချုပ်ချယ်မှုတွေ ပြန်ရောက်လာပါတယ်။

အခုကျွန်တော်တို့အားလုံးက မိဘတွေကို ပြန်စေချင်ပါပြီ။ သူတို့ ရှိနေတာ သူတို့အတွက် အန္တရာယ်မကင်းသလို ကျွန်တော်တို့လည်း မလွတ်လပ်ပါဘူး။ သူတို့ ဒီကအခြေအနေမှန်ကို နားမလည်ပါဘူး၊ ဒီကသွေးဆာနေပြီး မျက်စေ့တစ်ဆုံး မကြည့်တတ်ပဲမျက်တောင်မွှေးတစ်ဆုံးသာ ကြည့်တတ်တဲ့ကောင်တွေရဲ့အမူအကျင့်တွေကို သူတို့မသိပါဘူး။ သတ်တာဖြတ်တာတွေ ပြီးသွားပြီလို့ သူတို့ယုံကြည်နေပုံရပါတယ်။ ဒီအဖွဲ့က ပျက်မသွားမချင်း တစ်ယောက်နဲ့ တစ်ယောက် အားလုံးကုန်တဲ့အထိ သတ်နေကြမှာပါ။ ဒီမှာက သတ်တာက အလွယ်ဆုံးအလုပ်ပါပဲ။နိပါတ်တော်ထဲက ဇာတ်တူသားစားလို့ ဟသ်ာ

ကိုးသောင်း ပျက်စီးခဲ့ရတယ် ဆိုသလို အခုလည်းသူတို့ ဇာတ်တူသားစားတဲ့ အလုပ်လုပ်နေကြပါပြီ။

ဒီနေ့ကျွန်တော်တို့ အစောကြီးနိုးပြီး လိုင်စင်ဈေးနေ့ဈေးကို သွားကြပါတယ်။ မိဘတွေလည်း ဈေးသွား ရနိုင်သမျှ မုန့်ပဲသွားရည်စာတွေဝယ်ကြပြီး "ပျော်ရွှင်စရာ နှစ်သစ်ကူး" လုပ်လိုက်ကြပါတယ်။ တကယ်ပြောရရင် သင်္ကြန်လည်း မသိခဲ့ပါဘူး။ ခရစ်စမတ်လည်းမသိပါဘူး၊ ဒါပေမယ့် ဒီနေ့ ဟာ ကျွန်တော်တို့အတွက် အကျဉ်းသားနှစ်ဟောင်း ပြီးသွားပြီး လွတ်လပ်တဲ့ (ဒါပေမယ့် အကျယ်ချုပ်ပါ) နှစ်သစ်ဖြစ်မှာပေါ့။၁၀ နာရီလောက်မှ ဝဏ္ဏဇော်နဲ့ ညီညီအောင်တို့ကို လာခေါ်ပြီး ဘိုဘိုနဲ့ အတူတူ မိဘတွေနဲ့တွေ့ပေးပါတယ်။ ဒီလူငယ် ၃ ယောက်ကို ၃ လနေရင်လွှတ်ပေးမယ်တဲ့။

နောက်တစ်ရက်မှာ ကျွန်တော်တို့တွေနဲ့ABSDF ကလူကြီးတွေနဲ့ ဆွေးနွေးပွဲလိုလို ပွဲတစ်ခုလုပ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ကို ခံဝန်လက်မှတ်ထိုးခိုင်းမယ်လို့ သိရပါတယ်။

ဒီရက်မတိုင်ခင်က နေဒွန်း၊ သက်ထွန်းနဲ့ သန်းဇော်တို့က အရာရှိဆိုသူတွေဖြစ်တဲ့ ကျော်နိုင်ဦး၊ ရဲလင်း၊ နန်းအောင်ထွေးကြည်နဲ့ ကျွန်တော်တို့ရဲ့ မိဘတွေကို ခေါ်ပြီး ရာဇသံပေးပြီးပါပြီ။ ဘယ်သူ့ကိုမှပြန်မလွှတ်ဘူး၊ ဘယ်တော့လွှတ်မယ်ဆိုတာ မပြောနိုင်ဘူး။ ABSDF ဗဟိုကပြန်လွှတ်တဲ့ အလုပ်ဆက်မလုပ်ဖို့ တားလိုက်ပါတယ်တဲ့။

နောက်တစ်ခါ ABSDF ဗဟိုက ဒီစပိုင်ဖော်ထုတ်ဖမ်းဆီးသတ်ဖြတ်မှုတွေအားလုံးကို တာဝန်ယူတယ်၊ ဒီကိစ္စ BBC ဒါမှမဟုတ် VOA ကကြေငြာဖို့ စီစဉ်လိုက်မယ်တဲ့။ အဲဒီလိုပဲ ABSDF(NB) က အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သား ပါဝင်သူ အားလုံးကလည်း ဒီကိစ္စကြီးကို တာဝန်ယူပါတယ်တဲ့။

ကျွန်တော်တို့အတွက်ကျတော့ နဂိုကရာဇဝတ်မှုတွေရဲ့ တရားခံစာရင်းပြုစုရာမှာ အခက်အခဲရှိနေတာ အခုလို အားလုံးက တာဝန်ယူပါတယ်ဆိုတော့ အားလုံးကို တရားခံစာရင်းထဲ ထည့်ထားလိုက်ရုံပါပဲလေ။

ကြားရတာကတော့ ကြက်သီးထစရာကောင်းလိုက်တာ။ လူသတ်မှု၊ ရာဇဝတ်မှုတွေကို အပြိုင်အဆိုင်သူရဲကောင်းလုပ်ပြီး ဝင်တာဝန်ယူနေကြတာ။ ဒီလူတွေ တာဝန်ယူတယ်ဆိုတဲ့ စကားအတိမ်အနက်ကိုမှ သိကြရဲ့လားမသိဘူး။ အခုသာတာဝန်ယူတယ်ပြောတာပါ။ တကယ်တာဝန်ယူရမယ့် အချိန်မှာ ခေါင်းရှောင်ဖို့ ကြိုးစားကြမှာ ဒီကောင်တွေ

## ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

အားလုံးပါပဲ။ နာဇီလူသတ်ကောင်တွေ ကြည့်လေ၊ သူတို့အလှည့်လည်းရောက်ရော ရဲရဲဝံ့ဝံ့ ဝန်ခံပြီး အဖမ်းခံတဲ့သူ ဘယ်သူရှိလဲ၊ သတ်သေတဲ့ကောင်၊ ထွက်ပြေးတဲ့ကောင်၊ ကျွန်တော်က အမိန့်ပေးခံရတာပါဆိုတဲ့ကောင်တွေချည်း တွေ့ရတာ။

တကယ်အစည်းအဝေးလုပ်တော့ စာရွက်မှာ လက်မှတ်မထိုးနိုင်းပါဘူး၊ ဘယ်သူမှ ပြန်မလွှတ်ဘူး။ မိဘတွေကတော့ ပြန်ကိုပြန်ရတော့မယ်ဆိုတာပဲပြောပြီး ပြန်လွှတ်လိုက်တယ်။သူတို့ပြောတဲ့အထဲမှာအောင်နိုင်ပြောတာက ဗဟိုကဒေါက်တာနိုင်အောင်ရဲ့အမိန့် ခံပြီးပြီတဲ့။ လူငယ် ၃ယောက်ကို ၃ လအကြာမှာ လွှတ်ပေးမယ်။ICRC တို့၊ ဘာတို့လာရင်တော့ အားလုံးကို လွှတ်ပေးလိုက်မယ်တဲ့။

အဲဒီတော့ ကိုမောင်မောင်က ကျွန်တော်တို့ ကျန်တဲ့ (၄)ယောက်ကို ဘယ်လိုစိတ်ချရမလဲဆိုတော့ အောင်နိုင်က

"စိတ်ချ ဒီ (၄)ယောက်ကတော့ ကျွန်တော်တို့ လုံးဝမသတ်ဘူး"

"ဒါဆိုထောင်မှာ ကျန်တဲ့ အကျဉ်းသားတွေရော"

"သိပ်ဝန်ထုပ်ဝန်ပိုးဖြစ်လာပြီဆိုရင်တော့ သူတို့အတွက် ဂူတစ်ခုတူးနိုင်းထားတယ်၊ အထဲအားလုံးမောင်းသွင်းပြီး မိုင်းခွဲချလိုက်ရုံပဲ၊ အားလုံးရှင်းပြီးသား မြုပ်ပြီးသားပဲ"

လို့ သွေးအေးအေးနဲ့ ပြောပါတယ်။

ဧပြီလ ၃ ရက်နေ့မှာ နန်းအောင်ထွေးကြည်၊ ကျော်နိုင်ဦး၊ ခဲလင်းနဲ့ ကျွန်တော်တို့ဟာ ABSDF အလံကို ကိုင်ပြီး ကျမ်းသစ္စာကျိန်ဆိုရပါတယ်။မိဘတွေကလည်း ဒီအခမ်းအနားကြီးကို လာရောက်ရှုစားကြရပါတယ်။ ကျွန် တော်တို့ ယူနီဖောင်းအသစ်တွေ ဘာတွေနဲ့၊ ရယ်တော့ ရယ်ရတယ်ဗျာ။ ပြီးတာနဲ့ မိဘများ (၅)ရက်နေ့ ပြန်ဖို့ စီစဉ်ထားပြီဖြစ်တဲ့အကြောင်း သူတို့ကြေပြောပါတယ်။ ပြီးတာနဲ့ မိဘတွေနဲ့ ကျွန်တော်တို့အကြားရှိတဲ့ အကာန့်အသတ်တွေကို လက်ကျန် ၁ ရက် ကျော်ကျော်အတွက် ဖယ်ဖျက်ပေးလိုက်ပါတယ်။ ကျွန်တော် မိခင်တွေစုထားတဲ့အိမ်(အရင်ထောက်လှမ်းရေးရုံး၊ အဲဒီမှာ ကျော်နိုင်ဦးအဖေရော၊ ကိုမောင်မောင်ပါနေ့ခင်းမှာ လာစုနေလေ့ရှိတယ်)ကို အလည်သွား ပါတယ်။

အဲ့ဒီမှာ ကျွန်တော်ဂျပန်လူမျိုး ကင်မရာသမားတစ်ဦးနဲ့ တွေ့ပါတယ်။ ဂျပန်က

"ကျွန်တော် အခြေအနေမှန်တွေကို သိတယ်ဗျ"

လို့ အင်္ဂလိပ်လိုပြောပါတယ်။

"အေး သိရင် ဒီရာဇဝတ်မှုကို ဖော်ထုတ်ဖို့ မင်းမှာ တာဝန်ရှိတယ်၊ နောက်ငါတို့ ဒီကိစ္စကြီးကို တရားဝင် ဖော်ထုတ်တဲ့ အချိန်မှာလည်း မင်းနိုးရိုက်ထားတဲ့ ဓါတ်ပုံတွေကို အထောက်အထားအဖြစ်သုံးချင်တယ်၊ ဒီကိစ္စတွေကို မင်းအပြင်ရောက် တာနဲ့ ဖွင့်ချတာမျိုးမလုပ်ဘူးဆိုရင်၊ မင်းကိုငါကတိပေးတယ်၊ မင်းကိုဒီရာဇဝတ်မှု တရားခံ စာရင်းထဲဆွဲထည့်မယ်၊ မင်းရှိပို့တာ အလုပ်ဆက်လုပ်လို့ မရစေရဘူး"

"မင်းတို့ စမယ့်အချိန် ပြောပါ၊ ငါအဆင်သင့်ပါပဲ"

ညမှာ ဦးအေးနိုင်နဲ့ ကိုမောင်မောင် ကျွန်တော်တို့ရှိတဲ့နေရာလာအိပ်ပါတယ်။ ကျွန်တော်လည်းဒီကိစ္စကို ပြင်ပကမ္ဘာကသိအောင်လို့ အမေရိကန်သံရုံးကို သွားပြောဖို့ ကိုမောင်မောင်ကိုပြောပါတယ်။

"ငါပြောတာ သူတို့ယုံပါ့မလား၊ လက်ခံပါ့မလား"

"ကျွန်တော်သံရုံးယာယီတာဝန်ခံကို စာရေးပေးလိုက်မယ်"

ကျွန်တော်ဟာ အမေရိကန်သံတမန်တစ်ဦးကို ရေးပေးရမယ့် ဂုဏ်သိက္ခာနဲ့ မညီတဲ့ စာရွက်ပေါ်မှာ ဘောလ်ပင်နဲ့ စောင်ခြုံထဲ ဖယောင်းတိုင်ထွန်းပြီး စာရေးပေး လိုက်ပါတယ်။

"အလုပ်ဖြစ်မှာပါ၊ မစ္စတာအဒမ်နဲ့တွေ့ပြီး ညီညီလွှတ်တယ်ပြောပါ"

မစ္စတာအဒမ်နဲ့ ကျွန်တော်က ဦးရေဝတ၊ ဦးခေမာတို့နဲ့အတူ အထက်ဗမာပြည် နိုင်ငံရေးအကြောင်းကို သံယာသမဂ္ဂ၊ နောက်ကျောင်းသားနိုင်ငံရေးအင်အားစု ကိုယ်စား ရွေးကောက်ပွဲအလွန် မြန်မာပြည်နိုင်ငံရေးအနေအထားအတွက် ဆွေးနွေးကြဘူးတယ်။

စာထဲမှာ ကျွန်တော့်ကိုယ်ကျွန်တော်မိတ်ဆက်ပြီး ဒီစာယူလာသူဟာ ကျွန် တော့်အစ်ကိုဖြစ်တဲ့အကြောင်း မိတ်ဆက်ပေးပြီး A to Z ကို ကျွန်တော့်အစ်ကိုက ရှင်းပြ လိမ့်မယ်လို့ ရေးပေးလိုက်တယ်။

ကျွန်တော်တို့မအိပ်ပဲ စကားပြောကြပါတယ်။ လုံးဝမရတော့မှ အိပ်ကြတာပါ၊ ကျွန်တော့်ဇနီး၊ သားသမီးအားလုံး ညီအစ်ကို မောင်နမတွေ အားလုံးအကြောင်းမေးရ နားဘောင်ရတာ မဝပါဘူး။ သူပြန်မေးလို့ ABSDF(NB) က နာဇီထက်ဆိုးတဲ့ ရာဇဝတ်သားတွေ အကြောင်း၊ ကျွန်တော်အပါအဝင်ကျွန်တော်တို့အားလုံး ဘယ်လိုတွေ ခံခဲ့ရတယ်ဆိုတဲ့ အကြောင်း ပြောပြတော့ သူတော်တော်အံ့သြနေပါတယ်။

"ဒီလောက်ဆိုးသလားကွာ"

# ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

"အဲဒီထက်ဆိုးတာတွေ ပါသေးတယ်"

မနက် ၁၀ နာရီမှာ နှုတ်ဆက်ပွဲလုပ်ပါတယ်။ ကျွန်တော်တို့တတွေ၊ မိဘတွေ၊ လူကြီးဆိုတဲ့ သူတွေနဲ့ ကပ်မြောင်တွေ အားရပါးရ အလျှံပယ် စားကြသောက်ကြပါတယ်။ ပြီးတာနဲ့ မိဘတွေပြန်ဖို့ ပြင်ဆင်တော့ ကိုမောင်မောင်က သူ့အနွေးထည်၊ ရှပ်အင်္ကျီနဲ့ အစစ အရာရာ ကျွန်တော်လိုမယ့် ပစ္စည်းတွေကို ကျွန်တော့်အတွက်ထားခဲ့ပေးပါတယ်။ ဟုတ် တယ်လေ၊ ကျွန်တော့်ပစ္စည်းတွေက ခါးပြအတိုက်ခံခဲ့ရပြီးပြီလေ။

၁ နာရီခွဲမှာ ရွှေလီဆင်းမယ့် မီနီဘတ်စ် ရောက်လာပါတယ်။ ကားပေါ်အားလုံး တက်ပြီးချိန်မှာ ပြတင်းပေါက်ဘေးကို ကျွန်တော်သွားပြီး

"ကိုမောင်၊ ဘာအကြောင်းနဲ့မှ ဒီကိုပြန်မလာခဲ့နဲ့တော့၊ ခင်ဗျား ပြန်လာရင်ခုတ်မှာ၊ လုံးဝပြန်မလာပါနဲ့"

"အေး အေး။ ငါလည်း ဒီကောင်တွေ အပြောအဆိုသတိထားမိတယ်"

ကားထွက်ခါနီးမှာ မဟာမိတ်ဘက်က ဗိကင်းဂျစ်တစ်စီးရောက်လာပြီး ကား ပေါ်က ဂျပန်ဆင်းလာပါတယ်။ သူ အရာရှိကုန်းပေါ်ပြေးတက်သွား။ သူ့အထုပ်အပိုးတွေ ဆွဲချလာပြီး မိဘတွေနဲ့အတူ မီနီဘတ်စ်ပေါ် တက်လိုက်သွားပါတယ်။ သူတို့ ကားထွက်သွား ချိန်မှာ ကျွန်တော်တို့လည်း စိတ်လွတ်လပ်၊ ပေါ့ပါးသွားကြပါတယ်။ အစုဆက်စဉ်းစား ရမှာက ထောင်ထဲမှာ ကျန်တဲ့သူတွေအတွက် ဘာလုပ်ပေးနိုင်မလဲဆိုတာပါ။

မိဘတွေပြန်သွားပြီး ၅ ရက်အကြာ ဧပြီ ၁၀ ရက်နေ့မှာ သံချောင်းက ကျော်နိုင်ဦး၊ ရဲလင်းနဲ့ ကျွန်တော်တို့ ၃ ယောက်ကို ခေါ်ပြီး "မဟာဗျူဟာလေ့လာရေးအဖွဲ့" ဆိုတာကြီး ဖွဲ့ပေးပါတယ်။ နာမည်ကြားပြီး အထင်မကြီးလိုက်ကြပါနဲ့ဦး။ အလုပ်က သတင်းစာဟောင်း လှန်ရတဲ့အလုပ်ပါ။ သတင်း၊ သာရေး၊ နာရေးတွေမှာပါတဲ့ အရပ်ဘက်အရာရှိတွေ၊ စစ်ဘက် ကအရာရှိတွေရဲ့ ရာထူးအဆင့်တွေကို အရင်ဆွဲထားတဲ့ ဇယားထဲ ပြန်ပြင်ဖွဲ့စည်း ရေးဆွဲရတာပါ။ ပျင်းစရာ အလုပ်ကြီးပါ။ ဒါပေမယ့် အချိန်တော့ ကုန်လွယ်ပါတယ်ဗျာ။

ရက်တော်တော်ကြာပြီးတဲ့နောက် သံချောင်းက ကျွန်တော့်ကို အင်္ဂလိပ်စကား ပြောသင်တန်း ပြန်ဖွင့်ဖို့ပြောပါတယ်။ သင်တန်းကို နောက်တစ်ရက်မှာပဲ သင်တန်းခန်းမမှာ စပါတယ်။ ကျွန်တော်တို့အကျယ်ချုပ်ထဲက ယောကျ်ားလေးအချို့ကလွဲရင် တခြား ABSDF ယောကျ်ားလေးရဲဘော် ဘယ်သူမှလာမတက်ပါဘူး။ ထောက်လှမ်းရေးလို့ သူတို့ လက်ခံထားတဲ့ သူတစ်ယောက် သင်ပေးတဲ့စာ သူတို့မတတ်ချင်ပါဘူး။ အမျိုးသမီးဆောင်

ကတော့ လာတက်ကြပါတယ်။

သူတို့လာမတက်ကြတော့လည်း တစ်မျိုးကောင်းပါတယ်။ ကျွန်တော်ဟန်ဆောင်ပြီး ဆက်ဆံမနေရတော့ဘူးပေါ့။ စာသင်နေရင်းနဲ့ အမျိုးသမီးရဲမေတွေထဲက ခင်မာအေး၊ ဘောက်မိုင်နဲ့ ဘေဘီတို့ (၃)ယောက်က ကျွန်တော်ဟာ စပိုင်မဟုတ်ပဲ မှားခံရတာဖြစ်တာ သူတို့သိတဲ့အကြောင်း အရိပ်အမြွက်ပြောကြပေမယ့် ကျွန်တော်ဘာမှ မတုံ့ပြန်ခဲ့ပါဘူး။

မနက်ခင်းပိုင်းမှာ အောင်နိုင်၊ သံချောင်းနဲ့အတူ လူ (၈) ယောက်လောက်လာပြီး ကျွန်တော်တို့ တဲရှေ့မှာလာရပ်ပြီး နောက်ဆုံးထုတ် မြက်ခင်းသစ်မဂ္ဂဇင်းကို ပစ်ပေးပြီး ဒါဖတ်စမ်း၊ ဘာသဘောလဲလို့ ပြောပါတယ်။ ဖွင့်ကြည့်တော့ ဆောင်းပါးတစ်ပုဒ်ဟာ ကျွန်တော့်အစ်ကို ကိုမောင်မောင်ကပဲ ရေးသလိုမျိုး တခြားကလောင်နာမည်နဲ့ ရေးထားတာပါ။

ကျွန်တော်ဘာဖြေရမလဲမသိတော့ အကြဲထုတ်ရင်း ဆောင်းပါးတစ်ပုဒ်လုံးကို ခပ်သွက်သွက်ဖတ်ကြည့် လိုက်ပါတယ်။ အဲဒီထဲမှာ တည်နေရာအမှား၊ အချက်အလက်အမှားနဲ့ အခြားတော်တော်ကွဲလွဲတာတွေ ရှိတာကိုတွေ့ရပါတယ်။

အဲဒါနဲ့ ကျွန်တော်က ကိုမောင်ထောက်လှမ်းရေးကို မပြောမဖြစ်ပြောရမယ်ဆိုတော့ အကြောင်းအရာတွေ အများကြီးလွဲပြောထားတော့ ကြည့်ရတာသူတို့ဘာကို အမှန်ယူရမယ်၊ ဘာဖြစ်တယ်ဆိုတာတွေကို သေချာကောက်ချက်ချနိုင်ပုံမရဘူး။ ဒီမှာကြည့် ဒီမှာလွဲနေတယ်၊ ဟိုမှာလွဲနေတယ် ဆိုပြီး အလွဲတွေကိုရှည်းပြောပြီး နည်းနည်းဟာတိုက်ရယ်လိုက်ပါတယ်။

"ခင်ဗျားတို့က ကျွန်တော်တို့ကိုဖော်ထုတ်ပြီး ဖမ်းနိုင်တယ်၊ ကျွန်တော့်အစ်ကိုက သူတို့ကိုမျက်စေ့လည်အောင် ပြောနိုင်တယ်၊ တကယ်တန်း ထောက်လှမ်းရေးက အရည်အချင်းမရှိတော့ဘူးဗျ"

"အေးလေ ဒီကိုလာသမျှလူတွေ အဖမ်းခံရတာကိုက သက်သေပေါ့

စကားရောဖောရောနဲ့ သံချောင်းက ကျွန်တော့်နောက်လိုက်လာတော့ အောင်နိုင်လည်းသံချောင်းကို ကျော်မတက်တော့ဘူး။ အားလုံးရယ်လို့ မောလို့ပြန်သွားတယ်။ ပြဿနာကြီးဗျာ၊ အခုတော့ခံရပြီတောင်ထင်တာ။

လိုင်စင်ရှေးနေ့မှာ ရှေးကအပြန် ဘိုဘိုက ထောင်ထဲကလူတွေကယ်ဖို့ ဘယ်

လုပ်ကြမလဲမေးတယ်။

"ဘိုဘိုရေ လောလို့တော့မရဘူး။ သေချာပြင်ဆင်ပြီးမှလုပ်ရမှာ၊ ငါတို့စဉ်းစားကြတာပေါ့ကွာ"

ဘိုဘိုကတဆင့် ဝါဒဖြန့်ချိရေးက လုထွန်းတို့ ယာကွစ်တို့နဲ့ ရင်းနှီးအောင်လုပ်၊ နောက်တစ်ဆင့် စောမြအောင်(ဝါဒဖြန့်ချိရေး တာဝန်ခံ) နဲ့ ရင်းနှီး ယုံကြည်မှုယူပြီး သူတို့ဌာနက အလုပ်တွေကူလုပ်ပေးကြပြီး ညနေ ဝါဒဖြန့်ချိရေးဌာနက မွေးထားတဲ့ ဆိတ်တွေ ဖြဲထဲပြန်မောင်းသွင်းတဲ့အလုပ်ကို လုပ်ပေးနိုင်အောင်လုပ်ကြပါတယ်။

အဓိကက အဲဒီလိုလုပ်ခြင်းအားဖြင့် ကျွန်တော်တို့ဟာ ထောင်ထဲသွားခွင့်မရပေမယ့် ထောင်ကုန်းပေါ်တက်ခွင့်၊ ဆက်သွယ်ခွင့်၊ ကိုယ့်လူတွေကို ဆေးလိပ်ပစ်ပေးခွင့်တွေ ရလာပါတယ်။

နံနက်ပိုင်းမှာ သံချောင်းခေါ်လို့ သူ့တဲကိုတက်သွားတော့ သံချောင်းက ဘုန်းကြီးကျောင်းမှာ ဘုန်းကြီးတွေအတွက် အင်္ဂလိပ်စာသင်တန်းဖွင့်ပေးဖို့ ပြောပါတယ်။ နေ့လည် ၂နာရီက ၄ နာရီလောက်အထိ သင်တန်းခန်းမမှာ စာသင်၊ ၄ နာရီက ၆ နာရီလောက်ထိ ဘုန်းကြီးကျောင်းမှာ စာသင်ရပါတယ်။

ဘုန်းကြီးကျောင်းက ဘုန်းကြီး ဦးအိန္ဒာစာရဟာ တောက်လှမ်းရေးအစွပ်စွဲခံ အကျဉ်းသားများနဲ့ ပတ်သတ်ပြီး သဘောထားတင်းမာသူပါ။ ဘယ်အကျဉ်းကျသူမှ သေရင် သရဏဂုံတင်မပေးဘူး ကြေညာထားသူပါ။ ဒါပေမယ့် ကျွန်တော့်ကိုတော့ ဆရာဆိုပြီး သဘောထားဆက်ဆံတော့ အဆင်ပြေပါတယ်။ ကျွန်တော်တို့အတွက် အခြောက်၊ အခြမ်းတွေလည်း လက်ဆောင်ပေးပါတယ်။ ကျွန်တော်ကလည်း တောက်လှမ်းရေးဆိုတာကြီးကို မပြင်းပေမယ့် သူသိတဲ့၊ မြို့ပေါ်က ကျော်ကြားတဲ့၊ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ထင်ရှားတဲ့ သံဃာတွေနဲ့ ဘယ်လိုရင်းနှီးတယ်၊ ဘယ်လိုအလုပ်တွေလုပ်ကြတယ်ဆိုတာတွေ ကြုံရင်ကြုံသလို၊ မကြုံရင်လည်း စကားစပ်ပြီးပြောပြပါတယ်။ ဒါပေမယ့် လက်ငင်းအခြေအနေအကြောင်းပြောလိုက်ရင် ကျွန်တော်ဟာတောက်လှမ်းရေးဗိုလ် ဖြစ်တဲ့အကြောင်း မြန်မြန်ကြီးကိုဝန်ခံပြီး သူနဲ့စကားပြောပါတယ်၊ သူတွေဝေနေပါပြီ၊ သူအဖြစ်မှန် သိစပြုနေပါပြီ။

ဒီလိုနဲ့ လိုင်စင်ရှေးနေ့ တစ်ကြိမ်ပြန်ရောက်ပြီး ကျွန်တော်တို့လည်း ဆိတ်ကျောင်းရင်း ဆေးပေါ့လိပ်အလိပ် (၂၀)ကို ထောင်ထဲကသူငယ်ချင်းတွေကို ပစ်ပေးလိုက်နိုင်တယ်။ ဒီအတိုင်းဆိုရင် ကျွန်တော်တို့ ဆက်သွယ်ရေးလမ်းကြောင်းမကြာခင် ဖွင့်နိုင်မယ်

လို့ ယုံကြည်ရတာပဲ။

ကျွန်တော်တို့ ဆိတ်သွင်းနေရင်း ဆိတ်အုပ်ကမိုလ်ဖြစ်တဲ့ ဆိတ်ထီးကြီးက မြ မဝင်ပဲ ပြန်ထွက်ပြေးပါတယ်။ အဲဒီအတွက် ကျွန်တော်တို့တင်မကပဲ ဝါဒဖြန့်ချိရေးက လက်ရှိတာဝန်ရှိသူတွေရော ဝိုင်းမောင်းသွင်းဖို့ ကြိုးစားကြပါတယ်။ ဆိတ်သိုးကြီးက ထောင်ဘက်ကိုရောက်သွားလို့ ထောင်သားအချို့ကလည်း ထောင်စောင့်တွေနဲ့ အ ဝိုင်းမောင်းကြပါတယ်။အဲဒီအချိန်မှာ (ကောက်ကြီး)ထင်လင်းအောင်က မလှမ်းမကမ်းက နေပြီး

"ကိုညီ ကျွန်တော်တို့အားလုံးထွက်ပြေးကြတော့မယ်၊ ခင်ဗျား လိုက်မလား။ ညပိုင်းပြေးမှာ"

"ဟာ၊ ငါတို့ မင်းတို့ထောင်ကုန်းလာရင် အားလုံးမိကုန်မှာပေါ့၊ နေ ဦး မင်းတို့ဘယ်နယောက်ပြေးမှာလဲ၊ ရာဇဝတ်တွေရော၊ မကျန်းမာတဲ့သူတွေရော ဘယ်လိုလဲ"

"အကုန်ခေါ်သွားမှာ"

"ဒါဆို မင်းတို့ပြေးတော့၊ မင်းတို့က (၅၅)ယောက်၊ ငါတို့က (၅ ယောက် တန်တယ်၊ ဒါပေမယ့် ငါတို့အထဲက ဘယ်သူမှမတိုင်ပင်နဲ့တော့"

ကျွန်တော်စကားဖြတ်လိုက်ပါတယ်။

အဲဒီစကားကြားအပြီးမှာ ကျွန်တော်ရဲ့စိတ်တွေဟာ တစ်ခါပြန်ပြီး လေးလံထို မှိုင်းသွားပါတယ်။ ကြုံလာမယ့်ပြဿနာက သူတို့လွတ်သွားရင် ကျွန်တော်တို့ပြန်ပြီး အ ပေးခံရနိုင်တယ်ဆိုတဲ့အချက်ပါပဲ။ တစ်ညပြီး တစ်ည ကုန်ဆုံးပြီး ဘာမှမဖြစ်ပဲ ဆက်နေ စိတ်တောင်နည်းနည်းပြန်ပေါ့သွားတယ်။

မေလ ၂၁ ရက်နေ့ ဈေးနေ့တစ်ကြိမ်ထပ်ရောက်လာပြန်ပါပြီ၊ ကျွန်တော်တို့ ပိုက်ဆံမရှိတော့လို့ ဈေးမသွားတော့ပါဘူး။ ခဏနေရင် ရိက္ခာသွားထုတ်ပြီး ရိက္ခာရုံ ပေးတဲ့ ဆေးလိပ်လေး ဘာလေးကိုခွဲခြမ်းပြီး ထောင်ဘက် ညနေမှဖြစ်ဖြစ် သွားပေးကြ စဉ်းစားမိပါတယ်။

ဝဏ္ဏဇော်နဲ့ ကျွန်တော်တို့ နှစ်ယောက်သား ရိက္ခာထုတ်ဖို့ သွားပါတယ်၊ ရိက္ခ အနီးရောက်တော့ လမ်းညာဘက်က ရိက္ခာရုံးဘက်ကနေ ထောင်သားအလုပ်တန် မြင့်သိန်း ကျွန်တော်တို့ဘက် လမ်းလျှောက်လာတာတွေ့ရတယ်။ သူကအနားရောက်

# ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

"ကျွန်တော်တို့နဲ့ စကားလုံးဝမပြောနဲ့အစ်ကို၊ ပြဿနာရှိတယ်" လို့ ပြောပြီးဆက်ထွက်သွားပါတယ်။ စိတ်ထဲထင့်သွားပါတယ်။ ရိက္ခာထုတ်ပြီး အပြန်သမာ ရိုးကျနေရင်း စိတ်လေးလံမှုကို ကြိုးစားဖြေဖျောက်နေရပါတယ်။ နေ့လည်မှာ သင်တန်းခန်းမကို သွားစာသင် အဲဒီကပြန်လာအပြီးမှာ ဘုန်းကြီးကျောင်းမှာစာသွားသင်ပါတယ်။

စာသင်နေတုန်းမှာပဲ သံကြိုးသံတွေ တချွင်ချွင်ကြားရပါတယ်။ ဦးအိန္ဒာစာရကလည်း စာသင်နေရင်းက အပေါက်ထွက်ကြည့်တော့ အကျဉ်းသားတွေ ထင်းလာပို့တာ တွေ့ရပါတယ်။ သူတို့ ကျောင်းရှေ့တောင်ရောက်လာပါပြီ။ ဦးအိန္ဒာစာရက

"ဟော့ ထင်း ဝါလည်းမမှာပဲနဲ့"

"တင်ပုံ၊ တပည့်တော်တို့ ကုသိုလ်လုပ်တာပါ ဘုရား"

"ဟ မင်းတို့ ဘိနပ်လည်းမစီးကြဘူး၊ ညှောင့်ထိုးမိမှာပေါ့ကွာ"

"တပည့်တော်တို့ ကျန်းမာရေးအတွက် ဘိနပ်လျှော်၊ အဝတ်လျှော်ထားတာပါ"

ကျွန်တော်သိလိုက်ပါပြီ၊ ရိက္ခာအများဆုံးနေ့ ခရီးအတွက်ဘိနပ်တွေလျှော်ထားပြီး မသွားခင်ကုသိုလ်ကောင်းမှု လုပ်သွားကြတာ။ကျွန်တော်အကျဉ်းသားရှေ့ဆုံးက စံစံနဲ့ ထင်လင်းအောင်ကိုလှမ်းကြည့်လိုက်တော့ မျက်စေ့လှဲသွားကြပါတယ်။ သေချာပါပြီဗျာ။

ည ၁း၃၀ လောက်မှာ ကျွန်တော်တို့ကို ထောက်လှမ်းရေးအဖွဲ့ကကောင်တွေ လာခေါ် ပြီး သူတို့ရုံးကိုခေါ်သွားပါတယ်။ မီးဖိုဘေးမှာ သူတို့ပြောဆိုဆွေးနွေးနေကြပြီး ထရံဘေးမှာတော့ ဘိုဘိုနဲ့ နန်းအောင်ထွေးကြည်ကို တွေ့ရပါတယ်။ သူတို့ ဘေးထရံနဲ့ ကပ်ပြီး ကျွန်တော်တို့ ဝင်ထိုင်ရပါတယ်။

"ထောင်ထဲကကောင်တွေ ထွက်ပြေးသွားကြပြီ၊ ဒီကောင်တွေ အားလုံးကို သေဒဏ်ချလိုက်ပြီ၊ မင်းတို့နဲ့ ပတ်သတ်တာတွေရှိရင် မင်းတို့လည်းသေဖို့သာ ပြင်ထားတော့"

## ဆမားညီညီ

### ၅၅ ဦး ထွက်ပြေးလွတ်မြောက်ခြင်းအချိန်ကာလ (ထောင်တွင်းအခြေအနေ)

လွှစင်မှာ လွှဆွဲတဲ့အလုပ်ခွင်ကို ထောင်စောင့်တစ်ယောက်ပါလာတယ်။ ဒါပေမယ့် သူက ကျွန်တော်နဲ့ ရှေ့တန်းမှာ အသက်ပေးတိုက်ဖက်၊ ကျွန်တော်တို့ ထောက်လှမ်းရေး မဟုတ်မှန်းသူသိပြီးတဲ့နောက် ဒွါအပြင်နေ့စဉ်အလုပ်ကာလည်း အမြဲချောမွေ့နေခဲ့တော့ ကျွန်တော်တို့ကို သူယုံနေပြီး။

"ကောက်ကြီး(ထင်လင်းအောင်) မင်းကြီးကသော့ပြုတ်ပြီလား"

"တိုးတိုး ...၊ ကိုမြင့်သိန်း ဟိုအစောင့်ကောင်ကြားလိမ့်မယ်၊ ပြုတ်ပြီ ကျွန်တော်ခဲသီးနေရာ ရွှံ့ပြန်ထည့်ထားတယ်"

"ဟေ့ကောင်တွေ ဆေးရုံစဆောက်တော့မှာနော်၊ ကောင်းကောင်း ပြင်ဆင်ထားကြ"

ကျွန်တော်တို့ ထွက်ပြေးဖို့ စီမံချက်ကို "ဆေးရုံစီမံကိန်း"လို့ နာမည်ပေးထားပါတယ်။

"ကောက်ကြီး၊ ဟို (၇)ယောက် လိုက်ကြမှာလား"

"မလိုက်တော့ဘူး၊ ကိုယ့်ဘာသာကိုယ်လွတ်အောင်သာ ရုန်းကြတော့လို့ ပြောတယ်"

"အေးကွာ၊ သူတို့သစ္စာဖောက်ပြီး ပြန်ပြောရင်တော့ ငါတို့ကို ချက်ချင်းရှင်းပစ်မှာ"

"မနက်စာမစားခင် လွှစင်ကခွဲပြီးသားသစ်တွေ ထမ်းပြန်လာတုန်း လွှသွေးဖို့လိုနေတယ်ဆိုပြီး ငမန်းလွှ ကိုယူလာခဲ့တယ်"

"ရိက္ခာသွားထုတ်တဲ့အချိန်တုန်းက ကိုညီညီနဲ့ ဝဏ္ဏဇော်ကို တွေ့လို့ စကားမပြောဖို့ပိတ်လိုက်တယ်"

ရိက္ခာထုတ်ပြန်လာတုန်းက ထောင်စားဖိုမှာ အဲ့ဒီထဲက အာလူးအိတ်တွေ ချလိုက်ပြီး

"နန်းစော၊ အာလူးအားလုံးပြုတ်လိုက်တော့၊ ည ဆေးရုံဆောက်မယ်"

# ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

အဲဒါအပြင် ထမင်းကျိုးအိတ်ကလည်း အဆင်သင့်ရှိပြီးသား။ ထမင်းစားပြီးတာနဲ့

"ဟော့ကောင်တွေမင်းတို့ ကျန်းမာရေးအတွက် ဆရာလှမျိုးအောင်တို့က ဘီနပ်တွေလျှော်ခွင့်ပေးထားတာ၊ အလုပ်အနားပေးထားတာမဟုတ်ဘူး၊ အဲဒီတော့ လွှသွေးတဲ့အုပ်စုလွှသွေး၊ ရဲမေဆောင်နဲ့ လူကြီးတွေအိမ်တွေက ဓားသွေးနိုင်းထား တာတွေကို ဒီနေ့အပြီးသွေးရမယ်၊ မပြီးတဲ့ကောင် တုတ်စာမိမယ်"

"အေး တောင်ကုန်းပေါ်တင်နေရတယ်ဆိုပြီး ပြဿနာရှာမယ်တော့ မကြံကြနဲ့နော် ပုံစံတွေ့သွားမယ်"

"ကဲ လူခွဲမယ်၊ ဟုတ်ပြီ ကားသွေးအုပ်စု၊ လွှသွေးအုပ်စုထွက်၊ ကျန်တဲ့ကောင်တွေ ထင်းခွဲမယ်၊ မင်းတို့အလုပ်မရှိရင် တစ်နေကုန် ထင်းခွဲ၊ ဒီနေ့နားတဲ့ရက် ဘုန်းကြီးကျောင်းကို ထင်းလှူမယ်"

"ကိုမြင့်သိန်း၊ ကျွန်တော်တို့ နေမကောင်းတဲ့သူတွေ ထောင်ထဲပြန်ဝင်ပြီး နားလို့ရမှာလား"

"မရဘူး၊ တစ်ကောင်မှပြန်မဝင်နဲ့ နေပူစာထွက်၊ လေ့ကျင့်ခန်းလုပ်နေ၊ အကုန်ကိုပြီး သေကုန်ဦးမယ်၊ အဲဒီမကျန်းမာတဲ့ကောင်တွေ လေ့ကျင့်ခန်းလုပ်ကြ၊ လေ့ကျင့်ခန်း မလုပ်နိုင်ရင်တောင် မင်းတို့ ရပ်မနေနဲ့ လမ်းလျှောက်နေ၊ ရပ်တဲ့ကောင် တုတ်နဲ့ညှားမယ်"

အချိန်တွေကုန်အောင်၊ ပြဿနာမတက်အောင် ဟောက်လိုက်၊ ဆဲလိုက်နဲ့ ထိန်းပြီးနေနေရတယ်။ ကျွန်တော်တို့က ပြေးဖို့ စီမံချက်ကို လူ(၁၀)ယောက်လောက်ပဲ ကန့်ပြီး အသိပေးထားတာ၊ ကျန်တာတွေက ပြီးမှ၊ ပြေးမှ မီးစင်ကြည့်ကရမှာ။ ဒီကြားထဲ လမ်းမှာ လိုမယ့်အထိက ရသလောက် လက်နက်ကိရိယာလည်း စုရဦးမှာ။

"မနက်ဖြန် ငါတို့ ထောင်မှူးအိမ်ထဲမှာ ကြောင်အိမ်အပြီးတည့်ရမှာ၊ အခုသံတွေ၊ တူတွေရော ဘယ်မှာလဲ၊ လက်သမားဆရာတွေ ကြောင်အိမ်စခွေတော့"

ပြေးဖို့ကို ကြိုသိတဲ့သူက အကန့်အသတ်ပဲရှိတော့၊ ဒီအထဲ တန်းစီးမျိုးဇော်က လွတ်တော့မယ်ဖြစ်နေလို့ အခုည တန်းစီးအသစ်ရွေးရမှာ။ တိုးကြည်ကိုတင်ဖို့ အားလုံးကိုပြောထားပြီ။ ဝင်းမြင့်ကလည်းတန်းစီးဘဝမှာ မကောင်းတဲ့ကောင်ပေမယ့် အခုသူ့ပါပါအောင်စည်းရုံးထားနိုင်တယ်။ စိုးလေးနဲ့ ကျွန်တော်က ဦးစီးပြီးပြေးဖို့ စီစဉ်ကြတာပေါ့။

ညနေ တန်းစီးသစ်ရွေးပွဲမှာ စီစဉ်ထားတဲ့အတိုင်းပဲ တိုးကြည်အရွေးခံရတယ်။

ည ၁၀း၃၀ လောက်ကတည်းက မိုးကဖွဲဖွဲ ဖွဲဖွဲရွာလာတယ်။ ကောင်းတယ်၊ အသံဗလံ ပျောက်တာပေါ့။ နောက်ပိုင်းပြေးဖို့တော့ ရွံ့ကြောင့်နည်းနည်းခက်မယ်။ ညနေကတည်းက နေပြုလို့ ခြောက်သွားတဲ့ ကိုယ့်ဘီနပ်ကိုယ်ပြန်ယူ၊ ကိုယ့်ခြေရင်းထားခိုင်းပြီးပြီ။

ည ၁း၀၀ နာရီ ကင်းလဲတော့ နာဂအောင်နိုင် ကင်းအလှည့်ဖြစ်နေတယ်။ ဒီကောင်ကအမြဲသောက်ထားလေ့ရှိပြီး သဘောကောင်းတယ်၊ ကျွန်တော်တို့နဲ့ ရင်းနှီးတယ်။ နာဂက

"ဝင်းမြင့်သေးပေါက်ဖို့ နိုးရအောင်"

တဲ့။ အဲဒီမှာ ကျွန်တော်က ထပြီး

"ဟာ အချိန်ကုန်သွားတာ မြန်တာ၊ အိပ်ပျော်သွားတာ တစ်ရေးပဲ"

ဆိုပြီး ဝင်းမြင့်နဲ့ နာဂတို့နားကပ်သွားလိုက်တယ်။ ချက်ချင်းပဲ ဝင်းမြင့်က နာဂရဲ့အရှိက်ကို တံတောင်နဲ့ အားရပါးရတွက်လိုက်တယ်။ ကျွန်တော်က ချက်ချင်းပဲသူ့သေနတ်ကို လုယူလိုက်တယ်။ ငကောက်နဲ့ စိုးလေးက ချက်ချင်းပြေးလာပြီး သူ့ပါးစပ်ထဲ အဝတ်စို့ အဲဒီတိုင်မှာ လက်ပြန်ကြိုးတုပ်လိုက်တယ်။

ဆက်လုပ်ဆိုပြီးနောက် ကျွန်တော်ထောင်စောင့်တွေရှိတဲ့ကို သေနတ်ကိုင်ပြီး သွားကြည့်တယ်။ သူတို့သေနတ်တွေ ပစ်စလက်ခတ်ထား ထားတာ၊ ယူခဲ့ရင် ရတယ်။ဒါပေမယ့် လက်နက်အများကြီးပါသွားရင် မဟာမိတ်ကပြဿနာလိုက်ရှာမှာ ကြောက်ရတယ်။ ချက်ချင်းထောင်ကို ပြန်လာခဲ့တယ်။

"အိုကေ အားလုံးအိပ်နေကြတယ်"

"ဟေ့ကောင်တွေ အားလုံးထ၊ ဆီးသွားရအောင်"

အကုန်ထတဲ့အချိန်မှာ အရင်တိုင်ပင်ထားတဲ့လူတွေက ခြေကျင်းဖြုတ်ကြပြီး ကျန်တဲ့သူတွေကိုလည်းဖြုတ်ဖို့ ကူညီ ပေးကြတယ်။ ဒီကြားထဲ ဝူးဝူးဝါးဝါးလုပ်တဲ့သူ တစ်ယောက်နှစ်ယောက်ပါလို့ ခြိမ်းရ၊ ခြောက်ရသေးတယ်။

"ချက်ချင်းထ၊ ခြေကျင်းဖြုတ်ကြ၊ အခုအချိန်ကစပြီး အားလုံး တစ်ယောက်မကျန် အမိန့်နာခံရမယ်"

ကျွန်တော်က

"အခု ငါတို့အားလုံး ဒီစခန်းကထွက်ပြေးကြမယ်၊ သိပြီးသားလူတွေ ကိုယ့်တာဝန်ကိုယ်ယူကြ၊ ဘယ်ကောင်မှ အသံမထွက်နဲ့ ပြာယာမခတ်နဲ့၊ အမိန့်နာခံဖို့

အရေးကြီးတယ်နော်၊ အားလုံးသိကြတယ်နော်၊ ကဲ ကောက် မင်းဆက်လုပ်ထား"

"ကဲ စထွက်တော့"

သေွးထားတဲ့ ဓားတွေ၊ လှံတွေအားလုံးယူပြီး တောင်အရှေ့ဘက်လမ်းအတိုင်း ဆင်းပြီး လှေကျင့်ရေးကွင်း တစ်လျှောက်သွားခဲ့ပါတယ်။

"သံကြိုးမပြတ်သေးတဲ့ကောင်တွေ အဝတ်ပတ်၊ အသံမထွက်စေနဲ့ ချက်ချင်းခရီးရောက်ဖို့လိုတယ်"

ဒီကြားထဲ နာမကျန်းတဲ့သူတွေကို တွဲရပါသေးတယ်။

"မင်းတို့ သွေးပူသွားရင်တော့ ကိုယ့်ဘာသာကိုယ်လျှောက်ဖို့ ကြိုးစားကြကွာ"

အဲဒီအချိန်မှာ ထင်လင်းအောင်က

"ဆောစောင့်ဦး ကိုမြင့်သိန်းတို့လိုက်မလာသေးဘူး"

ကျွန်တော်ကလည်း မျက်စေ့ရော စည်းထားတဲ့ နာဂကြားအောင်

"မင်းတို့အားလုံး သွားနှင့်ကြ၊ ငါ ဟိုသစ္စာဖောက် (၇) ယောက်ကို သွားသတ်ခဲ့ပြီးမှ လိုက်ခဲ့မယ်"

"ကိုမြင့်သိန်း အားလုံးသတ်လို့မရရင်တောင် ညီညီဆိုတဲ့ကောင်တော့ ရအောင်ရှင်းပစ်ခဲ့ပါ"

"စိတ်ချ၊ စိတ်ချ ငါသတ်ပြီး လှေစင်ဘက် လိုက်ခဲ့မယ်"

"ဟော့ကောင် နာဂ၊ မင်းသေနတ် ငါလှေစင်မှာထားခဲ့မယ်၊ ငါတို့ ဝန္နုလ ကုန်းဘက်ဝင်မှာ၊ အနီးဆုံးပဲ သေနတ်အဲဒီမှာ ပြန်သွားရှာ၊ ဟုတ်ပြီလား"

ကျွန်တော့်ခြေကျင်းက ကြိုတင်ပြီးဖြုတ်ထားလျက်သားနဲ့ အဲဒီအချိန်မှာမှ ဖြုတ်ရခက်နေတယ်။ ကျွန်တော်ခြေသံလုံလုံနဲ့ အုပ်စုနောက်ပြေးလိုက်သွားပြီး

"ကောက်ကြီး ရှေ့ကခေါ်သွားတော့၊ လိုင်စင်ဂိတ်ဘယ်ဘက်က တောင်စောင်းကလျှောဆင်းပြီး အောက်ဆေးရုံ လမ်းအတိုင်း မောင်းရှသွားတော့"

"ကိုစိုးလေး လိုက်မလာဖို့ မဟာမိတ်ကို မေတ္တာရပ်စံတဲ့ စာရွက်တွေ ချန်ခဲ့ဖို့ မမေ့နဲ့နော်"

"ဟုတ်ကဲ့ ကိုမြင့်သိန်း"

ဒါပေမယ့် ကျွန်တော်ကလည်း စာရွက်တစ်ချို့ယူပြီး ကချင်နယ်စပ်ဂိတ်ကင်း

## ဆမားညီညီ

နားသွားပြီး ဝါးငုတ်ရိုက်ပြီး စာရွက်တွေ ချိတ်လိုက်ပါတယ်။အဲဒီစာရွက်တွေက ကျွန်တော်တို့ ဆေးရုံဆောက်ဖို့ ပုံစံရေးဖို့ဆိုပြီး တောင်းထားတဲ့စာရွက်တွေပါ။ ဆော့ဖ်ပင်လည်း ရထားပါတယ်။အောက်ဆေးရုံက ဖြတ်ထွက်တော့ လမ်းကြမ်းမှာ လူမမာတွေများနေတော့ ခရီးမတွင်လှပါဘူး။ ကျွန်တော် ထိပ်ရောက် အောင် ပြေးသွားပြီး

"ကောက်ကြီး ရှားပော့ပါ ရွာလယ်က တက်သွားကွာ"

"ဟာ မဟာမိတ်ကဝင်ပြဿနာရှာလိမ့်မယ်၊ သူတို့ ဝင်ပြဿနာရှာရင် ငါတို့ အားလုံးသေမှာလေကွာ"

"မဟုတ်လည်း အောက်လမ်းကသွားလည်း သူတို့သိမှာပဲ၊ ပြောင်သွားလိုက်ရင် သူတို့ကို ယုံကြည်ကြောင်းပြရာ ရောက်တာပေါ့"

### "မဟာမိတ်ဘက်အခြေအနေ"

ရှားပော့ပါ ရွာထိပ်က အိမ်က အမြောက်တပ်ဗိုလ်မှူး ယော်ဘုမ်ရဲ့အိမ်ပါ။

"ဗိုလ်ချုပ် ကျွန်တော် ရှားပော့ပါ က ဆက်နေတာပါ။ ကျောင်းသားတပ်က အကျဉ်းသားတွေ ရွာလည်လမ်း အတိုင်း ထွက်ပြေးလာကြတယ်"

"အေး လိုင်စင်ကသတင်းပို့လို့ ငါသိပြီးပြီ၊ နယ်စပ်ဂိတ်ကိုပိတ်လိုက်ပြီ၊ ဘယ်သူမှထပ်မထွက်ရတော့ဘူး၊ မင်းပြန်အိပ်တော့၊ နားလည်တယ်နော်၊ ခွေးတွေလွှတ်ထားတာရှိရင် အကုန်ဖုန်းဆက်ပြီးသိမ်းခိုင်း"

"ဟုတ်ကဲ့ ဗိုလ်ချုပ်"

နယ်စပ်ဂိတ်ပိတ်လိုက်ပြီး ဘယ်သူမှ မဟာမိတ်စစ်ရုံးချုပ်ရဲ့ ခွင့်ပြုချက်မရပဲ မထွက်ရတော့ပါဘူး။ လုံခြုံရေးအပြည့်ချလိုက်ပါပြီ။

### ကျောင်းသားတပ်တွင်းအခြေအနေ

လူမျိုးအောင် ညထပြီး ကင်းစစ်ချိန်မှာ အကျဉ်းသားတွေအားလုံး မရှိတော့ပဲ နာဂ အောင်နိုင်ကို တိုင်မှာကြိုးတုပ်ထားတာ တွေ့ရပါတယ်။ ချက်ချင်းပဲ ဖုန်းနဲ့ လူကြီးတွေ သတင်းပို့ပါတယ်။

## ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

ထောင်အဖွဲ့တစ်ဖွဲ့လုံးကို ထောင်ထဲကထိပ်တုံးမှာ ထည့်ထားလိုက်ပြီး လူကြီးအားလုံးကိုထောက်လှမ်းရေးရုံးမှာ အစည်းအဝေးခေါ်လိုက်ပါတယ်။ ချက်ချင်းပဲ အားလုံးလူစုံပြီးတဲ့နောက် ပြန်လိုက်ဖမ်းဖို့ ဆွေးနွေးကြပါတယ်။ တစ်ချိန်တည်းမှာပဲ လွတ်ထားတဲ့အကျဉ်းသား ခုနစ်ယောက်ဖြစ်တဲ့ ကျွန်တော်တို့ကို လာနှိုးပြီး ထောက်လှမ်းရေးရုံးထဲမှာပဲ အစည်းအဝေးလုပ်တဲ့နေရာဘေးမှာ ထရံကာပ်ပြီး ထိုင်စိုင်းထားပါတယ်။

အဲဒီအချိန်မှာ မဟာမိတ်ဘက်က ဖုန်းလာပါတယ်။

"ကျောင်းသားတပ်ဘက် ဘာဖြစ်နေကြတာလဲ"

"သူလျှိုတွေ ထွက်ပြေးသွားလို့ပါ"

"လက်နက်တွေပါသွားသေးလား"

"အခုထက်ထိ သိရတာကတော့ အနည်းဆုံး (၁) လက်တော့ ပါသွားပါတယ်"

"ဘာမှ မလုပ်နဲ့ဦး၊ အခုစစ်ရုံးချုပ်က လူလွှတ်လိုက်မယ်"

နာရီဝက်လောက်ကြာတော့မှ မဟာမိတ်စစ်ရုံးချုပ် ထောက်လှမ်းရေးဌာနက စစ်ဦးစီး တတိယတန်း ဗိုလ်ကြီးလွန်းခေါင် ရောက်လာပါတယ်။

ဗ.က လွန်းခေါင်က ဖြစ်သွားပုံအစအဆုံးကို အသေအချာ ဂရုတစိုက်အရင်မလိုပဲ မေးမြန်းတာကို အောင်နိုင်နဲ့ သံချောင်းက ပြန်ဖြေနေပါတယ်၊ အားလုံးလည်း ပြီးသွားရော

"ခင်ဗျားတို့က ကာယကံရှင်မဟုတ်တော့ လွတ်ခဲ့၊ ကျန်ခဲ့တာမျိုး ရှိနိုင်တယ်၊ အဲဒီတော့ ကျွန်တော် တာဝန်ကျ ထောင်တာဝန်ခံနဲ့ ထောင်မှူးကို ပြန်သွားမေးဦးမယ်"

"ဟာ ဗိုလ်ကြီး မလိုတော့ပါဘူး၊ အခုလိုက်ဖို့ လုပ်ရအောင်ပါ"

"မလောပါနဲ့၊ ဒီကိစ္စလူကြီးတွေလည်း သိသွားပြီးပြီ၊ အကွက်စေ့မှ ရမယ်၊ အလွဲအချော်၊ အတိမ်းအစောင်း အဖြစ်မခံနိုင်ဘူး"

၁ နာရီကျော်မေးပြီးမှ တစ်ခါ အစအဆုံး တစ်ခေါက်ပြန်သွားမေးဦးမလို့တဲ့။ အကျဉ်းသား ခုနစ်ယောက်ကတော့ ထရံဘေးမှာ ကုပ်ကုပ်လေးတွေ။

ထောင်ပေါ်ကို သံချောင်းနဲ့ အောင်နိုင်တို့ လိုက်သွားကြတယ်။ နောက် ၁ နာရီလောက်နေမှ သူတို့ ၃ ယောက်ပြန်လာ ကြတယ်။

အဲဒီမှာ ဗ.က လွှန်းခေါင်က

"လိုက်ဖို့ လုပ်တာလည်းလုပ်တာပေါ့၊ ဒါပေမယ့်အခု ကျွန်တော့်ကို စက်နဲ့ လှမ်းခေါ်လို့ သွားရတော့မယ်"

"ဒီသူလျှိုတွေက လူကြီးတွေလုပ်ကြံဖို့လာတာ၊ အခုလည်း လက်နက်ပါသွားတယ်ဆိုတော့ လူကြီးတွေ လုံခြုံရေးအရင်လုပ်ရဦးမယ်"

"မလိုပါဘူးဗျာ၊ နောက်သူတို့မှာ လက်နက် ၁ လက်တည်းဗျ"

"သူတို့က အထူးလေ့ကျင့်ထားတဲ့ သူလျှိုတွေလေဗျာ၊ အင်မတန် တော်တဲ့ သူတွေ၊ အခုထွက်ပြေးတာကိုကြည့်၊ နောက်ကျွန်တော်တို့ဘက်ဝင်ပြီး လူသတ် မယ်လည်း ကြိမ်းထားတယ်ဆို"

ဗ.က လွှန်းခေါင် ပြန်ထွက်သွားပါတယ်။ဒါသက်သက်လုပ်ပါး၀တာ၊ အချိန်ဆွဲနေ တာ၊ ဒီလူတွေ။

မနက်လင်းချိန်မှာ အကျဉ်းသား ခုနစ်ယောက်ကိုသူတို့တဲမှာ သူတို့ပြန်နေဖို့ လွှတ်လိုက်ပါတယ်။ ဘိုဘိုနဲ့ နန်းအောင်ထွေးကြည်လည်း အဲဒီမှာပဲနေရပါမယ်။ ညအိပ်ရ ကျမှ နန်းအောင်ထွေးကြည်က အမျိုးသမီးဆောင်ပြန်ရပါမယ်။ ဘိုဘိုကတော့ မပြန်ရ တော့ပါဘူး။

မဟာမိတ်ဘက်ကို ထိုင်စောင့်ရင်း သူတို့ဘာမှ မပြောသေးရင်လည်း ကျောင်း သားတပ်က ကိုယ့်ဘာသာကိုယ်လိုက်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။အဖွဲ့ခေါင်းဆောင်အဖြ အောင်ကြီးကိုတာဝန်ပေးလိုက်ပြီး လိုက်မယ့်အဖွဲ့ဝင် စုစုပေါင်းထော်လာဂျီမောင်းတဲ့ မောင်ဦး အပါအဝင် (၁၇ )ယောက်ဖွဲ့ပေးလိုက်ပါတယ်။ သံချောင်းနဲ့ အောင်နိုင်က အမ စကားတွေပါးနေပြီး

"မိတဲ့ကောင်မှန်သမျှ နေရာတွင်ရှင်း ခေါင်းဖြတ်ပြီးသာယူခဲ့"

ခေါင်းထည့်ဖို့ ဆာလာအိတ်အလုံအလောက် ထည့်ယူသွားကြပါတယ်။

## မဟာမိတ်ဘက်အခြေအနေ

ဗ.က လွှန်းခေါင်က အခြေအနေတွေကို လက်ဝင်းကိုင်တွယ်နေတဲ့ အရာရှိ အစီရင်ခံနေပါတယ်။

# ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

"အေး ဒီပြေးသွားတဲ့ကောင်တွေ တစ်ယောက်မှ ပြန်မမိစေနဲ့၊ စီမား မြို့ကိုကျော်ပြီး လိုက်တဲ့ဘယ်ကျောင်းသားမှ မသွားစေနဲ့၊ စီမားဆက်သွယ်ရေးစခန်းကို ငါပြောပြီးပြီ၊ ကျော်တာနဲ့ တရုတ်ရဲနဲ့ ဖမ်းလိုက်၊ ဒီပြေးသွားတဲ့အုပ်စုက စီမားကိုကွင်းပြီး ဖြတ်ဆင်းသွားပြီ၊ နည်းနည်းလောက်ထပ်လွှတ်ထားပြီး မြန်မာနယ်စပ်နဲ့နီးမှ အဲဒီဘက်က နယ်ခံနဲ့ တရုတ်ရဲကို ဖမ်းခိုင်းပြီး ဝန်းမော်စစ်တပ်ဘက်ပို့ပေးဖို့ ပြောထားပြီးပြီ၊ ဒီကောင်တွေ လန့်ပြီး ထွက်ပြေးကုန်ဦးမယ်၊ အားလုံးညင်ညင်သာသာလုပ်"

"လက်ရှိကျောင်းသားတပ်နဲ့ ပြဿနာဖြစ်မှာကို ဘာမှထည့်မတွက်နဲ့၊ ထွက်ပြေးတဲ့ကောင် တစ်ယောက်မှ ပြန်မိသွားတာ မကြားချင်ဘူး"

□

# ဆမားညီညီ

## အခန်း(၁၄)

### ကျောင်းသားတပ်တွင်းနှင့် ညီညီ

မနက် ၉း၀၀နာရီလောက်မှာ အောင်ကြီးဦးစီးတဲ့အုပ်စုဟာ ထောင်နဲ့ ပတ်ဝန်း
ကျင်ကိုစစ်ဆေးအပြီး လိုက်ဖမ်းဖို့ထွက်သွားကြပါတယ်။ စစ်ဆေးစဉ်မှာ "မဟာမိတ်
များခင်ဗျား၊ ကျွန်တော်တို့သည် စပိုင်များမဟုတ်ကြပါ၊ ကျွန်တော်တို့ကို လိုက်မဖမ်းပါနှင့်"
"ကျွန်တော်တို့ တော်လှန်ရေးလုပ်ဖို့ လာကြသူတွေပါ၊ မတရားအဖမ်းခံရတာပါ" စတဲ့
စာမျိုးတွေကို ရေးပြီး ချထားခဲ့တဲ့ အကြောင်း မဟာမိတ်နယ်စပ်ဂိတ်က စာတွေသိမ်းဆည်း
ရမိတယ်၊ နောက်သံကြိုးအလွတ် ၁၀ချောင်းလောက်လည်း လမ်းမှာရခဲ့တယ်လို့ ပြော
ပါတယ်။ ကျွန်တော်တို့ကိုလည်း

"မိလို့ကတော့၊ မင်းတို့ပါတယ်ကြားရင်တော့ အားလုံးအသေပဲ"

လို့ ကြိမ်းပါတယ်။ ကျွန်တော်တို့အားလုံးတဲထဲမှာပဲ ဘယ်သူမှမျက်စေ့မနောက်အောင်
နေကြပါတယ်။ တကယ့်ကို ကြောင်လိမ္မာလေးတွေ နို့ဝပြီး ငြိမ်နေသလိုပါပဲ။

နေ့လည် ၁၁း၃၀ လောက်မှာ ထွက်ပြေးတဲ့အထဲက (၂၁) ယောက်ပြန်ဖမ်းမိ
ပြီတဲ့။ ဘယ်သူတွေများလည်းမသိဘူး။ ထင်လင်းအောင်တို့၊ မြင့်သိန်းတို့ ပြန်မိလာရင်တော
ကျွန်တော်တို့သေကြရမှာ၊ ဒီကောင်တွေကသာ ကျွန်တော်တို့ကြိုသိမှန်း အစစ်ခံကြမှာ။

အဲဒီဖမ်းမိသူတွေကို တရုတ်ရဲစခန်းမှာ ချုပ်ထားတယ်ပြောတယ်။ တရုတ်ရဲက

မဟာမိတ်ကိုအပ်မှာတဲ့။

ပြဿနာပဲဗျာ၊ ဒါဆိုရင် မိထားတာတွေက တရုတ်ရဲက မသကာလို့ အုပ်စုလိုက်ဝိုင်းဖမ်းတာပဲဖြစ်ရမယ်၊ ကျောင်းသား ချည်းသာလိုက်ရင် ဒီလိုအုပ်စုလိုက်မိစရာမရှိဘူး။

ကျွန်တော်တို့လည်း မျက်နှာပျက်ပြီး တစ်ယောက်နဲ့တစ်ယောက် စကားမပြောနိုင်ဖြစ်နေကြပါတယ်၊

ညနေ ၃း၃၀ လောက်မှာ ကျော်ထင်ဦး အဆဲမျိုးစုံဆဲပြီး တပ်လမ်းမကြီးအတိုင်း ပြန်လာတာ မြင်ရ၊ ကြားရပါတယ်၊

"သူတောင်းစား မဟာမိတ်၊ သူတောင်းစားတရုတ်ရဲတွေ၊ လူပါးဝတယ်၊ ကျောင်းသားတပ်မတော်ကို မှဒိန်းကျင့်တဲ့ကောင်တွေ"

ကျွန်တော်တို့ ကိုယ့်တဲထဲက မထွက်ရဲပါဘူး။ နောက်မှ ပြန်ကြားရေးရုံးက တစ်ယောက်လာပြောတာက ပြန်မိတယ်ဆိုတဲ့ သူတွေက အောင်ကြီးနဲ့အဖွဲ့တဲ့၊ တရုတ်ရဲက စီမားအထွက်မှာ ဖမ်းပြီး အချုပ်ထဲထည့်ထားတာ၊ အခုနယ်စပ်ကို လက်ထိပ်တွေ ခတ်ပြီး ပြန်လာပို့နေပြီ၊ မဟာမိတ်လူကြီးတွေလက်ထဲမှ အပ်မယ်ဆိုလို့ နယ်စပ်မှာ လက်ထိပ်တွေနဲ့ ထိုင်နေရတာ၊ ဘာမှလည်း မစားရသေးဘူးတဲ့၊ မဟာမိတ်လူကြီးတွေက အစည်းအဝေး လုပ်နေလို့ဆိုပြီး ချက်ချင်းလိုက်မလာကြဘူးတဲ့၊

အတိုချုပ်ပြောရရင်တော့ လိုက်ဖမ်းဖို့ကိစ္စကို K.I.A က ကပျက်ယပျက် လိုက်လုပ်နေတော့ သူတို့ချည်းသက်သက်လိုက်လို့ မရမှန်း သဘောပေါက်သွားပြီး ပြန်လိုက်ဖမ်းမယ့် ကိစ္စလက်လျှော့လိုက်ပါတယ်၊ ပြန်ဖမ်းမယ့်အစား ဒီ (၅၅) ယောက်ကို ABSDF(NB) ကလွှတ်ပေးလိုက်တဲ့ အကြောင်း BBC, VOA ကို သတင်းလိမ်ပို့ဖို့ ကြိုးစားကြပါတယ်၊

နောက်တစ်ရက်မှာ သံချောင်းက ထောက်လှမ်းရေးရုံးကို ဖျက်လိုက်ပြီး အဲဒီထဲက လူတွေကိုလည်း အသီးသီးခွဲနေရာချ ထားပေးလိုက်ပါတယ်၊ အဲဒီနောက် ထောက်လှမ်းရေးတာဝန်ခံ သန်းဇော်၊ ထောင်မှူးလှမျိုးအောင်၊ ထောင်တာဝန်ကျ နာဂအောင်နိုင်၊ အခြားထောင်ဝန်ထမ်း အားတီစိုးနဲ့ ဦးအောင်မြင့် ပေါင်း (၅) ယောက်တို့ကို ဖမ်းဆီးလိုက်ပါတယ်၊

တစ်ပတ်ကြာ စစ်ဆေးမှုတွေလုပ်အပြီးမှာ အစင်းဖြစ်စဉ်က ထောင်တာဝန်ကျ နာဂအောင်နိုင်နဲ့ ထောင်မှူးလှမျိုးအောင်တို့ နှစ်ဦးကို သေဒဏ်နဲ့ ထောက်လှမ်းရေးက

သန်းဇော်၊ နောက် ထောင်ဝန်ထမ်း အားတီစိုးနဲ့ ဦးအောင်မြင့်တို့ကို အလုပ်ကြမ်းနဲ့ ထောင်ဒဏ် (၂)လစီ ချမှတ်လိုက်ပါတယ်။

ထောင်မှူးနဲ့ ထောင်တာဝန်ကျတို့ကို သေဒဏ်ပေးတဲ့နေ့က တပ်ရှိရဲဘော် အကုန် ဘောလီဘောကွင်းနေရာမှာ တန်းစီရပါတယ်။ ကျွန်တော်တို့ကတော့ ကျွန်တော်တို့ တဲထဲမှာပေါ့။ ဘောလီဘောကွင်းကနိမ့်တော့ ကျွန်တော်တို့တဲ အမိုးစွန်းနဲ့ ထရံကြားနေရာ လွတ်ကကြည့်ရင် အားလုံးကို မြင်နေရပါတယ်။

အောင်နိုင်က လှမျိုးအောင်နဲ့ နာဂအောင်နိုင်တို့ နှစ်ယောက်ကို သေဒဏ်ချတဲ့ အမိန့်စာဖတ်တယ်၊ ပြီးတာနဲ့ ဘုန်းကြီး ဦးအိန္ဒာစာရ ရောက်လာပြီး သူတို့နှစ်ယောက်ကို သရဏဂုံတင်ပေးတယ်။သူတို့နှစ်ယောက်ကို မသေခင်နောက်ဆုံးဆန္ဒမေးတော့ မသေခင် အမဲကြော်အမြီးနဲ့ အရက်အဝသောက်ချင်တယ်တဲ့။

အရက်ဝယ်ပေးလိုက်ပြီး သူတို့နှစ်ယောက်ထိုင်သောက်ကြပါတယ်။ လဲအောင် သောက်ကြပါတယ်၊ အရက်ပုလင်းကုန်သွားချိန်မှာ သူတို့နှစ်ယောက်ကို မျက်စေ့အဝတ် အနီစည်းပေးပြီး အာဆန်ကုန်းသွားဖို့ ခေါ်တော့ တအားရုန်းကြ၊ ကန်ကြနဲ့ ဒရွတ်တိုက် ဆွဲခေါ်ရပါတယ်။သူတို့ အာဆန်ကုန်းအစရောက်ချိန်မှာ တန်းဖြုတ်ပြီး ရဲဘော်တွေကို ပြန် နိုင်းပါတယ်။ လူကြီးတွေအားလုံးလည်း သံချောင်းကဦးဆောင်ပြီး အရာရှိကုန်းဘက် ပြန်လာကြပါတယ်၊ ကျွန်တော်တို့ကြည့်နေတုန်းမှာပဲ သူတို့ဟာ စစ်ရုံးဘက်ကလမ်းက တောင်ပေါ်မတက်ပဲ ကျွန်တော်တို့တဲရှိတဲ့ လမ်းကျဉ်းဘက်က တက်လာကြတော့ ကျွန်တော်တို့အားလုံး စိုးရိမ်ကြောက် လန့်သွားကြပါတယ်။ ပြဿနာတော့ တက်ပြီ ထင်တယ်။

သံချောင်း၊ အောင်နိုင်၊ နေဒွန်း၊ သက်ထွန်းနဲ့ အတူတခြား (၂)ယောက်၊ (၃)ယောက်ပါသေးတယ်၊ သူတို့ ကျွန်တော်တို့တဲနား ရောက်ပြီဆိုတာနဲ့ ကျွန်တော်တို့ ခုနစ် ယောက်လုံး အိမ်ခန်းထဲမှာ ကြပ်ကြပ်ညပ်ညပ်ထဲမှာ သတိဆွဲပြီး ရပ်နေလိုက်ကြပါတယ်။ အပေါက်ထိပ်မှာ ကျွန်တော်၊ နောက်ဘေးက နန်းအောင်ထွေးကြည် နောက်တခြားသူတွေ တန်းစီလို့ပေါ့။ သံချောင်းဦးဆောင်ပြီး အခန်းပေါက် ရောက်လာတာနဲ့ သတိဆွဲပြီး အလေး ပြုလိုက်ပါတယ်။

"ရပြီ၊ ရပြီ၊ သက်သာသလိုနေ၊ အေးအေးဆေးဆေးနေ"

(ကျွန်တော်တို့အားလုံး မျက်နှာတွေ အကြီးအကျယ်ပျက်နေပါတယ်)

## ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

အခြေအနေကို သံချောင်းက စပြီး ပြောင်းပေးလိုက်ပါတယ်။

"ဟေး ကိုညီ၊ ခင်ဗျားဘာလို့ စိတ်မကောင်းဖြစ်နေရတာလဲ"

(သူသွားတဲ့ စကားလမ်းကြောင်းကို ကျွန်တော် ချက်ချင်းနားလည်လိုက်ပါပြီ။ ဒီ (၂) ယောက်သတ်တဲ့ကိစ္စကို ကျွန်တော်တို့နဲ့ တွဲမထားတာသေချာပါပြီ)

"C.S ရာ၊ ကျွန်တော့်လူတွေ ၅၅ ယောက်၊ သစ္စာဖောက်သွားလို့ ကျောင်းသားတပ်မတော်က အပြစ်မဲ့တဲ့ရဲဘော်နစ်ယောက် အသက်ဆုံးရှုံးရတာကို ကျွန်တော်တို့စိတ်မကောင်းဖြစ်နေတာပါ၊ သူတို့ကို လွတ်လွတ်လပ်လပ်ထားပြီး လွှတ်ပေးပါမယ် ကတိပေးထားတာ၊ မသတ်တဲ့ကျေးဇူးကိုမှမထောက်၊ လုပ်ရက်လို့ပါဗျာ"

"ဟေး ဘာမှမဆိုင်ဘူး၊ သူတို့ဘာသာသူတို့ပြေးတာ၊ ကြောက်လို့ ပြေးတာ၊ ဟိုနစ်ယောက်ကလည်း အပြစ်မရှိတာ မဟုတ်ဘူး၊ ပေးထားတဲ့ တာဝန်မကျေ တာ၊ ပေါ့လျော့တာ၊ အပြစ်ပေါ့"

"ဒါပေမယ့် C.S ရာ ပြေးတဲ့ (၅၅)ယောက်က ကျွန်တော်တို့လူတွေ ဆိုတော့ ကျွန်တော်တို့မှာ တာဝန်မကင်းသလို"...

"ထားလိုက်တော့၊ ထားလိုက်တော့၊ အဲဒီအကြောင်းမေ့ပစ်လိုက် တော့၊ ရှေ့ဆက်မယ့် ကိစ္စပဲ ပြောရအောင်"

"ကဲ တော်လှန်ရေးအတွက် ဆက်လုပ်ရအောင်၊ အခုအကျဉ်းသား တွေ မရှိတော့ဘူးဆိုတော့ တို့ တော်လှန်ရေး လုပ်ငန်းတွေ ပြန်စကြမယ်"

"ဟုတ်ကဲ့ ခင်ဗျ"

"ကဲ ကိုညီ၊ မင်းမန္တလေးမှာလည်း သီချင်းတွေရေးခဲ့တယ်၊ အဲဒီတော့ တို့ဒီမှာ တော်လှန်ရေးသီချင်းခွေ ထုတ်ဖို့ သီချင်းရေးပါ၊ မင်းဘာလိုမလဲ ပြော"

"ငါတို့ သီချင်းကောင်းကောင်းလေးတွေကွာ၊ အားလုံးကြိုက်ရမယ့် သီချင်းမျိုးရေးကွာ၊ ဇဟိုကခွေထက် သာအောင်လုပ်ရအောင်"

"ဟုတ်ကဲ့ခင်ဗျ၊ ကျွန်တော်စာသားရေးပြီး နန်းအောင်ထွေးကြည်နဲ့ ဘိုဘိုက သံစဉ်ရှာနိုင်ပါတယ်"

"အဲဒီတော့ ဘာလိုမလဲ၊ မင်းတို့ ဘာရချင်လဲ"

"C.S၊ အသံဖမ်းဖို့ကက်ဆက်တစ်လုံး၊ နောက်သံစဉ် ကောင်းရအောင် သူများသီချင်းတွေလည်း နားထောင်ဖို့ လိုသေးတယ်၊ အဲဒီတော့

ကက်ဆက်ရယ်၊ သွင်းပြီးသားသီချင်းခွေတွေရယ်၊ အသံသွင်းဖို့ ခွေအလွတ်၊ နောက် ဂစ်တာ (၂)လုံး ရချင်ပါတယ်၊ C.S ကက်ဆက်က အသံသွင်းလို့ကောင်းတဲ့ ကက်ဆက် မျိုးပေးပါနော်"

"အေး အားလုံးရစေရမယ်၊ မင်းတို့သာ ဖြစ်အောင်လုပ်ကြ"

သံချောင်းက အဲလိုပြောပြီး နောက်လှည့်ကာ

"ငါ့တဲက ကက်ဆက်၊ တိပ်ခွေအလွတ်၊ သီချင်းခွေတွေသွားယူခဲ့၊ နောက်တစ်ယောက်က ဂစ်တာ (၂)လုံးသွားရှာ၊ တပ်ထဲက အကောင်းဆုံးဂစ်တာ (၂)လုံး သွားယူခဲ့၊ နေဦး နေဦး စောမြအောင်တဲက သွားယူခဲ့၊ ဂစ်တာကြိုးတွေပြတ်ရင်လဲဖို့လည်း တစ်ခါတည်းတောင်းလာ၊ ဒီကောင်တွေလိုရင် ပြီးမှပြန်ဝယ်ကြလို့ပြော၊ နောက် မှာထား မယ် သူတို့ နွေခင်းဂစ်တာတီးတာ၊ သီချင်းဖွင့်တာက အလုပ်လုပ်နေတာ၊ ဘယ်သူမှ လာမ နှောင့်ယှက်နဲ့၊ သူတို့ဂစ်တာ ဘယ်သူမှယူခွင့်၊ တီးခွင့်မရှိဘူး၊ အဲဒါ စခန်းရုံးက သေချာ ပေ့စေ၊ ဟေ့ ကိုညီ မင်းဓာတ်ခဲလိုချင်ရင် ငါ့တဲမှာ လာယူချင်ယူ၊ တပ်ထောက်မှာ ယူချင်ယူ ဟုတ်ပြီလား"

"ဟုတ်ကဲ့ C.S ကျွန်တော် အကောင်းဆုံးလုပ်ပါမယ်"

"နောက်ပြီး သူတို့အားလုံးနေဖို့ ဒီတဲက ကျဉ်းတယ်၊ သူတို့ကို I ရုံးအဟောင်းပေးလိုက်၊ မနက်ဖြန်ရွှေ့နိုင်အောင် လုပ်ပေးလိုက်၊ ကဲကိုညီ ဒီအုပ်စုထဲမှာ မင်းကအကြီးဆုံးပဲ၊ အားလုံးအဆင်ပြေအောင် မင်းစီစဉ်၊ ဘာပြဿနာရှိရှိ ငါ့လာပြော၊ ငါ့တဲကို အလုပ်မရှိလည်းလာလည်၊ စကားလာပြော၊ ဒီသီချင်းပြီးရင် ဆက်လုပ်စရာတွေ အများကြီးကျန်သေးတယ်"

"ဟုတ်ကဲ့ C.S"

သူတို့ထွက်သွားတာနဲ့ ကျွန်တော်တို့အထဲမှာ ပေါက်ဖွားလာတဲ့အပျော်တွေဟာ ဘယ်သူမှ မျက်နှာပေါ် ဖုံးလို့၊ ဖိလို့ မရတော့ပါဘူး။

နောက်ရက်မှာ ကျွန်တော်တို့ ထောက်လှမ်းရေးရုံးဟောင်းကို ရွှေ့ရပါတယ်။

အဲ့ဒီမှာ ပြဿနာက ဆီးကြိုနေပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ အားလုံး ရွံရှာတဲ့ ခင်မောင်ဇော်နဲ့ မိုးကြီးတို့ နှစ်ယောက်က ကျွန်တော်တို့နဲ့ အတူတူနေဖို့ အဲဒီတဲမှာ ကြိုရောက်နေလို့ပါ။

ဘာတတ်နိုင်မှာလဲလေ။

# ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

ရောက်ရောက်ချင်းမှာပဲ ကျွန်တော်တို့ မစဉ်းစားတဲ့အချက်တစ်ခုကို ပြဿနာ ကောင်ခင်မောင်ဇော်က စဉ်းစားထားနှင့်ပြီး ဦးဆောင် အကောင်အထည်ဖော်ပါတယ်။

အဲဒါက နန်းအောင်ထွေးကြည်အတွက် အိမ်ရှေ့ခန်းမှာ သီးသန့်အခန်းတစ်ခန်းနဲ့ ဝါးကုတင်တစ်လုံး လုပ်ပေးတာပါ။ ဒီနေရာမှာတော့ သူ့ကို ချီးကျူးပါတယ်။စစ်ရေးအမြင် အရကြည့်ရင် ဒီထောက်လှမ်းရေးရုံးပေါင်းဟာ အားလုံးမျက်စေ့ရှေ့မှာ ရှိတာပါ။

အိမ်ရဲ့ ညာဘက်နဲ့ အနောက်ဘက်က တောင်ကမ်းပါးစံထားပြီး အိမ်ရဲ့ ဘယ် ဘက်က ဝါးရုံတောအကောနဲ့ ကျယ်ပြန့်တဲ့ မြင်ကွင်းရှိတဲ့ တောင်အဆင်းကြီးပါ။ အဝင် အထွက်က အိမ်ရှေ့ရေချောင်းကို ဖြတ်ခင်းထားတဲ့ သစ်လုံးတံတားပဲ ရှိလို့ ကျွန်တော်တို့ကို ချောင်ပိတ်ထားတာ၊ စောင့်ကြည့်ဖို့လွယ်အောင် လုပ်ထားတာလို့ပြောရင် ငြင်းလို့ရနိုင် စရာမရှိပါဘူး။

နန်းအောင်ထွေးကြည်အတွက် အခန်း၊ ကုတင်နဲ့ အတူ ကျွန်တော်တို့အားလုံး အတွက် ထမင်းစားဖို့ မြေစိုက်ဝါးစားပွဲနဲ့ စားပွဲဘေးမှာ မြေစိုက်ခုံတန်းရှည် (၂)ခုကိုလည်း လုပ်လိုက်ပြီးပါပြီ။ အနည်းဆုံး ကိုယ့်ဂုဏ်သိက္ခာကိုယ် ပြန်ပြီးသံသယဝင်နေရတဲ့ ဘဝက တော့ လွတ်စပြုပါပြီ။

ဒါပေမယ့် ကျွန်တော်တို့ ခုနစ်ယောက်လုံးကို စိတ်အနှောင့်အယှက်ပေးနေတဲ့ အဓိကပြဿနာက မိုးကြီး(မိုးဇော်ထွန်း)နဲ့ ခင်မောင်ဇော်တို့ပါ၊ ပထမဆုံး အဖမ်းခံရတဲ့ သူတွေထဲမှာပါတဲ့ နှစ်ယောက်၊ ကိုယ်လွတ်ရုန်း၊ လက်ကိုင်တုတ်လုပ်ပြီး အခြားသူတွေ အပေါ် ဒုက္ခရောက်စေခဲ့တဲ့ နှစ်ယောက်။ ဒီကြားထဲ ခင်မောင်ဇော်ဆိုရင် ထောက်လှမ်းရေး ရုံးမှာ ပြန်နေပြီး အချို့အချို့သော စစ်ကြောရေးများမှာတောင် ပါခဲ့တဲ့သူ။ ထွန်းအောင်ကျော် ကိုတောင် ထောင်ထဲမှာလာပြီး မေးခွန်းတွေမေးဖူးသေးတဲ့သူ၊ ဟိုလူသားကြော်စားတဲ့ စံထွန်းက မင်းမလာခဲ့နဲ့၊ မင်းလည်းထောက်လှမ်းရေးပဲ ဆိုပြီးဆဲလွှတ်တာခံရဘူးတဲ့သူ။

မိုးကြီးဆိုရင်လည်း ပြန်ကြားရေးရုံးမှာ ပြန်နေပြီး အဆင်ပြေနေတဲ့သူ၊ သူတို့ နှစ်ယောက်ကို မျိုးဝင်းက အလွန်သဘောကျပြီးလက်သပ်မွေးတာ ခံထားရတဲ့သူတွေ။

သူတို့နှစ်ဦးဟာ တစ်ဘဝစာအတွက် ယုံကြည်စိတ်ချရသူတွေ မဟုတ်တဲ့ အကြောင်း သူတို့ဘာသာ သက်သေပြထားတဲ့ သူတွေပါ။V.C.S အရှိန်နဲ့ ခင်မောင်ဇော်က တဲထဲမှာ ဆရာကြီးပုံဖမ်း၊ လေကြီး လေကျယ်စကားတွေပြော၊ မိုးကြီးက ဟိုလူနဲ့ ပြဿနာ ဖြစ်၊ ဒီလူနဲ့ပြဿနာဖြစ်နဲ့ပါ။ မိုးကြီးနဲ့ဘိုဘိုတစ်ကြိမ်က ကန်ကျောက်ကြတဲ့အထိ

ဖြစ်ခဲ့တယ်။ ကျွန်တော်နဲ့ ဖြစ်တော့လည်း ကျွန်တော်ထမင်းစားပွဲဘေးက ခုံရှည်ပေါ်တက်
မတ်တတ်ရပ်ပြီး စိန်ခေါ်လိုက်မှ ဒီကောင်ငြိမ်သွားတာ။

အဲဒီအချိန်မှာ အပြင်က သူငယ်ချင်းတွေ တိုးလာပါတယ်။ ဒါပေမယ့် ဘယ်သူ
မှ ကျွန်တော်တို့ကို ထောက်လှမ်းရေးတွေ မဟုတ်မှန်း သိတယ်လို့ မပြောကြပါဘူး။

အပြင်ကခင်တဲ့သူထဲမှာ ကျွန်တော်တို့ကို နားအလည်ဆုံးက တပ်ထောက်
တာဝန်ခံအသစ် ကိုသိန်းတန်(၈) ဦးတာ ဖြစ်ပါတယ်။ သူကတော့ မွတ်စလင်မ်တစ်ဦး
ဖြစ်တဲ့ အားလျော်စွာ ကျွန်တော်ထောက်လှမ်းရေးက ဗိုလ်ဆိုတာကို လုံးဝလက်မခံပါဘူး

ကျွန်တော်တို့တဲမှာတော့ ဂစ်တာတီးလိုက်၊ သီချင်းဆိုလိုက်၊ သီချင်းနားထော
လိုက်နဲ့ ဘာအလုပ်မှ မယ်မယ်ရရမရှိပဲ အချိန်ကုန်အောင် ကြိုးစားနေရပါတယ်။ ရေးနိုင်
တဲ့သီချင်းတွေကလည်း အချိန်တိုနဲ့ ပြီးသွားပါတယ်။ ဒါပေမယ့် သံချောင်းကို (၁) ပတ်
လောက်နေမှ တစ်ပုဒ်ပြီးတယ် ဆိုတဲ့ သဘောအချိန်ဆွဲပြီး ပြောရပါတယ်။ စစ်ချီသီချင်
(၄)ပုဒ်၊ ပုံမှန်သီချင်း ၁ပုဒ်နဲ့ အင်္ဂလိပ်သီချင်းတစ်ပုဒ်ပါ။ အားလုံး တော်လှန်ရေးရေ
အတွက်ပါ။ စာသားအားလုံး ကျွန်တော်ရေးပြီး သံစဉ်အားလုံး နန်းအောင်ထွေးကြည်
ရှာတာပါ။

ဒီသီချင်းတွေကို ကျွန်တော်တို့နှစ်ယောက် အကောင်းဆုံးလုပ်ခဲ့ပါတယ်
ABSDF အတွက်လား၊ သံချောင်းအတွက်လား၊ မိမိတို့အနာဂတ်အတွက်လားဆိုတေ
ဘာမှမဟုတ်ပါဘူး။ ကျွန်တော်တို့လုပ်တဲ့ အလုပ်အပေါ် ကျွန်တော်တို့အကောင်းဆုံး ဖြ
အောင်လုပ်တာပါ။ လုပ်တဲ့ သီချင်းအပေါ် သစ္စာရှိတာပါ။ ဒါပေမယ့် စစ်ချီသီချင်း မဟုတ်
ကျန် (၂)ပုဒ် "Be Peace upon our blood"ရယ် "သစ္စာတေး" ဆိုတဲ့ သီချင်းရယ်ကတေ
ကျွန်တော့်အခုလက်ရှိဘဝ (အကျဉ်းသားဘဝ၊ အကျယ်ချုပ်ဘဝ)ကို ခံစားပြီး ရေးထ
တာပါ။ ဒါပေမယ့် သူတို့မရိပ်မိအောင် အများနဲ့ ဆိုင်တဲ့ စာသားတော့ထည့်ပေးရတာပေ

ABSDF အတွက်ရေးတာလို့ပြောရအောင် အခုဒီ ABSDF ကိုဦးဆောင်
သူတွေက ရာဇဝတ်သားတွေပါလေ။ကျွန်တော်တို့ သီချင်းအားလုံး (၆)ပုဒ်လုံး နန်းအေ
ထွေးကြည်က တီး၊ ဆိုပြီး စာသားနဲ့ကော့ဒ်များကို လက်ရေးနဲ့ကူးပြီး သံချောင်းကို သ
အပ်လိုက်ပါတယ်။

နေ့လည်မှာ အောင်စိုးမြင့် ကျွန်တော်တို့အိမ်ကိုရောက်လာပါတယ်။

"ကျွန်တော်သီချင်းစာသားတွေ ဖတ်ပြီးပြီ၊ သီချင်းနားထောင်ပြီ

## ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

ခင်ဗျားတို့ တကယ်တော်တယ်ဗျာ၊ ဝါဒဖြန့်ချိရေးကလုပ်နေကြတာ တစ်လ သီချင်းတစ်ပုဒ်တောင်မပြီးဘူး၊ နောက်စာသားတွေလည်း ဒီလိုမကောင်းဘူး၊ ခင်ဗျားတို့ တကယ်တော်တယ်ဗျာ၊ ဒါကြောင့်လည်း မ.ဆ.လ စစ်ဗိုလ်တွေဖြစ်နေကြတာ၊ ခင်ဗျားတို့က ဘက်စုံဝဲလ်ထရိန်းတွေပဲဗျာ"

(သနားလိုက်တာ အောင်စိုးမြင့်ရာ)

စကားဆက်ပြောချင်စိတ်ကုန်သွားပါတယ်။ သူလည်းခဏနေ ထပြန်သွားပါတယ်။

သီချင်းကိစ္စပြီးတော့ စကားပြောသင်တန်းပြန်စဖို့ သံချောင်းကပြောပါတယ်၊ ပြန်စလိုက်ပါတယ်။

ဒီတစ်ခါတော့ ဘုန်းကြီးတွေက စာသင်ချင်တယ် မပြောတော့ပါဘူး။ ဝါဒဖြန့်ချိရေးအဖွဲ့က တရုတ်ပြည်မှာ တိပ်ခွေသွား သွင်းပါတယ်။ ခွေထွက်လာတော့ သီချင်းရေးသူနာမည်နေရာမှာ ကျွန်တော့်နာမည်ပါမလာပါဘူး။

ဘာဆန်းလဲဗျာ၊ လေ့ကျင့်မွမ်းမံ သင်တန်းပို့ချတုန်းက အောင်နိုင်နဲ့ မျိုးဝင်းတို့က ကျွန်တော်ရေးထားတဲ့ သဘောတရားရေးရာ ဆောင်းပါးတွေကို ကိုင်ပြီး ပို့ချခဲ့တာပဲ၊ ကျွန်တော့်နာမည်မှမပါပဲ။ အဲဒါကြောင့်လည်း ကျွန်တော်နိုင်ငံရေးတာဝန်နဲ့ ABSDF ကို လာရတာပါ ဆိုတဲ့ အစစ်ခံချက်ကို ဒီကောင်တွေလွယ်လွယ်ကူကူ လက်ခံသွားကြတာ။

ဝါဒဖြန့်ချိရေးအဖွဲ့ တရုတ်ပြည်သွားတော့ သံချောင်းပါလိုက်သွားတာ၊ အဲဒီတော့ တပ်ထဲမှာ မျိုးဝင်းလည်းမရှိတော့ လူကြီးမရှိဘူး။ ဝါဒဖြန့်ချိရေးအဖွဲ့ ပြန်လာချိန်မှာ သံချောင်းပြန်ပါမလာဘူး။ (၁၀) ရက်လောက်နေတော့ သံချောင်းနဲ့အဖွဲ့ ရှေ့တန်းက ပြန်လာမယ်။ အောင်ပွဲရခဲ့တယ်၊ စတိတ်ရှိုးလုပ်မယ်ပြောပါတယ်။ သူတို့ကို ကြိုဆိုဖို့ ပြင်ကြ ဆင်ကြနဲ့ပေါ့။

အောင်ပွဲရလာတာဆိုတာကို စုံစမ်းကြည့်တော့ တပ်အပြန်လယ်ကွင်းထဲက အဖြတ်မှာ မ.ဆ.လ စစ်သား (၃)ယောက်နဲ့ တွေ့ ပစ်ကြ ခတ်ကြမှာ အဲဒီ (၃) ယောက်ကို သတ်လိုက်နိုင်တာတဲ့။ အင်မတန်ကြီးကျယ်တဲ့ အောင်ပွဲကြီးပါပဲ။

ညနေပိုင်း ကြိုကြ ဆိုကြ တီးဝိုင်းလုပ်ကြ စားကြ သောက်ကြနဲ့ တကယ့်ဧရာမ အောင်ပွဲခံမှုကြီးပါပဲ။

နောက်တစ်ရက်မှာ မျိုးဝင်းတိုက်ပွဲကျသွားတယ် ကြားရပါတယ်။ ခဏနေတော့ တရားဝင်သတင်းထုတ်ပြန်ပါတယ်။

တဖြည်းဖြည်းနဲ့ နောက်ပိုင်းကြားလာရတာက နောက်ကျည်ထိတာလိုလို ပြောကြတာပဲ၊ သတင်းကလည်း သံချောင်း လာတဲ့ နေ့ကတည်းက သိတာ၊ သံချောင်းရဲ့အောင်ပွဲ မှေးမှိန်သွားမှာစိုးလို့ ဖုံးထားခဲ့တာတဲ့။ ကျွန်တော်တို့တဲထဲမှာ နောက်ကျည်ဖြစ်နိုင် မဖြစ်နိုင် ဝိုင်းစကားပြောဖြစ်တယ်။ ကျွန်တော်က

"ABSDF မှာ ထွန်းအောင်ကျော်ကို ဖြုတ်ချင်တာ တစ်ခုတည်းဆိုရင် လူ (၁၀၀)ပြည့်အောင် ဖမ်းစရာမလိုဘူး။လူဒီလောက် အများကြီး ဖမ်းတာဖြစ်လို့ ဒီကိစ္စမှာ ပြင်ပ ပယောဂပါရမယ်၊ ပြင်ပ ပယောဂ၊ ပြင်ပက ကြိုးဆွဲနေတဲ့သူ ရှိပြီဆိုရင် (၅၅) ယောက်ထွက်ပြေးတဲ့ကိစ္စမှာ တာဝန်ခံလုပ်ကိုင်ရသူ မျိုးဝင်းက မအောင်မြင်ပဲ ကျဆုံးသွားတာဖြစ်လို့ ဖယ်ရှားခံရမှာ အသေအချာပဲ ဒီတော့ နောက်ကျည်ဆိုတာ ငါလက်ခံတယ်၊ ဒီနောက်ကျည်က သံချောင်းလောက်က လာတာမဟုတ်ဘူး။ သံချောင်းထက်မြင့်တဲ့ သူထံက လာတာ"

"အဲဒါ ဘယ်သူတွေဖြစ်နိုင်မလဲ"

"ဟာ အရှင်းချင်းတောင် မျက်စေ့အစည်းခံထားရတာ၊ အပြင်က ကိစ္စအခုဘယ်သိသေးမလဲ၊ လွတ်လပ်မှ စုံစမ်းရမှာပေါ့"

မျိုးဝင်းအတွက် ပူဆွေးခြင်းနဲ့ ဆုတောင်းပွဲအစမ်းအနား ဗုဒ္ဓဘာသာဝင်တွေက လုပ်ပါတယ်။ နောက်ရက်မှာ ခရစ်ယန်တွေက လုပ်ပါတယ်။

အဲဒီတော့ ကျွန်တော်က မွတ်စလင်မ်ထဲက သက်ကြီးဝါကြီးလို့ ပြောလို့ရတဲ့ ဦးတာ ရှိတဲ့နေရာသွားပြီး

"ဦးတာ ကျွန်တော့်သဘောအရ ဒီကောင်မျိုးဝင်းကို ဘာဆုမှ တောင်းမပေးနိုင်ဘူး၊ ဒါပေမယ့် ကျွန်တော်တို့ မွတ်စလင်မ်တွေပဲ ဆုတောင်းပွဲလုပ်ဖို့ ကျန်နေတာ၊ အဲဒီတော့ အဲဒီဆုတောင်းပွဲကို ကျွန်တော်စီစဉ်မယ်၊ ဒါပေမယ့်နော် သူ့အတွက် ဘာတစ်ခုမှ ဆုတောင်းပေးမှာ မဟုတ်ဘူး"

ဦးတာက သဘောတူပါတယ်။ကျွန်တော် ဒီတဲမှာ လက်ဘက်ရည်နဲ့ မုန့်စီစဉ်လိုက်မယ်လို့ တဲက လူတွေကို ပြောလိုက်ပါတယ်။

"ဘယ်လိုစီစဉ်မှာလဲ"

"မွတ်စလင်မ် ဆုတောင်းပွဲ လုပ်မယ်ဆိုပြီး သံချောင်းကို တက်ပြောမယ်"

# ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

သံချောင်းတဲကို တက်ပြီး အကျိုးအကြောင်းပြောပြပါတယ်။ သံချောင်းက ဘာကျွေးမှာလဲ ဆိုတော့ လက်ဘက်ရည်နဲ့ မုန့်လို့ပြောလိုက်ပါတယ်။

"ယွမ် ၂၀၀ ဆိုလောက်မှာလား"

"ရပါတယ် ဆုတောင်းဖို့က အဓိကပါ"

ဒါပေမယ့် ကျွန်တော်တို့ ယွမ် ၂၀၀ မရခဲ့ပါဘူး။ ဇော်ဇော်မင်းနဲ့ ကျော်ထင်ဦးက ဖြတ်စုတ်ပြီး လိုတာဝယ်ပေးမယ်ဆိုပြီး ဗိုလ်ကျသွားပါတယ်။ နောက်ရက်ဆုတောင်းပွဲဆိုပြီး မနက်ဘယ်သူမှ မလာခင်လုပ်လိုက်ပါတယ်၊ လူကြီးတွေ ဆိုတဲ့သူတွေလာတော့ ခည့်ခံပွဲပဲ လုပ်လိုက်ပါတယ်။ ယွမ် ၂၀၀ လောက်သလားဆိုပြီး သံချောင်းကမေးပါတယ်။

"မသိဘူး ဇော်ဇော်မင်းတို့ ဝယ်ပေးတာ"

"ဒီခွေးသူတောင်းစားတွေ ဖြတ်စုတ်ကြပြန်ပြီ"

ကျွန်တော်တို့အုပ်စုက ပြန်လွတ်ထားခံရတယ်ဆိုပေမယ့် မလွတ်လပ်ပါဘူး။ တပ်ပြင်ထွက်ခွင့်မရှိသလို ညဆိုရင်လည်း တဲအပြင်ထွက်ခွင့်မရှိပါဘူး။ ညရေးညတာ ဆီး၊ ဝမ်းကိစ္စရှိရင်

"ကျွန်တော်ညီညီပါ အိမ်သာသွားမလို့ ဒါမှမဟုတ် ဆီးသွားမလို့ပါ"

ဆိုပြီး အော်ပြောရပါတယ်။

ကျွန်တော်တို့အားနေကြတော့ ကျွန်တော်တို့ရှေ့က ရေချောင်းလေးကို ပိတ်ပြီး ငါးကန်တစ်ခုဆယ်ကြပါတယ်။ အနက် ၅ ပေ၊ ပေ ၂၀ × ၈ပေ လောက်ရှိတဲ့ ကန်ပါ။ အဲ့ဒီထဲမှာ ငါးမွေးဖို့ သံချောင်းက ငါးပေါက်လေးတွေ ဝယ်ပေးပါတယ်။ ငါးတွေကြီးလာရင် စားကြမယ်ပေါ့ဗျာ။ တစ်ခါ ကျွန်တော်တို့ တဲဘေးမှာတင် ကြက်ခြံလေးတစ်ခြံဆောက်ပြီး မွေးဖို့ ကြက် ၉ ကောင် သံချောင်းက ဝယ်ပေးပါတယ်။ ကြီးလာရင် သံချောင်းတစ်ဝက် ကျွန်တော်တို့ တစ်ဝက်ပေါ့။

တစ်ညနေမှာ မှောင်ခါနီး သံချောင်းအိမ်ပေါ်ကနေ ဆူဆူညံညံ အသံတွေ ကြားရပါတယ်။ သံချောင်းအိပ်နေရာက နိုးပြီး ကြည့်လိုက်တော့ သူ့တဲမှာ သူအမြတ်တနိုး မွေးထားတဲ့ တိုက်ကြက်ဖကြီး မရှိတော့ပါဘူး။ သံချောင်းဒေါသအိုးပေါက်ကွဲပြီး ကြက်သူခိုး ရှာပုံတော် ဖွင့်ပါတော့တယ်။

"အေး ငါက ကြက်ကို နမြောတာထက် C.S တဲကို မသိအောင် နိုးဝင်ပြီး ကြက်ရအောင်ခိုးသွားတာကို မကျေနပ်တာ၊ ငါ့ကိုသတ်သွားရင်တောင် မင်းတို့

သိမှာမဟုတ်ကြဘူး"

ကျွန်တော်တို့ကတော့ ကင်းပါတယ်။ အားလုံးဟာ တပ်အလယ်မှာ ထင်ထင်ရှားရှားကြီး ကိုယ့်တဲရှေ့က ဘယ်မှ မသွားကြတော့ ကျွန်တော်တို့ကို ဘယ်သူမှသတ်ဖို့ မကောင်းမဖြစ်ကြပါဘူး။ တပ်ထဲက ကွန်မင်ဒိုတွေ၊ ကြက်ခိုးတဲ့ ဇ ရှိတဲ့သူတွေအားလုံး ပါး အရိုက်ခံရပါတယ်။

အခြေအနေတွေ အေးသွားပြီး မှောင်စပြုပြီဆိုတဲ့ အချိန်မှာ ကျွန်တော်တို့လည်း တံခါးပိတ်ဖို့ တဲထဲဝင်ဖို့ ပြင်ကြပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့တဲအနီးက ရေထွက်ကို ခြေထောက်သွားဆေးတဲ့ ဝဏ္ဏဇော်က ပြန်လာပြီး ကျွန်တော်နဲ့ ကျော်နိုင်ဦးရှိတဲ့ နေရာ လာပြီး

"ကိုညီ၊ ရေထွက်မှာ ကြက်ဖကြီးတစ်ကောင် တုန်ပြီး ငြိမ်နေတယ်"

ကျော်နိုင်ဦးက

"ဟာ ဒါဆိုဒီကောင်တောကြောင်ဝင်ခုတ်တာခံရလို့ပျံပြေးလာတာ"

"သွားယူခဲ့"

အိမ်ထဲရောက်တာနဲ့ ကြက်ကို လည်လိမ်လိုက်ပြီး အရေဆုတ်၊ အူ၊ အသဲထုတ်ပြီး တစ်ခါတည်းကြော်စားလိုက်ကြပါတယ်။ အမွေးတွေနဲ့ အစာပေါင်းတွေကို ပလပ်စတစ်အိတ်ထဲထည့်၊ ခဲလုံးထည့်ပြီး အိမ်သာထဲပစ်ချလိုက်ပါတယ်။

ကောင်းလိုက်တဲ့ ကြက်ကြော်ဗျာ။

မျိုးဝင်းသေကတည်းက ခင်မောင်ဇော်နဲ့ မိုးကြီး အချိုးပြောင်းသွားပါပြီ။ ဒီတဲမှာ ကျွန်တော်က သံချောင်းနဲ့ ပလဲနံ့ပ သင့်နေတာ တစ်ကြောင်း၊ သူတို့ အားကိုးရာ ရွှေတောင်ကြီးပြိုသွားတာက တစ်ကြောင်းပေါ့။ သူတို့မှာ ရွေးချယ်စရာမရှိတော့ပါဘူး၊ ကျွန်တော်တို့ ကျန်တဲ့သူတွေနဲ့ တည့်အောင်နေဖို့ပဲ ရှိပါတယ်။ကျွန်တော်တစ်ရက်ခြားလိုလို သံချောင်းနဲ့ သွားသွားစကားပြောရပါတယ်။ ကျွန်တော်နဲ့ နိုင်ငံရေးအကြောင်း ပြောရတာ သူသဘောတွေ့နေပုံပါပဲ။

တစ်ရက်မှာတော့ လူရှင်းတာနဲ့ ကျွန်တော်စွန့်စားမှုတစ်ခု လုပ်လိုက်ပါတယ်။

"C.S ကျွန်တော် တစ်ခုလောက်ပြောလို့ ရမလား၊ ပြောတာ C.S မကြိုက်ရင် စိတ်ဆိုးမှာလည်း ကြောက်တယ်"

"ပြောပါ ကိုညီရ၊ ဘာမှဖြစ်စရာမရှိပါဘူး"

## ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

"ကျွန်တော် ပထမဆုံးဝန်ခံချင်တာက ကျွန်တော်ဟာ စစ်တပ်က ဗိုလ်အစစ်ပါ၊ ထောက်လှမ်းရေးအစစ်ပါ၊ ဒါပေမယ့် ကျွန်တော့်ကို အသက်ရှင်ခွင့်ပေးတဲ့နောက် ကျွန်တော် ကျောင်းသားတပ်အပေါ် စေတနာတကယ်ထားမိလာပါတယ်"

"ပြောပါ၊ ပြောပါ လိုရင်းကိုသာပြောပါ၊ ငါနားလည်ပါတယ်"

"ဒီလိုပါ C.S လူ ၁၀၀ ကျော်ကို ထောက်လှမ်းရေးလို့ ဖမ်းတဲ့ကိစ္စမှာ အများစုဟာ ထောက်လှမ်းရေးဖြစ်ပေမယ့် အနည်းအကျဉ်းတော့ အမှားပါနိုင်ပါတယ်၊ အဲ့ဒီတော့ ကျွန်တော်တို့ ထောက်လှမ်းရေးရှုထောင့်က ကြည့်ရင် C.S တို့၊ ဥက္ကဋ္ဌတို့က တော်လှန်ရေးကို ဆက်ဦးဆောင်ရဦးမှာပါ၊ ကျွန်တော် V.C.S ကို လေးစားပါတယ်၊ ဒါပေမယ့် တော်လှန်ရေးအကျိုးစီးပွားကို ရှေ့တန်းတင်ရမှာပေ့ါ"

"အဲဒီတော့ကာ ဒီစပိုင်ဖမ်းဆီးတဲ့လုပ်ငန်းကို ဦးစီးဆောင်ရွက်သူက V.C.S ဖြစ်တယ်၊ ဒီထဲက အမှားတစ်ချို့ရှိခဲ့မယ်ဆိုရင်V.C.S ရဲ့တာဝန်သာဖြစ်တယ်ဆိုပြီး မရှိတော့တဲ့သူ အပေါ်တာဝန်ပုံချလိုက်ရင် မကောင်းဘူးလားလို့ တွေးမိပါတယ်"

"အေး ဟုတ်တယ်နော်၊ ဒီအကြံကောင်းတယ် လုပ်ရင်ဖြစ်တယ်၊ ဒါပေမယ့်ကွာ ဒီမှာ ဥက္ကဋ္ဌလည်း ရှိနေတော့ ဥက္ကဋ္ဌကိုလည်း တိုင်ပင်ရဦးမယ်"

(ဟာ ဒီဂျပုနဲ့ ဆိုရင်တော့ ပျက်မယ်နဲ့တူတယ်)

"မင်းပြောတာက ဟုတ်နိုင်တယ်၊ ပြည်ထောင်စုနေ့ စီရင်ပွဲအပြီးမှာ အောက်ခြေမှာ နည်းနည်းစကားသံထွက်တယ် ကြားတယ်၊ အဲဒီတော့ ကြိုတင်ပြင်ဆင်မှု အနေနဲ့ လုပ်လိုက်ရင်ကောင်းတာပေ့ါ"

စကားပြီးတော့ ကျွန်တော်ပြန်ခဲ့တယ်။

နံနက် ၉ နာရီလောက်မှာ ဥက္ကဋ္ဌခေါ်တယ်၊ C.S တဲကို အရောက်လာခဲ့ပါတဲ့၊ ရောက်တာနဲ့ အောင်နိုင်က

"ကိုညီ ခင်ဗျား ဒီလိုစကားမျိုးနောင်ဘယ်တော့မှ မပြောပါနဲ့၊ ဒါမျိုးကို အလုပ်ပြန်လုပ်တာလို့ သတ်မှတ်မယ်"

"မဟုတ်ဘူးဥက္ကဋ္ဌ၊ အဲဒါ ကျွန်တော်ခွင့်ပေးလို့ပြောတာ"

"ဘာပဲဖြစ်ဖြစ်ပေ့ါ နောင်ဒီလိုစကားမျိုး ဘယ်နေရာမှာမှ မကြားချင်ဘူး၊ ကျွန်တော်တို့လုပ်ထားတဲ့ အလုပ်မှာ တစ်ယောက်မှ မမှားဘူး၊ ဒါကို အကြိမ်ကြိမ် ပြောပြီးပြီ"

"နောင် မကြားပါရစေနဲ့၊ ကြားရရင်ခင်ဗျား မလွယ်ဘူး"

"ရပြီ သွားတော့"

"ဟုတ်ကဲ့ ခင်ဗျ"

ဒီရက်တွေအတွင်း မဟုတ်တဲ့ကိစ္စတွေ ဆက်ဖြစ်နေပါတယ်။ စုဆောင်းရေးမှာ ပါလာတဲ့ သန္တာဦးဆိုတဲ့ ကလေးမဆုံးသွားလို့တဲ့။ ကျွန်တော်တို့ အသုဘတက်ခွင့်မရဘူး၊ ဘာလို့တက်ခွင့်မပေးတာလဲ စုံစမ်းကြည့်တော့ အဆောင်ထဲ ပြဿနာတက်၊ နောက် အတင်းအကြပ် ကိုယ်ဝန်ဖျက်ချခံရတာတဲ့။

သင်တန်းဆရာတစ်ယောက်မှ ဆေးဆရာမတစ်ယောက်မှ ပြဿနာမတက်ပါဘူး၊ လွယ်လွန်းလှတဲ့ အသက်တစ်ချောင်းဗျာ။ အဲဒီမှာ သင်တန်းတာဝန်ခံက ရွှေမင် တဲ့။

□

# ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

အခန်း(၁၅)

ရက်အနည်းငယ်အကြာမှာ နန်းအောင်ထွေးကြည်ကို မဟာမိတ်ဘက်က လာခေါ်တယ်၊ သံချောင်းလည်းလိုက်သွားတယ်။ သက်လင်းက နန်းအောင်ထွေးကြည်ရဲ့ ထောက်လှမ်းရေးဖြစ်ကြောင်း အစစ်ခံချက်ဖိုင်ကြီးကိုင်လို့။ ပြန်လာတော့ နန်းအောင်ထွေးကြည်က အကုန်ပြန်ပြောပြတယ်။ သူ့ကိုမေးကြတယ်၊ သူက ဖိုင်ထဲပါတဲ့အတိုင်းတွေ ပြန်ပြောတာကို မဟာမိတ်က သူ့ကိုထောက်လှမ်းရေးဆိုတာ လက်မခံဘူးတဲ့။ သူ့ကို ခေါ်သွားဖို့ ပြဿနာလေးလျှက သူ့ ဦးလေးဝီထွန်းဆိုတဲ့ ပုဂ္ဂိုလ် မကြာခင်လာလိမ့်မယ်တဲ့။

ခဏနေတော့ သံချောင်းကကျွန်တော့်ကို အခေါ်လွှတ်ပါတယ်။

"ကိုညီ၊ နန်းအောင်ထွေးကြည်က သဘောတူလိုက်ရင် သူ့ကိုမဟာမိတ်က လွှဲယူလိုက်တော့မယ်၊ အဲဒီတော့ကာ ကျွန်တော် ခင်ဗျားတို့အားလုံးကို ပြန်လွှတ်ဖို့ စီစဉ်ပေးမယ်၊ ဒီကလေးမ ဟိုဘက်မပြောင်းအောင် ခင်ဗျားကြိုးစားပြီးတားပေးပါ၊ ကျွန်တော်ပြောတာတော့ မရဘူး၊ မနက်ဖြန်သူရော ခင်ဗျားရော ကျွန်တော်ခေါ်လိုက်မယ်၊ ကျွန်တော့်ရှေ့မှာ တားပါ၊ ကျွန်တော်အာမခံနိုင်တာ အကုန်အာမခံပေးမယ်"

တဲ့ကိုပြန်ရောက်တာနဲ့ နန်းအောင်ထွေးကြည်ကို တဲ့ရှေ့ခေါ်လိုက်ပါတယ်။

"ငါ့ညီမ မဟာမိတ်ဘက် သွားဖြစ်အောင်သွား၊ မနက်ဖြန် ငါတို့နှစ်ယောက်ကိုခေါ်ပြီး သူ့ရှေ့မှာမင်းကို ဖျောင်းဖျခိုင်းတယ်၊ တာဝန်အရ အစွမ်းကုန်ငါဖျောင်းဖျမယ်၊ ဒါပေမယ့် စိတ်မပြင်ပါနဲ့၊ သွားဖြစ်အောင်သွားပါ"

မနက်ခင်းမှာ သံချောင်းကခေါက်လို့ ကျွန်တော်တို့နှစ်ယောက် သူ့အိမ်ကိုသွားပါတယ်။ မဟာမိတ်ဘက်ကိုမသွားဖို့ နည်းစုံနဲ့ ချော့တစ်လှည့်၊ နောက်တစ်ခါမင်း ငါ့ရဲ့လက်အောက်ခံတစ်ယောက်အနေနဲ့ အမိန့်ပေးတယ်ဆိုတဲ့ အသုံးမျိုးအထိသုံးပြီး ကျွန်တော် ဖျောင်းဖျပါတယ်။ နန်းအောင်ထွေးကြည်က ခေါင်းမာပါတယ်။ သွားဖို့ဆုံးဖြတ်ပြီးပြီတဲ့။

နောက်တစ်ရက်မှာ အဝေးရောက်အစိုးရအဖွဲ့က ဒုဥက္ကဋ္ဌ ဦးတင်အောင်နဲ့ ဝန်ကြီး ဦးဝင်းကိုတို့ မဟာမိတ်ဘက် NLD(LA) ရုံးကိုရောက်မယ်။ ကျောင်းသားတွေ သွားကြိုကြမယ်ကြားရတယ်။ သွားကြိုချင်သူကြိုဆိုတော့ ကျွန်တော်ရယ် ဝဏ္ဏဖော်ရယ် သွားကြိုကြတယ်၊ ဘေးဝဲယာ တန်းနေသူတွေကို ဝန်ကြီးက လက်ဆွဲနှုတ်ဆက်သွားတယ်။ ကျွန်တော့်လက်ကို ညှစ်ပြီး သေချာကြည့်သွားတယ်။ သူသိများနေသလားဗျာ။အဲဒီနှစ်ယောက်ကို ကျောင်းသားတပ်က ဂုဏ်ပြုတပ်ဖွဲ့က သေနတ်ဖောက် ကြိုကြတာပါ။

ဒီနေ့က တော်သလင်းလပြည့်ညပါ။ ကျောင်းသားတပ်မှာ ကျီးမနီးပွဲတို့၊ မုန့်ကျွေးပွဲတို့ လုပ်ပါတယ်။ ကျွန်တော်တို့ကတော့ (၈)နာရီ ထိုးတာနဲ့ တဲထဲဝင်ရပါတယ်။ အိပ်မပျော်ကြပါဘူး။ နန်းအောင်ထွေးကြည်လည်း ၁ ရက်၊ ၂ ရက်နေရင် မဟာမိတ်ဘက် အပြီးရွှေ့ရတော့မှာပါ။ ည ၁၀ နာရီလောက်မှာ တဲရဲ့ဘယ်ဘက်ခြမ်း၊ အနောက်ဘက်၊ ကြက်ခြံဘက်က အသံကြားပါတယ်။ ကြက်ခြံတံခါးဖွင့်ပြီး သင်တန်းဆရာသောကြာ ကြက်တစ်ကောင် ဖမ်းသွားတာ ထရံကြားကတွေ့ရပါတယ်။ ကျွန်တော်တို့အားလုံး အသံမပေးကြပါဘူး။

နောက်နာရီဝက်လောက်အကြာမှာ ကျွန်တော်တို့ကိုယ်တိုင် ခြံထဲက ကြက် (၂) ကောင် ဖမ်းသတ်ပြီး အရင်လိုကြော်စားပြီး အရင်လိုပဲ အစဖျောက်လိုက်ကြပါတယ်။

မနက်လင်းတာနဲ့ ကျွန်တော် C.S တဲကိုတက်သွားပြီး

"C.S ကျွန်တော်တို့ မနက်အိပ်ယာက နိုးတော့ ကြက် (၃) ကောင် လျော့နေတာ တွေ့ရတယ်"

"ဟေ မင်းတို့ မသိကြဘူးလား"

"ညက အစောကြီး အသံတော့ကြားတယ်၊ ထ မကြည့်ခဲ့ကြလို့"

"ဟာကွာ ဘာလို့ ထ မကြည့်ရမှာလဲ၊ မင်းတို့လည်း ရဲဘော်ပဲ ဥစ္စာ၊ ရပြီ ရပြီ ငါရှင်းပေးမယ်"

"ဒါမျိုးလုပ်တတ်တဲ့ကောင် ၂ ကောင်၊ ၃ ကောင်ပဲ ရှိတာ"

## ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

တရားခံ ချက်ချင်းပေါ်ပါတယ်။ သောကြာကမျော်လို့ တစ်ကောင်ဖမ်း ချက်စား လိုက်ပါတယ်တဲ့။

"အေး ဒါဆို ပျောက်တာ ၃ ကောင်၊ ကျန်တဲ့ ၂ ကောင်တရားခံကို မင်းပဲရှာ၊ မင်းက ၃ ကောင်တွက် လျော်ပေးလိုက်"

"ကျွန်တော် ၁ ကောင်ပဲ ခိုးတာဥစ္စာ"

"အေး မင်း ၃ ကောင်တွက်လျော်မှာလား၊ အပြစ်ပေးခံမှာလား"

"လျော်ပါမယ် C.S "

နောက်ရက်မှာ နန်းအောင်ထွေးကြည် မဟာမိတ်ဘက်ပြောင်းသွားပါတယ်။

တစ်ရက်ခြားမှာ မဟာမိတ်ယူနီဖောင်းနဲ့ နန်းအောင်ထွေးကြည် လာလည် ပါတယ်။ အမျိုးသမီးဆောင်နဲ့ သံချောင်းတဲကို လည်ပါတယ်။ ကျွန်တော်တို့တဲကို ဝင်မသွား ပါဘူး။ ရှေ့ကဖြတ်တုန်း မျက်ရိပ်မျက်ခြေတော့ပြသွားပါတယ်။နေ့လည်မှာ သက်လင်းက လာပြီး

"ကိုညီ၊ ယူနီဖောင်းဝတ်ထားပါ၊ C.S သွားစရာရှိလို့ လိုက်ခဲ့ရမယ်"

ဘာမှန်းမသိပဲ ယူနီဖောင်းလဲလိုက်ရပါတယ်။ခဏနေတော့ သံချောင်းနဲ့ သက်လင်းဆင်းလာပြီး လှမ်းခေါ်ပါတယ်။ ထွက်သွားလိုက်တော့ တပ်အောက်ဆင်းကား လမ်းအတိုင်း မဟာမိတ်နယ်ခြားစောင့်တပ်စခန်း၊ စခန်းမှူးအိမ်သွားမှာလို့ သိရပါတယ်။

စခန်းမှူးဗိုလ်မှူး ဆမ်လီအိမ်ရောက်တော့ သက်လင်းကိုအပြင်က ထိုင်စောင့် ခိုင်းပြီး ကျွန်တော်တို့သုံးယောက် စကားပြောကြပါတယ်။

"ဟော့ မင်းညီညီလား"

"ဟုတ်ပါတယ်ခင်ဗျ"

"မင်းက ကုလားနဲ့တူတယ်၊ ငါတပ်က ဗိုလ်ကြီးသိန်းဆွေလို ကုလား လေ၊ မင်းကုလားကဘယ်လိုဖြစ်ပြီး ထောက်လှမ်းရေးဗိုလ်ဖြစ်ရတာလဲ၊ နောက် မင်းကို ဗိုလ်ချုပ်ခင်ညွန့်က လွှတ်တာဆို"

"ဟုတ်ကဲ့"

"မဟုတ်ဘူးလေ၊ မန္တလေး ထောက်လှမ်းရေး (၁)က ဗိုလ်ကြီးမြင့်ဦး က တဆင့်လွှတ်တာလေ"

လို့ သံချောင်းက ဝင်ပြောပါတယ်။

"အေးပါ တဆင့်လွှတ်လွှတ်၊ ဒါရိုက်လွှတ်လွှတ်၊ ဗိုလ်ချုပ်ခင်ညွန့် လွှတ်တာဟုတ်လား၊ အင်းအင်း ဘာလုပ်ဖို့ လွှတ်တာလဲ"

"တကယ်လို့များ NLD ကို အာဏာလွှဲရင် မဆလပေါင်းတွေကို အရေးမယူဖို့ သင်ပုန်းချေရေးလိုင်း တင်ရအောင်"

"အော် .. NLD ကို အာဏာလွှဲဦးမှာ ဟုတ်လား"

"နေပါဦး မင်းက တို့ရဲ့ ဥတ္တမ သားမက်နဲ့ စစ်ရုံးအဖွဲ့သားတွေကို အင်္ဂလိပ်စာသင်ပေးတာဆို၊ နောက်မန္တလေး မှာလည်း အရေးအခင်းမတိုင်ခင်က အင်္ဂလိပ် စကားပြောသင်တန်း ဖွင့်ခဲ့တယ်နော်"

"ဟုတ်ပါတယ်၊ ကျွန်တော့်အိမ်မှာပဲQueen's English အမည်နဲ့ပါ"

"အင်္ဂလိပ်စာ ဘယ်မှာသင်ခဲ့တာလဲ"

"မန္တလေး ကယ်လီဘက်ပတစ် ရှာ့ချ်ဝင်းထဲက ဆရာစီတီဂျွန်ရဲ့ သင်တန်းမှာပါ"

"မင်းပြောတော့ မင်းတို့တပ်က ဗိုလ်ကြီးကသင်ပေးတာဆို"

သံချောင်းက ဝင်ပြောပါတယ်။

"ဟုတ်တယ်လေ၊ ဆရာဂျွန်က အခြေခံသင်ပေးလိုက်ပြီး ကျွမ်းကျင် သွားအောင် ဗိုလ်ကြီးက သင်ပေးတာ"

"အော် အော် ထောက်လှမ်းရေးကဗိုလ်ကြီးက အင်္ဂလိပ်စာသင်ပေး တာ၊ ညီညီ မင်းဘယ်နှစ်နှစ်က ဘာမေဂျာနဲ့ ကျောင်းပြီးတာလဲ"

"မန္တလေးတက္ကသိုလ်က ကယ်မက်စထရီမေဂျာနဲ့ ၁၉၇၉ တုန်းက ပြီးတာပါ"

"သံချောင်း အဲဒီတုန်းက မင်းဘယ်နတန်းလဲ"

လို့ ဗိုလ်မှူးဆမ်လီက မေးပါတယ်။

"ကျွန်တော် အဲဒီတုန်းက ၆ တန်းပါ"

"ဟ မင်းက ကလေးပဲ"

"ဟုတ်ကဲ့၊ ကျွန်တော်ကလေးပဲ ရှိသေးတာ"

"ကဲပါ ညီညီ၊ ရပါပြီ၊ အပြင်ကစောင့် ဟုတ်လား၊ ငါသံချောင်းနဲ့ စကား နည်းနည်းထပ်ပြောဦးမယ်"

## ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

ကျွန်တော်အပြင်မှာ တပ်ကြပ်တစ်ယောက်နဲ့ ထိုင်စကားပြောနေပါတယ်။

နာရီဝက်လောက်အကြာမှာ သံရှောင်းထွက်လာပြီး ပြန်ကြရအောင်လို့ ပြောပါတယ်။ တပ်အပြန်လမ်းမှာ သံရှောင်းကကျွန်တော့်ကို စကားတွေအများကြီးပြောပါတယ်။ စကားပြောတယ်ဆိုတာထက် ရင်ဖွင့်တာဖြစ်ပါတယ်။

"ကိုညီ၊ မင်းဘာအကြောင်းနဲ့ဖြစ်ဖြစ်ABSDF ကို သစ္စာရှိပါ၊ ရိုးသားပါကွာ၊ လူဆိုတာကတော့ကွာ အလုပ်လုပ်ပြီဆိုရင်တော့ အမှားတွေတတ်ကြစမြဲပါဘဲ၊ ဘာမှမလုပ်တဲ့သူကတော့ ဘာမှမမှားဘူးပေါ့၊ စိတ်ထဲမှာကွာ မေတ္တာတရားကိုပဲ ထားပါ၊ ဒီစိတ်မျိုးက မြင့်မြတ်သူတွေသာ ထားနိုင်တာပါ၊ ငါဆိုရင်ကွာ လက်နက်ကိုင်တာကိုက ငါ့ဒေသကလူတွေကို မေတ္တာထားလို့ကိုင်တာ ငါတို့ဒေသကလူတွေက အင်မတန်ဆင်းရဲချို့တဲ့ကြပါတယ်၊ သူတို့ဟာ ဒီမိုကရေစီဆိုတာကို ဘာလဲဆိုတာ မသိကြဘူး၊ အဲ့ဒီတော့ သူတို့ ဒီမိုကရေစီကို မလိုအပ်ဘူးပေါ့။ သူတို့မှာ အဓိကလိုအပ်တာက သူတို့ကို ကောင်းအောင်လုပ်ပေးမယ့် သူတို့ကို မေတ္တာထားတဲ့ ခေါင်းဆောင်လိုတာ။ အဲဒီခေါင်းဆောင်ကပဲ သူတို့ဒေသအတွက် အရာရာကိုလုပ်ပေးလိမ့်မယ်"

"ဟုတ်တာပေါ့၊ ဟုတ်တာပေါ့ C.S"

"အစိုးရရဲ့ပေါ်လီစီကြီးလည်း ငါမကြိုက်ပါဘူးကွာ၊ ငါတို့လည်း သူပုန်ပဲဥစ္စာ၊ ငါတို့ကိုတော့ သူပုန်လို့ မသတ်မှတ်ဘူး၊ ငါတို့နဲ့ကျ ငြိမ်းချမ်းရေးလုပ်ဖို့ကို ငြင်းတယ်၊ အမှန်တော့ တို့ကိုလည်း လက်ခံသင့်တာပဲ"

"ဗျာ ... ကျောင်းသားတပ်က ငြိမ်းချမ်းရေးစကားပြောမလို့ ဟုတ်လား"

"မပြောပါဘူးကွာ၊ ကချင်နဲ့တော့ပြောတယ်၊ တို့ကိုကျ ငြင်းလွှတ်လိုက်တယ်"

(တော်လိုက်တာဗျာ၊ တော်လှန်ရေးသမားစစ်စစ်တွေကို ဖမ်း၊ သတ်။ ပြီးတော့ သူတို့က ငြိမ်းချမ်းရေးလုပ်ပြီး ဒေသခေါင်းဆောင် လုပ်ချင်နေတာ)

"အခုတော့ တို့ကသူပုန်က သူပုန်ပါပဲ၊ အေး ဒီစကားတွေကို သူများတွေ လျှောက်မပြောနဲ့နော်"

အဲဒီကပြန်လာပြီး ၂ ရက်အကြာမှာ နန်းအောင်ထွေးကြည် မဟာမိတ်ယူနီဖောင်းနဲ့ပဲ သံရှောင်းတဲကိုလာလည်ပါတယ်။ ပြန်အဆင်းမှာ ကျွန်တော့်တို့တဲ

ဝင်လာပြီး သာမန်ထက်ကျယ်တဲ့အသံနဲ့ ကျွန်တော်တို့နဲ့ စကားပြောပါတယ်။ ဘာပြောလဲ ဆိုတာ နားစွင့်နေတဲ့သူတွေ ကြားရအောင်ဖြစ်ပါလိမ့်မယ်။ ပြန်ခါနီးမှာတော့ သူမက

"ကိုညီ၊ မနက်ဖြန်နေ့လည် စစ်ရုံးချုပ်အမျိုးသမီးဆောင်မှာ ကျွန်မ စောင့်နေမယ်၊ လာဖြစ်အောင်လာပါ၊ အရေးကြီးတယ်၊ တစ်ယောက်တည်းလာနော်"

တစ်ယောက်တည်းလာဆိုပေမယ့် သိပ်နွတ်လုံပြီး ယုံကြည်ရတဲ့ ဝဏ္ဏဇော်ကို ကျွန်တော်အသိပေးလိုက်ပြီး နောက်ရက် နေ့လည်မှာ ဝဏ္ဏဇော်နဲ့အတူ လျှိုကြားထဲက လမ်းကနေ မဟာမိတ်ဘက် ခိုးထွက်သွားခဲ့ပါတယ်။

နန်းအောင်ထွေးကြည်ကို သွားရှာတာတွေ့ချိန်မှာ သူမက ကျွန်တော်တို့ကို စစ်ဦးစီးမှူး တတိယတန်း ဗ.က လွှန်းခေါင်အိမ် ခေါ်သွားပါတယ်။ အဲဒီဗုဂ္ဂိုလ်က တစ်ခါထပ်ပြီး၊ လာ ဆိုပြီး၊ နောက် G 3 တစ်ဦးဖြစ်တဲ့ ဗ.က လိုင်စမ်း အိမ်ခေါ်သွားပါတယ်။ရောက်တာနဲ့ နန်းအောင်ထွေးကြည်က ကျွန်တော့်ကို ဗ.က နှစ်ယောက်နဲ့မိတ်ဆက်ပေးပါတယ်။

ဗ.က လိုင်စမ်းက

"ကိုညီညီ၊ ခင်ဗျား ကျွန်တော်တို့ ဥက္ကဋ္ဌကြီးရဲ့ သားမက်နဲ့ စစ်ရုံးက အဖွဲ့ကို အင်္ဂလိပ်စာသင်ပေးဖူးတယ်၊ အခု ကျွန်တော်တို့ ဒီမှာ အင်္ဂလိပ်စကားပြောသင်တန်း ဖွင့်ချင်လို့ ခင်ဗျားသင်ပေးနိုင်မလား"

"ရပါတယ်၊ ကျွန်တော် အဆင်သင့်ပါပဲ"

ကျွန်တော်၊ ဝဏ္ဏဇော်နဲ့ နန်းအောင်ထွေးကြည်တို့ကို ဧည့်ခံကျွေးမွေးအပြီးမှာ

"ဒါဆို ခင်ဗျားပြန်လိုက်၊ ကျွန်တော်တို့ သံချောင်းကိုလာပြော လှည့်မယ်"

ကျွန်တော်တို့တဲကို ပြန်လာပြီး ဘယ်သူ့ကိုမှ မပြောသေးပဲနေလိုက်ပါတယ်။ နောက်တစ်နေ့ နံနက် ၁၀ နာရီလောက်မှာ ကျွန်တော်နဲ့ စကားပြောခဲ့တဲ့ဗိုလ်ကြီးနှစ် ယောက် ကျွန်တော်တို့တဲရှေ့ကဖြတ်ပြီး သံချောင်းတဲပေါ်တက်သွားတာ တွေ့ရပါတယ်။ ကျွန်တော့်ကို မြင်ပေမယ့် လှည့်မကြည့်ပါဘူး။

နာရီဝက်လောက်အကြာမှာ သံချောင်းက ခေါ် ခိုင်းလို့ဆိုပြီး ကျွန်တော့်ကို သက်လင်းလာခေါ်ပါတယ်။ လိုက်သွားတော့ ဟိုမှာသံချောင်းက ကျွန်တော့်ကို ဗိုလ်ကြီး နှစ်ယောက်နဲ့ မိတ်ဆက်ပေးပါတယ်။ ကျွန်တော်လည်း အခုမှ သိသလိုနေလိုက်ပါတယ်။

"ကိုညီ၊ မင်းမဟာမိတ်ဘက်မှာ အင်္ဂလိပ်စကားပြော သွားသင်ပေး

ရမယ်၊ သူတို့က သင်တန်းကို ည ၇ နာရီ လောက်မှာမှ လုပ်ကြမှာဆိုတော့ မင်းအဲဒီမှာ ညအိပ်ရမယ်၊ မင်းနေထိုင်စားသောက်ကိစ္စ အားလုံး သူတို့ တာဝန်ယူလိမ့်မယ်၊ နေ့ပိုင်း ဒီမှာ သင်တန်းပြန်လာပေး။ ည ဟိုဘက်သွားပေါ့"

တဲကိုပြန်ရောက်ပြီး ကျွန်တော့်ကိုခေါ်တဲ့အကြောင်းရှင်းပြလိုက်တော့ ခင်မောင်ဇော်နဲ့ မိုးကြီး ကလွဲပြီး ကျန်တဲ့သူအားလုံးက သဘောတူကြပါတယ်။ခင်မောင်ဇော်က ခင်ဗျားဘဝတူအားလုံးအတွက် စဉ်းစားသင့်တယ်တဲ့၊ မိုးကြီးက

"ပထမ နန်းအောင်ထွေးကြည်၊ အခု ခင်ဗျား၊ အဲလိုကိုယ်လွတ်ရှန်းလို့ရမလားဗျ။ ကျွန်တော်တို့လည်း သွားချင်တာပဲ"

"အေး အေး၊ ပထမပြောချင်တာက မင်းတို့နှစ်ယောက်က အဲလို ကန့်ကွက်ရလောက်အောင် အရည်အချင်းမရှိဘူး၊ နောက်တစ်ခုက ကျန်တဲ့သူတွေနဲ့ မင်းတို့ တူလားလို့ ကိုယ့်ဘာသာကိုယ်စဉ်းစား"

"အေး ဒါပေမယ့် မိုးကြီးပြောတဲ့ ငါသွားမှာကို လက်မခံဘူးဆိုတာကို ငါကိုယ်ချင်းစာတယ်၊ အဲဒီတော့ မင်းမကျေနပ်ရင်၊ ကန့်ကွက်ရင်၊ ငါသံချောင်းကို သွားပြောလိုက်မယ်၊ မင်းကျေနပ်တယ်ဆိုမှ ငါသွားမှာ"

"ခင်ဗျား ဗျာ" ဆိုပြီး ပါးစပ်ပိတ်ထွက်သွားတယ်။

ကျွန်တော် ညနေမှာကိုယ်ဝတ်ကိုယ်စားနဲ့ပဲ မဟာမိတ်ဘက်ကူးသွားပြီး ဗိုလ်ကြီးလှိုင်စမ်းအိမ်မှာ သွားပြီး သတင်းပို့ လိုက်တယ်။

"ခင်ဗျား ကျွန်တော့်အိမ်မှာနေရမှာ ခင်ဗျားကို ဆရာလို့မခေါ်ချင်ဘူး၊ ရင်းရင်းနှီးနှီး ကိုညီညီပဲ ခေါ်မယ်၊ ရတယ်မဟုတ်လား"

"ရပါတယ်၊ ရပါတယ် ကျွန်တော်က ပိုကြိုက်ပါတယ်"

"ဒီနေ့တော့မသင်ဘူး၊ ကျွန်တော် ယောက်ျားလေးအုပ်စုခေါ်ပြီး ခင်ဗျားနဲ့မိတ်ဆက်ပေးမယ်၊ မနက်ဖြန်မှ သင်တန်းစကြတာပေါ့"

ကောနေတော့ နန်းအောင်ထွေးကြည်လည်းရောက်လာပါတယ်။

အဲ့ဒီရောက်တဲ့နေ့ကစပြီး ကျွန်တော်တစ်လျှောက်လုံးကျောင်းသားတပ်ဖက်ကို ညအိပ်မပြန်တော့ပါဘူး။ပထမ ၁၀ ရက်လောက်မှာ ဟိုဘက်သွားစာသင်၊ ဒီဘက်သင်လုပ်နေရင်း ကျောင်းသားတပ်ဖက်က သင်တန်းတက်တဲ့ ရဲဘော်တွေ ရှေ့တန်းမှာ ဆရာမအဖြစ် သွားလုပ်ရမှာမို့ ကျောင်းသားဘက်က သင်တန်းနားလိုက်ရပါတယ်။

အဲ့ဒီအချိန်ကစပြီ ကျွန်တော် ကျောင်းသားဘက် နေ့ခင်းမှာတောင်မပြန်ဖြစ်တော့ပါဘူး။

မကြာခင်မှာ မဟာမိတ်အဖွဲ့မှာ ခရစ်ယန်ဓလေ့အရ ခရစ်စမတ်ပွဲကာလ ရောက်လာပါတယ်။ အိမ်တိုင်း၊ ရုံးတိုင်းက နှစ်သက်ရာ တစ်နေ့မှာ Home Christmas ပွဲ လုပ်ကြတော့ ဒီရာသီမှာ ပွဲဆက်နေပါတယ်။

အဲဒီအချိန်မှာ NLD(LA) ရုံးက Home Christmas ပွဲအတွက် စစ်ရုံးချုပ်ကို ဖိတ်ကြားလာပါတယ်။ G 3 ဗိုလ်ကြီး နှစ်ယောက်နဲ့အတူ နန်းအောင်ထွေးကြည်ရယ် ကျွန်တော်ရယ် သွားကြပါတယ်။ ဟိုမှာ ကျွန်တော်တို့ သွားကြိုခဲ့တဲ့ ဝန်ကြီး ဦးဝင်းကိုနဲ့ မိတ်ဆက်ပေးလို့ အထက်သားအချင်းချင်း စကားစပ်ကြရင်း မန္တလေးဂရိတ်ဝေါလ် ဘတ်စကက်ဘောသင်းက ကိုလှရွှေနဲ့ သူ ရင်းနှီးတယ်ဆိုတာကို အကြောင်းပြုပြီး သူနဲ့ ကျွန်တော် ရင်းနှီးသွားခဲ့ပါတယ်။

NLD(LA) ရဲ့ ဒု-ဥက္ကဋ္ဌဖြစ်တဲ့ ဦးတင်အောင်ကတော့ မိုးကောင်းကလား မိုးညှင်းကလားမသိပါဘူး။ သူကတော့ ကျွန်တော်တို့နဲ့ မိတ်ဆက်ပေးမှာကို စိတ်မဝင်စား ခဲ့ပါဘူး။ သူနဲ့အတူအခြားသူတွေက မိတ်အဆက်မခံရအောင် ရှောင်သွားခဲ့ပါတယ်။

အဲ့ဒီပွဲမှာ ကျောင်းသားတပ်က ရဲဘော်၊ ရဲမေတွေ တော်တော်များများတွေ့ရ ပါတယ်။ သူတို့ပဲ ကိစ္စအဝဝ၊ ဧည့်ခံကျွေးမွေးရေး ကအစ ကြီးကြပ်နေကြတာပါ။ NLD (LA) ရုံးက ပြုဖွယ်ကိစ္စအားလုံး ABSDF က တာဝန်ယူထားတာ အရှင်းသားမြင်နေ ရပါတယ်။

ပျော်ပွဲရွှင်ပွဲလုပ်ကြချိန်မှာ မဲနှိုက်ပြီး မဲကျရာအတိုင်းလုပ်ရာမှာ ပြဿနာ နည်းနည်းပေါ်ပါတယ်။ နန်းအောင်ထွေးကြည် မဲနှိုက်ရာမှာ ခွေးတစ်ကောင်လိုအူပြပါလို့ မဲကျပါတယ်။ ကျောင်းသားအားလုံးက ဝိုင်းအူပြဖို့တောင်းဆိုချိန်မှာ ဗိုလ်ကြီးလိုင်စမ်းက ဝင်ပြီး

"မိန်းကလေးပျိုတစ်ယောက်ကို ခွေးလိုအူခိုင်းတာ ကျွန်တော် လက်မခံဘူး၊ ပေး ဂစ်တာ နန်းအောင်ထွေးကြည် သီချင်းတစ်ပုဒ်ဆိုပြလိုက်"

ဆိုပြီး ဝင်ပွဲထိန်းလိုက်ပါတယ်။ ကျွန်တော့်အလှည့်မှာ လူပျက်လိုအခန်း (၄) ခု လုပ်ပြပါဆိုတော့ ကျွန်တော်က ဖတ်ဖူးတဲ့ အင်္ဂလိပ်ဝတ္ထုထဲက ရယ်စရာ (၄)ခုကို ထိုင်ရာ မထ ပါးစပ်နဲ့ပဲ ပြောပြလိုက်ပါတယ်။ပြီးတာနဲ့ ပြန်မယ်လုပ်တော့ ဝန်ကြီးက အပေါက်ထိ လိုက်ပို့ပေးပြီး

## ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

"ကျွန်တော်ဒီမှာ ရှိဦးမှာ၊ ကိုညီညီ ခင်ဗျားနဲ့ တွေ့ချင်သေးတယ်၊ လာလည်ပါ"

လို့ ခေါ်ပါတယ်။အဲ့ဒီကပြန်လာပြီးနောက် ရေစစမတ်ပွဲတွေ လုပ်ကြအပြီးမှာ မဟာမိတ်ရဲ့ တော်လှန်ရေးပွဲလုပ်ဖို့ ပြင်ဆင်တာတွေ စလုပ်ကြပြန်ပါတယ်။ အားကစားပွဲ မျိုးစုံ၊ မနော‌ပွဲနဲ့ တကယ့်ပွဲကြီး တစ်ပွဲပါ။ အဲ့ဒီပွဲ ကျင်းပစဉ် အတွင်းမှာပဲ နန်းအောင်ထွေး ကြည်ကို ဩစတေးလျက သူ့ဦးလေးလာခေါ်လို့ လိုက်သွားပါတော့တယ်။

ရက်အနည်းငယ်အကြာမှာ ဝဏ္ဏဇော်၊ ဘိုဘိုနဲ့ ညီညီအောင်တို့ကို မိဘတွေ လာခေါ်လို့ ပြန်လွတ်လိုက်တယ် ကြားရပါတယ်။ ကျွန်တော် NLD(LA) ရုံး ကိုသွားတော့ ဝန်ကြီး ဦးဝင်းကိုက သူတို့ ဒီကိုလာရခြင်းက မြောက်ပိုင်း ABSDF ကိစ္စများကို စုံစမ်းဖို့ ဖြစ်တဲ့အကြောင်း။ သူကစုံစမ်းပြီး အဝေးရောက်အစိုးရအဖွဲ့မှာ ပြန်တင်ပြရမှာဖြစ်ပြီး ဒီမှာ ဆက်ပြီး အခြေအနေတွေကို ထိန်းသိမ်းဖို့ ဦးတင်အောင်ကနေခဲ့မှာဖြစ်တဲ့ အကြောင်း ပြောပါတယ်။

ကျွန်တော် ဝန်ကြီးကို အားလုံး အိတ်သွန်ဖာမှောက် ရှင်းပြလိုက်ပါတယ်။ ကျွန်တော်ရှင်းပြတာကို မိုးညှင်းမြို့နယ် NLD ကစည်းရုံးရေးမှူး ဦးကျော်မြကလည်း ထောက်ခံပြီး ဝင်ပြောဆိုဆွေးနွေးပါတယ်။ ကျွန်တော်အဲဒီရုံးကိုသွားတိုင်း အဲ့ဒီ နှစ်ယောက်ကသာ စကားပြော၊ လက်ခံ၊ နားထောင်၊ ပြန်လည်မေးမြန်းတာတွေ လုပ်ပေးမယ့် ဦးတင်အောင်၊ နောက်မိုးညှင်းမြို့နယ်လား မိုးကောင်းမြို့နယ်လား မသိတဲ့ အရွေးချယ်ခံအမတ် ဦးကြာမြ၊ နမ္မတီးက ပြည်သူ့စစ်ဦးသာညွန့်နဲ့ နောက်ပြည်သူ့စစ်မှ တောခိုလာသူတစ်ဦးတို့က မနှစ်သက်မှု၊ မလိုလားမှုကို ပြောင်ပြောင်တင်းတင်း ပြသလေ့ရှိပါတယ်။

တစ်ရက်မှာတော့ NLD(LA) ရုံးက ဝန်ကြီးကခေါ်လို့ ကျွန်တော် ဝန်ကြီးနဲ့ သွားတွေ့ခဲ့ပါတယ်။ သူက

"ကိုညီ ကျွန်တော် NCGUB ကိုပြန်တော့မယ်။ ခင်ဗျားနဲ့ ဆွေးနွေးထားတဲ့ ကိစ္စတွေ၊ နောက်ကျွန်တော်စုံစမ်း သိထားရသမျှတွေ တင်ပြပြီး ဖွင့်ချပါမယ်"

လို့ ပြောပါတယ်။

"ဝန်ကြီး ကျောင်းသားအဖွဲ့ကို အပြန်ခေါ်သွားဦးမှာလား"

ဆိုပြီး စိုးရိမ်သံနဲ့မေးတော့

"မဟုတ်ဘူး။ ကျွန်တော့်ကိုလိုက်ပို့ဖို့ ဦးတင်အောင်က ဦးရန်နောင်

မြင့်ကို ခိုင်းထားတယ်၊ သူတစ်ယောက်တည်း လိုက်ခဲ့မှာ"

မကြာခင်မှာပဲ ဝန်ကြီး ဦးဝင်းကို ကူမင်း(ခွေးမှုင်)မြို့က Tea Garden ဟိုတယ် အထပ်၁၁၊ အခန်း ၆ မှာ တည်းနေတုန်း အသတ်ခံရတယ် သတင်းကြားပါတယ်။

စုံစမ်းကြည့်တော့ ဝန်ကြီးအသတ်ခံရတဲ့အချိန်မှာ ဦးရန်နောင်မြင့် တပ်ပြန် ရောက်နေပါပြီ၊ သူက မံစီမြို့ကနေ ဝန်ကြီးကို ခွေးမှုင်သွားတဲ့ လေယာဉ်ပေါ်တင်ပြီး ပြန်လာ တယ်ပြောပါတယ်။ ဒါပေမယ့် ဝန်ကြီးတည်းမယ့် ခွေးမှုင်ကို သံချောင်း၊ အောင်ကြီး၊ အိုက်လုံ၊ ကျော်မြင့်နဲ့ တာတီးဆိုတဲ့ ကျောင်းသားအုပ်စုက ကြိုတင်ပြီးရောက်နေပါတယ်။

ဝန်ကြီးဟာ ရင်ဘတ်မှာ ထိုးသွင်းဒဏ်ရာတစ်ချက်၊ လည်ပင်းကိုလှီးထားတဲ့ ဒဏ်ရာတစ်ချက်နဲ့ လုပ်ကြံခံခဲ့ရတာပါ။

ဒီသတင်းကို ကျွန်တော်တို့ဆီရောက်အောင် သယ်လာသူကတော့ မိုးညှင်း မြို့နယ် NLD စည်းရုံးရေးမှူး ဦးကျော်မြ ဖြစ်ပါတယ်။ ဦးကျော်မြကတော့ ဝန်ကြီးကို လုပ်ကြံ တာ အစိုးရမဟုတ်ဘူး၊ ကျောင်းသားအဖွဲ့ဖြစ်တယ်ဆိုပြီး အပ်ကျမတ်ကျ စွပ်စွဲခဲ့ပါတယ်။

ဒီအတွက် စုံစမ်းစစ်ဆေးရေး ကော်မရှင်ဖွဲ့ဖို့ တရားဝင်တောင်းဆိုခဲ့ပါတယ်။

နောက်တစ်ရက်ခြားမှာ သံချောင်း၊ စိန်သန်း၊ စောမြအောင်နဲ့ သက်လင်းတို့ (၄) ယောက် ကျွန်တော်နေတဲ့ ဗိုလ်ကြီးလိုင်စမ်း အိမ်ကို နေ့လည် ၁၁း၀၀ နာရီလောက်မှာ ရောက်လာပါတယ်။ ကျန်တဲ့သူတွေက အပြင်မှာနေခဲ့ပြီး သံချောင်းတစ်ယောက်တည်း အိမ်ထဲဝင်လာပါတယ်။ အိမ်ထဲမှာ ဥက္ကဋ္ဌဦးဘရန်ဆိုင်းရဲ့သားမက် လခရိလာအောင်ရယ် စာဂုက်ဌာနက တာဝန်ခံ ဇော်ခေါင်တို့ နှစ်ယောက်လည်းရှိကြပါတယ်။

"ဟော့ G 3 ကျွန်တော်ညီညီကို ပြန်ခေါ်ဖို့လာတာ"

"ဟာ C.S ကျွန်တော်တို့ သူ့ကို တရားဝင်ခေါ်ထားတာလေ"

"ဟုတ်တယ်ဗျာ၊ ဒါပေမယ့် အခု ကျွန်တော်တို့အသုံးလိုလို့ ပြန်လာ ခေါ်တာ၊ ဒီကောင်တအားလှုပ်ရှားတယ်၊ အပြင်မှာ၊ NLD(LA) ရုံးမှာ စကားတွေတအား သွားပြောထားတယ်"

"အဲ့လိုပြန်ထည့်လို့တော့ မရဘူး၊ ခင်ဗျားပြန်ခေါ်ချင်ရင် ကျွန်တော်တို့ ဗိုလ်ချုပ်ကို ကျွန်တော်သွားပြောမယ်၊ ခင်ဗျား ဒီကစောင့်"

ဗိုလ်ကြီးလိုင်စမ်း ဗိုလ်ချုပ်ဇော်မိုင်အိမ်ပေါ်တက်သွားချိန်မှာ သံချောင်းဟာ ကျွန်တော့်ကိုနည်းမျိုးစုံနဲ့ ခြိမ်းခြောက်၊ ကြိမ်းဝါးပါတော့တယ်။

## ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

ခဏလေးအကြာမှာပဲ ဗိုလ်ကြီး လိုင်စမ်းပြန်ဆင်းလာပြီး

"C.S ခင်ဗျားကို ဗိုလ်ချုပ်ခေါ်နေတယ်"

သံချောင်းထွက်သွားချိန်မှာ အိမ်အပေါက်မှာ စိန်သန်းနဲ့ စောမြအောင် ကျန်ခဲ့ပါတယ်။

"ကိုညီ ခင်ဗျားဘာမှမစိုးရိမ်နဲ့တော့၊ ဗိုလ်ချုပ်က ခင်ဗျားကိုပြန်မထည့်ဘူး၊ မနက်ဖြန် ကျမ်းကျိန်ပြီး KIA ယူနီဖောင်းဝတ်ပေးလိုက်တော့လို့ပြောတယ်၊ သံချောင်းကိုလည်း ဒီကောင် ငါတို့အရိပ်ထဲကလူ ခေါ်သတ်ချင်တာလားလို့ မေးလိုက်မယ်တဲ့၊ နောက်မင်းဘယ်နေရာမှာ ပြဿနာဖြစ်ဖြစ် ABSDF က တာဝန်ယူရမယ်ဆိုတာ ပြောလိုက်မယ်တဲ့"

၁၅ မိနစ်လောက်အကြာမှာ သံချောင်း ဒေါသတကြီး ပြန်လာပါတယ်။

"ဟေ့ကောင် ညီညီ၊ မင်းဒီတစ်ခါ ဗိုလ်ချုပ်မင်းဘက်ကရှိလို့ ကံကောင်းသွားတယ်မှတ်၊ မင်းအတွက် ငါတွင်းတူး နိုင်းထားပြီးပြီ၊ မင်းတပ်ပြန်မရောက်ဘူး၊ လမ်းတင်ရှင်းပစ်ခဲ့မလို့၊ အေးကွာနောက်တော့ တွေ့တာပေါ့နော်"

(အစုတောင် မတို့ရဲတော့ပဲနဲ့ ဘယ်နောက်ကိုပြောတာလည်း မသိတော့ပါဘူး)

"ဟုတ်ကဲ့"

ကျွန်တော်ကြုံရတဲ့ မိခင်တပ်ဖြစ်တဲ့ABSDF ကတော့ ကျွန်တော့်ကို အခုထက်ထိ သတ်ချင်နေကြတုန်းပါ၊ ဒါပေမယ့် KIA တွေကတော့ ကျွန်တော့်ကို ကယ်ခဲ့တယ်။ ခင်ဗျားတို့အားလုံးကို ကျေးဇူးတင်ပါတယ် KIA အဖွဲ့ဝင်များခင်ဗျာ။

"ကိုညီ မင်းဒီဘက်ကိုပြောင်းဖို့ ပထမစပြောကတည်းက မင်းက အားလုံးခေါ်ပေးဆိုတာ၊ အဲဒါ ငါတို့ရဲ့လူကြီးတွေ ကြိုးစားကြည့်ကြတယ်ကွ၊ ဒါကို NLD (LA) က ဝင်ပြီး DAB မှအရ ဝင်မစွက်ပါနဲ့၊ သူတို့မှာ သူတို့အထောက်အထား အပြည့်အစုံရှိပါတယ်ပြောတာ"

"တစ်ခါ မင်းတို့ (၁၅) ယောက်အဖွဲ့အသတ်မခံရခင်က ငါတို့KIA က မင်းတို့ဘက်မှာ လက်နက်သွားသိမ်းကြသေးတယ်၊ ထောင်သားတွေ အလုပ်လုပ်နေတဲ့ လမ်းခင်းတဲ့ နေရာမှာတောင် ငါတို့လက်နက်တိုက်က လက်နက်တွေပျောက်လို့ နံပါတ်တွေနဲ့ တိုက်စစ်ဖို့ ခဏပြန်သိမ်းမယ်ဆိုသိမ်းတာ၊ အဲဒီအချိန်ကလည်း ဒီဦးကြာမြတို့ပဲ ဝင်စွက်တာ၊ ငါတို့အတွင်းရေးမှူးကို တက်ပြောပြီးအရေးဆိုတာ၊ ဒီအတိုင်းဆို K.I.Oရဲ့

ရပ်တည်ချက်ကြောင့် DAB အဖွဲ့ကြီး ပျက်သွားလိမ့်မယ်ဆို ငြိမ်းခြောက်တာ"

"(၁၅)ယောက်သတ်တော့လည်း ငါတို့ ပြီးမှသိတာ၊ အဲဒါနဲ့ နောက်ထပ်သတ်ဖြတ်မှု မလုပ်ရဘူး၊ နောက်တစ်ယောက်သတ်ရင် မင်းတို့ ကိုယ့်နယ်မြေကိုယ်ရှာပြီး ကိုယ့်မြေထောက်ပေါ်ကိုယ်ရပ်တော့လို့ ရာဇသံပေးထားတာ"

"အုပ်စုလိုက်ပြေးတဲ့အချိန်မှာလည်း နောက်ကလိုက်ဖမ်းတဲ့ အုပ်စုကိုငါတို့ဘက်က တစ်ဖက်လှည့်နဲ့ဖမ်းနိုင်။ တစ်ခါထွက်ပြေးတဲ့ကောင်တွေကိုလည်း ဖမ်းပြီးစစ်တပ်ဘက်ပို့ပေးလိုက်ဆိုပြီး လုပ်လိုက်တာ၊ တို့လူကြီးတွေက လူကောင်း တွေပါကွာ အားလုံးကိုစဉ်းစားပါတယ်"

"ဖြစ်ခဲ့တာတွေ အားလုံးအတွက် အားလုံးကို ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော်လည်း ဒီမှာ သစ္စာရှိရှိနေပါမယ်"

ကျွန်တော်စာဆက်မသင်ရတဲ့ အချိန်မှာ ကျွန်တော့်ကို ထောက်လှမ်းရေး G 1 ဗိုလ်မှူးကြီးပန်းအောင်က သူ့ရုံးကို ခေါ်ယူ လိုက်ပါတယ်။

"ကိုညီ မင်းကို ငါ့လက်အောက်မှာထားလိုက်ပြီ၊ မင်းငါနဲ့ နိုင်ငံရေး ဆွေးနွေးမယ်၊ မင်းအချိန်ရရင် စာအုပ်ဘာသာ ပြန်ရမယ်၊ နောက်ငါသွားလေရာလိုက်ရမယ်၊ ဖြစ်လား"

"ဖြစ်ပါတယ် ခင်ဗျာ"

နောက်တစ်ရက်မှာ တရုတ်ပြည်ရင်ကျန်းမြို့သွားတဲ့အချိန်မှာ ဆီမားမြို့အရောက် တရုတ်ကားအရိုင်ဘာက သူ့မိန်းမမီးဖွားလို့ ဆက်မလိုက်နိုင်တော့ဘူးဆိုပြီး ခွင့်တောင်းပါတယ်။

"အဲဒါဆို ငါတို့က ဘယ်လိုခရီးဆက်ရမှာလဲ"

"ကျွန်တော်တစ်ယောက်ရှာပေးပါမယ်"

လို့ ဒရိုင်ဘာကပြောပါတယ်။

"ဗိုလ်မှူးကြီး ကျွန်တော်မောင်းနိုင်ပါတယ်၊ ကျွန်တော်ငယ်ငယ်ကတည်းက မောင်းနေကျပါ"

"ဟေ ဟုတ်လား၊ အဲဒါဆိုမောင်းကွာ၊ နည်းနည်းပါးပါးရော ပြင်တတ်လား"

"ဟုတ်ကဲ့ ဆီပျောက် မီးပျောက် ရပါတယ်"

## ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

အဲဒါနဲ့ပဲ ဇမကာပန်းအောင်ရဲ့ ပီကင်းကျစ်ကို ကျွန်တော်ကိုင်ရပါတော့တယ်။ ဗိုလ်မှူးကြီးနဲ့ ခရီးသွားတိုင်း ကျွန်တော်တို့ ရင်ကျန်းရောက်ရင် ဂရိတ်ဝေါ ဟိုတယ်မှာ တည်းလေ့ရှိပါတယ်။ဒီတစ်ခေါက်က ရင်ကျန်းမှာ ဟိုတယ်မှာ ကျွန်တော်တို့မရှိတုန်းNLD(LA) က ဦးကျော်မြလာရှာသွားတယ်၊ အရေးကြီးလို့ ဗိုင်မော်တည်းခိုခန်းက စောင့်နေမယ်ဆို ပြောသွားတယ်လို့ ဟော်တယ်ဝန်ထမ်းက ပြောပါတယ်။

ဗိုင်မော်တည်းခိုခန်းလိုက်သွားတော့ ဦးကျော်မြက ငိုနေတယ်။

"ခင်ဗျားဘာဖြစ်နေတာလဲ"

ဆိုပြီး ဗိုလ်မှူးကြီးကမေးတော့

"မနေ့က ကျွန်တော့်တူ၊ ကျောင်းသားတပ်ကရဲဘော်၊ တပ်ထဲမှာ အသတ်ခံလိုက်ရတယ်၊ ဘာအပြစ်မှ မရှိပဲ သတ်လိုက်တာ"

"ဘာ ဒီကောင်တွေ သတ်ကြပြန်ပြီလား"

"ကျွန်တော့်တူက သိပ်အေးတဲ့ကောင်ပါ၊ အဲဒီမှာလည်း ဘာ ပြဿနာမှမရှိဘူး၊ အားလုံးသူ့သူငယ်ချင်းတွေပဲ၊ ဘာလို့သတ်လဲ မသိဘူး"

"အေး အေး၊ တပ်ပြန်ရောက်တာနဲ့ စစ်ရုံးကိုလာခဲ့၊ ကြားလား"

ကျွန်တော်တို့ ရင်ကျန်းမှာ ၂ ည အိပ်ပြီး ပြန်လာပါတယ်။ ညနေစောင်းမှာ ကျောင်းသားတပ်က ရဲဘော်တစ်ယောက်လာပြီး

"ကိုညီ၊ တပ်မှာ ရှိလား"

ဆိုပြီး လာစုံစမ်းပါတယ်။

"ရှိတယ် ဘာဖြစ်လို့လဲ" ဆိုတော့

ရဲလင်း၊ ခင်မောင်ဇော်နဲ့ မိုးကြီးတို့ သုံးယောက်ထွက်ပြေးလို့တဲ့။

ဝမ်းသာလိုက်တာဗျာ၊ ရဲလင်းအတွက်ပါ။ ကျွန်တဲ့နှစ်ယောက်က မျိုးဝင်း မရှိတော့လို့ပြေးတာပါ၊ မျိုးဝင်းရှိရင် ဒီကောင်တွေ ပြေးမှာမဟုတ်ပါဘူး။ သူတို့အတွက် ဝမ်းသာရလောက်အောင် ကျွန်တော်ကအတိတ်မေ့တတ်တဲ့သူ မဟုတ်ပါဘူး။ ရဲလင်းအတွက်တော့ တကယ်ဝမ်းသာပါတယ်။ဒီနေရာမှာ အလျှင်းသင့်လို့ ကျောင်းသားတပ်မတော်က ဘုန်းကြီးကျောင်းက ကျောင်းထိုင်ဆရာတော် ဦးအိန္ဒာစာရအကြောင်း နည်းနည်း ပြောပါရစေဦး။

ဆရာတော်က ၈၈ ကာလက မိုးညှင်းကကျောင်းတိုက်တစ်ခုက ကျောင်းထိုင်

# ဆယားညီညီ

ဆရာတော်ပါ။ ဒီမိုကရေစီအရေးမှာ တက်တက်ကြွကြွပါဝင်ခဲ့တာ ဖြစ်ပါတယ်။ ဒို့ပြင် ABSDF တည်ထောင်မယ့် သန္ဓေအချိန်ကတည်းက သံချောင်းအပါအဝင် ABSDF လူကြီး အလောင်းအလျာများကို ကျောင်းမှာထား၊ ကျွေး နဲ့လုပ်ခဲ့ပြီး ABSDF စကတည်း က ကူညီခဲ့တာပါ။ထွန်းအောင်ကျော်နဲ့ အောင်နိုင်တို့တောင် ပါကျောင်းမသွားခင် ဆရာတော့် ကျောင်းမှာ တစ်ထောက်နားခဲ့၊ တည်းခို၊ ပုန်းအောင်းခဲ့တာပါ။

အဖွဲ့အစည်းအပေါ် သံယောဇဉ်ကြီးလွန်းလို့ထင်ပါရဲ့ ဆရာတော်ဟာ ကျောင်း သားတပ်အထိ လိုက်လာပြီး ဒီကျောင်းသားတပ်ဌာနချုပ်မှာပဲ သီတင်းသုံးနေခဲ့တာပါ။

ဆရာတော်ရဲ့ကျောင်းသားတပ်နဲ့ ဖြစ်တဲ့ပြဿနာအစကလည်း ဒီသံယောဇဉ်နဲ့ ကရုဏာတရားကြောင့်ပါ။လူသစ်စုဆောင်းလာတဲ့အထဲက နမ္မားက ကလေးတစ်ယောက် ကျောင်းသားတပ်မှာ မပျော်လို့ ထွက်ပြေးပါတယ်။ ပြန်ဖမ်းမိတော့ အပြစ်ပေး၊ အရေးယူပြီး တပ်မှာပြန်တာဝန်ထမ်းဆောင်စေပါတယ်။ဒီနမ္မားက ကလေးက အခွင့်ရတာနဲ့ နောက် တစ်ကြိမ်ထပ်ပြီး ထွက်ပြေးပြန်ပါတယ်။ ဒီတစ်ကြိမ်မှာလည်း ပြန်အဖမ်းခံခဲ့ ရပါတယ်။

ဒီအပေါ်မှာ အောင်နိုင်နဲ့ သံချောင်းက လုံးဝမကျေနပ်ပါဘူး။ ဒီလိုအခွင့်ရတိုင်း ထွက်ပြေးနေရင် ကျောင်းသားတပ်ကို ဘယ်သူက လေးစားတော့မှာတုန်း၊ ကျန်တဲ့ကောင် တွေရော ထွက်မပြေးရဲအောင် ဒီတရားခံကို ပြင်းထန်တဲ့အပြစ်ဒဏ်ပေးရပါမယ်။ ဒီမိုကရေစီ အရေးတာဝန်၊ တော်လှန်ရေးတာဝန်ကို ရှောင်လွှဲခဲ့တဲ့ ဒီစုဆောင်းရေးကပါလာတဲ့ နမ္မားက ရဲဘော်သစ်ကလေးကို သေဒဏ်ချလိုက်ပါတယ်။ဒီကလေးခေါင်းဖြတ်တဲ့ တာဝန်ကို ပေါက်ကွေးက တာဝန်ယူလိုက်ပြီး ရှင်းလင်းခဲ့ပါတယ်။

တစ်ရက် ဦးအိန္ဒာစာရရင်ကျန်းသွားချိန်မှာ အဲ့ဒီခေါင်းဖြတ်ခံရတဲ့ကလေးရဲ့ အစ်မတွေနဲ့ တွေ့၊ ပြောကြ၊ ဆိုကြ၊ လျှောက်ကြ၊ တင်ကြ အပြီးမှာ ဒီကလေးအတွက် ဆွမ်း သွတ်တဲ့ ကိစ္စရပ်တွေကို ဆရာတော်က ကျောင်းသားတပ်ထဲမှာ(အောင်နိုင်နဲ့ သံချောင်းတို့ မသိအောင်) လုပ်ပေးခဲ့ပါတယ်။ နောက်ဒီကလေးကို မြှုပ်ထားတဲ့ အာဆန်ကုန်းမှာ သွားပြီး အမျှဝေခဲ့ပါတယ်။

ဒီကိစ္စတွေ အားလုံးအပြီးမှာ အောင်နိုင်တို့၊ သံချောင်းတို့ သိသွားခဲ့ပါတယ်။

ဟုတ်ပါတယ်။ သူတို့အမြင်အရ ဦးအိန္ဒာစာရဟာ ကျောင်းသားတပ်ကို သစ္စာ မဲ့တဲ့၊ သစ္စာဖောက်အလုပ် လုပ်ခဲ့တာ ဖြစ်ပါတယ်။နောက်တစ်ကြိမ်ကတော့ ရဲမေစိုးစိုးလွင် နဲ့ ပတ်သတ်လို့ဖြစ်ပါတယ်။ စိုးစိုးလွင်ကို တပ်ထဲကနေပြန်ခေါ်ဖို့ မိုးကောင်းကနေ မိဘတွေ

လိုက်လာပါတယ်။ မိဘတွေနဲ့အတူ မိုးကောင်းမြို့မှာ သီတင်းသုံးနေတဲ့ သက်လတ်ပိုင်းအရွယ် ဘုန်းကြီးတစ်ပါးလည်း အတူလိုက်လာပါတယ်။

စိုးစိုးလွင်ကို ကျောင်းသားတပ်က ပြန်မထည့်လိုက်ပါဘူး။ အဲ့ဒီတော့ မိဘတွေနဲ့အတူ ဘုန်းကြီးလည်း အောင်မြင်စွာ ဆုတ်ခွာရသည်ပေါ့။ ဒါပေမယ့် ဒီဘုန်းကြီးနဲ့ မိဘတွေပြန်သွားချိန်မှာ ကျောင်းသားတပ်ကခေါင်းဆောင်လူကြီးမင်းများက အတွေးတစ်ခုရလာပါတယ်။ မိုးကောင်းသားတွေဖြစ်တဲ့ မိဘတွေနဲ့ စိုးစိုးလွင်ကတော့ သစ္စာဖောက်ဖြစ်စရာမရှိဘူး။ နောက်ပြီး မိဘကသားသမီးကို ပြန်ခေါ်ချင်တာ သဘာဝကျတယ်။ သဘာဝမကျတာက ဘုန်းကြီးဖြစ်တယ်။ ဒီဘုန်းကြီးကို စစ်ဆေးရမယ်လို့ ဆုံးဖြတ်လိုက်ကြပြီး ညတွင်းချင်းအဲ့ဒီအုပ်စုနောက်ကို လိုက်ကြပါတယ်။

စီမားမြို့မှာ တည်းခိုနေကြတဲ့ အဲ့ဒီအုပ်စုထဲက ဘုန်းကြီးတစ်ပါးတည်းကိုပဲ ဆရာတော်ဦးဣန္ဒာစာရက တွေ့ချင်လို့ ပြန်လိုက်ခဲ့ပါဆိုပြီး ကျော်မြင့်(ရာကေး)က သွားပြီး လိမ်ခေါ်လာပါတယ်။ ကျောင်းသားတပ်ရောက်တာနဲ့ သံချောင်းအမိန့်နဲ့ အဲ့ဒီဘုန်းကြီးကို ကြိုးတုပ်ပြီး။ သင်္ကန်းဝတ်နဲ့ပဲ စစ်ကြောရေးလက်ထဲ အပ်လိုက်ပါတော့တယ်။

ဒီအကြောင်းတွေကို ကြားရတဲ့ ဦးဣန္ဒာစာရက ၂ ရက်အကြာမှာ သွားကြည့်တော့ အဲဒီဘုန်းကြီးဟာ သင်္ကန်းဝတ်နဲ့ လူရုပ်တောင် မပီတော့ပါဘူး။ မျက်နှာတွေဖူးယောင်ပြီး တစ်ကိုယ်လုံးလည်း ရိုက်နက်ထားလို့ တော်တော်ကိုအခြေအနေဆိုးနေပါပြီ။

ကျောင်းသားအရှင်းရှင်းတုန်းက ကိုချိုကြီးတို့၊ ထွန်းအောင်ကျော်တို့ မှအစ ကျန်ကျောင်းသားတွေအားလုံးကို စစ်မေးခဲ့တဲ့၊ ကျင့်သားရနေတဲ့ စစ်မေးနည်းတွေအောက်မှာ ဒီဘုန်းကြီးလည်း ထောက်လှမ်းရေးလို့ ဝန်ခံလိုက်ရပါပြီ။

တစ်ရက်မှာအိုက်လျံတို့ ဦးဣန္ဒာစာရကျောင်းကို ရောက်လာပြီး "ဒီနေ့ ညနေတော့ ကျင်းတူးပြီးပြီ၊ မိုးကောင်းဘုန်းကြီးကို ရှင်းပစ်တော့မယ်" ဆိုလာပြီး သတင်းပေးပါတယ်။ ဦးဣန္ဒာစာရက ချက်ချင်းပဲ သံချောင်းတဲပေါ်တက်ပြီး ပြင်းပြင်းထန်ထန်ကန့်ကွက်စကားပြောတော့ သေမိန့်ကိုတော့ ဖျက်လိုက်ပါတယ်။ ဒါပေမယ့်နေရာပြောင်းရွှေ့လိုက်ပြီး ဦးဣန္ဒာစာရကိုလည်း အဲ့ဒီဘုန်းကြီးနဲ့ တွေ့ခွင့်မပေးတော့ပါဘူး။

နောက် ရက် ၂၀ လောက်အကြာမှာ ခရီးထွက်သွားတဲ့ စိန်အေးပြန်ရောက်လာပြီး ဘုန်းကြီးကျောင်းကို လာပါတယ်။ အဲ့ဒီမှာ ဦးဣန္ဒာစာရက စိန်အေးနဲ့အတူ ကျန်သူတွေဖျောင်းဖျပြီး အဲဒီဘုန်းကြီးကို ပြန်လွှတ်ဖို့ အရေးဆိုရာမှာ အဲ့ဒီဘုန်းကြီးကို ပြန်လွှတ်ပေး

လိုက်ပါတယ်။

(နောက်ပိုင်း ဦးဣန္ဒာစာရက အဲ့ဒီဘုန်းကြီးကို မန္တလေးမှလဆီးဘန်းနီးကျောင်း တိုက်မှာ ခံစားရရှိလာတဲ့ စိတ်ဝေဒနာကိုကုသရင်း သီတင်းသုံးနေတာကို တွေ့ရတယ်လို့ ဆိုပါတယ်)

ဒီပြဿနာကို ကြည့်ရင်လည်း ဦးဣန္ဒာစာရဟာ ကျောင်းသားတပ်မတော်ရဲ့ အလုပ်ထဲမှာ ဝင်ရောက်စွက်ဖက်တာ၊ အဖျက်အမှောင့်လုပ်ငန်းလုပ်တာ၊ ထောက်လှမ်း ရေးတစ်ဦးရဲ့ ပုံသဏ္ဌာန်ပေါက်နေပြီလို့ အောင်နိုင်နဲ့ သံချောင်းတို့က ကောက်ချက်ချ လိုက်ကြပါတယ်။နောက်ဆုံးအကြိမ်ကတော့ စုဆောင်းရေးအဆွဲခံလာရတဲ့ ရဲမေအသစ် လေးတွေ၊ ရဲဘော်သစ်လေးတွေနဲ့ ပတ်သတ်ပြီး ဖြစ်ခဲ့တာပါ။

ညနေတိုင်းမှာ အဲ့ဒီအဆောင်က ရဲမေလေးတွေက အိမ်ပြန်ချင်တယ်ဆိုပြီး ငိုငို နေကြလို့ ဘုန်းကြီးက တစ်ရက်မှာ သွားထိန်းသိမ်း၊ ဖျောင့်ဖျပါတယ်။

"မငိုကြပါနဲ့၊ မင်းတို့တစ်တွေ အချိန်တန်ရင် အိမ်ပြန်ရမှာပါ၊ ဆရာ တော်လည်းပြန်မှာပါပဲ။ အခုလို ငိုနေတာက ကိုယ့်ဒုက္ခကိုယ်ရှာတာသာဖြစ်တယ်"

စသဖြင့် သွားရောက်ပြောဆိုခဲ့ပါတယ်။

ဒီသတင်းကို သံချောင်းကြားတော့ ဒီဘုန်းကြီးကတော့ စစ်ထောက်လှမ်းရေး ဆိုတာ သေချာသွားပါပြီ၊ ဆိုပြီး ဘုန်းကြီးကို စောင့်ကြည့်ဖို့လူတွေ ချထားလိုက်ပါတယ်။

ဒီသတင်း ဦးဣန္ဒာစာရပြန်ကြားတော့ ဘုန်းကြီးလည်းကိုယ်တိုင်အတွက် စိုးရိမ် လာပါတယ်။ အခြေအနေကိုစောင့်နေရင်း တစ်ရက်မှာ တရုတ်ပြည်ကစီးမားက ကားတစ် စင်း တပ်ထဲကိစ္စတစ်ခုနဲ့ လာတာ မကြာခင်ပြန်မှာဆိုတာ သိလိုက်ရလာတယ်။

သိသိချင်း ကျောင်းသားတပ်အစည်းအဝေးလုပ်နေတဲ့ ရုံးထဲဝင်သွားပြီး

"မင်းတို့ ငါ့ကို ထောက်လှမ်းရေးစွပ်စွဲပြီး သတ်မလို့လုပ်နေတာ ငါသိပြီးပါပြီ၊ မင်းတို့ကိုတော့ ငါသိပ်ကြောက်သွားပါပြီ"

လို့ ပြောပြီး ကျောင်းသားတပ်ကလူကြီးတွေကို အဲ့ဒီနေရာမှာတင် ထိုင် ကန်တော့လိုက်ပါတယ်။

ဘုန်းကြီးက ထိုင်ရှိခိုးလိုက်တဲ့အချိန်မှာ ရှေ့ဆုံးတန်းက သံချောင်းတို့၊ နေဒွန်း တို့နဲ့ အတူလူကြီးတွေ ထပြီးထွက်ပြေးကြပါတယ်။အားလုံးရုတ်ရုတ်သဲသဲ ဖြစ်နေချိန်မှာ ဘုန်းကြီးကတောင်အောက်ဆင်းပြီး တရုတ်ကားရပ်ထားရာ လိုင်စင်ကို ခြေလျင်

ထွက်သွားခဲ့ပါတယ်။ ဘေးကာလဆိုင်းကာမသွားဖို့ လိုက်တားပါတယ်။ လိုင်စင်ရောက်တာနဲ့ တရုတ်ကားပေါ်တက်ပြီး ဒရိုင်ဘာကို

"ကဲ အခုချက်ချင်းမောင်း"

ဆို မောင်းခိုင်းပြီး ကျောင်းသားတပ်ထဲက ထွက်ပြေးလွတ်မြောက်ခဲ့ပါတယ်။

အဲဒီမှာဆက်မနေချင်တဲ့ ရဲဘော်တင်ပိုနဲ့ စိုးဝင်းတို့လည်း အတူလိုက်လာကြပါတယ်။ ဦးဣန္ဒာစာရဟာ စီမားရောက်တာနဲ့ တရုတ်ကားတစ်စီးကို ထပ်ငှားပြီး ရင်ကျွန်းကို ထွက်သွားခဲ့ပါတယ်။ လွတ်မြောက်ခဲ့ပါတယ်။

ဒီပြဿနာကိုကြည့်ရင် အောင်နိုင်၊ သံချောင်းနဲ့ အပေါင်းအပါတွေဟာ သူတို့ရဲ့ လုပ်ပိုင်ခွင့်နဲ့ အာဏာကို ဘယ်လိုလူကမှ နည်းနည်းလေးမှ မျက်စောင်းထိုးတာကို မခံနိုင်ဘူးဆိုတာ တွေ့ရပါတယ်။

ဦးအိန္ဒာစာရအနေနဲ့ကလည်း သူ့ကိုစောင့်ကြည့်ဖို့ လွှတ်ထားတာဟာ သူ့ကို သတ်ဖို့ အကြောင်းပြချက်ရှာတာဆိုတာ သိပြီးဖြစ်ပါတယ်။သူတို့က သေမိန့်အရင်ချထားပြီးသားပါ။ သေမိန့်ချပြီးမှ သတ်စရာအကြောင်းပြချက်ရှာတာပါ။

NLD က စည်းရုံးရေးမှူး ဦးကျော်မြရဲ့တူ အသတ်ခံရတဲ့ကိစ္စကို ဦးဣန္ဒာစာရက မကျေမနပ်နဲ့ ပြောမပြီးပါဘူး။ ဦးကျော်မြတူ အသတ်ခံရတာက သေဖို့အကြောင်းရှာတဲ့အနေနဲ့ သူ့ကိုစောင့်ကြည့်ခိုင်းထားခဲ့တာပါ။ သေသွားတဲ့သူမှားတဲ့အမှားက "ခေါင်းကမိုးမလုံတာကွ" ဆိုတဲ့ ထမင်းစားဝိုင်းအတွင်း၊ အတူတူနေ ရဲဘော်အချင်းချင်းကြား ကိုယ့်တဲထဲကိုယ် လွှတ်ကာနဲ့ ပြောမိတဲ့စကား တစ်ခွန်းကြောင့်ပါ။

ဒီစကားမျိုး ဦးဣန္ဒာစာရကိုယ်တိုင်လည်း ပြောမိချင် ပြောမိမှာပဲလေ။

နောက်တစ်ပတ်လောက်အကြာမှာ ဗမကပန်းအောင်ရဲ့ လွိုင်ဇာကအိမ်ကို ကျွန်တော် ဗမကရဲ့မိသားစုနဲ့အတူ ရောက်ပါတယ်။ အဲ့ဒီမှာ သန်းထိုက်(ရန်ကုန်ကဘာရေးဆရာ ကျော်စိန်မင်းရဲ့သား)ရောက်လာပြီး ကျွန်တော့်ကို တရုတ်ငွေ ၂၀၀ တောင်းပါတယ်။

"ဘာလုပ်မလို့လဲ၊ များလှချည်လား"

"ကျွန်တော်ပြေးချင်လို့ ကျွန်တော့်အခြေအနေမကောင်းတော့ဘူး၊ အခုပြန်သွားရင်တောင် အဖမ်းခံချင်ခံရမှာ၊ ကျွန်တော်လစ်ထွက်လာတာ၊ ကျွန်တော်တို့ ၅၀၁ ထဲမှာ ကျွန်တော့်ဖမ်းပြီးရင် ရင်းမှူးသိုက်ထွန်းဦးတောင်မသေရှာချင်ဘူး"

## ဆမားညီညီ

သူ့အဖေ ကိုကျော်စိန်မင်းက ကျွန်တော်နဲ့ ရင်းနှီးတဲ့မိတ်ဆွေဖြစ်နေတော့

"မင်း ငွေ ၂၀၀ လိုချင်တာလား။ ပြေးချင်တာလား။ မင်းကိုငွေ ၂၀၀ ပေး

ပြီး ဒီငွေဘယ်ကရတာလဲဆိုပြီး အမှုပတ်မှာ ငါမခံနိုင်ဘူး၊ ပြေးမယ်ဆိုရင်၊ ပြေးမယ် ဆိုတာကလည်း အခုချက်ချင်း ဘယ်သူ့မှ ပြန်မပြောပဲ ပြေးမယ်ဆိုရင် ငါလုပ်ပေးမယ်"

"ပြေးမယ်ဗျာ"

"အေးဒါဆို မင်းဗီဒီယိုရုံအတွင်းထဲ ဝင်အိပ်နေလိုက်တော့"

ဆင်ဦးစီးလည်းလုပ်၊ ရုံစောင့်လည်းလုပ်တဲ့ နော်ဆိုင်းကို

"နော်ဆိုင်း၊ အဲ့ဒါ ငါ့သူငယ်ချင်း၊ ဘယ်သူ့မှအထဲမဝင်စေနဲ့၊ သူလည်း

အပြင်မထွက်စေနဲ့"

ကျွန်တော် လှိုင်ဇာ တရုတ်ဘက်ကမ်းသွားပြီး ရင်ကျန်းလက်မှတ် ၂ စောင်ဝယ် လိုက်ပါတယ်။ ပြီးတာနဲ့ ဗမာကို ရင်ကျန်းသွားချင်လို့ အကျိုးအကြောင်းပြောပြပြီး ခွင့် တောင်းပါတယ်။

"မင်းအဲဒါဆိုရင် ဘတ်စ်ကားနဲ့က ပြဿနာတက်နိုင်တယ်၊ ကားယူ

သွား" ဆိုတော့

"ရပါတယ်၊ ဘတ်စ်ကားနဲ့ပဲ သွားလိုက်ပါမယ်"

ပြောလိုက်ပါတယ်။

"အေး ပြဿနာမတက်စေနဲ့၊ ရအောင်ရှင်း"

ကားထွက်ခါနီး ၁၀ မိနစ်မှာ သူ့ကို ကားဂိတ်သွားခိုင်းပြီး ကားပေါ်တက်၊ နောက်ဆုံးခုံမှာ ဝင်အိပ်ဆိုပြီး ခိုင်းလိုက်ပါတယ်။ ကျွန်တော်ကအပေါက်မှာ မတ်တပ်ရပ် နေပြီး ကားထွက်မှပဲ ကားထဲဝင်ခဲ့ပါတယ်။

ရင်ကျန်းမှာ သူ့အတွက် အနွေးထည်နဲ့ အဝတ်ပိုတစ်စုံ စီစဉ်ပေးလိုက်ပါတယ်။

ရင်ကျန်းမှာ တည်းခိုခန်းမအိပ်ရဲဘူးဆိုလို့ ကျောက်စိမ်းကုမ္ပဏီတစ်ခုမှာသိပ် လိုက်ပါတယ်။မနက်စောစောမှာ ရွှေလီလက်မှတ်ဝယ်၊ လမ်းသုံးဖို့ငွေ အလုံအလောက် ပေးပြီး ကားပေါ်တင်လွှတ်လိုက်ပါတယ်။ နေ့လည်ပိုင်း ကျွန်တော်လှိုင်ဇာပြန်ပြီး နောက် ရက်မှာ ဌာနချုပ်ကို ကျွန်တော့်ဆရာသမားနဲ့အတူ ပြန်ခဲ့ပါတယ်။

သံချောင်းရဲ့ လက်ရဲဇက်ရဲအလုပ်တွေကို တားမဲ့သူမရှိတော့ပါဘူး ၊ နမ့်ချီးမော် ထဲက ကျောက်သူဌေးတွေကို ဆက်ကြေး မတန်တဆတောင်းပါတယ်။ မပေးတဲ့ ၊ မပေးနိ

တဲ့ သူဌေးများကို ဖေ့ာ်ထဲကကျောင်းသားတွေလျှို့ဝှက်အသုံးချတဲ့အခ်ိမ်မှာ တကိုယ်လုံး ဖိုင်းကာတ်ချည်ပြီး ငြိမ်းမြောက်ပါတယ်။ ကျန်တဲ့မိသားစုတွေက ဖခင်၊ ဒါမှမဟုတ် ခင်ပွန်း သေသမှာကြောက်ပြီး လာပေးရတော့တာပေါ့။

မင်းတို့ ဒီမိုကရေစီအရေးအတွက် ဒီလောက်လေးမှ မပေးချင်ဘူးလားဆိုတာ သံချောင်းရဲ့ လက်သုံးစကားပါ။သံချောင်းဟာနမ့်ချိုးမော်ဘက်တင်ရပ်မနေပဲ ဖားကန့်၊ ငှက်ပျောတောဘက်မှာ ခါးပြတိုက်တဲ့အလုပ်တွေကိုလည်း စီစဥ်ခဲ့ ပါတယ်။

တစ်ခါ မိုးညှင်း NLD က နိုင်ငံရေးလှုပ်ရှားမှုနဲ့ ထောင်ကျရာက ထောင်က လွတ်အပြီး ဆိုင်းတောင်မှာ ကျောက်လုပ်ငန်းနဲ့ စီးပွားရှာတဲ့ မိမိထွန်းဆိုတဲ့အမျိုးသမီးကို ပြသသနာရှာပြန်ပါတယ်။

မိမိထွန်းဟာထောက်လှန်းရေးဖြစ်လို့ သေအင်္ကျချလိုက်တယ်လို့ ပါချောင်က စက်နဲ့လှမ်းအကြောင်းကြားလိုက်ရာမှာ ဆိုင်းတောင်က သံချောင်းရဲ့ အမာခံရဲဘော်ဇူးသီး က မိမိထွန်းကိုခါးမြောင်နဲ့သွားပြီး စီရင်ခဲ့ပါတယ်။မိမိထွန်းခါးအထိုးခံရအပြီး အူများ ထွက်ကြလာကာ ပတ်ဝန်းကျင်က ဆေးရုံပိုင်းတင်ပေးလိုက်လို့ သေကံမရောက်ခဲ့ပါဘူး။ အခုမိမိထွန်းမြန်မာပြည်ထဲမနေရဲပဲ အနောက်နိုင်ငံတစ်ခုကို ထွက်ပြေးသွားပါပြီ။

တစ်ညနေခင်းမှာ NLD(LA) ကတစ်ယောက် ဦးကျော်မြပျောက်နေလို့ဆိုပြီး စစ်ရုံးချုပ်မှာ လူပျောက်လာတိုင်ပါတယ်။စစ်ရုံးချုပ်က NLD(LA) ကလူ ဘယ်သူမှ ခရီးမထွက်ဖို့ ယာယီတားမိန့်ထုတ်လိုက်ပြီး လိုက်လံစစ်ဆေးမှုပြုလိုက်ပါတယ်။

ဦးကျော်မြကို NLD(LA) ရုံးနဲ့ဆက်လျက် ထမင်းစားနှင့် မီးဖိုဆောင်အတွင်းမှာ ရိုက်နှက်ပြီး လည်ပင်းလှီးသတ်ကာ အိမ်ထဲက မြေတိုက်ထမင်းစား စားပွဲအောက်တူးမြုပ် ခံထားရတာကို စစ်ဆေးတွေ့ရှိရပါတယ်။ စစ်ဆေးတွေ့ရှိချက်အရတော့ ဦးကျော်မြကို ရှင်း ဖို့ဦးတင်အောင်က မာနယ်ပလောက လှမ်းအမိန့်ပေးပါတယ်။ NLD(LA) ရုံးအတွင်း သတ်မိန့်ကို ဦးသာညွန့်(နမ္မတီး)က ချပါတယ်။

ကိုအောင်သိန်းနဲ့ ကိုစံငြိမ်းတို့က တုတ်နဲ့ ရိုက်သတ်ပါတယ်။ သေပြီထင်ပြီး ကျင်း ထဲဆွဲအချမှာ ပြန်သတိရလာလို့ အောင်မြင့်သန်းက လည်ပင်းလှီးခဲ့ပါတယ်။ အောင်မြင့် သန်းကတော့ သတ်ပြီးပြီးချင်း ခြေယောင်ပျောက်သွားပါတယ်။

ဒီအမှုကို နယ်က အရေးပေါ် ပြန်လာတဲ့ မိုးညှင်းက ဆရာဦးကျော်မောင်အပါ အဝင် တရားသူကြီး ၅ ဦးအဖွဲ့က တရားစီရင်ခဲ့ပါတယ်။

## ဆယားညီညီ

| | | |
|---|---|---|
| တရားခံ | သာညွန့် | အလုပ်ကြမ်းနဲ့ ထောင်ဒဏ် ၇ နှစ် |
| မင်းအောင် (ရုံးအုပ်ကြီး) | | အလုပ်ကြမ်းနဲ့ ထောင်ဒဏ် ၄ နှစ် |
| ပြေး - | အောင်မြင့်သန်း | အလုပ်ကြမ်းနဲ့ ထောင်ဒဏ် ၄ နှစ် |
| | အောင်သိန်း | အလုပ်ကြမ်းနဲ့ ထောင်ဒဏ် ၁ နှစ် |
| | စံငြိမ်း | အလုပ်ကြမ်းနဲ့ထောင်ဒဏ် ၁ နှစ် |

တို့ဖြစ်ပါတယ်။

သူတို့တွေကို NLD(LA) မှာထောင်မရှိလို့ KIA ကို အပ်ပြီး KIA အချုပ်မှာ ချုပ်ပြီး အလုပ်ကြမ်းခိုင်းခဲ့ပါတယ်။

၃ လခန့် အကြာမှာ အဲ့ဒီအပြစ်ဒဏ်စံနေရသူ အားလုံးကို မာနယ်ပလောက ပြန်ရောက်လာတဲ့ ဦးတင်အောင်နဲ့ ဦးကြာမြ တို့က အချုပ်မှ တာဝန်ခံပြီး လာထုတ်သွားပါတယ်။ နောက် အဲဒီလူတွေအားလုံး အဲဒီရုံးမှာပဲ အတူတူပြန်နေကြပါတယ်။ ၁၅ ရက်လောက် အကြာမှာ ကျော်နိုင်ဦး ကျောင်းသားတပ်မှ ထွက်ပြေးလွတ်မြောက်သွားပြီလို့ ကြားရပါတယ်။

အဲဒါဆိုရင် ကျွန်တော်တို့ အုပ်စုထဲက မြန်မာပြည်ထဲ ပြန်ရောက်ဖို့ ကျွန်တော် တစ်ယောက်သာကျန်တော့တာပေါ့။ ကျွန်တော်ကတော့ ကျွန်တော့်ဆရာသမားက ခွင့်ပေးမှ ပြန်ပါတော့မယ်။ အားလုံးအတွက် နောက်ကိုယ်ကိုယ်တိုင်အတွက် ကျွန်တော်ကျေးဇူးဆပ်ရပါဦးမယ်။

ဒီလိုနဲ့ပဲ ပြန်ရမယ့်ရက်ကို စောင့်နေတုန်း ရင်ကျန်းမြို့က ခါကျာမုန့်လည်ရောင်းတဲ့သူကို ကျော်ကျော်က ရင်ကျန်းမြို့ပေါ်မှာ ကျင်လည်ပြီး မဆလ သတင်းပေးလုပ်နေတယ်လို့ စွပ်စွဲပြီး လိုင်စင်မှာ ခေါ်သတ်တယ်ဆိုတဲ့သတင်းကြားရတယ်။

ခေါင်ကမိုးမလုံတော့ ကြမ်းခွေးဆိုသလိုပဲ သံချောင်းက မဟုတ်တဲ့ မတရားတဲ့ ကိစ္စတွေဆက်တိုက်လုပ်လာချိန်မှာ ကျော်မြင့် (ခ) ရာကေးကလဲ တရုတ်ပြည်ထဲ ကျင်လည်ရတဲ့သူပီသစွာ သံချောင်းကတရုတ်ဘက်မှာ အပ်ခိုင်းထားတဲ့ငွေတွေကို ထုတ်ပြီး တရုတ်ပြည်ထဲ ဝင်ပြေးပါတော့တယ်။

သံချောင်းက ငွေပြန်ရဖို့ ဘာမှမလုပ်နိုင်ခဲ့ပါဘူး။ ဒါကြောင့် ကျော်မြင့်ကို လက်စားခြေရမယ့်လမ်းကိုရွေးခဲ့ပါတယ်။ ကျော်မြင့်စီစဉ်ပြီး တရုတ်ပြည်ထဲကဝယ်လာတဲ့ ရိုင်ဖယ်သေနတ်(၄)လက်က ရင်ကျန်းဘေးက ရှမ်းရွာထဲမှာရှိနေတုန်းပါ။ အဲဒီအမှု ကိစ္စကို

## ဝံပုလွေများထံမှ လွတ်မြောက်ခြင်း

တရုတ်ရဲကို သတင်းပေးလိုက်ပါတယ်။ တရုတ်ရဲက လက်နက်မှုဆိုတော့ အသည်းအသန် လိုက်ရှာပြီး ကျော်မြင့်ကိုရအောင်ဖမ်းပြီး တရားစွဲတင်လိုက်ပါတယ်။

ရင်ကျွန်းဘေးက ရှမ်းရွာမှာ ကျောင်းသားတပ်ကဖွက်ထားတဲ့ မောင်းပြန် သေနတ်တွေ မိသွားလို့ ကျော်မြင့် ဓွေးမှင်မှာ ထောင်အနှစ် ၂၀ ကျသွားပြီး အဲဒီမှာ တာဝန် မကင်းဘူးစွပ်စွဲခံရတဲ့ မြစ်ကြီးနားသား အဗ္ဗဒွလ်ရဇီးက်လို့ခေါ်တဲ့ ABSDF အဖွဲ့ဝင် ရဲဘော်ကို အောင်ဆွေဦးက လှိုင်ဇာမှာ ခေါ်ရှင်းလိုက်တယ်ဆိုတဲ့ သတင်းတွေလည်း ဆက်ကြားရပါတယ်။

၁၉၉၆ ဒီဇင်ဘာလမှာ ကျွန်တော်ခွင့်ရလို့ ပြန်လာပြီး ကွတ်ခိုင်ထောက်လှမ်းရေး (၂၃) မှာ အလင်းဝင်ခဲ့ပါတယ်။

အလင်းဝင်တဲ့အတွက် လိုအပ်တဲ့စစ်ဆေးမေးမြန်းမှုတွေခံရမှာ၊ အချိန်ယူရမှာ ရှိပေမယ့် ကျွန်တော့်ရဲ့ အန္တရာယ်က ဘယ်မှာမှ မရှိတော့ပါဘူး။

ကျွန်တော် ဝံပုလွေများထံမှ လွတ်မြောက်ခဲ့ပါပြီ။

(ဆမားညီညီ)




၁ မျိုးဝင်းတဲဘေးကကျွင်း၊ ကိုချိုကြီး၊ ထွန်းအောင်ကျော်၊ နန်းအောင်ထွေးကြည်နှင့် ခင်ချိုဦးတို့ လက်ပါးကပ်တိုင် အတင်ခံရသည့်နေရာ အောင်မိုးခြေထောက်မိုင်းမျှည်းအခွဲခံရသည့်နေရာ၊

၂။ မျိုးဝင်းတဲအရှေ့တွင်ရှိသောကျွင်းပြင်ဖြစ်သည်၊ ထိုနေရာတွင် ကိုချိုကြီးအား ဖိုက်ကိုမီးဖြင့်ရှို့ခဲ့သည်။ ၃။ ကိုချိုကြီးထွန်းအောင်ကျော်တို့အား ဖမ်းပြီး အောက်သို့ကန်ချခံရသည့်လမ်း

၄။ သံချောင်းနေထိုင်သည့်တဲဖြစ်သည်။ ၅။ ဘဏ္ဍာရေးတာဝန်ခံ လဆိုင်းတဲဖြစ်သည်၊ လူသားကျော်စားသည့်နေရာဖြစ်သည်။

၆။ ထွန်းအောင်ကျော်တဲနေရာ၊ မူလက တောင်ခြောက်တဲကို ဖျက်ပြီး အရှေ့အနောက်ပြင်ဆောက်ထားသည်။ ၇။ မူလကစစ်ရုံရှိခဲ့သောနေရာဖြစ်ပြီး၊ ယခုထိုစစ်ရုံအားဖျက်ထားပြီးဖြစ်သည်။



ထွန်းအောင်ကျော် နှင့် ဘာတီးလင်တနာ၏ ဇနီးတရုတ်ပြည်ထဲတွင်တွေ့ဆုံစဉ်က

2




(၁) ဆရာတော်ဦးရေဝတ၊ (၂) ဆရာတော်ဦးဝိသုတ



မောင်နိုင်
ကျောင်းသားတပ်မတော်ရုံးရေးနှင့်
ဂါဒဖြန့်ချိရေးဝါးဦးကော်မတီဝင် (မြေပေါ်)
ဧကာသတွဲဖက်အတွင်းရေးမှူး (၁)
ဇဟိန်းဂျာနယ်အယ်ဒီတာ



ညီညီ
ကျောင်းသားတပ်မတော်ရုံးရေးနှင့်
ဂါဒဖြန့်ချိရေးဝါးဦးကော်မတီဝင် (မြေပေါ်)
နောက်ပိုင်းကျောင်းသားတပ်တွင်
ဖမ်းစီးညှင်းပန်းနှိပ်စက်ခံရသူ



ပါတီဥက္ကဋ္ဌဖြစ်ရေးအတွက်မြောက်ပိုင်းက ရာဇဝတ်မှုများကို
ခေါင်းခံပြီး မဲဝယ်လိုက်တဲ့
နိုင်အောင်



မြောက်ပိုင်းလူသတ်မှုများကိုစိတ်ဖြေဖျောက်ရန်
ပင်လယ်ကမ်းခြေ အပန်းဖြေခရီးထွက်နေတဲ့
ရော်နယ်အောင်နိုင်

မြန်မာ စာအုပ်များ



8

ယာဖက်အစွန်မှ နှစ်ဦးမှာ

ဘဏ္ဍာရေးမှူး လဆိုင်း (ယခုဥက္ကဌ) နှင့် မေမြို့က စက်ဆရာ ဦးသိန်းတန် (ခ) ဦးတာ



10

ထိုင်းသတင်းထောက် ရင်ဒီး ရိုက်ကူးခဲ့သည့် ဓါတ်ပုံ Far Eastern Economic Review တွင်ပါပြီးနောက် ကျော်နိုင်ဦး၊ နန်းအောင်ထွေးကြည် နှင့် စာရေးသူ တို့ကို မသတ်သေးကြောင်းသက်သေပြရန်ရိုက်ထားသည့်ပုံ။ ညာဘက်တဲမှာ ထောင်ဟောင်းဖြစ်ပြီး၊ နောက်ပိုင်းတွင် 'ဒေါင်းမိခင်' ခမ်းမအဖြစ်ပြောင်းလည်းသွေါတွင်သည့်နေရာဖြစ်သည်။တဲနောက်ကျော မှနေရာသည် အလံတိုင်ကုန်းဖြစ်ပြီး အလံတိုင်၏နောက်တွင်ထောင်အသစ်ရှိသည်။ ဤပုံသည် သံချောင်း၏တဲအရှေ့တွင်ရိုက်ထားသည့်ပုံဖြစ်သည်။



ထိပ်တုံးခတ်ထားစဉ် ထောင်မှူးလှမျိုးအောင်၏
နံချပ်ကူဖြင့်ရိုက်သတ်ခံခဲ့ရသည့်
အောင်မင်း (ခ) နှုတ်ခမ်းမွှေး ထိန်လင်း



9

ထိုင်းသတင်းထောက် ရှင်ဒီနှင့် ဒေါ်ဝေဘွေ ထေး စဉ်က စာရေးသူ နှင့်အတူပါသည့် ကျော်နိုင်ဦး ၊ နန်းထွေးအောင်ကြည် ၊ ဂျိုးမြို့ ( ဝဲမှ ယာ )



12

ဆွယ်တာအစိမ်းဝတ်ထားသူမှာ ကိုချိုကြီးဖြစ်ပြီး မိသားစုနှင့်အတူတွေ့ရစဉ်




၁၉၉၂ခုနှစ် က ထိုင်းနေရှင်သတင်းထောက် ရင်ဒီးနှင့် တွေ့ဆုံစဉ်က

စာရေးသူ နှင့် တိုးကြည်




ရင်း(၅၀၁) မှဆေးမှူး ကိုသိန်းထွန်း၊ တိုးကြည်(ရန်ကုန်)နှင့် စာရေးသူတို့
၁၉၉၆ခုနှစ် ရန်ကုန် ပြည်သူ့ရင်ပြင်တွင် အမှတ်တရ



ထုတ်မှာဖောက်ထိုးအဆွဲခံရပြီး ဝိုင်းအနှိပ်စက်တာခံခဲ့ရသူ

အားစိုက်(၁) တင်မောင်အေး




ပထမလက် ကောက်ဝတ်က အဖြတ်ခံရ ၊ နောက်ခြေမအဖြတ်ခံရပြီး
နောက်ဆုံး ( ၉ ၊ ၂ ၊ ၁၉၉၂ ) နေ့က ခေါင်းဖြတ် အသတ်ခံလိုက်ရသည့်
GOSDA ရဲဘော်ကျော်ဝေ



နေ့ရှေ့ညပါ ရေခဲသည့်ပါဂျောင်ဆောင်းကာလအတွင်း
တဲအပြင်ထုတ်ကာ တိုင်တွင်လက်ပြန်ကြိုးတုတ်ပြီး
တစ်နာရီတစ်ခါ ရေလောင်းခံရသည့်
ဖိုးဆန်း(ကသာ)



17

၅၅ယောက်ထွက်ပြေးတုန်းကဦးဆောင်ခဲ့တဲ့
ကိုမြင့်သိန်း



18.

(၅၅)ယောက်ထွက်ပြေးချိန် ကျောင်းသားတပ်တိုးတပ်ရာ တိုးတက်ကြောင်းများ ဝိုင်းဝန်းလုပ်ဆောင်ကြရန် သံချောင်းက စာရေးသူတို့အားခေါ်ပြောစဉ်။ လက်ပတ်တီးနှင့်သူမှာ သံချောင်းဖြစ်သည်။



19

၁၉၇၄ ကျောင်းသားအရေးတော်ပုံက ကျောင်းသားတော်လှန်ရေးသမားကြီး
**ဦးစိန်** (ထောင်တွင်း စစ်ကြောရေးမှ ဒဏ်ရာများနှင့်ကျဆုံး)
(သမီးဖြစ်သူက ယခု ဝိုင်းမော်ရဲစခန်းတွင် အမှုဖွင့်တရားစွဲဆိုထားပြီး)

" မှားမမ်းတာတစ်ယောက်ပါရင် ကိုယ်ဟာသာကိုယ် ကြိုးဝင်တက်မယ်လို့ ဦးဆောင်ကြွေးကြော်ခဲ့သူများ "






နောက်တန်း ( ဝဲမှယာ ) စိန်အေး ၊ အောင်ကြီး ၊ လဆိုင်း ။ ရှေ့တန်း ( ဝဲမှယာ ) မျိုးဝင်း ၊ ရော်နယ်အောင်နိုင် ၊ ကျော်ကျော်

( ABSDFတောင်ပိုင်း ဗဟိုဥက္ကဋ္ဌ ဒေါက်တာနိုင်အောင် နှင့် အတူတကွ ဤပြဿနာကို ကိုင်တွယ်ရန် မြောက်ပိုင်းသို့ပြန်ရောက်လာသော ကျော်ကျော်)



ဓွေးမှင်မြို့တွင် ရင်ဘက်ကို ဓါးနှင့်ထိုး၍လည်ပင်းအလှီးခံရပြီး 21
လုပ်ကြံခြင်း ခံလိုက်ရသည့် **NCGUB** မှ

**ဝန်ကြီးဦးဝင်းကို**

၁၉၈၁ခုနှစ်ကရိုက်ကူးထားသည့် ပုံဖြစ်သည်။
ရေဦးမြို့မှ အမတ်၊ ပါလီမန်အမတ်ဟောင်းဦးသိဝံ ဒေါ်မြတင်တို့၏သား

22



ထိုင်းသတင်းထောက်ရင်ဒီး နှင့်တွေ့ပေးရန်စာရေးသူတို့အား လက်ပြန်ကြိုးတုတ်လျှက်
လက်နက်ကိုင်အစောင့်များနှင့်မျိုးဝင်းတဲရှိရာသို့ခေါ်ဆောင်လာစဉ်




ကျောင်းသားဘဝက ကျောင်းထိုင်ဆရာတော် **23**
ယခု မန္တလေး တမာတန်း တံခွန်တိုင်တွင်
သီတင်းသုံးနေသော ဆရာတော် ဦးဣန္ဒြာစာရနှင့် စာရေးသူ




ကျောင်းသားတပ်က ကျောင်းထိုင်ဆရာတော်
ယခု မန္တလေး တမာတန်း တံခွန်တိုင်တွင်
သီတင်းသုံးနေသာ ဆရာတော် ဦးဣန္ဒြာစာရနှင့် စာရေးသူ


မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (မြန်မာပြည်မြေ
ရှစ်လေးလုံးအရေးတော်ပုံ(၄)နှစ်မြောက်နှစ်ပါတ်
အခမ်းအနား


ABSDF က ဘယ်တော့မှ မမှားဘူး
မင်းတို့ထဲမှာ မှားဗမ်းတာ တစ်ယောက်ယောက်ပါရင်
ငါတို့ကြိုးဝင် ရဲရဲကြီး တက်လိုက်မယ်